
www.burmeseclassic.com

အရှင်ဇနကာဘိဝံသ

၏

# နံနက်ခင်းဩဝါဒများ

{အရှင်မဟောသဓပဏ္ဍိတ–ဝေဖယန္တာ
စီစဉ်တင်ပြသည်။}



၁၃၆၅–ခုနှစ်
တော်သလင်းလ
နယူးဘားမားအော့ဖ်ဆက်ပိဋကတ်ပုံနှိပ်တိုက်
အမရပူရမြို့

www.burmeseclassic.com

www.burmeseclassic.com

အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏

# သံဝေဂလင်္ကာ

BURMESE CLASSIC

ငါတို့နေရာ, ဤကမ္ဘာ, တဏှာအုပ်စိုးသည်။

တဏှာစေရာ, မနေသာ, ဖွေရှာဆက်ရသည်။

ရသည့်ဥစ္စာ, ချစ်သူပါ, စွန့်ခွာသွားရမည်။

တကယ့်အရေး, တကယ့်ဘေး, ဘယ်သွေးဘယ်သားမကယ်ပြီ။

ငါနှင့်ရွယ်တူ, ငါ့အောက်လူ, ကြီးသူသေကြ များလှပြီ။

ခဏမစဲ, အိုစမြဲ, ကိုယ်လဲ သေဘက်နီးခဲ့ပြီ။

ရောမီးတောင်, ကိုယ်ထည်းလောင်, သေအောင် မြှိုက်တော့သည်။

မသေရခင်, သွားလမ်းစဉ်, ကြိုတင်ပြင်သင့်သည်။

ဒါနသီလာ, ဘာဝနာ, လမ်းသာထွင်လိမ့်မည်။

မဂ္ဂင်ယာဉ်ကြီး, အမြန်စီး, ခရီးထွက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဤစာအုပ်ဖြစ်ပေါ်လာပုံ ကျိုးကြောင်းပြစကား.... | | |
| အရုဏ်ဦးမှ အလင်းရောင် | .... | ၁ |
| လူစွမ်းပြကြ | .... | ၄ |
| ပါရမီဖြည့်ကြပါ | .... | ၁၀ |
| မသိလျှင်တွယ် သိလျှင်ပြယ် | .... | ၁၅ |
| ပါရမီခတ်ခံကောင်းရန် ကြိုးစား | .... | ၂၁ |
| ထူးထွေဆန်းပြား ကံတရား | .... | ၂၆ |
| ကိုယ့်ကိုယ်ကို ချစ်တတ်ပါစေ | .... | ၃၂ |
| သံသရာခရီးကြမ်း လျှောက်လှမ်းကြရာဝယ် | .... | ၃၇ |
| လမ်းနှစ်သွယ် | .... | ၄၅ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကိလေသာပိုးတွေ အဝင်မခံကြနဲ့ | .... | ၅၃ |
| ဝိပဿနာဉာဏ်မျက်လုံး နေ့စဉ်သုံး | .... | ၅၈ |
| တဏှာတွင်ကျယ် သူခြယ်လှယ် | .... | ၆၆ |
| စိတ်တန်ခိုး မြှင့်တင်ရေး | .... | ၇၄ |
| ဒါနစွမ်းအား ဆွမ်းတရား | .... | ၈၁ |
| အတုမဲ့ရတနာ | .... | ၉၂ |
| စွဲမြဲစိတ်သန် အဓိဋ္ဌာန် | .... | ၁၀၉ |
| နောက်ဆုံးသွားရာလမ်း | .... | ၁၂၀ |
| ကျေးဇူးကမ္ဘာနှင့် အချိန်တန်ဖိုး | .... | ၁၃၀ |
| အကြည်ညိုခံနိုင်ရေး | .... | ၁၄၀ |
| ကြိုတင်ပြုလုပ်သည့် အလေ့အထ | .... | ၁၄၈ |
| ဆုတောင်းမနေနဲ့ | .... | ၁၅၇ |
| သာသနာတော်ကို စောင့်ရှောက်ပါ | .... | ၁၆၃ |
| ချွေတာစုဆောင်း သူဌေးလောင်း | .... | ၁၇၀ |
| တစ်နေ့တစ်လံ နိဗ္ဗာန်ဘယ်ပြေးမလဲ | .... | ၁၇၇ |
| ဘုရားအဆုံးအမအတိုင်း နေကြ | .... | ၁၈၂ |
| အကြည့်ခံနိုင်အောင် ကြိုးစား | .... | ၁၈၉ |
| နတ်ပြည်ကို မလိုက်ချင် | .... | ၁၉၅ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခံနိုင်ရည်ရှိရေး | .... | ၂၀၇ |
| ဘုန်းကြီးဘဝ | .... | ၂၁၄ |
| ဝိနည်းလေးစားကြပါ | .... | ၂၂၀ |
| တစ်ဘဝကောင်း မလိုချင် | .... | ၂၂၇ |
| ခေတ်ကြီးပြောင်းချင် ပြောင်းပါစေ | .... | ၂၃၃ |
| ကိုယ့်ကြောင့် လောကကြီးသာယာပါစေ | .... | ၂၃၉ |
| ကိုယ့်ကိုယ်ကို ချစ်ရင် တစ်ဘဝတည်း မချစ်ကြပါနှင့် | .... | ၂၄၆ |
| တရားအားထုတ်နည်း | .... | ၂၅၂ |
| ဘုရားပူဇော်နည်း | .... | ၂၆၁ |
| ရောက်ရာမှာ အလုပ် လုပ်ရမယ် | .... | ၂၆၇ |
| သာသနာနှင့် နိုင်ငံ၏ ကျက်သရေကို ဆောင်ကြပါ | .... | ၂၇၅ |
| မိဘကျေးဇူး ဆပ်ကြ, သာသနာမှု မပြောင်းစေနဲ့ | .... | ၂၈၅ |
| ဘာဝနာ မရှိလျှင် မပျော် | .... | ၂၉၅ |
| ဂုဏ်ရှိအောင် နေ | .... | ၃၀၈ |
| တာဝန်ကျေအောင် ကြိုးစားကြ | .... | ၃၂၄ |
| အနေမှန်မှန် အလုပ်မှန်မှန် နေကြ | .... | ၃၃၆ |


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဟန်မလုပ်နဲ့၊ ပင်ကိုကောင်းအောင် ကြိုးစားကြ | .... | ၃၄၇ |
| သာသနာမှာ ကုသိုလ်ဖြစ်အောင်နေကြ | .... | ၃၅၇ |
| သာသနာအတွက် စိတ်ပါ လက်ပါ ဆောင်ရွက်ကြ | .... | ၃၆၆ |
| နိဂုံးချုပ် ဖော်ပြချက် | .... | ၃၇၂ |


www.burmeseclassic.com

www.burmeseclassic.com



# ဤစာအုပ်ဖြစ်ပေါ်လာပုံ

## ကျိုးကြောင်းပြစကား

၁။ မိမိတို့ကျောင်းတိုက်၌ နံနက်အရုဏ် တက်လျှင်တက်ချင်း နံနက်ဆွမ်းကို အဆာပြေ လေမထနိုင်ရုံမျှ စုပေါင်း၍ သုံးဆောင်ကြရသည်။

၂။ ထိုသို့ သုံးဆောင်ကြရာ၌ (၁၀)မိနစ်ခန့်ဖြင့် ကိစ္စပြီးစီးစေကာ ဂိလာနနှင့် ကျောင်းစောင့်မှတစ်ပါး အားလုံးပင် ဆွမ်းစားကျောင်းကြီး၏ အထက်ထပ်၌ စုဝေးကြရပါသည်။ (မိမိကား အများအားဖြင့် အားလုံး၏အလျင် ရောက်နှင့်အောင် နေ့စဉ် ကြိုးစားပါသည်။)

၃။ ဆွမ်းစားပြီးနောက် သပိတ်ဆေးပြီး၍ ကျောင်းအသီးသီးမှ ကျောင်းကြီးအနီးသို့ ရောက်လျှင်ပင် လက်ကန်တော့တင်ကာ လက်အုပ်ချီ၍ ရှိသေစွာခန်းမတွင်းသို့ဝင်လာကြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါး လေးပါးမျှ ရောက်လျှင်ပင် ရတနာသုံးပါး၏ ဂုဏ်တော်အနက်များကို စ၍ ရွတ်ဆိုကြပါသည်။

(တစ်နေ့လျှင် ဂုဏ်တော်တစ်ပါးစီ အလှည့်ကျ လှည့်၍ ရွတ်ဆိုကြပါသည်။)

၄။ ထိုသို့ ရွတ်ဆို၍ ဗုဒ္ဓပဏာမ စသော အလှည့်ကျ ပဏာမ ဂါထာဖြင့် ထောမနာ ပြုပြီးသောအခါ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏာဿတိဟူသော သမထဘာဝနာ တစ်ပါးပါးကို ဖြစ်စေ၊ ဝိပဿနာဘာဝနာကို ဖြစ်စေ ဘာဝနာ တစ်ပါးပါးကို အခြေတည်၍ သြဝါဒစကား ပြောပါသည်။

**မျှော်လင့်ချက်။** ။ဗုဒ္ဓါနုဿတိဘာဝနာကြောင့် ဗုဒ္ဓသာသနာတော်ကို ပို၍ ကောင်းစေလိုသော စိတ်၊ ကိုယ်တိုင်သာသနာ့ဝန်ကို ထမ်းလိုသော စိတ်များ ဖြစ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ မေတ္တာဘာဝနာကြောင့် ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမတို့မှ စ၍ သတ္တဝါတို့ အပေါ်၌ မေတ္တာစစ်စစ် တိုးပွားကြလိမ့်မည်ဟုမျှော်လင့်ပါသည်။အသုဘ, မရဏာဿတိနှင့် ဝိပဿနာဘာဝနာတို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သံဝေဂ ဖြစ်ကြ၍ ကုသိုလ်ပါရမီများ တိုးပွားအောင် ကြိုးစားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

၅။ ထိုသို့ ဘာဝနာတစ်ပါးပါးကို အခြေတည်၍ ဝတ်တတ်၊ စားတတ်၊ ပြောတတ်၊ နေတတ်၊ စိတ်ထားတတ်ဖို့ရန် ဂါထာ လင်္ကာတို့ကို ရွတ်စေကာ နာရီဝက်ခန့် ကြာအောင် ဩဝါဒ ပေးပြီးသောအခါ စာအခြေ နုသေးသော ရဟန်းသာမဏေများ ပြန်ကြ၍ စာတစ်ဝါကို နာရီဝက်ခန့်မျှ ဆက်လက် ပို့ချပါသည်။ ယခုအခါ၌မူ အချိန်မရသောကြောင့် ထိုစာဝါကို မချတော့ပါ၊ နေ့လည်အချိန်ပြောင်း၍ ချရပါ သည်၊ ပို့ချပြီးမှ နေ့ဆွမ်းအတွက် ဆွမ်းခံ ထွက်ကြရပါသည်။ (ကျန်းမာရေး မညီညွတ်သော စာချဘုန်းတော်ကြီးများနှင့် ဂိလာနပုဂ္ဂိုလ်မှတစ်ပါး အားလုံး ဆွမ်းခံကြရပါသည်။)

ဤကား ဓမ္မပဒအဋ္ဌကထာအခြေပြုတွင် ဆရာတော်ကိုယ်တိုင် ဖော်ပြခဲ့သည့် မဟာဂန္ဓာရုံတိုက်၏ နံနက်ခင်းအစီအစဉ်များ ဖြစ်ပါသည်၊ ဤလုပ်ဆောင်ချက်များကို ကြည့်လျှင် ဆရာတော်၏ မျှော်လင့်ချက်ဆန္ဒများ မည်မျှကြီးမားကြောင်း သိရှိနိုင်သည်။ သာသနာတော် တည်တံ့ပြန့်ပွားရေး၊ အများချမ်းသာ ရေးအတွက်ဆိုလျှင် မိမိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဆင်းရဲခံရမည်ကို အနည်းငယ်မျှ မရှုံ့ကြောက်ပဲ ရဲစိတ်ရဲမာန် အပြည့်ဖြင့် ဆောင်ရွက်တော်မူလေ့ရှိသည်။

ဆရာတော်၏ ပင်ကိုဆန္ဒတော်ကို ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ တစ်နေရာတွင် ဤသို့ ထုတ်ဖော်တင်ပြခဲ့သည်။

"တပည့်တော်ရဲ့ ကျောင်းတိုက် တစ်တိုက်သာ ကောင်းဖို့လောက်ဆိုရင် ဒါလောက် မကြိုးစားပါဘူး၊ နောင် အနာဂတ်အတွက် နိုင်ငံရော သာသနာရော ကောင်းဖို့ကို ရည်ရွယ်တာ ဖြစ်ပါတယ်၊ တပည့်တော် စိတ်မှာ တိုက်တစ်တိုက်, ဂိုဏ်းတစ်ဂိုဏ်း, သာသနာ တစ်ရပ် ကောင်းစားရေးဆိုတဲ့ စိတ်ထား မရှိပါဘူး၊ အများကောင်းစားစေလိုတဲ့ စိတ်ချည်းပါပဲ"

"တပည့်တော်က သာသနာရေး စိတ်နဲ့ချည်း ကြိုးစားတာ မဟုတ်ပါဘူး၊ နိုင်ငံရေးစိတ်နဲ့လဲ ကြိုးစားတာပါ"

"ဗုဒ္ဓမြတ်စွာရဲ့ အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကိုလည်းကောင်း, သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒါယကာ ဒါယိကာမတို့နေရာ နိုင်ငံတော်ကိုလည်းကောင်း အင်မတန် သာယာစေလိုတဲ့ ဆန္ဒ တပည့်တော်မှာ ပြင်းပြနေပါတယ်ဘုရား၊ ပြီးတော့လဲ သာသနာတော်ကို အကြောင်းပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံပါ အေးချမ်းသာယာတယ်ဆိုတဲ့ ဂုဏ်ကို အလွန်လိုချင်ပါတယ်"

ဆရာတော်သည် ဤခံယူချက် သဘောထားကို တပည့်သံဃာများအား နေ့စဉ်ဟောပြ ဩဝါဒပေးခဲ့သည်။ ဒါယကာ ဒါယိကာမတို့အားလည်း သွန်သင်ညွှန်ပြလျက် သာသနာစိတ်အပြည့်အဝဖြင့် မနေမနား တက်တက်ကြွကြွ ဆောင်ရွက်ပြုစုပျိုးထောင်တော်မူခဲ့ပေသည်။

မိမိသည် ဆရာတော်၏ လှုံ့ဆော်ချက်များ, လမ်းညွှန်ဩဝါဒများ ကွယ်ပျောက်မှေးမှိန်၍ မနေသင့်ဟု တွေးမိပါသည်။ နိုင်ငံတော် တစ်ဝှမ်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက် လာစေရန် လိုအပ်ပြီဟု ယူဆပါသည်။ ထို့ကြောင့် ဆရာတော်၏ နံနက်ခင်း လမ်းညွှန်ဩဝါဒများ စုဆောင်းရေးသား၍ ဓမ္မဗျူဟာစာစောင်တွင် သုံးနှစ်ခန့်မျှ လစဉ် ရေးသား တင်ပြခဲ့ပါသည်။

ဤ "နံနက်ခင်းဩဝါဒများ"ကို ဆရာတော် မပျံလွန်တော်မူမီ ကပင် စာအုပ်ထုတ်ဝေရန် ရည်ရွယ်၍ အသင့်စုဆောင်းခဲ့ပါသည်။ ဤသို့ စုဆောင်းခဲ့ရာ စာအုပ်ထုတ်ဝေရန် ကြိုးစားခဲ့ရာ၌ အရှင်သဇ္ဇနသာရ (မဟာမြိုင်ဆရာတော် မဟာဂန္ဓာရုံတိုက်ခွဲ မန္တလေး), အရှင်နန္ဒာသဘ (ဂန္ဓာမြိုင် စံပြပရိယတ္တိဆရာတော် ဆားတောင်)တို့က လုံ့ဝ အားပေး

www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့ကြပါသည်။ ထိုသို့ စီစဉ်နေစဉ် ဆရာတော် ပျံလွန်တော်မူသဖြင့် မထုတ်ဝေဖြစ်ခဲ့ပါ။ ဤစုပြီးဆောင်းပြီး စာမူကြီးကို ယူ၍ မိခင်ကျောင်းတိုက်ကြီးမှ (မဟာဂန္ဓာရုံတိုက်မှ) ထုတ်ဝေလိုက ထုတ်ဝေရန် လက်ရှိ ပဓာန နာယကဆရာတော် ဦးစန္ဒောဘာသထံ ပို့ပေးခဲ့ပါသည်။

ပဓာန နာယကဆရာတော်လည်း ဆရာတော်၏ အခြားဘာသာဋီကာကျမ်းစာများ ထုတ်ဝေရေးကိစ္စ, တိုက်တာအုပ်ချုပ်ရေးကိစ္စ, ဒါယကာ ဒါယိကာမတို့အား ဟောပြောရေးကိစ္စတို့ဖြင့် အချိန်မပေးနိုင်လောက်အောင် မအားမလပ်ဖြစ်နေသဖြင့် လေး ငါးလ ကြာသောအခါ "တို့မှာ တာဝန်တွေ သိပ်များနေတယ်၊ မင်းတို့ ကြိုက်သလိုသာ စီမံကြပါတော့"ဟု မိန့်ကြားလျက် ဤစာမူကြီးကို အရှင်နန္ဒာသဘအား ပြန်ပေးလိုက်ပါသည်။

ဤသို့ဖြင့် စာမူကြီး မိမိလက်သို့ ပြန်လည် ရောက်ရှိလာရာ နိုင်ငံ၌ ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်၍ သိရှိ ကြည်ညိုနိုင်ကြစေရန် ဓမ္မဗျူဟာ၌ လစဉ် ရေးသားဖော်ပြပြီးမှ စာအုပ်အဖြစ် ထုတ်ဝေဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ဓမ္မဗျူဟာစာစောင်မှ သုံးနှစ်သုံးမိုး စိတ်ရှည်ရှည်ဖြင့် ဖော်ပြပေးခဲ့ပြီးဖြစ်၍ ယခုအခါ စာအုပ်အဖြစ်သို့ ထုတ်ဝေ ဖြန့်ချိလိုက်ရပါသည်။

ဤ "နံနက်ခင်းဩဝါဒများ" စာအုပ် ဖြစ်မြောက်ရေးအတွက် ဗိုလ်ကလေးမြို့ ဆရာပိန် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်စန်းမြင့်,

www.burmeseclassic.com

www.burmeseclassic.com



ဒေါ် စန်းကြည်, ဒေါ်ခင်တင့် မောင်နှမများကလည်းကောင်း၊ ညောင် လေးပင်မြို့ ဦးထွန်းမြင့် ဒေါ်မြင့်မြင့် မိသားစုတို့က လည်းကောင်း–ငါးထောင်ကျပ်စီ စိုက်ထုတ် လှူဒါန်း၍ ဤ စာအုပ်မှ ဖြစ်ပေါ်လာသော အကျိုးအမြတ်များကို ဝေဇယန္တာ ချောင် သံဃာတော်တို့၏ ပစ္စည်းလေးပါးအလို့ငှာ လှူဒါန်းခဲ့ ကြပါသည်။

"နံနက်ခင်းသြဝါဒများ" စာအုပ် ရေးသားဖြစ်, ထုတ်ဝေ ဖြစ်အောင် အဖက်ဖက်မှ ကူညီအားပေးခဲ့ကြသော မဟာမြိုင် ဆရာတော်နှင့် ဂန္ဓာမြိုင် စံပြပရဟိတဆရာတော်တို့အား လည်းကောင်း၊ စာအုပ်ဖြစ်လာရေးအတွက် အလှူငွေ မ,တည် ပေးကြသည့် အလှူရှင်တို့အားလည်းကောင်း၊ စာအုပ် ပုံနှိပ် ထုတ်ဝေရန် တာဝန်ယူကြသော မေမြို့ မိုးကြည်နှင့် ပုံနှိပ်စက် လုပ်သားတို့အားလည်းကောင်း အထူးပင် ကျေးဇူးတင်လှ ပါကြောင်း ဂုဏ်ပြု ဖော်ပြအပ်ပါသတည်း။ ။

**အရှင်မဟောသဓပဏ္ဍိတ**
ဝေဇယန္တာကျောင်း
တောင်ပေါ်စာတိုက်
စစ်ကိုင်းမြို့။

၁၃၄၅–ခု၊ ကဆုန်လပြည့်နေ့
[၂၆–၅–၈၁]

www.burmeseclassic.com

www.burmeseclassic.com

# အရှုဏ်ဦးမှ အလင်းရောင်

အမှောင်ထုကို စတင်ဖြိုခွင်းပေးသူမှာ "အရုဏ်ဦးမှ အလင်းရောင်"ပင် ဖြစ်သည်။ အိပ်မောကျရာမှ နိုးထလာသူတို့အား တက်ကြွလန်းဆန်းလာစေသူမှာလည်း အရှေ့လောကဓာတ်ဆီမှ ပျို့တက်လာသည့် "အရုဏ်ဦးမှ အလင်းရောင်"ပင် ဖြစ်ပေတော့သည်။

ဤအရုဏ်ဦးမှ အလင်းရောင်များ လင်းလင်းလက်လက် ထွန်းပလာသည်နှင့် တုံးခေါက်သံကလေးသည် တစ်ကျောင်းတိုက်လုံး ပဲ့တင်ဟည်းသွားသည်။ "ကျောင်းတိုက်ရှိ သံဃာအားလုံး စုဝေးကြ၊ ဆရာတော်ဩဝါဒပေးပြီး စာချတော့မည်"ဟု အချိန်မှန် နှိုးဆော်ပေးနေသည့် တာဝန်ကျေ လုပ်သားကောင်း တုံးငယ်လေးပါတကား။ တုံးခေါက်သံ မဆုံးမီမှာပင် စာချကျောင်းဆောင်ပေါ်သို့ ခပ်မှန်မှန်နင်း၍ ဆရာတော်ကြွရောက်တော်မူလာသည်။ တပည့် သံဃာငယ်တို့လည်း တဖွဲဖွဲ ရောက်ရှိ နေရာယူကြသည်။

စာချကျောင်းဆောင်ကြီးသည် အပ်ကျသံမျှပင် ကြားနိုင်လောက်သည်။ များပြားလှသော သံဃာထုကြီးသည် စုဝေး ရောက်ရှိနေသော်လည်း ဆူညံခြင်း မရှိ၊ တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်ခြင်းက ကြီးစိုးနေသည်။ ထိုစဉ် ဆရာတော်၏ တည်ငြိမ်သော အသံသည် သံဃာထုကို လွှမ်းဖုံး၍ လွင့်ပျံ့လာသည်။ ဂုဏ်တော်များ ရသင့် ရထိုက်သော သံဝေဂလင်္ကာများ ရွတ်ဆိုခိုင်းသည်။ ဩဝါဒစကား မိနစ်ကြာ ပြီးဆုံးသည်နှင့် တစ်ကမ္ဘာလုံး မေတ္တာပို့၍ အမျှဝေရသည်။

ဆရာတော်သည် စာမသင်သေးမီ, စာမချမီ နံနက်တိုင်း ဩဝါဒပေး၍ ဆုံးမသွန်သင်ခြင်း, ညွှန်ကြားခြင်း ပြုတော်မူသည်။ ပျက်ကွက်ခဲ့သည် မရှိခဲ့။

ယနေ့မူ ကျေးဇူးရှင်ဆရာတော် (အရှင်ဇနကာဘိဝံသ, အဂ္ဂမဟာပဏ္ဍိတ)သည် ပျံလွန်တော်မူခဲ့ ချေပြီ။ လွမ်းဆွတ်တသ သတိရမိတိုင်း ဆရာတော်၏ ဩဝါဒများကို တနုံ့နုံ့ တမြုံ့မြုံ့ တွေးမိသည်၊ သတိရမိသည်။ တပည့်သံဃာငယ်တို့ကို ဆုံးမ သွန်သင်ခဲ့ရာတွင် ဤ "နံနက်ခင်းဩဝါဒများ"သည် အထိရောက်ဆုံးပင် ဖြစ်ပါ၏။ ရှုံမှုန်းကြောက်ကြီး မဖြစ်စေဘဲ ချစ်ကြောက် ရိုသေစေခဲ့ပါ၏။ တစ်ခါတစ်ရံ ရယ်ရွှင်ဖွယ်ရာများကိုပင် ထည့်ကာ ညှပ်ကာ မြွက်ကြားတော်မူတတ်သေးသဖြင့် ကြည်ကြည် နူးနူး ရယ်မောရသေးသည်။

ဆရာတော်၏ "နံနက်ခင်းဩဝါဒများ"သည် ကျွန်ုပ်တို့အတွက် အရုဏ်ဦးမှ အလင်းရောင်ပင် ဖြစ်ပါ၏။ အမှောင်ခွင်း၍ အလင်း ကို ဆောင်ခဲ့ပါ၏။ ထာဝစဉ် တင်ကြွ

www.burmeseclassic.com



လန်းဆန်းစေခဲ့ပါ၏။ မိမိတို့၏ ဘဝသစ်အတွက် ကြိုဆို လက်ကမ်းခဲ့ရုံမျှမက ဉာဏ်မီးရှူးတန်ဆောင်ကိုလည်း ထွန်းပြောင် ဝင်းလက်စေခဲ့ပါ၏။ သို့သော် .........

အရုဏ်ဦးမှ အလင်းရောင်သည် မိမိအတွက် ကွက်ကွက်ကလေး အပေါ်မှာသာ ဖြာဆင်းမနေစေချင်ပါ။ အားလုံးအပေါ် ဖြာဆင်းသွားစေချင်သည်။ အားလုံးအတွက် အလင်းရောင် ဖြစ်စေချင်သည်။ ဤစေတနာ ဤဆန္ဒကြောင့်ပင် အရုဏ်ဦးမှ အလင်းရောင်ကို ဓမ္မဗျူဟာမှ ကွန့်မြူး ပေါ်ထွက်စေခဲ့ရခြင်း ဖြစ်ပါသည်။ မိမိ တေးခဲ့, ရေးခဲ့, မှတ်သားခဲ့သမျှဖြင့် ဓမ္မဗျူဟာပရိသတ်အတွက် အရုဏ်ဦးမှ အလင်းရောင်ကို ဖြန့်ဝေလိုက်ပါ၏။ နှစ်ခြိုက်ရွှင်မြူး ပီတိလူးလျက် ကြည်နူးနိုင်ကြပါစေလို.....။

www.burmeseclassic.com

www.burmeseclassic.com

# လူ့စွမ်းပြကြ

**အချိန်မရွေးဘုရားကို အမှတ်ရနေပါ** ကိုရင်တို့ ဦးပဥ္စင်းတို့-ဘုရားရှင်ကို အမှတ်ရကြပါ၊ဘုရားအာရုံကို အမှတ်ရကြပါ။ ဘုန်းကြီးတို့တစ်တွေ ကံကောင်းထောက်မလို့ ဘုရားသာသနာနဲ့ လာကြုံရတာပါ၊ မလွယ်ပါဘူး။ ဘယ်နေရာ ဘယ်ဌာနမှာမဆို ဘုရားကိုသာ အမှတ်ရနေပါ။ စာကလဲ ဆိုထားတယ်မဟုတ်လား၊ ဘာတဲ့လဲ...

**ဝစသာ မနသာ စေဝ,**
**ဝန္ဒာမေ တေ တထာဂတေ၊**
**သယနေ အာသနေ ဌာနေ,**
**ဂမနေ စာပိ သဗ္ဗဒါ။**

"အဟံ-အကျွန်ုပ်သည်၊ တေ တထာဂတေ-ထိုရှင်တော်မြတ်ဘုရားတို့ကို၊ သယနေ စ-အိပ်ရာအခါ၌လည်းကောင်း၊ အာသနေ စ-ထိုင်ရာအခါ၌လည်းကောင်း၊ ဌာနေ စ-ရပ်ရာအခါ၌လည်းကောင်း၊ ဂမနေ စာပိ-သွားရာအခါ၌ လည်းကောင်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ဝစသာ စေဝ-နှုတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မနသာ စ–စိတ်ဖြင့်လည်းကောင်း၊ ဝန္ဒာမိ– ရှိခိုးပါ၏”လို့ ပရိတ်ကြီး အာဋ္ဌာနာဋိယသုတ်မှာ ဆိုထားတယ် မဟုတ်လား၊ အေး...ဒါကြောင့် အိပ်နေ ထိုင်နေ ရပ်နေ သွားနေ အလုံးစုံသော ဣရိယာပုတ်တိုင်းမှာ စိတ်နဲ့ပဲဖြစ်ဖြစ် နှုတ်နဲ့ပဲ ဖြစ်ဖြစ် ဘုရားကို ရှိခိုးနေပါ၊ အာရုံပြုနေပါ၊ အမှတ်ရနေပါ၊ တစ်မျိုးမျိုးသော အလုပ်ကိစ္စရှိရင် ဘုရားကိုသာ အမှတ်ရ နေပါ၊ အခါမရွေး အမှတ်ရနေရင် ကောင်းပါတယ်။

**သတ္တိအရေးကြီး** ဒီလို ဘုရားအာရုံယူနေတော့ သတ္တိအလိုလို ထက်မြက်လာတယ်၊ စိတ်တွေဟာ ဘုရား အာရုံ အမြဲယူနေရတော့ တည်ကြည်မှု(သမာဓိ)ကို ရလာ တယ်၊ ဒီလို တည်ကြည်လာတော့ ရဲရင့် ထက်မြက်တဲ့ သတ္တိ ကောင်းတွေ ပေါ်လာရတာပဲ၊ လူတွေက “သတ္တိ သတ္တိ သတ္တိ” လို့ ပြောနေကြတယ်၊ လူတစ်ယောက်ကို မတရား ညှဉ်းဆဲတာ အနိုင်ကျင့်တာဟာ သတ္တိမဟုတ်ဘူး၊ လူတစ်ယောက်ကို သတ်ရဲတာ သတ္တိလို့ ဆိုကြတယ်၊ မှန်တော့ မှန်တယ်၊ ဒါပေမယ့် သတ္တိအစစ် မဟုတ်ဘူး၊ မိုက်ရူးရဲဆန်တဲ့ သတ္တိပဲ၊ တကယ့်သတ္တိက ဒီလိုမဟုတ်ဘူး၊ ခမာ(သည်းခံခြင်း) ဂုဏ်နဲ့ ပြည့်စုံတယ်၊ လူမိုက်သတ္တိ မဟုတ်ဘဲ ပညာရှိသတ္တိ ဖြစ်ဖို့ အရေးကြီးတယ်၊ တစ်လွဲဆံပင်ကောင်းတဲ့ သတ္တိမျိုးကတော့ အလကားပဲ။

www.burmeseclassic.com

www.burmeseclassic.com



**သတ္တိကို အသုံးချ** သတ္တိဟာ ထက်ရုံကလေး ထက်ရုံနဲ့မပြီးသေးဘူး၊ ကိုယ်တစ်ယောက်တည်း ကုပ်နေလို့ သတ္တိပေါ်မလာဘူး၊ ပတ်ဝန်းကျင်နဲ့ ထိတွေ့ပြောဆိုဆက်ဆံလာရာက သဘောကွဲလွဲချက်တွေ ဆန့်ကျင်ဘက်တွေ ဖြစ်လာရင်တော့ ဒီသတ္တိဟာ ပေါ်လာရတာပဲ၊ သတ္တိရှိလာပေါ်လာပြန်တော့ ဒီသတ္တိကို အကွက်ကျကျ အသုံးချတတ်ဖို့ လိုလာပြန်တယ်၊ ဆိုပါတော့–ဒီဘက်ကမ်းမှာရောဂါဘယတွေ ထူပြောနေလို့ ဟိုဘက်ကမ်းကို ကူးပြေးရမယ့် အခြေအနေရောက်နေတယ်၊ ကူးစရာ လှေသမ္ဗန် သင်္ဘောတွေလဲ ရှိတယ်၊ လှေထိုးသားတို့ လှေသူကြီးတို့လဲ အဆင်သင့် ရှိနေတယ်၊ သူတို့မှာ သယ်ဆောင်နိုင်တဲ့ သတ္တိရှိကြတယ်၊ ရှိလျက်နဲ့ မသယ်ဆောင်ရင် ဘယ်သူမှ ကျေနပ်ကြမှာ မဟုတ်ဘူး။

**အချောင်မနေကြနဲ့** သတ္တိကို ဒီလိုနေရာမျိုးတွေမှာ အသုံးချရတယ်၊ ကိုယ်က အင်အားသတ္တိ ရှိရင် ကယ်တင်ပါ၊ လျစ်လျူရှုပြီး ပေယျာလကန် ချန်မထားပါနဲ့၊ ကိုယ့်အနေနဲ့ ကယ်ကတည်းက အများကောင်းအောင် အများသိပ်ကောင်းအောင် ကိုယ့်သတ္တိကို အသုံးချတတ်ပါစေ၊ သူတစ်ပါးအကျိုး မဆောင်သူဟာ ကိုယ်ကျိုး မရှိနိုင်ဘူး၊ ဒါကို ကြပ်ကြပ် သတိထားကြ၊ ကိုရင်တို့ ဦးပဉ္ဇင်းတို့လဲ သူများအကျိုး ဆောင်နိုင်တဲ့ အင်အားရှိနေရင် ဆောင်ကြပါ၊ သာသနာမှာ ရေသာခိုပြီး အချောင်မနေချင်ကြနဲ့၊ ကဲ–တော်ပြီ၊ မေတ္တာပို့, သိရန်မှန်က ဆိုကြ။

www.burmeseclassic.com

www.burmeseclassic.com



(၁) အရှေ့အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၂) အရှေ့တောင်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၃) တောင်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၄) အနောက်တောင်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၅) အနောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၇) မြောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



(၈) အရှေ့မြောက်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၉) အထက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၁၀) အောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

**"သဗ္ဗညုဉာဏ်တော် စွမ်းသုံးဖော်"**

**(၁) သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။**

**(၂) သိသည့်တရား, များအပြား၌, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။**

**(၃) ကျွတ်ထိုက်ကြပေ, များဝေနေ၏, ဣန္ဒြေစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗညု ဉာဏ်တော် အစွမ်းတည်း။**

**ဉာဏ်တော်စွမ်းပကား, ဤသုံးပါးကြောင့်, အများ ဝေနေ, ကျွတ်လွတ်စေဖို့, မနေမနား, သက်တော် အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင် ငါတို့ ဘုရားတည်း။**

www.burmeseclassic.com

www.burmeseclassic.com



**အမျှဝေ** ဤကုသိုလ်အဖို့ကို မိဘ ဆရာ သံဃာတော် အပေါင်း, ဒါယကာ ဒါယိကာမအပေါင်း, နတ်အပေါင်းနှင့်တကွ သတ္တဝါ ဟူသမျှတို့အား အမျှ ပေးဝေပါကုန်၏၊ အမျှ ရကြပါစေကုန်သတည်း။

**(သာဓု - သာဓု - သာဓု)**

**(ဤ မေတ္တာပို့ခြင်းနှင့် အမျှဝေခြင်းကို နေ့စဉ် နေ့တိုင်း သံဃာတော်များ ရွတ်ဆိုကြသည်။)**

www.burmeseclassic.com

www.burmeseclassic.com

## ပါရမီဖြည့်ကြပါ

**ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊**
**ဘာရဟာရော စ ပုဂ္ဂလော၊**
**ဘာရာဒါနံ ဒုက္ခံ လောကေ၊**
**ဘာရနိက္ခေပနံ သုခံ။**

**အနက်။** ။ပဉ္စက္ခန္ဓာ–ငါးပုံခေါ်တွင်၊ ငါ့ကိုယ်ပင်ဟု၊ ထင်မြင်ရငြား၊ ခန္ဓာငါးပါးတို့သည်၊ ဟဝေ–စင်စစ်ဧကန်၊ အမှန်အားဖြင့်၊ ဘာရာ–လေးလံလှစွာ၊ ဝန်ထုပ်ဝန်ပိုးကြီးတို့ပါတကား၊ ပုဂ္ဂလော–သူငါကစ၊ ပုဂ္ဂိုလ်ဟူသမျှသည်၊ ဘာရဟာရော–ခန္ဓာဝန်ထမ်း၊ အမြဲနွမ်းလျက်၊ ပင်ပန်းရှာသာ နေရပါတကား၊ လောကေ–ငရဲ တိရစ္ဆာန်၊ မချန်ပြိတ္တာ၊ ဗြဟ္မာလူနတ်၊ အရပ်ရပ်သော လောက၌၊ ဘာရာဒါနံ–အဝိဇ္ဇာ တဏှာ၊ အရင်းပါသဖြင့်၊ ခန္ဓာဝန်ကို ယူရခြင်းသည်၊ ဒုက္ခံ–ဇာတိ ဇရာ၊ အစဖြာလျက်၊ များစွာ ထောင်သောင်း၊ ဆင်းရဲ အပေါင်း၏၊ အကြောင်းရင်းမှန်၊ အခြေခံပါတကား၊ ဘာရနိက္ခေပနံ–မဂ်အရိယာ၊ ရသည့်အခါဝယ်၊ ခန္ဓာဝန်ညစ်ကို၊ ပစ်ချလိုက်ခြင်းသည်၊ သုခံ–ဒုက္ခများစွာ၊ ကင်းစင်ကွာသဖြင့်၊ သာယာငြိမ့်ညောင်း၊ ချမ်းသာကြောင်းပါတကား။

www.burmeseclassic.com

www.burmeseclassic.com



**ခန္ဓာဝန်ချဲ့နေကြ** ဒီ တရားတွေကို ရွတ်ရင်း စိတ်ကပါ လိုက်နေရတယ်၊ တစ်ဖက်က သုတ္တန် သဘောနဲ့ ကြည့်ရင် ရှေးသူတော်ကောင်းတွေရဲ့သဘောလဲ ကြည့်ရမယ်၊ ရှေးသူတော်ကောင်းတွေက ဒီခန္ဓာဝန်ကို ချုံးကြတယ်၊ ခုခေတ်လူတွေက ဒီခန္ဓာဝန်ကို ချဲ့နေကြတယ်၊ ဒီခန္ဓာဝန်ကို ဘယ်သူက ချဲ့တာလဲ၊ လက်သည် ရှာကြည့်တော့ အဝိဇ္ဇာ တဏှာကို တွေ့ရမယ်၊ အဝိဇ္ဇာ တဏှာနဲ့ ချဲ့နေတာပဲ၊ ခန္ဓာဝန် ကျယ်တာကို လူတွေက ချီးမွမ်းကြတယ်။

**ဘုန်းကြီးရင် တာဝန်ကြီး** တို့ ဒီတိုက်ကြီးမှာ ဒီလို သံဃာကြီးတွေနဲ့ သံဃာငယ်တွေနဲ့ နေတာကို ဘေးကနေပြီး "ဘုန်းကြီးတယ်"လို့ မပြောဘူးလား၊ ဒီလို ဘုန်းကြီးတာလဲ တာဝန်ကြီးတာပဲ၊ တာဝန်ကြီးပေမယ့် ခုလို ကျောင်းကြီးတွေ မလိုချင်ဘူးလား၊ လိုချင်တယ်၊ လိုချင်တာက သာသနာအတွက် လိုချင်တာ၊ ဘုန်းကြီး ဘုန်းကြီးဖို့ မဟုတ်ဘူး၊ ဒါကို နားလည်ထားကြ။

**ကိုယ့်လမ်း ကိုယ်သွား** ကိုရင်တို့က သူများသွားတဲ့လမ်းကို လိုက်မနေကြနဲ့၊ မကောင်းဘူး၊ သံသရာမှာ ကိုယ့်လမ်းနဲ့ ကိုယ်သွားကြရမှာ၊ မကောင်းတဲ့လမ်းကျယ်ကြီး လိုက်နေရင် အပါယ်ရောက်ရမယ်၊ ဒီခန္ဓာဝန်ကြီးထမ်းနေရတာ

www.burmeseclassic.com

www.burmeseclassic.com



မအေးဘူး၊ ဘုန်းကြီးကို ကြည့်၊ အခု လက်ဆစ်ကလေးတွေ ဆိုရင် အဖုကလေးတွေက ယားယားလာတယ်၊ ဒါတွေ ကြည့် တော့ အေးရဲ့လား၊ မအေးဘူး။

**သံသရာတစ်လမ်းသွား** လောကကြီးမှာ လမ်းဆိုလို့ နှစ်လမ်းပဲ ရှိတယ်၊ ဒီနှစ်လမ်းမှာ သတ္တဝါတစ်ယောက်ရဲ့ သွားရာလမ်းကတော့ တစ်လမ်းတည်း ရှိတယ်၊ တစ်လမ်းက ဒုဂ္ဂတိဖြစ်တဲ့ မကောင်းတဲ့လမ်း၊ တစ်လမ်းကတော့ သုဂတိဖြစ်တဲ့ ကောင်းတဲ့လမ်း ဖြစ်တယ်၊ သတ္တဝါတွေဟာ ကောင်းတာတွေ လုပ်နေရင် ကောင်းတဲ့လမ်း သွားမှာပဲ၊ မကောင်းတာတွေ လုပ်နေရင် မကောင်းတဲ့လမ်း သွားမှာပဲ၊ ဒါကြောင့် "တစ်လမ်းသွား"လို့ ဆိုတာ။

**လမ်းဖြောင့်လမ်းမှန် လိုက်ကြပါ** မိမိတို့ရဲ့ ခြေထောက်တွေကို လမ်းဖြောင့်ဘက်ကို ရှေ့ရှုထားကြ၊ လမ်းဖြောင့်ဘက်ကို လိုက်ကြ၊ဘုန်းကြီးက ကိုရင်တို့ကို လမ်းဖြောင့်ဘက် ဆွဲခေါ်နေတာ၊ ဒါကိုမှ မလိုက်ချင်ကြဘူးဆိုရင် သံသရာထဲ နစ်ကြဦးပေါ့၊ သံသရာကြီးမှာ အကွေ့အကောက်တွေက ပေါတယ်၊ ဝင်္ကပါလိုပဲ၊ ဝင်္ကပါ လှည့်တဲ့သူတွေဟာ တစ်ရာမှာ တစ်ယောက်တောင် ထွက်ပေါက် ရှာတွေ့ဖို့ရာ ခဲယဉ်းတယ်၊ သံသရာဝင်္ကပါကြီးမှာ သတ္တဝါတွေ လှည့်နေကြတာပဲ၊ ဒါပေမယ့် နိဗ္ဗာန်ထွက်ပေါက်ကို သူတို့ ရှာမတွေ့ကြဘူး၊ ဒုံရင်းပဲ ပြန်ဆိုက်နေတာပဲ၊ ဘုရားသခင်ချမှတ်ခဲ့တဲ့ မဂ္ဂင်ရှစ်ပါးလမ်းကြီးက ဖြောင့်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဖြူးလို့၊ အဲဒီ လမ်းဖြောင့်ဘက်ကို ကိုရင်တို့ ဦးပဉ္ဇင်းတို့ လိုက်ကြစမ်းပါ။

**အတူတူနဲ့ အနူနူ** များသောအားဖြင့် သတ္တဝါတွေဟာ ဒီဘဝက သေသွားရင် အပါယ်လေးပါး ရောက်ကြရတာက များတယ်၊ အပါယ်လေးပါး ရောက်ရတာက ပိုပြီး ကြောက်စရာကောင်းတယ်၊ လူ့ဘဝမှာ ဒုက္ခများစွာ ခံပြီး အပါယ်သွားရမယ်၊ သတ္တဝါတွေက ဒုက္ခကို ဒုက္ခမှန်းမသိကြဘူး၊ အိမ်ကြီးအိမ်ကောင်းတွေနဲ့နေရင် သုခလို့ ထင်နေကြတယ်၊ အိမ်ကလေးနဲ့ တရားသဖြင့် နေရင်လဲ သုခပါပဲ၊ ခုခေတ်က စိန်, ရွှေ, နီလာ, ပိုးဖဲ, ကတ္တီပါတွေ ဝတ်ဆင်လာကြရင် ချီးမွမ်းကြတယ်၊ သာယာကြတယ်၊ ဖျင်ကြမ်းကို ဝတ်နေရင်လဲ ဖြစ်တာပါပဲ၊ ဘာမှ မထူးပါဘူး၊ ဒီလူ ဒီလူပါပဲ၊ အတူတူနဲ့ အနူနူချည်းပဲ။

**တဏှာ မသတ်သမျှ နိဗ္ဗာန် မရ** လူတွေဟာ အကောင်းကို လိုချင်ကြတယ်၊ အကောင်းကို မရတော့ "ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ" ဖြစ်ရတယ်၊ လှချင် ပချင်ကြတယ်၊ ကြွားချင် မော်ချင်ကြတယ်၊ ဂုဏ်တု ဂုဏ်ပြိုင်တွေ ပြုချင်ကြတယ်၊ လှချင် ပချင်, ကြွားချင် မော်ချင်, ဂုဏ်တု ဂုဏ်ပြိုင် ပြုချင်တာတွေ မှန်သမျှဟာ တဏှာပဲ၊ တဏှာကို သတ်ရမယ်၊ တဏှာကို မသတ်သမျှတော့ နိဗ္ဗာန်ကို လိုချင်ပါတယ်လို့ ပါးစပ်က ဆုတောင်းနေပေမယ့် ဘယ်တော့မှ မရဘူးဆိုတာ မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဆုတောင်းတိုင်း မရနိုင်**

ဆုတောင်းလို့ ရတာ ရှိတယ်၊ မရတာ ရှိတယ်၊ ဆုတောင်းလို့ ရတယ်ဆိုတာက ဥပမာ မိမိက သမ္မာသမ္ဗောဓိဆု တောင်းထားရင် အဲဒီ ဆုနဲ့ လျော်ကန်တဲ့ အလုပ်တွေကို လုပ်ရလိမ့်မယ်၊ ဒီလို လုပ်မှလဲ တောင်းတဲ့ ဆုအတိုင်း ရမယ်၊ ဆုတော့ တောင်းပါရဲ့၊ ဆုတောင်းပြီး အပါယ်ရောက်ကြောင်းဖြစ်တဲ့ အကုသိုလ်ဒုစရိုက်တွေ လျှောက်လုပ်နေရင် မရနိုင်ဘူး၊ "ပါးစပ်က ဘုရား ဘုရား, လက်က ကားရား ကားရား" ဆိုတာမျိုးလို မဖြစ်ကြစေနဲ့၊ နိဗ္ဗာန် ရောက်ရာရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ပါရမီတွေကို ဖြည့်ကျင့်ကြ၊ဆည်းပူးကြ၊အားထုတ်ကြ၊ ကဲ ... ကဲ ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ (၁၈)၊ အမှတ် (၁)
(၁၉၇၉၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# မသိလျှင်တွယ် သိလျှင်ပြယ်

**တဏှာကိုယ်စီ ရှိကြသည်** တို့တစ်တွေ တဏှာရှိနေလို့ ဒီ ခန္ဓာဝန်ကြီး ဆောင်နေရတာ၊ တဏှာသာ မရှိရင် ဒီခန္ဓာ ဝန်ကြီး မဆောင်ရတော့ဘူး၊ တဏှာက ငါ့ကိုယ်ငါလဲ နှစ်သက်တယ်၊ အရုပ်ဆိုးကလေးကလဲ သူ့ကိုယ်သူ နှစ်သက်တယ်၊ အနူကလဲ အနူပေမယ့် သူ့ကိုယ်သူ နှစ်သက်တယ်၊ အဘိုးကြီး အဘွားကြီးတွေကလဲ သူတို့ကိုယ် သူတို့ နှစ်သက်နေကြတယ်၊ လူတိုင်း လူတိုင်း တဏှာကိုယ်စီ ရှိနေကြတယ်၊ ခန္ဓာဝန်ကြီး ဘယ်သူ ဆောင်နေတာလဲ၊ တဏှာက ဆောင် နေတာ၊ ကဲ ... ဆိုစမ်း ...

"ပဉ္စက္ခန္ဓာ–ငါဟုခေါ်တွင်, ငါ့ကိုယ်ပင်ဟု, ထင်မြင်ရငြား ခန္ဓာငါးပါးတို့သည်"

ဒါ,ဒါ ဘုန်းကြီး ခုထမ်းနေရတာဟာ သက်သာရဲ့လား၊ မသက်သာပါဘူး၊ လူတွေကို ကြည့်လိုက်၊ တစ်အိမ်သားလုံး ရောဂါမရှိဘူးလား၊ ရောဂါ မရှိပြန်တော့ စားဖို့, သောက်ဖို့, နေဖို့, ထိုင်ဖို့, ဝတ်ဖို့ရှာ ရှာရတယ်၊ ဒါဟာ တဏှာကြောင့်၊ တဏှာသာ မရှိရင် ဒီ ခန္ဓာဝန်ကြီး ဆောင်မနေရတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရှိလဲ မရှိတော့ဘူး၊ အပြစ်မမြင်တာက အဝိဇ္ဇာ၊ ဘာပြုလို့လဲ၊ အဝိဇ္ဇာက ဖုံးအုပ်ထားလို့၊ တရားကိုယ်ကတော့ မောဟပါပဲ။

**ပိုးရွယ်ချိန်မှာ တရားရှာ** ဒီတရားတွေကို ပိုးမွှစ်နုနယ် ငယ်ရွယ်စဉ်က လိုက်စားထားရင် မမှားပါဘူး၊ ဒီကျောင်း ဦးအဂ္ဂကြီးရဲ့ တပည့်လေးတွေ ထွက်သွား လိုက်တာ ခန္ဓာဝန် နှစ်ဝန် သုံးဝန်ပေါ့သွားတာပေါ့၊ တချို့ ဆိုရင် ခန္ဓာဝန်ကို တစ်ဝန်က နှစ်ဝန်၊ နှစ်ဝန်က သုံးဝန်၊ သုံးဝန်က လေးဝန် ထမ်းနေကြရတယ်၊ ဒါတွေကို အဝိဇ္ဇာက ဖုံးအုပ်ထားတော့ တဏှာက သာယာတယ်၊ ကောင်းတဲ့ လက္ခဏာတွေ မဟုတ်ဘူး၊ ဒါကြောင့် တရားကို ငယ်ငယ် ရွယ်ရွယ်က လိုက်စားထားကြ၊ လိုက်စားထားရင် ကောင်းတယ်။

**သေသွားပြန်တော့ ပေါ့မလား** ဘုန်းကြီးသီလက္ခန်ရိုက်ပြီးသေသွားရင်လဲ အကောင်းသားပဲ၊ သေတော့လဲ ဒီ ခန္ဓာ ဝန်က ပေါ့မသွားပါဘူးလေ၊ အပါယ် လေးပါး ကျပြန်ရင်လဲ ဒီခန္ဓာဝန် ထမ်းရမှာ သေချာတယ်၊ ဒီဝန်က ပေါ့မှာ မဟုတ်သေးဘူး၊ ကိုရင်တို့ ကောင်းကောင်း နေကြ၊ သံသရာကြီး သွားနေရတာ ဝန်ကြီးတယ်၊ ရှေးတုန်း ကလဲ ဒီဒုက္ခတွေကို ထမ်းလာကြရတယ်၊ ခုလဲ ထမ်းနေရဆဲ၊ နောင်လဲ တဏှာကြောင့် ထမ်းရဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



**တွယ်လျှင်ဘေး, ပြယ်လျှင်အေး** သာသနာ့ဝန် တကယ်ထမ်းလို့ ရှိရင် အပါယ် လေးပါးနဲ့ ဝေးပြီး, မဂ်ဖိုလ် နိဗ္ဗာန်နဲ့ နီးပါတယ်၊ ခန္ဓာဝန်ကို တစ်ဘဝ တစ်ခါတော့ သင်္ဂြိုဟ်ကြရတာပဲ၊ အဝိဇ္ဇာက ဖုံး, တဏှာ အရင်းခံ ဖြစ်တယ်၊ အဝိဇ္ဇာကတော့ တဏှာက စတယ်၊ "အာသဝါနံ-အာသဝေါတရားတို့၏၊ သမုပ္ပါဒါ-ဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာ စ-အဝိဇ္ဇာသည်လည်း၊ ပဝတ္တတိ-ဖြစ်ပြန်၏"လို့ စာက ဆိုတယ် မဟုတ်လား၊ ဒါတွေကို တို့က မသိလို့ ခက်နေကြတယ်၊ မသိတော့ တွယ်ကြတာပ၊ သိတော့လဲ ပြယ်သွားတာပဲ၊ တွယ်တော့ ဘာဖြစ်သလဲ၊ ဘေးဖြစ်တာပေါ့၊ ပြယ်တော့ အေးရစ်ရတာပေါ့၊ ဒါကြောင့် ဒီပဲရင်းဆရာတော်ကြီးက ....

**"မသိလျှင်တွယ်, သိလျှင်ပြယ်၊**
**တွယ်လျှင်ဘေး, ပြယ်လျှင်အေး"**

လို့ ဆိုထားတော်မူခဲ့တယ်၊ စာထဲက တရားတွေကို မိမိခန္ဓာထဲ ရောက်အောင် လုပ်ကြ၊ အခြားသူတွေ အကုသိုလ်တွေ လုပ်သွားကြ၊ မိမိတို့က အကုသိုလ် မဖြစ်အောင် ကြိုးစားပြီးတော့ နေကြ၊ တစ်ခါ တစ်ခါ စဉ်းစားကြည့်၊ သံသရာထဲ ပြန်လည်ပြီး အမိဝမ်းထဲ အောင်းနေရတာ မသက်သာဘူး၊ "အမိဝမ်းခေါင်း" ဆိုစမ်း ....

**"အမိဝမ်းခေါင်း, ဆယ်လသြောင်းမျှ, အောင်းခဲ့ရချေ, တည်သနေ့နှင့်, လူ့ပြည်လူ့ရွာ, ရောက်ပြန်ပါလည်း,**

www.burmeseclassic.com

www.burmeseclassic.com



အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ များလှပါယ်ရှာ၊ ရောက်ကြရှာ၏၊ အတီတာရေး၊ ဤဝဋ်ဘေးနှင့်၊ နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူ့သူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေ ရကြောင်းတည်း။

(စုပေါင်းရွတ်ဆိုကြသည်။)

**အမိဝမ်းမှာ ဆယ်လကြာ** ဒါတွေကို နှုတ်က ရွတ်ရင်း စိတ်ကပါ ပွားနေရတယ်၊ တို့ အမိဝမ်းတွင်းမှာ ကိုးလဆယ်လ ပဋိသန္ဓေ နေရတာ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဆိုတဲ့ ရုပ်ကလာပ်ကလေး သုံးစည်းကနေ စတင်ပြီး လာခဲ့ရတယ်၊ အမိရဲ့ အစာအိမ်ကြီးကို ဖင်ခုထိုင်လာရတယ်၊ အမိရဲ့ ဝမ်းဗိုက်ကို ကျောပြုပြီး ကျောဘက်ကို မျက်နှာပြုထားရတယ်၊ ဘာနဲ့ ဥပမာတူသလဲဆိုတော့ မိုးက ခပ်ဖွဲဖွဲ ရွာထားလို့ မိုးရေတွေ ရွှဲစိုနေတဲ့ မျောက်အိုလေး မေးလေးကုပ်ပြီး သစ်ခွကြားမှာ ချမ်းချမ်းစီးစီးနဲ့ ကုပ်နေသလို လွန်ဆင်းဆင်းရဲရဲ ခံရတယ်။

**ဒုက္ခမျိုးစုံ ဤလူ့ဘုံ** ဒီကြားထဲ မိခင်လုပ်တဲ့လူက နားမလည်ပါးမလည်နဲ့ အပူ အစပ်တွေများ စားလိုက်ရင် အလဲက

www.burmeseclassic.com

www.burmeseclassic.com



သန္ဓေသားမှာ ဆတ်ဆတ်လူး ခံရတယ်၊ တော်တော်ကြောက်စရာ ကောင်းတယ်၊ ဒါဟာ အမိဝမ်းတွင်းမှာ အောင်းရတဲ့ ဇာတိဒုက္ခပဲ၊ လူ့လောက လူ့ရွာ ရောက်ပြန်တော့လဲ မသက်သာဘူး၊ ဆံဖြူ သွားကြွေ အိုရတဲ့ ဇရာဒုက္ခ၊ မျက်စိမွဲ ခါးကိုင်း နားထိုင်းရတဲ့ ဇရာဒုက္ခ၊ မကျန်းမမာ ဖျားနာရခြင်းဆိုတဲ့ ဗျာဓိဒုက္ခ၊ စုတေမနေ သေလွန်ရခြင်းဆိုတဲ့ မရဏဒုက္ခ၊ ဒီဒုက္ခတွေကြောင့် စိတ်ကို အေးအေးချမ်းချမ်း မနေရဘူး၊ ဒီဇာတိ, ဇရာ, ဗျာဓိ,မရဏဆိုတဲ့ ဒုက္ခတွေခံပြီး သေလွန်ပြန်တော့လဲ ဟိုဘက်ဘဝမှာ မအေးရပြန်သေးဘူး။

**စား,ဝတ်,နေရေး ပြေးရ လွှားရ** အပါယ်လေးပါးရောက်ရဦးမယ်၊ အပါယ်ဒုက္ခ၊ အတိတ်ဘဝတွေကလဲ ဒီ ဒုက္ခတွေများစွာ ခံခဲ့ကြရပြီး၊ လာမယ့် အနာဂတ်မှာလဲ နိဗ္ဗာန် မရမချင်း ခံရပေဦးမယ်၊ ဒါဟာ "အတီတေ ဝဋ္ဋမူလဒုက္ခ"နဲ့ "အနာဂတေ ဝဋ္ဋမူလဒုက္ခ"တွေပဲ၊ ပစ္စုပ္ပန်ကာလမှာလဲ သက်သာသလားဆိုတော့ အို ... ဘယ်သက်သာပါလိမ့်မလဲ၊ အစာရှာရတဲ့ "ပစ္စုပ္ပန္နေ အာဟာရပရိယေသနဒုက္ခ" ဟာ ဘယ်လောက်ကြီးကျယ်သလဲ၊ လူတွေ အစာ အာဟာရအတွက် ပြေးကြရ လွှားကြရ၊ တကတည်း ဖတ်ဖတ်မောနေတာပဲ၊ မသက်သာဘူး၊ တို့က ဒီသံဝေဂတွေကို ပွားပေးရမယ်၊ မပွားလို့ မဖြစ်ဘူး၊ သာသနာမှာ အချောင်နေ အချောင်စား

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရင် ဒီဘဝ နောက်ဘဝ မသက်သာဘူး၊ ဒါကြောင့် ကိုရင်တို့ ဦးပဥ္ဇင်းတို့ ကောင်းကောင်းနေကြ၊ ဘုရားအာရုံနဲ့ နေကြ၊ ကဲ ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၂)
(၁၉၇၉၊ ဧပြီလ)

www.burmeseclassic.com

www.burmeseclassic.com

## ပါရမီဓာတ်ခံကောင်းရန် ကြိုးစား

**ခန္ဓာဝန်ထမ်း လွှန်ပင်ပန်း** ကိုရင်တို့ ဝန်ထမ်းဆိုတာ အလုပ် လုပ်နေရတာလဲ ဝန်ထမ်းပါပဲ၊ ဘုန်းကြီး စာရေးတယ်၊ တော်တော်ရေးရင် ချွေးထွက်လာတယ်၊ ဒါဟာ ဘာလက္ခဏာလဲ၊ ပင်ပန်းတဲ့ လက္ခဏာပဲ၊ ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ တော်တော်လေး အားထုတ်ရင် ချွေးထွက်လာတယ်၊ ဒါ ဘာလဲ၊ ပင်ပန်းတဲ့ လက္ခဏာပဲ။

ကိုရင်တို့ ဆွမ်းခံသွားတယ်, တော်တော်လေး သွားမိရင်ပဲ ချွေးထွက်မလာဘူးလား၊ ထွက်လာတယ်၊ ဒါလဲ ပင်ပန်းတဲ့ လက္ခဏာပဲ၊ ဆွမ်းချက်နေတာလဲ ဒီလိုဘဲ၊ တော်တော်ချက်ရင် ချွေးထွက်လာတယ်၊ ဒါလဲ ပင်ပန်းတဲ့ လက္ခဏာပဲ၊ ဆင်တို့ ဘာတို့ဆိုရင် သစ်ဆွဲနေရတယ်၊ သူတို့လဲ သူတို့ဝန်နဲ့ သူတို့ ထမ်းနေကြရတယ်၊ ပင်ပန်းတဲ့ လက္ခဏာတွေပဲ၊ ဒါကြောင့် ဒီခန္ဓာဝန်ကြီး ရလာသူမှန်သမျှ ဘယ်သူမှ မသက်သာဘူး၊ ပင်ပင်ပန်းပန်းနဲ့ ထမ်းနေကြရတယ်၊ ခန္ဓာဝန်ထမ်းရတာဟာ သိပ်ပင်ပန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သတိမကြွယ် စာသူငယ်** ဟိုနေ့က ဘုန်းကြီး အနားက ရေအိုး စာလေး တစ်ကောင် ရေလာသောက်တယ်၊ ဒီပြင် စာတွေ လာသောက်ပေမယ့် သူက မပျံဘူး၊ ဣန္ဒြေရတယ်၊ ဘုန်းကြီးက စာမှ ဟုတ်ရဲ့လားလို့ အောက်မေ့နေတယ်၊ နောက် ကိုရင်တစ်ပါးက လက်ကလေးနဲ့ သွားတို့ပေမယ့် သူက မပျံဘူး၊ အမှန်ကတော့ သူဟာ ငိုက်နေတာ၊ ဒီလိုသာ အမှတ်တမဲ့နေရင် သူ့ကို ကြောင်က ခုတ်မသွားပေဘူးလား၊ ခန္ဓာဝန်ကြီး ထမ်းရတာ သိပ်လေးပါတယ်၊ ကိုရင်တို့ သတိနဲ့ နေကြ၊ အမူမဲ့ အမှတ်မဲ့ မနေကြနဲ့။

**တရားအာရုံ ကြပ်ကြပ်ထုံ** ကျောင်းထဲမှာ ခွေးတွေ ဟိုချေးယို ဒီချေးယိုနဲ့၊ ခွေးလဲ ခန္ဓာငါးပါးပဲ၊ ခွေးဆိုရင် တို့နဲ့ မတူတာ ဘာရှိသလဲ၊ ခွေးတွေမှာ ဉာဏသမ္ပယုတ် ဝိပါက်စိတ်တွေ ရှိရဲ့လား၊ ပဋိသန္ဓေတုန်းက အကုသိုလ် ဝိပါက်နဲ့ ပဋိသန္ဓေနေခဲ့တယ်၊ ပဝတ္တိအခါတော့ ကုသိုလ်ရ ပါတယ်၊ အချို့ ပဋိသန္ဓေက မဟာဝိပါက်နဲ့၊ အချို့က ဥပေက္ခာနဲ့ ပဋိသန္ဓေနေတယ်၊ အချို့က သောမနဿနဲ့ ပဋိသန္ဓေနေတယ်၊ အချို့ ကိုယ်တော်လေးတွေ ဥပေက္ခာနဲ့ ပဋိသန္ဓေနေခဲ့လို့လား မသိဘူး၊ ကြည့်ရတာ မှုန်ကုပ်ကုပ်နဲ့၊ ဒါကြောင့် ကိုရင်တို့ ဦးပဉ္စင်းတို့ကို ဘုန်းကြီးက ဘုရား ကြပ်ကြပ် အာရုံပြုခိုင်းရတာ၊ ဘုရားကို ကြပ်ကြပ် အာရုံပြုကြ။

**ဘဝအဆက်ဆက် ဓာတ်မပျက်** ဒီလို မျက်နှာကြည်တာ, မကြည်တာ တွေဟာလဲ ဘဝ အဆက်ဆက်က

www.burmeseclassic.com

www.burmeseclassic.com



ခွတ်တွေက အကုန်လိုက်တယ်၊ အခု ဒီတိုက်မှာ အချို့သံဃာတွေဆိုရင် ဉာဏ်ခွတ် မလိုက်ဘူးလား၊ လိုက်တယ်၊ ဘုန်းကြီးဒါတွေကို သိပ်ယုံကြည်ပြီးတော့ ဉာဏ်ခွတ်လိုက်အောင်အားထုတ်တယ်။

အခြေပြုသဒ္ဒါ၊ မူလတန်းသဒ္ဒါ ရေးတယ်၊ ဝိနည်းပါတိမောက်ဘာသာဋီကာ ရေးတယ်၊ ဒါလောက် ရေးနိုင်ရင်တော်တော်ကောင်းနေပြီ၊ နောက် စူဠဝါ၊ မဟာဝါတွေ ရိုက်ပြီးပြီ၊ သီလက္ခန်ကတော့ ချနေတုန်းပဲ၊ ဒါတွေကြည့်ရင် ဘဝကခွတ်ခံကောင်းတွေ ပါခဲ့တယ်ဆိုတာ ယုံမှားစရာ မရှိဘူး။

**ခွတ်ခံကောင်းအောင် လုပ်ကြ** ကိုရင်တို့ ဘဝသံသရာအဆက်ဆက်ကောင်းတဲ့ ခွတ်သတ္တိတွေ ပါအောင်လုပ်ကြ၊ ဒီလို ခွတ်ခံကောင်းတွေပါဖို့ဆိုတာကလဲ ဆရာကောင်း သမားကောင်း၊ မိတ်ကောင်းဆွေကောင်းတွေနဲ့ တွေ့ရမှ ဖြစ်တယ်၊ အချို့က ဘဝခွတ်ခံကောင်းလေးတွေ ပါလာကြပါရဲ့၊ ဒါပေမယ့် မကောင်းတဲ့ဆရာ၊ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတွေနဲ့ တွေ့ရတော့ ကောင်းတဲ့ခွတ်သတ္တိလေးတွေဟာ ကုန်ခန်းပျက်ပြားကုန်ရတယ်။

ဒါကြောင့် ခွတ်ခံ ကောင်းဖို့ရာကလဲ ဆရာကောင်း၊ သမားကောင်း၊ မိကောင်း၊ဖကောင်း၊ ဆွေကောင်း၊မျိုးကောင်းသိပ်ပြီး အရေးကြီးပါတယ်၊ ဘုန်းကြီးတို့မှာတော့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလွန်းလို့ မိကောင်း, ဖကောင်း, ဆရာကောင်း, သမားကောင်းတွေနဲ့ တွေ့ရတယ်၊ ဒါကြောင့် ကိုရင်တို့ ခေတ်ခံကောင်းအောင် လုပ်ကြ။

**ပဋိသန္ဓေခေတ်နှင့် ပဝတ္တိခေတ်** တချို့ဆိုရင် ပဋိသန္ဓေကတည်းက ခေတ်ခံလေးတွေ ကောင်းလာကြတယ်၊ ဟိုတလောဆီက ကြားလိုက်သေးတယ်၊ ဆရာဝန်မတစ်ယောက်ရဲ့ ကလေးဟာ ညအိပ်ရာဝင်ရင် သီချင်းဆိုသိပ်လို့ မရဘူးတဲ့၊ ပရိတ်, ဓမ္မစကြာတွေ ရွတ်သိပ်မှ အိပ်သတဲ့၊ ဒါတွေဟာ ပဋိသန္ဓေက ပါလာတဲ့ ခေတ်သတ္တိတွေပဲ၊ တချို့ ပဋိသန္ဓေကတော့ ဒါလောက် မကောင်းခဲ့ပါဘူး။

အပြင်လောက (ပဝတ္တိ)ရောက်လာမှ မိကောင်း, ဖကောင်း, ဆရာကောင်း, သမားကောင်းတွေနဲ့ တွေ့ရလို့ ကော^င်းလာကြရတယ်၊ ဘုန်းကြီးက လူတွေကို သတိထားတယ်လေ၊ ခေတ်ခံကောင်း, မကောင်း ကြည့်တယ်၊ သဒ္ဓါခေတ်ခံကောင်း, မကောင်း၊ ပညာခေတ်ခံ ကောင်း, မကောင်း၊ ဒါတွေကို ဘုန်းကြီးက ကြည့်တယ်၊ လေ့လာတယ်၊ အကဲခတ်တယ်၊ ဒီကျောင်း ကိုယ်တော်တွေကိုလဲ ဒီလိုပဲ ကြည့်ရ, အကဲခတ်ရတယ်။

**သာသနာနဲ့ သဒ္ဓါတရား** သာသနာ့ဘောင်မှာ နေရင် သဒ္ဓါတရားရှိမှ ဖြစ်ပါတယ်၊ သဒ္ဓါတရားမရှိရင် အလကားပဲ၊ ဒါကြောင့် ဘုန်းကြီးက ဒီကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါတရား မရှိတဲ့ ကိုယ်တော်တွေ မထားပါနဲ့လို့ ပြောနေရတယ်၊ ပညာတွေ တတ်နေပေမယ့် သဒ္ဓါတရား မရှိရင် သာသနာမှာ အသုံးလဲ မဝင်ပါဘူး။

ကိုယ်တော်တွေကို သဒ္ဓါတရား ရှိ, မရှိ ဘုန်းကြီးက အကဲခတ် ကြည့်တယ်လေ၊ ကျောင်းတိုက်ဝေယျာဝစ္စ လုပ်တဲ့အခါ, ဘုရားဝတ်တက်တဲ့အခါ ဝတ်တာ, စားတာ, သွားတာ, လာတာတွေကို အကဲခတ်ကြည့်ရုံနဲ့ ဘုန်းကြီးက သိတယ်၊ ဒါကြောင့် ကိုရင်တို့ သာသနာမှာ နေရင် သဒ္ဓါတရားနဲ့ နေကြပါ။

**သီလဆိုတာ ဝိနည်း** ပစ္စည်းကို သုံးတတ် သိမ်းတတ်ရတယ်၊ သိမ်းတတ်ရမယ်ဆိုတာက လိုတဲ့သူရှိရင် ပေးရမယ်၊ ပစ္စည်းကို သိမ်းသလို သီလကို ထိန်းသိမ်းရမယ်၊ သီလဆိုတာ ဝိနည်းပဲ၊ "ဝိနယော နာမ သာသနဿ အာယု"ဆိုတဲ့အတိုင်း ဝိနည်းတည်မှ သာသနာ တည်ပါတယ်၊ ဒါကြောင့် ဝိနည်းကို လေးစားကြပါ၊ ကဲ–တော်ပြီ၊ ကြွကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၃)
(၁၉၇၉၊ မေလ)

www.burmeseclassic.com

www.burmeseclassic.com

## ထူးထွေဆန်းပြား ကံတရား

**သူ့သူ့ငါငါ ဤခန္ဓာ** သူ ငါဆိုတာ ပျောက်သွားသလား၊ ကဲဆို–"ပဉ္စက္ခန္ဓာ–ငါဟုခေါ်တွင်, ငါ့ကိုယ်ပင်ဟု, ထင်မြင်ရငြား, ခန္ဓာငါးပါးတို့သည်" အေး–ကိုယ့်ကိုယ်ကို လက်ညှိုးနဲ့ ထိုးကြည့်တော့လဲ ခန္ဓာငါးပါးပါပဲ၊ ခန္ဓာငါးပါးက လွဲလို့ ရှိရဲ့လား၊ မရှိဘူး၊ သူများ လက်ညှိုးနဲ့ ထိုးကြည့်တော့လဲ ဒီခန္ဓာငါးပါးကလွဲလို့ ရှိရဲ့လား၊ မရှိပါဘူး၊ ယောကျ်ား မိန်းမဆိုတာ ပရမတ္ထနဲ့ကြည့်တော့ ဘာဝရုပ်သာ ကွဲတယ်၊ ဘာဝရုပ်ကလဲ ခြေဆုံး ခေါင်းဆုံး ရှိတယ်၊ ဇီဝိတက တစ်ကိုယ်လုံး ရှိတယ်၊ ကဲ လက်မှာကော ဘာဝရုပ် မရှိဘူးလား၊ ရှိတယ်။

**သစ်ပင်နဲ့ ဘာဝရုပ်** ဘာဝရုပ်ကြီးက သစ်ပင်ကြီးလိုပဲ၊ သစ်ပင်ကြီးဟာ မျိုးစေ့ကြောင့် အကိုင်း, အခက်, အလက်ကလေးတွေ ဖြစ်လာတယ်၊ မိန်းမသဏ္ဍာန်ဟာ ဘယ်သူ့ကြောင့် ဖြစ်လာရသလဲဆိုရင် ဘာဝရုပ်ကြောင့် ဖြစ်ရတယ်၊ ဘာဝရုပ်က ဘယ်သူ့ကြောင့် ဖြစ်သလဲဆိုရင် ကံကြောင့် ဖြစ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကံက ဘယ်သူ့ကြောင့် ဖြစ်ရသလဲဆိုရင် တဏှာကြောင့် ဖြစ်ရတယ်၊ ယသော်ဓရာမိဖုရားဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး မိန်းမဘဝကို တောင့်တတဲ့ တဏှာကြောင့် မိန်းမချည်း ဖြစ်လာရတယ်၊ ဘုရားအလောင်းဟာလဲ ယောက်ျားဘဝကို တောင့်တတဲ့ တဏှာကြောင့် ယောက်ျားချည်း ဖြစ်လာတယ်၊ တရားတော်တွေဟာ သိပ်ကောင်းတယ်။

**ဘုရားမပွင့်ရင် မသိနိုင်** ယောက်ျားရယ်, မိန်းမရယ်ဆိုတာတွေဟာ ပညတ်တွေပဲ၊ အများအပြောတော့ မှန်ပါတယ်၊ ဒါတွေဟာ သိပ်ကောင်းတာပဲ၊ တို့ဘုန်းကြီးက ဒါတွေကို သိပ်သဘောကျတာပဲ၊ ယောက်ျားရယ်, မိန်းမရယ်လို့ တကယ်တော့ မရှိပါဘူး၊ ပုံသဏ္ဌာန် ခေါ်ဝေါ်ပညတ်ထားတာပါ၊ ဘဝရဲ့ အကြောင်းက ကံ၊ ကံရဲ့ အကြောင်းက တဏှာ။

"ကဲ–ဦးအဂ္ဂ ... သဏ္ဌာန်ဟာ ဘာအကြောင်းလဲ?"

"အဝိဇ္ဇာ တဏှာပါဘုရား"

"လွဲလိုက်လေ ဦးအဂ္ဂရယ်၊ အဝိဇ္ဇာ တဏှာသာဆိုရင် အကုန်လုံး လူတွေဟာ ဦးအဂ္ဂ တစ်ပုံစံတည်းချည်း ဖြစ်နေမှာပေါ့"

"ဦးကလျာဏ ... ပုရိသဟူသော ယောက်ျားပုံသဏ္ဌာန်က ဘာကြောင့် ဖြစ်ရတာလဲ?"

"ဘာဝရုပ်ကြောင့်ပါ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေ၊ ဘာဝရုပ်ကကော ဘာကြောင့် ဖြစ်ရတာလဲ?"

"ကံကြောင့်ပါ အရှင်ဘုရား"

"ဟုတ်လိုက်လေ၊ ကံဟာ ဘာကြောင့် ဖြစ်ရတာလဲ?"

"အဝိဇ္ဇာ တဏှာကြောင့်ပါ အရှင်ဘုရား"

"ဟုတ်တယ်, ဟုတ်တယ်၊ ယောကျ်ားဘဝကို လိုချင်သော တဏှာကြောင့် ယောကျ်ားသဏ္ဌာန် ပေါ်လာရတယ်၊ မိန်းမဘဝကို လိုချင်သော တဏှာကြောင့် မိန်းမသဏ္ဌာန် ပေါ်လာရတယ်၊ ယောကျ်ား မိန်းမပုံသဏ္ဌာန်ကို ဘာဝရုပ်က တစ်ကိုယ်လုံး ပြုပြင်ပေးတယ်"

"ပုရိသဘာဝရုပ်ဟာ ကမ္မဇ–စိတ္တဇ–ဥတုဇ–အာဟာရဇ တွေထဲမှာ ဘာရုပ်ကြောင့် ဖြစ်တာလဲ?"

"ကမ္မဇရုပ်ကြောင့်ပါ အရှင်ဘုရား"

လောကဓာတ်ဆရာတွေက ယောကျ်ားကို မိန်းမဖြစ်အောင် လုပ်နိုင်တယ်လို့ ဆိုကြတယ်၊ တစ်ရာမှာ တစ်ယောက် မိန်းမ ဖြစ်နိုင်တယ်၊ မိန်းမဖြစ်တာကလဲ ကာမေသု မိစ္ဆာစာရ ကံကြောင့် ဖြစ်ရတာ၊ တဏှာအကြောင်းခံပြီး ယောကျ်ား မိန်းမ ဖြစ်ရတယ်။

**မိစ္ဆာစာရနှင့် အရှင်အာနန္ဒာ အလောင်း** တို့မြတ်စွာဘုရားရဲ့ ဖွားဖက်တော် ညီတော် အာနန္ဒာဟာ တရားဘဏ္ဍာစိုးကြီး ဖြစ်မယ် ဆိုတဲ့ ဗျာဒိတ်ရ ပုဂ္ဂိုလ်ကြီးပဲ၊ ဒါပေမယ့် လမ်းခရီးအကြားမှာ ခြေချော်လက်ချော်တော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သေးတာပဲ၊ သူဟာ တစ်ခုသော ဘဝမှာ ပန်းထိမ်သည် သွားဖြစ်တယ်။

ရုပ်ကလဲ ချောတယ်၊ ရုပ်ချောတော့ ခင်မင်တဲ့ ကာလသားတွေက မြှောက်ပင့်ပေးကြတာပေါ့၊ ရုပ်ရည်လှပတဲ့ မိန်းမငယ်တွေ, မသွားလာအပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံပေါင်းသင်းပြီး မိစ္ဆာစာရကံတွေ ကျူးလွန်တာပေါ့၊ အဲဒီလို ကျူးလွန်တဲ့ အကုသိုလ်ပြစ်ဟာ သေသည်၏ အခြားမဲ့မှာ အပါယ် ပဋိသန္ဓေကျိုး ပေးသလားဆိုတော့ မပေးသေးဘူး။

**ကံတရားတို့၏ မျက်လှည့်ပြပုံ** ကံတွေဟာ "ဇနကကံ, ဥပထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံ"လို့ ရှိသေးတယ်၊ ဇနကကံက ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေတတ်တဲ့ ကံပဲ၊ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးကို ပေးစေနိုင်တယ်၊ ဥပထမ္ဘကကံကတော့ ပဋိသန္ဓေကျိုးကို မပေးဘူး၊ ထောက်ပံ့ရုံမျှသာ ထောက်ပံ့နိုင်တယ်၊ ဥပပီဠကကံလဲပဲ ပဋိသန္ဓေကျိုးကို မပေးဘူး၊ ကပ်၍ နှိပ်စက်ရုံပဲ နှိပ်စက်နိုင်တယ်၊ ဥပဃာတကကံက ကပ်ပြီး သတ်ဖြတ်တတ်တဲ့ကံ၊ ဒီတော့ ညီတော် အာနန္ဒာအလောင်းဖြစ်တဲ့ ပန်းထိမ်သည်ဟာ အပါယ်ကျမယ်ဆိုရင် ကျမယ်ပေါ့၊ ဘာပြုလို့ အပါယ်မကျသလဲ၊ သူနောက်နောင်က ပြုခဲ့တဲ့ ကုသိုလ်တွေက တော်တော်များတယ်၊ ဒီကုသိုလ်ကံတွေ အကျိုးပေးခွင့်ရအောင် ဥပဃာတကကံက "ဟေ့.... မင်းအပါယ်မပေးနဲ့ဦး၊ ဒီပုဂ္ဂိုလ်ကို ငါ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရာသုဂတိ ပေးလိုက်ဦးမယ်”ဆိုပြီး သူဌေးသားဘဝ ပေးလိုက်တယ်၊ သူဌေးသားဖြစ်တော့ ခုနက အကုသိုလ် ကံတွေ မြုပ်သွားသလားဆိုတော့ မြုပ်မသွားဘူး။

**သူဌေးသားဘဝ ပြုသမျှကုသိုလ်** ပဋိသန္ဓေ အကျိုးပေးဖို့က အလယ်ဇော ငါးချက်စေတနာနဲ့ သတ္တမဇောစေတနာလို့ ခြောက်ပါး ရှိတယ်၊ ဒုတိယဘဝ အကျိုးပေးမယ့် သတ္တမဇောစေတနာက ဒုတိယဘဝ သူပေးရမယ်၊ ဒါပေမယ့် သူက မပေးဘူး၊ တတိယဘဝမှ စပြီး နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးခွင့်ရှိတဲ့ အလယ်ဇော ငါးချက် စေတနာ အပရာပရိယကံဆိုတာ ရှိသေးတယ်၊ ဒါတွေ ကြွင်း ကျန်နေသေးတယ်။

ဒီတော့ သူ သူဌေးသားဖြစ်တဲ့ ဘဝမှာ ကုသိုလ်ကောင်းမှု တွေပြု၊ သီလတွေ ဆောက်တည်နေတာ ဒီအရာတွေက ဇနက သတ္တိနဲ့ ကောင်းရာသုဂတိကို ပေးရမှာ အမှန်ပဲ၊ ဒါပေမယ့် ဥပဃာတကကံက “မင်းအလှည့်ချည်း ဘယ်ရမလဲ၊ ဒီကောင် ပန်းထိမ်သည်ဘဝတုန်းက မိစ္ဆာစာရကံတွေ ကျူးလွန်လာ ခဲ့တာ ငါ့အလှည့်ရောက်ပြီ”လို့ ဆိုပြီး တစ်ခါတည်း ငရဲပို့ လိုက်ပြန်တာပဲ။

---

(ဤကံများ၏ အဓိပ္ပာယ်ကို အကျယ်တဝင့် သိလိုပါက သင်္ဂြိုဟ် ဘာသာဋီကာ ဝိထိမုတ်ပိုင်း ကမ္မစတုက္ကခွဲ ရှုပါ။)

www.burmeseclassic.com

www.burmeseclassic.com



**ဘဝများစွာ ကျင်လည်ရှာ** ငရဲက လွတ်လာတော့ နွားဘဝ ဆိတ်ဘဝ မျောက်ဘဝ နပုံးပဏ္ဍုက် သိကြားမင်းမိဖုရား ဖြစ်ရ၊ အဲဒီကနေပြီး နတ်သမီးဘဝနဲ့ချည်း ခြောက်ဘဝ၊ နောက်တော့မှ အင်္ကတိမင်းကြီးရဲ့ သမီးတော် ရုစာမင်းသမီး လာဖြစ်ရတယ်၊ ဒါကြောင့် ကံတရားတွေဟာ အလွန် ဆန်းကြယ်တယ်၊ ကိုရင်တို့ ကောင်းကောင်း နေကြ၊ ကိုယ့်ဘဝကို မျိုးပြုတ်မစားကြနဲ့၊ ကဲ ... တော်ပြီ။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၄)
(၁၉၇၉၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်ကိုယ်ကို ချစ်တတ်ကြပါစေ

**ကုသိုလ်ကို ပွားများနေလျှင်** တို့တဏှာသာ မရှိရင်နေချင်စရာမကောင်းဘူးလား၊ ဒီလောကကြီးမှာ ရုပ်ပါရုံကို ကြည့်တော့ ဘာဖြစ်မလဲ၊ တဏှာ မဖြစ်ပေဘူးလား၊ ကူလီတွေ ပိုက်ဆံလိုချင်လို့ လုပ်ကြရတာ မဟုတ်လား၊ လိုချင်တာဟာလဲ တဏှာ လောဘပဲ၊ တဏှာ လောဘတွေ ရှိနေလို့သာ ကုသိုလ်စိတ်တွေ မဖြစ်တာ၊ ကုသိုလ်ကို ပွားများနေတဲ့အခါ တဏှာ လောဘ မဖြစ်ဘူး၊ ပီတိ သောမနဿတွေ ဖြစ်နေတယ်။

**သံဃာ့ပစ္စည်း ရှိသေကြ** အဲဒါကြောင့် ဘုန်းကြီးက ဘုရားကို အာရုံပြုခိုင်းရတာ၊ ဘုရား အာရုံပြုကြ၊ သဒ္ဓါတရား ကောင်းကောင်းထားကြ၊ မနေ့က ဒါယိကာမတစ်ယောက် စာအုပ်(၂၄)အုပ် လာလှူသွားတယ်၊ ဝိနည်းစုဋ္ဌဝါ၊ ပါရာဇိကဏ်၊ ပရိဝါ၊ ပါစိတ်၊ အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကထာ၊ အဲဒီ စာအုပ်တွေဟာ သံဃိကစာအုပ်တွေ၊ ငှားကြည့်တဲ့ ပုဂ္ဂိုလ်များကလဲ အနက်မတေးကြနဲ့၊ ကိုယ့်စာအုပ်ဆိုရင်တော့ တေးချင် တေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးဣန္ဒြောတို့က မတေးဖို့ရာ တားမြစ်ကြ၊ စာအုပ်တွေကိုလဲ မကြာခဏ ပြန်စစ်ပေးကြပါ၊ တချို့က စာအုပ်ကို ရောင်းစားကြတယ်၊ သံဃာ့ပစ္စည်းဆိုတာ ကိုယ့်ပစ္စည်းထက် ရိုရိုသေသေ ကိုင်ရတယ်၊ ဒါကို ကြပ်ကြပ် သတိထားကြ။

**ကုသိုလ်မယူ ငရဲယူ** လူတွေဟာ ကုသိုလ်ယူရမယ့်နေရာမှာ ငရဲယူကြတယ်၊ ဘုရားပွင့်လာတော့ လူကောင်းတွေအဖို့မှာ ကုသိုလ်များတယ်၊ မကောင်းတဲ့လူတွေ အဖို့မှာ အကုသိုလ်များတယ်၊ တို့ဘုရား ပွင့်လာတော့ တိတ္ထိတွေ အဖို့မှာ အကုသိုလ်မများပေဘူးလား၊ မာဂဏ္ဍီတို့မိသားစု ကြည့်ပါလား၊ မြတ်စွာဘုရားက ပုဏ္ဏားကြီးဇနီးမောင်နှံကို ဘာပြောသလဲ၊ "ငါဘုရားဟာ မာရ်နတ်သားရဲ့ သမီးတော်များဖြစ်ကြတဲ့ တဏှာ, အရတီ, ရာဂါတို့အပေါ်မှာတောင် ဘာမှ မဖြစ်ပါဘဲနဲ့ သင့်သမီးလို ကျင်ကြီး ကျင်ငယ်တွေ ပြည့်နေတဲ့ မာဂဏ္ဍီကို ငါဘုရားက ခြေဖျားနဲ့တောင် မတို့လိုဘူး"လို့ ဒီလို ပြောလိုက်တော့ မာဂဏ္ဍီဟာ ဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့ပြီး တိတ္ထိတွေကို အဆဲခိုင်းတာပဲ မဟုတ်လား၊ သူတို့မှာ ကုသိုလ်မရဘဲ ငရဲရတာပေါ့။

**ယူတတ်တော့ တရား** မာဂဏ္ဍီရဲ့ အဖေ အမေတို့ကျတော့ ဘုရားတရားတော်ကိုကြားရတယ်ဆိုရင်ပဲ အနာဂါမ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကုန်ကြတယ်၊ တချို့မှာ ဘုရားအသံ ကြားရတော့ ကုသိုလ် မဖြစ်ဘဲ အကုသိုလ် ဖြစ်ကြရတယ်၊ ဒါ့ကြောင့် ကိုရင်တို့ တရားကို ယူတတ်အောင် ယူတတ်ကြရတယ်၊ ဘုရား ပွင့်လာတာဟာ တို့အတွက် ပွင့်လာတာပဲလို့ သိထားကြ၊ ဘုရားသာသနာနဲ့ တွေ့တုန်း အချိန်အခါမှာ တွေ့ရကျိုးနပ်အောင် နေကြ ထိုင်ကြ၊ သာသနာနဲ့တွေ့တဲ့ အခါမှာ ငရဲ မရကြစေနဲ့၊ နောင် သာသနာနဲ့ ပြန်တွေ့ဖို့ဆိုတာ မလွယ်ဘူး၊ ဒီတစ်ခါ သာသနာနဲ့ လွဲသွားရင် ကိုရင်တို့ မလွယ်တော့ဘူး၊

**တဏှာကျေးကျွန်** ဒီလောကကြီးဟာ အလကားပဲ၊ ခန္ဓာဝန် မကောင်းတော့ ဒီပြင် ဟာတွေလဲ မကောင်းတော့ဘူး၊ အေး–တို့ ဒါတွေကို တွေးရ ကြံရမယ်၊ မတွေးတော့ တဏှာ လောဘ ဖြစ်လာမယ်၊ သတ္တဝါတွေဟာ တဏှာစေခိုင်းရာကို သွားနေရတာ၊ တဏှာဟာ တကယ်တော့ ဘယ်သူ့မှ ချမ်းသာမပေးဘူး။

နိုင်ငံမှာ ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေကိုလဲ သူက စေခိုင်း နေတယ်၊ သူ့ရဲ့လှည့်ကွက်ဟူသမျှကို သတ္တဝါတွေ ခံနေကြ ရတယ်၊ သွားလိုက်, စားလိုက်, ရှာဖွေလိုက်, သူဆွဲကိုင်ရာကို ပါနေရတာ၊ တရားနည်းနဲ့ ရှာကြည့်တော့ ဒီခန္ဓာဝန် ဘယ် နည်းနဲ့မှ မကောင်းဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လောကချမ်းသာ** ဒီလောကချမ်းသာတွေဟာ အကောင်း ချမ်းသာတွေလဲ ရှိတယ်၊(တရားသဖြင့်ကို ဆိုလိုပါသည်၊) တဏှာ လောဘကြောင့် ချမ်းသာတွေလဲ ရှိတယ်၊ ဒါတွေဟာ ခန္ဓာဝန်လေးကြောင်း ပြတယ်၊ အိုရတယ်၊ နာရတယ်၊ ဒါတွေဟာ ခန္ဓာဝန်နဲ့ စပ်နေတယ်၊ အပါယ်လေးပါးဟာလဲ ခန္ဓာဝန်နဲ့ စပ်နေတယ်၊ အပါယ်လေးပါး ပို့ပေးတာလဲ ဒီခန္ဓာဝန်ပဲ၊ ဒါကြောင့် ကိုရင်တို့ အပြင်ဘန်း ချမ်းသာတွေကို မစဉ်းစားကြပါနဲ့၊ ကိုယ်, စိတ်ချမ်းသာဖို့ရာ ကိုသာ စဉ်းစားကြပါ၊ ရှေးရှုကြပါ။

**တရားလက်မလွှတ်ကြပါနဲ့** ဒီ ခန္ဓာဝန် ရလာတာ အကောင်းရ, မကောင်းရ ရှိတယ်၊ ခန္ဓာဝန်ကို အသုံးချတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ အကောင်းရပေါ့၊ အသုံးမချတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ မကောင်းရဘဲ၊ တချို့က ဒီခန္ဓာဝန် ရလာတော့ အကုသိုလ်တွေနဲ့ အသုံးချကြတယ်၊ သူ့အသက် သတ်ကြ, သူ့ဥစ္စာတွေ မတရား ယူကြ, သူတစ်ပါး သားမယား မတရား ပြစ်မှားကြ, လိမ်ညာ ပြောကြ, သေရည် သေရက်တွေ သောက်ကြ၊ ဒါ ကိုယ့်ကိုယ်ကို မချစ်တတ်တာပဲ၊ ကိုယ့်ကိုယ်ကို ချစ်တတ်တဲ့ သူတွေက တရားကို လက်ကိုင်ထားကြတယ်၊ ဒါကြောင့် ကိုရင်တို့ ကိုယ့်ကိုယ်ကို ချစ်တတ်အောင် လုပ်ကြ၊ တရားလက်လွှတ် မလုပ်ကြနဲ့။

www.burmeseclassic.com

www.burmeseclassic.com



**အတ္တသမံ ပေမံ နတ္ထိ** လောကကြီးမှာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုကြတယ်၊ ကိုယ့်ကိုယ်ကို ချစ်ရင် ကောင်းသည်ထက်ကောင်းအောင် ကြိုးစားကြရတယ်၊ တချို့ ကိုယ့်ကိုယ်ကို ချစ်တယ်သာဆိုတာ ချစ်ရာ မရောက်ကြဘူး၊ ဒါယကာ ဒါယိကာမ ကြည်ညိုကိုးကွယ်မှု လာဘ်လာဘ ပေါများမှု ဒါတွေ အပေါ်မှာ ဝဲလည်ပြီး နစ်မြုပ်နေကြတယ်၊ ဒါ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်ဘူး၊ နှစ်နေကြတာ၊ ကဲ- သွားကြတော့။

www.burmeseclassic.com

www.burmeseclassic.com

# သံသရာစရီးကြမ်း လျှောက်လှမ်းကြရာဝယ်

**ဘာဝရုပ်နဲ့ မန်ကျည်းစေ့** သူသူငါငါ ပြောနေတဲ့ နေရာမှာ ငါ မရှိဘူး၊ ငါ့အတ္တဆိုတော့ တကယ်အတ္တ ဟုတ်ရဲ့လား၊ အတ္တကောင်လေး ဝမ်းထဲမှာ ရှိတယ်လို့ ဆိုနေကြတယ်၊ ငါဆိုတဲ့အတ္တ, သူဆိုတဲ့အတ္တ မရှိဘူး၊ ဒီအတ္တကိုပဲ ယောကျ်ား,မိန်းမလို့ ဆိုနေကြတယ်၊ အမှန်ကတော့ ယောကျ်ားဆိုတာ, မိန်းမဆိုတာလဲ မရှိပါဘူး။

လောက တချို့ ပညာရှိတွေက ဒါတွေကို လက်ခံနေကြတယ်၊ မန်ကျည်းပင်မှာ အစေ့ရှိတယ်၊ ဒီအစေ့က အမြစ်ကနေ အဖျားရောက်အောင်သာ ဓာတ်ပေးနိုင်တယ်၊ ဘာဝရုပ်နဲ့ မန်ကျည်းစေ့ တူတယ်၊ ဘာဝရုပ်က တစ်ကိုယ်လုံးကို ပျံ့နှံ့စေတယ်၊ မန်ကျည်းစေ့ဟာ မန်ကျည်းပင် ကြီးလာရင် ဒီအစေ့ပျောက်မသွားပေဘူးလား၊ ဘာဝရုပ်က တစ်ကိုယ်လုံးမှာ တစ်ညီတည်း နေတယ်၊ မျက်စိကို ကြည့်၊ သူ့မှာလဲ ကာယဘာဝ, နားမှာလဲ ကာယဘာဝ, နှာခေါင်းမှာလဲ ဒီအတိုင်းပဲ၊ အဝိဇ္ဇာကုန်တဲ့ ရဟန္တာကြီးများမှာတော့ ကြိယာပဲ ရတော့တယ်။ ကံရယ်လို့ မခေါ်နိုင်တော့ဘူး၊ ဖြစ်ရင် ဖြစ်ကာမတ္တပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဆန်းပြားလှတဲ့ ထိုတဏှာ** တဏှာက သိပ်ဆန်းတယ်၊ မိန်းမရဲ့ကိုယ်မှာ ရှိတဲ့ တဏှာ၊ သူဖြစ်ချင်တာက မိန်းမ ဖြစ်ချင်တယ်၊ သူဌေးကတော် ဖြစ်ချင်တယ်၊ မိဖုရား ဖြစ်ချင်တယ်၊ နတ်သမီး ဖြစ်ချင်တယ်၊ ယောကျ်ားကလဲ သူဌေးကြီး ဖြစ်ချင်တယ်၊ သူဌေးသား ဖြစ်ချင်တယ်၊ နတ်သား ဖြစ်ချင်တယ်၊ သက်ကယ်ရိုး ထရံကာကနေ ပျဉ်ထောင် သွပ်မိုးကို လိုချင်တယ်၊ ဒီကနေ တစ်ဆင့်တက်ပြန်တော့ တိုက်ကြီးတာကြီး ကားကြီး ကားကောင်းတွေ လိုချင်တယ်၊ ဒါကြောင့် တဏှာဟာ ဆန်းပြားတယ်လို့ ပြောတာ၊ ဗြဟ္မာများမှာတော့ ဒါတွေ ကင်းဆိတ်သလို ဖြစ်ကုန်ပြီ။

သတ္တဝါတွေဟာ သူ့ကံအကျိုးပေးနဲ့သူ ဖြစ်လာတာပဲ၊ သဘောပင်အဖို့နဲ့ အမဟာ ဘာဝရုပ်ခြားတတ်ချင်းဟာ မကွဲဘူး၊ ဒီလိုပဲ မိန်းမမှာလဲ သူ့ရဲ့ အကိုင်းအခက်တွေနဲ့၊ ယောကျ်ားလဲ ဒီလိုပါပဲ၊ ဒါတွေဟာ ပုံသဏ္ဌာန်တွေပဲ၊ တကယ်တော့ လူတွေမှာ ဘာမှ မရှိပါဘူး၊ ရုပ်နဲ့ နာမ်သာ ရှိတယ်၊ ဒီရုပ်နာမ်က လွဲလို့ ဘာမှ မရှိဘူး။

**ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း** တို့ ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်း၊ ဒီဘက်ကမ်းကတော့ ရောဂါတွေ ဖြစ်တယ်၊ ဟိုဘက်ကမ်းကတော့ အေးချမ်းတယ်၊ အေးချမ်းတဲ့ဘက်ကို မသွားချင်ဘူးလား၊ ဒီဘက်ကမ်းက ရုပ်နာမ် ခန္ဓာဝန်ကြီးဟာ ဝန်မလေးဘူးလား။ ရောဂါဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်ကမ်းက တို့ရဲ့ ကာမဘုံကြီးပဲ၊ ဖြစ်လိုက်ကြတဲ့ ရောဂါတွေ၊ လောဘရောဂါတွေ မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား။)

ဒေါသရောဂါတွေကော မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား။)

မောဟ မာန ဣဿာ မစ္ဆရိယရောဂါတွေလဲ ဖြစ်မနေကြဘူးလား။

(ဖြစ်နေပါတယ်အရှင်ဘုရား။)

အေး ... ရောဂါတွေဖြစ်နေတဲ့ တို့ ဒီဘက်ကမ်းက ဟိုဘက်ကမ်း ကူးသွားရင် မကောင်းပေဘူးလားကွယ်၊ ပျောက်မှာမုန်း သိလျက်သားနဲ့ လူတွေက ကိလေသာရောဂါကို ပေတောခံနေကြတယ်၊ ဟိုဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကတော့ မလာနဲ့လို့ မငြင်းပါဘူး။

**ဉစ္စာမရှိ ဆေးတော့ရှိ** ဒီ ရောဂါတွေအတွက် သောက်ဆေး စားဆေးဖြစ်တဲ့ သမားတော်ကြီးဗုဒ္ဓရဲ့ ဘာဝနာဆေးတွေ ရှိတယ်၊ ဒါပေမယ့် သူတို့မှာက ဒီဘာဝနာဆေးကို သောက်နိုင်လောက်အောင် စားနိုင်လောက်အောင် သဒ္ဓါဆိုတဲ့ ဉစ္စာက မရှိတော့ ရောဂါ ဘယ်ပျောက်ပါ့မလဲ၊ ကိလေသာရောဂါတွေဟာ ကြောက်စရာကောင်းတယ်၊ တို့ သာမညရောဂါက လူတစ်ယောက်ကို တစ်ဘဝသာ သတ်နိုင်တာ၊ ကိလေသာရောဂါတွေကတော့ ဘဝအဆက်ဆက် သတ်နေတယ်၊ ဒုက္ခအမျိုးမျိုးနဲ့ ခံရရုံပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**ဆင်းရဲနှစ်မျိုး** တို့ ဆင်းရဲကလဲ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းလို့ နှစ်မျိုးရှိတယ်၊ ကိုယ်ဆင်းရဲဆိုတာက ကိုယ်ခန္ဓာမှာ ရောဂါရတာတွေမှန်သမျှ ကိုယ်ဆင်းရဲတာပဲ၊ စာအလိုပြောရင် ကာယိကဒုက္ခပဲ၊ စိတ်ထဲမှာ ခံစားရတဲ့ ဆင်းရဲဝေဒနာမှန်သမျှ စိတ်ဆင်းရဲတာပဲ၊ စာအလိုကတော့ စေတသိကဒုက္ခပဲ၊ ဒီခန္ဓာဝန်ကြီး ရလာတာဟာ သမုဒယသစ္စာ အကြောင်းခံလာခဲ့တာ၊ သမုဒယကြောင့် ဒုက္ခဖြစ်ကြရတယ်၊ ဒီဒုက္ခကို ဒုက္ခမှန်းသိရင် သိပ်ကောင်းတာပေါ့၊ ခုလူတွေက ဒုက္ခကို ဒုက္ခမှန်း မသိကြဘူး၊ ဒုက္ခကို သုခလို့ ထင်နေကြတယ်၊ ကိုယ့်ကိုယ်ကို လိမ်နေကြတယ်၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ။

**နခသိခသုတ်ကို ကြည့်** လူတွေမှာ နေ့စဉ်နှင့်အမျှ အကုသိုလ်တွေဖြစ်နေကြတယ်၊ ဒီအကုသိုလ်တွေဖြစ်ပြီး အပါယ်လေးပါး ရောက်ကြရတာ များတယ်၊ ဒါ့ကြောင့် ဘုရားသခင်က နခသိခသုတ်ကို ဟောတော်မူခဲ့တာ၊ နခသိခသုတ်မှာ မြတ်စွာဘုရားက ...

"ရဟန်းတို့ ... ငါဘုရားသခင်ရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ မြေမှုန့်နဲ့ ဇမ္ဗူဒိပ်မြေအပြင်မှာ ရှိနေတဲ့ မြေကြီး ဘယ်ဟာကများသလဲ" ဒီလို မေးလိုက်တော့ ရဟန်းတော်တွေက... "ဥပမာ မနိုင်းလောက်ပါဘုရား"လို့ လျှောက်ထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ .... သေကုန် သေကုန်သော သတ္တဝါတွေဟာ သေပြီးလို့ အပါယ်လေးပါး ရောက်ကြရတဲ့ သတ္တဝါတွေက ဇမ္ဗူဒိပ် မြေအပြင်မှာ ရှိတဲ့ မြေကြီးတွေလောက် ရှိတယ်၊ လူ့ပြည် လူ့လောက စသည်ကို ပြန်ရောက်ကြတဲ့ သတ္တဝါတွေကတော့ ငါဘုရားရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ မြေမှုန့်လောက်မျှသာ ရှိတယ်"လို့ ဒီလို ဟောထားတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ နှာ-၄၅၄။)

**အကုသိုလ် အဖြစ်များကြပုံ** သတ္တဝါတွေ အကုသိုလ် အဖြစ်များပုံကို သေသေချာချာ စဉ်းစားကြည့်လေ ကြောက်စရာကောင်းလေပဲ၊ မျက်စိက အဆင်းရူပါရုံ ချောချောလှလှလေးတွေ မြင်တဲ့အခါ ဘာဖြစ်သလဲ၊ လောဘတဏှာ ဖြစ်ရတယ်၊ မကောင်းတဲ့ အာရုံတွေကို မြင်ရတဲ့အခါကျတော့ ဒေါသဖြစ်ရတယ်၊ နားပေါက်ကလဲ သဒ္ဒါရုံ အသံကောင်းကောင်းလေးတွေ ကြားရတော့ လောဘတဏှာ ဖြစ်ရပြန်တယ်၊ တစ်ခါ မကောင်းတဲ့အသံတွေ ကြားရပြန်တော့ ဒေါသဖြစ်ရပြန်တယ်၊ အမှတ်တမဲ့ နေပြန်တော့လဲ မောဟဖြစ်ရပြန်တယ်။

နှာခေါင်းပေါက်ကလဲ ထို့အတူပဲ၊ မွှေးမွှေးကြိုင်ကြိုင်ဆိုတဲ့ ကောင်းတဲ့ အနံ့ကလေးတွေ နမ်းရ ရှူရရင် လောဘ,

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့ မစင် ဘင်ပုပ်နံ့တွေ နမ်းရ ရှူရရင် ဒေါသ ဖြစ်ကြရတယ်၊ အမှတ်တမဲ့ နေပြန်တော့ မောဟဖြစ်ရပြန်တယ်၊ လျှာပေါက်ကလဲ ဒီလိုပဲ၊ ကောင်းတဲ့ အရသာလေးတွေ စားနေရရင် သဘောကျ ကျေနပ်ပြီး လောဘ၊ မကောင်းတဲ့ အရသာတွေ စားရတဲ့အခါ စိတ်မချမ်းမသာ ဖြစ်ပြီး ဒေါသ ဖြစ်ကြရတယ်။

အမှတ်တမဲ့ နေပြန်တော့ မောဟ ဖြစ်ပြန်တယ်၊ ဒီခန္ဓာကိုယ်ကြီးကတော့ ကောင်းတဲ့ အတွေ့အထိဖြစ်တဲ့ ဖော့ဌဗ္ဗာရုံလေးတွေနဲ့ နေရမယ်၊ ထိုင်ရမယ်၊ အိပ်ရမယ်ဆိုရင် လောဘ၊ နူးညံ့သိမ်မွေ့တဲ့ အဝတ်ကောင်းလေးတွေ ဝတ်ရုံသုံးစွဲနေရရင် ကျေနပ်သဘောကျနေတာ လောဘ၊ မကောင်းတဲ့ နေရာထိုင်ခင်းနဲ့ တွေ့ထိဆိုတဲ့ စိတ်တွေကို ပျက်လို့၊ ဟော... ဒေါသ၊ သတ္တဝါတွေရဲ့ စိတ်ဟာ အဆင်း, အနံ့, အရသာ, အတွေ့အထိဆိုတဲ့ အာရုံငါးပါးနဲ့ တွေ့တိုင်း တွေ့တိုင်း လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရားတွေနဲ့ လုံးလည်လိုက်ပြီး အချိန်ကုန်နေကြရတယ်။

**စိတ်တည်းဟူသော မျောက်ကလေး** စိတ်ကလေးကလဲ အငြိမ်နေတာ မဟုတ်ဘူး၊ ညအိပ်ရာဝင်ပြီဆိုရင် သူက ပိုပြီး သိရတယ်၊ ဟိုကြံ ဒီကြံ ကြံတယ်လေ၊ လောဘဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒေါသဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒီစိတ်ဟာ မျောက်ကလေးနဲ့ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ပြောရရင် တံခါးငါးပေါက်ရှိတဲ့ အိမ်မှာ ဒီမျောက်ကလေးကို ထည့်ထားကြတယ်၊ လူတွေက တံခါးငါးပေါက်လုံး ဖွင့်ပြီး တစ်ယောက် တစ်ပေါက်စီ စောင့်နေကြတယ်၊ မျောက်ကလေးဟာ အရှေ့ပေါက်က ထွက်မယ်ဆိုတဲ့ အကြံနဲ့ အရှေ့ပြတင်းပေါက် ပြေးတက်ပြီး ပြူတစ် ပြူတစ် လုပ်လိုက်တယ်၊ အရှေ့ပြတင်းပေါက်က လူက ခြောက်လှွတ်လိုက်တော့ အနောက်ပြတင်းပေါက် ပြေးပြန်တယ်၊ ဒီလိုပဲ အနောက်ပြတင်းပေါက်က လူက ခြောက်လှွတ်လိုက်ပြန်တယ်၊ ဒီ့ပြင်ပြတင်းပေါက်တွေကလဲ ဒီအတိုင်းပဲ၊ ထွက်ပြေးစရာထွက်ပေါက် မရှိတော့ဘူးဆိုမှ ချောင်ကောင်းကောင်းမှာ အသာလေး ပုနေတော့တယ်၊ မျောက်နဲ့တူတဲ့ စိတ်ကလေးဟာလဲ မျက်စိတံခါးပေါက်က ပြူတစ် ပြူတစ် လုပ်လိုက်၊ မျက်စိတံခါးပေါက်ကနေ မထွက်နဲ့ဟဲ့လို့ နှင်လိုက်ပြန်၊ နှာခေါင်းတံခါးပေါက် ရောက်သွားပြန်တယ်၊ ဒီ မျောက်နဲ့တူတဲ့ စိတ်ကလေးကို လွတ်ထွက် မသွားအောင် ဖမ်းရမယ်၊ ဘာနဲ့ ဖမ်းရမလဲ၊ ဘာဝနာနဲ့ ဖမ်းရမယ်။

**ပါပသ္မိံ ရမတိ မနော** သတ္တဝါတွေရဲ့ စိတ်ဟာ မကောင်းမှုမှာသာ မွေ့လျော်ကြတယ်၊ သံသရာသွားကြတဲ့အခါ ဘာဝနာမပါရင် ကြောက်စရာကောင်းတယ်၊

ကိုရင်တို့ ကိုယ့်စိတ်ကို ဘာဝနာနဲ့ ထိန်းပေးကြ၊ ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘ မရဏာဿတိ အစရှိတဲ့ ဘာဝနာတစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ထားကြ၊ သီလကိုလဲ လုံခြုံအောင် ထိန်းကြ၊ နိသဂ္ဂိ ပစ္စည်းတွေ မထားကြနဲ့၊ ပစ္စည်းကပ္ပိယရင် အပ်အပ်စပ်စပ် ဖြစ်အောင် ကပ္ပိကြ၊ အာပတ်တန်းလန်းနဲ့ စုတေရင် မလွယ် ဘူး၊ စာက ဘာတဲ့လဲ ....

"သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ၊
တိရစ္ဆာနယောနိံ ဝါ"

အာပတ်နှင့်တကွ စုတေရင် ငရဲသော်လဲ ကျ၊ တိရစ္ဆာန် သော်လဲ ဖြစ်၊ အောက်ထစ်ဆုံး ပြိတ္တာတော့ ကျိန်းသေတယ်၊ ဒါ့ကြောင့် ဦးပဉ္ဇင်းတို့ ကိုရင်တို့ ကောင်းကောင်းလေး နေလိုက်ကြစမ်းပါ၊ လမ်းသွားတာကအစ သတိလေးနဲ့ သွား လိုက်ကြစမ်းပါ၊ သံသရာသွား အကုသိုလ်တွေ ယူမသွားကြ စမ်းပါနဲ့၊ ကဲ .... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၅)
(၁၉၇၉၊ ဧပြီလ)

www.burmeseclassic.com

www.burmeseclassic.com

# လမ်းနှစ်သွယ်

**လေးလှသည့် ခန္ဓာဝန်**

ခန္ဓာဝန် သိပ်ပြီးလေးတယ်ဆိုတာ ကလေးရော လူကြီးပါ စဉ်းစားကြည့်၊ ကလေးတွေက ခန္ဓာဝန်လေးတယ်လို့ ထင်ပါ့မလား၊ တစ်ခါတလေ သူတို့ မငိုရဘူးလား၊ ငိုရတယ်၊ အဲဒီ ငိုရတာဟာ ဘာလဲ၊ ဒေါသမှုဒွေးပဲ၊ ခန္ဓာဆိုရင် ဝိညာဏက္ခန္ဓာ၊ ခန္ဓာကိုယ်ဝန်ဟာ သိပ်လေးပါတယ်၊ တရားတော်တွေက စဉ်းစားလေ ကောင်းလေပဲ၊ ကိုရင်တို့ ဦးပဥ္ဇင်းတို့ စဉ်းစားကြ၊ မစဉ်းစားလို့ မဖြစ်ဘူး။

ခန္ဓာဝန် လေးတာကို သံဝေဂဉာဏ်ဖြစ်အောင် ကြည့်တတ်ရင် ကောင်းတယ်၊ သံဝေဂဉာဏ်ဖြစ်တော့ ဒီခန္ဓာဝန်အပေါ်မှာ တပ်မက်မှု စွဲလမ်းမှု တဏှာဟာ သိသိသာသာ လျော့သွားတယ်၊ ဒီခန္ဓာဝန်ကြီးကို နောက်ထပ် မလိုချင်အောင် လျော့သွားမှ ပိုကောင်းတယ်၊ ခန္ဓာဝန်ကို နောက်ထပ် မလိုချင်တဲ့ ပုဂ္ဂိုလ်များမှာတော့ တရား လက်မလွှတ်တော့ဘူး၊ သူ့မှာ တရားမြဲနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



**ယောကျ်ားများ ထမ်းရသည့် ခန္ဓာဝန်**

တို့ ယောကျ်ားများ ထမ်းရတဲ့ ခန္ဓာဝန်ကို ကြည့်ကြစမ်း၊ ကျေးတောသားတွေဆိုရင် နေပူ မိုးရွာ မရှောင် အလုပ်တွေ လုပ်ကြရတယ်၊ မိုးတွင်းကျပြန်တော့လဲ မိုးတွင်းမို့လို့ လုပ်ကြရ ကိုင်ကြရတယ်၊ ထယ်ထိုးရ, လယ်ထွန်ရ, စပါးကြဲရ, ပျိုးနုတ်ရ, ကောက်လှိုင်းစည်းရ, သယ်ရ, စပါးနယ်ရ စသည်ဖြင့် လုပ်ကြရတာ ဘယ်လောက် တာဝန်လေးသလဲ။

မြို့နေလူတန်းစားတွေကော တချို့ကုန်သည် ပွဲစားတွေ ဘယ်လောက် ပင်ပန်းသလဲ၊ စီးပွားရေးအတွက် သွားကြရ လာကြရ ရှာကြရ ဖွေကြရ၊ ရှာဖွေရင်းက ဘေးအန္တရာယ်တွေနဲ့ တွေ့ကြပြီး ပြင်းပြင်းထန်ထန် ဒုက္ခတွေ ရောက်ကြရတယ်၊ တချို့ဆို သေကြရတယ်၊ ဒါဟာ တဏှာ အရင်းခံလာတာတွေ၊ ကိုရင်တို့ တိုက်ကြီးတာကြီးတွေနဲ့ နေရတာ၊ ကားကြီး ကားကောင်းတွေကို စီးပြီးနေရတာလောက်ကို ကြည့်ပြီး အထင်ကြီး မနေကြနဲ့၊ တရားမရှိသမျှကာလပတ်လုံး လူတွေ ဒုက္ခရောက် ကြရဦးမယ်။

**ဒါယိကာမများ ထမ်းရသည့် ခန္ဓာဝန်**

တို့ဒါယိကာမတွေဆိုရင် ခန္ဓာဝန်ထမ်းရတာ ပိုလေးသေးတယ်၊ ဒါပေမယ့် သူတို့က လေးလို့ လေးမှန်း မသိကြဘူး၊ သနပ်ခါးလိမ်းရ, ခေါင်းဖြီးရ, အုန်းဆီလိမ်းရ, ပွဲနေပွဲထိုင် သွားတော့မယ်ဆိုရင် သာ ဆိုးသေးတယ်၊ ဒါတွေ ဘယ်သူ့ကြောင့် လုပ်ရတာလဲ၊ ခန္ဓာဝန်ကြီး ရလာလို့ပဲ၊ ပဋိသန္ဓေရတာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့ကော မသက်သာဘူး၊ စောင့်ရှောက်လိုက်ရတာ၊ ကိုယ့်ခန္ဓာဝန် ကိုယ်ထမ်းနေရုံနဲ့ အားမရနိုင်သေးလို့ အပိုခန္ဓာဝန်ပါ ထမ်းရတယ်၊ ဒီသန္ဓေသား မွေးဖွားလာပြန်တော့ ခံလိုက်ရတဲ့ ဒုက္ခ၊ သေလုမျောပါး ခံကြရတယ်၊ တချို့ဆိုရင် အသက် သေတဲ့အထိ ခံသွားကြရတယ်၊ သား သမီးတွေ ရလာပြန်တော့လဲ ဒီသား ဒီသမီးတွေအတွက် ထမ်းလိုက်ရတာ ဘယ်လောက် ဝန်လေးသလဲ၊ မြေး မြစ်ထိအောင် ဆက်ထမ်းကြရတယ်၊ ဒီလိုနဲ့ အချိန်တွေ ကုန်ပြီး ဘဝနိဂုံး အဆုံးသတ်ရတဲ့ ပုဂ္ဂိုလ်တွေ မရေတွက်နိုင်တော့ဘူး။

**ဘုန်းကြီးများကော ကင်းရဲ့လား** လူတွေကိုသာ ပြောပြော နေရတယ်၊ တို့ဘုန်းကြီးတွေကော လာဘ်လာဘတွေ ပေါများချင်ကြတယ်၊ ဘုန်းကြီးချင်ကြတယ်၊ ဒါယကာ ဒါယိကာမတွေ ပေါများချင်ကြတယ်၊ ဒါတွေ ပေါများလာရင် သာယာမှု တဏှာက ပါလာပြီ၊ တဏှာပါလာရင် "ငါမှငါ"ဆိုတဲ့ မာနက ပါလာပြီ၊ သံသရာကို ချဲ့ထွင်တတ်တဲ့ တရားတွေက နောက်က လိုက်လာပြီ၊ ဘုန်းနောက် လိုက်ရင် သွားရမယ့် နိဗ္ဗာန်နဲ့ ဝေးပါသေးတယ်၊ နိဗ္ဗာန်သွားတဲ့ လမ်းအကျင့်နဲ့ ဂုဏ်လာဘ်ပေါများအောင် ကျင့်တဲ့ အကျင့်ဟာ တခြားစီပဲ၊ စာက ဘယ်လို ဆိုထားသလဲ၊ "အညာ ဟိ လာဘူပနိသာ" ရွတ်ကြစမ်းပါ။

**အညာ ဟိ လာဘူပနိသာ,**
**အညာ နိဗ္ဗာနဂါမိနီ၊**
**ဧဝမေတံ အဘိညာယ,**

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခု ဗုဒ္ဓဿ သာ၀ကော၊
သက္ကာရံ နာဘိနန္ဒေယျ၊
ဝိဝေက.မနုဗြူဟယေ။

လာဘူပနိသာ–လာဘသက္ကာ, ရဖို့ရာဟု, ဂုဏ်ပါမျှော်ချင့်, ပြုအပ်သောအကျင့်သည်၊ အညာ–နိဗ္ဗာန်ရောက်ကြောင်း, အကျင့်ကောင်းမှ, ရွဲ့စောင်းသောအား, တစ်မျိုးတခြား သာတည်း၊ နိဗ္ဗာနဂါမိနီ–နိဗ္ဗာန်ရောက်ကြောင်း, ကောင်းသော အကျင့်သည်၊ အညာ–ဂုဏ်လာဘ်မျှော်ကိုး, အကျင့်ဆိုးမှ, တစ်မျိုးတခြား, တစ်ပါးသာတည်း၊ ဧဝံ–ဤသို့သွားလမ်း လာလမ်း, ခွဲခြမ်းသောအား, နှစ်မျိုးနှစ်စားအားဖြင့်၊ ဗုဒ္ဓဿ– သိရန်မှန်က, မကျန်ရအောင်, လုံး၀သိမြင်, ဘုရားရှင်၏၊ သာ၀ကော–တရားဓမ္မ, ဩ၀ါဒကို, လုံး၀နာယူ, တပည့်ရင်း ဖြစ်တော်မူသော၊ ဘိက္ခု–သံသရာရေး, လာမည့်ဘေးကို, မျှော် တွေးရှုတောင်း, သူတော်ကောင်းသည်၊ ဧတံ–သံသရာ လည် ရန်, အပါယ်စံနှင့်, နိဗ္ဗာန်မြန်းဖွယ်, လမ်းနှစ်သွယ်ကို၊ အဘိညာ ယ–သို့သောသို့လော,မတွေးတောဘဲ, သဘောအရှိ,ဟုတ်တိုင်း သိ၍၊ သက္ကာရံ–ဒကာ ဒကာမ, သဒ္ဓါကြွ၍, ဒါနဟုခေါ်, ပူဇော် သက္ကာရကို၊ နာဘိနန္ဒေယျ–မရသော်တ, ရသော်ကြွ၍, အားရ ခင်မင်, လိုချင်တောင့်တ၍ မနေရာ၊ ဝိဝေကံ–အဖော်ကိုရှောင်း, အပေါင်းကိုခွာ, ဆိတ်ငြိမ်ရာဝယ်, ဘာ၀နာနှစ်ရပ်, သမာပတ် ကို၊ အနုဗြူဟယေ–တစ်ဆင့် တစ်ဆင့်, ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာသတည်း။

(စုပေါင်း၍ ရွတ်ဆိုကြသည်။)

www.burmeseclassic.com

www.burmeseclassic.com



**ဆောင့်ကြွား ဆောင့်ကြွား မလုပ်ကြနှင့်** အေး...ဒါတွေကို ပါးစပ်က ရွတ်နေရုံနဲ့ မပြီးဘူး၊ စိတ်ကပါ စဉ်းစားရတယ်၊ ဒါကြောင့် ကိုရင်တို့ ဘုန်းကြီးအောင် မလုပ်ကြနဲ့၊ စာမေးပွဲတွေအောင်ပြီး ဆောင့်ကြွား ဆောင့်ကြွား မလုပ်နဲ့၊ စာမေးပွဲတွေအောင်ပြီး သာသနာမှာ အလုပ် လုပ်နိုင်မှ ကောင်းတယ်၊ ရှုနာရှိုက်ကုန်း ဖြစ်နေရင် တယ်မကောင်းဘူး၊ ဒီခန္ဓာဝန်ကြီး ရလာတဲ့အခိုက် ဘာမဟုတ်တဲ့ စာမေးပွဲတွေနဲ့ လဲမစားကြနဲ့၊ တရားနဲ့ လဲစားတာက ကိုယ့်မှာ အမြတ် ကျန်သေးတယ်၊ စာမေးပွဲတွေ အောင်ပြီး ရောဂါရနေရင် မကောင်းဘူး၊ ရောဂါမရကြဲစေနဲ့၊ ကျန်းမာရေး ဂရုစိုက်ကြ။

**ကိုယ့်အမေနို့ ကိုယ်ပြန်စို့ကြ** ခန္ဓာဝန်ဟာ သိပ်လေးတယ်၊ ဘုန်းကြီး လက်မှာ ယားနာလေးတွေ ပေါက်တယ်၊ မန်ကျည်းရည်နဲ့ ဆားနဲ့ ရောပြီး ပွတ်ရတယ်၊ ရောဂါကလဲ ခန္ဓာဝန်တစ်ခုပဲ၊ တောင်နားက ကိုရင် တစ်ပါးကလဲ ချောင်ခြောက်ကြီးဆိုးနေတယ်၊ ဆွမ်းစား ကျောင်းကလဲ ဒီလိုပဲ၊ ဘုန်းကြီးမှာ ကိုယ့်ခန္ဓာဝန် ထမ်းရတာ က နည်းနည်း, သူများခန္ဓာဝန်ကို ထမ်းရတာက ပိုဆိုးတယ်၊ ကိုယ့်ခန္ဓာဝန်ကို ကိုယ်မထမ်းနိုင်ရင် သိတင်းကျွတ်တဲ့အခါ အရပ်ပြန်ပြီး ကိုယ့်အမေနို့ ကိုယ်ပြန်စို့ကြ၊ အမေ့အရိပ်က မအေးဘူးလားဟေ့၊ အေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးငယ်ငယ်တုန်းက ချောင်းအကြီးအကျယ်ဆိုးတာ မှတ်မိသေးတယ်၊ အမေက ဝက်လက်သွားပြီး နာနတ်သီးနဲ့ ထန်းလျက်ဝယ်လာပြီး ရောကျွေးတယ်၊ ဒါနဲ့ ပျောက်သွားတယ်၊ ခုလဲ ပျောက်မယ်ထင်ရင် ကျွေးကြပေါ့၊ စားလဲ စားကြ၊ ရောဂါလဲ မစွဲကြစေနဲ့၊ ရောဂါစွဲရင် မြန်မြန်ပျောက်အောင် ကုကြ။

**သူတော်ကောင်းအတွက် ဝန်မတက်**

ဒါကြောင့် တစ်ယောက် ဆိုရင် တာဝန်က တစ်ယောက်အတွက် လေးတာပဲ၊ လေးတော့ ကြောင့်ကြဗျာပါဒတွေ များရတယ်၊ စာချဘုန်းကြီးတို့, ဆွမ်းချက်တဲ့ ကိုရင်တို့ဆိုရင် ခန္ဓာဝန်တွေကို မျှထမ်းနေရတယ်၊ ကိုရင်တို့ စိတ်ထဲမှာ ဘယ်သူဟာဖြင့် မသူတော်ပဲလို့ ထင်ရင် စာချဘုန်းကြီးတွေကို လျှောက်ပါ၊ စာချဘုန်းကြီးတွေကလဲ မသင့်တော်ဘူး ထင်ရင် အရပ်ပြန်လွှတ်ပါ၊ သူတော်ကောင်းတွေအတွက် ဝန်ထမ်းနေရတာက ကောင်းတယ်၊ တာဝန်မကြီးပါဘူး၊ ကုသိုလ်ရပါတယ်။

**သူတော်ကောင်း နတ်ကောင်းစောင့်တယ်**

ကိုရင်တို့ ဒီကျောင်းမှာ ကောင်းကောင်း နေနိုင်မှ နေကြ၊ ဘုန်းကြီးက သူတော်ကောင်းနတ်တွေကို တိုင်တည်ထားတယ်၊ နတ်တွေကလဲ စောင့်ရှောက်နေတာပဲ၊ ဒီကျောင်းတိုက်မှာ မတော်မလျော်လုပ်တဲ့ ပုဂ္ဂိုလ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မတားကြပါနဲ့လို့ ပြောထားတယ်၊ အကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဆိတ်ကွယ်ရာ အရပ်ဆိုတာ မရှိပါဘူး၊ လူက မသိပေမယ့် နတ်က သိတယ်၊ နတ်မသိပေမယ့် ကိုယ့်ကိုယ်ကိုတော့ သိတယ်၊ သူတော်ကောင်း မလုပ်နိုင်ဘူးဆိုရင် ဒီကျောင်းတိုက်မှာ မနေကြနဲ့၊ စောစောစီးစီး ထွက်သွားကြ၊ ဒီကျောင်းတိုက်မှာ တစ်ဦးတစ်ယောက်တည်း တာဝန်တွေကို ထမ်းဆောင်နေရတာ မဟုတ်ဘူး၊ အားလုံး မျှထမ်းနေကြရတယ်၊ မိမိ တစ်ယောက်အတွက်နဲ့ အများမှာ တာဝန်တွေ မတက်ကြစေနဲ့။

**ဘုရားအလောင်း နိဗ္ဗာန်ဝင်မယ်ဆိုရင်** ဘုရားအလောင်း နိဗ္ဗာန်ဝင်မယ်ဆိုရင် ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်ကတည်းက ဝင်နိုင်တယ်၊ ဒါပေမယ့် သတ္တဝါတွေကို သနားတော့ ဘယ်လို ကြုံးဝါးတော်မူသလဲ…

**“ကိံ မေ ဧကေန တိဏ္ဏေန,**
**ပုရိသေန ထာမဒဿိနာ၊**
**သဗ္ဗညုတံ ပါပုဏိတွာ,**
**သန္တာရေဿံ သဒေဝကံ”**

လို့ ကြုံးဝါးတော်မူတယ်၊ “ငါတစ်ယောက်တည်းဖြင့် သံသရာရေအလျဉ်ကို ကူးမြောက်လို့ ဘာအကျိုး ရှိမည်နည်း၊ ဒါလောက် အားအံ့စွမ်းနဲ့ ပြည့်စုံနေတဲ့ ငါဟာ သဗ္ဗညုတဉာဏ်ကို ရပြီး ရောက်ပြီးမှ နတ်နှင့် တကွသော လူကို သံသရာရေအလျဉ်မှ ထုတ်ဆောင် ကယ်တင်တော်မူမယ်” ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေကို သနားတော့ ခန္ဓာဝန်လေးမှန်း သိပေမယ့် ထမ်းခဲ့ရတယ်၊ သတ္တဝါအများကြီးရဲ့ ခန္ဓာဝန်တွေကို ထမ်းထားရတယ်၊ သက်သာတာမဟုတ်ဘူး၊ ပါရမီဖြည့်ကတည်းက လောဘ ဒေါသ နည်းရတယ်။

**ကောင်းသည်ထက် ကောင်းအောင်ပြင်** မကောင်းတာနဲ့ ကောင်းတာကို လိုက်စစ်ကြည့်ရင် မကောင်းဘက်က များနေကြတယ်၊ ကိုရင်တို့ ကိုယ့်ဘဝကို ကောင်းသည်ထက် ကောင်းအောင် ကြိုးစားကြ၊ အဖိတ်နေ့ ဥပုသ်နေ့ဆိုရင် စကား ပြော ပြော နေကြတယ်၊ ဒါဟာ မကောင်းဘူး၊ အချိန်ယူပြီး ဘုရားကို အာရုံပြုကြပါ၊ ကုသိုလ်ရတဲ့ အချိန်ကို ပိုပြီးတော့ ယူကြပါ၊ ဒီကနေ ဆင်းသွားရင် ဟိုကြည့် ဒီကြည့် မကြည့်ပါနဲ့၊ စာချဘုန်းကြီးတွေက ကြပ်ပေးကြ၊ အမှတ်တမဲ့ မနေကြနဲ့၊ ပြီးတော့ သင်္ကန်းတန်းမှာ သင်္ကန်းတွေ ပစ်မထားကြစေနဲ့၊ ခြောက်ရင် ရုပ်ကြပစေ၊ သင်္ကန်းတွေ အကြာကြီး လှန်းထားတော့ နေစားပြီး သင်္ကန်း မြန်မြန်ဆွေးတယ်၊ ရုပ်တဲ့အခါလဲ ဆွဲမချကြနဲ့၊ အသာ မ,ပြီး ရုပ်ရတယ်၊ ကဲ ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၆)
(၁၉၇၉၊ ဩဂုတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ကိလေသာပိုးတွေ အဝင်မခံကြနဲ့

**လက်သည်ကို ရှာပါ** ဒီခန္ဓာဝန်ကြီးရတာ ဘာကြောင့် ရတာလဲ၊ ကံကြောင့် ရတာ၊ ရှေးက ကုသိုလ်ကံတွေကို ပြုခဲ့ကြလို့ ဒီခန္ဓာဝန်ကြီးရလာတာ၊ အဲဒီ ကံက အဝိဇ္ဇာ တဏှာ အရင်းခံပဲ၊ ဒီခန္ဓာကိုယ်ကို ရတာက မှားတယ်၊ လူ့ခန္ဓာ နတ်ခန္ဓာ ရတာလဲ မှားတယ်၊ အဝိဇ္ဇာ တဏှာကြောင့် မတရားတဲ့ အကုသိုလ်ကံတွေ ပြုတယ်ဆို ပါတော့၊ သူ့အသက်ကလေး သတ်လိုက်ရမှ ဘေးရန်ကင်းမယ်၊ သူ့ပစ္စည်း ခိုးလိုက်ရမှ ချမ်းသာမယ်၊ သူများ သားမယား ပြစ်မှားလိုက်ရမှ, လိမ်ပြောလိုက်ရမှ, သေရည်သေရက် သောက်လိုက်ရမှ ချမ်းသာမယ်၊ ဘေးရန်ကင်းမယ် ထင်တယ်၊ တို့ ဒီ ကံငါးပါး ပျက်တာလဲ အဝိဇ္ဇာ တဏှာကြောင့်ပဲ၊ လက်သည် ရှာလိုက်တော့ ဒီဟာပဲ၊ ဒီအကုသိုလ်ကံတွေက ငရဲမှာ ဖြစ်ရမယ်။

**အနူ အယား မီးကင်တာလို** ဘုရားတရားတော်တွေက သိပ်ကောင်းတာပဲ၊ ဒီနေ့ မနက်ပဲ ဘုန်းကြီးတစ်ခု စဉ်းစားမိတယ်၊ ဘုန်းကြီးလက်က အဖုကလေးတွေ ယားလို့

www.burmeseclassic.com

www.burmeseclassic.com



ကုတ်နေရင်း အနူတွေကို သတိရတယ်၊ တို့ အနူတစ်ယောက် ဆိုပါတော့၊ သူ့နူနာတွေက တော်တော် ယားလာတယ်၊ ယား တော့ မီးကင်ချင်လာတယ်၊ မီးကင်တော့ အယား သက်သာ တယ်၊ နောက် ပိုးတွေက ရှလာတော့ မီးပြန်ကင်ချင်လာတယ်၊ သူ့အယားဟာ သက်သာပါ့မလား၊ မီးကင်လိုက် ယားလိုက်၊ မီးကင်လိုက် ယားလိုက်ပဲ၊ တို့ပုထုဇဉ်တွေဟာ ရုပါရုံလှလှ လေးတွေကို ကြည့်ချင်တယ်၊ ကြည့်တော့ မြင်ရတယ်၊ မြင်တော့ တဏှာက စွဲလာတယ်၊ တဏှာက အရင်းခံဖြစ်နေ တော့ ပွဲသွားကြည့်ချင်တယ်၊ ရုပါရုံလှလှလေးတွေ ကြည့်ချင် တယ်၊ ကြည့်တာက အနူယားလို့ မီးကင်တာလိုပဲ။

**တဏှာအယားတွေ** ပတ်မကြီးက ဗေထိဗေထိဆိုရင် သွား ကြည့်ချင်တယ်၊ ဒီလို ကြည့်ချင်လို့ ကြည့်လိုက်ရတော့ စိတ်သက်သာတယ်၊ ဆပ်ပြာမွှေး မတိုက် ပါနဲ့ဆို ခိုးတိုက်တယ်၊ ရသာရုံကို ခံစားချင်တာရယ်၊ ဖောဋ္ဌဗ္ဗာရုံလေးကို တွေ့ထိချင်တာရယ်၊ ဒါတွေဟာ တို့တဏှာ ယားတာ၊ အရက်သမား အရက်သောက်လိုက်တော့ သောက် ကာစတော့ တဏှာအယား ပြေသွားတယ်၊ နောက် အရက် တဏှာပိုးက ရှလာတယ်၊ ထပ်သောက်ပြန်တာပဲ၊ လောကီ အာရုံ ကာမဂုဏ်တွေဟာ မယားသေ လင်သေ အရှယ်ရှိတုန်း ထပ်ပြီး မယူကြဘူးလား၊ ယူတယ်၊ ဒါဟာ တဏှာယားတာပဲ၊ ဒီတဏှာက တစ်သံသရာလုံး မပျောက်ဘူး၊ နတ်ပြည်ဆိုရင် ဒီတဏှာက သာပြီး ယားလိုက်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အနူ မီးကြီးခဲ မြင်တာလို** အနူဟာ မီးကြီးခဲ မြင်ရတော့ ပိုးတွေက ရှူရှူ လာတယ်၊ ဒီတော့ မီးကင်ချင်လာရတာပေါ့၊ တို့ ရူပါရုံလှလှလေးတွေဟာ မီးကြီးခဲလိုပဲ၊ သူ့ကို မြင်တော့ ကိလေသာတဏှာပိုးတွေက ကြွရွတက်လာတယ်၊ မနေနိုင် မထိုင်နိုင်အောင် ယားကြတော့တာပဲ၊ ယားတော့ မီးကင်လိုက်ကြဦးပေါ့၊ အယားဟာ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး၊ ပုထုဇဉ်တွေဟာ ဒီတဏှာပိုးကြောင့် ယားယားနေတာ၊ တဏှာပိုး သေအောင် အတွင်းဆေး စားယူမှ ပျောက်မယ်၊ အတွင်းဆေးဆိုတာ ဘာဝနာပဲ၊ ဘာဝနာ ပွားတော့ တဏှာက ယားပါဦးတော့မလား၊ မယားဘူး၊ ပျောက်သွားတယ်၊ ပျောက်သွားတော့ သူ့မိတ်ဆွေတွေက ပွဲကြည့်ရအောင် လိုက်ခဲ့ပါဆိုရင် "ဟာ ... မလုပ်ပါနဲ့, မလိုက်ပါရစေနဲ့"လို့ ပြောတယ်၊ "မလုပ်ပါနဲ့, မလိုက် ပါရစေနဲ့လို့ မပြောပါနဲ့၊ ဟိုမှာ ရူပါရုံ ချောချောလှလှလေးတွေ ရှိပါတယ်၊ သွားကြည့်ရအောင်ပါ" "အို ... ဟာ ... မလုပ်ပါနဲ့" ကဲ သူက မယားတော့တာပဲ၊ သူ့မှာ တဏှာက ကုန်သလောက် ရှိသွားပြီ၊ ကဲ ... တို့ ရဟန္တာအရှင်မြတ်ကြီးတွေ ပွဲကြည့်တယ်လို့ မင်းတို့ ကြားဖူးကြရဲ့လား၊ မကြည့်ပါဘူး။

**အနူရူး ရူးနေကြ** အခုလူတွေ နတ်ပွဲလာကြတာ ကုသိုလ်ရချင်လို့ ဟုတ်ပါ့မလား၊ မဟုတ်ပါဘူး၊ တဏှာယားလို့ လာကြတာပဲ၊ ဟုတ်တယ်မဟုတ်လား၊ မကောင်းဘူး၊ ကိုရင်တို့ နီးစပ်ရာပုဂ္ဂိုလ်တွေကို နတ်ပွဲတွင်းမလာကြနဲ့လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောထားကြ၊ တော်တော်ကြာ အနူယားထဲ ပါသွားကြမယ်၊ တို့ ဒီက ခုလို တရားစကားနဲ့ ပြောဆိုနေတော့ နတ်ပွဲနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်၊ တကယ်တော့ လူတွေဟာ အနူရူး ရူးနေကြတာပဲ။

**ကိလေသာနှင့် စစ်သူရဲကောင်း ဥပမာ**

တို့ စစ်သူရဲကောင်းတွေဟာ စစ်တိုက်ပြီဆိုတော့ တော်တော်ကလေး အပင်ပန်းခံပြီးတိုက်မှ စစ်အနိုင်ရသလို ဘဝသံသရာ အဆက်ဆက် ဓာတ်ခံပါလာတဲ့ ကိလေသာ သူပုန်ရန်သူတွေကိုလဲ ကိုယ် စိတ်နှစ်ပါး အပင်ပန်းခံပြီး တိုက်နိုင်မှ နိုင်မယ်၊ ကိလေသာက သုံးပါးရှိတယ်၊ (၁) အနုသယကိလေသာ၊ (၂)ပရိယုဋ္ဌာနကိလေသာ၊ (၃)ဝီတိက္ကမကိလေသာရယ်လို့ သုံးပါးရှိပါတယ်၊ အနုသယကိလေသာက လူတစ်ယောက် အိပ်ပျော်ပြီး ငြိမ်သက်နေတာနဲ့ တူတယ်၊ ပရိယုဋ္ဌာနကိလေသာက အိပ်ပျော်နေသူ လန့်နိုးတာနဲ့ တူတယ်၊ ဝီတိက္ကမကိလေသာ ဆိုတာက နိုးလာသူ ထထိုင်တာနဲ့ တူတယ်။

အနုသယဆိုတာ ပဋိသန္ဓေ နေကတည်းက ပါလာတယ်၊ တို့ ဘယ်ဘုံဘဝမှာ ဖြစ်ဖြစ် ဖြစ်လာတဲ့ သတ္တဝါတွေမှာ လောဘကိလေသာ ရှေးဦးစွာ ပါလာတာပဲ၊ ဒီအနုသယကလေး တစ်ခုက ဘုန်းကြီးတို့သန္တာန်, ကိုရင်တို့ ဦးပဉ္ဇင်းတို့ သန္တာန်မှာလဲ ရှိနေတာပဲ၊ ရဲနေတဲ့ မီးခဲဟာ ပြာဖုံးနေတော့ သူ့ရဲ့ နီရဲတဲ့အရောင်ကို မမြင်ရသလို သတ္တဝါတွေရဲ့ စိတ်အစဉ်မှာ ကိန်းဝပ်နေတဲ့ ကိလေသာ အနုသယ မီးကျီးခဲလေးဟာလဲ

www.burmeseclassic.com

www.burmeseclassic.com



မထင်ရှားတဲ့ အဝိဇ္ဇာပြာက ဖုံးအုပ်နေတော့ သူ့ရဲ့သတ္တိလို့ ထင်ထင်ရှားရှား မတွေ့ရဘူး၊ သာမညအရာဝတ္ထုနဲ့ ပိတ်ထားတဲ့ အရာဝတ္ထုတွေဟာ တော်တော်ကြမ်းတဲ့ လေက တိုက်ခိုက်လိုက်တော့ လွင့်စင်ပြီး အဖုံးအောက်ရှိတဲ့ အရာဝတ္ထုအားလုံးကို မြင်ရတာလို ရူပါရုံ သဒ္ဒါရုံစတဲ့ လေနီကြမ်းတွေက တိုက်ခိုက်တော့ မထင်ရှားတဲ့ အာရုံပြာတွေ လွင့်သွားပြီး လောဘ, ဒေါသ စတဲ့ နီရဲတဲ့ မီးခဲတွေ ပေါ်လာတာပဲ။

**ကိလေသာသုံးပါးကို သီလသုံးပါးဖြင့်သတ်** ပထမအနုသယက ကိန်းဝပ်နေတယ်၊ ကိန်းဝပ်နေရာက မတည့်တဲ့ အာရုံနဲ့ တွေ့တော့ ပရိယုဋ္ဌာနကိလေသာက တထောင်းထောင်းနဲ့ ထကြွလာတယ်၊ ထကြွလာရာက မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး ကျူးလွန်မှု ဝီတိက္ကမကိလေသာတွေ ဖြစ်ရတယ်၊ အဲဒီ ဝီတိက္ကမကိလေသာကို သီလလုံခြုံအောင် ထိန်းပြီး သတ်ရတယ်၊ ပရိယုဋ္ဌာနကိလေသာကို သမထ (သမာဓိ)နဲ့ သတ်ရတယ်၊ အနုသယကိုတော့ ဝိပဿနာဉာဏ် ရှေ့သွားရှိတဲ့ မဂ်နဲ့ကျမှ သတ်လို့ရတယ်၊ သူပုန်နဲ့တူတဲ့ ကိလေသာရန်သူ, အနုပိုးနဲ့ တူတဲ့ ကိလေသာရန်သူကို အပင်ပန်းခံပြီး မသတ်သမျှ ဘယ်တော့မှ မရဘူး၊ မနိုင်ဘူး၊ မိမိတို့ရဲ့သန္တာန်မှာ ကိလေသာပိုးတွေ အဝင်မခံကြနဲ့၊ သတိ ဝီရိယနဲ့ သမာဓိနဲ့ ကြိုးစားပြီး သတ်ကြ၊ ကဲ ... ကဲ တော်ပြီ၊ သွားကြတော့။

www.burmeseclassic.com

www.burmeseclassic.com

## ဝိပဿနာညာဏ်မျက်လုံး နေ့စဉ်သုံး

**တဏှာနယ်ချဲ့** ခန္ဓာဝန် မကောင်းမှန်း တစ်ခါ တစ်ခါမှ သိရတယ်၊ အများက ဒီခန္ဓာဝန်ကို ကောင်းတယ်လို့ ထင်နေကြတယ်၊ အမှန်က ငရဲ တိရစ္ဆာန် ပြိတ္တာတွေရဲ့ ခန္ဓာဝန်လဲ မကောင်းဘူး၊ လူ့ခန္ဓာ နတ်ခန္ဓာတွေလဲ မကောင်းဘူး၊ တစ်ခါတလေ မကောင်းမှန်းသိလျက်နဲ့ မလိုချင်ဘူးလား၊ လိုချင်တယ်၊ လိုချင်တာက ဘယ်သူလဲ၊ တဏှာပဲ၊ တဏှာက နယ်ချဲ့နေတာ၊ သံသရာနယ်ချဲ့တော့လဲ ဒီတဏှာပဲ၊ ဒီလောကကြီးတွေဟာ တဏှာကြောင့် ဒုက္ခရောက်ကြရတာပဲ၊ တဏှာကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ဒုက္ခ ရှိပါဦးမလား၊ မရှိဘူး။

**ရဟန္တာများနှင့် ဆီမီးငြိမ်းဥပမာ** တို့ ရဟန္တာအရှင်မြတ်ကြီးတွေ ကိလေသာအာသဝေါ ကုန်ခမ်းသွားတော့ တဏှာ ရှိပါဦးမလား၊ မရှိဘူး၊ ဥပမာပြောရမယ်ဆိုရင် ရေနံဆီရယ်, မီးစာရယ်, မီးတောက်ရယ်၊ ရေနံဆီက မီးတောက်ဖို့ရာ ကျေးဇူးပြုတယ်၊ မီးစာကတော့ အလောင်ခံပဲ၊ ရေနံဆီ ရှိပေမယ့် မီးစာ လောင်စာ မရှိရင် မတောက်နိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မီးစာ ရှိနေပေမယ့် ရေနံဆီ မရှိရင် မီးမတောက်နိုင်ဘူး၊ တစ်ခုနဲ့ တစ်ခု အညမညသဘောနဲ့ ကျေးဇူးပြုနေတယ်၊ ဒီဥပမာအတိုင်းပဲ တို့ သတ္တဝါတွေမှာလဲ ရေနံဆီနဲ့တူတဲ့ စိတ်ကလေးဟာ သူ့ချည်းနေရင် အကောင်းသားပဲ၊ ဒါပေမယ့် တဏှာမီးရှို့သမားက မီးစာနဲ့တူတဲ့ ရူပါရုံကလေးတွေနဲ့ ရှို့ပေးလိုက်၊ သဒ္ဒါရုံကလေးတွေနဲ့ ရှို့ပေးလိုက်တော့မှ မျက်စိမှာလဲ မီးတွေတောက်၊ နားမှာလဲ မီးတွေတောက် ဖြစ်ကုန်ကြရတယ်၊ လောကမှာ လောင်နေတဲ့ မီးကို ရေနဲ့ ငြှိမ်းမှ ငြိမ်းရသလို သတ္တဝါတွေရဲ့ သန္တာန်အစဉ်မှာ လောင်နေတဲ့ လောဘ, ဒေါသမီးတွေကိုလဲ ဝိပဿနာဘာဝနာမဂ်ဉာဏ်ရေစင်နဲ့ ငြှိမ်းမှ ငြိမ်းပါ့မယ်၊ ရဟန္တာအရှင်မြတ်ကြီးတွေမှာ ဒီမီးတောက်တွေ ငြိမ်းကုန်ပါပြီ။

**အတွင်းရှို့မီး အပြင်ရှို့မီး** တို့ လောကမှာ ပြောနေကြတဲ့ စကားတစ်ခု ရှိတယ်၊ အိမ်တစ်အိမ်ကို ဖြစ်ဖြစ်, မြို့ကို ဖြစ်ဖြစ်, ရပ်ကွက်တစ်ခုကို ဖြစ်ဖြစ်, ရွာကို ဖြစ်ဖြစ် မီးလောင်ပြီဆိုရင် "အဲဒီမီးဟာ အပြင်က ရှို့မီးပါကွာ, အတွင်းက ရှို့မီးပါကွာ"နဲ့ မပြောကြဘူးလား၊ ပြောတယ်၊ လူတွေက လောက မီးရှို့ခံရတာကို ပြောနေကြတာ၊ ကိုယ့်ကိုယ်ကို မီးရှို့ခံရတာကျတော့ မသိကြဘူး၊ တို့လူတွေ တစ်ယောက်နဲ့တစ်ယောက် မတည့်အောင်၊ တစ်အိမ်နဲ့ တစ်အိမ် မတည့်အောင်, တစ်ရွာနဲ့ တစ်ရွာ, တစ်မြို့နဲ့ တစ်မြို့

www.burmeseclassic.com

www.burmeseclassic.com



မတည့်အောင်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတည့်အောင်တွေဟာ မီးရှို့ခံနေကြရတာတွေပဲ၊ တစ်ကျောင်းတည်း အတူနေရင်း မတည့်ကြတာတွေဟာလဲ အပြင်ကလဲ ရှို့ပေး၊ အတွင်းကလဲ ရှို့ပေးနေလို့ပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် မနာလို ဝန်တိုတဲ့ ဣဿာ မစ္ဆရိယတွေ ဖြစ်ရတာဟာ အတွင်းမီးရှို့လို့ အလောင် ခံနေကြရတာပဲ။

**မီးလောင် မခံကြနဲ့** ဒီမီးတွေကို အလောင်မခံမှ ကောင်းမယ်၊ ဒီမီး တွေ အလောင်ခံနေရလို့ သတ္တဝါတွေဟာ ဒုက္ခ ရောက်နေကြရတယ်၊ သားသေလို့ ငိုရ, မယား သေလို့ ငိုရ, လင်သေလို့ ငိုရနဲ့ တောက်လောင်လိုက်တဲ့ သောက ပရိဒေဝမီးတွေကလဲ သံသရာ အဆက်ဆက်ကပဲ ဒီတရားတွေကို ကိုယ်နှိုးစပ်ရာ ဆွေမျိုး သားချင်းတွေကို ဟောကြ၊ မီးလောင် မခံကြစေနဲ့။

**လောဘမီး လောင်ပုံ** တို့ မျက်စိက ရူပါရုံ ချောချောလှလှလေးတွေ တွေ့တော့, မြင်တော့ လိုချင်တယ်၊ လိုချင်တာ ဘာတုန်း၊ လောဘ၊ ဒီလောဘက သာမန် လိုချင်ရုံလောက်နဲ့တော့ ကိစ္စမရှိသေးဘူး၊ လိုချင်မှု အားကြီး တော့ လောဘမီးက လောင်တာပဲ၊ ကိုရင်တို့ ကြားနေကြတာပဲ၊ အမျိုးသား အမျိုးသမီးတွေ ကိုယ်လိုချင်တဲ့ မိန်းမ, ယောကျာ်း မရတော့ ရူးသွားကြတာတွေ၊ အဆိပ်သောက်တာတွေ၊ ရေထဲ ခုန်ချသေတာတွေဟာ ဘာမီးလောင်တာလဲဆိုရင် လောဘမီး လောင်တာ၊ ဒါတွေဟာ ဘုရားလက်ထက်ကပင် ရှိခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘိက္ခုနီမ လောဘမီး လောင်ပုံ**

သီတင်းနေ့ တစ်နေ့၊ ဘိက္ခုနီမတစ်စု သိမ်ထဲ ဥပုသ်ပြု သွားကြတယ်၊ အဲဒီသိမ်ရဲ့ ရှေ့နားမှာ ကျောက်ဆစ်ရုပ်ကလဲ တော်တော်ကို လှသတဲ့၊ တခြားဘိက္ခုနီမတွေက ကိုယ်စီကိုယ်စီ သိမ်ထဲ ဝင်သွားကြသော်လဲ ဘိက္ခုနီမတစ်ယောက်ကတော့ အဲဒီ သိမ်နားမှာ ရပ်ကျန်ရစ်ခဲ့တယ်၊ တခြားဘိက္ခုနီမတွေက ဥပုသ် ပြုပြီးလို့ ပြန်ထွက်လာတော့ ဒီဘိက္ခုနီမကို တွေ့ကြတယ်၊ ဒါနဲ့ ဘိက္ခုနီမတစ်ယောက်က သူ့နားသွားပြီး "အရှင်မ ဘာ လုပ်နေတာပါလဲ"ဆိုပြီး သွားကိုင်လိုက်တော့ ဘိုင်းကနဲ လဲကျ သွားတာပါပဲ၊ ဒါဘာလဲ၊ လောဘမီးလောင် သေရတာ။

**ဒေါသမီး လောင်ပုံ**

တို့ မျက်စိက ကိုယ် မနှစ်သက်တဲ့ ရူပါရုံကို မြင်ရတော့ ဘာဖြစ်သလဲ၊ စိတ်ဆိုးမှု ဖြစ်ရတယ်၊ စိတ်ဆိုးတာဟာ ဘာတုန်း၊ ဒေါသ၊ ဒီ ဒေါသကလဲ သာမန်ဒေါသလောက်တော့ ကိစ္စမရှိသေးဘူး၊ စိတ်ဆိုးမှုက အားကြီးလာတော့ ဒေါသမီးက လောင်တာပဲ၊ ဒေါသမီး လောင်အားကြီးတော့လဲ သေကြရတာပဲ၊ ကိုယ့်အလို မကျရင် ဒေါသဖြစ်ရတာပဲ၊ တချို့ဆိုရင် ဒေါသဖြစ်လွန်းလို့ ကိုယ့်ကိုယ်ကို သတ်သေရတဲ့အထိ ဖြစ်ရတယ်။

**နတ်ပြည်မှာ ဒေါသမီး လောင်ပုံ**

တို့နတ်ပြည်မှာ ခိဍ္ဍာပဒေါသိကနတ်,မနောပဒေါသိကနတ်ဆိုတာ ရှိတယ်၊ ဒီနတ်နှစ်ယောက်ဟာ တစ်နေ့ကျတော့ အခြံအရံ နတ်သမီးတွေနဲ့တကွ ဥယျာဉ်ကစား ထွက်ကြတယ်၊ ဒီအခါမှာ နတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က နတ်တစ်ယောက်ရဲ့ရှေ့ကို မြင်းရထားနဲ့ ကျော်တက်လိုက်တယ်၊ နောက်တစ်ယောက်က သူ့ရှေ့ ကျော်တက်ရပ့်မလားဆိုပြီး တကတည်း ဒေါသဖြစ်လိုက်တာ သေပါလေရော၊ ဒါဟာ ဘာလဲ၊ ဒေါသမီး အလောင်ခံရတာပဲ။

**မောဟမီး လောင်ပုံ** တို့မျက်စိက မြင်တော့မြင်လိုက်တာပဲ၊ ဒါပေမယ့် အမှူမဲ့ အမှတ်မဲ့ပါပဲ၊ အမှူမဲ့ အမှတ်မဲ့နေတော့ မောဟမီးလောင်တာပဲ၊ လောဘမီး, ဒေါသမီး တွေက သိသာတယ်၊ မောဟမီးက မသိသာလှဘူး၊ တို့သတ္တဝါတွေက မီးလောင်လို့ လောင်မှန်း မသိသာလှဘူး၊ တို့ထွဋ်ခေါင်ဆရာတော်ကြီးက **"လောင်မှန်းမသိ, မောဟဖိ, မိမိမိုက်လှပြီ"**လို့ ဟောထားခဲ့တယ်၊ ကိုယ့်ကိုယ်ကို မီးလောင်လို့ လောင်မှန်းမသိတဲ့သူတွေဟာ လူမိုက်တွေပဲတဲ့၊ တရားတော်တွေက သိပ်ကောင်းပါတယ်၊ ကိုရင်တို့, ဦးပဥ္စင်းတို့ မလိုက်စားလို့ မဖြစ်ပါဘူး။

**ဇာတိ, ဇရာ မရဏမီးများ လောင်ပုံ** မီးတွေက လောင်မှန်းမသိ လောင်နေကြတာ၊ ဇာတိမီးလောင်ပုံကလဲ တော်တော် ကြောက်စရာ ကောင်းတယ်၊ အမိဝမ်းထဲမှာ အောင်းနေရစဉ် အချိန်အခါကလေးမှာပဲ ဒုက္ခများစွာနဲ့ ကြုံကြရတယ်၊ တချို့ အမျိုးသမီးတွေက မတော်မတရား ပျော်ပါးကြပြီး သန္ဓေ ရလာတော့ ရှက်တာနဲ့ ကိုယ်ဝန်ဖျက်ချကြ၊ ကိုယ်ဝန်ကျကြောင်း ဆေးတွေ သောက်ကြ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ဆေးထိုးဖျက်ချကြ၊ ဒါဟာ အမိဝမ်းတွင်း အောင်းနေရစဉ် ဇာတိမီးလောင်တာပဲ။

ဇရာမီးကလဲ ဆံဖြူ၊ သွားကျိုး၊ မျက်စိမွဲ၊ နားထိုင်း၊ ခါးကိုင်းပြီး အသားအရေတွေ လိန်တွန့်နေတာ၊ ဒါကို ပါကဋ္ဋဇရာလို့ ခေါ်တယ်၊ အပါကဋ္ဋဇရာဆိုတာ ရှိသေးတယ်၊ သူက အထင်ရှားဘူး၊ ရုပ်တရား နာမ်တရားတို့ရဲ့ နာရီ၊ မိနစ်၊ စက္ကန့်မစဲ တဖွဲဖွဲ ဖြစ်ပျက်ပြီး အိုနေရတာဟာ ဇရာမီးလောင်တာပဲ။

မရဏာမီးဆိုရင် ဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါမဆို လူရယ် နတ်ရယ် သတ္တဝါရယ်လို့ ဖြစ်လာရင် မသေရမယ့် လူရယ်လို့ ရှိပါ့မလား၊ မရှိဘူး၊ သေနေကြရတာ၊ သေခြင်းတရားကို ဘယ်သူမှ မတားမြစ်နိုင်ကြဘူး၊ သေမင်းကို လက်ဆောင်ထိုးလို့ မရနိုင်ဘူး၊ စစ်တိုက်ယူလို့ မရဘူး၊ သေမင်းကို ဘယ်နေ့ ဘယ်ရက် လာခဲ့ပါမယ်လို့ ချိန်းဆိုထားလို့ မရဘူး၊ သေမင်းကို ဘယ်သူမှ မအောင်နိုင်ဘူး၊ ဒါတွေကြောင့်လဲ သတ္တဝါတွေ သေကြရတယ်၊ အေး ... မျက်မြင်လောက လူတွေ တွေ့ကြုံနေရတဲ့ မရဏာမီးတွေပဲ၊ ဉာဏ်နဲ့ မြင်နိုင်တဲ့ မရဏာမီးကတော့ တို့ ရုပ်တရား နာမ်တရားတွေဟာ နေ့စဉ်အမြဲ ချုပ်ပျက်ပြီး သေနေကြရတယ်၊ ဒီရုပ်တရား နာမ်တရားတွေဟာ အမြဲသေနေတာကို ဘာနဲ့မှ မြင်နိုင်သလဲ၊ ဝိပဿနာဉာဏ်မျက်လုံးနဲ့မှ မြင်နိုင်တယ်၊ ဒီမီးတွေ ဘယ်ကျမှ ငြိမ်းမလဲ၊ နိဗ္ဗာန်ကျမှ ငြိမ်းမယ်။

www.burmeseclassic.com

www.burmeseclassic.com



**သောက, ပရိဒေဝမီး လောင်ပုံ**

ပြီးတော့ သောကမီးကလဲ မလောင်ဘူးလား၊ လောင်တယ်၊ သူလောင်ပုံက တို့ကိုယ်နဲ့စပ်လာသူတွေ တစ်စုံတစ်ခု ဖြစ်လာရင် ဒီသောကမီး လောင်တော့တာပဲ၊ ဆိုပါစို့၊ ကိုယ့်သား ကိုယ့်သမီးလေးက တော်တော်လေး နေထိုင်မကောင်း ဖြစ်တယ်ဆိုရင်ပဲ မိဘတွေမှာ စိုးရိမ်မှု မဖြစ်ကြဘူးလား၊ ဖြစ်ကြတယ်၊ "အောင်မယ်လေး ..... ဒီတောင်က တက်မှ တက်နိုင်ပါဦးမလား"နဲ့ သောကမီးတွေ လောင်ကြရတယ်။

ပရိဒေဝမီးကတော့ ကြုံဖူးသူတွေ များပါတယ်၊ သားသမီးသေလို့, လင်သေလို့, မယားသေလို့, ဆွေမျိုးသားချင်းတွေ သေလို့ ငိုကြွေးရတာဟာ ပရိဒေဝမီးတွေ တောက်လောင်ကြတာပဲ၊ တချို့ဆိုရင် အငိုလွန်ပြီး တက်သေသွားကြတယ်၊ ဒီမီးတွေက လောက လောင်ရိုး လောင်စဉ် မီးနဲ့ တူတာမဟုတ်ဘူး။

နောက်ပြီးတော့ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ မီးတွေကလဲ လောင်လိုက်သေးတယ်၊ ဘယ်ကလောက် ကြောက်စရာကောင်းသလဲ၊ ကိုရင်တို့ ဦးပဉ္စင်းတို့ ဒီတရားတွေကို တွေးကြစမ်းပါ၊ သံသရာကြီး သွားနေရတာ အလွန်ကြောက်စရာကောင်းပါတယ်၊ ပေါ့ပေါ့နေ, ပေါ့ပေါ့စား, ပေါ့ပေါ့သွားနေလို့ကတော့ ဒီဘဝအတွက် မလွမ်းလောက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ ကောင်းကောင်းလေး နေနိုင်မှ လာမယ့်ဘဝ တော်ကာကျပါတယ်၊ ကဲ ... ကောင်းကောင်း နေကြ၊ တရား နှလုံးသွင်းကြ၊ စကားတွေများပြီး အလဟဿ အချိန်တွေ ဖြုန်းမနေကြနဲ့၊ ကဲ ... သွားကြ။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၇)
(၁၉၇၉၊ စက်တင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# တဏှာတွင်ကျယ် သူ့ခြယ်လှယ်

**နေရာတိုင်းမှာ ဤတဏှာ** ခွေးနှစ်ကောင် ကိုက်တာဟာ ကိုက်တုန်းတော့ ဒေါသပဲ၊ အရင်းခံက ဘာလဲ၊ တဏှာ၊ တဏှာကြောင့် ခွေးနှစ်ကောင် ကိုက်ကြတယ်၊ ကိုက်တော့ ဒေါသဖြစ်တယ်၊ လူနှစ်ယောက် ရိုက်ကြတာလဲ ရိုက်တုန်းက ဒေါသ၊ အရင်းခံက တဏှာကြောင့် ရိုက်နှက်ကြတာတွေပဲ၊ တဏှာ လက်ထောက်ချနေတာ၊ ရှင်ဘုရင်နှစ်ဦး တိုင်းပြည်လုတာကလဲ တဏှာကြောင့်၊ တို့နိုင်ငံမှာ မြင်းကွန်းမင်းသား, ကနောင် အိမ်ရှေ့မင်းသား နှစ်ပါးရှိတယ်၊ မြင်းကွန်းမင်းသားက မင်းတုန်းမင်းရဲ့ သားအကြီး ဟုတ်ချင်မှ ဟုတ်မယ်၊ မင်းတုန်းမင်းကြီးရဲ့ ညီတော် ကနောင်မင်းသားက နန်းတွင်းမှာ ဩဇာလွှမ်း ခြယ်လှယ်နေတော့ မြင်းကွန်းမင်းသားဟာ သူ့ဘထွေး ကနောင်ကို လုပ်ကြံ သတ်ဖြတ်လိုက်တယ်၊ ဒါဟာ အရင်းခံက တဏှာပဲ။

**အမိဝမ်းလဲ ဒီတဏှာ** မဟာဇနကဇာတ်မှာ မဟာဇနကရယ်, ပေါလဇနကရယ် ရှိတယ်၊ မဟာဇနကမင်းကို ဘေးက ကုန်းတိုက်ကြတော့ ညီတော် ပေါလဇနကကို ထောင်ချတယ်၊ ဒါဟာ သူ့ရဲ့ နန်းစည်းစိမ်ကို ယူမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့၊ ဒီလို ဖြစ်ရတာဟာလဲ တဏှာကြောင့်ပဲ၊ နောက်တော့ ညီတော်က ထောင်က ထွက်ပြေးပြီး စစ်သည်အင်အားစုရုံးတယ်၊ ထီးနန်းကို ပေးပါ၊ မပေးရင် စီးချင်းတိုက်မယ်လို့ ကြေညာတယ်၊ ဒါဟာလဲ သူတို့ အရင်းခံက တဏှာပဲ၊ ဘုန်းကြီးတွေ ကျောင်းလုတာကလဲ တဏှာပဲ၊ ကျောင်းရတော့ ဆွမ်းရအောင် ကြိုးစားရတယ်၊ ဒါဟာ တဏှာတွေပဲ၊ သူခိုးခိုးကြ၊ ဓားပြတိုက်ကြ၊ မုသားပြောကြတာတွေလဲ လောဘရဲ့ အခြေအမြစ်ဖြစ်တဲ့ တဏှာအရင်းခံတွေပဲ၊ ကိုယ့်ပစ္စည်း မပေးချင်လို့ မုသားပြောလိုက်ရတယ်၊ ဒါဟာ တဏှာပဲ၊ ခရီးသွားတဲ့အခါ အဖော်ပါသလို အမိဝမ်း သွားတဲ့အခါမှာလဲ ဒီတဏှာအဖော် ပါနေတယ်။

**ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံး** ကိုယ့်ကိုယ်ကို ချစ်ရင် တဏှာကို ပစ်ကြရမယ်၊ ဘုန်းကြီးတို့ဘုရားလက်ထက်မှာ နတ်သားတစ်ယောက်က ဘုရားကို လာလျှောက်တယ်၊ "**နတ္ထိ ပုတ္တသမံ ပေမံ**"–လောကမှာ မိမိသားကိုသာ မိမိအချစ်ဆုံးလို့ နတ်က လျှောက်တော့ မြတ်စွာဘုရားက "**နတ္ထိ အတ္တသမံ ပေမံ**"လို့ အမိန့်ရှိတယ်၊ ဒီတော့ နတ်က "ဟာ တယ်ဟုတ်ပါလား၊ လောကမှာ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးဆိုတာ တယ်မှန်ပါလား"လို့ နတ်သားသဘောကျသွားတယ်၊ ကိုယ့်ကိုယ်ကို ချစ်တာဟာ သူတကာနဲ့ တူပါ့မလား၊ မတူဘူး၊ ပြီးတော့လဲ "**ယံပိစ္ဆံ န လဘတိ**"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလို ကိုယ်လိုချင်တာမရတော့ ဒုက္ခရောက်ပြီး စိတ်ဆင်းရဲရတယ်၊ ဒီဒုက္ခကို ဘယ်သူက လာပေးသလဲ၊ ဘယ်သူကမှ လာပေးတာ မဟုတ်ဘူး၊ ကံတရားကြောင့် ဒီခန္ဓာကြီး ရလာ, ဖြစ်လာတာ၊ ဒီခန္ဓာကြီး ရှိနေလို့သာ ဒီဒုက္ခတွေ ခံနေရတာ။

**ဘာဝနာမှု နေ့စဉ်ပြု** ဒါကြောင့် ကိုယ့်ကိုယ်ကို ချစ်တတ်အောင် ချစ်တတ်ကြရမယ်၊ ကိုယ့်ကိုယ်ကို ချစ်တယ်ဆိုတာ လူဆိုလဲ မိမိတို့ သီလကို လုံခြုံအောင် စောင့်ထိန်းကြရတယ်၊ ဘုန်းကြီး ရဟန်း သာမဏေတွေဆိုလဲ မိမိ သီလကို လုံခြုံအောင် စောင့်ထိန်းကြရတယ်၊ ဘာဝနာတရားကိုလဲ လက်မလွှတ်ရဘူး၊ မိမိရဲ့ ရုပ်ခန္ဓာအပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတင်ပြီး ဆင်ခြင်သုံးသပ်ပေးရတယ်။

**ဒုက္ခမှန်းသိလျက် မပယ်နိုင်** ရန်သူတစ်ယောက်ဟာ သူတစ်ယောက်တည်းနေရင် ဒုက္ခပေးပါ့မလား၊မပေးဘူး၊ သူများဆီ သွားတိုက်ရ ခိုက်ရတော့ ဒုက္ခတွေ အများကြီးရတယ်၊ ဒါတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်နေလို့ပဲ၊ လူတွေဟာ ဒီအလုပ်ကို လုပ်ရင် ဒုက္ခရောက်မယ်ဆိုတာ သိတယ်၊ သိလျက်နဲ့ မပယ်စွန့်နိုင်ကြဘူး၊ ဒါဟာ အရင်းခံက ဘာလဲ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး ဖြစ်နေလို့ပဲ၊ ဒီအချစ်ဆုံးသာ မရှိရင် ဒုက္ခတွေလဲ မရှိတော့ မဖြစ်တော့ဘူး၊ ကိုယ့်ကိုယ်ကို ချစ်ရင် ချစ်တတ်အောင် နေတတ်ကြရတယ်၊ ကိုယ့်ကိုယ်ကို မချစ်တတ်ရင် သံသရာနစ်ကြဦးမှာ သေချာနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



**မသူတော်မေ့ မေ့နေကြ** သံသရာမှာ နစ်မျောမနေကြအောင် သတိရှိရှိနဲ့ ကြိုးစားကြရမယ်၊ လောကမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတဲ့လူတွေကို ထုတ်ပြပါ၊ ဆွဲပြပါဆိုရင် အများကြီးပဲ၊ တို့ တချို့ဘုန်းကြီးတွေဆိုရင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတာတွေ မရှိဘူးလား၊ ရှိတယ်၊ ကုသိုလ်စိတ်နဲ့ မနေရင် ကုသိုလ်တရားတွေမှာ သတိလစ်ဟင်းနေတာပဲ၊ မေ့နေတာကို မြတ်စွာဘုရားက **"အပ္ပမာဒေန သမ္ပာဒေထ"**လို့ ဆိုတာပေါ့၊ ခုတော့ သတ္တဝါတွေ မေ့နေတာက ဖွတ်မေ့ ပဒတ်မေ့ မဟုတ်ဘူး၊ မသူတော်မေ့ မေ့နေကြတာ၊ ကိုရင်တို့ ဦးပဥ္စင်းတို့လဲ မသူတော်မေ့ မေ့မနေကြနဲ့၊ သတိနဲ့ နေကြ၊ သံသရာကြီး အရှည်သဖြင့် သွားကြရဦးမှာ၊ ကုသိုလ်တရားနဲ့ နေကြ၊ ကုသိုလ်တရားတွေကို အမှတ်ရနေကြ။

**စာထဲမှာ လူပါးဝအောင် လုပ်ကြ** ဒါကြောင့် ဘုန်းကြီးက အင်္ဂုတ္တိုရ်တို့ ဓမ္မပဒတို့ကို အကြည့်ခိုင်းတာ၊ ကြည့်ပါများတော့ အနက်ဉာဏ်သွားလာတယ်၊ စာကြည့်တတ်လာတယ်၊ ဥပုသ်နေ့ အဖိတ်နေ့တွေမှာ ဒါတွေ ကြည့်ပေးကြ၊ ဘုရားအကြောင်းတွေကို စဉ်းစားနေရတော့ ကုသိုလ်တွေ ရနေတယ်၊ လောကကြီး လူ့အကြောင်းတွေကို မသိတာ ကောင်းတယ်၊ စာကို ကြပ်ကြပ်နိုင်လာတော့

www.burmeseclassic.com

www.burmeseclassic.com



လူ့အကြောင်းတွေ သိလာတယ်၊ လူ့အကြောင်းတွေသာ မကဘူး၊ နတ်အကြောင်းတွေပါ သိလာရတယ်၊ စာတွေဟာ သိပ်ကောင်းတယ်၊ လူ့ဘဝလမ်းစဉ်တစ်လျှောက်လုံး အမှန်းတင်ပေးနေတာဟာ ဒီစာတွေပဲ၊ ကိုရင်တို့ စာထဲမှာ လူပါးဝအောင် လုပ်ကြ။

**တဏှာမရှိရင် မလိုချင်** ကိုယ့်ကိုယ်ကို ချစ်တာလဲ တဏှာပဲ၊ သူတစ်ပါး ချစ်တာကော တဏှာပဲ၊ ဝိသာခါဟာ သူ့မြေးကလေး ဆုံးတော့ ငိုလိုက်တာ၊ ဆံပင်တွေ ရေတွေ ရွှဲလို့၊ သူတို့ အိန္ဒိယက လူသေရင် ခေါင်းလျှော်ရတာ မျိုးကိုး၊ ဒါနဲ့ ဝိသာခါဟာ ငိုပြီး ဘုရားဆီလာတော့ ဘုရားက–

"ဝိသာခါ ... ဘာကြောင့် ငိုရတာလဲ"

"ဘုရားတပည့်တော်မ မြေးလေး ဆုံးသွားလို့ပါဘုရား၊ မြေးကလေးက လိမ္မာလဲ လိမ္မာ, ရုပ်ကလဲ ချောဆိုတော့ စိပ်ချစ်ပါတယ်ဘုရား"

"အဲဒီလို လိမ္မာ ရုပ်ချောတဲ့ မြေးကလေး နောက်ထပ်ရရင်ကော မလိုချင်ဘူးလား"

"နောက်ထပ် ဒီလို ရုပ်ချောလိမ္မာတဲ့ မြေးမျိုးသာ ရမယ်ဆိုရင် လိုချင်တာပေါ့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သာဝတ္ထိပြည်မှာ လူဦးရေ ဘယ်လောက်ရှိသလဲ ဝိသာခါ"

"လူဦးရေ ခုနစ်ကုဋေ ရှိပါတယ်ဘုရား"

"သာဝတ္ထိပြည်မှာ ရှိတဲ့ လူတွေကကော ဒီလို ရုပ်ချော လိမ္မာတဲ့ မြေးကလေးတွေ မလိုချင်ဘူးလား"

"ရရင် လိုချင်တာပေါ့ဘုရား"

"ဒီလိုဆိုရင် သာဝတ္ထိပြည်မှာ တစ်နေ့လူတွေ ဘယ်လောက် သေနေသလဲ"

"ဒါတော့ဘုရား မြို့မှာ လူတွေက အများကြီးဆိုတော့ နေ့ရှိသရွေ့ သေနေကြရတာပေါ့ဘုရား"

"ဒီလိုဆို ဝိသာခါ... သင့်ခေါင်းက ဆံပင် ရေခြောက်နိုင် ပါဦးတော့မလား"

"ဟာ .... တပည့်တော်မ မလိုချင်တော့ပါဘုရား"တဲ့။

ဒါဟာ ဘာလဲဟေ့၊ ဒုက္ခကို မြင်လို့ တဏှာက နောက် ဆုတ်သွားတာ၊ တဏှာက ရှိနေတော့ "ရလေ လိုလေ အိုတစ္ဆေ" ဆိုတာလို ဖြစ်နေကြတယ်၊ တို့ လောကက မိုက်တဲ့ သား သမီးဆိုရင် မိဘတွေက မလိုချင်ကြဘူး၊ လိမ္မာတဲ့ သား သမီးမှ လိုချင်ကြတယ်၊ ဝိသာခါကလဲ သူ့မြေးကလေးက လိမ္မာတော့ လိုချင်မှာပဲ၊ ဒီလို လိုချင်တာကလဲ တဏှာမှန်း မသိလို့ လိုချင်တာ၊ မြတ်စွာဘုရားက ဟောလိုက်တော့မှ တဏှာမှန်း သိလို့ နောက်ဆုတ်သွားတာ။

www.burmeseclassic.com

www.burmeseclassic.com



**တဏှာနည်းအောင် ကျင့်ကြံဆောင်**

သတ္တဝါတွေဟာ တဏှာအရင်းခံပြီး ဖြစ်လာကြရတယ်၊ ဒီ တဏှာကို လျော့အောင် မလုပ်ဘဲ တိုးပွားအောင် ထပ်လုပ်နေကြတယ်၊ တဏှာနည်းရင် ကောင်းတယ်၊ တဏှာ သူပုန်ဟာ တော်တော် ကြောက်စရာ ကောင်းတယ်၊ ကိုယ်က သူ့ကို အရင်ဦးအောင် တိုက်နိုင်မှ ကောင်းတယ်၊ ဒီတဏှာ သူပုန် ဝင်အစီးခံရရင် မသက်သာဘူး၊ တို့ ဒီတဏှာသူပုန်ကို အပြုတ်တိုက်ကြရမယ်၊ ဘယ်လို တိုက်ကြမလဲ၊ သီလနဲ့တူတဲ့ ချပ်ဝတ်မိန်ညိုကို ဝတ်ဆင်ပြီး သမာဓိနဲ့တူတဲ့ သန်လျက် ဓားကို ထုတ်ပြီး ဝီရိယအားနဲ့ ထိုးခုတ်သတ်နိုင်မှ ဒီတဏှာ သူပုန် သေမယ်၊ တို့သန္တာန်မှာ တဏှာနည်းလေ စိတ်ချမ်းသာ လေပဲ၊ ဒါကြောင့် တဏှာ နည်းအောင် ကျင့်ကြံ၊ ကြံကြံ။

**နွားရိုင်းမှာ ထိုတဏှာ**

တို့ တဏှာက အသက်ကြီးလာလို့ လျော့သွားမယ် မထင်နဲ့၊ အသက်ကြီးလေ တဏှာက တိုး ပွားလေပဲ၊ စာက ဘာလဲ ....

"ဂဝံ သိင်္ဂနော သိင်္ဂံ,
ဝဍ္ဎမာနဿ ဝဍ္ဎတိ၊
ဧဝံ ဗာလဿ ပေါသဿ,
သန္ဒမ္ဘံ အဝိဇာနတော၊
ဘိယျော တဏှာ ပိပါသာ စ,
ဝဍ္ဎမာနဿ ဝဍ္ဎတိ"လို့ ဆိုတယ်မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



တို့ နွားများဟာ ကြီးလေ ချို့ရှည်လာလေပဲ၊ လူတွေလဲ ကြီးလေ တဏှာလောဘ ကြီးလာလေပဲ၊ ရှည်လာတဲ့ ချိုကို ကတ်ကြေးနဲ့ ကိုက်ပေးရသလို တို့ တဏှာဦးချိုကိုလဲ ဘာဝနာ ကတ်ကြေးနဲ့ ကိုက်ပေးရမယ်၊ သူတော်ကောင်းတရားတွေကို မသိသမျှတော့ တဏှာက တိုးနေဦးမှာပဲ၊ စာထဲက တရားတွေကို မိမိတို့ သန္တာန်ထဲ ရောက်အောင် လုပ်ကြ၊ ကဲ … တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၈)
(၁၉၇၉၊ အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# စိတ်တန်ခိုး မြှင့်တင်ရေး

**တဏှာကြောင့် ဒုက္ခရောက်** ဒီ လေးလိုက်တဲ့ ခန္ဓာ ဝန်ထုပ် ဝန်ပိုးတွေဟာနဲ့ပဲ ဆက်သွယ်ကြည့်ကြည့် ဇာတိ,ဇရာ ဗျာဓိ, မရဏဆိုတဲ့ တရားတွေနဲ့ပဲ ဆက်သွယ်ကြည့်ရမယ်၊ တစ်လောက ကလေးတစ်ယောက် နှစ်လ ရှိပြီ၊ တစ်ယောက်က သန္ဓေသားအဖြစ်နဲ့ ကျန်နေတယ်၊ ကျန်နေတဲ့ ကလေးကို ခွဲထုတ်လိုက်တော့ သေရော၊ တဏှာ ချုပ်သွားရင် ဘဝမှ ရှိမှာ မဟုတ်တော့ဘူး၊ ဒုက္ခတွေ ခံနေရတာ ဒီတဏှာကြောင့် ခံနေရတာ၊ ဒုက္ခသာ မရှိရင် တဏှာက သာယာပါဦးမလား၊ ဒုက္ခတွေ တော်တော် စိတ်ပျက်စရာ ကောင်းတယ်၊ မစဉ်းစားဘဲနေလို့ မဖြစ်ဘူး၊ ဒီခန္ဓာဝန်ကြီးဟာ အမိဝမ်းထဲမှ စပြီး သေတဲ့အထိ ဒုက္ခတွေ ခြံရံနေတယ်၊ ဒုက္ခတွေ ခံရတာ ဘယ်သူ့ကြောင့်လဲ၊ တဏှာကြောင့်၊ တဏှာ ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်တွေဟာ နောက်ထပ် တဏှာ ဖြစ်စရာ လိုပါဦးတော့မလား၊ မလိုတော့ဘူး။

**တဏှာလျှင် နှစ်ယောက်မြောက် အဖော်** "တဏှာ ဒုတိယော ပုရိသော၊ ဒီဃ မဒ္ဓါနသံသရံ" တဏှာလျှင် နှစ်ယောက်မြောက် အဖော် ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသည် ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး ဆင်းရဲရမယ်၊ **"ဣတ္ထဘာဝအညထာဘာဝ"**ဆိုတဲ့အတိုင်း တဏှာက ပါနေတော့ မသာယာပေဘူးလား၊ သာယာတယ်၊ မသာယာလို့ကော ဖြစ်ပါ့မလား၊ တဏှာသာ မရှိရင် ဒီလောကကြီးဘာမှ ကောင်းမှာ မဟုတ်တော့ဘူး၊ တဏှာ လျော့သွားရင် ကောင်းတယ်၊ လျော့သွားတော့ နောက်ထပ် ဒုက္ခတွေ မတိုးတော့ဘူး၊ ကိုရင်တို့ စကားသိပ်မပြောကြပါနဲ့၊ စကားပြောနေရင် ဒီတရားတွေ ပေါ်လာမှာ မဟုတ်ဘူး၊ သူတော်ကောင်းစိတ်ဟာ တန်ဖိုးရှိတယ်။

**ရုပ် နာမ်သာ ရှိ** အခု ဓမ္မာစရိယကိုယ်တော်လေးတွေ ဘုန်းကြီးက သီလရှိလို့သာ ထားတာ၊ စာတတ်ပေမယ့် သူတော်ကောင်း မဟုတ်, သိက္ခာ မရှိရင် မထားပါဘူး၊ ကျန်းမာရေးကိုလဲ ဂရုစိုက်ကြ၊ တရားတွေက ကောင်းတယ်၊ မလိုက်စားလို့ မဖြစ်ဘူး၊ အများစုအနေနဲ့တော့ လိုက်စားလာကြပြီ၊ စဉ်းစားကြ၊ တဏှာ ပျောက်အောင်က ရုပ်နာမ် အဖြစ်အပျက်ကို ရှုလိုက်ရတယ်၊ အမိဝမ်းတွင်းမှာ ရုပ်ကလာပ် သုံးစည်း, စိတ်, စေတသိက်၊ ဒါကို ဘာနဲ့ ကြည့်ကြည့် မမြင်နိုင်ဘူး၊ မမြင်တော့ ဘယ်ထင်လိမ့်မလဲ၊ နောက် ၇ ရက်လောက် ကြာတော့ အဟောင်းက စိတ္တက္ခဏ ၁၇ ချက်ပျက်တော့ ခဏယ် ၁ ချက်၊ ရုပ်တွေက ထပ်တိုးတယ်၊ တိုးတဲ့ ရုပ်တွေက တည်၊ အရင်တိုးတဲ့ ရုပ်တွေက ပျက်၊ နောက်တိုးတဲ့ ရုပ်တွေက ဖြစ်၊ ဖြစ်ပျက် ဖြစ်ပျက်ပဲ၊ ဖြစ်ဆဲ ပျက်ဆဲပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဖြစ်ပြီးနောက် ၇ ရက်လောက်ကြာတော့ အရည်ကြည် တည်တယ်၊ နောက် ၇ ရက်ကြာတော့ အမြှုပ် တည်တယ်၊ ဒီရုပ်နာမ်ဟာ ဘာတစ်ခုမှ ခိုင်မြဲမှု မရှိဘူး၊ ဒီ လောကကြီးမှာ ရုပ်နာမ်အပြင် ဘာမှ မရှိပါဘူး၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာလဲ မရှိဘူး။

**တရားရှာ ကိုယ်မှာတွေ့** ကိုရင်တို့ တရားရှာတယ်,တရားရှာတယ်ဆိုတာ တခြားသွားရှာနေရတာ မဟုတ်ဘူး၊ ကိုယ့်ခန္ဓာ ကိုယ်မှာ တရားတွေ ပြည့်နေတာပဲ၊ ခန္ဓာမှာ တရားရှာရတယ်၊ ကိုယ့်ခန္ဓာကို ဉာဏ်နဲ့ စိုက်ကြည့်ရင် ရုပ်နာမ်တွေဟာ နာရီ,မိနစ်,စက္ကန့်မစဲ တဖွဲဖွဲ ဖြစ်ပျက်နေတယ်၊ ဥဒယဗ္ဗယဉာဏ် အမြင်သန်မှ ကောင်းတယ်။

လူတွေက ရိပ်သာသွား တရားအားထုတ်ကြ၊ ဘုန်းကြီးက မသွားရဘူးလို့ မဆိုပါဘူး၊ သွားရပါတယ်၊ သွားပြီးတော့ စကားများနေတာကတော့ မကောင်းဘူး၊ တကယ်တရားကို မိမိရရ အားထုတ်မှ ကောင်းတယ်၊ ခုတော့ တချို့နေရာတွေမှာ ကြားနေရတာက တယ် မကောင်းလှဘူး၊ ဘုန်းကြီးက အပြစ် ပြောနေတာ မဟုတ်ပါဘူး၊ တရားအားထုတ်တယ်ဆိုတာ လောဘ ဒေါသနည်းအောင်လို့ အားထုတ်တာ၊ နည်းမှလဲ ကောင်းတယ်၊ တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်နေတာကတော့ မကောင်းဘူး၊ ဗုဒ္ဓ ရိပ်သာက ဒီလို မဟုတ်ဘူး၊ အေးချမ်းတယ်၊ ငြိမ်သက်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေနိုင်တယ်၊ ဗုဒ္ဓရိပ်သာကို အကုန် လိုက် မမီတောင် လက်လှမ်းမီသမျှ လိုက်နိုင်အောင် ကြိုးစားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**တရားအရသာ** တရားတော်တွေက လိုက်စားလေ ကောင်းလေပဲ၊ တရားတော်တွေကို စဉ်းစားနေရတာ စိတ်ချမ်းသာတယ်၊ လောကအကြောင်းတွေ တွေးနေရတာ သံဝေဂ ဖြစ်တယ်၊ သံဝေဂဖြစ်မှလဲ တရားဘက်ကို လိုက်ဖြစ်တယ်၊ တရားဘက်က လိုက်မှလဲ သူတော်ကောင်းတွေ ဖြစ်မယ်၊ တရားကို အာရုံပြုနေတော့ သမာဓိ ရလာတယ်၊ သမာဓိ ရလာတော့ စိတ်က တည်ကြည်လာတယ်၊ စိတ် တည်ကြည်လာတော့ ဉာဏ်တွေက ပွင့်လာတယ်၊ ဘုရားပေါ်မှာလဲ ယုံကြည်စိတ်ဟာ ပြင်းထန်လာတယ်၊ တရားအပေါ်မှာလဲ ယုံကြည်စိတ်ဟာ ပြင်းထန်လာတယ်၊ ဒီတော့ ပိုအားထုတ်လာတယ်၊ အားထုတ်လေ စိတ်ချမ်းသာလေပဲ၊ စိတ်ချမ်းသာလေ တရားအရသာက ကောင်းလေပဲ။

**ဘဝအမှီကောင်း ရှာ** လောကမှာ အမှီအခိုဆိုတာ ရှိရတယ်၊ တပည့်ဟာ ဆရာကို မှီခိုနေရတယ်၊ သား သမီးများဟာ မိဘများကို မှီခိုနေရတယ်၊ ဒီအတိုင်းပဲ သံသရာသွားတဲ့အခါ တရားအမှီအခိုရှိမှ ကောင်းတယ်၊ ဘဝအမှီကောင်း ရှာရတယ်၊ ဘဝအမှီကောင်းရှာဆိုတာ ဒီဘဝမှာ အမှီကောင်းရှိမှလဲ နောင်လာမယ့် ဘဝမှာ အမှီကောင်းမယ်၊ ဒီဘဝမှာ အမှီကောင်းဖို့က ပုဗ္ဗေ စက ကောင်းခဲ့ဦးမှ၊ ပုဗ္ဗေ စက ကောင်းပြန်သော်လဲ ဆရာအမှီကောင်း ရှိဦးမှ ဖြစ်တယ်၊ ဆရာကောင်းနေပြန်တော့လဲ ထိုဆရာရဲ့တရား အမှီကောင်း ရှိဦးမှ ဖြစ်တယ်၊ ကိုယ်ကလဲ ဆရာ ဆုံးမတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းနေဦးမှ ဖြစ်တယ်၊ ဒါမှ ဒီဘဝကော နောက်ဘဝပါ အမြဲကောင်းမယ်။

**ကိုယ်ကျင့်တရား** ကိုယ်ကျင့်တရားဟာ အလွန် အရေးကြီးပါတယ်၊ လူတွေမှာ ကိုယ်ကျင့်တရားဟာ အရေးကြီးဆုံးပဲ၊ လူတွေမှ မဟုတ်ဘူး၊ တို့ ဘုန်းကြီးတွေလဲ အရေးကြီးတာပဲ၊ သတ္တဝါတွေက ကိုယ်ကျင့်တရားကို တယ်ပြီး တန်ဖိုးမထားချင်ကြဘူး၊ မလစ်နဲ့ လစ်ရင် ခိုးမယ်၊ သောက်မယ်၊ စားမယ်၊ ဒီလို ယုတ်မာတဲ့ စိတ်တွေက တယ်များကြတာပဲ၊ ဒါတွေ ကြီးစိုးနေသမျှ လူမျိုးလဲ မကောင်းဘူး၊ တိုင်းပြည်လဲ မကောင်းဘူး၊ ဘုန်းကြီးများဘက်ကကြည့်ရင်လဲ သာသနာလဲ မကောင်းဘူး၊ ဒါကြောင့် လူကလဲ လူ့သီလ လုံအောင် ထိန်းလို့၊ ဘုန်းကြီးတွေကလဲ ကိုယ့်သီလကိုယ် လုံခြုံအောင်ထိန်းလို့ဆိုရင် ခုဘဝ နောက်ဘဝ နှစ်ဖက်ကောင်းကောင်းရတယ်။

**ရှေးသူတော်ကောင်းတို့၏ လမ်း** ရှေးသူတော်ကောင်းတွေဟာ လွန်ခဲ့ပြီးတဲ့ အတိတ်ဘဝကလဲ လောဘ, ဒေါသတွေကို ပယ်ခဲ့တယ်၊ နောက်လာမယ့် သူတော်ကောင်းတွေလဲ ပယ်ရဦးမှာပဲ၊ ခု သူတော်ကောင်းတွေလဲ ပယ်ရမှာပဲ၊ သူတော်ကောင်းကို စာနဲ့ချိန်ထိုးလို့ မရဘူး၊ သူတော်ကောင်းတို့ရဲ့ သွားရာ လမ်းဟာ နိဗ္ဗာန် တစ်လမ်းပဲ ရှိတယ်၊ သူတော်ကောင်းတွေရဲ့ လမ်းကို ကိုယ် လိုက်နိုင်အောင် ကြိုးစားကြ၊ ကိုယ်နဲ့ စပ်လာတဲ့ ကိုယ့်ဘော်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေကိုလဲ အနေအထိုင်, အစားအသောက်ကအစ ပြုပြင်ပေးကြ၊ အဖိတ်နေ့,ဥပုသ်နေ့တွေမှာ ခေါ်ခေါ်ပြီးဩဝါဒပေးကြ။

**သူများ ဩဝါဒပေးဆိုတာ** ဦးဇနိတကျောင်းထိုင်တဲ့ ရွာမှာ သူကဒါယကာ, ဒါယကာမတွေကို ကိုယ့်သား သမီး ရှင်မပြုခင် ဖိုးသူတော်ဝတ်ထားဖို့ရာ ဩဝါဒပေးသတဲ့၊ လူတွေက မလိုက်နိုင်ကြဘူး၊ ဒါနဲ့ စိတ်ပျက်ပြီး တောထွက်သွားသတဲ့၊ သူများဩဝါဒပေးဆိုတာ အများ လိုက်နာနိုင်အောင် ပေးရမယ်၊ တို့ မြတ်စွာဘုရားဟာ ဒါတွေ ကြည့်ညိုစရာ ကောင်းတာပဲ၊ မြတ်စွာဘုရားက ယောကျ်ားမုန်းသမျှကို မိန်းမ မယူစေချင်ဘူး၊ ယူတော့လဲ ....

**"ဥဘော သဒ္ဓါ ဝဒညူ စ,**<br>
**သညတာ ဓမ္မဇိဝိနော၊**<br>
**တေ ဟောန္တိ ဇာနိပတယော,**<br>
**အညမညပိယံဝဒါ"** လို့ ဟောတော်မူတယ်။

"မိမိတို့ ဇနီးမောင်နှံရယ်လို့ ဖြစ်လာရင် နှစ်ယောက်လုံး သဒ္ဓါတရား တူမျှရတယ်၊ အသိဉာဏ် တူမျှရတယ်၊ ကိုယ်ကျင့်သီလ ကောင်းရမယ်၊ တရားသဖြင့် ရောင်းဝယ် ဖောက်ကားစားသောက်ရမယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုရင်လဲ ချစ်ဖွယ်သော စကားကိုပဲ ပြောရမယ်"လို့ ဟောလိုက်တယ်၊ ဟော–ဘယ်လောက်ကောင်းလဲ၊ ဒါကြောင့် သူများ ဩဝါဒပေးတယ်ဆိုတာ လိုက်နာနိုင်အောင် ပေးရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဩဇာအာဏာ ပေးဆိုတာ** ဩဇာအာဏာပေးတယ်ဆိုတာ ပေးတိုင်း ကောင်းတာ မဟုတ်ဘူး၊ ဦးအဂ္ဂ တံမြက်စည်းသည် ခေါ်လာတယ်၊ ဒါယကာကြီးကလဲ သံဃိကအတွက် မှာထားတယ်လို့ ပြောတယ်၊ ဦးအဂ္ဂကလဲ ခေါ်ပါဆိုလို့ ခေါ်ရတဲ့အကြောင်း ပြောတယ်၊ သူ့အပြစ်လဲ မဟုတ်ဘူး၊ ဘုန်းကြီးမှာ တော်တော် စိတ်ရှုပ်သွားတယ်၊ ဘုန်းကြီးမှာ ထာဝရဩဇာကို မသုံးပါဘူး၊ ဒါယကာကြီးကိုလဲ စိတ်အနှောင့်အယှက်မဖြစ်စေရဘူး၊ ကိုယ်သာ စိတ်အရှုပ်ခံမယ်၊ သူများကို ဩဇာသိပ်မသုံးဘူး၊ ဩဇာသုံးလိုက်ရင် သူတို့မှာ စိတ်မကောင်းပေဘူး၊ ဒါကြောင့် ဩဇာအာဏာ သုံးတယ်ဆိုတာ နေရာတိုင်း သုံးလို့ ကောင်းတာ မဟုတ်ဘူး။

**စိတ်ပြဒါးရှင် ဖမ်းနိုင်လျှင်** ကိုရင်တို့ ကိုယ့်စိတ်ကို ဘာဝနာနဲ့ ထုံထားကြ၊ လုံထဲမှာ ခတ်လုံး ထည့်ပြီး ဖိုထိုးသလိုပေါ့၊ မီးဘယ်လောက်ရှိရင် ပြဒါးလုံးဟာ ဘယ်အထိ တန်ခိုးထက်လာမယ်ဆိုတာ သိရသလို စိတ်တည်းဟူသော ပြဒါးလုံးလေးကို ဘာဝနာဖိုပေါ် တင်ထားလိုက်ရင် စိတ်တန်ခိုး ဘယ်လောက်အထိ တက်လာမယ်ဆိုတာ ကြာတော့ သိလာရတာပဲ၊ စိတ်ပြဒါးလုံးကို ဖမ်းနိုင်ဖို့ရာ အရေးကြီးတယ်၊ ကဲ ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၉)
(၁၉၇၉၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## ဒါနစွမ်းအား ဆွမ်းတရား

**သာသနာတွင်း ကုသိုလ်** ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာပွင့်ထွန်းပေါ်ပေါက်လာတော့ ကုသိုလ်တွေ ပြုစရာ ပြည့်နေတာပဲ၊ အခု ဆွမ်းဒကာ ဆွမ်းအမများ စဉ်းစားကြည့်ကြ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်နဲ့ မတွေ့ရင် အခုလို သံဃိကဒါန ဆွမ်းကုသိုလ် ပြုဖို့ဆိုတာ မလွယ်ပါဘူး၊ သာသနာနဲ့တွေ့လို့ ဆွမ်းကုသိုလ် ပြုရတယ်၊ ကုသိုလ်တွေထဲမှာလဲ သာသနာတွင်းကုသိုလ်, သာသနာပကုသိုလ် နှစ်မျိုးရှိတဲ့အနက်က သာသနာတွင်းကုသိုလ်က အကျိုးအားသန်တယ်၊ ဗုဒ္ဓမြတ်စွာနဲ့ တွေ့ရလို့ ယခုလို သံဃိကဒါနကုသိုလ်တွေ ပြုရတယ်၊ သာသနာနဲ့တွေ့တော့ ဆွမ်းကုသိုလ်ပြုကြတယ်၊ သူများပြုတာမြင်တော့ ကိုယ်ကလဲ ပြုချင်လာတယ်၊ ဘုန်းကြီးက အကုန်အကျ နည်းနည်းနဲ့ ကုသိုလ်ရတာ သဘောကျတယ်။

**ဒါနသည် ဘာကို အကျိုးပေးသလဲ** တချို့ ပိုက်ဆံတွေ အကုန်အကျခံပြီး ကုသိုလ်တွေ ပြုကြတယ်၊ သိပ်ကုန်ပြီး အကျိုး မရတော့ အလကားပဲ၊ တချို့

www.burmeseclassic.com



ကုသိုလ်ပြုချင်ကြတယ်၊ ဒါပေမယ့် မတတ်နိုင်ကြဘူး၊ မပြုနိုင်ကြဘူး၊ ဒါနဟာ အကုန်သက်သာမှ ကောင်းတယ်၊ ဆွမ်းဒါယကာ ဒါယိကာမတွေ ဒါနဟာ ဘာကို အကျိုးပေးသလဲ တွေးကြည့်ပါ၊ ကိုယ်တိုင်ကိုယ်ကြပ် သဘောကျအောင် တွေးကြည့်ပါ၊ သာမညလေးပဲလို့ သဘောမထားလိုက်ပါနဲ့၊ ဒါနဆိုတာ ကိုယ့်ရှိတဲ့ပစ္စည်း စွန့်ကြဲလိုက်တာပဲ၊ ကုသိုလ်မျိုးစေ့အကြဲခံရတဲ့ လယ်ယာမြေနဲ့ တူတဲ့ အလှူခံတွေက ကောင်းနေမှလဲ အပင်ဟာ ပေါက်မယ်၊ လယ်ယာမြေ မကောင်းရင် အပင်မပေါက်ဘူး၊ ယခုပြုတဲ့ ဒါနဟာ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာနဆိုတဲ့ အကျိုးငါးမျိုးကို ပေးတယ်၊ ဒီအကျိုးငါးမျိုးကို ရပါတယ်။

**လယ်ယာမြေကောင်း မျိုးစေ့ချ** ဒီအကျိုး ငါးမျိုးဟာ သာသနာပ,လဲ ရတယ်၊ သာသနာတွင်းလဲ ရတယ်၊ သာသနာတွင်းမှာ ဘုရားပါနေတယ်၊ ဘုရားရဲ့ ဝိနည်းတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ သံဃာတွေ ပါနေတယ်၊ ပုဂ္ဂိုလ် တစ်ပါး နှစ်ပါး မဟုတ်ဘူး၊ သံဃာမှာ ပရိနိဗ္ဗာန် ဝင်စံသွားတဲ့ အရိယာသံဃာကြီးတွေပါ ပါနေတယ်၊ ဘာပြုလို့လဲ၊ အသင်းအဖွဲ့ဖြစ်တဲ့ ဘုရားသားတော်အပေါင်း ပါနေတယ်၊ သံဃိကကျောင်းတွေ လှူတယ်၊ နေနေ မနေနေ ကျောင်းအလှူလဲ သံဃိကဒါနဖြစ်တာပဲ၊ အခု ဆွမ်းလဲ ဒီလိုပဲ၊ **"သံဃဿ ဒေမ"**၊ လယ်

www.burmeseclassic.com



မြေကောင်း မျိုးစေ့ ချလိုက်တာပဲ၊ ဆိုစမ်း–အလှူခံမှာ ...

**"အလှူခံမှာ, လယ်ပမာ၊ လှူရှာသူများ, လယ်သမား၊ အများလှူဖွယ်, မျိုးစေ့နှယ်၊ နောင်ဝယ် အသီးစား"**

အေး...အလှူခံပုဂ္ဂိုလ်တွေဟာ ဘာနဲ့ တူသလဲ၊ လယ်ယာမြေနဲ့ တူတယ်၊ အလှူရှင်က ဘာနဲ့ တူသလဲ၊ လယ်ယာလုပ်တဲ့သူနဲ့ တူတယ်၊ လှူဖွယ်ပစ္စည်းအစုနဲ့ စေတနာက မျိုးစေ့နဲ့ တူတယ်။

**ဘက်စုံကောင်းမှ အကျိုးပေးနိုင်** တို့လယ်ယာမြေက ပေါင်းမြက်တွေ ရှုပ်နေရင် အပင်တွေဟာ ကြီးထွားနိုင်ပါ့မလား၊ မကြီးထွားနိုင်ဘူး၊ တစ်ခါ လယ်ယာမြေကောင်းနေသော်လဲ မျိုးစေ့ မကောင်းရင် အပင်ဟာ ကြီးထွားနိုင်ပါ့မလား၊ မကြီးထွားနိုင်ဘူး၊ မျိုးစေ့နဲ့ လယ်ယာမြေက ကောင်းနေသော်လဲ လယ်လုပ်သူက နားမလည်နိုင်ရင်ကော အပင်ဟာ ကြီးထွားနိုင်ပါ့မလား၊ မကြီးထွားနိုင်ဘူး၊ ဒီတော့ကာ လယ်ယာမြေနဲ့တူတဲ့ အလှူခံပုဂ္ဂိုလ်တွေက ကောင်းရမယ်၊ လယ်ယာလုပ်သူနဲ့တူတဲ့ အလှူရှင်တွေကလဲ လှူပုံ လှူနည်း နားလည်ရမယ်၊ မျိုးစေ့နဲ့တူတဲ့ စေတနာ ဝတ္ထုပစ္စည်းတွေကလဲ သန့်ရှင်းစင်ကြယ်ရမယ်၊ ဒီလို ဘက်စုံမှ အကျိုးပေးသန်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**အစ်မကြီးဘဒ္ဒါနှင့် ညီမ သုဘဒ္ဒါ** ကျမ်းဂန်တွေထဲမှာ ဒါနနဲ့ ပတ်သက်လို့ တော်တော် ကျယ်ကျယ် ဝန်းဝန်း လာတယ်၊ဒီနေရာမှာ သံဃိကဒါနနဲ့ပုဂ္ဂလိကဒါန အကျိုးပေး ကွာခြားပုံကို ဘုန်းကြီး နည်းနည်း ပြောချင်တယ်၊ဟိုတုန်းက ရွာတစ်ရွာမှာ ဘဒ္ဒါနဲ့သုဘဒ္ဒါဆိုတဲ့ ညီအစ်မနှစ်ယောက် နေကြတယ်၊ အစ်မကြီးဖြစ်တဲ့သူက အိမ်ထောင်သည်ဘဝ ရောက်နေတယ်၊ ဒါပေမယ့် သူ့မှာ သား သမီးက မထွန်းကားဘူး၊ ဒီတော့ အစ်မကြီးက စဉ်းစားတယ်၊ "ငါတို့မရှိတဲ့နောက်မှာ ငါတို့ရဲ့ စီးပွားဥစ္စာတွေကို အမွေဆက်ခံမည့်သူ ရှိမှာ မဟုတ်ဘူး၊ မရှိရင် အားလုံး ပျက်စီးကုန်လိမ့်မယ်"လို့ စဉ်းစား ကြံစည်ပြီး ညီမဖြစ်တဲ့ သုဘဒ္ဒါကို သူ့ယောကျ်ားနဲ့ လက်ဆက်ပေးလိုက်တယ်၊ ပြီးတော့ သူ့ညီမကိုလဲ နေ့စဉ်မပြတ် ဆုံးမတယ်၊ ဆုံးမပုံကလေးက ....

"ငါ့ညီမ ... ဒါနကို ပြုရတယ်၊ သီလကို ဆောက်တည်ရတယ်၊ ဘာဝနာကို ပွားရတယ်" စသည်ဖြင့် ဆုံးမလိုက်တော့ ညီမဖြစ်သူကလဲ အစ်မကြီးရဲ့ အဆုံးအမပေါ်မှာ တည်ပြီး နေ့စဉ်အမြဲ ပြုလုပ်ဆောင်ရွက်တယ်၊ တစ်နေ့တော့ ညီမဖြစ်တဲ့ သုဘဒ္ဒါက ဆွမ်းကပ်ချင်တယ်၊ ဆွမ်းကပ်ချင်တဲ့အကြောင်းကိုလဲ သူ့အိမ်မှာ အမြဲထိုင်နေတဲ့ အရှင်ရေဝတကို လျှောက်ထားတယ်၊ ဒီတော့ အရှင်ရေဝတက "သုဘဒ္ဒါ... သင် ဆွမ်းကပ်ချင်ရင် ပုဂ္ဂလိက မကပ်နဲ့၊ သံဃိကကပ်၊ သံဃာကို ရည်မှန်းပြီးတော့ ကပ်"လို့ အမိန့်ရှိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ညီအစ်မနှစ်ဦး အကျိုးပေးပုံထူး** သုဘဒ္ဒါလဲ အရှင်ရေဝတ အမိန့်ရှိလိုက်တဲ့ အတိုင်း သံဃာ ရှစ်ပါး ပင့်ပြီး ဆွမ်းကပ်တယ်။

"**သံဃဿ ဒေမ၊ နိဗ္ဗာနပစ္စယော ဟောတု**=သံဃာတော်အား လှူပါ၏၊ နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ"လို့ ဒီလို့ အာရုံပြုပြီး လှူလိုက်တယ်၊ ဒါနဲ့ သူတို့ စုတေ သေလွန်တဲ့ အခါ ညီမဖြစ်သူက နိမ္မာနရတိနတ်ပြည်မှာ ဖြစ်တယ်၊ အစ်မကြီး ဖြစ်သူက တာဝတိံသာနတ်ပြည်မှာ သွားဖြစ်ရတယ်၊ ညီမဖြစ်သူက စဉ်းစားတယ်၊ "ငါဟာ ဒီစည်းစိမ် ချမ်းသာတွေကို ဘယ်သူ့ အမှီပြုပြီး ရခဲ့တာပါလိမ့်မလဲ"လို့ စဉ်းစားလိုက်တော့ အရှင်ရေဝတ အဆုံးအမကြောင့် ရတာပဲလို့ သူမြင်တယ်၊ နောက်တစ်ခါ "ငါ့အစ်မကြီးများ ဘယ်ရောက်နေပါလိမ့်မလဲ" လို့ စဉ်းစားကြည့်လိုက်ပြန်တော့ တာဝတိံသာမှာ ဖြစ်နေတာကို မြင်ရပြန်တယ်။

**အစ်မကြီးမျာ အံ့ဩရှာ** ဒါနဲ့ သုဘဒ္ဒါက သူ့အစ်မကြီး ရှိရာ တာဝတိံသာ နတ်ပြည်သို့ သွားတယ်၊ ဘုံချင်းကအလွန်ကွာခြားနေတော့အရောင်အဝါချင်းကလဲ အလွန်ကွာခြားနေတာပေါ့၊ အရောင်အဝါတွေ တောက်နေတဲ့ နတ်သမီးကို မြင်လိုက်တော့ တော်တော် အံ့ဩသွားတယ်၊ ဒါနဲ့ အစ်မကြီးက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သင်ဟာ ဘယ်ကပါလဲ၊ ငါတို့ရဲ့ ဘုံဌာနမှာ ဒီလို အရောင်တောက်ပတဲ့ နတ်သမီးကို တစ်ခါမှ မမြင်ဖူးပါဘူး၊ ဘယ်လို အကြောင်းနဲ့များ လာခဲ့ပါသလဲ"

"ကျွန်မဟာ တခြားလူ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ဘဝတုန်းက သင်နဲ့ ညီအစ်မ တော်ခဲ့ပါတယ်" စသည်ဖြင့် ပြောကြားလိုက်တော့ အစ်မကြီးဖြစ်သူက ...

"ဒီလိုဖြင့် သင့်မှာတော့ အထက်နတ်ပြည်မှာ ရောက်နေပြီး ငါ့မှာတော့ ဘာကြောင့် အောက်နတ်ပြည် ရောက်နေရပါသလဲ"

ဒီလို မေးလိုက်တော့ ညီမဖြစ်သူက ....

**"သာ ဒက္ခိဏာ သံဃဂတာ,**
**အပ္ပမေယျေ ပတိဋ္ဌိတာ၊**
**ပုဂ္ဂလေသု တယာ ဒိန္နံ,**
**န တံ တဝ မဟပ္ဖလံ။"**

"သံဃဂတာ–သံဃာအားရောက်သော၊ ဝါ–သံဃာအားလှူသော၊ သာ ဒက္ခိဏာ–ထိုအလှူသည်၊ အပ္ပမေယျေ–မနှိုင်းအပ် မနှိုင်းယှဉ်နိုင်သော အကျိုး၌၊ ပတိဋ္ဌိတာ–တည်၏၊ တယာ–သင်အစ်မကြီးသည်၊ ပုဂ္ဂလေသု–ပုဂ္ဂိုလ်တို့၌၊ ဒိန္နံ–ပေးလှူအပ်ပြီ၊ တဝ–သင်အစ်မကြီး၏၊ တံ–ထိုပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည်၊ န မဟပ္ဖလံ–ကြီးကျယ်ဖွံ့ဖြိုးများပြတ်သောအကျိုး မရှိနိုင်။"

www.burmeseclassic.com

www.burmeseclassic.com



**သံဃိကဒါနနှင့် ပုဂ္ဂလိကဒါန**

"သင်အစ်မကြီးက သံဃာကို ရည်မှန်းပြီး တော့မှ မလှူပဲဘဲ၊ ပုဂ္ဂိုလ်ကို ရည်မှန်းပြီး လှူဒါန်းတော့ ဘယ်မှာလာပြီး အကျိုးကြီး နိုင်ပါတော့မလဲ"

"အမလေး ညီမရယ်၊ အစ်မလဲ စောစောကသာ ဒီလို သိရရင် လှူတာပေါ့" စသည်ဖြင့် ပြောကြတယ်၊ ဒါ သံဃိက ဒါနနဲ့ ပုဂ္ဂလိကဒါန ကွာခြားပုံကို ပြောကြခြင်း ဖြစ်တယ်၊ ဒီလို လူ့ဘဝ နတ်ဘဝတွေကို ဆုတောင်းရမယ်လို့ မဆိုလို ပါဘူး၊ ဒါကို ဆွမ်းဒကာ ဆွမ်းအမတွေက သိထားကြပါ။

**အသက်ကို ပေးလှူရာရောက်**

ခုလို သံဃာများဆွမ်းကပ်တော့ ဆွမ်းကို ဘုဉ်းပေးကြတဲ့ သံဃာများမှာ အသက် ရှည်တယ်၊ ဘာပြုလို့လဲ၊ ၇ ရက်လောက် များ ဆွမ်းမစားရရင် ဒီသံဃာတွေ ပျော့ခွေနုံးချည့်ပြီး အားအင် ပြတ် မတ်တတ်ကလဲ သေပွဲဝင်ရမယ်၊ ခုတော့ ဒီဆွမ်းကို ဘုဉ်းပေးလိုက်ရလို့ အသက်ရှည်တယ်၊ စာပေကျမ်းဂန်များ သင်အံ လေ့လာနိုင်တယ်၊ သမထ ဝိပဿနာတရားများ အား ထုတ်နိုင်ကြတယ်၊ ဒါကြောင့် ဆွမ်းလှူတဲ့ ဒါယကာ, ဒါယိကာမတွေဟာ အသက်ကိုလဲ ပေးလှူသည်မည်တယ်လို့ ဘုရားဟောခဲ့တယ်။

**အဆင်းကိုလဲ လှူရာရောက်**

ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊အဆင်း ကိုလဲ ပေးလှူသည် မည်တယ်၊ ဘယ်လို ပေး လှူရာ ရောက်လဲ၊ ဒီ သံဃာတွေ ဆွမ်းကို

www.burmeseclassic.com

www.burmeseclassic.com



မဘုဉ်းပေးရရင် မျက်နှာတွေ ဘယ်လို ဖြစ်နေမလဲ၊ ဆွမ်းဒါယကာ ဆွမ်းအမတွေ တွေးကြည့်ကြ၊ မျက်နှာတွေ ရှုံ့တွနေမယ်၊ မကြည်မလင် ဖြစ်နေမယ်၊ ဆွမ်းဘုဉ်းပေးလိုက်တဲ့အခါ မျက်နှာတွေ ကြည်လင်လာမယ်၊ ဆွမ်းလှူတဲ့ ဒါယကာ ဒါယိကာမများမှာလဲ ဒီအကျိုးတွေ မုချ ခံစားရမယ်။

**ချမ်းသာကိုလဲ လှူရာရောက်** နောက်တစ်ခုက ချမ်းသာကိုလဲ ပေးလှူသည်မည်တယ်၊ ဘယ်လို ပေးလှူသလဲ၊ ဆွမ်းမစားရတော့ ဆင်းရဲတယ်၊ ကလေးတွေများဆိုငိုလိုက်တာ ကျူကျူပါလို့၊ သံဃာတွေလဲ ဆွမ်းမစားရရင် ကိုယ်တွေ ပိန်ချုံးပြီး စိတ်တွေ မချမ်းမသာ ဖြစ်ကြရမယ်၊ ဒီ ဆွမ်းဘုဉ်းပေးလိုက်ရတော့ ကိုယ်လဲ ချမ်းသာ၊ စိတ်လဲ ချမ်းသာ ဖြစ်ကြရတယ်၊ ဒါ့ကြောင့် ချမ်းသာကိုလဲ ပေးလှူရာရောက်တယ်။

**ခွန်အားကို ပေးလှူရာရောက်** လူတွေမှာ ခွန်အားဗလ မရှိရင် ဘာကိုမှ မလုပ်နိုင်သလိုဘဲ၊ ဒီ သံဃာတွေမှာလဲ ဆွမ်းမှ ဘုဉ်းမပေးရရင် ခွန်အားဗလတွေ ဆုတ်ယုတ်ကုန်မှာပဲ၊ ခွန်အားမရှိရင် သာသနာ့တာဝန်ကို မထမ်းဆောင်နိုင်ဘူး၊ စာပေပရိယတ်ကို မကြိုးစားနိုင်ဘူး၊ ဒီ ဆွမ်းစားရတော့ ခွန်အား ရှိလာတယ်၊ ခွန်အား ရှိလာရင် သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်တယ်၊ ဒါ့ကြောင့် ခွန်အားကိုလဲ ပေးလှူရာ ရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပညာကိုလဲ ပေးလှူရာရောက်** ပြီးတော့ ပညာကိုလဲ ပေးလှူရာရောက်သည် မည်တယ်၊ ဘယ်လို ပေးလှူရာရောက်သလဲ၊ ဘောဇဉ်အာဟာရ မမျှတတဲ့ နေရာတစ်ခုမှာ တရေးအားထုတ်ရင် တရားမရနိုင်တဲ့အကြောင်း ကျမ်းဂန်တွေထဲမှာ ပါတယ်၊ ဒါ့ကြောင့် ဆွမ်းမဘုဉ်းပေးရရင် ကိုယ်စိတ်မချမ်းသာဘူး၊ ကိုယ်စိတ်မချမ်းသာရင် ဉာဏ်တွေ ပွင့်မလာနိုင်ဘူး၊ ဉာဏ်မပွင့်ရင် စာပေကျမ်းဂန် သင်အံလေ့လာလို့ မဖြစ်နိုင်ဘူး၊ သမထ ဝိပဿနာတရားတွေကို ပွားများအားထုတ်လို့ မဖြစ်ဘူး၊ ဆွမ်းစားရတော့ ကိုယ်စိတ်ချမ်းသာတယ်၊ ကိုယ်စိတ်ချမ်းသာတော့ ဉာဏ်တွေပွင့်လာနိုင်တယ်၊ ဉာဏ်ပွင့်လာတော့ သာသနာနဲ့ဆိုင်တဲ့အလုပ်တွေကို ကြိုးစားအားထုတ်နိုင်တယ်၊ ဒါ့ကြောင့် ဉာဏ်ပညာကို ပေးလှူရာ ရောက်တယ်လို့ ဆိုရတယ်။

**ဒါနပြုသူများ စဉ်းစားစရာ** ဒါ့ကြောင့် ဆွမ်းဒကာ ဆွမ်းအမတွေက စဉ်းစားကြ၊ အလှူဒါန အကြီးအကျယ်တွေဟာ စာထဲမှာ မပါဘူး၊ ဝေဿန္တရာပါရမီဖြည့်စဉ်ကသာ ရှိခဲ့တယ်၊ ဒါလဲ သာသနာပအခါမှာသာရှိတယ်၊ သာသနာတွင်း ရောက်တဲ့အခါ တန်ဖိုးရှိရှိနဲ့ တတ်သိနားလည်ရင် တစ်ရာကျပ် ကုန်မယ့်ငွေဟာ ငါးဆယ်ကျပ်လောက်ပဲ ကုန်မယ်၊ ခုခေတ်ဒါနတွေက ဝါကြွား ပလွှားမှုတွေ များနေကြတယ်၊ ဘုန်းကြီးက ဝန်ကို မချွေရစိတ်ရှိလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ မဟုတ်ဘူး၊ ကုန်ရင်လဲ အကျိုးရှိရှိနဲ့ ကုန်စေချင်တယ်၊ ဘာမဟုတ်တဲ့ နေရာတွေမှာ ငွေတွေ ကုန်နေတာကတော့ မကောင်းဘူး။

**ဘုရားပွဲများ ပြုပြင်စရာ** ခုခေတ် ဘုရားပွဲတွေ တော်တော်ဝမ်းနည်းစရာကောင်းတယ်၊ သံဃာပင့် ဆွမ်းလောင်းတာက နည်းနည်း၊ ဇာတ်တွေ, အငြိမ့်တွေ ငှားပြီး ပျော်ပါးနေကြတာက များတယ်၊ ဘုရားကို အကြောင်းပြုပြီး ဖြစ်တဲ့ ပွဲမို့ ဘုရားပွဲတဲ့၊ ဟုတ်တယ်၊ တို့မြတ်စွာဘုရားက, မင်းသား မင်းသမီးတွေ က,တာကို ကြည့်ပါ့မလားကွယ်၊ မကြည့်ပါဘူး၊ သူတို့ ပြက်လုံးတွေကိုလဲ ဘုရားက သဘောကျလို့ တဟဲဟဲ ရယ်နေပါ့မလားကွယ်၊ မရယ်ပါဘူး၊ ပြီးတော့ ဘုရား ဆွမ်းတော်ပွဲ တင်သတဲ့၊ ဘဲကောင်လုံးကြော်, ကြက်ကောင်လုံးကြော်တွေနဲ့၊ ဟုတ်တယ်၊ တို့ မြတ်စွာဘုရားက ဒါတွေကို နှစ်သက်တော်မူပါ့မလား၊ မနှစ်သက်ပါဘူး၊ ဘုန်းကြီးက နည်းမှန် လမ်းမှန် ဖြစ်စေချင်တယ်။

ဘုန်းကြီးက ဘုရားကို ဆွမ်းတော် တင်တယ်ဆိုရင်လဲ တင်ပါ၊ တင်ရပါတယ်၊ ဒါပေမယ့် အကျိုးရှိစေချင်တယ်၊ ဒီလို အကျိုးများစေချင်လို့ ဒီဘုရားပွဲကို ပြင်ပါလို့ဆိုတာကို သူတို့က "ဦးဇနက ကွန်မြူနစ်, ဦးဇနက ကွန်မြူနစ်"လို့ ပြောကြတယ်၊ ဘုရားတွေကိုလဲ တစ်ရွာမှာ တစ်ဆူပဲ ထားပါလို့ ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတွေကိုလဲ တစ်ရွာမှာ တစ်ကျောင်းပဲ ထား ပါလို့ ပြောတယ်၊ ဒါကိုလဲ "ဦးဇနက ကွန်မြူနစ်, ဦးဇနက ကွန်မြူနစ်"တဲ့၊ ဘုန်းကြီးက "ပြောကြပေါ့၊ ပြောချင်တာ ပြော ကြပါစေ၊ တစ်နေ့ကျတော့ ဇာတ်ရည်လည်လာပါလိမ့်မယ်"လို့ ဆိုပြီး သည်းခံနေခဲ့တာပဲ၊ ဘုန်းကြီးက ဘောလုံးပဲ၊ ဘောလုံး ဟာ ပေါက်လေ တက်လေ မဟုတ်လားဟေ့၊ ဘုန်းကြီးကိုလဲ ဘေးက ဝိုင်းပြောကြတယ်လေ၊ ဘုန်းကြီးကတော့ ပြောလေ တက်လေပါပဲ၊ ကဲ ... ကိုရင်တို့ ကောင်းကောင်း နေကြ၊ သာသနာကို ပြုတတ်အောင် ပြုကြ၊ နည်းမှန် လမ်းမှန် ဖြစ်အောင် ကြိုးစားကြ၊ သံသရာ ကိုယ့်လမ်းနဲ့ကိုယ် သွားကြ ရမှာ၊ တော်ပြီ၊ ကဲ ... သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၁၀)
(၁၉၇၉၊ ဒီဇင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## အတုမဲ့ရတနာ

**အတုမရှိတိုင်း ရတနာဆိုလျှင်** ရတနာဟာ လောကီရတနာ လောကုတ္တရာ ရတနာလို့ နှစ်မျိုးရှိပါတယ်၊ ရတနာဟာ ဥစ္စာရှင်တွေကို နှစ်သက်စေပါတယ်၊ ဥစ္စာရှင် မဟုတ်သူတွေအတွက်တော့ အကုသိုလ် လောဘ ဖြစ်ကြရတယ်၊ လောကီရတနာတွေဟာ သတ္တဝါတို့ရဲ့စိတ်ကို ဆွဲဆောင်မှု အားကောင်းတယ်၊ ဒီလောကီရတနာတွေက လူတို့ အတွက် ဆိုးကျိုး ကောင်းကျိုး နှစ်မျိုးကို ပေးတယ်၊ ရတနာရှင် တွေဟာ မိမိရတနာ မိမိကြည့်ပြီး နှစ်သက်မှု လောဘတွေ ဖြစ်နေရတယ်၊ ဒီလောဘနဲ့ သေသွားကြည့်ပါလား၊ ပြိတ္တာ ဖြစ်မှာတော့ ကျိန်းသေတယ်၊ ဒီရတနာတွေ အမှီပြုပြီး လောက မကောင်းကျိုးကိုလဲ ခံစားကြရတယ်၊ လောကီရတနာတွေဟာ တန်ဖိုးရှိပါတယ်၊ ဒါပေမယ့် ဗုဒ္ဓရတနာကို မတုနိုင်ပါဘူး၊ ဗုဒ္ဓရတနာကို တုနိုင်တဲ့ ရတနာဟာ နိုင်ငံမှာလဲ မရှိဘူး၊ ကမ္ဘာ မှာလဲ မရှိဘူး၊ အတုမရှိတိုင်းသာ ရတနာလို့ ဆိုရရင် ဗုဒ္ဓ ရတနာကို တုနိုင်တဲ့ ရတနာ ရှာမတွေ့သေးပါဘူး။

**ရတနာအကျိုးပေးခြင်း ကွာခြားပုံ** ရတနာကို ပန်ဆင်ထိုက်သူတွေဟာ ဘုန်းကံရှင်များသာဖြစ်တယ်၊ ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကံမရှိတဲ့ အောက်တန်းစား, အလယ်တန်းစား အတော်အတန် အထက်တန်းစားပုဂ္ဂိုလ်များ မပန်ဆင်နိုင်ဘူး၊ လောကီရတနာကို ပန်ဆင်နိုင်တဲ့ ဘုန်းကံရှင်တွေဟာ နှစ်နှစ်သက်သက် စွဲစွဲလမ်းလမ်း အားပါးတရ သုံးဆောင်ကြတယ်၊ ရတနာပုံ အလယ်မှာ လောဘတွေ တက်ပြီး တရားလက်လွတ် ဖြစ်ကုန်ကြရတယ်၊ သတိလက်လွတ် ဖြစ်ကုန်ကြရတယ်၊ ဒီလောကီရတနာတွေရဲ့ အကျိုးပေးက ပစ္စက္ခဖြစ်တဲ့ မျက်မှောက်ဘဝမှာသာ အကျိုးပေးနိုင်တယ်၊ လောကုတ္တရာရတနာကတော့ မျက်မှောက်ဘဝမှာရော တမလွန်ဘဝမှာပါ အကျိုးပေးနိုင်တယ်၊ နောက်ဆုံး နိဗ္ဗာန်ထိအောင် အကျိုးပေးနိုင်ပါတယ်၊ ရတနာချင်း အကျိုးပေးက ဒါလောက်ထိအောင် ကွာခြားလှပါတယ်။

**စကြာရတနာ ပေါ်လာမည့်နေ့** လူတွေက စိန် ရွှေ ငွေ ကျောက်သံပတ္တမြားကိုမှ "ရတနာ"လို့ ထင်နေကြတယ်၊ အမှန်ကတော့ ရတနာ (၇)မျိုး ရှိတဲ့ အနက်က စကြာဟာလည်း ရတနာထဲမှာ အပါအဝင်တစ်ခုပါပဲ၊ စကြာဆိုတာ လည်စေတတ်တယ်လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီ စကြာရတနာ ပေါ်မည့်နေ့ဟာ လပြည့်နေ့ ဖြစ်ရမယ်၊ စကြာရတနာရှင် ဖြစ်မည့် ပုဂ္ဂိုလ်ကလဲ သာမညလူတို့ နေထိုင်ပုံမျိုးကို မနေရဘူး၊ စကြာပေါ်မည့် လပြည့်နေ့မှာပဲ သီလများကို အထူးစောင့်ထိန်းပြီး မေတ္တာဘာဝနာကို ပွားများနေရတယ်၊ စကြာရတနာ ပေါ်တော့မယ်ဆိုရင် (၁၂)ယူဇနာလောက်အ

www.burmeseclassic.com

www.burmeseclassic.com



ကြားရတယ်၊ သူ့ရဲ့အဆင်းကိုလဲ (၁၂)ယူဇနာလောက်က မြင်ကြရတယ်။

**စကြာပေါ်သောနေ့ လူတို့ ဖြစ်ပုံ** စကြာရတနာဟာ လပြည့်နေ့ လထွက်တာနဲ့ တစ်ပြိုင်နက် လနဲ့အတူ ထွက်ပေါ်လာတယ်၊ အဲဒီအခါ လူတွေဟာ အုတ်အုတ်ကျက်ကျက်နဲ့ ဟစ်အော်ဆူညံပြီး "ဟာ...လမင်းကြီး နှစ်စင်း ထွက်လာတယ်၊ ကြည့်ကြစမ်း"နဲ့ ပြောဆိုကြတယ်၊ လမင်းကြီးကလဲ သူသွားမယ့်လမ်းအတိုင်း သွားတယ်၊ စကြာရတနာကလဲမြို့တော်နန်းမဆောင်ဘက်သို့ထွက်ခွာလာတယ်၊ အဲဒီအခါကျမှ လူတွေရဲ့စိတ်တွေလဲ ငြိမ်သက်တည်ငြိမ်လာပြီး တစ်မျိုးတစ်မည် ဖြစ်ကြရပြန်တယ်၊ "လ မဟုတ်ဘူးဟေ့၊ စကြာရတနာကြီးကွ၊ တို့နန်းတော်ဘက်ကို လာနေတာ ကြည့်ကြစမ်း၊ ကြည့်ကြစမ်း၊ တို့မင်းတရား တရားစောင့်တယ်" စသည်ဖြင့် ပြောဆိုနေကြတုန်းမှာပဲ စကြာရတနာကြီးဟာ မမြင့်လွန်း မနိမ့်လွန်းဘဲ နန်းတော်ရဲ့ အရှေ့တံခါးပေါက်မှာ ဝင်ရိုးအစွန်းနဲ့ ထိပြီး ရပ်သွားတယ်၊ လူတွေလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်။

**စကြာမင်း၏ သြဝါဒ** စကြာရတနာ ဆိုက်ရောက်လာတဲ့အတွက် လူတွေဟာ မင်းတရားကြီးအပေါ် များစွာ ယုံကြည်ကြတယ်၊ ကြည်ညိုလေးစား အားထားကြတယ်၊ စကြာရတနာဟာ ဘုရင်မင်းမြတ် စီးနိုင်လောက်တဲ့ နေရာလဲ ရောက်ကရော၊ဘုရင်မင်းမြတ်က "အရှင်စကြာရတနာ

www.burmeseclassic.com

www.burmeseclassic.com



လည်တော်မူပါ"လို့ ဘုရင်မင်းမြတ်ကိုယ်တိုင် လေးစားရိုသေရတယ်၊ စကြာရတနာလှည့်လည်တဲ့အခါ(၁၂)ယူဇနာအတွင်း ရှိ လူများ အကုန်ပါနိုင်ပါတယ်၊ သတ္တဝါတစ်ဦးနဲ့တစ်ဦး ကံတရားချင်းတွေ မတူနိုင်ကြဘူး၊ ဘုန်းကြီးသူ ရှိတယ်၊ ဘုန်းနည်းသူ ရှိတယ်၊ ပညာကြီးသူ ရှိတယ်၊ ပညာနည်းသူ ရှိတယ်၊ ဆင်းရဲသူ ရှိတယ်၊ ချမ်းသာသူ ရှိတယ်၊ လူတွေက ကံတရားရဲ့ အကျိုးပေးကို နားမလည်ဘူး၊ အလုပ် မလုပ်ချင်ကြဘူး၊ ခေတ်နှင့်လျော်စွာ စကြာမင်းရောက်တဲ့ တိုင်းပြည်မှာ ရန်သူမရှိဘူး၊ စကြာမင်းက "**ပါဏော န ဟန္တဗ္ဗော**–သူ့အသက် မသတ်ကြနှင့်၊ သူ့ဥစ္စာ မခိုးကြနှင့်၊ သူတစ်ပါး သားမယား မပြစ်မှား မစော်ကားကြနှင့်၊ လိမ်ညာ မပြောကြနှင့်၊ သေရည်သေရက် မသောက်စားကြနှင့်၊ ကောက်ယူမြဲတိုင်းသော အခွန်အတုပ်တွေကိုသာ ကောက်ယူကြ"လို့ ဩဝါဒပေးတယ်။

**ဤဩဝါဒ တစ်ကမ္ဘာလုံး လိုက်နိုင်ကြရင်**

ကဲ...ဘယ်လောက်ကောင်းတဲ့ ဩဝါဒလဲ၊ ဒီလိုစကြာမင်းက ဆုံးမသွားတော့ တိုင်းသူပြည်သားတွေကလဲ လိုက်နာကြတယ်၊မင်းတရားကြီးရဲ့ ဩဝါဒကို ရိုသေကျိုးနွံစွာ ခံယူကြတယ်၊ တိုင်းပြည် အသီးသီးမှာလဲ ဘာ ဘေးရန်အန္တရာယ်မှ ဖြစ်ပေါ်မလာဘူး၊ စကြာမင်းကြီးရဲ့အဆုံးအမဟာ ဘာမှ ခက်တာ မဟုတ်ပါဘူး၊ ငါးပါးသီလပဲ၊ ဒီငါးပါးသီလ လုံခြုံရင် တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် လက်နက်မျိုးစုံနဲ့ စစ်ခင်းနေစရာလဲ မလိုတော့ဘူး၊ ခိုးစရာလဲ မလိုတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ခု ဒီသြဝါဒ မလိုက်နိုင်ကြလို့ ရုံးတွေ ထောင်တွေ ဂတ်တွေ အချုပ်တွေ ထားနေကြရတယ်၊ ဒီသြဝါဒအတိုင်းသာဆိုရင်လေ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီး ဖြစ်နေမှာ မလွဲဘူး။

**စကြာမင်းကို လူများ ပူဇော်ကြပုံ** စကြာမင်း မပေါ်ခင်တုန်းက လူတွေဟာ မိမိတို့ ရိုးရာအတိုင်း နတ်များကို ပူဇော်ပ,သကြတယ်၊ ရှိသေလေးစား မြတ်နိုးကြတယ်၊ စကြာမင်း ပေါ်လာတော့ နတ်တွေ ပူဇော်မယ့် ပန်းဆီမီးတွေကို ယူပြီး စကြာမင်းကို ပူဇော်ကြတယ်၊ နတ်ကို ပူဇော်နေရာက စကြာရတနာဘက် ပြောင်းသွားကြတယ်၊ လောကလူတွေဟာ သာရာကို လိုက်တယ်ဆိုတာ သိပ်ထင်ရှားတာပဲ၊ ဘယ်အနား ဘယ်ပုဂ္ဂိုလ်က ဘာတဲ့ဆိုရင် သူတို့ ရောက်ပြီးကြပြီ၊ ဒီပုဂ္ဂိုလ်ဆီက တစ်စုံတစ်ရာ ရလိုရငြား မျှော်လင့်ချက် အာသာလေးနဲ့ သွားကြတာပဲ၊ ပြီးတော့ စကြာရတနာတို့မည်သည်မှာ နှစ်ပေါင်း(၁၀၀) ဒီဘက်မှာ မပေါ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ လူတွေရဲ့ အကုသိုလ်တရားတွေက ကြီးမားနေလို့ပဲ။

**စကြာမင်းကြီး ဆင်ပျံစီးလို့** စကြာရတနာ ပေါ်လာပြီး ဆင်ပျံတော်ရတနာပေါ်လာရတယ်၊ အဲဒီ ဆင်ပျံတော်ရတနာဟာ ဆွတ်ဆွတ်ဖြူသော ကိုယ်, နီသော ခြေထောက် ရှိတယ်၊ ဌာနပေါင်း(၇)ခု ရှိတယ်၊ ခြေထောက် လေးချောင်း လေးဌာန, နှာခေါင်း တစ်ဌာန, အမြီး တစ်ဌာန, သို တစ်ဌာန ဒါတွေဟာ ဆင်ပျံတော်ရတနာရဲ့ ဌာနတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ အဲဒီ ဆင်ဟာ ကောင်းကင်ကို ပျံနိုင်တဲ့ ဆဒ္ဒန် ဆင်မျိုး, ဥပေါသထဆင်မျိုး ဖြစ်တယ်၊ ဆင်ရဲ့ နောက်ပိုင်းက (၁၂)ယူဇနာအတွင်းရှိ လူတွေဟာ ပါနိုင်တယ်၊ ဆင်ပျံတော် ရတနာဆိုလို့ အတောင်ပံခတ် ပျံတယ်လို့ မအောက်မေ့ကြနဲ့၊ ဘုန်းကံနဲ့ ပျံခြင်းသာ ဖြစ်တယ်။

**မြင်းပျံတော်ရတနာ ပေါ်လာပြန်** ဆင်ပျံတော်ရတနာပြီးတော့ မြင်းပျံတော် ရတနာ ပေါ်လာရပြန်တယ်၊ ဒီရတနာတွေ ပေါ်တာဟာ အကြောင်းအကျိုး ဆက်စပ်ပြီး နေတယ်၊ ဘုရင်မင်းတရားကြီးရဲ့ ဘုန်းတန်ခိုးအာနုဘော်ကြောင့် ဖြစ်ပေါ်လာရတဲ့ ရတနာတွေပဲ၊ မြင်းပျံတော်ရတနာဟာလဲ ဆွတ်ဆွတ်ဖြူသောကိုယ် ရှိတယ်၊ သူ့ရဲ့ ဦးခေါင်းက ကျီးသတ္တဝါရဲ့ ဦးခေါင်းလိုပဲ၊ ဝလာဟကမြင်းမျိုးမှ ဆင်းသက်လာတယ်၊ ဒီမြင်းပျံရတနာဟာ တိုင်းပြည်မှာ အလွန် အသုံးဝင်တယ်။

**ပတ္တမြားရတနာ ပေါ်လာပြန်** မြင်းပျံရတနာ ပေါ်ပြီးနောက် ပတ္တမြား ရတနာ ပေါ်လာပြန်တယ်၊ ဒီ ပတ္တမြား ရတနာဟာ ကျောက်မျက်ရွဲပတ္တမြား ရတနာမျိုး ဖြစ်တယ်၊ ပုံသဏ္ဍာန်မှာ ရှစ်မြှောက် ရှိတယ်၊ အလျားက စကြာရတနာဝင်ရိုးလောက် ရှိတယ်၊ ဝေပုလ္လတောင်က ရရှိတယ်၊ ဒီပတ္တမြားကို ရရှိထားလို့ရှိရင် မှောင်နေတဲ့ အခန်းဆောင်ထဲမှာ မီးထွန်းစရာ မလိုဘူး၊ မှောင်ပေ့ဆိုတဲ့ နေရာမှာ ပိုလင်းတယ်၊ ခုခေတ် ကြမ်းပိုးတောင် ရှာရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



**မိဖုရားရတနာ ပေါ်လာပြန်** အဲဒီနောက် မိဖုရားရတနာ ပေါ်လာတယ်၊ လက်ရှိ မိဖုရားက ကောင်းနေလို့ရှိရင် အဲဒီ မိဖုရားပဲ ရတနာအဖြစ် လက်ခံ ရရှိတယ်၊ လက်ရှိမိဖုရားက ညံ့နေရင် မြောက်ကျွန်း မဒ္ဒရာဇ်တိုင်းက လာရတယ်၊ မိဖုရားက အပြစ်ခြောက်ပါး ကင်းလွတ်ရတယ်၊ ဖြူလဲ မဖြူလွန်းရဘူး၊ မည်းလဲ မမည်းလွန်းရဘူး၊ နိမ့်လဲ မနိမ့်လွန်းရဘူး၊ မြင့်လဲ မမြင့်လွန်းရဘူး၊ ပိန်လဲ မပိန်လွန်းရဘူး၊ ဝလဲ မဝလွန်းရဘူး၊ ဒီလို အပြစ်ခြောက်ပါး ကင်းလွတ်နေရမယ်၊ လူထဲမှာ မည်သူနဲ့မျှ ယှဉ်လို့ မရဘူး၊ မိဖုရားရဲ့ ခန္ဓာကိုယ်ဟာ နွေအခါဖြစ်လျှင် အေးတယ်၊ ဆောင်းအခါ ဖြစ်လျှင် နွေးတယ်၊ ဥတုသုံးပါး မျှတယ်၊ နွေအခါဖြစ်လို့ ရှင်ဘုရင် အိုက်တော်မူတဲ့အခါ မိဖုရားခန္ဓာကိုယ်ပေါ် သုံးသပ်လိုက်ရင် အေးမြသွားတာပဲတဲ့၊ ဆောင်းအခါဆို နွေးထွေးသွားတာပဲ၊ စကြာမင်းကြီးအတွက် စိတ်ဆင်းရဲစရာဆိုလို့ တစ်ကွက်မျှ မရှိဘူး။

**ဂဟပတိရတနာ ပေါ်လာပြန်** မိဖုရားရတနာ ပေါ်လာပြီးနောက် ဂဟပတိရတနာ ပေါ်လာရပြန်တယ်၊ အဲဒီ ဂဟပတိရတနာ (သူကြွယ်ရတနာ)ကလဲ ပင်ကိုရှိရင်းစွဲ ဂဟပတိက ကောင်းနေရင် သူပဲ ရတနာဖြစ်တယ်၊ ဂဟပတိရတနာဟာ ဘုရင်မင်းတရားရဲ့ တန်ခိုးအာနုဘော်ကြောင့် နတ်တို့ရဲ့ မျက်စိလို စိန်,ရွှေ,ငွေ,ကျောက်သံပတ္တမြားတွေကို မြင်တွေ့ရတယ်၊ ဒီလို မြင်တွေ့တဲ့အခါ "ဟာဟိုအများ

www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုးတွေပါလား၊ ဒီနားကလဲ ရွှေအိုးတွေပါလား၊ ဒါတွေဟာ ပိုင်ရှင် မရှိဘူး"လို့ ဆိုပြီး ဘုရင်ကြီးထံ သံတော်ဦးတင်ရန် ရှေ့တော်မှောက် အခစား ဝင်ရောက်တယ်၊ စကြာမင်းလဲ အခစား ဝင်လာတဲ့ ဂဟပတိကို "ဘယ်လိုလဲ ဂဟပတိ၊ သင့်ရဲ့ လာပုံဟာ ထူးခြားလှပါလား"လို့ မေးတော့ ဂဟပတိက "မှန်လှကြောင်းပါ မင်းတရားကြီးဘုရား ... တိုင်းပြည်အတွက် လိုသောငွေများ ရှိပါက ကျွန်တော်မျိုးထံ အမိန့်ရှိပါဘုရား"လို့ သံတော်ဦးတင်ပြီး ထွက်ခွာသွားတယ်၊ ဒီနေရာမှာ ဂဟပတိရဲ့ မြင်ခြင်းဟာ သူ့ရဲ့ ဘုန်းကံအလျောက် မြင်ခြင်း ဖြစ်တယ်။

**သားကြီးရတနာ ပေါ်လာပြန်** ဂဟပတိရတနာ ပေါ်ပြီးနောက် သားကြီး ရတနာ ပေါ်လာရပြန်တယ်၊ သားကြီး ရတနာကလဲ မိဖုရားရတနာမှ ပေါ်လာတဲ့ သားကြီးရတနာ ဖြစ်တယ်၊ ဘုန်းကံ ရှိသူတို့ရဲ့ ကြာဝမ်းတိုက်မှာ ဘုန်းကံရှိသူတွေသာ ပဋိသန္ဓေဇကို တည်စေနိုင်, ဖြစ်စေနိုင်တယ်၊ စကြာမင်းရဲ့ သားကြီးရတနာဟာ စကြာမင်းကြီးရဲ့ ဘုန်းကံကြီးမားခြင်း, မိဖုရားကြီးရဲ့ ဘုန်းကံကြီးမားခြင်းတို့ ကြောင့် သားကြီးရတနာကို ရလာခြင်း ဖြစ်တယ်၊ ရှင်ဘုရင် ချာတူး, မိဖုရား ချာတူးသာဆိုရင် မိမိတို့ရဲ့သားလဲ ချာတူး ဖြစ်မှာပဲ၊ ဒါ့ကြောင့် အခုခေတ် မိခင်တွေဟာ "သားကောင်း တစ်ယောက် ကျောက်ကောင်းတစ်စေ့"ဆိုတာလို သား သမီး ကောင်း ရချင်လို့ရှိရင် သီလ သမာဓိရှိရှိနဲ့ နေထိုင်ကြရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှလဲ မိမိတို့က မွေးဖွားလာတဲ့ သားရတနာဟာ မိုးကြိုးလို တန်ခိုးသတ္တိ ရှိပြီး အစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ား အာဇာနည် ဖြစ်ဖို့ သေချာတယ်၊ ခု ဘုရင်မင်းမြတ်ရဲ့ သား ရတနာကတော့ တိုင်းပြည်ရေးရာနဲ့ စပ်လျဉ်းလာရင် ဘုရင်ကြီး ပြန်ကြည့်နေရတယ်လို့ မရှိဘူး၊ အေးချမ်း ငြိမ်သက်စွာ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းနေရုံပဲ ရှိတော့တယ်။

**တုမရနိုင်သည့် ဗုဒ္ဓရတနာ** ခု ဘုန်းကြီး ပြောပြခဲ့တဲ့ ရတနာတွေဟာ လောကီရတနာ (၇)ပါးပဲ၊ ဒီရတနာတွေဟာ လောကအလိုက် တု,မရတဲ့ ရတနာတွေပဲ၊ ဒါပေမယ့် ဘုန်းကြီးတို့ ဗုဒ္ဓရတနာနဲ့ နှိုင်းယှဉ်လိုက်တော့ တုလို့ မရအောင် ကွာခြားတယ်၊ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓရတနာ ဟာ ဘယ်လိုရတနာမျိုး ဖြစ်တယ်ဆိုတာကို စိစစ် ဝေဖန်ဖို့ လိုလာတယ်၊ ဗုဒ္ဓကို တူအောင်တော့ ပြုချင် ပြုနိုင်ကြမယ်၊ တုလို့ကတော့ မရနိုင်ဘူး၊ မာရ်နတ်မင်းဟာ ဗုဒ္ဓပုံတော်ကို တူအောင်တော့ ဖန်ဆင်းပြနိုင်တာပဲ၊ ဒါပေမယ့် ဘုရားကို ပြိုင်တုလို့ကတော့ မရနိုင်ဘူး။

**ဗုဒ္ဓရတနာနှင့် စကြာရတနာ** ဗုဒ္ဓဂုဏ်တော်တွေကို ချိုးမွမ်းလို့ မကုန်နိုင်ဘူး၊ ဗုဒ္ဓဟာ သာသနာ့ပ တိတ္ထိတွေကို ရန်သူလို သဘောမထားဘဲ တကယ့် မေတ္တာစေတနာ အရင်းခံပြီး ချွေချွတ်တော်မူခဲ့ပါတယ်၊ အစက ဘုန်းကြီး ပြော ခဲ့သလို လူတွေဟာ စကြာရတနာ ပေါ်လာတော့ နတ်ပွဲထိ

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်မယ့် ပန်းတွေကို မပူဇော်ကြတော့ဘဲ စကြာရတနာထံ ပူဇော်ကြတယ်၊ ခုတစ်ခါ ဗုဒ္ဓရတနာ ပွင့်ထွန်း ပေါ်ပေါက်လာတော့ စကြာမင်းကို မပူဇော်ကြတော့ဘဲ ဗုဒ္ဓကိုပဲ ပူဇော်ကြတော့တယ်၊ ဒီနေရာမှာ ဗုဒ္ဓရတနာနဲ့စကြာရတနာ ဘယ်လိုကွာခြားသလဲ၊ စကြာရတနာ သန္ဓေတည်ရတဲ့ နှစ်နဲ့ ဗုဒ္ဓရတနာ သန္ဓေတည်ရတဲ့နှစ်က တော်တော်ကို ကွာခြားပြီးတော့နေတယ်၊ စကြာရတနာကို သန္ဓေတည်ရရင် တစ်ကမ္ဘာ, နှစ်ကမ္ဘာ, သုံးကမ္ဘာပေါ့၊ ဗုဒ္ဓရတနာမှာတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး သန္ဓေတည်ခဲ့ရတယ်၊ ဗုဒ္ဓဟာ သတ္တဝါ ဝေနေယျတွေရဲ့ အကျိုးကို ဖြည့်ကျင့်ခဲ့တယ်၊ ဆင်းရဲဒုက္ခရောက်နေကြတဲ့ သတ္တဝါတွေကို သံသရာရေအလျဉ်မှ ကယ်တင်ပြီး နိဗ္ဗာန်သောင်ကမ်းသို့ ပို့ဆောင်ပေးခဲ့တယ်၊ ဒါ့ကြောင့် ရတနာချင်း ကွာခြားခဲ့တာပဲ။

**နတ်ဗြဟ္မာတွေတောင် မနေနိုင်**

ဒါတွေကြောင့်မို့လို့လဲ လူတွေက ဗုဒ္ဓကို ပူဇော်ကြတယ်၊ ဆည်းကပ်ကြတယ်၊ အရိုအသေ ပြုကြတယ်၊ ဒီလိုလူတွေရဲ့ အပူဇော် အဆည်းကပ် အရိုအသေ ပေးတာကို မပြောနဲ့၊ နတ်ဗြဟ္မာတို့ရဲ့ ရိုသေမြတ်နိုး ရှိခိုးမှုကို အကြိမ်ကြိမ်အထပ်ထပ် ခံယူရတယ်၊ လူတို့ရဲ့ အဆင်းထက် အဆပေါင်းမြောက်မြားစွာ သာလွန်တဲ့ သဟမ္ပတိဗြဟ္မာကြီးဟာ မြင်းမိုရ်တောင်လောက်ရှိတဲ့ ရတနာပန်းကုံးကြီးကို လှူခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဓမ္မာသောကမင်းကြီးဟာ ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာတွေကို စွန့်လွှတ်ပြီး ဗုဒ္ဓကို ပူဇော်ခဲ့တယ်၊ ဒါ့ကြောင့် ဗုဒ္ဓဟာ ဒီပြင် ပုဂ္ဂိုလ်တွေ အရိုအသေပြုမှုကို မဆိုထားနဲ့ အထက်တန်းဖြစ်တဲ့ ဘုရင် ဧကရာဇ်တွေ, နတ် ဗြဟ္မာတွေ တောင်မှ မနေနိုင်ဘူး၊ အရိုအသေပြုကြရတယ်။

(ခုဒ္ဒကပါဌ–ဋ္ဌကထာ၊ နှာ–၁၄၃ ရှု။)

**အရိုအသေပြုထိုက်လို့သာ ရတနာဆိုလျှင်** ဘယ်နေရာ မဆို ဘုရားရှင်ကို ဦးစားပေးကြတယ်၊ သာသနာပ တိတ္ထိများကတောင် ဘုရားရှင်ကို ဦးစားပေးကြတယ်၊ ဦးစားပေးပုံက ဘုရားရှင်ဟာ ဆွမ်းခံ ကြွပြီဆိုရင် အချိန်ထက် စောကြွတော်မူလေ့ရှိတယ်၊ ဒီလို စောစောကြွတော်မူတာကလဲ တိတ္ထိတွေရဲ့ကျောင်းကို ဝင်တော်မူလိုလို့ ဖြစ်တယ်၊ ဘုရားရှင်မကြွခင် တိတ္ထိတွေဟာ တောင်စဉ် ရေမရ လျှောက်ပြောနေကြတယ်၊ ဘုရားရှင် ကြွလာတာကို သိတော့ "ဟော့ ... ဟော့ ... တိတ်တိတ်နေကြ၊ ဂေါတမဗုဒ္ဓက ဆူညံနေတာကို မကြိုက်ဘူး၊ တိတ်ဆိတ်တာကို အလွန် သဘောကျတယ်"စသည်ဖြင့် ပြောဆိုပြီး ငြိမ်သက်စွာ နေထိုင် ကြတယ်၊ ဘုရားရှင်လဲ သူတို့နေရာရောက်ရော"အရှင်ဂေါတမ ကြွပါ, ကြွပါ၊ ကျုပ်တို့က အသင့်ကို မျှော်နေကြတာ၊ ခုမှ ကြွလာပေတော့တယ်" စသည်ဖြင့် ဖိတ်မန္တကပြုပြီး ရိုသေစွာ နေထိုင်ကြတယ်၊ မြတ်စွာဘုရားကလဲ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး တရားဟောတော်မူတယ်၊ တချို့လဲ ကျွတ်တန်းဝင်ကြတယ်၊ ဘုရားရှင်ဟာ အကျိုးမရှိတဲ့ စကားကိုလဲ ဘယ်တော့မှ မပြောဘူး၊ အကျိုးမရှိမယ့် နေရာကိုလဲ ဘယ်တော့မှ ကြွတော်မမူဘူး၊ ဒါ့ကြောင့် အရိုအသေပြုထိုက်လို့သာ ရတနာလို့ ခေါ်ရရင် ဗုဒ္ဓရတနာကို မီတဲ့ ရတနာ တစ်ခုမှ မရှိဘူး။

**မြေမှုန့်လှူလဲ အကျိုးရ** ကာသိတိုင်းမှာ ဖြစ်တဲ့ အဝတ်တွေဟာ သုံးမရအောင် ဟောင်းသွားပေမယ့် ယခုခေတ် အသစ်စက်စက် အဝတ်များနဲ့တောင် လဲလို့ မရနိုင်ဘူး၊ အဖိုးများစွာ ထိုက်တန်တယ်၊ ကာသိတိုင်း အဝတ်က အဖိုးများစွာ ထိုက်တန်နေသေးတယ်၊ ဒါပေမယ့် မြတ်စွာဘုရားရတနာနဲ့ လဲလို့ မရဘူး၊ ဘုန်းကြီးတို့ ပတ္တမြားရတနာကို ရရှိထားတဲ့ သူတွေဟာ လောကစည်းစိမ်ကို လိုလေသေးမရှိ သုံးဆောင်ခံစားနိုင်တယ်၊ မြတ်စွာဘုရားရတနာနဲ့ ယှဉ်ကြည့်ကြစို့ဆိုရင် ကွာခြားချင်တိုင်း ကွာခြားရတယ်၊ ဘာပြုလို့လဲဆိုတော့ လောကီရတနာတွေ သန္ဓေတည်ရတဲ့ခေတ်နဲ့ ဘုရားသန္ဓေတည်ရတဲ့ခေတ်ဟာ မတူလို့ဘဲ၊ ပတ္တမြားရတနာဟာ တွင်းထဲမှာ သန္ဓေတည်ရင် ဒီကမ္ဘာပျက်သလောက်သာ သန္ဓေတည်နိုင်တယ်၊ ဘုရားရတနာကတော့ ကမ္ဘာပေါင်းမရေတွက်နိုင်အောင် တည်ရတယ်၊ ဒါ့ကြောင့် ဘုရားကို ပူဇော်ရင် မသိနားမလည်တဲ့ ကလေးက မြေမှုန့် ကောက်လှူတောင် အကျိုးရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ပိုင်ပစ္စည်း ဘုံဆိုင် ပစ္စည်း** ဘုန်းကြီးတို့ လောကီရတနာဖြစ်တဲ့ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေဟာ ကိုယ်ပိုင်တာ မဟုတ်ဘူး၊ ကိုယ်ပိုင်တာက တစ်ခုမှ မရှိဘူး၊ ကိုယ်သေသွားတဲ့အခါ ကိုယ့်နောက်မှာ ကျန်ရစ်ခဲ့တဲ့ သားသမီးတွေက သုံးဆောင်ခံစားကြတာပဲ၊ ဒါ့ကြောင့် လောကီရတနာတွေဟာ ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘဲ ဘုံဆိုင်ပစ္စည်းတွေ ဖြစ်နေရတယ်၊ လောကုတ္တရာဖြစ်တဲ့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကတော့ ကိုယ်ပိုင်ပစ္စည်း ဖြစ်တယ်၊ ကိုယ်ပိုင်ပစ္စည်း ဖြစ်ပုံကလေး ဘုန်းကြီး ပြောပြဦးမယ်။

**အနာထပိဏ်သူဌေးကြီး အကြောင်း** ဘုန်းကြီးတို့ အနာထပိဏ်သူဌေးကြီးဟာ ရာဇဂြိုဟ်သူဌေးကြီးနဲ့ မောင်လှယ် နှမလှယ် တော်စပ်တယ်၊ မောင်လှယ် နှမလှယ်ဆိုတာက အနာထပိဏ်သူဌေးကြီးကလဲ ရာဇဂြိုဟ်သူဌေးရဲ့ နှမကို ယူထားတယ်၊ ရာဇဂြိုဟ်သူဌေးကလဲ အနာထပိဏ်သူဌေးရဲ့ နှမကို ယူထားတယ်၊ ဒါကို မောင်လှယ် နှမလှယ်လို့ ဆိုတယ်၊ အနာထပိဏ်သူဌေးကလဲ သူ့မြို့မှာရှိတဲ့ ကုန်တွေကို ရာဇဂြိုဟ်သူဌေးထံ ယူလာပြီး ရောင်းချတယ်၊ ရာဇဂြိုဟ်သူဌေးကလဲ သူ့မြို့မှာ ရှိတဲ့ ကုန်တွေကို သာဝတ္ထိမြို့ အနာထပိဏ်သူဌေးထံ ယူလာပြီး ရောင်းချတယ်၊ တစ်နေ့တော့ အနာထပိဏ်သူဌေးဟာ ကုန်တွေ ယူပြီး လာတယ်၊ ခါတိုင်း အနာထပိဏ်သူဌေး လာတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်သူဌေးက ထွက်ပြီး ကြိုနေကျ၊ ဒီနေ့ကျတော့မှ ထွက်မကြိုဘဲ သူ့အိမ်မှာ ရှိတဲ့သူတွေကို "ထမင်းတွေ ချက်ကြဟဲ့၊ ဟင်းတွေ ချက်ကြဟဲ့"နဲ့ ခိုင်းစေနေတာကို အနာထပိဏ်သူဌေးက အိမ်ရှေ့ကနေကြားတယ်၊ ကြားတော့"ဒီသူဌေးဟာ ခါတိုင်းငါလာတယ်ဆိုရင် ထွက်ပြီးကြိုနေကျ၊ ဒီနေ့ထွက်မကြိုပါလား၊ ဧကန္တ ဒီသူဌေးမှာ အာဝါဟ ဝိဝါဟမင်္ဂလာများ ရှိနေသလား၊ ဒါမှမဟုတ် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ စစ်သည်တော်တွေကို ထမင်းများ ဖိတ်ကျွေးမလို့လား"နဲ့ တွေးပြီး အိမ်ထဲဝင်သွားတယ်။

**ဘုရားသံကြား မေ့သွားရပုံ**

ဒီတော့မှ ရာဇဂြိုဟ်သူဌေးကလဲ ထွက်ပြီး ခရီးဦးကြိုပြုနိုင်တယ်၊ အနာထပိဏ်သူဌေးကလဲ သူ့စိတ်ထဲ ရှိတဲ့အတိုင်း ပြောပြလိုက်တယ်၊ ဒီတော့ ရာဇဂြိုဟ်သူဌေးက မဟုတ်တဲ့အကြောင်း မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တွေကို ဆွမ်းကပ်မယ့်အကြောင်း ပြောပြလိုက်တော့ အနာထပိဏ်သူဌေးဟာ မေ့သွားတယ်၊ နောက်သတိပြန်ရပြီး "နေစမ်းပါဦး သူဌေးကြီး, ခုနက သင်ဘာပြောလိုက်တာလဲ"လို့ ထပ်မေးတဲ့အခါ ရာဇဂြိုဟ်သူဌေးကလဲ "ဗုဒ္ဓလို့ ပြောလိုက်ပါတယ်"လို့ ပြန်ပြောတယ်၊ တစ်ခါ မေ့သွားပြန်တယ်၊ သုံးကြိမ် သုံးခါတိုင်အောင် မေ့သွား ပြီးတော့မှ ပြန်လည်သတိရတဲ့အချိန်မှာ "အဲဒီ ဗုဒ္ဓထံ ကျုပ် သွားချင်ပါတယ်"လို့ ပြောတော့ "အခုတော့ အချိန်မဟုတ်သေးပါဘူး၊ မနက်ဖန်ဆိုရင် ဗုဒ္ဓမြတ်စွာ ကြွလာပါလိမ့်မယ်၊ အဲဒီကျမှ ဖူးမြော်ပါ"လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘုရားအာရုံကြောင့် အလင်းရောင်ရ** အနာထပိဏ်သူဌေးကြီးဟာ ဘုရားဆိုတဲ့ အသံကို ကြားတဲ့ အချိန်က စပြီး အဲဒီ အာရုံနဲ့ နေလိုက်တာ တစ်ညလုံးပဲ၊ ဒီလို ဘုရားအာရုံ ကြပ်ကြပ်ထုံလာတော့ ခန္ဓာကိုယ်က အရောင် အဝါတွေ ထွက်လာတယ်၊ ပထမညဉ့်ဦးယံမှာ ခန္ဓာကိုယ်က အရောင်အဝါတွေ ထွက်လာတော့ မိုးလင်းပြီအထင်နဲ့ ထ, လိုက်တာ အပြင်ဘက် ထွက်ကြည့်တော့မှ စောနေသေးမှန်း သိလို့ အခန်းထဲ ပြန်အိပ်ပြန်တယ်၊ နောက် အရဏ်မတက်ခင် တစ်ခါ နိုးလို့ ကြည့်လိုက်ပြန်တော့ အလင်းရောင်တွေက ထွက်နေပြန်တယ်၊ ဒီတစ်ခါကျတော့ မိုးလင်းပြီဆိုပြီး ထ, သွားတယ်။

**မြေတစ်လှမ်း ကုဋေတစ်သန်း** ဒီလိုနဲ့ အနာထပိဏ်သူဌေးကြီး တဖြည်းဖြည်းနဲ့ သွားလိုက်တာ မြို့တံခါးရောက်သွားတယ်၊ မြို့တံခါးစောင့်နတ်တွေဟာလဲ တံခါးတွေ ဖွင့်ပေးကြတယ်၊ မြို့အပြင်ရောက်တော့ သူသေအလောင်း တက်နင်းမိတယ်၊ ရှေးခေတ် အိန္ဒိယထုံးစံက အလောင်းကို မြေမမြှုပ်ဘဲ အပြင်ပစ်ထားလေ့ ရှိတယ်၊ ဒီလို အလောင်း တက်နင်းမိတော့ လန့်သွားပြီး ကိုယ်ရောင်ကိုယ်ဝါတွေကလဲ ပျောက်ကုန်တယ်၊ ဒီတော့ သုသာန်စောင့်နတ်က **"သတံ ဟတ္ထီ သတံ အဿာ"** အစရှိတဲ့ ဂါထာနဲ့ အားပေးတယ်။

"သူဌေးကြီး .. ရှေ့ကိုသာ တိုးသွား၊ ရှေ့ကိုသာ တိုးသွား၊ သင့်ရဲ့ သွားခြင်းဟာ တန်ဖိုးမဖြတ်နိုင်ဘူး၊ ဆင်တစ်သိန်း,

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# စွဲမြဲစိတ်သန် အဓိဋ္ဌာန်

**အစကောင်းမှ**
**အနှောင်းသေချာမည်**

သတိဆိုတာ ဉာဏ်ရှိမှ အသုံးချလို့ရတယ်၊ ယခုခေတ် တချို့လူငယ်ပိုင်းတွေဟာ သတိလွတ်နေတဲ့အတွက်ကြောင့် လူလေလူလွင့်တွေ ဖြစ်နေကြတယ်၊လူဆိုတာ အကြားအမြင် များအောင်လဲ လုပ်ရတယ်၊ အကြားအမြင်များမှလဲ ကျန်းမာရေးလိုက်စားတတ်မယ်၊ ဒီဗဟုသုတအကြားအမြင်တွေဟာ ဘယ်သူ့ဆီက ရသလဲဆိုရင် ပုဂ္ဂိုလ်ဆီက ရတယ်၊ ပုဂ္ဂိုလ်ဆိုတာလဲ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ သူတော်ကောင်းပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီသူတော်ကောင်းပုဂ္ဂိုလ်ရဲ့ အထံမှ သုတအကြားအမြင်ကောင်းတွေကို ရနိုင်တယ်၊ ဒါမှလဲ အတ္တသမ္မာပဏိဓိဖြစ်မယ်၊ အတ္တသမ္မာပဏိဓိဆိုတာ မိမိစိတ် မိမိကိုယ်ကို ကောင်းကောင်းထားတာကို ဆိုတယ်၊ မိမိရဲ့ ကိုယ်,နှုတ်,စိတ် သုံးပါးလုံးကို ကောင်းတဲ့တရားတွေနဲ့ ထုံမွှန်းထားရင် အတ္တသမ္မာပဏိဓိ ဖြစ်နေတာပဲ၊ ဒီကျောင်းတိုက်မှာ တချို့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



လူမိုက် ဗာလ ဖြစ်ရတယ်၊ ပုဂ္ဂိုလ်တစ်ယောက်ဟာ သူတော်ကောင်းတရားတွေ ဘယ်လောက်ပဲ ရွတ်နေနေ စိတ်က မပါရင်...

**ယာဝဇီဝမ္ပိ စေ ဗာလော,**
**ပဏ္ဍိတံ ပယိရုပါသတိ၊**
**န သော ဓမ္မံ ဝိဇာနာတိ,**
**ဒဗ္ဗိ သူပရသံ ယထာ။**

လူမိုက်ဟာ အသက်ထက်ဆုံး ပညာရှိထံ မခွဲမခွာ ချဉ်းကပ်နေတယ်၊ ဒါပေမယ့် ဒီပုဂ္ဂိုလ်ဟာ ပညာရှိသူတော်ကောင်းရဲ့ အဆုံးအမ ဩဝါဒတရားစကားကို မသိဘူး၊ ဥပမာ ဘာနဲ့ တူသလဲဆိုတော့ ဟင်းမွှေယောက်မနဲ့ တူတယ်။

**(ဓမ္မပဒ၊ ဗာလဝဂ်၊ ဥဒါယိထေရဝတ္ထု။)**

တို့ ဟင်းမွှေယောက်မကြီးကွာ ဝက်သားဟင်းကို သွားမွှေတော့ကော သူဟာ ကောင်းတဲ့ အရသာကို သိပါ့မလား၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်တောင် ခု,ကြသေးတယ်၊ အချို့လဲ နား‌မထောင်နိုင်တော့ ဒီကျောင်းတိုက်က ထွက်သွားကြတယ်၊ ပျက်စီးကုန်ကြတာ များတာပဲ၊ ဒါကြောင့် ဆရာကောင်း သမားကောင်းနဲ့ ပေါင်းတိုင်း လူတော် လူကောင်း မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်တာ ကိုလဲ ဒီပါဠိက သက်သေခံနေတယ်။

**နောင်ကို ကောင်းဖို့ ခုကောင်းလိုက်ကြ** မိမိနေရတဲ့ဌာနမှာ သူတော်ကောင်းတွေ ရှိနေတာတော့ မှန်တယ်၊ ဒါပေမယ့် သင့်တင့်လျောက်ပတ်တဲ့ အရပ်တော့ မဟုတ်ဘူး၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဆိုတာ သူခိုး, ဓားပြ, သူပုန်ရန်သူ အစရှိတဲ့ ဘေးတွေ ကင်းဝေးပြီး ကုသိုလ် ကောင်းမှုကို အချိန်မရွေး ပြုနိုင်တဲ့အရပ်ဟာ သင့်တင့်လျောက်ပတ်တဲ့ အရပ်ပဲ၊ ဒီလို အရပ်မျိုးတွေမှာ နေရဖို့ဆိုတာကလဲ ရှေးကံကလဲ ကောင်းရတယ်၊ ဒါကြောင့် ဆိုကြစမ်း ....

**"ရှေးကကောင်းလို့ ခုကောင်းပါတယ်,**
**အခုကောင်း နောင်ကောင်းပါလိမ့်မယ်၊**
**ရှေးကဆိုးလို့ ခုဆိုးပါတယ်,**
**အခုဆိုး နောင်ဆိုးပါလိမ့်မယ်၊**
**နောင်ကိုကောင်းဖို့ ခုကောင်းလိုက်ကြပါစို့ကွယ်။**

ဟို ရှေးကံကောင်းခြင်းဆိုတဲ့ **ပုဗ္ဗေ စ ကတပုညတာ**ရှိသူ ဟာ နေရာကောင်း **ပဋိရူပဒေသဝါသ**ပြည့်စုံပြီး အဲဒီ အရပ်မှာ နေရတယ်၊ အဲဒီအရပ်မှာ သူတော်ကောင်း **သပ္ပုရိသူပနိဿယ** စက်နဲ့လဲ ပြည့်စုံတယ်၊ အဲဒီ သူတော်ကောင်းရဲ့ အဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမကောင်းတွေကိုလဲ နာကြားရတဲ့ **သဒ္ဓမ္မသဝနနဲ့** ပြည့်စုံလဲ ပြည့်စုံတယ်၊ သဒ္ဓမ္မသဝနနဲ့ ပြည့်စုံမှ မိမိကိုယ်ကို ကောင်းကောင်းထားခြင်းဆိုတဲ့ **အတ္တသမ္မာပဏိဓိနဲ့** ပြည့်စုံမယ်၊ မိမိကိုယ်နဲ့စိတ်ကို ကောင်းကောင်းထားတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်တွေရပြီး နောက်ဘဝအတွက် ပုဗ္ဗေ စ ကတပုညတာ ဖြစ်မှ နောက်ဘဝမှာ ဇကန်မုချ ဘဝကောင်းကို ရမယ်၊ ဒါကြောင့် ကိုရင်တို့ ကောင်းကောင်း နေရမယ်၊ ကိုရင်တို့ သစ္စာကို စောင့်သိ ရိုသေပြီး ရိုသေ လေးစားကြမယ်ဆိုရင် သနားစရာ မဖြစ်ဘဲ အားရစရာ ဖြစ်နေမယ်၊ အများကို သိမ်းသွင်းနိုင်အောင် အားထုတ်ကြ၊ အားထုတ်တဲ့ နေရာမှာလဲ မိမိခွန်အားဗလ သတ္တိရှိဖို့လိုတယ်၊ သာသနာအတွက် နောက်မဆုတ်တမ်း ကြိုးစားကြ။

**ဘဝပဒေသာ ဘုရားသာသနာ** တို့ ဘုရားသာသနာတော်ကြီးက တကယ့် ဘဝပဒေသာပင်ကြီး၊ ကိုယ်လိုချင်တဲ့ အသီးတွေကို ဆွတ်စားလို့ ရတယ်၊ ဒါန, သီလ, ဘာဝနာသီး, မဂ်သီး, ဖိုလ်သီးတွေကို ပြည့်နေတာပဲ၊ တို့မှာက ဆွတ်စားနိုင်တဲ့ အင်အားက သိပ်နည်းနေကြတယ်၊ တို့ သစ်ပင်တစ်ပင် ဆိုကြပါစို့ရဲ့၊ အဲဒီ သစ်ပင်အထက်ဆုံးမှာ သီးတဲ့ အသီးက အသီးချိုမြိန်တယ်၊ အလယ်နားက အသီးက သိပ်မချိုဘူး၊ အချဉ်ဓာတ် နည်းနည်းပါတယ်၊ အောက်နားက အသီးတွေကျတော့ တော်တော်ကို ချဉ်တယ်၊ အဲဒီအတိုင်းပဲ၊ တို့ ဘုရား သာသနာတော်ကြီးနဲ့ တူတဲ့ သစ်ပင်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



အထက်ဆုံးမှာ အလွန် ချိုမြိန်တဲ့ မင်္ဂသီး ဖိုလ်သီးတွေ မရှိဘူးလား၊ ရှိတယ်၊ အလယ်နားကျတော့ အချဉ်ဓာတ်နည်းနည်းပါတဲ့ သီလအသီးတွေ ရှိနေတယ်၊ နောက်နားကျတော့ တော်တော်ကို ချဉ်တဲ့ ဒါနသီးတွေ ရှိနေတယ်။

ဒီသာသနာဘဝပဒေသာပင်ကြီးမှာ ဒါနသီး, သီလသီး, ဘာဝနာသီး, မဂ် ဖိုလ်သီးတွေ ရှိနေတာတော့ မှန်တယ်၊ ဒါပေမယ့် အချို့ တတ်နိုင်တဲ့အင်အားက လုံ့ဝ မရှိရှာကြတော့ အချဉ်သီး အဖြုံ့သီးနဲ့တူတဲ့ ဒါန သီလလောက်တောင်မှ ဆွတ်ခူး မသုံးစွဲနိုင်ကြဘူး၊ အချို့ ဆွတ်ခူးပြီးတော့ စားကြပါရဲ့၊ ဒါပေမယ့် အထက်ဆုံးရောက်အောင် တတ်နိုင်တဲ့ အင်အားက မရှိ၊ အင်အားကုန်ပြီး မောပန်းနေတော့ ချိုပေ့ဆိုတဲ့ အထက်က မင်္ဂသီး ဖိုလ်သီးတွေကို ဆွတ်ခူး မစားသုံးနိုင်ကြတော့ဘူး၊ အောက်နားမှာ ရှိတဲ့ အချဉ် ဖြုံ့နဲ့တူတဲ့ ဒါနသီလသီးတွေလောက်ပဲ ဆွတ်ခူး စားသောက်ကြပြီး ပြန်ဆင်းလာခဲ့ရတယ်၊ အလွန် ဝမ်းနည်းစရာ ကောင်းတယ်၊ ဘုရားသာသနာဘဝပဒေသာပင်ကြီးနဲ့ တွေ့တုန်းမှာ တို့ မင်္ဂသီး ဖိုလ်သီးတွေကို ဆွတ်ခူး စားသောက်နိုင်အောင် ကြိုးစားကြရမယ်။

**ရေရှည်ဝါဒ ဘဝစီမံကိန်း** ဒီလို အထက် မင်္ဂသီး, ဖိုလ်သီးတွေ တက်ပြီး ဆွတ်ခူးစားသုံးနိုင်အောင် ဝီရိယ,သတိ,သမာဓိ, ပညာဆိုတဲ့ အင်အားတွေ ကောင်းနေရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမဆို ဖွဲ့ရှိဖို့ လိုတယ်၊ ဘဝတစ်ခုမှာ ရေရှည်ကို ကြည့်ရတယ်၊ စာက ဘာလဲ ...

"ယဒိ နိစ္စံ အနိစ္စေန,
နိဗ္ဗုလံ မလဝါရိနာ၊
ယသော ကာယေန လဗ္ဘေထ,
ယံ န လဒ္ဓါ ဘဝေ န ကိံ"

တို့ ဒီမမြဲတဲ့ ခန္ဓာကြီးနဲ့ ငြိမ်သက်အေးမြတဲ့ နိဗ္ဗာန်ကို မရနိုင်ဘူးလား၊ ရနိုင်တယ်၊ အညစ်အကြေးတွေ ပြည့်နေတဲ့ ခန္ဓာကြီးနဲ့ ညစ်ကြေး သန့်ရှင်း အပြစ်ကင်းတဲ့ ဂုဏ်တွေကိုကော မရနိုင်ဘူးလား၊ ရနိုင်တယ်။

ဘုရားတရားတော်ကိုတောင် ရနိုင်သေးရင် လောကမှာ မရနိုင်စရာ ရှိပါဦးမလား၊ မရှိတော့ပါဘူး၊ ဒါကြောင့် ဘဝ ရေရှည်စီမံကိန်းကို လိုက်ကြရတယ်၊ ဥပမာ–မိန်းကလေး တစ်ယောက်ကို မိမိက ချစ်နေတယ်ဆိုပါတော့၊ ဒါပေမယ့် မရဘူး၊ ဒီဘဝ မရ ရှိပါစေတော့၊ နောက်ဘဝ သူနဲ့ တန်းတူကို ရ,ရမယ်လို့ ရေရှည်ဝါဒကို ကြည့်ရမယ်၊ ဒါကြောင့် ကိုရင်တို့ ကြိုးစားအားထုတ်ကြပါ၊ အထက်ကို တက်နိုင်အောင် ကြိုးစားကြပါ၊ လူတွေဆိုတာက အထက်ကို ရောက်သူကိုမှ ကြည့်လို မြင်လိုကြတယ်၊ တွေ့လိုကြတယ်၊ ကျော်ကြားမှု ဆိုတာ ငယ်ငယ်က ဘယ်သူမှ မကျော်ကြားခဲ့ပါဘူး၊ ကြီးလာတဲ့အခါ ကြိုးစားမှုကြောင့် အထက်တန်း ရောက်ပြီး ကျော်ကြားလာရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ကျော်ကြားခြင်းနှင့် မာနတရား**

ကျော်ကြားမှုကို အလုပ် လုပ်ယူရတယ်၊ ဒီလို ကျော်ကြားလာတဲ့အခါ အောက်ခြေ လွတ်ပြီး မာနတရားတွေ ကြီးတတ်ကြတယ်၊ ခုခေတ် ကျော်ကြားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ တို့ မြတ်စွာဘုရား မီနိုင်ပါ့မလား၊ မမီနိုင်ဘူး၊ ပါရမီတွေ ဖြည့်ကျင့် လာခဲ့ရတယ်၊ ပြည့်လဲ ပြည့်ခဲ့တယ်၊ ပြည့်ခဲ့တဲ့အလျောက် ကျော်ကြားခဲ့တာပဲ။

ဗုဒ္ဓမြတ်စွာဟာ တေမိယဇာတ်တော်မှာ တေမိယမင်းသား ဖြစ်စဉ်အခါတုန်းက စကားမပြောဘူးဆိုပြီး စိတ်ကို အဓိဋ္ဌာန် ခဲ့တယ်၊ အဓိဋ္ဌာန်ခဲ့တဲ့အတိုင်းလဲ မပျက်မကွက် ကျင့်တော်မူ ခဲ့တယ်၊ ကျင့်တော်မူခဲ့တဲ့အတိုင်းလဲ ပါရမီတော်တွေက ပြည့် ခဲ့တယ်၊ ဘုရားအဖြစ် ရောက်တော့ လူ့ပြည် လူ့လောက လောကတင် ကျော်ကြားရုံ မဟုတ်ဘဲ နတ်ပြည်, ဗြဟ္မာ့ပြည် ထိအောင် ကျော်ကြားခဲ့ပါတယ်၊ ဒါပေမယ့် ဘုရားသခင်ဟာ မာနတရားတွေ ကြီးမနေပါဘူး၊ ခုခေတ် တချို့ပုဂ္ဂိုလ်တွေဟာ ဘာမဟုတ်တဲ့ ကျော်ကြားမှုလေးတွေနဲ့ မာနတရားတွေ တက် နေကြတယ်၊ တော်တော်တော့ ကြောက်စရာကောင်းတယ်၊ ကိုယ့်စိတ်ကို အဓိဋ္ဌာန်နဲ့ လုပ်တဲ့ အလုပ်ဟာ အောင်မြင်မှု ပိုရှိတယ်၊ အဓိဋ္ဌာန်တဲ့ နေရာမှာလဲ ခိုင်ခိုင်မြဲမြဲ စိတ်ကို ဆောက်တည်ထားရတယ်၊ တို့ သစ်ကျုတ် ဥပုသ်စောင့်သလို တော့ မလုပ်ကြနဲ့။

www.burmeseclassic.com

www.burmeseclassic.com



**သစ်ကျုတ်ကလေး ဥပုသ်စောင့်သလို** တို့ ခုခေတ် အဓိဋ္ဌာန်တွေက သစ်ကျုတ် ဥပုသ်စောင့်တာနဲ့တူတယ်၊ တစ်နေ့သော အခါ သစ်ကျုတ်တစ်ကောင်ဟာ တောတောင်ထဲ လှည့်လည်ပြီး အစာရှာထွက်သတဲ့၊ အစာကလဲ ဘယ်လိုမှ ရှာမရဘူး၊ အစာရှာလို့ မရတဲ့ အဆုံးကျတော့မှ ငါဒီနေ့တော့ ဥပုသ်စောင့်မှပဲလို့ အဓိဋ္ဌာန်လိုက်သတဲ့၊ အဓိဋ္ဌာန်ပြီး ချုံပုတ်ကောင်းကောင်းတစ်ခုအောက် သွားပြီး အိပ်လိုက်တယ်၊ ဒီအခါ သိကြားမင်းကလဲ သစ်ကျုတ်ရဲ့ အကြံကို သိလို့ စမ်းချင်တဲ့ အကြံ ဖြစ်လာတယ်၊ ဒါနဲ့ သမင်ယောင်ဆောင်ပြီး သစ်ကျုတ်ကလေး မြင်လောက်ရာ မလှမ်းမကမ်းက နေပြီး ပြေးလွှားနေတာပေါ့လေ။

ဒီအချိန်မှာ သစ်ကျုတ်ကလေးကလဲ ဆာလွန်းလို့ ဝမ်းက ပူနေပြီ၊ ဝမ်းပူနေတဲ့အချိန်နဲ့ သမင် ပြေးလွှားနေတဲ့အချိန် လာတိုးတော့ သစ်ကျုတ်ကလေးဟာ ဟယ်–စောင့်ပြီးထားတဲ့ အဓိဋ္ဌာန်ဥပုသ်က စောင့်ချင်လို့ စောင့်တဲ့ ဥပုသ်မှ မဟုတ်ဘဲ၊ အစာဆာလို့ စောင့်ရတဲ့ဥပုသ်ပဲ၊ယခု ငါ့မျက်မှောက် အစာတွေ့နေမှတော့ ထလိုက်မှပဲလို့ စိတ်ထဲက ကြံစည်ပြီး တကတည်းထ,လိုက်ပါရော၊ သမင် လေးလဲ ပြေးတာပေါ့၊ သမင်က ပြေး, သစ်ကျုတ်က လိုက်နဲ့ ပြေးတမ်း လိုက်တမ်းကစားသလို ဖြစ်နေတာပေါ့၊ မီလုမီခင် ဖြစ်ကာမှ သမင်ကလေးက ဝေးသွားလိုက်၊ ဒီလိုချည်း ဖြစ်နေတယ်၊ ဖြစ်မှာပေါ့၊ သမင်က သမင်တုကိုး၊ ဘယ်သစ်ကျုတ် လိုက်လို့ မီပါ့မလဲ၊ ဒါနဲ့ မမီတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆုံးကျတော့ လက်မှိုင်ချပြီး နေရင်းဖြစ်တဲ့ ချုံပုတ်အောက် အသာပြန်ဝင်ပြီး ဟောဟဲ ဟောဟဲနဲ့ ပါးစပ်က ညည်းညူ လိုက်သတဲ့၊ "အောင်မယ်လေး ကံကောင်းလို့ ဥပုသ် မကျိုး တယ်"လို့ ဆိုသတဲ့၊ အေး-ခုခေတ် အမိဋ္ဌာန်တွေကလဲ သစ်ကျူတ်ဆန်ဆန် ဖြစ်နေကြတယ်။

**အခုခေတ်အဓိဋ္ဌာန် ဥပုသ်များ** ခုခေတ် လူတွေ ဥပုသ် စောင့်ကြပါရဲ့၊ ဒါပေမယ့် သူတို့စောင့်တဲ့ဥပုသ်က ခုနက သစ်ကျူတ်လောက်တောင်အဆင့်အတန်း မမြင့်ချင်ဘူး၊ မလွှဲမရှောင်သာ စောင့်ကြရတယ်၊ ဘုရားစူး လွှတ်ရုံလောက် စောင့်ကြရတဲ့ ဥပုသ်တွေ ဖြစ်နေကြတယ်၊ မိရိုးဖလာ စောင့်ကြရတာ များနေတယ်၊ ဥပုသ်ရဲ့အကြောင်း အရာတွေကိုလဲ ဘာမှ နားမလည်ကြဘူး၊ ဥပုသ်သီလဟာ နားလည်ပါးလည် အသိရှိရှိနဲ့ စောင့်ထိန်းမယ်ဆိုရင် သိပ်ပြီး တန်ဖိုးရှိပါတယ်၊ လူတွေမှာ နေ့စဉ်နှင့်အမျှ အကုသိုလ်တွေ ရှိနေ ဖြစ်နေကြတယ်၊ တစ်လမှာ ရက်ပေါင်းသုံးဆယ် ရှိတဲ့ အနက်က လေးရက်လောက်စောင့်ရတဲ့ ဥပုသ်ကလေးပဲ၊ ဒီလောက် ရက်ကလေး အကုသိုလ်တွေ ဆေးကြောရတာ၊ ဒါကို မှန်မှန် မစောင့်ချင်ကြဘူး၊ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြတော့၊ တို့ ဗုဒ္ဓ မြတ်စွာအမိဋ္ဌာန်ကျတော့ အလွန်ခိုင်မြဲတော်မူတယ်၊ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဖြစ်တော်မူတဲ့အခါကျတော့ လူ, နတ်, ဗြဟ္မာတွေ လှုပ်လှုပ်ရှရှ ဖြစ်ကြရတယ်၊ ဒါပေမယ့် ဘုရားသခင် မာနကြီးတော်မူသလား၊ မကြီးပါဘူး၊ ကိုရင်တို့ မာနတွေ ကြီးမနေကြနဲ့၊ ကုသိုလ်တရားတွေ လက်ကိုင်ထားနိုင်ဖို့ အရေးကြီးတယ်၊ ကဲ...ကဲ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ်(၁၂)
(၁၉၈၀၊ ဖေဖော်ဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးသွားရာလမ်း

သာသနာတော်ဟာ အမြဲတမ်း တည်တံ့ ခိုင်မြဲနေမှာ မဟုတ်ဘူး၊ နောက်ဆုံးကာလ ကွယ်ပျောက်မှာ မလွဲဘူး၊ သာသနာတော်ကြီး မကွယ်ပျောက်ခင် မိမိတို့ တစ်ဖက် တစ်လမ်းကနေ စောင့်ထိန်းရမယ်၊ သာသနာတော်ကြီးဟာ ပြောင်းလဲနေတယ်၊ မတည်မြဲဘူး၊ တကယ့် ရဟန္တာများ လက်ထက်ကတောင် ပြောင်းလဲနေသေးတယ်၊ ခုခေတ်ပုဂ္ဂိုလ် များ လက်ထက်မှာ ပြောစရာ မလိုတော့ဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံသွားပေမယ့် ဟောကြား ဆုံးမတော်မူတဲ့ တရားဒေသနာတော်တွေ များစွာကျန်ခဲ့တယ်၊ အဲဒီ တရားတော်တွေအတိုင်း ပြောဆိုနေထိုင်သွားရင် နိဗ္ဗာန်နဲ့ မဝေးဘူး၊ နီးဖို့ရန်သာ အကြောင်းရှိပါတယ်၊ ဗုဒ္ဓတရားတော် တွေကို သိနေတဲ့သူဟာ သေရမှာကို မကြောက်ပါနဲ့၊ သေရမှာ ကြောက်သူဟာ တရားတော်ကို အထင်သေးရာ ရောက်နေ ပါတယ်၊ ဒါ့ကြောင့် မတည်မြဲနိုင်တဲ့ သာသနာတော်ကြီးမှာ ကိုယ့်ကိုယ်ကို ကောင်းကောင်းထားလိုက်ရမယ်။

**သာသနာ့ရှုပ်သေး** လူတွေက တို့ဘုန်းကြီးတွေရဲ့ အပေါ်မှာ ဒုက္ခနဲ့ ကြုံတွေ့မှ အရေးပါကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ကျန်းမာ ချမ်းသာစွာနဲ့ သား သမီး စည်းစိမ် ဥစ္စာ ရတနာတွေကို ပျော်တပြုံးပြုံး သုံးဆောင်ခံစားနေရတဲ့အချိန်မှာတော့ တယ်သတိမရကြဘူး၊ မိမိတို့ အိမ်ထောင်ရေး အဆင်မပြေလို့ဘဲဖြစ်ဖြစ်, စီးပွားဥစ္စာ မရှာကြံနိုင်လို့ သားကမုန်း သမီးကကန်း လုံးလုံးမှ အသုံးမကျတဲ့ဘဝကို ရောက်နေတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်, မိမိတို့မှာ အန္တရာယ်ကြမ္မာဆိုးတွေနဲ့ ကြုံတွေ့နေရတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် ဒီအခါမျိုးကျမှ အမှတ်ရတတ်ကြတယ်၊ တွေ့လိုမြင်လို ကြည်ညိုလိုကြတယ်၊ အမှန်တကယ်တော့လဲ ဘုန်းကြီးများရဲ့ သာသနာက ရပ်သေးမင်းသမီး မင်းသားတွေလို အစစ်မဟုတ်ဘဲ အတုတွေဖြစ်နေကြလို့ပဲ။

**အန်ဖတ်စားရသည့်နှယ်** တို့က လူတွေရဲ့ မလိုလဲလိုလဲ အသုံးပြုနေတာကို ပြုံးပြုံး ပြုံးပြုံးနဲ့နေလို့ကို မဖြစ်ဘူး၊ တို့ ခွေးတွေဟာ လူတွေ မစားချင်တော့လို့ စွန့်ပစ်တဲ့ ထမင်းကျန် ဟင်းကျန်တွေကို စားကြရ သောက်ကြရတယ်၊ ဒီခွေးတွေကို လူတွေကသာ မကျွေးဘဲ ထားကြည့်စမ်းပါလား၊ သူတို့အဖို့ စားစရာလမ်း မရှိတော့ဘူး၊ သတ္တဝါတွေမှာ နေရေးထက် ဝတ်ရေးခက်တယ်၊ ဝတ်ရေးထက် စားရေးခက်တယ်၊ နေဖို့ရာ ဌာနက မခဲယဉ်းဘူး၊ ဘယ်နေရာ ကပ်နေနေ ရနိုင်သေးတယ်၊ စားရေးအတွက်က ကပ်နေလို့ မရချင်ဘူး၊ ဒါကြောင့် သတ္တဝါတွေဟာ စားရေးနဲ့ ပတ်သက်ပြီး ပဋိပက္ခတွေ ဖြစ်ပွားနေကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တို့ဘုန်းကြီးတွေမှာလဲ လူတွေရဲ့ အစားအသောက်၊ အဝတ်အစားထဲက ပိုလျှံမှ စားကြရတယ်၊ ဝတ်ကြရတယ်၊ နေကြရတယ်၊ ဒါကို တို့က လောဘတွေ၊ ဒေါသတွေနဲ့ မြိန်ရေရှက်ရေ စားလို့ သေလို့ ဖြစ်ပါ့မလား၊ မဖြစ်ပါဘူး၊ တစ်ပါးနဲ့ တစ်ပါး ကျောင်းတွေ လုနေလို့ကော သင့်တော်ပါ့မလား၊ တို့မှာက လူတွေက ကျွေးတဲ့ ပစ္စည်းလေးပါးကို မြိန်ရေရှက်ရေ သုံးဆောင်နေလို့ မသင့်ဘူး၊ ဒီလိုသာ သုံးဆောင်နေရင် အန်ဖတ်တွေ စားပြီး အပါယ်လေးပါး သွားကြရမှာ အလွန်ဝမ်းနည်းစရာ ကောင်းတယ်။

**ဘာဝနာမပါ ကြောက်စရာ** ဒါကြောင့် ကိုရင်တို့ ဦးပဉ္စင်းတို့ ဒီအန်ဖတ်တွေ စားပြီး သာယာမနေကြနဲ့၊ ဝမ်းသာမနေကြနဲ့၊ လောဘ ဒေါသတွေ ဖြစ်မနေကြနဲ့၊ အစာအာဟာရ စသည်မှာ အာဟာရပဋိကူလသညာ ဖြစ်လောက်အောင် ကြိုးစားကြရမယ်၊ စားသောက်ကြရမယ်၊ မိမိရဲ့ ရုပ်နာမ်ခန္ဓာ တရားနှစ်ပါးအပေါ်မှာ သံဝေဂ ရစရာတွေ ရှာဖွေပြီး အားထုတ်ကြရမယ်၊ ဒီလို အမြဲမပြတ် အားထုတ်သွားမယ်ဆိုရင် ဘဝသံသရာအတွက် ကြောက်စရာမရှိဘူး၊ အားမထုတ်ဘဲ ဘာဝနာမပါဘဲ လူတွေရဲ့ ထွေးအန်ဖတ်တွေကို နေ့စဉ် စားသုံးပြီး သွားမယ်ဆိုရင် သံသရာအတွက် မတွေးဝံ့အောင်ဘဲ၊ အလွန်ကြောက်စရာ ကောင်းတယ်။

**ကိုယ့်လမ်းကိုယ်မြင် ကိုယ်တီထွင်** သတ္တဝါတို့ရဲ့ သံသရာသွားလမ်းဟာ နှစ်လမ်းပဲ ရှိတယ်၊ သုဂတိလမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒုဂ္ဂတိလမ်း၊ ဒီနှစ်လမ်းပဲ ရှိတယ်၊ ဒီနှစ်လမ်းမှာ သတ္တဝါတွေက ဘယ်လမ်းကို အလိုက်များနေသလဲ၊ ဒါကို စဉ်းစားကြရမယ်၊ ဒုဂ္ဂတိလမ်းဘက်ကို လိုက်နေကြတာက များမနေဘူးလား၊ သိပ်များနေတယ်၊ 'သတ္တဝါတွေက သုဂတိလမ်းဘက်ထက် ဒုဂ္ဂတိလမ်းဘက်ကို ခြေဦးလှည့်နေကြတာက များတယ်၊ ကိုယ့်လမ်းကိုယ် မြင်အောင်ကြည့်ကြ၊ ငါသွားမယ့်လမ်းဟာ ဘယ်လမ်းလဲ၊ ငါ့ရဲ့ ခြေထောက်တွေဟာ သုဂတိဘက်ကို ဦးတည်နေသလား၊ ဒါမှမဟုတ် ဒုဂ္ဂတိဘက်ကို ဦးတည်နေသလား၊ ဒါကို မျက်ခြေမပြတ် ကြည့်ပေးကြ၊ ဒီလမ်းကို ဘယ်သူကမှ ထွင်ပေးနေတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ ကိုယ်ထွင်နေကြတာပဲ။

**လမ်းဖြောင့်လမ်းမှန် ရွေးဖို့ အရေးကြီး** ဒီနေရာမှာ လမ်းဖြောင့်ကို ရွေးဖို့ အရေးကြီးတယ်၊ စာပေကျမ်းဂန်တွေကို အမှားမှား အယွင်းယွင်း လေ့လာပြီး တရားအားထုတ် အပတ်ကျင့်တဲ့အခါ မိမိ မှားယွင်းစွာ လေ့လာထားတဲ့အတိုင်း ကျင့်ကြတယ်၊ ဒီလို ကျင့်ကြတော့ လမ်းဖြောင့်မရဘဲ လမ်းကောက်သို့ ရောက်ကြရတာပေါ့။

မိမိကောက်နေတဲ့ လမ်းကို ဖြောင့်အောင် ပြုပြင်ဖို့ရန် လိုတယ်၊ စာပေပညာ အမျိုးမျိုး ရှိတယ်၊ စာရေးတဲ့ ပုဂ္ဂိုလ်တွေက အမှားဘက် လမ်းညွှန်ထားရင် ကြည့်ရှုတဲ့ ပုဂ္ဂိုလ်တွေမှာလဲ အမှားမှား အယွင်းယွင်း ဖြစ်ကြရတယ်၊ ဒါကြောင့် စာပေရေးသားတဲ့ ပုဂ္ဂိုလ်တွေဟာ အရေးကြီးတယ်၊ ရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာတွေကို ကြည့်ရှု မှတ်သား လေ့လာကြတဲ့ ပုဂ္ဂိုလ်တွေလဲ အရေးကြီးတယ်၊ စာပေကို လေ့လာမှတ်သားကြတဲ့အခါ ကိုယ့်ဉာဏ်နဲ့ကိုယ် နှိုင်းချိန်ပြီး ဒါကတော့ မှန်တယ်၊ ဒါကတော့ မှားတယ် စသည်ဖြင့် အမှား အမှန် လမ်းဖြောင့် လမ်းမှန်ကို ရွေးချယ်ဖို့ အရေးကြီးတယ်။

**သာသနာ့တာဝန်ကို လေးလေးပင်ပင်ထမ်းကြ** ဘုရားသာသနာ တွေ့တဲ့အခါ ကိုရင်တို့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ လေးလေးပင်ပင်နဲ့ ကြိုးစားအားထုတ်ကြ၊ လောကကြီးမှာ သတ္တဝါ အကျိုးကို သယ်ပိုး ရွက်ဆောင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေဟာ ပေါ်လာစမြဲဖြစ်တယ်၊ ထိုပုဂ္ဂိုလ်များဟာ **အတ္တဟိတ**–မိမိအကျိုး ပြည့်စုံပြီး၊ **ပရဟိတ**–သူတစ်ပါးအကျိုး၊ သတ္တဝါများ၏အကျိုး သယ်ပိုးဆောင်ရွက်ကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်းဆောင်ရွက်ကြတယ်၊ ကိုရင်တို့ကလဲ အားသွန်ကြိုးပမ်းဆောင်ရွက်ကြ။

**ထိုက်သူပန်** လောကီရတနာထက် ဘုရားရှင်ရတနာက ပိုပြီး တန်ဖိုးရှိတယ်၊ တန်ဖိုး မဖြတ်နိုင်ဘူး၊ ဘုရားရတနာဟာ ဘဝအဆက်ဆက် ပါရမီဖြည့်သူများသာ ပန်ဆင်နိုင်တယ်၊ လောကီရတနာတွေဟာ ကံထိုက်သူများသာ ရသလို ဘုရားရတနာကိုလဲ ထိုက်သူများသာ ပန်ဆင်နိုင်တယ်၊ အာရုံယူနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**နာမည်ကြီးတာ ချမ်းသာတာလား** လောကကြီးက နာမည်ကြီးလာရင် ဟုတ်တယ်လို့ ထင်ကြတယ်၊ တစ်သက်လုံး နာမည်ကြီးလာပေမယ့် သဘာဝကတော့ တယ်မဟုတ်လှပါဘူး၊ ဘုန်းကြီးရဲ့ဘဝဟာ ချမ်းသာတဲ့ဘဝ မဟုတ်ပါဘူး၊ ပါရမီဖြည့်တဲ့ဘဝကတော့ ဟုတ်ပါတယ်၊ ဘဝ သံသရာမှာ ပါရမီဖြည့်တယ်ဆိုရင် ကျန်းမာရေး ဂရုစိုက်ကြ ရတယ်၊ သက်တော့ မသက်သာဘူး၊ ဒါပေမယ့် စိတ်ကို ထိန်း ပေးကြ၊ နာမည်ကြီးအောင် မလုပ်ကြနဲ့၊ နာမည်ကြီးတာကို အချို့က ချမ်းသာတယ်လို့ ထင်ကြတယ်၊ အမှန်ကတော့ မချမ်းသာပါဘူး၊ တော်ကြာ ဟိုက လာ, ဒီက လာနဲ့ ဒုက္ခ တော်တော်များတယ်၊ သူတို့ကို ဟောရ ပြောရလို့ ကုသိုလ် တော့ ရပါတယ်၊ တာဝန်ကတော့ တော်တော်ကြီးတယ်၊ ခု ထိုက်တန်တဲ့ တာဝန်ကြီးကို ထမ်းရွက်နေတာဟာ နည်းတဲ့ တာဝန်ကြီး မဟုတ်ပါဘူး။

**နာမည်ကြီးရင် တာဝန် ပိုကြီး** နာမည်ကြီးရင် တာဝန်တွေကလဲ ပိုပြီး ကြီး လာတယ်၊ တာဝန်ဆောင်ပိုင်းတွေမှာလဲ ပိုပြီး အလုပ်ရှုပ်လာတယ်၊ ခု သံဃာတွေက များ လာတယ်၊ သံဃာများတော့ တာဝန်ပိုင်းဆိုင်ရာ လုပ်ငန်းတွေ ကလဲ ပိုများလာတယ်၊ မသက်သာပါဘူး၊ ကိုယ်တော်တို့ ကောင်းကောင်းနေနိုင်မှ ဒီကျောင်းကို နေကြပါ၊ဆိုင်ရာဆိုင်ရာ အုပ်ချုပ်နေတဲ့ ကျောင်းဘုန်းကြီးတွေကလဲ ဘယ်ပုဂ္ဂိုလ် ဟာဖြင့် သူတော်ကောင်းစိတ် မရှိဘူးထင်ရင် မထားကြနဲ့၊ ပြန်လွှတ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်အောက်ကို မကြည့်နဲ့** ဘယ်သူမဆို တာဝန်ဆောင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေ့ကြည့်၊ နောက်ကြည့် အရှည်ကို ကြည့်ရတယ်၊ မိမိ မျက်စိအောက်တစ်ဝိုက်လောက်တွင် မကြည့်ရဘူး၊ မျက်စိဟာ ရှင်နေရတယ်၊ ဒါကြောင့် တာဝန်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ မျက်စိတွေကို ဖြန့်ကြည့်ကြပါ၊ ကိုယ့်အောက်တွင် ကိုယ်မကြည့်ပါနဲ့။

**လူတွေ မျက်စိ မှောက်နေကြ** ကိုရင်တို့ စာတတ်နေရုံနဲ့ မပြီးဘူး၊ သီလဝန္တ စာတတ်တွေ ဖြစ်လာအောင် ကြိုးစားအားထုတ်ကြရမယ်၊ ဒါမှ သာသနာတော်ကြီး ကျက်သရေ ရှိမယ်၊ ခုခေတ် လူတွေ မျက်စိမှောက်နေကြတယ်၊ လောဘ, ဒေါသတွေ ကြီးနေတယ်၊ ခုခေတ် တိုးတက်နေတာတော့ လောဘ, ဒေါသတွေ တိုးတက်နေတာပဲ၊ ဆွေမျိုးအချင်းချင်း ဂုဏ်တု ဂုဏ်ပြိုင်တွေ ပြုကြ၊ အလှူအတန်းတွေဆိုလဲ ပကာသနတွေ ဖက်ပြီး စားနေကြ၊ လောဘ, ဒေါသတွေ တိုးတက်နေတာ၊ ဒါတွေဟာ ကောင်းတဲ့ လက္ခဏာတွေ မဟုတ်ဘူး။

**အိပ်မက်ကောင်း မက် မလာနိုင်** နူးနူးညွှတ်ညွှတ် မနေရဘူးလို့ ဘုန်းကြီးက မဆိုလိုပါဘူး၊ အကုသိုလ်တွေ တိုးတက်လာပုံကိုသာ ဘုန်းကြီး ပြောလိုရင်း ဖြစ်တယ်၊ အမှန်ကတော့ ခုတင်အကောင်းနဲ့ အိပ်လဲ ဒီလူပဲ၊ မကောင်းတာနဲ့ အိပ်လဲ ဒီလူပဲ၊ ခုတင်အကောင်းနဲ့ အိပ်ရုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကောင်း မက်မလာနိုင်ဘူး၊ အပို အသုံးအဆောင်တွေ တိုးတက်နေခြင်းဟာ လောဘ, ဒေါသတွေ အားကြီးနေလို့ မကောင်းဘူး၊ ခမ်းခမ်းနားနားနဲ့ နေဖို့ရန် မစဉ်းစားကြနဲ့၊ သေသွားရင် ဂုဏ်ပကာသနတွေက ပါလာမှာ မဟုတ်ဘူး။

ကိုရင်တို့ ပါရမီဖြည့်တယ်ဆိုတာ ဒီဘဝရဖို့ရာ မဟုတ်ဘူး၊ ဘဝသံသရာအတွက်လဲ မဟုတ်ဘူး၊ နိဗ္ဗာန်အတွက်ပဲ၊ ပါရမီဟာ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ရဲ့ လုပ်ငန်းဖြစ်တယ်၊ ဘာပဲဖြစ်ဖြစ် အတွေးအခေါ်ဆိုတာ ကိုယ်တိုင်လဲ ရှိရတယ်၊ ကိုယ်နဲ့ စပ်ဆိုင်တဲ့ ဒါယကာ ဒါယိကာမတွေကိုလဲ ရှိစေရမယ်၊ လိမ္မာအောင် စာသင်ကြ၊ တကယ်လဲ အမြော်အမြင် ရှိကြ၊ တို့ အားလုံးရဲ့ မျက်လုံးများသဖွယ် နေတဲ့ ပိဋကတ်ကျမ်းတွေသာ မရှိရင် အကန်းတွေ ဖြစ်ကုန်ကြမှာပဲ။

**မျက်စိတစ်ဖက် ကန်းနေသူများ** အနောက်နိုင်ငံသားတွေဟာ တို့မြန်မာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် သိပ္ပံပညာဘက်ဆိုင်ရာမှာတော့ ထိပ်တန်းပညာရှိတွေပါပဲ၊ ဒါပေမယ့် ကိုယ့်နိုင်ငံ တိုးတက်ဖို့ရာနဲ့ ကိုယ့်လူမျိုး ကြီးပွားဖို့လောက်ကိုသာ မြင်နေကြတယ်၊ ဒီဘဝ ကောင်းစားရေးကိုသာ ဦးစားပေးပြီး ကြည့်ကြတယ်၊ လာမယ့် သံသရာအတွက်ကို သူတို့ မမြင်ကြဘူး၊ အဲဒီလို တစ်ဖက်က သိပ္ပံပညာရပ် ထွန်းကားနေပေမယ့် တရားတော်အနေနဲ့ကတော့ တစ်ဖက်က ကင်းမဲ့နေပြန်တယ်၊ ကိုရင်တို့ ဦးပဥ္စင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဝတ်တတ်, စားတတ်, ဆက်ဆံတတ်ရတယ်၊ ဘဝသံသရာမှ နိဗ္ဗာန်အထိပါအောင် လုပ်ကြ၊ လက်ကလွှတ် ခြေကမြဲဆိုသလို ပညာရေးအနေနဲ့ ညံ့နေပေမယ့် တရားဘက်ကတော့ မြဲမြဲ ကိုင်ထားကြ၊ အသက်ရှည်ရှည်နဲ့ ကျန်းမာရေးကောင်းအောင် ကိုယ်တိုင် ပြုလုပ်ကြ။

**ပရိယတ်,ပဋိပတ် စုံပါစေ** တချို့ပုဂ္ဂိုလ်တွေက ကိစ္စတစ်ခုကို ကြီးကြီး ကျယ်ကျယ် လုပ်ချင်ကြတယ်၊ တချို့က တော့ ကြီးကြီးကျယ်ကျယ် မလုပ်ချင်ကြဘူး၊ ကြီးကြီးကျယ်ကျယ် သိုင်းသိုင်းဝိုင်းဝိုင်း လုပ်ချင်ကြတာ ဟာ နတ်တဲ့ လူတွေ လုပ်ချင်ကြတာ၊ ဒါတွေဟာ အပေါ်ယံ အကာဖုံးနေတဲ့ ပကာသနတွေပဲ၊ တချို့က ပရိယတ္တိသာသနာ ကို အထင်သေးပြီး ပဋိပတ္တိကို အဟုတ်ထင်ကြတယ်၊ ပဋိပတ် မှာ ပရိယတ်ပါမှ ဖြစ်တယ်ဆိုတာကို စဉ်းစားဖို့ ကောင်းတယ်၊ အမှန်ကတော့ ပရိယတ် ပဋိပတ် စုံနေမှ နိဗ္ဗာန် သွားရာလမ်း ဟာ ဖြောင့်မယ်၊ ပရိယတ်ချည်း ကြိုးစား အားထုတ်နေပြန်လို့ ရှိရင်လဲ ဂုဏ်ပကာသနဘက် လိုက်ပြီး ပဋိပတ်ဘက်က ကင်း လွတ်သွားမယ်။

**နောက်ဆုံး သွားရာလမ်း** လူတွေရဲ့နောက်ဆုံးသွားရာလမ်းဟာ နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ကို မရောက်ခင် စပ်ကြားမှာ သံသရာ ကြီးထဲ ကျင်လည်ကြရဦးမှာပဲ၊ဒီလို ကျင်လည်

www.burmeseclassic.com

www.burmeseclassic.com



ကြရတာကလဲ အလုပ်ကို တကယ်တမ်း အားကြိုးမာန်တက် မလုပ်ကြလို့ ဖြစ်တယ်၊ လူတွေက ပကာသနတွေ ခြယ်လှယ်ထားတဲ့ အသိုင်းအဝိုင်းနဲ့ ဂုဏ်များကို မြတ်နိုးခင်မင် နှစ်သက်တယ်၊ ရအောင်လဲ လုပ်ကြတယ်၊ ဒီလိုသာဆိုရင် သတ္တဝါတွေ သံသရာကြီးမှ မလွတ်ဘဲ ကျင်လည်ကြရဦးမှာ၊ ကိုရင်တို့ အလုပ်ကို ကြိုးစားလုပ်ကြ၊ တရားကို မမေ့ကြနဲ့၊ ကဲ ... တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၁)
(၁၉၈၀၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးကမ္ဘာနှင့်အချိန်တန်ဖိုး

**ရွှေအိုးကို တွေ့ရသလို** ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်မှာ သာယာမှု လောဘနဲ့ ကင်းမနေနိုင်ဘူး၊ ဒါပေမယ့် သာယာမှု လောဘကို ဣန္ဒြေလုပ်ပြီး ရှောင်နိုင်ရင် တော်တယ်လို့ ဆိုရမှာပဲ၊ ဒီသံသရာအဆက်ဆက်က ပါလာတဲ့ လောဘကို တရားနဲ့မှ မထိန်းရင် ပိုသည်ထက် ပိုသာ ဆိုးလာစရာ ရှိတယ်၊ လောဘအလိုကို မလိုက်ကြနဲ့၊ လောဘအလိုကို လိုက်ရင် သံသရာမှာ မသက်သာဘူး၊ ကိုရင်တို့ကို ဘုန်းကြီးက ဆုံးမနေတာ တက်သုတ်ရိုက် ဆုံးမနေခြင်း ဖြစ်တယ်။

အပြစ်ကို ပြ ပြောဆိုဆုံးမတတ်တဲ့ မိဘ, ဆရာသမား, မိတ်ဆွေများနဲ့တွေ့ရတာဟာ ရွှေအိုးကို တွေ့ရတာနဲ့ တူတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ မိမိအတွက် ရွှေအိုးကို လက်ညှိုးထိုးပြနေခြင်း ဖြစ်တယ်၊ ဒီလိုနေ, ဒီလိုသွား, ဒီလိုလာ, ဒီလိုစား စသည်ဖြင့် ပြောဆိုဆုံးမနေတာကို လိုက်နာတဲ့ သူများမှာ သူ့အတွက် တစ်သက်တာ စားလို့ မကုန်နိုင်တဲ့ မသိုးထမင်း မသိုးဟင်း ဖြစ်တယ်၊ ဒီ ပစ္စုပ္ပန် တစ်သက်တာတွင်မက ဘဝသံသရာ အဆက်ဆက် စားလို့ မကုန်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လက်ပိုက်ကြည့်မနေကြနဲ့** ခုခေတ်လူတွေက ကိုယ့်သားသမီးကို မြှောက်ပေးနေကြတယ်၊ လှလှပပ ပြင်ဆင်ပေးကြတယ်၊ ကလေးက ပြုံးတာကို မနေ့ခွေ့သဘောတွေ့နေကြတယ်၊ ဒီလိုသာ အမြဲလုပ်ပေးနေရင် ဒီကလေးဟာ သာယာတဲ့ လောကကို ရှာဖွေမလာပေဘူးလား၊ သာယာမှု လောကမှာ နစ်မြုတ်လေလေ, ပျက်စီးခြင်းမက ပျက်စီးလေလေဖြစ်ရတာပဲ၊ ဒီလို ပျက်စီးလာတဲ့အခါကျတော့မှ မျက်ရေခံ တောင်းပန်ရတဲ့ဘဝ ရောက်ရတာပဲ။

တပည့် သား သမီးတွေဟာ သူတို့ဘဝကို သာယာတဲ့ လောကထဲမှာ မြှုပ်နှံချင်ကြတယ်၊ ဒါကို ဆရာမိဘ လုပ်သူတွေက လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ အိုးလုပ်သူဟာ မိမိအိုးများ ကောင်းရန်အတွက် ကျနစွာ ထုခတ်ပေးရသလို ဆရာမိဘများဟာလဲ မိမိတို့ တပည့် သား သမီးများ ကောင်းစားရေးအတွက် ကျနစွာ အပြစ်ကိုပြ ဆုံးမကြရမယ်၊ ငါပြောဆိုငေါက်ငမ်း ဆုံးမလိုက်တဲ့အတွက် သူတို့ စိတ်တွေများ ညစ်သွားလေမလားဆိုပြီး မဆုံးမပဲ မနေပါနဲ့၊ ကိုယ့်သားသမီးကို တကယ်ချစ်တယ်ဆိုရင် ဆုံးမကြရမယ်၊ ငယ်ငယ်ရွယ်ရွယ်က လိုက်နာရကောင်းမှန်း မသိသေးတဲ့ သားသမီးတပည့်တွေဟာ ကြီးလာတဲ့အခါကျတော့ နားလည်သဘောပေါက်လာကြလိမ့်မယ်၊ ဒီအခါကျတော့မှ ဆရာသမား မိဘ ညာတကာတို့ ပြောဆိုဆုံးမသွားတာတွေဟာ တယ်မှန်ပါလားလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆရာမိဘ စသူတို့ရဲ့ ဂုဏ်ကျေးဇူးကို ပြောမကုန်အောင် ရှိကြလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**အထုအစတ်ကောင်းမှ အိုးကောင်းနိုင်** အိုးကို လုပ်တဲ့ အိုးလုပ်သမားဟာ ထုတတ်,ခတ်တတ်ရတယ်၊ မထုတတ် မခတ်တတ်ရင် စောင်းတဲ့ နေရာက စောင်း, ရွဲ့တဲ့နေရာက ရွဲ့နေတတ်တယ်၊ နောက်ဆုံး အိုးကွဲခြင်းသို့ ရောက်ရတယ်၊ ဒီအတိုင်းပဲ ဆရာသမား မိဘစသူတွေကလဲ ကိုယ့်တပည့်သားသမီးကို ပြောဆိုဆုံးမတတ်ရတယ်၊ အဆုံးအမလွဲရင် တပည့်သားသမီးတွေဟာ အပျက်လောကထဲ ရောက်သွားတယ်၊ တပည့် သားသမီးများ အပေါ်မှာ ဆုံးမကျွမ်းကျင်ဖို့လိုတဲ့ မိဘဆရာတွေဟာ ဗုဒ္ဓကျမ်းစာတွေနဲ့ နီတိကျမ်းတွေကို နိုင်နိုင်နင်းနင်း တတ်ကျွမ်းထားရမယ်၊ ဒါမှ ဆုံးမတဲ့နေရာမှာ ထက်မြက်မယ်၊ တချို့ တပည့်တွေဟာ ဆရာသမား စသည်က အပြစ်ပြ ဆုံးမကြတဲ့အခါ မခံယူတတ်ကြဘူး၊ အထုအရိုက်မခံတဲ့ အိုးလိုပဲ၊ အဲဒီလို မခံယူတတ်တဲ့ တပည့်တွေဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး၊ ဆရာ မိဘ စသည်တို့ကလဲ အထုအခတ်ကောင်းအောင် ထုကြ၊ တပည့် သား သမီးတွေကလဲ လိုက်နာကြ။

**ပညာရှိတို့တာဝန်** ဆရာသမားနဲ့မိဘလုပ်သူများဟာတပည့် သား သမီးများအပေါ် လိမ္မာအောင် သွန်သင်ဆုံးမ နည်းပေးလမ်းပြကြတယ်၊ ဒီလို ကျေးဇူးရှင်တွေအပေါ်မှာ ကျေးဇူးသိခြင်းဟာ သာမန်လူပုဂ္ဂိုလ်တို့ ပြုနိုင်ခဲသော အလုပ်ဖြစ်တယ်၊ တကယ့်ပညာရှိတို့ရဲ့တာဝန်ကြီးသာ ဖြစ်တယ်၊ ဒါကြောင့် ကျေးဇူးကြီးမားလှတဲ့ ဆရာ မိဘများ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် တပည့်သားသမီးတွေဟာ ကျေးဇူးသိတတ်တဲ့ ပညာရှိ ဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

လူတစ်ယောက်ရဲ့ အလေ့အလာ ဝါသနာဟာ မိဘဆွေမျိုး ဆရာသမားစသော ပုဂ္ဂိုလ်တွေမှ ကူးစက်တတ်တယ်၊ ကူးစက်တဲ့ နေရာမှာလဲ အကောင်းကူးစက်တာလဲ ရှိတယ်၊ အဆိုး ကူးစက်တာလဲ ရှိတယ်၊ အကောင်းကူးစက်ဖို့ အလွန်အရေး ကြီးတယ်၊ မိမိရဲ့ မိဘ ဆရာသမားတွေက ကောင်းနေမှ မိမိ အတွက်လဲ အကောင်းဖြစ်တယ်၊ ဓာတ်ဆိုတာ လိုက်တတ်တဲ့ အမျိုး ဖြစ်တယ်၊ ဒီလို ကူးစက်ပြီး ဓာတ်ဝင်လာခြင်းကို ပဋ္ဌာန်း အရာမှာ ပကတူပနိဿယ နဲ့ ကျေးဇူးပြုတယ်၊ မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းများ ဖြစ်ကြတဲ့ ကလျာဏမိတ္တများဟာ ကုသိုလ်ဘက်မှာ ကျေးဇူးပြုကြတယ်။

ဆရာသမားရဲ့ ဝီရိယရှိမှုကြောင့် မိမိလဲ ဝီရိယကောင်းလာ မယ်၊ ဆရာကောင်း၊သမားကောင်းနဲ့တွေ့ရန် အရေးကြီးတယ်၊ တွေ့ရမှလဲ ဝီရိယ ကောင်းလာမယ်၊ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်ရတယ်၊ စွဲစွဲမြဲမြဲ လုပ်မှလဲ အရာထင်တယ်၊ ဝိပဿနာ ဘာဝနာကို အားထုတ်တဲ့ နေရာမှာလဲ စွဲစွဲမြဲမြဲ ပိုင်ပိုင်နိုင်နိုင် မြဲမြဲလုပ်မှလဲ အရာထင်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ပုဂ္ဂိုလ်တစ် ယောက်ရဲ့ အကောင်းဟာ ပုဂ္ဂိုလ်တစ်ယောက်မှ ကူးစက် ကျေးဇူးပြုတာကတော့ အဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကို ရတာနဲ့ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မျိုး ပြုတ်မစားနဲ့** ဒါကြောင့် ကိုရင်တို့ ကိုယ့်ကိုယ်ကို မျိုးပြုတ်မစားကြနဲ့၊ မျိုးပြုတ်စားတယ်ဆိုတာ ဒီဘဝ ရတာလေးကို ဒီဘဝမှာ အာရုံကောင်းတာလေးတွေနဲ့ ခံစားလိုက်ရင် မျိုး ပြုတ်စားရာ ရောက်တော့တာပဲ၊ ကိုရင်တို့ ဘဝတစ်ခုမှာ ...

(၁) အမျိုးကို ကြည့်ရမယ်၊
(၂) အဆင်းအင်္ဂါကို ကြည့်ရမယ်၊
(၃) မိဘ ဆွေမျိုးကို ကြည့်ရမယ်၊
(၄) မိမိဉာဏ်ပညာကို ကြည့်ရမယ်၊

ကိုယ့်ကိုယ်ကို မျိုး ထားပြီး နောက်ဘဝ သံသရာအတွက် အရှိန်ယူထားရတယ်။

လောကကြီးမှာ ဘုန်းကြီးရယ်, လူရယ်လို့ ဖြစ်လာရင် အလကားသက်သက် အချိန်မဖြုန်းသင့်ဘူး၊ ဘုန်းကြီးတော့ လမ်းလျှောက်တာတောင် စာပေများကို စဉ်းစားပြီး လျှောက်တယ်။

"ပက္ကာနံ–မှည့်ရင့်ကုန်သော၊ ပတ္တဖလာနံ–အရွက် အသီးတို့၏၊ ပတနံ–ကြွေကျခြင်းသည်၊ နိစ္စံ ယထာ–မြဲသကဲ့သို့၊ သတ္တာနံ–ဖြစ်ပေါ်လာသော သတ္တဝါတို့၏၊ မရဏံ–သေခြင်းသည်၊ နိစ္စံ–မြဲ၏ "တဲ့။

နေကလဲ ပူ, လေကလဲ တိုက်လို့ ရင့်ရော်မှည့်ဝင်းလာတဲ့ သစ်ရွက်လေးတွေဟာ မမြဲပုံ သင်္ခါရသဘောတရားကို ပြပြီး

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ် တစ်ဖျောက်ဖျောက် ကြွေကျနေသလို ရုပ်နာမ် သဘောတရားတွေဟာ ဖြစ်,ပျက်,ချုပ်ကွယ်ပြီးနေကြတယ်၊ ဝိပဿနာဘာဝနာလုပ်ငန်းဟာ စတင်အားထုတ်တဲ့နေရာမှာ တောင်ပေါ် တက်ရသလိုပဲ၊ အစပထမတော့ ခက်တယ်၊ တောင်ပေါ်ရောက်သွားတဲ့အခါ စိမ်းလမ်းစိုပြေနေတဲ့ သစ်ပင်တွေကို ကြည့်ရတဲ့အခါ တောင်ပေါ်တက်လာခါစက မောလာတာတွေဟာ အကုန်လုံးပျောက်ပြီး စိတ်ချမ်းသာ,ကိုယ်ချမ်းသာ ဖြစ်လာရသလို တရားအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ အဆင့်အတန်းအလိုက် စိတ်တွေဟာ တဖြည်းဖြည်း မြင့်တက်လာရတယ်၊ ဒါကြောင့် ကိုရင်တို့ ဣန္ဒြေကြီးကြီးမားမား ထား၊ စကား နည်းနည်းပါးပါး ပြော၊ စိတ်ကို မြင့်မြင့်မတ်မတ် ထားကြ၊ မည်သည့် နေရာကိုမှ စွဲစွဲမြဲမြဲ စွဲလမ်းမှု မထားကြနဲ့။

**လူတို့ဥပါဒါန် စွဲလမ်းခြင်း** ဘုန်းကြီးတို့ ရဟန္တာပုဂ္ဂိုလ်ကြီးတွေဟာ ရုပ်နာမ်ခန္ဓာ တရားတွေကို တဏှာ ဒိဋ္ဌိတွေနဲ့ မစွဲလမ်းတော့ဘူး၊ သာမန် ပုထုဇဉ်တွေမှာတော့ လင်ရယ်, မယားရယ်လို့ ဖြစ်လာတဲ့အချိန်က စပြီး မရသေးတဲ့ သားသမီးကို လှမ်းချစ်ကြတယ်၊ ဒါတွေဟာ မဟုတ်တာတွေကို စွဲလမ်းနေခြင်း ဖြစ်တယ်၊ မဟုတ်တာတွေကို စွဲလမ်းနေတာဟာ အရူးတွေပဲ၊ အရူးလို့ အခေါ်ခံရတဲ့ အရူးကလဲ သူ့ကိုယ်သူ အရူးလို့ မသိဘူး၊ အရူးမဟုတ်တဲ့ (အရူးအခေါ်မခံရတဲ့) သူများကလဲ သူတို့ကိုယ် သူတို့ အရူးလို့ မသိကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လူတို့ရဲ့အသွင် မတူမျှ**

ဒါကြောင့် ကိုရင်တို့ စွဲလမ်းမှု မထားကြနဲ့၊ မိမိတို့ရဲ့ စိတ်တွေကို စိတ္တ, ဝီရိယ, ဝီမံသ ဆိုတဲ့ အဓိပတိတရား တပ်ထားကြ၊ ကိုယ်နှစ်သက်ရာတရားကို နှလုံးသွင်းကြ၊ ဘုန်းကြီး ဒီလို ခိုင်းရတာက ပုဂ္ဂိုလ်တွေဟာ တစ်ဦးနဲ့တစ်ဦး အသွင် မတူကြဘူး၊ ဒီတစ်ကျောင်းတိုက်လုံးဆိုတာ မပြောနဲ့၊ တစ်အိမ်တည်းအတူနေကြတဲ့သူတွေတောင် အသွင် မတူကြဘူး။

ရှေးတုန်းက ပုဏ္ဏားကြီးတစ်ယောက်ကို ရှင်ဘုရင်က "ပုဏ္ဏားကြီး... ငါကိုယ်တော် အရှင်မြတ် ဆုတော် လာဘ်တော်များ ပေးသနားတော်မူမယ်၊ အလိုရှိရာ ဆုလာဘ်ကို တောင်းလော့"လို့ အမိန့်ချမှတ်လိုက်တဲ့အခါ ပုဏ္ဏားကြီးကလဲ "ကောင်းလှပါပြီ ဘုန်းတော်ကြီးဘုရား၊ ကျွန်တော်မျိုး အိမ်ပြန်ပြီးကာမှ ဆုလာဘ်များ တောင်းပါ့မယ်"လို့ သံတော်ဦးတင်ပြီး ထွက်သွားတယ်။

အိမ်ရောက်တဲ့အခါ မယားနှင့်တကွ သား ချွေးမ, ကျွန်မဖြစ်တဲ့ ခုန္နာတို့ကို ခေါ်ပြီး မျက်နှာစုံညီကြတဲ့အခါ ပုဏ္ဏားကြီးက ပြောတယ်၊ "တို့ဘုန်းတော်ကြီးဘုရားက ဆုလာဘ်များ ပေးသနားတော်မူမလို့တဲ့၊ သင်တို့တစ်တွေ ဘာဆုလာဘ် အလိုရှိကြတယ်ဆိုတာ သိရအောင် လာပြီး တိုင်ပင်တာပဲ"လို့ ပြောတယ်၊ ဒီအခါ ပုဏ္ဏေးမက "သူများမေးတာတော့ ဟုတ်ပါပြီ၊ ရှင်ကကော ဘာဆုလာဘ်များကို လိုချင်ပါသလဲ"လို့

www.burmeseclassic.com

www.burmeseclassic.com



မေးပြန်တယ်၊ "ငါကတော့ ရှာစားဆုကို ယူမယ်"လို့ ပုဏ္ဏားကြီးက ပြန်ပြောတယ်၊ "နို့…မင်းကကော ဘာဆုများ ယူမလဲ" လို့ ပုဏ္ဏားကြီးက မေးပြန်တယ်၊ ပုဏ္ဏေးမက "ကျွန်မတော့ နို့စားနွားမတစ်ရာဆိုရင် တော်ပါပြီ"လို့ ပြန်ပြောတယ်။

ဒါနဲ့ပုဏ္ဏားကြီးက"သားကကော ဘာဆုများ ယူမလဲ"လို့ သားဖြစ်သူကို မေးပြန်တယ်၊ ဒီတော့ သားဖြစ်သူကလဲ "ကျွန်တော်ကတော့ အာဇာနည်မြင်းကတဲ့ ယာဉ်ရထားကြီးကို လိုချင်ပါတယ်"လို့ ပြောတယ်၊ တစ်ခါ ချွေးမဘက်လှည့်ပြီး "ကဲ ချွေးမကကော ဘာယူမှာလဲ"လို့ မေးပြန်တယ်၊ "ကျွန်မက တော့ ပတ္တမြားနားတောင်းကို လိုချင်ပါတယ်" လို့ ပြောတယ်၊ အဲဒီလို တစ်ယောက်စီမေးပြီး ကျွန်မ ခုဇ္ဇာ ကျန်နေမှန်းသိလို့ "ခုဇ္ဇာ .. သင်ကကော ဘာဆု ယူမလဲ"လို့ မေးတော့ ကျွန်မ ခုဇ္ဇာက ဘာပြန်ပြောသလဲဆိုတော့ "ကျွန်မတော့ ဘာရယ်လို့ မဟုတ်ပါဘူး၊ နေ့တိုင်း နေ့တိုင်း အားလုံးအတွက် မဆလာ ထောင်းရတာ ခက်နေလို့ ဆုံကောင်းကောင်းသာ လိုချင်ပါ တယ်"လို့ ပြောလိုက်တယ်။

ပုဏ္ဏားကြီးကလဲ ရှင်ဘုရင်ထံ အခစားဝင်ပြီး အကျိုး အကြောင်း လျှောက်ထားတဲ့အခါ ဘုရင်ကြီးက ပြုံးတော်မူ သတဲ့၊ ပြုံးတော်မူတာက ကျွန်မ ငရုတ်ဆုံ လိုချင်တဲ့ အကြောင်းက ပြုံးစရာ အကောင်းဆုံး ဖြစ်နေလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတိုက်မှာလဲ နာနာဆန္ဒ, တစ်ဦးနဲ့တစ်ဦး လိုချင်တာချင်း မတူကြဘူး၊ ဘုန်းကြီးဘဝနေနေ, လူ့ဘဝ နေနေ ဂတိကောင်းဖို့ရာ မလွယ်ဘူး၊ မိမိတို့ရဲ့ မျက်စိများဟာ ပစ္စုပ္ပန်တွင် မစူးစိုက်ဘဲ ဘဝသံသရာအထိ စူးစိုက်ထားကြ၊ မစားရ အရှင်း, စားရ ဆီထမင်း"ဆိုတာလို ဘုန်းကြီးဘဝ မနေရရင်လဲ ရှင်းရှင်း, နေရလဲ သူတော်ကောင်းပဲ လုပ်မယ်လို့ မိမိတို့ရဲ့ စိတ်ဓာတ်တွေကို ခိုင်မြဲအောင် ထားကြ။

**သာသနာတော်ကို မှုရင်းလိုက်ကြ** ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ မူရင်းကို လိုက်ကြရတယ်၊ အဖျားအနားလိုက်ရင် အကျိုးရတဲ့အခါ အဖျားအနားပဲ အကျိုး ရမယ်၊ သတ္တဝါတွေက ဝတ်ကောင်းစားလှ ဝတ်စားရရင် ချမ်းသာတယ်လို့ ထင်ကြတယ်၊ အကောင်းတွေချည်း ဝတ် စားနေရင် လောဘမူသောမနဿ ဖြစ်တယ်၊ ဒီအကောင်း တွေက ခဏသာ ကောင်းတာ၊ တာရှည်ကျတော့ မကောင်းဘူး၊ ကောင်းကောင်း ဝတ်စားနေသူများမှာ တရားသဖြင့် အလုပ် လုပ်သူတွေလဲ ရှိတယ်၊ မတရားသဖြင့် အလုပ် လုပ်သူတွေလဲ ရှိတယ်၊ မတရားတဲ့ သူတွေအတွက်တော့ သံသရာမှာ ဘယ်တော့မှ မကောင်းဘူး။

လောကမှာ လောကီချမ်းသာတွေဟာ အဆာများများ ခပ်ရတယ်၊ ဥပမာ–ဟင်းတစ်ခွက် ကောင်းဖို့ရန်အတွက် အဆာများများ ခပ်ရသလို ထို့အတူပဲ အိမ်ကောင်းယာကောင်း

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကောင်း အစားကောင်း ရဖို့ရန်အတွက် အဆာများများ ခပ်ရတယ်၊ တယ်ပြီးတော့ တွက်ပုံ ရှုံးကြတယ်။

အနိစ္စ, ဒုက္ခ, အနတ္တ ရှုတယ်ဆိုတာ ဝိပဿနာကို ဆိုလိုတယ်၊ ရုပ် နာမ် နှစ်ပါးကို ရှုရတယ်၊ ပညတ်ကို ရှုလို့ မရဘူး၊ ရဦးတော့ မှန်ကန်သော ရှုနည်း မဟုတ်ဘူး၊ သာသနာမှာ အကျင့်မရှိရင် ကျဆင်းသွားမှာပဲ၊ အချိန်တွေကို အလဟဿ မကုန်သင့်ဘူး။

အချိန်ရဲ့ တန်ဖိုးကို နားလည်ကြရမယ်၊ လွတ်တဲ့အချိန်တွေကို ပြန်ပြီး တမ်းတနေတာဟာ စိတ်ပင်ပန်းရုံသာ ရှိတယ်၊ ကဲ... ကိုရင်တို့ ကောင်းကောင်းနေကြ၊ သီလကို လုံခြုံအောင် ထိန်းကြ၊ ကိုယ်နဲ့ စပ်လို့ ရောက်လာတဲ့ ကိုရင်လေးတွေကို ပြုပြင်ပေးကြ၊ ကိုယ့်စကား နားမထောင်ရင် မထားကြနဲ့၊ သူတော်ကောင်း မဟုတ်တဲ့ လူတွေကို မမွေးကြနဲ့၊ ကဲ ... သွားကြ။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၂)
(၁၉၈၀၊ ဧပြီလ)

www.burmeseclassic.com

www.burmeseclassic.com

# အကြည်ညိုခံနိုင်ရေး

**ဘာ့ကြောင့် ဘုန်းကြီးဝတ်** ကံတွေကို ကျေနပ်ကြရဲ့လား၊ ကျေနပ်စရာ ကောင်းတာက မိဘ,ဆရာ, ဘိုးဘွား,ဆွေမျိုးတွေနဲ့ ကောင်းကောင်းတွေ့ရမှ ကျေနပ်စရာ ကောင်းတာ၊ ကိုယ်တော်တို့ကတော့ ဘာမှ မတွေးကြဘူး၊ ကိုယ့်ကိုယ်ကိုလဲ တွေးပေးရတယ်၊ ဘုန်းကြီးဝတ်နေတာက ဝတ်လို့ကောင်းလို့ မဟုတ်ဘူး၊ တကယ့်ကို ပါရမီတွေ ဖြည့်ချင်လို့, ကုသိုလ်တွေ ရချင်လို့, မဂ်ဖိုလ်နိဗ္ဗာန် ရအောင်လို့,သူများထက် ထူးပြီး ဘုန်းကြီးဝတ်နေတာ၊ ရှေးကံ မကောင်းတာတွေ တွေ့ရတယ်၊ ခန္ဓာကိုယ်က ကိုယ်လုပ်ချင်သလို လိုက်လုပ်တာ မဟုတ်ဘူး၊ ကံဆိုတာ ကိုယ်တစ်ယောက်တည်းနေတော့ မသိသာဘူး၊ အဟုတ် အများနဲ့ အလုပ် လုပ်တော့ သိသာတယ်။

သက်န်းတွေကို တန်းပေါ်က ဆွဲမချကြနဲ့၊ ရှေးက မဟာဂန္ဓာရုံဆရာတော်က မျက်စိ မမြင်ပေမယ့် သင်္ကန်း,သပိတ်တွေ နေပူထဲ မထားကြရန် ခဏ ခဏ အမိန့်ရှိလေ့ ရှိတယ်၊ ကြောင့်ကြ ရှိတော်မူတယ်၊ ဘုရားရှင်ကို အရှင်သာရိပုတ္တရာကသိက္ခာပုဒ်တွေ ပညတ်ရန် အစောကြီး လျှောက်ထားတယ်၊ ဘုရားရှင်က အကြောင်းရှိမှ ပညတ်တော်မူမယ်လို့ အမိန့်ရှိတော်မူတယ်၊ ဒါကြောင့် သာသနာစင်ကြယ်ဖို့က သိက္ခာပုဒ်တွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးမှာ တာဝန်တွေ များပေမယ့် သာသနာတော်မှာ တော်မယ့်ပုဂ္ဂိုလ်တွေကိုပါ ရောထိန်းနေရတယ်၊ တချို့က ကြည့်ကောင်းတယ်၊ တချို့က ကြည့်လို့ မဟန်ဘူး၊ တော်တဲ့ ကိုယ်တော်တွေက မတော်တဲ့ ကိုယ်တော်တွေကို ရှောင်ပြီး နေကြ၊ အကျင့်စာရိတ္တနဲ့ ပူဇော်ကြ၊ သဒ္ဓါတရားနဲ့ ပျော်အောင် နေနိုင်ရင် နေကြ၊ မနေနိုင်ရင် ဒီကျောင်းတိုက်က ထွက်ရုံမက လူပါထွက်ကြ၊ အများစုက စားမေးပွဲလောက်နဲ့ ပြီးနေကြပြီး လူကြီးလုပ်ကြတာ၊ တကယ့် ပါဠိတော် တရားတော်တွေကို တော့ မသင်ကြဘူး၊ တပည့်တွေကိုလဲ ဒီလိုပဲ၊ ဆုံးမတဲ့နေရာ ကျတော့ လိုတယ်။

**စိတ်ထားကောင်းကောင်းနဲ့ သာသနာပြုကြ**

ကံဆိုတာ အထူး လုပ်နေရတာ မဟုတ်ဘူး၊ နေ့တိုင်း မိမိတို့ ပြု လုပ်နေတာတွေဟာ ကံချည်းပဲ၊ လူတွေက တွက်ပုံ ရှုံးကြတယ်၊ သူများ ကောင်းစားနေတာကို ကိုယ်က ဝင်မရှုပ်ရဘူး၊ လောဘကြီးရင် အရနည်းတယ်ဆို တာလို ဒီမှာ ပြင်နေတာ အလကား ပြင်နေတာ မဟုတ်ဘူး၊ သာသနာကို ကြည့်ပြင်နေတာ၊ ဒီဘဝ အဆင့်မြင့်မြင့် အတန်း မြင့်မြင့် နေပေမယ့် ဝမ်းသာတာက တစ်ဖက်, စဉ်းစားတာက တစ်ဖက်ပါ၊ သူများက လှူတာကို တို့က အောက်တန်းကနေ မသုံးရဘူး၊ တို့က မလှူနိုင်ပေမယ့် သူတို့ လှူတာထက် ကုသိုလ်ရပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒီမှာက ဒါန သီလ သံယမ ဓမ္မဆိုတာတွေက သူတို့ထက် သာတယ်၊ ဒီဘဝ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမြင့်တာကို မကြည့်ရဘူး၊ ဟိုဘ၀ လှမ်းကြည့်ရတယ်၊ ကိုယ့်ပရိသတ်ကို ကြည့်ပြင်ကြ၊ သူများကို ကြောင့်ကြစိုက်ပြီး ပြင်ပေးတော့ ကိုယ့်မှာလဲ ဒီဘ၀ နောက်ဘ၀ပါ ပြင်ပေးပြီးသား ဖြစ်ပြီး အကျိုးရတယ်။

ဒီကျောင်းတိုက်မှာ ကိုယ်ကျိုးကြည့်ပြီး သူကျိုး မဆောင်ချင်ရင် မနေကြနဲ့၊ ပရဟိတသမားမှ တော်တယ်၊ အတ္တဟိတသမားက မတော်ဘူး၊ သူကျိုးငဲ့နေလို့ အားမရရင် သွားကြ၊ ရောက်ပြီးသားအဆင့်က ဘုန်းကြီးကတော့ ပြန်လျှော့ပေးမှာ မဟုတ်ဘူး၊ ဝိနည်း လေးလေးစားစားနဲ့ ကိုယ်ကျိုး, နောက်သူကျိုး တစ်ခါတည်း ပါလာရမယ်၊ သာသနာကြီးက မနည်းကြိုးစားထားရတာ၊ စိတ်ကောင်းနှလုံးကောင်း ရှိရှိနဲ့ သာသနာတော်ကြီးကို ပြုစုကြ။

အသစ်ကိုယ်တော်တွေ များလာရင် အဟောင်းကိုယ်တော်တွေက ရှေ့ဆောင်ရမယ်၊ လာမယ့် သုဂတိ မဂ်ဖိုလ်နိဗ္ဗာန် ဦးတည်နေမှ ကောင်းတယ်၊ ဒါမှလဲ အလုပ်ဆိုတာ ပါဝင်မယ်၊ ဘုရားနဲ့ဆိုင်လာရင် ကျက်သရေရှိမှ ကောင်းတယ်၊ ဘာမဆို ဒီမှာ သူများထက် သာအောင် လုပ်နေတာ၊ နောက်ဘ၀ အောက်ကျ နောက်ကျ ဖြစ်ရင် မကောင်းဘူး၊ ကိစ္စတစ်ခုမှာ ရေရှည်ကြည့်ပြီးမှ ပြီးမြောက်အောင်မြင်တယ်၊ သူများလှူတာတွေကို လောဘ မကြီးနဲ့, မသာယာကြနဲ့၊ ဒါတွေကို ကိုယ်က အောက်တန်းကနေ သုံးစွဲရာရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**လူများတိုင်း မဖြစ်** ကိစ္စတစ်ခုဟာ နည်းနည်းလေးဆိုပြီး မလောက်မစားလုပ်ရင် များလာတော့ ကိစ္စကြီးလာတယ်၊ ကိုယ့်ဟာကိုယ် သတိ ကိုယ်စီထားကြ၊ ဘုန်းကြီး အုပ်ချုပ်ထားတာထဲမှာ ကိုယ်တော်တွေကလဲ ဝင်အုပ်ချုပ်ကြ၊ အုပ်ချုပ်ခံရတဲ့ နေရာကချည်း မနေကြနဲ့၊ ဒါမှ နောက်အုပ်ချုပ်တတ်မယ်၊ အသေးစိတ် ရှေ့ကို တိုးပေးပါ၊ သာသနာမှာက ကျဲကျဲတောက်တောက်ဆိုရင် လူတွေ အနေနဲ့လဲ ကြည်ညိုစရာ မကောင်းဘူး၊ သာသနာလဲ မစိုပြည်ဘူး၊ ဒီလို အစုအဝေးကြီးနဲ့ နေဖို့ကလဲ မလွယ်ပါဘူး၊ ဝိနည်းနဲ့ အစုအဝေးနဲ့ ငြိမ်သက် ညီညွတ်မှ ကြီးပွားတယ်၊ တစ်ပါးကောင်း နှစ်ပါးကောင်းကတော့ ရှိကြပါတယ်၊ အများကောင်းကျတော့ လူများတိုင်းဖြစ်တာ မဟုတ်ဘူး။

**ကံအကျိုးပေး** ကိုရင်တို့ ဦးပဥ္စင်းတို့ နေနိုင်သရွေ့ ကုသိုလ်စိတ်နဲ့ နေကြ၊ နေရာတိုင်းမှာ အကျိုးပေးက မတူကြဘူး၊ အကျိုးပေးကွဲတာက ယုံကြည်မှု၊ မယုံကြည်မှု အပေါ်မှာ တည်တယ်၊ သတ္တိထက်ရင် ထက်သလို၊ ညံ့ရင် ညံ့သလို အကျိုးပေးတာ၊ ဒီအထဲကမှ ကံကောင်း၊ မကောင်း ဆိုတာ ခွဲထွက်လာတယ်၊ အကုသိုလ်ကံပေးတဲ့အခါကာလ, ဂတိ,ဥပဓိ,ပယောဂ ဒီလေးပါးစုံမှ အကျိုးပေးတယ်၊ ဆရာတွေ, မိဘတွေ, ဆွေမျိုးတွေ တွေ့တယ်ဆိုတာ ကံ, ဉာဏ်, ဝီရိယ, ပယောဂပဲ၊ ဆရာစတဲ့ ညွှန်ပြတဲ့သူမတွေ့ရင် တစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



လွှဲမှားပြီး အားလုံး ကျန်ရစ်တာပဲ၊ ဟိုသွား ဒီသွား မသွားကြဘဲ ကျပ်ကျပ်တည်းတည်း နေရတာက သူတော်ကောင်းတွေ အတွက် မကျပ်ဘူး၊ အပြစ်လို့ မယူဆဘူး၊ မသူတော်တွေ အတွက်သာ ကျပ်တာ၊ ကောင်းတဲ့သူတွေက ဒီလို လုပ်မှ, နေမှ ချမ်းသာတာ၊ မသူတော်တွေက ဆင်းရဲတယ်၊ သီလ စင်ကြယ်ရင် အဝိပ္ပဋိသာရ နှလုံး မသာမယာ မဖြစ်ရဘူး၊ နှလုံးမသာမယာ မဖြစ်မှ သမာဓိရတယ်၊ သမာဓိရတော့ ကိုယ် စိတ် ငြိမ်းအေးပြီး ပေါ့ပေါ့ပါးပါးနဲ့ အကျိုးတွေ အများကြီး ရတယ်၊ တရားအသားကျပြီး စိတ်ဝင်စားနေပြီးသူက ဘယ်မှ မသွားချင်ဘူး၊ သွားလိုက်ရင် သမာဓိ မရဘူး၊ သမာဓိ ရမှ စာသင်တဲ့နေရာမှာ တတ်လွယ်တာ။

လူတွေ ကြည်ညိုတာကို ဝတ္တရားကျေအောင် နေပါ၊ ကုသိုလ်ရချင်တဲ့ စိတ်နဲ့ နေကြ၊ ကိုယ့်ကိုယ်ကို စောင့်စည်းပေးကြ၊ စိတ်ကောင်းဆိုတာက ဝိနည်းလေးစားတာကို ပြောတာ၊ အနေအထိုင အပြောအဆိုနဲ့လဲ ကြည်ညိုခံနိုင်ရမယ်၊ ပခုက္ကူ တုန်းက ဘုန်းကြီးကို ဒါယိကာမကြီး ဒေါ်သက်စုဆိုတာ သူများထက် ထူးပြီး ကြည်ညိုတယ်၊ဘုန်းကြီးက စဉ်းစားတယ်၊ ငါ့မှာ တရားထူးမှ မရှိဘဲနဲ့ သူများထက် ထူးပြီး အကြည်ညို မခံနိုင်ဘူးလို့ ကိုယ့်ကိုယ်ကို အထင်မကြီးအောင် သတိနဲ့ နေရတယ်၊ သူများ ထင်သလို ကိုယ်က ဟုတ်ချင်မှ ဟုတ်မှာ၊ လူတစ်ယောက်ကို အရမ်း အထင်မကြီးကြနဲ့၊ ကောင်းတဲ့သူ ဆိုတာ မကောင်းတဲ့သူနဲ့ မရောရဘူး။

www.burmeseclassic.com

www.burmeseclassic.com



**သာသနာတော်တစ်ရပ်လုံး ကောင်းစေချင်** သာသနာတော်ကို မှီခိုရမှ လူသူတွေလဲ အကျိုးရမယ်၊ ဒါနပြုကြတဲ့သူတွေဟာ ကိုယ့်သဒ္ဓါတရားနဲ့ ပြုကြပါ၊ အခြားသူက တိုက်တွန်းလို့ ပြုရတာကတော့ တကယ် အစစ်အမှန် မဟုတ်ပါဘူး၊ ဘုန်းကြီးက ဒီကျောင်းတိုက် ကောင်းစားရေး မဟုတ်ပါဘူး၊ ဘုရားသာသနာမှာ အားလုံး ကောင်းစားစေချင်တယ်၊ နောက်ပြီးတော့ ကောင်းတာ မကောင်းတာကို ဝါဒဖြန့်နေစရာ မလိုပါဘူး၊ တချို့က ကျောင်းတိုက်ခွဲဖို့ လျှောက်ထားကြတယ်၊ ဘုန်းကြီး ကျောင်းတိုက်ခွဲဖို့ ဆိုတာလဲ နည်းနည်းခွဲလို့ မရပါဘူး၊ ဥပမာ – ကျောက်ပန်းတောင်းမှာ ခွဲချင်တယ်ဆိုရင် များများလေးမှ ဟန်ကျမယ်၊ ဘာကြောင့်လဲဆိုတော့ အများစုနဲ့ ရောသွားရင် ဒီက နည်းနေတာနဲ့ ဒီလိုပဲ ရောပါသွားတာပဲ၊ သူများကို လွှမ်းမိုးချင်လို့တော့ မဟုတ်ပါဘူး။

လူတွေ ဥပုသ်စောင့်နေတဲ့အခါ စကား စုစုများမနေကြနဲ့၊ အိမ်မှာ နေတော့လဲ စကား နေ့တိုင်း ပြောနေကြတယ်၊ ဥပုသ် စောင်တဲ့အခါမှာ ကိုယ့်တရားလေးကို နှလုံးသွင်းနေမှပေါ့၊ စကားတွေ တောင်ပြော မြောက်ပြော မပြောကြပါနဲ့၊ ကိုယ့် ကိုယ်ကို အရည်အချင်းရှိအောင် လုပ်ကြပါ။

**ကိုယ့်ကိုယ်ကို ပြုပြင်ပေးကြ** ဘုန်းကြီးသာ လူဆိုရင် ထိပ်တန်းကနေမှာပါ၊ ဘာပြုလို့ သင်္ကန်းဝတ်ရသလဲဆိုတော့ အများ သိစေချင်လို့ပါ၊ ဘုန်းကြီးဝတ်မှ ကျွတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတာ မဟုတ်ပါဘူး၊ လူဝတ်ကြောင်ဘဝနဲ့နေပြီး သီလ စောင့်နေရင်လဲ ကောင်းပါတယ်၊ လူ့ဘောင်ရောက်ပေမယ့် အားမငယ်ကြပါနဲ့၊ လူမှာ ငါးပါးသီလနဲ့ နေရင် အကောင်းဆုံး ပါပဲ၊ သူများကို အားမကိုးကြပါနဲ့၊ ကိုယ့်ကိုယ်ကိုသာ ပြင်ပေး ပါ၊ ကိုယ်က ကောင်းနေရင် ကိုယ့်သားချင်း နီးစပ်ရာများကိုပါ ပြင်ပေးကြပါ။

**ကျန်းမာရေး ဂရုစိုက်** ဝိနည်းလေးစားကြပါ၊ လေးစားရင် တင့်တယ် ပါတယ်၊ သူများကို စာပို့ချပြီး ရပ် ရွာမှာ သာသနာပြုပေးကြ၊ ကိုယ်တိုင်ကလဲ သူတော် ကောင်းဘက်ကို ရှေးရှုနေပါ၊ တောကျောင်း ထိုင်တော့ ဘာ လုပ်နေမလဲ၊ အလုပ်မရှိ နှမ်းခင်းစောင့်ရမယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ခတ်မသွားရင် ခေါင်းမူးတတ်တယ်၊ ကျန်းမာရေး ကို နားလည်ပါ၊ **"ပူ, ခါး၊ အေး, ခါး၊ ငန်ငြား, အစ္ဆတ်၊ ချဉ်, စပ်, ဗာဟိ ပျက်ပထဝီတည်း"**

**ရပ်ရွာသာသနာ ပြုပြင်ပေးကြ** တောကျောင်းတွေမှာ ဘုန်းကြီးသာ ပြုပြင် ရရင် ကျောင်းသားတွေ သျှောင်ထုံးပယ်ပြီး ဗိုလ်ကေနဲ့ နေရ မကောင်းလားလို့ တွေးမိ တယ်၊ ဘာပြုလို့လဲဆိုတော့ ပေ့လဲ ပေ့သေး၊ ကျန်းမာရေးလဲ ကောင်းသေးနော်၊ ခေါင်းတုံးနဲ့ကတော့ မကောင်းဘူးထင်တယ်၊ ပြီးတော့ ကျောင်းသားတွေ စာအံတဲ့အခါ ဝပ်မအံစေနဲ့၊ ထိုင်ခုံကြမ်းလေး ရှိရမယ်၊ ကျောင်းက ပြန်ရင်လဲ တိုးတိုးလေး ဆရာ ဘုန်းကြီးက မှာလိုက်၊ မင်းအဖေ ထန်းရည်, အရက်

www.burmeseclassic.com

www.burmeseclassic.com



မသောက်စေနဲ့လို့ မှာပေး၊ ဆင်းရဲတဲ့ ကလေးတွေကို နေ့ မအားရင် ညကို ခေါ်သင်ပေးရမယ်၊ နောက် မင်းအမေကို သန့်သန့်ရှင်းရှင်းနဲ့ ကောင်းကောင်းနေပါစေ၊ တော်တော်ကြာ မင်းအဖေက စိတ်ဆိုးပြီး နောက်ဆက်သွားလိမ့်မယ်လို့ ဒီလို ပြုပြင်ပေးရတယ်။

**ချောချင်လှချင် ရုပ်ကို ပြင်** ဘုန်းကြီးထံ ဒကာတစ်ယောက် ရောက်လာတယ်၊ ပစ္စည်းတော့ ရှိပါရဲ့၊ ခေါင်းပေါင်းကို တဘက်နဲ့ ပေါင်းထားတယ်၊ ဘုန်းကြီးက ပြောလိုက်တယ်၊ "ဒကာရာ … မြို့လာတယ်ဆိုရင် ဦးထုပ်နဲ့ သက္ကလပ်နဲ့ လာရတယ်"လို့ အစစအရာရာ ပြောပြလိုက်တယ်၊ နောက်တစ်ခေါက် လာတော့ ဟန်ကျပန်ကျ ဖြစ်လို့၊ ဒါကြောင့် ကလေးတွေလဲ သီလစောင့်ရမယ့်နေရာမှာ စောင့်လို့၊ ဝေယျာဝစ္စ လုပ်ရမယ့် နေရာမှာ လုပ်လို့၊ စာအံရမယ့် နေရာမှာ အံလို့၊ ကျောင်းဘုန်းကြီးကလဲ ညကျရင် ဒကာ ဒကာမတွေကို မေတ္တာပို့လို့ နေရတယ်၊ ဒါမှလဲ သြဇာ ရှိမယ်၊ အဝတ်အစား အနေအထိုင်က အစ ပြုပြင်ပေးရတယ်၊ တို့ ဒီကျောင်း ရောက်လာခါစက ကိုယ်တော်လေးတွေ သိပ်ဟန်ကျပန်ကျ မရှိလှဘူး၊ ဟော ဒီက အစစ အရာရာ ပြုပြင်ပေးလိုက်တော့ ချောလှမလာဘူးလား၊ အစစ အရာရာ တိုးတက်လာတယ်။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၃)
(၁၉၈၀၊ မေလ)

www.burmeseclassic.com

www.burmeseclassic.com

# ကြိုတင်ပြုလုပ်သည့် အလေ့အထ

**အပေးနဲ့အယူ** တို့ ဘုန်းကြီးတွေက အလှူခံဘက်ကချည်း မနေကြနဲ့၊ဘဝသံသရာမှာ အလှူခံဘဝနဲ့ အထုံပါသွားတတ်တယ်၊ ပေးတာနဲ့ ယူတာနဲ့ ဘယ်ဟာက လက်ရဲလို့ မျက်နှာကြည်သလဲ၊ ဘုန်းကြီးကတော့ ပေးတဲ့ဘက်က နေချင်တယ်၊ မတတ်သာလို့ အလှူခံဘက်က နေရတာ။

ဒီကျောင်းတိုက်မှာ ကောင်းကောင်းနေချင်နေ၊မနေရင်တော့ တောင်ဝှေးနဲ့ ကပ္ပိလိုက်၊ ခေမံ–ဘေးမရှိဘူး၊(ရယ်ကြသည်၊) ရဟန်းသစ်တွေဆိုရင် တစ်ဝါလောက် တိစီဝရိတ် ဆောင်ထားပြီး သူတော်ကောင်းဘက် လိုက်နာကြပါ၊ တစ်ခါက တောက ဘုန်းကြီးတွေ မန္တလေးရောက်တော့ ငရုတ်သီး ကပ္ပိစားရတယ်တဲ့၊ ဒီမှာတော့ ဘာပဲဖြစ်ဖြစ် ကပ္ပိစားကြပါ၊ ဘုန်းကြီးက စပျစ်သီး ကပ္ပိမလို့ မြင်းခြံသား ကိုရင်တစ်ပါး ကပ္ပိခိုင်းတယ်၊ မကပ္ပိတတ်ဘူး၊ နောက်မြင်းခြံသားတစ်ပါးကို ခေါ်ပြီး ကပ္ပိမှ ပြီးတယ်၊ ဒါနဲ့ ဘုန်းကြီးက ဒီကိုရင်ကို လက်သီးနဲ့ ထိုးရဲ သလား မေးတော့ မြင်းခြံသားချင်းမို့ မကပ္ပိကြဘူး၊(ရယ်ကြသည်၊) ဒါတွေကို နားလည်အောင် ပြုပြင်ပေးကြပါ၊ ကလေးကတည်းက မိဘများက မပြုပြင်တော့ သူတို့ အသံတွေက

www.burmeseclassic.com

www.burmeseclassic.com



ညောင်နာနာ ဖြစ်နေကြတယ်၊ မိဘတွေကို ပြောကြ၊ နောက်ဆိုရင် ဘယ်နေရာကမှ မချွတ်ယွင်းရအောင် မွေးပေးကြလို့ ပြောလိုက်ကြ။

**မေတ္တာနဲ့ ဗုဒ္ဓါနုဿတိ** လူတစ်ယောက်ရဲ့ အလေ့အထဆိုတာ မိဘဆွေမျိုးက လာတာ များတယ်၊ စာပဋ္ဌာန်း၊ ငါပဋ္ဌာန်း၊ ရွာပဋ္ဌာန်းလို့ ပဋ္ဌာန်းသုံးမျိုးရှိတယ်၊ ကိုယ်တော်တို့မှာတော့ စာပဋ္ဌာန်းဖြစ်နေတယ်၊ ဒါကြောင့် မိဘဆွေမျိုးကောင်းမှ ကောင်းမယ်၊ ဘုန်းကြီးကတော့ အလုပ်တစ်ခုမှာတင် ကြိုးလုပ်တဲ့ အလေ့အထက အမြဲတမ်းရှိနေတာပဲ၊ ဘုန်းကြီးမှာ ဆရာကောင်း သမားကောင်းတွေနဲ့ နေခဲ့ရလို့ ဒီ အခြေအနေ ဖြစ်နေတာ၊ ဘုန်းကြီး ရဟန်းခံခါနီးတော့ မြောင်းမြဆရာတော်က ဒကာမ မပုကို "ကိုရင်က စာတော်ပေတယ်၊ နောင်ပစ်ထားလို့ မဖြစ်ဘူး"လို့ ပြောတယ်၊ဘုန်းကြီးကတော့ ဘာမှ မပြောဘူး၊ မြောင်းမြဆရာတော်ကို ဘုန်းကြီးက လေးစားတယ်၊ မဟာဂန္ဓာရုံဆရာတော်က အကျင့်နဲ့ ပြည့်စုံတယ်၊ ပျံလွန်တော်မူတဲ့အခါ စစ်ကိုင်းတောင်တစ်ခုလုံး ဝင်းနေတာပဲလို့ ပြောကြတယ်၊ ဂတိကောင်းရဲ့ မဟုတ်ဘူး၊ နိဗ္ဗာန်ရဲ့ အထောက်အကူလဲ သေချာတယ်။

ဒါကို နည်းယူပြီး ဉာဏ်ကောင်းတဲ့ ကိုယ်တော်က သာသနာကို ဆက်မယ်လို့ ရည်မှန်းကြ၊ အိပ်မပျော်ခင်ဆိုရင် မေတ္တာနဲ့ ဗုဒ္ဓါနုဿတိနဲ့ ဣရိယာပုတ်လေးပါးလုံး အသုံးပြုကြ၊ စကားကို တိုးတိုးပြောကြ၊ အများကို မကြည့်ပါနဲ့၊ကိုယ့်ကိုယ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြပါ၊ များသောအားဖြင့် ပမတ္တ–မေ့လျော့နေသူတွေက များတယ်။

**ရေရှည်ဘဝရှည် စီမံကိန်း** ဘုန်းကြီး ဘဝဖြစ်စဉ်လဲရေးရင်း ခုဒ္ဒသိက္ခာလဲ ရေးမယ်၊ ဘုန်းကြီးဆရာက ဝီရိယကောင်းလို့ ဘုန်းကြီးကို ကူးစက်လာတာ ဘုန်းကြီးဆရာက ဉာဏ်မကောင်းဘူး၊ ဝီရိယရှိတယ်၊ ဝီရိယရှိရင် တစ်ဘဝမှာ ဘာမဆို လိုတာရတယ်၊(နန်းတော်ရှေ့ကို လေ့လာကြရင် သူဌေးဝါဒကို ကျွန်တော်ပြောပြလိုက်ပါမယ်၊ စိန်လိုချင်ရင် စိန်ဖြစ်ရမယ်၊ အိမ်လိုချင်ရင် အိမ်ဖြစ်ရမယ်၊ လူ့စိတ်ဓာတ်ဟာ လောကအမြတ်ဆုံးကွယ်၊) ဒီဘဝဟာ ဘဝပဒေသာပင်ကြီး၊ ဘာလိုလို ဆွတ်ခူးနိုင်တယ်၊ မရတာမရှိဘူး၊ ဘုန်းကြီးက ရေရှည်စီမံကိန်း မကဘူး၊ ဘဝရှည်စီမံကိန်းနဲ့ လုပ်တာ၊ အလုပ်တစ်ခုမှ မလျှော့ပါဘူး၊ မြတ်စွာဘုရားတောင် သဗ္ဗညုတဉာဏ်ရဖို့ရာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ခဲ့ရတာပဲ၊တို့ကိုယ်တော်တွေ ကျွတ်တမ်းဝင်ချိန်မှန်းထားကြပြီလား၊ မှန်းကြပါ၊ ပန်းတိုင်ကို မှန်းထားကြပါ၊ ဒါမှ အလုပ်မှန်မှန်လုပ်တာ၊ ယီးတီးယားတား လုပ်မနေကြနဲ့၊ ဘယ်ဟာမှ မသေချာဘူး၊ ဒီကျောင်းတိုက်မှာ ဘုန်းကြီးက အဘိုးကြီးတွေ သဘောကျနေတယ်၊ သူတို့က ပွဲမကြည့် ငွေမကိုင်ကြဘူး၊ သူတို့က ကြီးလာလေလေ ဝါက ငယ်လေလေဖြစ်နေတယ်၊ ဒီက ဆင်းသွားရင် ဖြည်းဖြည်းသွားကြပါ၊ ဖြည်းဖြည်းမသွားတတ်ရင် ဘယ်–ညာ မှတ်သွားကြ။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေ**

ပုဂ္ဂိုလ်တစ်ဦး ကြည်ညိုတာက အသံကောင်းတာ့, စာပေတော်တာ,တရားဟော ကောင်းတာ, အသွင် အပြင်ကောင်းတာ, ရုပ်ချောတာ, ဒါတွေကြည်ညိုနေကြတာ၊ တို့ဘုရားကျတော့ အားလုံး အဘက်ဘက်က ကြည်ညိုစရာကောင်းတယ်၊ နံ့ပါတ်တစ် ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေရတယ်၊ ကိုယ့်ကိုယ်ကို ကြည်ညိုရင် နတ်လဲကြည်ညိုတယ်၊ လူလဲ ကြည်ညိုတယ်၊ ကျန်းမာရေး အထူးဂရုစိုက်ကြ၊ မြန်မာ့ခေတ်စာက အခိုးမပွင့်ရင် လူမမာကို ခြင်ထောင်ထဲ ထားပြီးနေ့လယ်ခင်း အနားကနေ အမဲခြောက်ဖုတ်တော့ လူမမာကလဲစားချင်ဇောကြီးနဲ့ ထစား၊ ပျောက်ပါလေရော။

ရှေးတုန်းက ကိုရင်တစ်ပါး နေမကောင်းတာ ဆရာအမျိုးမျိုးနဲ့ ကုသော်လဲ မရဘူး၊ သစ္စာဆိုရမယ်ဆိုလို့ သစ္စာဆိုကြတယ်၊ ကိုရင်တစ်ပါးက သစ္စာ ဆိုတယ်၊ "ရွာထဲက မိချင်းကို ကြိုက်နေတာ ကြာပြီ၊ ကျုပ်ဟာလေ ရွာထဲက မိချင်းရေခပ်လာရင် မနေနိုင် မထိုင်နိုင်ကြိုက်တာ မှန်ပါ၏"လို့ သုံးခါလောက် ဆိုလိုက်မှ နေမကောင်းနေတဲ့ ကိုရင်က ဟက်ဟက်ပက်ပက် ရယ်လိုက်တော့ ချွေးတွေ ထွက်ပြီး တစ်ခါတည်း ပျောက်သွားတာပဲ၊ ဒါဟာ မြန်မာ့ဆေး၊ အထင်မသေးကြနဲ့။

**ဘာမှ ကြောက်စရာမရှိ**

နတ်ပြည်က ကံကောင်းတဲ့အပြင် စိတ် ချမ်းသာတယ်၊ ဥတုဇကလဲ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ ဘုန်းကြီးက ဒီကျောင်းတိုက်ကြီး လျှောင်လှုပ်လို့ အကုန်ပျက်သွား၊ အရေးမကြီးပါဘူး၊ ဘုန်းကြီးတစ်ပါးတည်း ကျန်ရင် တော်ပါပြီ၊ (ရယ်ကြသည်၊) တစ်ပါးတည်းကျန်လို့ စိတ်အားငယ်ပြီး ကြောက်နေလိမ့်မယ်လို့တော့ မထင်နဲ့၊ ဘုန်းကြီး မကြောက်ပါဘူး၊ ကြောက်တယ်ဆိုတာ အားကိုး မရှိသေးရင် ကြောက်တာပဲ၊ အားကိုးရှိသူတွေအဖို့မှာ ဘာမှ ကြောက်စရာ မလိုပါဘူး။

တောင်မြို့ထဲက လူတွေကို တံတားဦးက ဆွမ်းကပ်လာတဲ့ ဒကာ ဒကာမတွေက "အရှင်ဇနကာဘိဝံသဆိုတာ ဘယ်နား မှာ နေပါသလဲ"လို့ မေးတဲ့အခါ မသိကြဘူးချည်းပဲတဲ့၊ ဘယ် ခြံထဲ နေပါလိမ့်လို့ ထင်မှာပဲ၊ ဘုန်းကြီး ကြွားတာက လောကီ ဂုဏ်တွေနဲ့ ကြွားနေတာ မဟုတ်ဘူး၊ ဘုရားနဲ့ ကြွားနေတာပါ၊ ဘုရားနဲ့ကြွားရတာက ကောင်းတယ်၊ ဘာပြုလို့လဲ၊ ဘုရား တရားတော်တွေက အနှစ်ရှိတယ်၊ ဒီအနှစ်ရှိတဲ့ တရားတွေ စာတွေ ဘုန်းကြီးတို့ ကျေးတောသားတွေ လက်ထဲ ရောက် နေတာ, သူဌေး သားသမီးတွေ လက်ထဲ မရောက်နိုင်ဘူး၊ သူဌေး သားသမီးတွေဆိုတာက ဘုန်းကြီး မလုပ်ကြပါဘူး၊ သာသနာကိုတောင် များသောအားဖြင့် သူတို့က အထင်သေး ကြတယ်၊ ဘုန်းကြီးက သူတို့ အထင်သေးရင် ကိုယ်က အထင် မသေးအောင် နေရမယ်၊ ဘုန်းကြီးကို ဘယ်အနားမှာ နေတယ် ဆိုတာ မသိချင် နေပါစေ၊ သာသနာအတွက် အလုပ် လုပ်နေ ရရင် စိတ်ချမ်းသာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**တရားကို အားထုတ်ကြ** လောကကြီးမှာ သတ္တဝါရယ်လို့ ဖြစ်လာရင် သေမျိုးချည်းပဲ၊ သူ့ဒွေးလဲ တစ်နေ့ မသေဘဲ မနေရပါဘူး၊ ချစ်လှပါတဲ့ မယား, သားသမီး, ဆွေမျိုး, မိတ်ဆွေတွေနဲ့ ခွဲသွားရတာပါပဲ၊ ပစ္စည်းဥစ္စာလဲ တစ်ပြားတစ်ချပ်မှ ယူမသွားနိုင်ကြဘူး၊ လောကကြီး တရားမရှိရင် တယ်ကြောက်စရာကောင်းတယ်၊ တရားလက်လွတ်မဖြစ်စေနှင့်၊ တရားကို ကြိုးစားအားထုတ်ကြ။

ဘုန်းကြီးတို့ ဘုရားအလောင်း တေမိမင်းသားဘဝတုန်းက ထီးနန်းယူရမှာ စိုးလို့ (၁၆)နှစ်တိုင်တိုင် စကားမပြောဘူး၊ တို့လူတွေက တစ်ရက်တောင်မှ မှန်မှန်မအောင့်နိုင်ဘူး၊ ဒီဘဝဟာ ကောင်းတယ်၊ ကောင်းတာက ပါရမီတွေ ဖြည့်နိုင်လို့ ကောင်းတာ၊ ကိုရင်တို့ တကယ် ပါရမီဖြည့်ကြ၊ တချို့ ဒါနပြုတာတောင် သမီးခင်ပွန်းနှစ်ယောက် မခွဲကြဘူး၊ သူတို့က အပှတ်ထင်လို့၊ မန္တလေးက ဗောဓိရိပ်သာဟာ ဘုန်းကြီးတယ်လို့ ဘေးက ချီးမွမ်းကြတယ်၊ သူများ ချီးမွမ်းတာကို စောင့်ရှောက်နိုင်မှ ကောင်းတယ်၊ တစ်ခဏနဲ့တော့ မရဘူး၊ တချို့ကျောင်းတိုက်တွေဟာ မစောင့်ရှောက်နိုင်လို့ ပျက်စီးကုန်ကြပြီ။

**ဏ္ဍမြေ့ရှိရှိနေကြ** ဘုန်းကြီးကတော့ ဒီကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏လို့ မနက်တိုင်း ဘုရားကို ပူဇော်နေတာပဲ၊ ဘုန်းကြီးကျောင်းတိုက် မဟုတ်ပါဘူး၊ ဘုရားကျောင်းတိုက်ပဲ၊ ဘုန်းကြီးတစ်သက်တော့ အတတ်နိုင်ဆုံး ကောင်းအောင် စောင့်ရှောက်သွားမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ပုဂ္ဂိုလ်များကျတော့ သူ့ကံနဲ့ သူပေါ့၊ ခုတော့ အတတ်နိုင်ဆုံး ဆိတ်ငြိမ်အောင် စောင့်ရှောက်နေတာပဲ၊ ဗောဓိရိပ်သာက ဒီကျောင်းတိုက်ကို သူတို့ ရိပ်သာထက် ဆိတ်ငြိမ်တဲ့အကြောင်း ပြောပြကြတယ်၊ ကိုယ်တော်တို့ စာအံတာ တိုးတိုးအံကြပါ၊ စကားတွေ စုများ မနေကြပါနဲ့၊ ဘုန်းကြီးက ပျက်စီးသွားတော့လဲ ဝမ်းနည်းခြင်း မရှိပါဘူး၊ ကိုယ်တော်တို့ အလုပ်လုပ်စရာရှိရင် တွက်ကပ်မနေကြနဲ့၊ ကျောင်းထဲကို လူတွေ လျှောက်ကြည့်တဲ့အခါ ပြူစိပြူစိ မလုပ်ကြပါနဲ့၊ ဣန္ဒြေရှိရှိ နေကြပါ။

**သတိနဲ့ နေကြ** ဘုန်းကြီးနဲ့ ဦးပဥ္စင်းတို့ ကံမတူဘူး၊ တရားဟော စကားပြောဆိုတာ ကျင့်ထားရတယ်၊ စာပေ နည်းနည်းနဲ့ တောကို ကျောင်းသွားထိုင်ရင် ဘာဗဟုသုတမှ မတိုးဘူး၊ ဒီကျောင်းမှာ နေရင် ဗဟုသုတများများရှိပါစေ၊ ကိုယ့်ကိုယ်ကိုလဲ မင်္ဂဖိုလ်နိဗ္ဗာန်အထိ စီမံကိန်း ချထားကြ၊ အများစုက ဒီဘဝမှာ တယ်ပြီးတော့ သွက်သွက်လက်လက် မရှိကြဘူး၊ နေရာတကာမှာ နုံနေ့နေ့ ဖြစ်နေတာကတော့ မကောင်းဘူး၊ တချို့ ဒီကျောင်းမှာ ပဲပြုတ်နဲ့ ချဉ်ရည်စားပြီး စာသင် စာချ မလုပ်ချင်ကြဘူး၊ ဘုန်းကြီးလဲ ဗူးသီးဟင်း၊ ချဉ်ပေါင်ဟင်းစားပြီး ပခုက္ကူမှာ စာဆိုလာတာပါ၊ ပခုက္ကူတိုက်မှာ သံဃာ (၆၀၀)လောက် စာချခဲ့တာပါ၊ ကိုရင်တို့ သတိနဲ့ နေကြ၊ သတိဆိုတာ ပိုတယ်လို့ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



**သူတော်ကောင်းများမှ** အများက ဘုန်းကြီးတို့ သာသနာကို အထင်သေးကြတယ်၊ ဒါပေမယ့် ဘုန်းကြီးရဲ့ ရည်ရွယ်ချက်တော့ ပြန်ရောက်ပါပြီ၊ တချို့ ဘုန်းကြီးတွေက ဒကာ ဒကာမတွေနဲ့ လောကီဘက်မှာ ပျော်နေကြတယ်၊ လောကီဘက် ပျော်နေတာတွေက သံသရာကို မမြင်ကြသေးလို့၊ ဘုန်းကြီးကို ဘာပြောပြော ကဲ့ရဲ့ကဲ့ရဲ့ သည်းခံနိုင်ပါတယ်၊ ဒီလို သည်းခံနိုင်တာကလဲ သူတို့ကို အထင်မကြီးလို့ဘဲ၊ ဘုန်းကြီးတို့ သာသနာမှာ သူတော်ကောင်းတွေ များလာမှ ကောင်းတယ်၊ သူယုတ်မာတွေ များလာရင် မကောင်းဘူး၊ ပျက်တတ်တယ်။

**အချိုးကျအောင် နေကြ** ဘုန်းကြီးတို့က အထူး ဝါဒဖြန့်နေစရာ မလိုပါဘူး၊ အလုပ် မှန်မှန် လုပ်သွားရင် သူ့အလိုအလျောက် ထင်ပေါ်လာတာပဲ၊ ထင်ပေါ်ရင် စင်တော်က ကောက်စမြဲပါ၊ ဒါပေမယ့် အများနဲ့ နေပြီး မပြောတော့ဘူးဆိုရင် ပညာရှိမှန်း မသိရဘူး၊ မထင်ရှားဘူး၊ ဒါကြောင့် ပြောရပါတယ်၊ ဟောရပါတယ်၊ သာသနာပြုရင်း မိမိ ပါရမီဖြည့်ရင်း ပိပိသသ ရွတ်ရ ပြောရမယ်၊ ခုဒီမှာ ရွတ်တာ ဖတ်တာက စပြီး အချိုးကျအောင် သင်ပေးနေတယ်၊ သင်ပေးတဲ့အတိုင်းလဲ လိုက်နာကြပါ၊ ကိုယ်က အချိုးကျနေမှ ကိုယ့်တပည့် အစဉ်အဆက်ကိုလဲ အချိုးကျအောင် သင်ပေးတတ်တယ်၊ ဆရာက အချိုးကျနေမှ တပည့်တွေလဲ အချိုးကျမယ်၊ ဒီကျောင်းမှာ ဒါလောက် ပြင်နိုင်လို့ အချိုးကျနေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်ကိုယ် သတိထား** ဗုဒ္ဓဘာသာရယ်လို့ ဖြစ်လာရင် ဘုရားကို ကြည်ညိုတတ်မှလဲ ကောင်းတယ်၊ ကြည်ညိုတတ်အောင်လဲ လေ့လာရတယ်၊ ပွားများ နှလုံးသွင်းရတယ်၊ ခုလူတွေဘက်ကရော၊ ဘုန်းကြီးဘက်ကရော ဒီကျောင်းတိုက်ကို အနေအထိုင်ကောင်းတယ် ဆိုပြီး အထင်ကြီးကြတယ်၊ သူ့များ အထင်ကြီးလာရင် ကိုယ့်ကိုယ်ကို သတိထားရတယ်၊ သတိထားမှလဲ တော်ကာကျမယ်၊ ကိုရင်တို့ သတိထားကြပါ၊ ကျောင်းမှာ လူဝင်လူထွက်တွေ များလာတယ်၊ ဒါ တစ်ဖက်က ကြည့်ရင် ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး၊ ဘယ်သူက မြှောက်မြှောက် ခြေဖျားမထောက်ကြနဲ့၊ ကျန်းကျန်းမာမာ, ရွှင်ရွှင်လန်းလန်း နေကြ။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၄)
(၁၉၈၀၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်းမနေနဲ့

**မျှော်လင့်ချက်က သာသနာပြုဖို့** ဘုန်းကြီးက ဒကာ ဒကာမတွေကိုလဲ ငဲ့ပါတယ်၊ ဒါပေမယ့် ဘုန်းကြီးရဲ့ ကျန်းမာရေးက အရေးကြီးတယ်၊ ဒါကြောင့် ဘယ်က ပင့်ပင့် အရေးမကြီးဘူးဆိုရင် မလိုက်ပါဘူး၊ ပင့်တိုင်း လျှောက်လိုက်နေမယ်ဆိုရင် ဘုန်းကြီး ကျမ်းစာအုပ်တွေလဲ ပြီးမှာမဟုတ်ဘူး၊ ဒါကြောင့် တချို့ ပင့်တဲ့ ဒကာ ဒကာမတွေကို သည်းခံကြပါလို့ ပြောလိုက်ရတယ်၊ ဘုန်းကြီးကျမ်းစာတွေက အရေးကြီးတယ်၊ မသေခင် ပြီးနိုင်သမျှ ပြီးအောင် ရေးသွားရမယ်၊ ကိုရင်တို့ ဦးပဥ္စင်းတို့ ကောင်းကောင်းနေကြပါ၊နောက်ရဟန်းသစ်ကလေးတွေက ကြိုးစားကြ၊ လောကဂုဏ်တွေဆိုတာ နောက်ဘဝ မပါဘူး၊ နာမည်ကြီးတယ်ဆိုတာလဲ ဒီဘဝသာ နာမည်ကြီးတာပါ၊ နာမည်တွေ ကြီးနေပေမယ့် အိုနာကတော့ နှိပ်စက်နေတာပဲ။

ခု ဘုန်းကြီး ကိုယ်တော်လေးတွေကို မျက်မှန်မပါဘဲ ကြည့်ရင် သေးသေးလေးတွေလို့ ထင်ရတယ်၊ မျက်မှန်တပ်ကြည့်မှ ဝမှန်း သိရတယ်၊ ကိုရင်တို့ အလုပ် လုပ်ကြ၊ ရောဂါလဲ မရကြစေနဲ့၊ တစ်လောဆီက ဘုန်းကြီး ဆရာတစ်ပါးက သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ပုံတော်မူမှာဆိုပြီး သူ့ရဲ့ ကျောင်းတိုက်တွေကို ဝတ်ပည့်သုံးပါး အား စာချုပ်နဲ့ အပ်ထားကြောင်း ပြောတယ်၊ ဘုန်းကြီးက မလိုချင်ပါဘူး၊ ကျောင်းလဲ မရှားပါဘူး၊ အလုပ် လုပ်ဖို့သာ လိုရင်းပါ၊ အရေးကြီးတာက စာချကိုယ်တော်တွေ များများ ထွက်ဖို့ အရေးကြီးတယ်၊ စာချကိုယ်တော်တွေ များများထွက်မှ သာသနာတော်ကြီးက သက်တမ်းရှည်မယ်၊ တခြားမှာ နာမည် ကြီးနေတာနဲ့ ဒီကျောင်းတိုက်နဲ့ မတူပါဘူး၊ ဒီနေရာက အလုပ်ကို မှန်မှန် လုပ်နေတယ်၊ ဘုန်းကြီးရဲ့ မျှော်လင့်ချက်က သာသနာပြုဖို့ပဲ၊ ဒကာ ဒကာမတွေ ပေါ်ဖို့မလိုပါဘူး၊ ကိုရင်တို့ ဦးပဇ္ဇင်းတို့ ဘုန်းကြီးစကားကို ကောင်းကောင်းနားထောင်ကြ။

ဘုန်းကြီးက ဆရာအမျိုးမျိုးနဲ့ နေရတာပါ၊ ဘုန်းကြီးက ဒီကျောင်းတိုက်ကို တန်ခိုးကြီးသူတို့သာ စောင့်ရှောက်ကြပါ လိမ့်မယ်လို့ ယူဆတယ်၊ ဘုန်းကြီးမှာ အများထက် ပင်ပန်း ပါတယ်၊ ဒါပေမယ့်လဲ ဘုရားတရားတော်အတိုင်း နေပြီး အလုပ် လုပ်နေတော့ ချမ်းသာနေတာပါပဲ၊ ကိုယ်တော်တို့က ဘုန်းကြီးရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး မလုပ်ကြနဲ့၊ မျက်စိ ကြည့်တာက သူတော်ကောင်းကတစ်မျိုး၊ သူယုတ်မာက တစ်မျိုးကြည့်တာ၊ ဣန္ဒြေရှိရှိ နေကြပါ။

**နိုင်ငံရော သာသနာပါ ပြုပြင်ပါ** ဘုန်းကြီးရဲ့ မျှော်လင့်ချက်ကို လူတိုင်း သိပ်မသိကြဘူး၊ဘုန်းကြီးရဲ့ကုသိုလ်ကံ က နောက်ပိုင်းမှာ အကျိုးပေးနေတယ်၊ နိုင်ငံရော, သာသနာပါ ပြင်ချင်တယ်၊ ယီးတီးယောင်တောင်

www.burmeseclassic.com

www.burmeseclassic.com



မနေကြနဲ့၊ ဘုန်းကြီးက အားလုံးကို ကောင်းစေချင်တယ်၊ မင်းတို့က တောသားလေးတွေ၊ ဒီလိုနဲ့ မွေးလာကြတာ၊ တောမှာဆိုရင် ခေါင်းအုံးကလဲ ဆီချေးတွေနဲ့၊ အမှိုက်ကလဲ မလှဲဘဲ အိပ်နေကြတာ၊ သနားတော့ သနားစရာနော်။

တောက ဘုန်းကြီးတွေက ကိုယ့်ဆွေမျိုးတဲ့၊ ကျောင်းဒကာ ကျောင်းအမတဲ့ဆိုပြီး မျက်နှာသာပေးချင်ကြတယ်၊ မကောင်းဘူး၊ သူ့ကိုယ်တိုင်ကလဲ အရည်အချင်းက မရှိဘဲကိုး၊ မင်းပိုင်းစိုးပိုင်းက လာရင် သာပြီး မျက်နှာသာပေးချင်ကြတယ်၊ လူတစ်ယောက်ဆိုရင် ကိုယ်က အထက်တန်းကို ရောက်လေလေ သူများကို သိလေလေပဲ၊ ဘုန်းကြီးက ဒကာ ဒကာမတွေ ပင့်ရင် မလိုက်တော့ဘူး၊ တရား မဟောတော့ဘူးလို့နေတာ၊ တစ်ခါ တစ်ခါ လာပင့်တော့လဲ မလိုက်မဖြစ်တဲ့ဟာတွေကျ လိုက်ရသေးတယ်၊ "သူ့ဆန် စားရဲမှ" ဆိုတာလိုပေါ့၊ ဆွမ်းစားရင် ဟောဖို့သာ ပါးစပ်ပြင်ပေတော့၊ အိမ်ကျတော့ ခိုင်းကြတော့တာပဲ၊ လောကကြီးမှာ ကိုယ့်ဘက်ကိုယ်ကြည့်ကြတာပါ။

ရှေးက သူတော်ကောင်းတွေက ဘုရား မဖူးမြော်ရခင် ဇေတဝန်ကျောင်းတိုက်ကို မြင်ရရင်ပဲ ကြက်သီးတွေ ထလို့၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဘုရားကို ဖူးမြော်ကြလို့၊ ခုလူတွေက တော့ ကျောင်းတွေထဲမှာ ဆူညံဆူညံနဲ့ မကောင်းဘူး၊ဘုန်းကြီးက ဒီကျောင်းမှာ ဆူတာ ညံတာ မကြိုက်ပါဘူး၊ မလာချင် နေနိုင်ပါတယ်၊ ဆူတော့ မဆူပါနဲ့၊ ဆိုင်ရာပုဂ္ဂိုလ်တွေက

www.burmeseclassic.com

www.burmeseclassic.com



စကားများ ဆူညံနေမယ့် သူများကို ခေါ်,ခေါ် မလာကြပါနဲ့၊ ဘုန်းကြီးတွေကလဲ ဒကာ ဒကာမတွေနဲ့ တရောရော တသောသော မနေကြပါနဲ့၊ ကိုယ့်သီလကို ထိန်းနေကြပါ၊ ဒါမှ နောက်ဘဝကို ပါမှာ၊ ဒကာ ဒကာမတွေနဲ့က စိတ်မချရဘူး၊ နောက်ဘဝအတွက် မလွယ်ပါဘူး။

**ဂိုဏ်းပေါင်းစုံက ရောက်နေကြတာ** ဘုန်းကြီးထံမှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဂိုဏ်းပေါင်းစုံက ရောက်နေကြတာပါ၊ ဘုန်းကြီးမှာ ရွှေကျင်, သုဓမ္မာ, ကံ, ဒွါရ ဆိုတာ မရှိပါဘူး၊ သာသနာမှာ ဂိုဏ်းဂဏတွေ ကွဲလာတဲ့အတွက် ကျဉ်းမြောင်းနေပါတယ်၊ပုဂ္ဂိုလ်အချင်းချင်း အာဃာတတွေ များလာကြပါတယ်၊ ဘုန်းကြီး ကြည့်တာက သာသနာ တစ်ခုလုံး ကြည့်တာပါ၊ ဘုန်းကြီးတို့က ဘုရားစည်းကမ်းအတိုင်း တတ်နိုင်သမျှ နေလို့ အချိုးကျနေတာပါ။

**ကိုယ့်အလုပ် ကိုယ်လုပ်ကြ** ကိုယ်တော်တို့ ကောင်းကောင်း နေကြပါ၊ ကောင်းကောင်းမနေဘဲ သူများ လှူတာတွေ စားနေရင် အန်ဖတ်တွေ စားနေတာနဲ့ အတူတူပါပဲ၊ ဒါကြောင့် သတိနဲ့ နေကြ၊ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ ပေါ့ပေါ့ဆဆ နေရင် ဘဝသံသရာမှာလဲ ပေါ့ပေါ့ဆဆ အကျိုးပေးတတ်တယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်နေကြ၊ ဘုန်းကြီးမှာ အလုပ်နဲ့ နေတဲ့ ဘုန်းကြီးဆိုတော့ ပင့်လဲ ဘယ်မှ မလိုက်ချင်ဘူး၊ ကိုယ်က ကိုယ့်နည်းနဲ့, ကိုယ့်ရည်ရွယ်ချက်နဲ့ နေတာ၊

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရင် ကောင်းကောင်းစားရမှာ သေချာတယ်၊ ဘုန်းကြီးကျောင်းမှာတော့ လုပ်ကျွေးမယ့်သူက တစ်ယောက်ခွဲပဲ ရှိတယ်။

**(အလုပ်အကျွေး ရဟန်းတစ်ပါးနှင့် ကိုရင်ငယ်လေးတစ်ပါးထားသည်ကို ရည်ရွယ်၍ တစ်ယောက်ခွဲဟု အမိန့်ရှိခြင်း ဖြစ်ပါသည်။)**

ကိုရင်တို့ လောကကြီးမှာ ကိုယ်လုပ်ချင်ရင် ဖြစ်တာချည်းပဲ၊ လိုချင်တာ ရှိရင်လဲ ဆုတောင်းမနေနဲ့၊ ခုလူတွေ နိဗ္ဗာန်မြန်မြန် ရ,ရပါလို၏တဲ့၊ ဘယ်နှစ်ယောက်များ ရကြသလဲ၊ ပိုက်ဆံ မပေးရလို့ အလကား ဆုတောင်းနေကြတာ၊ ဘာမှ ဟုတ်တာ မဟုတ်ဘဲနဲ့၊ လောကမှာ အချောင်သမားတွေက များနေတယ်၊ အချောင်သမားတွေ မရှိရဘူး၊ အကြွင်မဲ့လောက် ကာလ ပတ်လုံး ဘုန်းကြီးတို့ ညာနေကြရင် ထိုမျှလောက် ကာလ ပတ်လုံး ဘဝသံသရာမှာ ခံနေကြရမယ်။

**ဘုန်းကြီးရဲ့အာနုဘော်** ဒီကျောင်းတိုက်မှာ ဂိုဏ်းဆရာတွေ ကလဲ ရောက်,ရောက်လာကြတယ်၊ သူတို့ ဂိုဏ်းဆရာထဲက လူတစ်ယောက် နေမကောင်းလို့ အစာ မစားဘဲ နေသတဲ့၊ ဒါနဲ့ ညကျတော့ သပိတ်ထဲ ထည့်စား ရမယ်လို့ အိပ်မက်ပေးတဲ့အတွက် စားရသတဲ့၊ နောက်တော့လဲ ဒီလိုပဲ စားချင်ပြန်သတဲ့၊ အရက်သမားတစ်ယောက် ထောင်ကျ နေတာ ထောင်ထဲရောက်တော့ ဘုန်းကြီးစာအုပ်တွေကို ဖတ်ပြီး ထောင်က ထွက်လာတဲ့အခါ သာသနာပြုရန် မိန်းမကို တိုင်ပင် တော့ မယုံနိုင်စရာပဲ၊ ဘုန်းကြီးမှာ ဂိုဏ်းဆရာတွေ မ,စလို့ မဟုတ်ပါဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ် တိုးတက်လာတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးရဲ့အာနုဘော်က မေတ္တာပါပဲ၊ ဘာတန်ခိုးမှ မရှိပါဘူး၊ ဘုန်းကြီးမေတ္တာပို့တာ နှစ်ရက် ခွဲပို့ရတယ်၊ အကျိုးဆိုတာ ကိုယ်က လုပ်မှ ရတာပါ။

**အိပ်ရာထ မပျင်းကြနဲ့** ဒီကျောင်းအနေနဲ့ ကျောင်းတိုက်ခွဲချင်ရင် ဒီကမူ မပျက်ကြစေနဲ့၊ နံနက်ကျရင် ဒီက အစည်းအဝေး အတိုင်း လုပ်ကြ၊ ကိုယ်တော်တို့ အိပ်ရာထ ပျင်းနေရင် ဘုန်းကြီးက နတ်တစ်ယောက် ထည့်ပေးလိုက်မယ်၊ ရှေးတုန်းက ရှင်ဘုရင်တွေ စက်တော်ခန်းမှ ထချိန်တော်ရင် သီချင်းအမျိုးမျိုးနဲ့ ဖြေဖျော်နှိုးကြတယ်။

ဘုန်းကြီးကတော့ မထရင် ဒီက ထည့်လိုက်တဲ့ နတ်ကို မှာလိုက်မယ်၊ ကောင်းကောင်းနေတဲ့ပုဂ္ဂိုလ်ဆိုရင် သာသာလေး နှိုးပေးပါနော်၊ အိပ်ရာထပျင်းတဲ့သူများကျရင်တော့ ပါးချပြီး နှိုးပေးပါနော်လို့ မှာလိုက်မယ်၊ အိပ်ရာက မထချင်တာရယ်, ဆွမ်းစားရမှာရယ်,ပြောဟောရမှာရယ် ဒီသုံးချက် ဘယ်ဟာက ခက်သလဲ။

"အိပ်ရာက ထ,ရမှာ ခက်ပါတယ် အရှင်ဘုရား"

**(တစ်ပါးက ဖြေသည်။)**

ကိုယ်တော်တို့ အိပ်ရာထ မခက်အောင် ကြိုးစားနေကြ။

မဇ္ဈိမဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၅)
(၁၉၈၀၊ ဇူလိုင်လ)

www.burmeseclassic.com

www.burmeseclassic.com

# သာသနာတော်ကို စောင့်ရှောက်ပါ

**အစစ်ကို မှန်းပြီး** လူ့လောက,နတ်လောကအားလုံးမှာ ရှိကြတဲ့ **ကြည်ညိုတာ** ရတနာတွေထက် မြတ်စွာဘုရားရတနာက အသာဆုံး၊ လောကီရတနာတွေက အဖိုး ဖြတ်လို့ ရတယ်၊ ဗုဒ္ဓရတနာက အဖိုးဖြတ်လို့ မရဘူး၊ ခုခေတ် ဒက္ခိဏာသာခါထုသူတွေက ဒက္ခိဏာသာခါဆိုရင် ကလေးငို ရပ်ရမယ်တဲ့၊ မဟုတ်တာတွေ လျှောက်လုပ်နေကြတယ်၊ ပိုက်ဆံရှိတိုင်း ဘုရားတွေ တည်မနေကြနဲ့၊ ဘုရားတည်ပြီး တော့လဲ ဘယ်သူမှ သိပ်ရှိသေကြတာမဟုတ်ဘူး၊ ဘုန်းကြီးက ဘုရားကို မရှိသေလို့ မဟုတ်ဘူး၊ မကြည်ညိုလို့လဲ မဟုတ်ဘူး၊ ဘုန်းကြီးကြည်ညိုတာက အစစ်ကို မှန်းပြီး ကြည်ညိုတာ၊ ဘုရားပွင့်စဉ်ကလဲ ရှေးကံပါရမီတွေကမပါကြတော့ ဘုရားကို မဖူးကြရဘူး၊ ဉာဏ်မပါတော့လဲ မကြည်ညိုတတ်ကြဘူး၊ ခုခေတ်လူတွေ ပိုဆိုးတာပေါ့။

သီလ စသည်တွေဟာ အဖိုးတန်တွေပါ၊ လောကီရတနာ ကြည်ညိုရတာနဲ့ ဘုရားရတနာ ကြည်ညိုရတာ ဘုရားရတနာက ကောင်းတယ်၊ လောကီရတနာတွေက ကြည့်လေ တဏှာ လောဘဖြစ်လေ၊ ဘုရားရတနာက ကြည့်လေ ကောင်းလေ၊

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်သူ မရှိဘူး၊ လောကီရတနာတွေကို သာယာနေရင်ငရဲ, တိရစ္ဆာန်ကို ရောက်မှာ၊ ဗုဒ္ဓရတနာကို အာရုံပြုနေသူက ကောင်းရာသုဂတိကို ရောက်မှာ အမှန်ပါ၊ ဗုဒ္ဓပွင့်လာတာက ကြွားချင်လို့ မဟုတ်ပါဘူး၊ သတ္တဝါတွေ ချမ်းသာစေချင်လို့ပါ၊ ကိုယ့်အကျိုးသာဆိုရင် အိပ်နေမှာပေါ့။

**ဆင်ကို မတွေ့ရပေမယ့် ခြေရာကို တွေ့နိုင်**

တို့ ဗုဒ္ဓ မြင့်မြတ်ကြောင်းကို သူ ဟောခဲ့တဲ့ တရားတော်တွေနဲ့ ချိန်ထိုးကြည့်ရင် သိနိုင်ပါတယ်၊ ဆင်ကို မတွေ့ရပေမယ့် ဆင်ခြေရာကို တွေ့မြင်ရင် ဆင်အကြီး, အငယ်ဆိုတာ သိနိုင်ရတယ်၊ ဗုဒ္ဓကို ကိုယ်တိုင် မဖူးလိုက်ရပေမယ့် ဗုဒ္ဓ ဟောမြွက်ခဲ့တဲ့ တရားတော်တွေကို တွေ့မြင်ရတော့ ဗုဒ္ဓ မြင့်မြတ်ကြောင်းကို သိရတယ်၊ မာဂဏ္ဍီဆိုတဲ့ အမျိုးသမီးဟာ ဘုရားကို ဆဲတော့ ဘုရားက စစ်မြေပြင်သွားတဲ့ ဆင်ပြောင်ကြီးလို မြားခါပြီး ရှေ့ကိုသာ တိုးတက်တာပဲ၊ မြတ်စွာဘုရားကလဲ မာဂဏ္ဍီ ဘယ်လောက်ပဲ ဆဲဆဲသည်းခံပြီး ကြွမြဲတိုင်း ကြွတာပါပဲ။

ဘုရားရတနာက လူ နတ် စတဲ့သတ္တဝါတွေ အမျိုးမျိုးတိုင်းမှာ ရစေနိုင်တယ်၊ လောကီရတနာတွေကတော့ ပိုက်ဆံရှိတဲ့ သူဌေးတွေမှာသာ ဝတ်ဆင်နိုင်တယ်၊ လောကီရတနာတွေက တန်ဖိုးဖြတ်လို့ ရပေမယ့် ဘုရားရတနာက တန်ဖိုးဖြတ်လို့ မရပါဘူး၊ သဒ္ဓါဥစ္စာ ရှိသူတိုင်း ဘုရားရတနာကိုပန်ဆင်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရတနာတစ်ဆူ ဖြစ်ပေါ်လာဖို့ဆိုတာလဲ လွယ်ကူတာ မဟုတ်ဘူး၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေကို ဖြည့်ကျင့်မှ ဘုရားတစ်ဆူ ပွင့်တာ၊ တစ်ကမ္ဘာ ဆိုတာကလဲ မလွယ်ဘူး၊ တစ်ယူဇနာ ရှိတဲ့ ဂိုဒေါင်ထဲမှာ မုန်ညင်းစေ့တွေ အပြည့် ရှိတယ်၊ နှစ်တစ်ရာရှိမှ တစ်စေ့, နှစ်တစ်ရာရှိမှ တစ်စေ့ နုတ်လိုက်တာ မုန်ညင်းစေ့သာ ကုန်တယ်၊ ကမ္ဘာက တွက်မရ သေးဘူး။

ဒါလောက် ခဲယဉ်းတဲ့ ဘုရားသာသနာမှာ ဒါနတွေ ပြုကြတာ တော်တော် စဉ်းစားစရာကောင်းတယ်၊ ဒါနပြုတယ် ဆိုတာ ဂုဏ်ရှိအောင် ဒါနပြုတာ မဟုတ်ပါဘူး၊ ဘုရားလောင်း ဒါနပြုတာက ခုခေတ်လို ဂုဏ်ရှိတဲ့သူရယ်လို့ မရည်ရွယ်ပါဘူး၊ မရှိတဲ့သူတွေ ရှိရင် ပေးလိုက်တာပဲ၊ ဘဝများစွာက ဆည်းပူးခဲ့တဲ့ ဒါန သီလ ပညာဆိုတာ နောက်ဘဝအထိ အထုံပါသွားတယ်၊ ဘုရားအလောင်းဟာ ပစ္စည်းတွေ ချမ်းသာပါတယ်၊ ဒါပေမယ့် ခုလူတွေလို မစွန့်ရက်, မခွာရက် မက်မောနေတာ မဟုတ်ပါဘူး၊ အိုတာ နာတာ ရှိရင် မအိုတာ မနာတာ ရှိရမယ်ဆိုပြီး နန်းတော်ကနေ ထီးနန်းနှင့် စည်းစိမ်တွေ စွန့်ပြီး တောထွက်သွားတာပါပဲ၊ နောက်ဆုံး (နိရောဓ) နိဗ္ဗာန်ကို ရောက်တော်မူတယ်။

**ပျော်ပွဲ ရွှင်ပွဲတွေ လုပ်နေကြတာ** ဘုန်းကြီးက ရုပ်တုတော်တွေ များများ မထုစေချင်ဘူး၊ ရုပ်တုတော်တွေ ထုရှင်လဲ

www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ပယ်ပယ်နဲ့ တစ်ဆူတလေ ကောင်းတယ်၊ တို့ မြန်မာတွေကတော့ မြန်မာရုပ်ထုတယ်၊ အိန္ဒိယကထုတော့ ကုလားရုပ်ထုတယ်၊ ဥရောပတိုက်ကလဲ တစ်မျိုးထုတယ်၊ ရုပ်တုတော်များတော့ မရှိသေကြတော့ဘူး၊ တစ်မြို့တစ်ရွာမှာ သန့်သန့်ရှင်းရှင်းနဲ့ တစ်ဆူပဲ ရှိရင် ကောင်းမယ်၊ ဘုရားဆိုရင် ကိုယ့်မိဘအရိုးအိုးဂူတွေ ရှိသေကြသလို ဘုရားဓာတ်တော်ကိုလဲ ရှိသေကြပါ၊ အထူး ရှိသေကြပါ၊ ဗုဒ္ဓဘာသာ သာသနာကို ဘာသာဝင်တွေက ဖျက်နေကြတာ၊ ဘုရားပူဇော်တဲ့အနေနဲ့ ပျော်ပွဲ ရွှင်ပွဲတွေ တခြိမ့်ခြိမ့်တသည်းသည်း လုပ်နေကြတာ ဘုရားပူဇော်ရာ မရောက်ပါဘူး၊ ဘုရားလဲ အာရုံ မရောက်ပါဘူး၊ ကုသိုလ်မရတဲ့အပြင် ငရဲတောင် ကြီးပါသေးတယ်၊ နောင်လာ နောက်သားတွေကို ပြင်ပေးကြ၊ မပြင်ရင် နောက်ပုဂ္ဂိုလ်တွေက ဘုရားကို ယုံမှာ မဟုတ်တော့ဘူး၊ ကြိုးစားကြ၊ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်အောင် ကြိုးစား အားထုတ်ဆောင်ရွက်ကြ။

**နွားရိုးနှင့် လူကြီးလောဘ** တဏှာလောဘဟာ တော်တော်ကြောက်စရာကောင်းတယ်၊ မိန်းမ၊ ယောက်ျား ဖြစ်ရတာ ခုဘဝ ကုသိုလ်ကောင်းမှုပြုစဉ် မိန်းမစိတ်နဲ့ ပြုတဲ့အတွက်ကြောင့် နောင်ဘဝ ပဋိသန္ဓေနေရင် မိန်းမစိတ်နဲ့ဘဲ ပုံသဏ္ဌာန်ပေါ်လာတာပဲ၊ ယောက်ျားစိတ်နဲ့ပြုရင် နောက်ဘဝ ယောက်ျားပဲ ဖြစ်ရတယ်၊ မိန်းမဘဝက ယောက်ျားဘဝ

www.burmeseclassic.com

www.burmeseclassic.com



မရောက်တော့ဘူးလားဆိုရင် ရောက်နိုင်ပါတယ်၊ ခုမိန်းမ ဘဝကို စက်ဆုပ်ပြီး ယောကျ်ားစိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုရင် နောက်ဘဝ ယောကျ်ားဖြစ်တာပါပဲ၊ ယောကျ်ားလဲ မိန်းမဖြစ်တာပါပဲ။

တဏှာလောဘဆိုတာ မွေးကင်းစကတည်းက ပါလာတာ၊ နောက် တဖြည်းဖြည်း ကြီးလာတော့ ကလေးအရွယ်မှာ အမေက မိန်းမရုပ်ကလေး ဝယ်ပေးလို့ ကျေနပ်လို့၊ နောက် လူပျိုဘဝ ရောက်လာတော့ တကယ့် လူစစ်စစ်အရုပ်ကို လိုချင်လာတယ်၊ တစ်ခါ နိုင်ငံခေါင်းဆောင်ကြီးတွေ ဖြစ်တော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လုယူလိုကြပြန်တယ်၊ တို့ဘုရားက "နွားမှာ ချိုပေါက်တာတော့ ပြန်တိုတယ်လို့ မရှိဘူး၊ ရှည်မြဲ ရှည်လာတာလိုပဲ လူများမှာလဲ လူကြီးလေ လောဘကြီးလေလေ, မလျော့ဘူး၊ မသေမချင်း လိုချင်နေတာပါ"လို့ ဟောတယ်။

**လူမိုက်ဆိုရှောင်** ကိုရင်တို့ လူမိုက်တွေကို ကြည့် ရှောင်ကြ၊ လူမိုက်နဲ့ ပေါင်းတဲ့သူဟာ ဥပမာ–မွေးကြိုင်နေတဲ့ ပဝါထဲမှာ အစပ်, အပုပ်, မကောင်းတာတွေ ထုပ်ထားတော့ အဝတ်က မနံသော်လဲ အထဲက အပုပ်တွေ ထုပ်ထားတော့ ပဝါပါ ရောပုပ်သလိုပဲ၊ လူတွေလဲ လူတစ်ယောက် ကောင်းပေမယ့် လူမိုက်နဲ့ ပေါင်းသင်းရင် မိုက်သွားတာပဲ၊ ကိုယ်တော်တို့က ဆရာ မိဘ ဖြစ်ကြတဲ့အခါ တပည့်သား

www.burmeseclassic.com

www.burmeseclassic.com



သမီးတွေကို လိမ္မာအောင် စောင့်ရှောက်ပြီး နေထိုင်ကြပါ၊ လူမိုက်တွေရဲ့ အပုပ်နံ့ ကိုယ့်ကို ကူးစက်မှု မဖြစ်ပါစေနှင့်။

အိုခြင်းတရားက ဘယ်သူမှ မကင်းကြဘူး၊ ဘယ်အထိ အိုမှာလဲ၊ သေအောင် အိုမှာ၊ အားလုံးသတ္တဝါတွေဟာ အိုပြီဟော့ဆိုရင် ဘယ်သူမှ မကယ်နိုင်ဘူး၊ အားကိုးစရာ ဘာတစ်ခုမှ မရှိဘူး၊ ပစ္စည်းပေါလို့ ပစ္စည်းပေးပြီး မအို မသေပါနှင့်ဆိုလို့ မရဘူး၊ အားလုံးကုန် စွန့်ပြီး တစ်ဘဝမှာ သွားကြရမှာပါ၊ ချစ်လှပါတယ်ဆိုတဲ့ မိမိကိုယ်သေဘ်မှ ဆွေထဲ မျိုးထဲ မသတီစရာကြီးအဖြစ် ပစ်ထားခဲ့ရတယ်၊ အသက်မက ချစ်လှတဲ့ မယားလှလှလေးကိုလဲ မခွဲချင်ဘဲ ခွဲရတာပါ၊ အားလုံးသတ္တဝါတွေဟာ တဏှာ့ကျွန်တွေချည်းပါပဲ၊ ချောချောလှလှလေး လိုချင်ပါတယ်ဆို ရှာပေးရတယ်၊ တယ်ပြီး မိုလ်ကျတယ်၊ ဒါကြောင့် ချောတဲ့သူကလဲ ချောပြီးရင်း ချောချင်ရင်းပါ၊ ရတဲ့သူကလဲ ရပြီးရင်း ရချင်ရင်းပါ၊ မဆုံးနိုင်ပါဘူး။

**အရိယာသံဃာ** အရိယာဖြစ်ပြီးတဲ့ သံဃာတော်အပေါင်းကို
**သမ္မုတိသံဃာ** ပရမတ္ထသံဃာလို့ ခေါ်ရတယ်၊ ကဲ–ခုသံဃာတွေက သမုတ်ထားတဲ့ သမ္မုတိသံဃာ၊ ဒါကို နားလည်ပါစေ၊ ဘုန်းကြီးတို့ နိုင်ငံမှာ ဘုန်းကြီးတွေက ဩဇာရှိရှိနဲ့ ပြောဟော သင်ပေးရင် ဗုဒ္ဓဘာသာဝင်တွေ စိတ်ကောင်း ရှိသူက များမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



မဟော မပြောဘဲ ဘုန်းကြီးတွေက ကျောင်းကြီးပေါ် စက်တော်ခေါ်နေကြရင်တော့ သာသနာပါ ကွယ်တော့မှာ၊ အသုံးမကျတဲ့ အဘိုး အဘွားတွေကို အိမ်လာရင် မြေးတွေက လက်မခံချင်ကြဘူး၊ သေရင်လဲ မပူကြဘူး၊ အသုံးကျရင် မသေစေချင်ဘူး၊ ဘုန်းကြီးတွေလဲ နည်းတူပဲ၊ သာသနာတော်မှာ စောင့်ရှောက်ဖော်မရရင် ဒါယကာ ဒါယိကာမမှ မကြည်ညို ချင်ဘူး၊ စောင့်ရှောက်ဖော်ရမှ ကြည်ညိုချင်ကြတယ်၊ အားလုံး မိမိတို့ သာသနာကို မကွယ်မပျောက်ရအောင် စောင့်ရှောက်ပြီး ဘုန်းကြီးတွေက ရွှေအစစ် မဟုတ်ပေမယ့် (ပရမတ္ထသံဃာ မဟုတ်ပေမယ့်) ရွှေအစစ်လို အရောင်တောက်လာအောင် ကြိုးစားနိုင်ရင် ကောင်းပါတယ်၊ လူ ဒါယကာ ဒါယိကာမတွေကလဲ သရဏဂုံသုံးပါး တစ်သက်လုံး မပျက်ရင် ကောင်းပါတယ်။

ဓမ္မဗျူဟာ

အတွဲ(၁၉)၊ အမှတ်(၆)

(၁၉၈၀၊ ဩဂုတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတာစုဆောင်း သူဌေးလောင်း

**သေခြင်းတရားကို စောစောက တွေးထားပေါ** လူတစ်ယောက် အလုပ် လုပ်တဲ့ အခါ အချောင်နေရင် ကောင်းတော့ ကောင်းတယ်၊ ဒါပေမယ့် အကျိုး ပေးတဲ့အခါကျတော့လဲ ချောင်နေတတ်တယ်၊ ဘုန်းကြီးစိတ် ကတော့ အချောင်မနေချင်တဲ့ စိတ်ပဲ၊ ဘုန်းကြီး အလုပ်က သူများ လုပ်လို့ကို မဖြစ်ဘူး၊ ဘုန်းကြီးသေရင်လဲ အမြန်သေ တာ ကောင်းတယ်၊ ဝေဒနာတော့ မခံချင်ဘူး၊ သေတော့လဲ နီးစပ်တဲ့ ပရိသတ်တွေကြားထဲ မသေချင်ဘူး၊ ချုံကြားထဲ သွား. သေချင်တယ်၊ သေမှာ ဆိုတာ စောစောက တွေးထားရတယ်၊ ဒါမှ ကြောက်တာ၊ တရားနဲ့ ဆင်ခြင်တယ်၊ လူ့လောက ရောက်လာရင် အို နာ သေရေးကို မလွန်ဆန်နိုင်ကြဘူး။

ဒီကျောင်းမှာ ခုတလော လူဝင် လူထွက်တွေ များနေတယ်၊ လူတွေ ဒါလောက် များလာတာကို သတိထားရမယ်၊ ဘုန်းကြီး က အလုပ်တစ်ခု .တိုးတက်လာရင် သတိထား လုပ်တယ်၊ မကောင်းမှု ပြုသူဟာ ကိုယ်က မမြင်တော့ ရှက်စရာ မကောင်း ဘူး၊ ဆွမ်းခံရင်း သပိတ်ခေါင်းစွပ်ပြီး နောက်ဖေးသွားတဲ့ ကိုယ်တော် မရှက်ပါဘူး၊ ဒီကျောင်းမှာလဲ မကောင်းတာတွေ ရှိနေတာပဲ၊ သတိထားကြ။

www.burmeseclassic.com

www.burmeseclassic.com



**နှုတ်ခမ်းပွဲချင်း မီးမှုတ်နေတာ** ပုဂ္ဂိုလ်တစ်ယောက် ကောင်းတယ်ဆိုတာ အထက် ဆရာ, မိဘက ဆင်းသက်လို့ ကောင်းလာသူသာ နောင်လဲ အရှည်သဖြင့် ကောင်းတာပါ၊ လူတစ်ယောက်မှာ လက်က လွှတ်ရင် ခြေမြဲ ဆိုတဲ့ အကျင့် ရှိရတယ်၊ စိတ်ကူးကတစ်မျိုး, အလုပ်ကတစ်မျိုး ဆိုရင် မတိုးတက်ပါဘူး၊ "**ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ**"တဲ့ သီလရှိတဲ့လူဟာ လိုရာကို ပြီးစေတတ်တယ်၊ စိတ်ကိုသာ စင်ကြယ်စွာနဲ့နေ၊ လောက စကား ရှိသားပဲ၊ ဥစ္စာလိုချင်ရင် ဥစ္စာနဲ့ ရင်းယူမှ၊ သီလ သမာဓိ ပညာလိုချင်ရင်လဲ ထို့အတူပဲ၊ လောကကြီးမှာ ဘယ်သူတွေ ဘာပြောပြော ကိုယ်က ဟုတ်ရင် ပြီးနေတာပါ၊ ကိုယ်တော်တို့ ဒကာ ဒကာမတွေ လာအောင် ပါးလျက် နားလျက် လုပ်မနေကြနဲ့၊ မကောင်းဘူး၊ ဒါတွေ အလကားဟာတွေ၊ နှုတ်ခမ်းပွဲချင်း မီးမှုတ်နေကြတာ၊ မသိတဲ့ လူတွေကလဲ မျက်မမြင်ချင်း ကြည့်နေကြတာပါ၊ ကိုယ်တော်တို့ သတိတရားနဲ့ နေကြ။

**သူတော်ကောင်း နိုအောင်းစုံခဲ့** မိဘရိုးရာဆရာသမားနဲ့ဆိုတာက တစ်ဖက် ဘက်က ကောင်းရတယ်၊ ဘုန်းကြီးရဲ့ သူတော်ကောင်းမှီခိုရတာက လူဘက်ကရော ရဟန်းဘက်ကရော စုံခဲ့တယ်၊ ဒါကြောင့် ဘုန်းကြီးမှာ ငယ်ငယ် ကတည်းက သတ္တိကောင်းခဲ့တယ်၊ မိဘ ဆွေမျိုး ဆရာကောင်း တွေရဲ့ လက်အောက်က လာခဲ့သူတွေဟာ သိမ်မွေ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူဆိုရင်လဲ သားသမီးတွေနဲ့ နေရပေမယ့် သူတော်ကောင်း စိတ်ဓာတ်ပါလာရင် ဒီဘဝ မပျက်တော့ဘူး၊ မလိမ္မာသူ အတွက်ကတော့ မထူးပါဘူး၊ လိမ္မာသူတွေအတွက်တော့ တိုးတက်မြဲပဲ။

ဘုန်းကြီးတို့ ကျောင်းတိုက်ဟာ ပေါ့ပေါ့နဲ့ ကြီးပွားလာတာ မဟုတ်ပါဘူး၊ ဂျပန်ခေတ်က ရူပသိဒ္ဓိဘာသာဋီကာစာအုပ်ကို လေယာဉ်ဗုံးချစဉ် ရေးခဲ့တယ်၊ ဒီလိုနဲ့ တက်လာခဲ့ရတယ်၊ ပေါ့ပေါ့ဆဆ မတွက်ကြနဲ့၊ ကိုယ်မှာ လောဘစတဲ့ တရားတွေ အဝင်မခံကြနဲ့၊ သူတော်ကောင်းတရားတွေ နာကြားနေရတာ ဟာ စိတ်ထားက စပြီး အားလုံး အချိုးကျနေကြတယ်၊ တို့ ဘုရားနဲ့ တွေ့လို့ ဒီလိုအခါမျိုးမှာ ဒီလိုတရားတွေကို နာကြား နေရတာ တခြားနိုင်ငံတွေမှာဆိုရင် မလွယ်ဘူး၊ နိုင်ငံခြား တိုင်းပြည်တွေဟာ လောကီဘက်ကတော့ ထိပ်တန်းနိုင်ငံ တွေပဲ၊ ကားလိုချင်လဲ ချက်ချင်းရ၊ လေယာဉ်ပျံလိုချင်လဲ ချက်ချင်းရ၊ ဒါပေမယ့် ဘဝသံသရာကျအောင် ကောင်းရာ သုဂတိ ရောက်ဖို့ရာက မလွယ်ဘူး၊ ဘာပြုလို့လဲ၊ ပဋိရူပဒေသ မဟုတ်လို့။

**ပဋိရူပဒေသ ကောင်းနဲ့** ဆရာသမားတွေက ကိုယ့် တပည့်တွေကို ဂရုစိုက်ပေးကြပါ၊ ဒီကျောင်းတိုက် တိုးတက် လာတာ ကံတော်ကံငြား တိုးတက်လာတာ မဟုတ်ဘူး၊ ဘုန်းကြီးရဲ့ ဆရာတွေကလဲကောင်း၊ ဘိုးဘွား

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းမျိုးတွေကလဲ ကောင်းခဲ့တော့ အားလုံးက ဘုန်းကြီးကို အရေးပေးကြတယ်၊ ဘုန်းကြီးရဲ့ ရေသောက်မြစ်က ဒီလို လာခဲ့တာ၊ ဘုန်းကြီးက ပဋိရူပဒေသ ကောင်းတယ်၊ ဘုန်းကြီး ကံက မသေးသိမ်ပါဘူး၊ အားလုံး ဒကာ ဒကာမတွေ့, တပည့် ပရိသတ်တွေ ရှိနေလို့ ပြောဟောနေရတာ။

ဒီကျောင်းမှာ ဘုန်းကြီးက ဒီလောက် ပြောဟောနေပေမယ့် တချို့က မလိုက်နာချင်ကြဘူး၊ မလိုက်နာချင်တဲ့ ကိုယ်တော် တွေ ဒီကျောင်းမှာ မနေကြပါနဲ့၊ **"အမေ ဘယ်လို ချော့သိပ် ပေမယ့် ငါအိပ်မှ ပျော်မယ်"**ဆိုတာလို ဆရာက ဘယ်လို ဆုံးမပေမယ့် ငါက လိုက်နာမှ တော်မယ်၊ ကိုရင်တို့က ဟုတ်နေရင် ဘာမှ ကြောက်စရာ မလိုပါဘူး၊ တကယ် အခွင့် ကောင်းလို့ ဒီလိုဘဝမျိုးနဲ့ ဒီလို အဝတ် ဝတ်နေရတာ၊ အသိ တရားနဲ့ ကောင်းကောင်းနေကြပါ။

**သာသနာ့ဝန် သူတော်ကောင်းဆောင်** ဗုဒ္ဓမြတ်စွာက သိက္ခာပုဒ်တော်ကို တစ်ခါ လွန်ကျူးမိရင် အားလုံး အတွက် တစ်ခါတည်း ပညတ်လိုက် တယ်၊ အားလုံးကလဲ လိုက်နာကြတယ်၊ ကိုယ်တော်တွေက ဘုန်းကြီးစကားကို ကောင်းကောင်းနားမထောင်ကြဘူး၊ ရှေ့မှာ တစ်မျိုး, ကွယ်ရာမှာ တစ်မျိုး မလုပ်ကြနဲ့၊ ဘုရားရဲ့ စနစ်ကို မလိုက်ရင် မနေကြနဲ့၊ သာသနာ့ဝန်ကို ဆောင်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းတွေသာ ဆောင်တယ်၊ အများအကျိုး သာသနာ့အကျိုး ဆောင်နိုင်အောင် ကြိုးစားကြ၊ ရွာတစ်ရွာမှာ တစ်အိမ် ကောင်းစားဖို့နဲ့ တစ်ရွာလုံး ကောင်းစားဖို့ဆိုရင် တစ်ရွာလုံး ကောင်းစားရေး လုပ်သူက နည်းတယ်၊ အားလုံး ကိုယ်ကျိုးချည်း များနေကြတယ်၊ ဘုန်းကြီးကတော့ အားလုံးကို ကြည့်တာပါ၊ ဘုန်းကြီး စေတနာတွေက ဘဝသံသရာမှာ အကောင်းဆုံးပဲ။

**သာသနာ့လမ်းစဉ် ရွေ့လျောလာ** ဖြစ်နေတာက ကုသိုလ်အရ နည်းနေကြတယ်၊ဘာနဲ့တူသလဲဆိုတော့ "ဗာရာဏသီပြည်မှာ ဘာပင်ကြီးက ဘာသီးကြီးသီးလို့ ဘာစားမကြီးနဲ့ဆိုလား ခွဲကြည့်တော့ ဘာမှ မရှိဘူး" ဆိုတာလိုပဲ၊ ခုလဲ အားလုံးဟာ ဘာကုသိုလ်မှ သိပ်မရှိကြဘူး၊ ကိုယ်တော်တို့ သိက္ခာသုံးပါးနဲ့ နေကြ၊ ဒီကျောင်းမှာ ကန့်လန့်မလုပ်ကြနဲ့၊ ကိုယ်တော်တို့က တရားကို တန်ဖိုးမထားကြဘူး၊ ငှက်ပျောပွဲ,အုန်းပွဲ ရဖို့ရာလောက် မျှော်နေကြတယ်၊ဘုန်းကြီးက သတ္တဝါတစ်ယောက်ကို အရေးတကြီးနဲ့ ဂရုထားမယ် မထင်နဲ့၊ တစ်ဘဝဆိုတာ ဆန်းတာ မဟုတ်ဘူး၊ မပြုနဲ့ ဆိုတာ ပြုလို့ တစ်စုံတစ်ခု ဖြစ်သွားရင် ပျာပျာသလဲ လုပ်မယ် မထင်နဲ့၊ ဘုန်းကြီးက အပိုအလုပ်တွေကို မကြိုက်ပါဘူး၊ ခုမှ မဟုတ်ဘူး၊ ရှေးကတည်းက အထုံ ပါလာတာ၊ မဂ် ဖိုလ် နိဗ္ဗာန်ဘက် မဟုတ်ရင် တားမြစ်ရမှာပဲ၊ ကိုယ်တော်တို့ ကြိုးစားကြ၊ ဘုရားသာသနာက တဖြည်းဖြည်း ရွေ့လျောလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



**ပေါ်ယံကောင်း မလုပ်ကြနဲ့** ဘုန်းကြီးက ပဋိပတ် မပါဘဲ ပရိယတ်ကို မမျှော်ပါဘူး၊ အပေါ်ယံ ကောင်းနေရုံနဲ့ အတွင်းအနှစ် မရှိရင် အလကားပဲ၊ ဘုန်းကြီး လမ်းစဉ်က အများလမ်းစဉ်နဲ့ မတူပါဘူး၊ သူများနဲ့ မတူလို့ ခုအကျိုးတွေ ရနေတာ အများကြီး၊ ကိုယ်တော်တို့ အလုပ် လုပ်ရင် လာဘ်လာဘနဲ့ဂုဏ်ကို မျှော်လုပ်ရင် ပါရမီမဟုတ်ဘူး။

**ရှိရင် လှူရတယ်** လူတွေက ရုပ်ပါရုံစတဲ့ အာရုံတွေကို ခံစားပြီး ကုသိုလ်တရားတွေနဲ့ ကင်းနေကြ၊ မေ့နေကြတယ်၊ ကုသိုလ်တရား မေ့သောသူဟာ သေနေတာပဲ၊ သေတဲ့သူတွေက ထင်းတုံးနဲ့ တူတယ်၊ သေပါတယ်ဆို ခြေထောက်ကို ကြိုးနဲ့ အတုပ်ခံရသေးတယ်၊ ဘုန်းကြီးသာ သေရင်တော့ နီးရာဆွဲပြီး မီးနဲ့ ရှို့လိုက်၊ ဘုန်းကြီးတွေ ပျံတော်မူရင် နိဗ္ဗာန်ကျောင်း ချသတဲ့၊ နောက်တစ်ခါ ယေင်ကျူးသတဲ့၊ ဘာဟုတ်မလဲ၊ တန်ဆာဆင်ကြတာ၊ မေ့လျော့နေတဲ့ ရဟန်းတွေက ဖရိုဖရဲ ကိုးရိုးကားရားနဲ့ လျှောက်သွားနေကြတာ၊ လူတွေလဲ ဒါန သီလ ကုသိုလ်ကောင်းမှု ဆိုင်ရာတွေ မေ့နေကြရင် အသေပါပဲ၊ ရဟန်းတွေ ဒါနပြုရမယ်လို့ သတိမထားကြဘူး၊ ရှိရင် လှူရတယ်၊ ရှိလျက်နဲ့ မလှူရင် အသေပါပဲ။

**ချွေတာဆုဆောင်း သူဌေးလောင်း** ဘယ်နေရာမျိုးမဆို ချွေတာရတယ်၊ ချွေတာတယ်ဆိုတာ နှမြောလို့မဟုတ်ဘူး၊ ပစ္စည်းကို သူ့နေရာနဲ့သူ သုံးတတ်စွဲတတ်

www.burmeseclassic.com

www.burmeseclassic.com



တာဟာ ချွေတာတာပဲ၊ ဘုန်းကြီးက မီးကို အလကား ဖွင့်ထားရင် နှမြောတယ်၊ ကုန်သင့်လို့ ကုန်တာက အကြောင်းမဟုတ်ဘူး၊ မကုန်သင့်ဘဲ အလကား လျှောက်ကုန်နေတာကတော့ အကျိုးမရှိဘူး၊ ဘာတဲ့လဲ –

"မှူးနတ် ပဲနတ်, စု၍လုပ်,
တရုတ် တိုက်ကြီးတည်၊
တစ်ပြား နှစ်ပြား, စုပါများ,
ကုလား တိုက်ကြီးတည်။"

တို့မြန်မာတွေက ဆင်းရဲမှာပေါ့၊ အကျိုးမများတဲ့ နေရာတွေမှာ အကုန်အကျတွေက များနေတာကိုး။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၇)
(၁၉၈၀၊ စက်တင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## တစ်နေ့တစ်လံ နိဗ္ဗာန်ဘယ်ပြေးမလဲ

**သာသနာပမှာ မလွယ်** လူတွေက တရား အားထုတ်ချင်ကြတယ်၊ သူတို့က သားသမီးတွေ တတွဲတွဲနဲ့၊ ငါးပါးသီလနဲ့နေကြဖို့ ပြောရတယ်၊သူတို့အားထုတ်တာက မဂ်ပေါက် ဖိုလ်ပေါက် ဟုတ်ချင်မှ ဟုတ်မှာ၊ လူတွေက အကွက် မသိကြဘူး၊ ခု ကိုယ်ကျင့်သီလ မကောင်းကြလို့ ဘာဖြစ်နေသလဲ၊ ကိုယ်ကျင့်သီလကို အထူးကောင်းအောင် ကြိုးစားကြရမယ်၊သာသနာအတွင်းမှာအလုပ် လုပ်စရာတွေက အများကြီးပဲ၊ လုပ်ချင်ရာ လုပ်လို့ရတယ်၊ သာသနာပမှာ ကျတော့ မလွယ်ဘူး၊ နောက်ဘဝက ဒီဘဝ ပြန်ရောက်ရင် ဆရာမိဘကောင်းနဲ့ တွေ့ချင်မှ တွေ့မှာ၊ ဒါကြောင့် ခု ရဟန်းဘဝနဲ့ နေရတာဟာ နိဗ္ဗာန်ရောက်ကြောင်းလမ်းက ဖြောင့်တယ်၊ ဝမ်းမြောက်ဝမ်းသာ နေထိုင်ကြ။

**ဘုန်းကြီးဆိုတာ ဟန်မဆောင်ရ** အာလုပ် လုပ် ဆရာ တင်ရတယ်၊ လွဲသွားတော့ သူ့ကိုသာ လွှဲလိုက်ရုံပဲ၊ အပြစ်တင်ရင် သူသာ ခံရမှာ၊ ကိုယ်တော်တို့ စကားပြော၊ တရားဟော၊ စာရေး စာဖြေတာဟာ အလေ့အကျင့် ရတယ်၊ လူတွေ စကားပြောတာက စည်းကမ်းနဲ့ စကားပြောတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ပါးစပ်ကြီး ဟဟပြီး အလွဲချည်း လျှောက်လျှောက် ပြောနေတာပဲ၊ တို့ သာသနာမှာက ဘာဖြစ်ဖြစ် စည်းကမ်းကျ တယ်၊ ဘုန်းကြီးလို နေပြီး ဟန်မဆောင်ကြနဲ့၊ ဘုန်းကြီးဆိုတာ ဟန်မဆောင်ရဘူး။

**"ရဟန်းကိစ္စ, နှစ်ခုရဋ္ဌ,**
**လုံ့လအားသည်း, ဟိတ်ဟန်နည်း၍,**
**ပစ္စည်း မသိ, စိတ်မတို,**
**ခင်ပို့ ကြီးပွားကြောင်း၊**
**ခင်အိုလဲ ကြီးပွားကြောင်း။"**

**ငယ်ငယ်က သဒ္ဓါတရားရှိရင်** လူဆိုတာ အကွက်ကျော် သိရတယ်၊ သူများ လှူတာ စားနေရုံနဲ့ မပြီးဘူး၊ လှူတဲ့ လူတွေက သာသနာအတွက် ရည်မှန်းပြီး လှူကြတာ၊ အလှူဆိုတာက ဝါသနာရှိမှ လှူဖြစ်တာ၊ အမြွာပူးမွေးတဲ့ အမျိုးသား အမျိုးသမီးတောင်မှ စိတ်ချင်း မတူကြဘူး၊ တစ်ယောက်က လောဘကြီးတယ်၊ စိတ်ကောင်း မရှိဘူး၊ တစ်ယောက်က သဒ္ဓါတရားနဲ့ လှူချင် ပေးချင်တယ်၊ နောက်ဘဝ အထုံဆိုတာ မပြယ်ဘူး၊ ကွက်ကျော်သိရမယ်ဆိုတာ ဒါကို ပြောတာ၊ ငယ်ငယ်က သဒ္ဓါတရားရှိရင် ကြီးတော့ အဘိုး အဘွားဖြစ်လဲ မပြယ်ဘူး၊ လူချင်းအတူတူပေမယ့် ကိုယ်က သာအောင် ကြိုးစားရတယ်၊ ကိုယ်ကသာမှ ဘယ်မှာဖြစ်ဖြစ် ကောင်းတယ်၊ အဘိုး အဘွားဖြစ် သေခါနီးလဲ ကောင်းနေရင် သုဂတိသာ ရောက်ရမှာ။

www.burmeseclassic.com

www.burmeseclassic.com



**အားလုံးစိတ်မချရဘူး** မကောင်းရင်လဲ ခုဘဝရော နောင်သံသရာရော မကောင်းဘူး၊ တစ်ဘဝမှာ လုပ်တဲ့ ကံတွေက နောင်ဘဝကျအောင် အထုံပါလာတယ်၊ ဘုန်းကြီးတို့က လူ့ဘာတွေကို အချောင် စားမနေကြနဲ့၊ နောင်ဘဝမှာ ပြိတ္တာ ဖြစ်တတ်တယ်၊ ဒါနပြုတဲ့အခါမှာ စိတ်အေးအေးထား ပြုရတယ်၊ ဘုန်းကြီးတွေဘက်ကလဲ စင်စင်ကြယ်ကြယ်နဲ့ ကောင်းကောင်းနေမှ အပြစ်ကင်းပြီး အလှူရှင်တွေလဲ ကုသိုလ်များများ ရတယ်၊ အလှူ လှူရင် အပိုတွေ မပါပါစေနဲ့၊ အလှူခံပီပီ အလှူရှင်ပီပီ နှစ်ဖက်စလုံးက ညီမျှရတယ်၊ ကောင်းကောင်း နေကြပါ၊ အားလုံး စိတ်မချရဘူး။

**အလုပ်ကောင်း ကံကောင်း** လူတွေ အကြည့်များတာက အပြင်ကိုသာ ကြည့်နေကြတာ၊ အတွင်းကိုလဲ သတိပြုကြ၊ အမျိုးက ညံ့နေရင် ကိုယ့်စိတ်ကလဲ အောက်တန်းကျနေတတ်တယ်၊ ကိုယ့်အမျိုးက ပစ္စည်းမရှိရင် သူများကို အထင်ကြီးပြီး ကိုယ့်ဘက်က မတိုးတက်ဘူး၊ အတွင်းစိတ်ကောင်းအောင် လုပ်ကြပါ၊ အတွင်းစိတ် ကောင်းနေမှလဲ ချစ်စရာ ကောင်းတယ်၊ တချို့က လှပေမယ့် ချစ်စရာ မကောင်းဘူး၊ တချို့က လှတော့ မလှဘူး၊ ဒါပေမယ့် သူ့မြင်ရတာ ယဉ်ကျေးတာနဲ့ ချစ်စရာကောင်းတယ်၊ ခုလူတွေက ဘုရားရှင်ကို မှန်းဖူးနေရတော့ ကံ, ကံ၏အကျိုး သိပ် မယုံကြဘူး၊ ဘုန်းကြီးက ဒီထက် အလုပ်လုပ်ချင်တယ်၊သူတော်ကောင်းဘဝကာမဂုဏ်ကို မခံစားဘူး၊အလုပ်ကောင်းရင် ကံကောင်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ဘဝက သူများကို မယားမယူအောင် တရားဟော ခဲ့လို့ ဘုန်းကြီးဖြစ်နေတာ မဟုတ်ဘူး၊ သူများကို ယောကျ်ား မယူအောင် တရားဟောခဲ့လို့ ခုဘဝ သီလရှင်ဖြစ်နေတာ မဟုတ်ဘူး၊ 'ပုဗ္ဗေ ကတ'လို့ ခေါ်တဲ့ ရှေးကံက ပါလာလို့ ဝတ်နေတာ၊ ဒီဘဝ ကောင်းနေရင် နောင်ဘဝအတွက် သေရမှာ မကြောက်ပါဘူး၊ ဒီကျောင်းမှာ တာဝန်ဆောင် နေတဲ့သူတွေကလဲ သူတော်ကောင်းတွေကိုသာ စောင့်ရှောက် ပါ၊ သူတော်ကောင်း မဟုတ်တဲ့သူတွေကလဲ မနေကြပါနဲ့၊ ဒီ့ပြင်နေရာတွေမှာ ကောင်းပါတယ်။

**ကိုယ့်တရားနဲ့ကိုယ် နေပါ** ဘုန်းကြီးအလုပ်တွေက အရေးကြီးတယ်၊ အသက်ကလဲ ကြီး၊ လုပ်စရာတွေကလဲ များနေတယ်၊ လူတွေမှာ လောကီအာရုံ တွေနဲ့ လုံးလည် လိုက်နေတယ်၊ နံနက်လင်းလာရင် ဝမ်းရေး အတွက် ပူပန်ရတာ စိတ်ကို အေးအေးမထားကြရဘူး၊ တို့ ဘုန်းကြီးတွေကျတော့ ဘာမှ ပူပင်စရာ မရှိဘူး၊ ကိုယ့်တရားနဲ့ ကိုယ်နေရုံပဲ၊ ကောင်းကောင်း နေကြ၊ လောကဟာ ဘာမှ မဆန်းဘူး၊ ဘုန်းကြီးက ပျက်စီးသွားလို့ ပူမယ် မှတ်သလား၊ မပူပါဘူး။

**မေ့နေရင် အသေပဲ** ဘုန်းကြီး ဒါတွေ သာယာနေရင် ခုဘဝရော နောက်ဘဝရော အောက်ကျ နောက်ကျတတ် တယ်၊ နတ်ဖြစ်တောင်မှ တောနတ် အညံ့စား ဖြစ်ရတယ်၊ လူ့ထိပ်တန်းတွေလဲ စိတ်မထားတတ်ရင် အတွက်

www.burmeseclassic.com

www.burmeseclassic.com



မတက်ကြဘူး၊ ဘုန်းကြီးတွေ လူတော်တွေဟာ စိတ်မထား တတ်ရင် အောက်တန်းမှာချည်း ကျရတယ်၊ ကိုယ်တော်တို့ ပါရမီ များများဖြည့်ကြ၊ စိတ်နေ စိတ်ထားကို မြင့်ပါစေ၊ ဒီဘဝ မြင့်မြင့်နေမှ နောင်ဘဝ မြင့်မယ်၊ မမေ့ကြနဲ့၊ မေ့နေရင် အသေပဲ။

**သာသနာပြုရတာ အားမရ** အသေဆိုတာ ကုသိုလ် ဒါနစသည် ဘာမှ မပြုလုပ်ရဘူး၊ အများစုက မေ့နေကြတာ၊ ပေါ့ပေါ့မနေကြနဲ့၊ ဘုန်းကြီးက ပြင်ရ သလောက်တော့ ရုပ်မချောတဲ့ ကိုယ်တော်လေးတွေ ပျောက်ပြီး ချောလာအောင် ပြင်ပေးနေတာ၊ ကိုရင်တို့ တရားနှလုံးသွင်းကြ၊ တရားဆိုတာ အစတော့ ပျင်းတယ်၊ အသားကျသွားတော့ ဒီအလုပ်ကိုချည်း လုပ်နေတာပဲ၊ စိတ်ကို ပျော်လို့၊ အရိယာတို့ ကျက်စားရာဖြစ်တဲ့ နေရာဆိုတာ စိတ်ချမ်းသာစရာပါပဲ၊ ဘုန်းကြီးအနေနဲ့ ဘုန်းမကြီးပါစေနဲ့၊ ဒီကျောင်းမှာ ဘုန်းကြီး ဝါဒနဲ့ မကိုက်ရင် မနေကြပါနဲ့၊ ကိုယ်တော်တို့ ကြိုးစားကြပါ၊ 'တစ်နေ့ တစ်လံ ပုဂံဘယ်ပြေးမလဲ'ဆိုတာလို တစ်နေ့တစ်လံ နိဗ္ဗာန် ဘယ်ပြေးမလဲ၊ ဘုန်းကြီးက သာသနာပြုရတာကို အားမရဘူး။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၈)
(၁၉၈၀၊ အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားအဆုံးအမအတိုင်း လိုက်နာကြ

**ဆုံးမပဲ့ပြင်** လောကမှာ ဘယ်သူမှ စိတ်မချရဘူး၊ ကိုယ်တော်တို့ ဆွမ်းခံသွားရင် ရင်ပေါင်တန်း မသွားရဘူး၊ ကျောင်းက နောက်ပိုင်းမှာ နာမည် ပျံ့နေတယ်၊ ခု သာသနာရဲ့ ထုံးတမ်း နားလည်အောင်လို့ ဒုလ္လဘဝတ်ပါစေလို့ ပြောထားတယ်၊ ဘုန်းကြီးက လာမယ့်သာသနာကို တစ်ချိန်မှာ ပြုသင့် ပြုရမှာလားလို့ ကြိုးစားနေတာ၊ ဘယ်သူမှ ဒီကျောင်း လာနေဖို့ မတိုက်တွန်းပါဘူး၊ သွေးဆောင်လဲ မခေါ်ပါဘူး၊ စေတနာရှိမှ နေကြ၊ နောင်သာသနာကို နမူနာအဖြစ် ထားခဲ့ချင်တယ်၊ သူများလုပ်စာ စားပြီး ကောင်းကောင်းနေကြ၊ ဒါမှ လှူရသူတွေ ကုသိုလ်ရမယ်၊ ဒုလ္လဘတွေ ဆွမ်းခံရင် သတိပေးထား၊ ဣန္ဒြိယသံဝရသီလက ခက်တယ်၊ ခုခေတ်က စိတ်က ရိုးနေရင် ဂရုမစိုက်ကြဘူး၊မကြည်ညိုကြဘူး၊ဘုန်းကြီးက ရှေးဆန်ဆန်နေမှ စောင့်ရှောက်ချင်တယ်၊ သာသနာက တဖြည်းဖြည်းလျော့လာတော့ လူတွေက အထင်သေးကြတယ်၊ သာသနာတွင်း ဝင်သူကို အတင်းနေရမယ်လို့ မတိုက်တွန်းရဘူး၊ ခေတ်အလိုက် မစဉ်းစားကြနဲ့၊ သာသနာတော်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအဆုံးအမအတိုင်း လိုက်နာရမှာပါ၊ဘုန်းကြီးတို့ရဲ့တာဝန်တွေက အများကြီးရှိတယ်၊ ဘုန်းကြီးတို့က တက်တက်ကြွကြွ လုပ်မှ နိုင်ငံ သာသနာကောင်းမှာပါ၊ ခုခေတ်ကလေးတွေဆိုရင် မိဘတွေက အလုပ်များနေတော့ အဆုံးအမနည်းပြီး မလိမ္မာကြတော့ဘူး၊ ဘုန်းကြီးတို့က ဆုံးမနိုင်မှ ပြန်ကောင်းမယ်။

**အကုန်အကျ မများစေနဲ့** လောကကြီးမှာ ပြုပြင်ပေးရင် ခွေးကတောင် နောက်က လိုက်ပါတယ်၊ ရပ် ရွာထဲမှာလဲ ဘုန်းကြီးကောင်းကောင်းနဲ့ ပြင်ပေးရင် တက်လာပါမယ်၊ လူ့ဒါန်းနည်းက စပြင်ပေးရမယ်၊ ဘုန်းကြီးတို့ ဘုရားလက်ထက်က ဘာမှ မကုန်ကျဘဲနဲ့ ရဟန္တာ ဖြစ်ကြတာ၊ ခု ရှင်ပြု ရဟန်းခံတွေက အကုန်အကျတွေ များပြီး ဘာမှ မထူးကြဘူး၊ အကုန်အကျတွေ မများကြစေနဲ့၊ ဘုန်းကြီးတွေက တစ်ချက်ခုတ် နှစ်ချက် ပြတ်ရမယ်၊ မျှော်လင့်ချက်နဲ့ နေကြပါ။

လောကမှာ နားမလည်တာတွေ အများကြီး ပြင်နေရတာပဲ၊ ကြီးမှ နားလည်မယ်လို့ မထင်ကြနဲ့၊ ငယ်ငယ်က နားလည်မှ ကောင်းတယ်၊ လောကမှာ အားလုံး သုခချမ်းသာကို လိုချင်ကြတာချည်းပဲ၊ ချမ်းသာသလားဆိုတော့ မချမ်းသာပါဘူး၊ ပစ္စည်းချမ်းသာပြီး စိတ်မချမ်းသာတာတွေ ပြည့်နေတာပါ၊ ဘုန်းကြီးမှာ ကိုယ့်ကျမ်းစာ ကိုယ်ရေးပြီးနေရတာ ချမ်းသာပါတယ်၊ ဘယ်အလှူအတန်းမှ မလိုက်ချင်ပါဘူး၊ တချို့က ဥုးဇနက် အလှူတွေ တရားဟော မလိုက်ဘူး၊ မလိုက်ဘူးနဲ့

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးတဲ့ ဒကာတွေကျတော့ လိုက်ပါတယ်လို့ ပြောကြလိမ့်မယ်၊ ဘုန်းကြီးက တာဝန်ခံထားတာ ရှိလို့ပါ၊ လူကနေကောင်းတာ မဟုတ်ဘူး၊ ဒီလိုနဲ့ အပြောခံရတာ များလှပါပြီ၊ အသံက သိပ်မရတော့ဘူး။

**ကိုယ်လွတ် မရုန်းကြနဲ့** စာတော်လို့ ဘေးမှာ အလုပ် လုပ်ဖြစ်မယ် မထင်ကြနဲ့၊ ဒီကျောင်းတိုက် ကြည်ညိုတာက စာတော်လို့ ကြည်ညိုတာ မဟုတ်ဘူး၊ အနေအထိုင်ကောင်းလို့ ကြည်ညိုနေကြတာ၊ ကိုရင်တို့ ကိုယ်လွတ်ရုန်းမယ်လို့တော့ မကြံကြနဲ့၊ ကိုယ်လွတ်ရုန်းရင် အရာရာကြီးပွားလမ်း မရှိဘူး၊ ဒီကျောင်းတိုက်မှာ ဘုန်းကြီးကိုယ်တိုင်ကြိုးစားလာရတာ၊ ဇိမ်နဲ့နေမယ် မကြံကြနဲ့၊ ဘုန်းကြီးခေါ်ရင်ကြားသူက လာကြပါ၊ ဘုန်းကြီးက ဘယ်သူမှ မမြှောက်ဘူး၊ ဘုန်းကြီးလိုချင်တာက သာသနာတော် ကောင်းစားရေး လိုရင်းပါပဲ။

ကျောင်းသားလေးတွေ စာပြနေတဲ့ ဘုန်းကြီးတွေက သာသနာရေး အမြင်ကျယ်ရတယ်၊ ဒီက စည်းကမ်းကို တခြားနေရာမှာ အသုံးမချရဘူး၊ ဒီက စည်းကမ်း မသုံးတဲ့ ပုဂ္ဂိုလ်တွေ ဒီကျောင်းတိုက်မှာ မနေကြပါနဲ့၊ စာမေးပွဲအတွက်နဲ့လဲ မနေကြပါနဲ့၊ တခြားနေရာမှာ သွားတော့ နောက်ကျတယ် ကောင်းတယ်လို့ ထင်တယ်၊ အသုံးမချတာက အသိုင်းအဝိုင်းက နည်းနေလို့ မလိုက်နာနိုင်တာကိုတော့ မတတ်နိုင်ဘူး၊ ကိုယ်လုပ်ချင်တာကို သူများ မပုတ်ခတ်ရဘူး၊ မပြောရဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဘာသာရေး အရင်းခံက** တစ်ခါက ရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါး သာသနာပြုတာ တော်တော် အရာထင်တယ်၊ တစ်ရွာလုံး တံငါသည်တွေဟာ သူတော်ကောင်းချည်း အားလုံး ဖြစ်ကုန်ကြတယ်၊ မိမိတို့ကလေးတွေ လိမ္မာအောင် ဆုံးမပေး၊ လူတွေကို ပြုပြင်ပေးနေတာဟာ ဒါ သာသနာပြုတာပါပဲ၊ ရှင်ပြု ရဟန်းခံ စတဲ့ကုသိုလ်ရေးမှာ ဆိုရင် အပိုတွေ မကုန်စေနဲ့၊ ဒီလို ပြောပေးနေကြရတာပါ၊ ဘုန်းကြီးတွေက သာသနာပြုရင် နိုင်ငံပါ တိုးတက်ပြီး ကောင်းမှာပါ၊ သာသနာပြုနည်းတွေ အများကြီးရှိပါတယ်၊ ဗုဒ္ဓဘာသာ တည်တံ့ရေး နောက်မဆုတ်နိုင်ရေး ဒီအရေးတွေကို ဘုန်းကြီးတွေက ထမ်းဆောင်ပါ၊ သာသနာရေးမှာဆိုရင် ဘုန်းကြီးတွေ အရင်းခံပါ။

နာမည်ကျော်ဆရာတော်တွေကို ကိုးကွယ်တော့ စောင့်ရှောက်ကြရဲ့လား၊ ကိုယ့်စိတ်သာ လိုရင်းပါ၊ နေ့လည် ကြောင်တောင်ကြီး ဘုရား မီးပူဖော်တာကတော့ သဘာဝကို မကျဘူး၊ တန်ခိုးကြီးတဲ့ဘုရားတွေမှာ တွေ့ရတယ်၊ သတိမထားရင် မီးလောင်တတ်သေးတယ်၊ စာကို နားလည်ပါစေ၊ ဘုန်းကြီးက စာအတိုင်းသွားနေတာ၊ ဘုန်းကြီးကတော့ ဝတ္ထုရားအတိုင်း ပြောရသလိုပါပဲ၊ ကိုယ်တော်တို့က ဂရုမစိုက်ကြဘူး၊ ဒီကျောင်းမှာ လူအမျိုးမျိုးက ကြည်ညိုနေကြတယ်၊ ချီးမွမ်းနေကြတယ်၊ ဘုန်းကြီးက 'မချီးမွမ်းပါနဲ့၊ ကိစ္စတစ်ခုဆိုတာဟာ မပြီးသေးခင်က မချီးမွမ်းရဘူး၊ ပြီးမှ ချီးမွမ်းပါ'လို့ ပြောရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မပျော်ရင်** ခုနောက်ပိုင်း ပိဋကသုံးပုံ နှုတ်ငုံမဆောင်နိုင်လို့
**စောစောထွက်** စာအုပ်တွေ ပေါ်လာတာ၊စတုတ္ထသံဂါယနာမှာ
ပေစာတွေ ပေါ်လာခဲ့တယ်၊ခုပိဋကတွေ နှုတ်ငုံ
ပြန်ကြတယ်၊ ကောင်းပါတယ်၊ ကိုယ်တော်တို့ ဝိနည်းကို
လေးစားကြပါ၊ အဘယာရာမဆရာတော်က 'ဦးပဉ္စင်းတို့
မပျော်မှာဖြင့် စောစောက ထွက်ကြ၊ သားသမီးရ နောက်ကျ
ကုန်လိမ့်မယ်'တဲ့၊ ကိုယ်တော်တို့ စာတတ်ရုံနဲ့ မပြီးသေးဘူး၊
စာတတ်တာ ပညာမဟုတ်ဘူး၊ သညာပါ။

**သံဃာဆိုတာ** ရတနာဆိုတာ လူတကာ မဝတ်နိုင်ဘူး၊ဆင်ပျံ
တော် ရတနာက အထက်တန်းတွေမှ စီးကြ
ရတယ်၊ လေးကျွန်းလုံးကို ခဏလေးပတ်တာ၊ အနှစ်တစ်ရာ
အတွင်းမှာ စကြာရတနာ မပေါ်ဘူး၊ မမျှော်ကြနဲ့၊ ဘုန်းကြီး
တွေက မေတ္တာနဲ့ နေကြပါဆိုတာ ခဲယဉ်းတာ မဟုတ်ဘူး၊
ဒါကို မလုပ်ချင်ကြဘူး၊ စကြာရတနာ ရှိတယ်ဆိုတာကိုလဲ
သိပ္ပံခေတ်က မယုံကြဘူး၊မယုံနေကြ၊တို့ဘုန်းကြီးတွေတောင်မှ
တစ်မျိုးစီပဲ၊ တရားက ပြောင်းချင်သလို မရဘူး။

အဂတိ လိုက်စားသူဟာ လဆုတ်ပက္ခမှာ ထွက်လာတဲ့
လလိုပဲ၊ ဆုတ်လျက်ပါ၊ အဂတိ လိုက်စားရင် ပျက်စီးတတ်
ပါတယ်၊ စိတ်နေ စိတ်ထား ပြင်တာကတစ်မျိုး၊ ပင်ကိုက

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး၊ ကံတော် ကံကြွား စပ်လို့ ဒီကျောင်းလာနေရတာ၊ ကောင်းကောင်း နေကြ၊ သံဃာဆိုတာ စာချဘုန်းကြီးက ဖြစ်တာ၊ ချော့မထားကြနဲ့၊ အကန်း တက်စရှိရင် တက်ချင်တယ်။

**ဆေးဆိုတာကြာမှ** ဝိနည်း မလေးစားသူတွေ သေရင်တော့ စိတ်မချရဘူး၊ သူပေး လူပေး စားရတာ မလွယ်ဘူး၊ ဘာဝနာနဲ့ နေကြ၊ ဘုန်းကြီးက **"ဒီကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏"**လို့ နေ့တိုင်း ပူဇော်နေတာ၊ ကောင်းကောင်း မနေသူကိုတော့ မထားကြနဲ့၊ ပြောမရရင် ထုတ်ပစ်ပါ၊ ဆရာမိဘဆိုတာ ကိုယ့်တပည့် သားသမီး ဘယ်လိုနေတယ်ဆိုတာ သိရတယ်၊ ဘာဝနာကို ကြပ်ကြပ် ပွားပေးကြပါ၊ ဘာဝနာက ခဏချင်း အကျိုးမပေးပါဘူး၊ ဆေးဆိုတာလဲ ကြာမှ ရောဂါပျောက်တာပါ၊ နောက်ကျမှ အကျိုးရတာပါ၊ ဘာဝနာဟာလဲ ဒီအတိုင်းပါပဲ။

**စာကို ဖောက်ထိုး မြင်မနေကြနဲ့** လောကမှာ အခြွေအရံရှိရင် စိတ်ကကြွလို့၊ မရှိရင် စိတ်က နိမ့်လို့၊ တရားသဘောက ဒီလို မဟုတ်ပါဘူး၊ တချို့ ကမ္မဋ္ဌာန်းထိုင်ကြတာက ရှင်ဘုရင်စိတ်ပေါက်နေတယ်လို့ ကြားရတယ်၊ ကိုယ်တော်တို့လဲ တရားထိုင်ပြီး ရှင်ဘုရင်စိတ်ပေါက်မနေကြနဲ့ဦး၊ ဘုန်းကြီးမှာတော့ ဘဝအမျိုးမျိုးနဲ့ တွေ့ခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်မှာဆိုလဲ ဂျပန်တွေနဲ့ နေခဲ့ရတယ်၊ ဘုန်းကြီးက မကြောက်ပါဘူး၊ နေတာပါပဲ၊ ကိုယ်တော်တို့ စာမေးပွဲစာနဲ့ ပြီးမနေကြနဲ့၊ ခု စာမေးပွဲတွေ အောင်ပြီး အလုပ် လုပ်သူက နည်းနေတယ်၊ သဒ္ဒါတရားအရေးကြီးတယ်၊ စာကို ဖောက်ထိုး မြင်မနေကြနဲ့။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၉)
(၁၉၈၀၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# အကြည့်ခံနိုင်အောင် ကြိုးစား

**သူ့အလိုလို တက်လာပါစေ** တရားထိုင်ရတာ ဝတ်ကျေတမ်းကျေ မလုပ်ကြပါနဲ့၊ ခုဒီကျောင်းတိုက် ဘုန်းကြီး တစ်သက်တာ မဟုတ်၊ နောင်လဲ ကောင်းပါစေ၊ သွားတဲ့အခါ အသိတရားနဲ့ သွားပါ၊ ဘုန်းကြီးတွေက "ခု ချဉ်ပေါင်ဟင်း စားနေရပေမယ့် နောင်ဝက်သားဟင်း ဖြစ်မှာပါ"ဆိုတဲ့ အနေမျိုးနဲ့ တပည့်တွေ မြှောက်ပေးမနေကြနဲ့၊ ဒီလို မြှောက်ပေးရင် နောက်ကျတော့ ပျက်ကုန်ရော၊ အားမပေးကြပါနဲ့၊ အလိုလို တက်လာပါစေ။

ဒီကျောင်းမှာ ဟိုတုန်းက ကိုယ်တော်တွေက ဣန္ဒြေ ရှိကြတယ်၊ ခုကိုယ်တော်တွေက စပ်ဖြဲဖြဲနဲ့၊ ကိုယ်တော်တို့ ဘာဝနာ မပါရင် စိတ်မငြိမ်ပါဘူး၊ စိတ်ငြိမ်အောင် ဘာဝနာပွားကြ၊ ကိုယ်တော်တို့က ဘုန်းကြီးကိုလေ မောလိုက်တာလို့ အောက်မေ့နေမယ်၊ ဘုန်းကြီးကတော့ ဝတ္တရားအတိုင်း နာရီကြည့်ပြီး ပြောရမှာပဲ၊ ဒီကျောင်းမှာ စာတတ်သက်သက် ခွင့်မပေးဘူး၊ ကိုယ်တော်တို့ ဂုဏ်မမက်ကြနဲ့၊ ဘုန်းကြီးက ငြိမ်သက်တဲ့ မျက်နှာကို လိုချင်တယ်၊ တရားကိုလဲ ဆင်ခြင်၊ စာကိုလဲ ကြည့်၊ တောကျောင်းဘုန်းကြီး ပျင်းတော့ ရေခပ်လမ်းက

www.burmeseclassic.com

www.burmeseclassic.com



ဈေးပြန်လာတဲ့ အပျိုတွေကို လိုက်ကြည့်နေတယ်၊ ထိုင်နေရာက အားမရတော့ ကျောင်းပေါက်အထိ လိုက်သွားကြည့်တယ်၊ ခု ဒီမှာ ဒကာ ဒကာမတွေ လာတယ်၊ လိုက်မကြည့်ကြပါနဲ့၊ ဣန္ဒြိယသံဝရသီလ ထိန်းသိမ်းပေးကြပါ၊ ဘာဝနာ သီလရှိရင် ဝမ်းမြောက်ရတယ်၊ ကျန်းမာချမ်းသာတယ်၊ ဒီကျောင်းတိုက်က ဘယ်အချိန် လာကြည့်ကြည့် အကြည့်ခံနိုင်ပါစေ။

**စည်းကမ်းကို ရှေ့သို့တိုး** တောင်မြို့က ဘာဖြစ်ဖြစ် များများစားစား လှူခဲ့တယ်၊ ဒါပေမယ့် ဆွမ်းလောင်းနေရတဲ့ နေ့စဉ်တာဝန်ကြီးဟာ နည်းတာ မဟုတ်ဘူး၊ ဒါတွေကို ထောက်ပြီး မေတ္တာများများ ပွားပေးကြပါ၊ ကိုယ်တော်တို့ စာတတ်ဖို့ချည်း မမျှော်ကြပါနဲ့၊ ကောင်းကောင်းသာ နေကြပါ၊ ဘုန်းကြီးက သံသရာပါ တာဝန်ခံပေးမယ်၊ ဘုန်းကြီး သာသနာ့သမိုင်းကို လေ့လာနေတယ်၊ မိမိကို ဘေးက ကြည်ညိုရုံတင် မဟုတ်ဘဲ ကိုယ့်ကိုယ်လဲ ကြည်ညိုနိုင်အောင် လုပ်ပါ၊ မူမပျက်ကြပါနဲ့၊ ရရှိတဲ့ စည်းကမ်းကို နောက်မဆုတ်နဲ့၊ ရှေ့တိုးပါ။

ဘုန်းကြီး ပထမကျော်ရတုန်းက ရန်ကုန်မြို့ထဲ ကားနဲ့ လှည့်တော့ ဘုန်းကြီး ပျော်တယ်မှတ်သလား၊ ပျင်းလိုက်တာ ကားပေါ်မှာ အိပ်ချင်လာတာပဲ၊ ကိုယ်တော်တို့က ထိပ်ကနေပြီး အလွဲတွေချည်း လုပ်မနေကြနဲ့၊ ရှေးသူတော်ကောင်းတို့ သွားလမ်းကို ကြည့်ပါ၊ တော်ရုံတန်ရုံ လူချီးမွမ်းရုံနေလို့ကတော့ ဘုန်းကြီးက မကြည်ညိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**တာရှည်လုပ်မှရတယ်** နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို မကျင့်ဘဲနဲ့ နိဗ္ဗာန်ရောက်ချင်လို့တော့ မရပါဘူး၊ ရန်ကုန် သွားချင်ရင်တောင် ဆုတောင်းနေရုံနဲ့ မရောက်ပါဘူး၊ သွားမှ ရောက်တာပါ၊ ဒီလိုပဲ နိဗ္ဗာန် လိုချင်ရင် ဆုတောင်းမနေနဲ့၊ ကြိုးစားပြီးတော့ အားထုတ်ပါ၊ နိဗ္ဗာန်နဲ့ လက်ထပ်ရမှာ မလွဲပါဘူး၊ဆုတောင်းနေရုံနဲ့တော့ တစ်သက် မရဘူး၊ နှစ်သက် မရဘူး၊ ကမ္ဘာကုန်တောင် မရဘူး၊ ဘဝမှာ တာရှည် လုပ်ရတယ်၊ တစ်နေ့ မရမရှိ ရမှာပါ။

**စိတ်ကောင်းရှိမှ ဂုဏ်ထင်** ဘုန်းကြီးက ကံကလဲ ပါလာတယ်၊ ကျန်းမာရေးကလဲ ကောင်းတယ်၊ ဒီကျောင်းတိုက်က အတွင်းဝင်ကြည့်မှ အသေအချာ သိရတယ်၊ ကိုယ်တော်တို့ စိတ်ကောင်းမရှိဘဲနဲ့ ဂုဏ်ရှိနေလို့က တော့ မကောင်းပါဘူး၊ ဆွမ်းစားတဲ့အခါမှာ သေသေချာချာ စားပါ၊ စားတဲ့နေရာမှာ ဆွမ်းလုံးကျသွားရင် ကောက်သွားရတယ်၊ ဆွမ်းကို ပါးစပ်နဲ့ ဟပ်တာကတော့ ဘယ်ဘဝက ပါလာတဲ့ အကျင့်မှန်း မသိဘူး၊ ဆွမ်းခံသွားရင် ရှေ့နောက် တန်းသွားပါ၊ ရိုရိုသေသေလဲ နေကြပါ။

ကိုယ်တော်တို့ အနုပြောအဆို ပြင်ကြပါလို့ ဆိုတယ်၊ ဘယ်တော့မှ ပြင်ရမှာ မဟုတ်ဘူး၊ ပြင်ပြီးတော့ နေကြပါ၊ နောက် ဘဝသံသရာထိအောင် ပါသွားတတ်တယ်၊ လူတွေနဲ့ စကား ပြောရင် ခင်ဗျား, ကျွန်တော် မပြောပါနဲ့ဆို ပြင်မရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အထက်တန်းရောက်နေတာ အထက်တန်းစကား ပြောပေါ့၊ မပြောချင်တဲ့သူ နေပေါ့၊ စိတ်ကောင်းရှိပေမယ့် လူက မိုက်တူးနေရင် ဘာမှ သုံးလို့ မဖြစ်ဘူး၊ ဒီကျောင်းမှာ ကျန်းမာရေးနဲ့ ညီအောင် ပြုပြင်နေကြပါ။

**ရိုးရိုးကျင့် မြင့်မြင့်ကြံ** ကိုယ်ရေးကိုယ်တာ မကြည့်နဲ့၊ တစ်ဘဝတည်း ကြည့်ရင် ကျဉ်းမြောင်းတယ်၊ လောကမှာ ကိုယ်က အဆင့်အတန်းမမြင့်ရင် တစ်ယောက်နဲ့ တစ်ယောက် ကွဲကြရတယ်၊ ငယ်ငယ်က ကွဲပေမယ့် ကိုယ်က သာရင် ပြန်တွေ့ချင်ကြတယ်၊ ကိုယ်က ချာတူးဆိုရင် ဘယ်သူကမှ လှည့်မကြည့်ချင်ဘူး၊ ချာတူး မဖြစ်စေကြနဲ့၊ ကောင်းကောင်း ကျင့်ကြပါ၊ ဘုန်းကြီးငယ်ငယ်က အိမ်မီးလောင်တော့ အဘွားက ဘုန်းကြီးရဲ့ ဆွမ်းအုပ်ကို ပိုက်ပြီး အိမ်က ဆင်းခဲ့တယ်၊ ဒီ့ပြင် ဘာပစ္စည်းမှ မယူဘူး၊ စိတ်က ယုတ်မာရင် နောက်ဘဝ သိပ်ကျသွားမယ်၊ ခုဘဝ နာမည်ကောင်းလေးနဲ့ အားရမနေကြနဲ့၊ နောက်ဘဝ နိမ့်ကျလာမယ်၊ ကိုယ့်သီလ သိက္ခာကို ထိန်းပေးကြပါ။

အလုပ်ဆိုတာ လုံ့လ ဝီရိယ ပညာနဲ့ လုပ်ရင် မပြီးတာ မရှိပါဘူး၊ ဒီကျောင်းမှာတော့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အခြေခံလို့ သဘောထားကြပါ၊ လောကီအာရုံကို ငြီးငွေ့ကြပါ၊ မေ့လျော့နေတဲ့သူကတော့ မေ့လျော့သလိုပဲ ဖြစ်ရမယ်၊ မလိုလဲ လိုလဲ အလုပ် မလုပ်ကြပါနဲ့၊ စိတ်ပါ လက်ပါ အလုပ်လုပ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**မေ့သူနဲ့ မမေ့သူ** ငယ်ငယ်က လောကီအာရုံနဲ့ နေပြီး ကြီးလာတော့ သားသမီးမြေးတွေနဲ့ အဘိုးအဘွားတွေက အအိုပြိုင်နေကြတာ၊ အပိုအချိန်တွေ မကုန်ပါစေနဲ့၊ ဒါန, သီလစတဲ့ ကုသိုလ်တရားတွေ မေ့လျော့နေရင် အသေပါပဲတဲ့၊ မေ့သူနဲ့ မမေ့သူက ကွာခြားပါတယ်၊ မမေ့သူက ဝမ်းမြောက်မှုနဲ့ ချမ်းချမ်းသာသာ နေရတယ်၊ မိမိတို့ဘဝ ထူးတဲ့ဘဝ ရနေတာ၊ လူ့ဘဝမှာဆိုရင် မနက်လင်းတာနဲ့ ကုသိုလ်ဘက် စိတ်မကူးဘူး၊ လူချင်းတူပေမယ့် အသက်ရှုချင်း ကွာသေးတယ်၊ လောက အများကို ကြည့်မနေပါနဲ့၊ လောကီအာရုံနဲ့ နေချင်ရင် နတ်ပြည်မှာ ပေါ်ပါတယ်၊ တရားနဲ့ နေချင်ရင် လူ့လောကမှာ ကောင်းပါတယ်။

**သာသနာ့အသရေ ဆောင်ကြ** ခု ဘုရားရတနာတွေကို တွေ့နေရတာ ကံကောင်းလွန်းလို့ တွေ့နေရတာပါ၊ ကံဆိုတာဉာဏ်,ဝီရိယက ရေလာမြောင်းပေးလုပ်ပေးရတယ်၊ စကြာရတနာ ပေါ်တယ်ဆိုတာ ကံအရင်းခံပါလာတယ်၊ ပဒ္မာမြားရတနာတွေလဲ ဒီအတိုင်းပါပဲ၊ တို့တွေမှာ ဒီလို ရတနာတွေ တစ်လုံးတလေမှ မရှိဘူး၊ ဒီအနားရပ်ပြီး အားရမနေကြနဲ့၊ ဆွမ်းဟင်းဆွမ်းရတာလဲ မျှတပေးရတယ်၊ သီလလဲ စင်ကြယ်အောင် နေကြ၊ သီလ မစင်ကြယ်ရင် ဧရက ပဒ္မနဂါးမင်းလို ဖြစ်တတ်တယ်၊ 'အာပတ်ဆို ချုံနဲ့လား'ဆိုတာ အဟုတ်ရှိတယ်၊သူခွေ့ရင် အထက်မရောက်ဘူး၊အောက်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ခွေ့ချတာ၊ လောကမှာ ထုံထိုင်းထိုင်းတွေနဲ့ အောက်ကျ နောက်ကျ မနေနဲ့၊ သာသနာ့ အသရေလဲ ဆောင်ကြပါ၊ ကောင်းကောင်းလဲ နေကြပါ။

**လောကကို လှစေချင်** ဘုန်းကြီးရဲ့ရုပ်ဟာ အရုပ်ဆိုးထဲကတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်ပြန်ဖျက်ပွတ်ချေပြီး လှလှလေး ပြန်လုပ်ချင်တယ်၊ ကောင်မလေးတစ်ယောက် လှနေပေမယ့် မင်းသမီးဘဝရောက်ပြီး လူတကာနဲ့ တွဲနေရရင် ကံကောင်းပါ့မလား၊ ကိုယ်တော်လေးတွေလဲ ဘုန်းကြီးက လှစေချင်တယ်၊ မြတ်စွာဘုရားနဲ့ ယသော်ရောတို့ ပရိနိဗ္ဗာန် စံသွားတာ နမြောလှတယ်၊ ဘုန်းကြီးက လောကကို ပြချင် လို့ပါ။

ဘုန်းကြီးက ကိုယ်တော်လေးတွေကို လှလှလေးနဲ့ ဉာဏ် ကောင်းတွေ လိုချင်တယ်၊ ဘုန်းကြီးက နိုင်ငံရော နောက်ဘဝ အတွက်ရော ကိုယ်တော်တို့ကို ပြင်ပေးနေတာ၊ နိဿဂ္ဂိတွေ မထိုက်ကြပါစေနဲ့၊ နိဿဂ္ဂိထိုက်တော့ လက်တိုသွားသလား၊ မတိုပါဘူး၊ မတိုပေမယ့် သံသရာအပြစ်က နေမှာ မဟုတ်ဘူး၊ ကိုယ်တော်တို့ကတော့ တွေးမယ်၊ "ဒါလောက် ဂိုးချောင်များတဲ့ ဆရာသမားနဲ့တော့ မနေချင်, မတွေ့ချင်ပါဘူး"လို့ ပြောချင် ပြောမှာ၊ ဒီလိုဆိုရင်လဲ သွားကြပေါ့။

မဗ္ဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၁၀)
(၁၉၈၀၊ ဒီဇင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# နတ်ပြည်ကို မလိုက်ချင်

**ဘုရားသာသနာမှာ သက်သာစွာ မနေကြနဲ့** မြတ်စွာဘုရားက ကမ္ဘာပေါင်းများစွာ သူတစ်ပါးအကျိုးကို ဆောင်ခဲ့တယ်၊ သာသနာတော်က အလုပ် လုပ်နေမှ၊ အလုပ်မရှိရင် အပြစ်နဲ့ချည်းပဲ၊ ကောင်းကောင်းနေရင် အပြစ်မရှိဘူး၊ သက်သက်သာသာ နေခဲ့ရဲ့လား၊ မနေခဲ့ပါဘူး၊ သတ္တဝါတွေအပေါ် သနားခဲ့တယ်၊ ပရိနိဗ္ဗာန်စံခါနီးကျတော့ "သင်တို့ မေးစရာရှိရင် မေးထားကြ"လို့ နောက်ဆုံးထိအောင် အများအကျိုး သယ်ဆောင်သွားတယ်၊ သက်သာရဲ့လား၊ မသက်သာပါဘူး၊ သာသနာမှာ သက်သာစွာ မနေကြနဲ့။

ဘုရားအမိန့်တော်က ၂၅၀၀ ကျော်ခဲ့ပြီ၊ မြတ်စွာဘုရားရဲ့ တရားတော်ကို လိုက်စားသူတွေဟာ စိတ်ချမ်းသာရတယ်၊ ဘုရားကို မြင်သူတွေကလဲ ကြည်ညိုလို့ မြတ်စွာဘုရားက အခု ဟောလိုက်တယ်ဆိုရင် အများကြီး ကိစ္စပြီးခဲ့တယ်၊ ဘုရားသာသနာကို စောင့်ရှောက်ရတာက ကျေးဇူးများပါတယ်၊ ဘုရားတရားတော်ကို လိုက်နာနေရင် ဘုရားစကား နားထောင်နေတာပါပဲ၊ ဘုန်းကြီးတွေက လောဘတွေ များရင် သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားမယ်၊ ဒီကျောင်းတိုက်ကြီး စည်ကားအောင် ဘုန်းကြီး တစ်ပါးတည်း မဖြစ်ပါဘူး၊ ငွေအား, လူအား, ဉာဏ်အားနဲ့ ပြည့်စုံနေမှ ဖြစ်တာ၊ တချို့က ကျောင်းကြီးတွေ ဆောက်ထား ဘုန်းကြီးက မရှိ၊ ဘုန်းကြီးတွေက ကိုရင်တွေ ခိုင်းကြတယ်၊ ကိုယ့်ချစ်မယားက မွေးတာဆိုရင် ခိုင်းရက်မှာ မဟုတ်ဘူး၊ ယောကျ်ားက ကလေးခိုင်းတာကို မိန်းမက မကြိုက်ဘူး၊ မကြိုက်တော့ ဘာပြောသလဲ၊ "ကိုယ်မွေးရတာ မဟုတ်တိုင်း ခိုင်းနေတာကိုး"တဲ့၊ ကိုယ်တော်တို့လဲ ကိုယ်မွေးရတာ မဟုတ် တိုင်း မခိုင်းကြနဲ့။

**အလိမ္မာစာမှာရှိ** ရဟန်းဆိုတာ တရားနဲ့နေပြီး ဒကာ ဒကာမ တွေ လာတယ်ဆိုရင် တရားစကားပြောပေး ရတယ်၊ တွေ့ကရာတွေ လျှောက်ပြောမနေရဘူး၊ ဘုန်းကြီး ဆိုတာ ခေါင်းတုံးပဲ ရှိတယ်၊ အဝတ်ကလဲ တစ်ရောင်တည်း ဝတ်ရတာ၊ ဘာမှ မလှဘူး၊ ဘုန်းကြီးဖြစ်လာရင် အလှမပြရ တော့ဘူး၊ သူများပေးတာ စားပြီး နှာခေါင်း မရှုံ့ကြနဲ့၊ စကား တွေကို ဗရပွ ပြောမနေနဲ့၊ သာသနာက ကောင်းကောင်းနေမှ အရသာ ရှိတယ်၊ ဘုရားစီမံထားတဲ့ သာသနာက အနေ ကောင်းရင် တကယ် အကျိုးရှိပါတယ်။

တစ်လောကလုံး အပိုကုန်တာတွေ မကောင်းဘူး၊ပိုက်ဆံတွေ ချေးနေမယ့်အစား မရှိဆင်းရဲသူတွေ ဝေပေးရတယ်၊ မြတ်စွာ ဘုရားက "ဆွမ်းတစ်လုံးဖြစ်ဖို့ရန် မလွယ်ဘူး"တဲ့၊ အလှူပေး တယ်ဆိုတာ ပိုက်ဆံရှိသူ ဂုဏ်ရှိသူတွေ ပေးဖို့ မရည်မှန်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စာတွေက သိပ်ကောင်းတာ၊ စာကောင်းတာက လောကလဲ ကောင်း၊ သံသရာလဲ ကောင်း၊ အလိမ္မာ စာမှာ ရှိတယ်ဆိုတာ မှန်တယ်၊ အချို့က 'ဂုဏ်ရှိမလား'လို့ အလှူပေးကြပါတယ်၊ ကြွေးတောင် တင်သေးတယ်၊ ကိုယ်တော်တို့ တိတ်တိတ် ဆိတ်ဆိတ် နေကြပါ၊ တိတ်ဆိတ်ခြင်းဟာ အရသာ ရှိပါတယ်၊ ဘုန်းကြီးက ဩဇာရှိရင် အစစအရာရာ ကောင်းအောင်ပြင်ချင်တယ်၊ ဘုန်းကြီးတို့ ဒီကျောင်းမှာ ဆေးမသောက်ရ၊ ကွမ်းမစားရ၊ လက်ဖက်မစားရဆိုတာ ရွှေကျင်မို့ မဟုတ်ပါဘူး၊ ဘုန်းကြီးက အပိုတွေကို ခွင့်မပြုချင်ဘူး၊ ဘုရားလက်ထက်တော်တုန်းက ဝိသာခါ, အနာထပိဏ်တို့ ကွမ်း,ဆေး ဝတ်တည်တာ မရှိပါဘူး၊ သာသနာတော်တွင်းမှာ အပိုမကုန်ရဘူး။

ဘုန်းကြီးက ဆေးလိပ်စသည်သောက်မယ့်အစား အားရှိတဲ့ အစားအစာကို စားလိုက်ပါ၊ ဘုန်းကြီးက သာသနာတွင်မက ဘူး၊ နိုင်ငံပါ ပြင်ပေးချင်တယ်၊ ကိုယ်တော်တို့ ဒကာ ဒကာမတွေနဲ့ ရေလာမြောင်းပေး မလုပ်ကြနဲ့၊ သာသနာကို ခေတ်နည်းနဲ့ မပြုကြနဲ့၊ ရှေးရှေးသာသနာကို ကြည့်ပါ၊ သာသနာက တစ်ကွက်ကျော် ကိုးကွယ်လို့ မရပါဘူး၊ အတွင်းကျကျမှ ကောင်းတယ်၊ ဘုရား အာရုံပြုကြပါ၊ လောကမှာ တော်တဲ့ ပုဂ္ဂိုလ်တွေ ရှိသေးတယ်၊ စဉ်းစားထားကြပါ၊ သူတော်ကောင်းတွေ ဘယ်လောက်ရှိတယ်ဆိုတာ မပြောနိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ကြီးမဝင်ကြနဲ့** ဘုန်းကြီး ဩဝါဒနေ့တိုင်း ပေးနေသော်လဲ တကျ်တကျ်ကြွကြွရှိတဲ့သူက နည်းနည်းနေမှာပါ၊ အပြင်ဘက် ဝိနည်းတော်နေရုံနဲ့ မပြီးသေးပါဘူး၊ အတွင်းက ကောင်းမှ ကောင်းပါတယ်၊ သင်္ကန်းဝတ်ထားရင် လူတွေက ကောင်းတယ်လို့ အောက်မေ့နေကြတာ၊ ဒါ မှားနေကြတာပါ၊ နာမည်ကျော်ပုဂ္ဂိုလ်တွေကို စဉ်းစားထားကြပါ၊ နောက်ဘဝမှာ အဆင့်အတန်း မရှိပါဘူး၊ သင်္ကန်းလေးဝတ်ပြီး စိတ်ကြီးမဝင်ကြနဲ့၊ စာမေးပွဲကျတော့ ကြိုးစားလိုက်ကြတာ၊ ဘုရား အာရုံပြု တရားနှလုံးသွင်းကျတော့ မလုပ်ကြဘူး၊ စာတတ်ပြီး စာတော်တဲ့ (ဆရာတော်)အခေါ်ခံနေတဲ့ ဆရာတော်ကြီးနှစ်ပါးဟာ အဂတိလိုက်စားလို့ သာဘာဂိရိ, ဟေမဝတနတ်ဘီလူးများ ဖြစ်ကြရတယ်၊ သင်္ကန်းပြုပြီး အချောင်မနေကြပါနဲ့၊ ဝိနည်းလေးစားပြီး တရားနဲ့ နေကြပါ၊ လောကမှာ ဂုဏ်လာဘ်ကို ပန်းတိုင်လုပ်မနေကြပါနဲ့၊ ဂုဏ်လာဘ်ဆိုတာ မျက်စိမှိတ်လိုက်ရင် မပါပါဘူး၊ စေတနာသာ ပါမှာ။

**ဝိနည်းရှိမှ သာသနာရှိတယ်** ရဟန်းဒကာ ဒကာမတွေက ကိုယ့်ရဟန်းကလေးတွေကို နာမည်ကျော်အောင် အားပေးကြတယ်၊ မကောင်းဘူး၊ အားလုံးက မျက်စိမှောက်နေကြတာ၊ ဝိနည်းရှိမှ သာသနာရှိတယ်ဆိုတာ နားလည်ထားကြပါ၊ ဘုရားလက်ထက်က ရဟန်းတော်တွေက သာသနာတော်ကို ပျော်ပျော်ကြီး ထမ်းဆောင်တော်မူကြတယ်၊ သာသနာတော်ကို ဝိုင်းပြုနေကြတယ်၊ ဒကာ ဒကာမတွေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှန်ကို မြင်ကြပါစေ၊ ရဟန်းတွေကလဲ သူများကြည်ညို တာကို ဟန်လုပ်ပြီး အကြည်ညိုခံမနေပါနဲ့၊ သီလစင်ကြယ်ရင် ဝမ်းမြောက်ပါတယ်၊ ဒါဟာ အရေးကြီးပါတယ်။

ဘုရား အာရုံပြုပြီး နေရတာ စိတ်ငြိမ်သက် အေးဆေးမှု ရှိတယ်၊ တို့ဘုရားရဲ့ သာသနာကို တွေ့ရတော့ ရုပ်နဲ့နာမ်ကို ကွဲကွဲပြားပြား သိလာရတယ်၊ အတ္တတွေ ပျောက်ပြီး အနတ္တ သဘောတွေကို ပိုင်ပိုင်နိုင်နိုင် သိလာရတယ်၊ တိတ္ထိတွေကတော့ ဝမ်းထဲမှာ အတ္တကောင်လေး ရှိသတဲ့၊ ဘုန်းကြီးက ဒါဖြင့် လူတွေ ဘာကြောင့် သေရသလဲ၊ သူတို့က လူတွေ သွားနေ တာဟာ အတ္တကောင်လေးက ခိုင်းလို့တဲ့၊ ကိုရင်တို့ ဒါတွေကို ကောင်းကောင်းလေ့လာထားကြပါ၊ အရေးအကြီးဆုံးကတော့ သာသနာတော်မှာ ဝိနည်းပဲ၊ သာသနာဆိုတာ ဘုရားအဆုံးအမ တော်ကို ခေါ်တယ်၊ ဘုရားအဆုံးအမဆိုတာ သီလ သမာဓိ ပညာပဲ၊ နောင် အနာဂတ်သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် သူတော်မွန်တွေ စောင့်ရှောက်ကြလိမ့်မယ်။

**နတ်ပြည်ထက် လူ့ပြည်ကသာ** စစ်ကိုင်းတောင်ရိုးပေါ်မှာ ရှေးကနာမည်ကြီး ဆရာတော်တွေ နေကြတာ၊ ချမ်းအေးဆရာ တော်တို့ တောထွက်တော့ ခေါင်းအုံးမပါခဲ့ ဘူးတဲ့၊ ကျောက်တုံးကို ခေါင်းအုံးလိုက်တာပဲ၊ ကမ္မဋ္ဌာန်းကို စာကဲ့သို့ အားထုတ်ကြပါ၊ ဘုန်းကြီးက အားထုတ်မှု ရှိခဲ့ပါ တယ်၊ ဘုရား အောက်မေ့နေရင် သွားလေရာရာမှာ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ပါနေပါတယ်၊ တရားအားထုတ်တယ်ဆိုတာ ပရိသတ် မလို ပါဘူး၊ တို့ဂန္ဓာရုံဆရာတော်ကြီး စစ်ကိုင်းတောင်ရိုးပေါ်မှာ တရားအားထုတ်တော့ ဂူထဲမှာ တစ်ပါးတည်း အောင်းနေတာ ပါ၊ ဆရာတော်ပျံလွန်တော်မူတော့ စစ်ကိုင်းတောင်ရိုးတစ်ခုလုံး ဝင်းနေတာပဲလို့တောင် အနောက်ဘက်က တက်လာတဲ့ ဘုန်းကြီးတွေက ပြောကြတယ်။

ဒီဘဝ အသေအလဲ အားထုတ်ပေမယ့် ကံပါရမီက ပါနေမှ၊ တို့ဘုန်းကြီးတွေက ထိပ်တန်းရောက်အောင် အားမထုတ်ချင်ဘဲ ဖြစ်နေကြတယ်၊ ကိုယ်တော်တို့ ကိုယ့်ကိုယ်ကို လှူ့ဆော်ပေးကြပါ၊ ခုဘဝကောင်းကို ရနေတာပါ၊ နတ်ပြည်နဲ့ လူ့ပြည် နဲ့ လူ့ပြည်က သာပါတယ်၊ ဘုန်းကြီးကို နတ်ပြည်က လာခေါ်ရင် မလိုက်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ နတ်ပြည်က ကာမဂုဏ်အာရုံတွေ ခံစားပြီး ပါရမီဖြည့်မရဘူး၊ ဒါနပြုမှု မရှိဘူး၊ အလှူခံပုဂ္ဂိုလ် မရှိဘူး၊ လူ့ပြည်လောက် မကောင်းဘူး၊ လူ့ပြည်က ဘာမဆို လုပ်ရတယ်၊ နတ်ပြည်မှာက သဘာဝ ကလဲ လှလှလေးတွေဆိုတော့ အာရုံတွေက များနေတာနဲ့ ဘာမှ လုပ်မဖြစ်ဘူး။

**ဘုရားကို အာရုံပြုရင်** တို့နိုင်ငံက မကောင်းတဲ့တရားတွေ မရှိသလောက် ပါပဲ၊ ခုအချိန်အခါ အရတော်တဲ့ ဘဝကို ရနေကြတာ၊ သူများကို မကြည့်ကြပါနဲ့၊ သာသနာမှာ ဘုန်းကြီးနည်းနည်းနဲ့ ကောင်းတာတွေချည်း ဖြစ်စေချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခေတ်က ဆယ်နှစ်လောက်ဆိုရင် ပြောင်းတော့မှာ၊ တခြားနိုင်ငံက အစားအစာတွေ ဒီနိုင်ငံ လာမှာ မဟုတ်ဘူး၊ ဘုန်းကြီးက အပိုတွေ မလှူပါနဲ့ဆိုတာ နောင်တစ်ချိန် ရည်မှန်းပြောတာ၊ ကိုယ်တော်တို့က ဘုန်းကြီးရည်မှန်းချက်ကို မသိရင် အရသာ မရှိပါဘူး၊ ဘုရားအကြောင်း ကောင်းကောင်းကြီးသိမှ အရသာ ရှိပါတယ်၊ ကောင်းစွာသိမှ ဘုရား ကြီးကျယ်ပုံ သိရတယ်၊ ဒီသာသနာကို ပြုရတာက ကံကောင်းလို့ ပြုရတာပါ၊ ဘုရားကို အာရုံပြုရင် စိမ့်လာအောင် အာရုံပြုကြစမ်းပါ၊ ဘုန်းကြီးက ကျောင်းတိုက်ရော ကိုယ်တော်တွေရော ဘုရား လှူထားတာပါ၊ ဝမ်းမနည်းကြပါနဲ့၊ ဘုရားစကား နားထောင်ရင် မင်္ဂဖိုလ် နိဗ္ဗာန်နဲ့ ကပ်နေတာပါ၊ ဒီဘဝကို ဘုန်းကြီးက နမြောပါတယ်၊ နောက်ဘဝကျတော့ အမေကောင်း အဖေကောင်းနဲ့ တွေ့ဖို့ မလွယ်ဘူး၊ ကိုရင်တို့ ဦးပဥ္စင်းတို့က မသိကြဘူး။

ဘုရားကို အာရုံပြုပြီး တွေးရ ကြံရတာဟာ အရသာ ရှိလှပါတယ်၊ ဘယ်နေရာမဆို ဗုဒ္ဓတရားတော်က အံကိုက်ချည်းပါပဲ၊ ဗုဒ္ဓတရားတော်တွေက လေးနက်တယ်၊ ကိုယ်တော်တို့က ပေါ့တဲ့ဘက်ကို လိုက်ချင်ကြတယ်၊ ဘုန်းကြီးပြောတဲ့ လေးတဲ့ဘက်ကို မလိုက်ချင်ကြဘူး၊ အပ္ပမာဒတရားနဲ့ နေတဲ့သူက ဘဝသံသရာမှာ မလည်ရတော့ပါဘူး၊ ခုကာလ လူတွေက အချောင်လိုချင်ကြတယ်၊ တရားကျတော့ မလိုလဲ လိုလဲ၊ စာကျတော့ မျက်စိမွဲ၊ ငွေအကုန်ခံပြီး သင်နေကြတာ၊ တစ်ဘဝစာ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ မိဝေး ဖဝေးနဲ့ သွားပြီး သင်နေကြတယ်၊ ဗုဒ္ဓတရားတော်ကျတော့ ကောင်းကောင်း မသိကြဘူး။

**မျက်နှာချို မသွေးကြနဲ့** စာစကား မဟုတ်ဘဲ အလွတ်စကားတွေ ပြောမနေကြနဲ့၊ ဘုန်းကြီးက ဆွေရယ် မျိုးရယ်လို့ ဒကာ ဒကာမတွေကို မျက်နှာလိုက်ခြင်း မရှိပါဘူး၊ နိုင်ငံတစ်ခုလုံးကို ထိန်းတာပါ၊ ဗုဒ္ဓလမ်းစဉ်အတိုင်း လုပ်တာပါ၊ ဗုဒ္ဓက မင်္ဂ ဖိုလ် နိဗ္ဗာန်ကို သူ့ဆွေမျိုးတွေချည်းပဲ သယ်မသွားပါဘူး၊ အားလုံးသတ္တဝါတွေကို ကြည့်တာပါ၊ ကိုယ်တော်တို့ တရားသဘော, လောကသဘောတွေကို သိထားကြပါ၊ လာဘ်လာဘကို မငဲ့ကြပါနဲ့၊ မျက်နှာချို မသွေးကြပါနဲ့။

ဟိုတုန်းက လူတစ်ယောက် ကျောင်းနားနီးနီးမှာ လယ်ထွန်နေတယ်၊ နွားက မသွားတော့ ရိုက်ထင်ပါရဲ့၊ ဒီတော့ ဘုန်းကြီးက မရိုက်ရန် ပြောတယ်၊ ဒကာက "ရိုက်ပေးမှ ကိုယ်တော်၊ ရိုက်ပေးမှ၊ နောက်ဘဝက ဘုန်းကြီးဝတ်ပြီး ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သူများပစ္စည်းတွေ သုံးစွဲခဲ့တာ ကိုယ်တော်"လို့ ပြောသတဲ့၊ ဘုန်းကြီးကတော့ ဟောလိုက်ရတာ၊ ကိုယ်တော်တို့ကတော့ ဆားတန်း ဆင်နင်းကိုးကွယ့်၊ ကိုယ်တော်တို့ လောကီအာရုံနဲ့ တရားကတော့ ကျောချင်းတောင် ကပ်မရဘူး၊ သူများပစ္စည်းတွေ သုံးစွဲပြီး ပေါ့ပေါ့နေလို့တော့ မကောင်းဘူး၊ ကိုယ့်နည်းနဲ့ကိုယ် ကောင်းတာဘက်ကို ကြိုးစားကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**အစစ်ကို ဘာကွယ်နေသလဲ** ရှေးလူကြီးများက ဘုန်းကြီးကို ပြောဖူးတယ်။

**ဘုရားအစစ်ကို ဆင်းတုတော်တွေက ဖုံးနေတယ်။**

**တရားအစစ်ကို အချို့ တရားဟောမှုထိကတွေနဲ့ ကျမ်းစာတွေက ဖုံးနေတယ်။**

**သံဃာအစစ်ကို တို့ဘုန်းကြီးတွေက ဖုံးနေတယ်တဲ့။**

ဘုန်းကြီးက ဒါတွေ ကိုးကွယ်လို့ အပြစ်ရှိတယ်လို့ မဆိုလိုပါဘူး၊ အစစ်ကို ရောက်အောင် အာရုံမပြုနိုင်လို့ ပြောတာပါ၊ အစစ်ကို အာရုံမရောက်တော့ အကျိုးပေး နည်းတာပေါ့၊ နောင်လာမယ့်နှစ် ကလေးတွေက ဘာသာကို မယုံတာက အစစ်အမှန်ကို မတွေ့ရလို့ မယုံတာ၊ အစစ်အမှန်ကို တွေ့ဖို့ကလဲ အဘိုး အဘွားတွေက အရေးကြီးတယ်။

တစ်ခါက ဇာတ်ပွဲတစ်ခုထဲမှာ လူတစ်ယောက်က ရသေ့ဝတ်ပြီး တပည့်တစ်ယောက်နဲ့ ထွက်ခဲ့ရာ ဆိုင်းက တီးတော့ ရသေ့ကြီးက ကွေးနေအောင်က,ပြီး မောတော့ ကုလားထိုင်ပေါ် ပစ်ထိုင်လိုက်တယ်၊ နောက် တပည့်က "တို့ ဆရာကြီး ဒါလောက်တောင် ကြိုးစားတာ ဈာန် မဂ် ဖိုလ်မရတာ နာလိုက်လေကွာ"တဲ့၊ ခုလဲ တို့ သာသနာကို ဘာသာခြားတွေက မဖျက်ပါဘူး၊ တို့ ဗုဒ္ဓဘာသာဝင်တွေကပဲ ဖျက်နေတာ၊ မပျက်လို့ တော်သေးတာပေါ့၊ သာသနာ–ဘာသာဆိုတာ တို့က အချိုး

www.burmeseclassic.com

www.burmeseclassic.com



မကျရင် ပျက်တော့မှာ၊ ဘုန်းကြီးက ဒါကြောင့် ပြောနေတာ၊ ဘုန်းကြီးကလဲ ကိုယ်တော်တို့စိတ် မသိ၊ ကိုယ်တော်တို့ကလဲ ငိုက်ချင်သလို ငိုက်နေကြ၊ မသိ, မသိချင်းဆိုတာတော့ ဘာမှ မဖြစ်ဘူးပေါ့။

**ဂိုဏ်းတွေ လူတွေအပေါ်လွှမ်းလာပြီ** ဒုတိယသံဂါယနာတင်တော့ ဘုရားပရိနိဗ္ဗာန်စံပြီးလို့ အနှစ်တစ်ရာ ရှိပါပြီ၊ မသန့်ရှင်းတဲ့ သာသနာကတော့ မရှိတာက ကောင်းပါသေးတယ်၊ ခုသာသနာက အစိုးရဘက်က မပါရင် လျော့တော့မှာ၊ ဘုန်းကြီးက အစိုးရ ပါလာရင် သာသနာကို ပြင်ချင်သေးတာ၊ ဟိုတုန်းက မြန်မာပြည်မှာ အရည်းကြီးတွေ အုပ်စိုးခဲ့တယ်၊ အရှင်အရဟံ ရောက်မှ ကွယ်ပျောက်သွားတယ်၊ ခု ဘာဂိုဏ်း ညာဂိုဏ်းတွေက လူတွေရဲ့ အပေါ် လွှမ်းလာပြီ၊ ရန်ကုန် မန္တလေးက လူတွေက ဂိုဏ်းဘုန်းကြီးတွေလာရင် ကလေးတွေကို ရှိခိုးခိုင်းကြသတဲ့၊ ဘာလုပ်ဖို့လဲဆိုတော့ စာမေးပွဲအောင်ဖို့ရန်တဲ့။

**အလုပ်ကောင်းလုပ်သူ နတ်ကောင်းစောင့်ရှောက်** တစ်ခါ တစ်ခါ ကျောင်းကို ကမ္မဋ္ဌာန်းသမားတွေလဲ ရောက်ရောက်လာကြတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီတွေ မေးကြည့်ရင် ငါးပါးသီလတောင် ဟိုကပေါက် ဒီကပေါက်တယ်၊ မလုံကြပါဘူး၊ ပထမဆုံး သရဏဂုံကို လုံအောင် ထိန်းကြပါဦး၊ သရဏဂုံယူရင် ဘုရား,

www.burmeseclassic.com

www.burmeseclassic.com



တရား၊ အရိယာသံဃာကို အာရုံပြုမိအောင် ပြုရတယ်၊ ဘုန်းကြီးမှာ လူအမျိုးမျိုးနဲ့ တွေ့ရတယ်၊ အချို့က ဘုန်းကြီးကို ဂိုဏ်းထဲ ဝင်စေချင်ကြတယ်၊ ဘုန်းကြီးက မဝင်ချင်ပါဘူး၊ နာမည်ကြီးဆရာတော် ဂိုဏ်းဝင်တယ်ဆိုတော့ ကြည်ညိုလိုက်ကြမယ့်ဖြစ်ခြင်း၊ ဘာပြောကောင်းမလဲ၊ ဘုန်းကြီးတို့ဘာသာ အလုပ်တွေ ထမြောက်နေတာကို ဂိုဏ်းက မလို့လို့ ထင်နေကြပါဦးမယ်၊ အလုပ်ကောင်း လုပ်နေသူကတော့ နတ်ကောင်းတွေက စောင့်ရှောက်ကြပါလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်။

**မျက်စိလည် လှူလိုက်ကြရော** သာသနာက ဘုံဆိုင်(အများဆိုင်) ဖြစ်နေတယ်၊ ဒါကို အားလုံးက ဝိုင်း မပြုနိုင်ရင် ကိုယ်နိုင်သလောက် ပြုမှာပါပဲ၊ ခုဘုန်းကြီး မေတ္တာပို့ရင် တစ်နာရီခွဲလောက် ကြာတယ်၊ ဒါကို မပြီးသေးဘူး၊ လောကကြီးက သာသနာရေးမှာ မျက်စိတော်တော်မှောက်ပြီး ချာချာလည်နေကြတယ်၊ ဘုရားပွဲတွေက ဘုရားအလိုတော်ကျ မဟုတ်ပါဘူး၊ တို့မြန်မာပြည်သာသနာက ရှင်ဘုရင် အမတ်တွေက စတည်ထောင်ခဲ့တာ၊ ရှင်ဘုရင်ဆိုသူတွေက သူတို့ကို နတ်ရုပ်ပေါက်အောင် ဆင်ထားကြတယ်၊ လှူကြ တန်းကြ၊ ပေးကြ ကမ်းကြဆိုတော့ နှစ်ဖက်ရ ကြည့်ပြီး ဘုန်းကြီးတွေက ဟောကြတာကိုး၊ ဒါနဲ့ ဟောတဲ့ ဘုန်းကြီးကလဲ ဟောခလေး ရရော၊ လှူတဲ့သူကလဲ နတ်ပြည်ရောက်ချင်ဇောနဲ့ မျက်စိလည် လှူလိုက်ကြရော။

www.burmeseclassic.com

www.burmeseclassic.com



တို့ သာသနာက အောက်ခြေ လွတ်ပြီး လဲတော့မှာ၊ သာသနာကို ပြုပြင်မယ့်သူ မရှိရင် မလွယ်တော့ဘူး၊ သာသနာကို ဖျက်မယ့်သူတွေက ပေါနေတယ်၊ ဘုန်းကြီးတွေကို ဆွဲဆောင်စရာတွေက အများကြီး ရှိတယ်၊ သာသနာမှာ လမ်းမှားခေါင်းဆောင်ကိုတော့ ဘုန်းကြီးက ဘယ်တော့မှ မမြင်ပါရစေနဲ့လို့ ဆုတောင်းပေးပါတယ်။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၁၁)
(၁၉၈၁၊ ဇန်နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# ခံနိုင်ရည်ရှိရေး

**အနေမတတ်လို့** တစ်ခါက ဆင်းရဲသူမ တစ်ယောက်မှာ ကလေးတွေက ပုံနေတော့ သား သမီး လိုချင်တဲ့ ရှင်ဘုရင်က မေးတယ်၊ "ဟဲ့-ကလေးမ...နင့်ကလေးတွေ ပေါလှပါလား၊ ဘယ်ကရတာလဲ"ဆိုတော့ ကလေးမက "အရှင်မင်းမြတ် ကိုးကွယ်တဲ့ ညောင်ပင်က ပေးတာပါ"လို့ ပြောတယ်၊ ရှင်ဘုရင်ကြီးက အဟုတ်မှတ်ပြီးတော့ သူကိုးကွယ်တဲ့ ညောင်ပင်က နတ်ကို "ငါ့မှာတော့ ပူဇော်ပသရတာ နေ့တိုင်းပဲ၊ ငါ့တော့ ကလေးမပေးဘူး၊ မဟုတ်တဲ့ ဆင်းရဲသူကိုတော့ ကလေးတွေ အများကြီး ပေးထားတယ်၊ ဒီနေ့ကစ ခုနစ်ရက် အတွင်းမှာ ကလေးရအောင် လုပ်ပေးရင် ပေး၊ မပေးရင် သင့်ရဲ့ ညောင်ပင်ကို အမြစ်က မကျန်အောင် တူးလှဲပစ်မယ်"လို့ ရှင်ဘုရင်ကြီးက ကြိမ်းသွားတော့ နတ်က ငြီးတယ်၊ "အင်း... ဒါမှ အကြံရခက်တာပဲ၊ ငါပေးတဲ့ ကလေးလဲ မဟုတ်ပါဘူး၊ ဒီကလေးမ သူ့ဟာသူ အနေမတတ်လို့ ကလေးတွေ ရလာတာကို ငါ့လွှဲချတယ်၊ ရအောင် လုပ်မပေးရင်လဲ ငါ့ညောင်ပင်တော့ လဲတော့မှာပဲ" ဆိုပြီး သိကြားမင်းထံ အကူအညီ သွားတောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဆွမ်းမရတာက အရေးကြီး**

သိကြားမင်းထံ သွားပြီး အကြောင်းစုံ ပြောပြတော့ သိကြားမင်းက "ပြောလိုက်ပါ၊ တစ်ယောက် မကပါဘူး၊ လေးယောက်တောင် ရနိုင်တဲ့အကြောင်း ပြောလိုက်ပါ"လို့ ဆိုတော့ နတ်ကြီးလဲ ဝမ်းမြောက်ဝမ်းသာနဲ့ ဘုရင်ကြီးကို ပြန်ပြောပြတယ်၊ "ဒါပေမယ့်နော် ရှင်ဘုရင်မှာ မရဘူး၊ ပုရောဟိတ်မှာ ရပါမယ်"၊ ရှင်ဘုရင်က "ဘယ်သူရရ သားရဖို့သာ လိုရင်းပါ"လို့ ပြောတယ်၊ တို့ဘုန်းကြီးတွေမှာတော့ သား မရတာက အရေးမကြီးဘူး၊ ဆွမ်းမရတာက အရေးကြီးတယ်။

"ဒါနဲ့ နတ်က အရှင်မင်းကြီး... သားရပေမယ့် အားလုံး တောထွက်ကြမှာ"လို့ ပြောလိုက်တော့ "အို...ရသာ ရပါစေ၊ မထွက်စေရပါဘူး၊" သားလေးယောက်က ဟတ္ထိပါလ, အဿပါလ, ဂေါပါလ, အဇပါလတဲ့၊ ရှင်ဘုရင်ကြီးက ဟတ္ထိပါလကို ဆင်ထိန်းထံ ပို့ပြီး အမိုက်ဟူသမျှ အကုန်သင်ခိုင်းတယ်၊ အဿပါလကို မြင်းထိန်းထံ ပို့စေပြီး အသင်ခိုင်းတယ်၊ ဂေါပါလကို နွားထိန်းထံ ပို့တယ်၊ အဇပါလကို ဆိတ်ထိန်းထံ ပို့စေတယ်၊ ဒီလိုပို့ပြီး အလိမ္မာတွေ ဘာမှ မသင်ပေးရဘူးနော်၊ အမိုက်ဟူသမျှ အကုန်သင်ပေးရမယ်၊ ဟိုကလဲ အမိုက်ချည်း သင်ပေးရတယ်၊ ဘယ်နေရာ လုယက်သတဲ့ဆိုရင် သူတို့ ညီအစ်ကို လေးယောက်နဲ့အဖွဲ့၊ မိုက်လိုက်ကြတာ လမ်းသရဲတင် မကဘူး, တစ်ခါတည်း လမ်းသဘက်ပါ ဖြစ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**အသိစာတတ်ခံပါရင် ပြင်လို့ရ** နောက် တော်တော်လေး ကြာတော့ ရှင်ဘုရင်နဲ့ ပုရောဟိတ်က ရသေ့အဝတ်တွေဝတ်, သွားတွေကလဲ မည်းလို့ပေါ့လေ၊ သူ့သားကို ထီးနန်းစည်းစိမ် အပ်မယ်ဆိုပြီး ဟတ္ထိပါလ အိမ်ကို အရင်သွားတယ်၊ ဟတ္ထိပါလကလဲ မြင်လိုက်တယ် ဆိုရင်ပဲ အမယ်လေး ခုမှပဲ ဒီလို အဝတ်မျိုး မြင်ရပေတော့ တယ်လို့ ဦးကုန်းချပြီး တောထွက်မယ်လုပ်တော့ ရှင်ဘုရင်ကြီးက "မဟုတ်ပါဘူး၊ တို့ နန်းတော်အပ်ရအောင် လာပြောတာပါ"လို့ ပြောလဲ မရတော့ဘူး၊ တကယ် တောထွက်သွားကြပါရော၊ ဘာမဆို ဘဝက အသိစာတတ်ခံ ပါလာရင် ပြင်လို့ ရပါတယ်။

**သမန္တာဆိုပြီး ရောမလုပ်ကြနဲ့** သာသနာပြုတယ်ဆိုတာ သူတော်ကောင်းများများ ရှိမှ ဖြစ်တယ်၊ သက်ဂန်း ဆိုတာ ရဟန္တာ အရှင်မြတ်များရဲ့ တံခွန်အောင်လံ သဖွယ် ဖြစ်တယ်၊ လေးလေးစားစား သုံးစွဲကြပါ၊ အလိမ္မာ ရအောင်ကလဲ စာနဲ့နေပြီး စာကြည့်နေရမှာပါ။

ကိုယ်တော်တို့ ရွတ်တဲ့ ဖတ်တဲ့နေရာမှာ ပီပီသသ ပြတ်ပြတ် သားသား ရွတ်ရတယ်၊ ပရိတ်ရွတ်တယ်ဆိုရင်လဲ အဖြတ် အတောက် မှန်မှန်ကန်ကန်နဲ့ ပီပီသသ ရွတ်ပါ၊ ပရိတ်ရွတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်တွေက အားရှိနေမှ ကောင်းတယ်၊ ရှေးတုန်းက လယ်တီဆရာတော် ပရိတ်ရွတ်ရင် လက်နက်အမျိုးမျိုးနဲ့ လှန့်သေးတယ်၊ အားရှိတဲ့ ကာလသားတွေ ခေါ်ပြီး လှန့်သေးတယ်၊ ပရိတ်ရွတ်တဲ့ ကိုယ်တော်က ပိန်ပိန်ညှက်ညှက်ဆိုရင် ဟိုက ထွက်မပြေးတဲ့အပြင် သူ့ပါ ဝါးစားသွားလိမ့်မယ်၊ ရွတ်တဲ့သူက တောင့်တောင့်တင်းတင်း ရှိရတယ်၊ နောက်ပြီး မေတ္တာစေတနာ ကလဲ ပါရတယ်၊ ငှက်ပျောသီး ပိန်ညှက်ကလေးနဲ့ ဆန်တစ်ပြည့်,ငွေတစ်မတ် မက်ပြီး သမန္တာဆိုပြီး ရောမလုပ်ကြနဲ့။

**စိတ်ထားတတ်မှ မြတ်တယ်** တို့ ဗုဒ္ဓသာသနာကို ရှေးကံ မရှိရင် ဖူးကို မဖူးရဘူး၊ ဘုရားလက်ထက်က တိတ္ထိတွေ ကြည့်ပါ၊ သာသနာနဲ့ တွေ့ပေမယ့် သူတို့မှာ ဖူးရမယ့်ကံ မရှိကြဘူး၊ ခုသာသနာကလဲ ကံရှိမှ ထမ်းဆောင်နိုင်တယ်၊ ကိုယ်တိုင် ကိုယ်ကျ ကြားရ, နာရဖို့ကလဲ ကံရှိမှ၊ ဘုရားအလောင်းတစ်ဆူရဲ့ ကောင်းမှုနဲ့ တစ်လောကလုံးရဲ့ ကောင်းမှုယှဉ်ရင် တစ်လောကလုံးရဲ့ ကောင်းမှုက ဘုရားလောင်း ကောင်းမှုကို ဆယ်ပုံတစ်ပုံတောင် မမီနိုင်ပါဘူး။

တို့ဘုရားက အကျိုးကိုပဲ ကြည့်ကြည့် အကြောင်းကိုပဲ ကြည့်ကြည့် အကောင်းချည်းပါပဲ၊ တို့ခုရဟန်းတော်တွေဆိုတာ ဗုဒ္ဓက ဆင်းသက်လာတာ၊ သက်န်းကိုလဲ ဘုရားကို ရိုသေသလို

www.burmeseclassic.com

www.burmeseclassic.com



ရှိသေပါ၊ ခု ဆွမ်းဒကာ ဒကာမတွေက **"သံဃဿ ဒေမ"**လို့ ဆိုလိုက်ရင် ဒီကျောင်းတိုက်သာမက တစ်သာသနာလုံးလျှရာ ရောက်တယ်၊ စိတ်ထားတတ်မှ မြတ်တယ်ဆိုတာမျိုးလိုပါပဲ၊ ဘုရားသာသနာ့ဝန်ထမ်းနေတဲ့ ပုဂ္ဂိုလ်များကို ဝိုင်းဝန်း ထောက်ပံ့နေတဲ့ ဒကာ ဒကာမတွေက စိတ်ထားတတ်ကြပါ၊ သာသနာရဲ့ အရသာကို သိထားကြပါ။

**ဆရာကောင်းတပည့် စည်းကမ်းရှိ** မြတ်စွာဘုရားကို သေသေချာချာ မသိရတဲ့ ခေတ်လူငယ်တွေက မယုံဘူး၊ မယုံတဲ့သူတွေတော့ ချော့မနေနဲ့၊ ယုံတဲ့သူတွေကတော့ ကျင့်နေပါ၊ ဘုရားအလောင်း ပါရမီကို မသိကြတော့ မယုံကြည်ဘူး၊ ပါရမီကို ရိုးရိုးလူတွေတော့ မမီ ပါဘူး၊ ပါရမီရှင်ချင်းသာ မီတာပါ၊ မိကောင်း ဖကောင်း ဆရာ ကောင်းတို့က လာရင် စည်းကမ်းရှိတယ်၊ ဆရာကောင်းနဲ့ နေတွေက အသိတရား တိုးပြီး ဉာဏ်ရှင်းလာတယ်၊ ခုခေတ် ပါရဂူဆိုတဲ့သူတွေက ဗုဒ္ဓကို မယုံကြဘူး၊ မယုံတော့ လောဘ ဒေါသတွေနဲ့ မကောင်းတာတွေ လုပ်မိနေကြပြီ၊ မကောင်း သတင်း လွှင့်နေကြပြီ။

တို့ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်း တောထွက်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ မာရ်နတ်ကြီး မှိုင်တွေချ နေတယ်၊ ဒါကို သူ့သမီး သုံးယောက် မြင်တော့ ခမည်းတော်

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မှိုင်နေရတာလဲလို့ မေးတယ်၊ မေးတော့ သိဒ္ဓတ္ထ ဆိုသူဟာ ငါ့ရဲ့ ကျော့ကွင်းက လွတ်သွားလို့,လို့ ပြောတယ်၊ သမီးသုံးယောက်က ခမည်းတော် မမှိုင်ပါနဲ့၊ သိဒ္ဓတ္ထကို ကျွန်မတို့ ပြန်ရအောင် လုပ်ပေးပါ့မယ်ဆိုပြီး အလွန်အဆင်း လှပအောင် ဝတ်ဆင်လို့ ဘုရားဆီ လာတော့ ဘုရားက ဆိတ်ဆိတ်နေတော်မူပါတယ်၊ သာယာတော်မမူပါဘူး။

**စစ်မြေပြင်ဝင်လာတဲ့ ဆင်ပြောင်ကြီးပမာ** မာဂဏ္ဍီဆိုတဲ့ သူဌေးကြီးက သူ့သမီးကို မြတ်စွာဘုရားနဲ့ ပေးစားတော့ မြတ်စွာဘုရား မိန့်လိုက်ပုံက "ငါဟာ အညစ်အကြေး ကင်းစင်ပြီး အလွန်တရာ လှပတဲ့ နတ်သမီးတွေကိုတောင်မှ ငါဆန္ဒ မရှိခဲ့ဘူး၊ သင့်သမီးလို အညစ်အကြေး မကင်းတဲ့ လူသားဆိုတော့ ခြေဖျားနဲ့တောင် မတို့ချင်ပါဘူး" လို့ မိန့်လိုက်တော့ မာဂဏ္ဍီသတို့သမီးဟာ အနာကြီး နာသွားတယ်၊ ငါတို့ မြို့ကို သိဒ္ဓတ္ထမင်း ဆွမ်းခံကြွရင်တော့ တစ်မြို့လုံးကို အဆိုအဆဲခိုင်းမယ်ဆိုပြီး တိတ္ထိတွေကို ပိုက်ဆံ ပေးထားသတဲ့၊ ဘုရားဆဲဖို့ရာ အဆဲပါတီကြီး ဖွဲ့ထားတာ ပေါ့လေ။

မြတ်စွာဘုရားကလဲ သိတော်မူလို့ နောက်တစ်နေ့ ဆွမ်းခံ ကြွတော်မူတယ်၊ အရှင်အာနန္ဒာကလဲ နောက်က ပါလာတယ်၊ ဒီလိုနဲ့ မာဂဏ္ဍီအိမ်ရှေ့ ရောက်လာတယ်ဆိုရင်ပဲ ဆဲလိုက် ကြတာ ရစရာ မရှိဘူး၊ အရှင်အာနန္ဒာက စိတ်ပျက်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား…ဒီလမ်းက ဆဲတယ်၊ ဟိုဘက်လမ်း ကြွပါ"လို့ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ ဘုရားက"အာနန္ဒာ… ဟိုဘက်လမ်းကို လိုက်ဆဲ ဘယ့်နှယ် လုပ်မလဲ၊ အာနန္ဒာ … ဒီနေရာမှာ ဖြစ်ပေါ်တဲ့ အဓိကရုဏ်းကို ဒီနေရာမှာပဲ ဖြေရှင်းရအောင်၊ ပြေရှင်းအောင် ဖြေရတယ်"လို့ အမိန့်ရှိတော်မူတယ်။

တို့ မြတ်စွာဘုရားက စစ်မြေပြင် ဝင်လာတဲ့ ဆင်ပြောင်ဟာ မြားတွေကို ခါချပြီး တက်သွားသလို မာဂဏ္ဍီရဲ့ စကားတွေကို ခါချပြီး ကြွမြဲတိုင်း ကြွတာပါပဲ။

ဓမ္မဗျူဟာ
အတွဲ(၁၉)၊ အမှတ်(၁၂)
(၁၉၈၁၊ ဖေဖော်ဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးဘဝ

**အကာရှိမှ အနှစ်ခိုင်မာတယ်** ဘုန်းကြီးကတော့ တစ်ကမ္ဘာလုံးက ဘုရားကို မယုံချင် နေပါစေ၊ ဘုန်းကြီးတော့ သိပ်ယုံတာပေါ့၊ ဘုရားကို ယုံလို့ ဘုန်းကြီးကို သတ်ရင် အသေခံနိုင်တယ်၊ သာသနာ့ဝင်ပြီး မယုံတဲ့ ရဟန်းတွေလဲ ရှိသေးတယ်၊ မယုံတော့ သံသရာမှာ တွေ့မှာပေါ့၊ ခု ဘုရားကို ညောင်ရေသွန်းပွဲတွေနဲ့ ပူဇော်ကြတာကတော့ အကာတွေပါ၊ အကာရှိမှလဲ အနှစ်ခိုင်မာမှာ။

တို့ အနှစ်သာရ မရှိရင် ဗုဒ္ဓဘာသာသစ်ပင်ကြီး လဲမှာ၊ ဘုန်းကြီးက ဘာမှ မသိတော့ တချို့က ဘုန်းကြီးကို လာလာညာကြတယ်၊ ညာကြပေါ့၊ အညာခံရတဲ့သူက ငရဲ မကြီးပါဘူး၊ ဘုန်းကြီးက တစ်ကိုက် နှစ်ကိုက် ကိုက်ပြီးရင် သိပြီးပြီ၊ ပါရဂူဆိုတဲ့သူတွေက ကားကလေး ကောင်းကောင်းစီး၊ အစားကောင်းကောင်းစား၊ မယားကလေး ယူလို့၊ တို့တွေကလဲ ခေါင်းတုံးရိတ်ပြီး ဘုရား မယုံသလိုလိုနဲ့ သူတို့ထံ လက်ဖြန့်ပြီး မနေကြနဲ့၊ ဘုရားသာသနာကို ကျက်သရေရှိအောင် နေကြပါ၊ တခြားက မျက်နှာချိုသွေးပေမယ့် ဘုန်းကြီးက မသွေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခနဲ့ ရင်းမှ သုခ ရ** တရားမမေ့တဲ့သူနဲ့ မေ့တဲ့သူ ကွာပါတယ်၊ တချို့က ကုသိုလ်ဘက်က နေရတာ ပျင်းကြတယ်၊ ပွဲလမ်းသဘင် သွားကြတယ်၊ တဏှာနဲ့ အလိုကျနေတာကို ပျော်လို့၊ လူတွေဟာ တစ်နေ့ အိုရမှာပဲ၊ အိုလာပြီဆိုရင် အလှတွေ ပျက်ကုန်တော့တာပဲ၊ ကံကောင်းလို့ ရဟန်းဘဝ ရောက်ကြတာ၊ လူတွေက အကြောင်းမကောင်းဘဲနဲ့ အကျိုးကို လိုချင်ကြတယ်၊ ဒုက္ခနဲ့ ရင်းနှီးမှ သုခရတယ်၊ တဏှာက အကောင်းဘက်ဆိုရင် ခွင့်မပေးဘူး၊ တိုးတက်ချင်ရင် ဘယ်နေရာမဆို မတွန့်ဆုတ်ရဘူး။

**အမြော်အမြင် ရှိကြပါ** ကျောင်းတိုက် နာမည်ကြီးလာတော့ အလှူအတန်းတွေ များလာတယ်၊ ဘုန်းကြီးက မကြိုက်တာ တစ်ဖက်, ကြိုက်တာ တစ်ဖက်၊ မကြိုက်တာက ဘုန်းကြီး စာရေးမယ်လို့ ပြင်နေရင် လူတွေက ရောက်လာကြတယ်၊ သူတို့ စကားပြောရတာက တစ်ဖက်, စာရေးရတာက တစ်ဖက်၊ ဘုန်းကြီးတာက မြန်မြန် သေမှာ၊ ကြိုက်တာကတော့ ထန်းလျက် မပြတ်တာ ကြိုက်တာပါ၊ ဘုန်းကြီး အတွက်တော့ မဟုတ်ပါဘူး၊ ကိုယ်တော်တွေ အတွက်ပါ။

ဘုန်းကြီး သေရင် ကိုယ်တော်တို့က ဒီ ဘုန်းကြီးတော့ သေလဲ မထူးပါဘူးလို့ ထင်ချင် ထင်မှာ၊ ဘုန်းကြီးက ဒီ သာသနာကြီးကို ဘုန်းကြီးတို့သာ ပြုရမှာမို့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်တွေ ပြည့်စုံမှ သေချင်တယ်၊ ကိုယ်တော်တို့ ရှေးက မမြင်ဖူးတဲ့ သူတော်ကောင်းတွေကို မကြည့်ပါနဲ့ဦး၊ အနားမှာ ရှိတဲ့ ဘုန်းကြီးကို မီအောင် နေကြပါဦး၊ ဘုန်းကြီးက စည်းကမ်းမှာ မူတည်ပါတယ်၊ နေရာတကာမှာ အမြော်အမြင် ရှိကြပါ။

**သူများအပြစ် မဝေဖန်ပါနှင့်** ဘုန်းကြီး ပြောတဲ့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကိုတော့ တရားလို့ မယူဆကြဘူး၊ တခြားသွားပြီး အားထုတ်မှ တရားထင်ကြတယ်၊ ရိပ်သာကို သွားမှ တရားရတယ် ထင်ကြတယ်၊ ကိုယ်သင်ထားတဲ့ စာထဲမှာ တရားတွေ ပြည့်လို့၊ သာသနာမှာ နေပြီး ဘုရား မကြည်ညိုရင် မနေကြတာ ကောင်းတယ်၊ ဘုန်းကြီး အလုပ် လုပ်နေတာက ဗုဒ္ဓါနုဿတိ အရင်းခံပြီး ကျမ်းစာတွေ အထမြောက်နေတာပါ၊ ဘုန်းကြီးက ဘုရားကို သိပ်မြတ်နိုးကြည်ညိုတယ်၊ သူများ အပြစ်ကို ဝေဖန်တာက စိတ်ယုတ်မာရှိလို့ပဲ၊ သူများကို ဝေဖန်တာဟာ 'ငါသူ့ထက် သိတယ်, ကျင့်တယ်'လို့ မပြောပေမယ့် ပြောသလိုပဲ၊ ကိုယ်တော်တို့က ဗုဒ္ဓါနုဿတိ အရသာကို မသိကြဘူး၊ ကိုယ်တော်တို့ သဒ္ဓါတရား မရှိရင် မနေကြနဲ့၊ သတ္တိရှိရှိနဲ့ သာသနာတော်ကို စောင့်ရှောက်ကြပါ၊ သူများကို မဝေဖန်ပါနဲ့။

**ရှေ့တာ ချစ်ကြပါ** တရားဆိုတာက အသားကျလာတော့ နောက်ဆုတ်လို့ မရဘူး၊ ဘယ်နေရာမဆို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ပေးရတယ်၊ ဘုန်းကြီးဘဝဆိုတာ ကုသိုလ်ဘက်က တိုးနေစေရတယ်၊ သံသရာထဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သလို ဖြစ် ဆိုပြီး နေကြရင် ဒီနေရာမျိုးမှာ နေဖို့ မကောင်းဘူး၊ တရားကို အဘက်ဘက်က တိုးစေရတယ်၊ တိုးလာတဲ့အခါ ပျော်စရာတစ်ခုပါပဲ၊ တစ်နေ့အတွက် ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပေးကြပါ။

ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုပြီး မချစ်တတ်ပါဘူး၊ လင်မယား ချစ်ကြတယ်ဆိုတာက တကယ်မဟုတ်ပါဘူး၊ တစ်ခါတစ်ရံ ရန်ဖြစ်ကြသေးတယ်၊ ကိုယ့်ကိုယ်ကို ချစ်တော့ ကိုယ်ပြောတဲ့စကား မယုံဘဲ ရှိသလား၊ မုန်းတယ်လို့များ ရှိသလား၊ ဒါတွေကို လိုက်စစ်ကြည့်တော့ ကိုယ့်ကိုယ်သာ အချစ်ဆုံးမို့ပါ၊ အချစ်ကို ကိုယ်တော်တို့က ရမ်းရမ်းပြီး ချစ်မနေကြနဲ့၊ ချွေချွေတာတာနဲ့ ချစ်ကြပါ၊ သူများ ချစ်ရတာ စိတ်မချရဘူး၊ ကိုယ့်ကိုယ်ကို ပြန်ချစ်တာက စိတ်ချရတယ်။

**ကိုယ့်ကိုယ်ကို အချစ်ဆုံး** အသက ရှင်ဘုရင်ကြီး မိဖုရား သေသွားသလို ဖြစ်နေဦးမယ်၊ ပဘာဝတီနဲ့ ကုသကို ကြည့်ပါ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး ဆိုတော့ ခမည်းတော်က ဝေမယ်လို့ဆိုတော့ မကြိုက်နိုင်ပါဘူး ဆိုတဲ့ ကုသမင်းကို ရွံ့တွေ ပေပေတေတေနဲ့ အိုးလုပ်တဲ့ နေရာမှာ ဆွဲထုပြီး သွားရတယ်၊ ဒါသူ့ကိုယ်သူ ချစ်လွန်းလို့၊ သူ့အသက် ချမ်းသာရအောင်လို့ အလွန်မုန်းတဲ့ ကုသမင်းကို ချစ်လိုက်ရတာ၊ အကယ်၍ သူ့ကိုယ်သူသာ မချစ်ရင် အသက် အသေခံသွားမှာ၊ ဒါကို ထောက်ရင် ကိုယ့်ကိုယ်ကို အချစ်ဆုံး သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဆုတောင်းတိုင်းသာ ရရိုးမှန်ရင်** ကိုယ်တော်တို့က ချောတော့ ချောချင်ကြတယ်၊ ခွေးချေးကျုံးရတာကျတော့ ကိုယ်က နှာခေါင်းရှုံ့သလို နောက်ဘဝသံသရာကျတော့ ရုပ်ကြီးက မဲ့ရှုံ့ပြီးနေကြမှာ၊ ဒီဘဝဒေါသ မကြီးနဲ့၊ နှမြော ကုတ်ကတ် မနေကြနဲ့၊ အလုပ် မတွက်ကပ်နဲ့၊ စာကို ကြိုးစားသင်၊ ဗုဒ္ဓါနုဿတိနဲ့ နေ၊ ဒါမှ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုရာ ရောက်မှာ၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်လိုက်ပါ၊ အလုပ် လုပ်နေတာက သူများကို မကြောက်ရဘူး၊ ဆုတောင်းမနေကြနဲ့၊ တရားကို ဘယ်သူမှ လာမပေးဘူး၊ ကိုယ်တိုင် လုပ်ယူရတာ၊ ဆုတောင်းလို့ ရတယ်ဆိုတာ ဘယ်သူ ကြားဖူးသလဲ၊ ဆုတောင်းလို့ ရတမ်းဆိုရင် ဘုန်းကြီးက ဆုတောင်းယူနေမှာပေါ့။

**လောကွတ်မလုပ်ကြနဲ့** သာသနာကို တာဝန်ယူတဲ့သူတွေက တရားနဲ့ နေကြပါ၊ ဒါမှ ဘုရားကို ကြည်ညိုမှာ၊ ဒကာ ဒကာမတွေရဲ့အပေါ် သနားစောင့်ရှောက်ညှာတာတဲ့ လက္ခဏာ ရှိရတယ်၊ ဘုန်းကြီးတွေဘက်က ကောင်းစေချင်တယ်၊ စာတတ်ပေမယ့် ပစ္စည်း လာဘ်လာဘလမ်း ငံ့ငံ့နေရင် တိုးတက်လမ်း မရှိဘူး၊ ဗုဒ္ဓါနုဿတိမေတ္တာနဲ့ နေ၊ ကောင်းတဲ့ဘဝ ရောက်နေကြတာ၊ တရားနဲ့နေကြရတာ ကောင်းပါတယ်၊ တရား လက်လွတ်သွားရင် စိတ်ပျံ့လွင့်ပြီး လူထွက်တတ်တယ်၊ လူတွေ ဆင်းရဲကြတာ ဒါနမပြုခဲ့လို့ မဟုတ်ပါဘူး၊ သီလအခြေ မပါကြလို့၊ ခေတ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်နေပြီ၊ စားစရာ ဆေးတွေ ပေါပါလျက်နဲ့ အသက် မရှည်ကြတာက သီလစောင့်မှုဘက်က နည်းနေကြလို့၊ ဘုန်းကြီး သာသနာ့ဝန် ထမ်းတာက နေ့စဉ် အပင်ပန်းခံပြီး နေတာ၊ လောကလူတွေကို အထင်ကြီးပြီး သွေးမဆောင် ပါဘူး၊ လာချင် လာ, မလာချင် နေ၊ ဒါတွေကို မစဉ်းစား ပါဘူး၊ လူတွေက ဒါနပြုရင် ပစ္စည်းပေါတဲ့ လူတွေကို ဖိတ်လေ့ ရှိကြတယ်၊ ဘုန်းကြီးကတော့ ဂုဏ်တွေ ရနေတဲ့သူတွေ လာပေ မယ့် ဘုန်းကြီးက ဂုဏ်သိန်ရှိဖို့ မလိုပါဘူး၊ တတန်းတညီတည်း သဘောထားတယ်၊ လောကွတ် မလုပ်ကြပါနဲ့၊ သာသနာ့ ဝန်ထမ်းဆိုရင် လောကလူတွေကို အထင်မကြီးပါနဲ့၊ မြတ်စွာ ဘုရားကိုသာ အထင်ကြီးကြပါ။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၁)
(၁၉၈၁၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ဝိနည်းလေးစားကြပါ

**ခေတ်မသိရင် မယုံကြနဲ့** ဘုန်းကြီးတို့ သရိုင်ရှာသားတွေက သဒ္ဓါတရား နည်းကြတယ်၊ ပညာတော့ တော်ပါရဲ့၊ သဒ္ဓါတရား၊ ပညာတရား နည်းတော့ လူထွက်ကြတယ်၊ တို့ သရိုင်သားတွေက အစတော့ ထက်ပါတယ်၊ အဆုံးမရောက်ကြဘူး၊ အချောင်ရရင် ဘယ်သူ့မဆို ချိုင်ကြတယ်၊ မာယာဆိုတာ ယောကျ်ားလဲ ရှိ၊ မိန်းမလဲ ရှိပါတယ်၊ တို့ အချို့ဘုန်းကြီးတွေက ဟန်ဆောင်ကြတယ်၊ ဟန်ဆောင်ထားတဲ့ ဘုန်းကြီးတွေကို ဒကာ ဒကာမတွေက ကြည်ညိုကြတယ်၊ ကိုယ်တော်တို့ ခေတ်မသိရင် ဘယ်သူမှ မယုံကြနဲ့၊ လောကကြီးမှာ တချို့က ညာချင်ပေမယ့် မညာတတ်ဘူး၊ ညာတဲ့သူဆိုတာ ဣန္ဒြေရှိရတယ်၊ တို့ဟာ ဘာတဲ့လဲ ....

"စာတတ်ယောင်ယောင်, ဟန်ပန်ဆောင်, ထိပ်ပြောင်ကြီးနဲ့ ဝင့်လတ္တံ့။

သာသနာပြုရေး, အသံပေး, အောက်ကျေး အောက်ရွာ လွှင့်လတ္တံ့။

www.burmeseclassic.com



ထိုခါ အောက်သား၊ ဒကာများ၊ မြွောက်စား ကိုးကွယ်ကြလတ္တံ့။

ကျောင်းကြီးကံပေါ်၊ စက်တော်ခေါ်၊ စိတ်တော် မိုးသို့ ထိုးလတ္တံ့။

တွေ့ရာစုဆောင်း၊ ရရာရောင်း၊ အတောင်းအခံများလတ္တံ့." တဲ့ ဆိုတယ် မဟုတ်လား။

ကိုယ်တော်တို့ သဒ္ဓါတရား ကောင်းကောင်းနဲ့ သန့်သန့်ရှင်းရှင်း နေကြပါ၊ သန့်သန့်ရှင်းရှင်းနေမှ ကျမ်းမာရေးလဲ ကောင်းပါတယ်။

**ကံကောင်းအောင် အလုပ် လုပ်ကြပါ** ကံဆိုတာ ဆန်းတယ်၊ ကောင်းတဲ့အလုပ်တွေ လုပ်နေရင် ကောင်းကျိုးရစေတယ်၊ မကောင်းတာ လုပ်ရင် မကောင်းကျိုးရစေတယ်၊ အချဉ်စိုက်ရင် အချဉ်ရ၊ အချိုစိုက်ရင် အချိုရ၊ အခါးစိုက်ရင် အခါးရ၊ တို့သာသနာက မျက်စိလည်နေကြတာ၊ ခားပြတိုက်လို့ ရတာကို မယားက တပြုံးပြုံးနဲ့ ချက်ကျွေးတယ်၊ ကြက်သားစားရတာ ကံတစ်မျိုး၊ သတ်တာက ကံတစ်မျိုး၊ ဒကာ ဒကာမတွေရဲ့ဝေယျာဝစ္စတွေ လိုက်ဆောင်ရွက်ပေးနေတဲ့ ကိုယ်တော်တွေတော့ လိပ်စာကတော့ သေချာပြီးသားပါ၊ ဘုန်းကြီးကို ကိုယ်တော်တစ်ပါးက လိပ်စာပေးခဲ့ဖူးတယ်၊ ဘယ်လိုလဲဆိုတော့ "ဦးဇနကရေ…ကိုယ့်ဆီများ စာထည့်ရင်တော့ အဝီစိဒိစတြိတ်၊သိမ်းဖိုးငရဲမှတစ်ဆင့်ဂိစ္ဆကုဋ္ဌတောင်ခြေ၊ ဇောင်ခြမ်းပင်အောက်လို့သာ ထည့်လိုက်ပါ"လို့ ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်တို့ ရှေးကံဆိုတာ သူ့ဟာသူ မပေးဘူး၊ ကိုယ်က လုပ်မှ၊ ကံမည့်ပေမယ့် ဝီရိယ မရှိရင် ပျက်တတ်တယ်။

ထီပေါက်တဲ့သူကလဲ ရှေးကံက ပါလာလို့ ပေါက်တာပါ၊ ကိုယ်တော်တို့ ကံကောင်းအောင် အလုပ် လုပ်ကြပါ၊ ဟို တစ်နေ့က အုန်းပင်စိုက်တယ်၊ အုန်းပင်စိုက်ရင် ချွေးသေ့, ဆား, ငါးပိ ထည့်ရတယ်၊ ဒါပေမယ့် သူတို့က သီးတာ မဟုတ်ဘူး၊ အုန်းပင်က သီးတာပါ၊ ကံတရားတွေကလဲ ဒီလိုပဲ၊ ကိုယ်တော်တို့ မကြိုးစားရင် အထွတ်အထိပ် မရောက်ဘူး၊ ရပ်မနေကြပါနဲ့၊ တက်ပေးကြပါ၊ ဘုန်းကြီး တစ်သက်လုံး မနားပါဘူး၊ သေခါနီးတောင် အမောဟိုက်နေမလား မသိဘူး၊ ဆုတောင်းလို့ မရကြဘူး၊ ကိုယ်ချစ်တဲ့သူကို မရ, ရအောင် ကြိုးစားရတာက ဆုတောင်းလို့ ရတာ မဟုတ်ပါဘူး၊ ကြိုးစားလို့ ရတာပါ။

**ငါလေးတွေ ဖြစ်စေချင်** မိဘတွေက ကိုယ့် သား သမီးတွေကို ပညာ ကြိုးစားခိုင်းတာက ဘယ်သူ့ဖို့လဲ၊ သူတို့ဖို့ မဟုတ်ဘူး၊ ပညာတော်လာရင် သမီးရှင်, သားရှင်တွေက ဝိုင်းဝိုင်းလည်နေတာပဲ၊ အတန်းသာ ခဏခဏ ကျနေရင် တန်ဖိုး မထားကြပါဘူး၊ ကိုယ်တော်တို့ တောမှာ မွေးပေမယ့် ငါဟဲ့ ယောကျ်ားလို့ သဘောထားပြီး ကြိုးစား ကြပါ၊ ကိုယ်တော်တို့က ထက်ထက်သန်သန် တယ်မရှိကြဘူး၊ ဘုန်းကြီးတို့ကတော့ အိုတာက အိုတာ တခြားပဲ၊ စိတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်ပဲ၊ ဒါကြောင့် "နွားပျိုသန်လှ နွားအို ပေါင်ကျိုး သလောက် ရှိသေး" ဆိုတာ၊ ဘုန်းကြီးကတော့ ပေါင်လဲ မကျိုးသေးပါဘူး၊ ကိုယ်တော်တို့ကို ငါလေးတွေ (ငါလို)ဖြစ် စေချင်တယ်၊ ခုတော့ ငါမဖြစ်ဘူး၊ မင်းတို့ ဖြစ်နေကြတာကိုး။

**သာသနာပြုတော့ ဩဇာရှိအောင်** ဘုန်းကြီးက သေလဲ မထူးပါဘူး၊ ခဏ နားတာနဲ့ တူတယ်၊ ဟိုဘက်ဘဝ သေ သွားပြီး ဒီဘဝ ပြန်လာ အလုပ် လုပ်ရ မှာပါ၊ သွားလိုက် ပြန်လိုက် ဒီလိုနေရာက နောက်ဘုရား ရောက်မှာပါ၊ ကိုယ်တော်တို့ ငယ်စဉ်ကလဲ ကြိုးစားကြပါ၊ ကြီးလာလဲ ပိုပြီး ကြိုးစားကြပါ၊ လူတွေက သာသနာ အရသာ ကို ရှာမရကြပါဘူး၊ သေခါနီးမှ ကုသိုလ်ပြုချင်လို့ မရပါဘူး၊ သာသနာကို ညာပြီး သူခိုးအကြီးစား လုပ်နေရင် မသက်သာ ဘူးလို့သာ မှတ်ပါ၊ သာသနာကို မပြုရင် မပြုဘဲနေ၊ ပြုရရင် သာသနာမှာ စင်ကြယ်မှ ကောင်းတယ်၊ ဘုန်းတန်ခိုး ကြီး သွားရင် ဘုန်းနောက် လိုက်ပြီး ပျက်တတ်တယ်၊ ငယ်စဉ်က ကြိုးစားကြ၊ စာမေးပွဲတွေ ဝင်တာကို သာသနာပြုတော့ ဩဇာ ရှိအောင်ဆိုတဲ့ အနေမျိုးနဲ့ ရည်မှန်းဝင်ကြ။

**နာမည်ပျက် မခံနိုင်** ဘုန်းကြီး စာဝါကိုတော့ အပြီးချမယ်၊ ဟိုတုန်းက ဗေဒင်ဆရာတစ်ယောက်က လူတစ်ယောက်ကို ခုနစ်ရက်အတွင်း စုတ်လာဘ် ဝင်ရမယ်လို့ ဟောလိုက်တယ်၊ ဟောထားတဲ့ ရက် ပြည့်ခါနီးလေတော့

www.burmeseclassic.com

www.burmeseclassic.com



အဟောခံရတဲ့သူက “ဆရာ...ဘာမှလဲ မဝင်သေးပါလားဗျ” ဆိုတော့ “အေး...မဝင်သေးရင် ငါ့မှာ နမသုံးယောက် ရှိတယ်၊ ငါတော့ နာမည်အပျက် မခံနိုင်ဘူး၊ မင်းကြိုက်တာတစ်ယောက် ယူပေတော့”လို့ ပြောလိုက်သတဲ့၊ ဘုန်းကြီးစာဝါလဲ ဘုန်းကြီး ပြောထားတဲ့ ရက်တော့ ပြီးအောင် ချရမှာ၊ မပြီးရင်တော့ ဘုန်းကြီးမှာ ပေးစရာ မရှိဘူး၊ ဒီတော့ အပြီးပဲ ချရမှာပဲ။

**ဝိနည်းပျက်ရင် သာသနာပျက်တယ်**

ဘုန်းကြီးက မဂ် ဖိုလ် နိဗ္ဗာန်အထိ လုပ်ပေးချင်တယ်၊ ဘုန်းကြီးတွေကို အောက်တန်းထားပြီး လူတွေက အထက်တန်းကနေပြီး အထင်သေးကြတယ်၊ ဘုန်းကြီး မခံချင်ဘူး၊ တရားဟောခိုင်းတယ်ဆိုတာလဲ အခပေး ခေါ်တာပါ၊ သူတို့ဆီက ပြန်လာတော့ ရောဂါ ဖြစ်ရင် ပြန် မကြည့်ကြဘူး၊ ဘုန်းကြီးက တစ်ကိုက် နှစ်ကိုက် ကိုက်ပြီးခဲ့ပြီ။

ကိုယ်တော်တို့က အထက်တန်းတွေကို အားမထားကြပါနဲ့၊ တယ်ပြီး မဟုတ်ကြပါဘူး၊ တို့ဘုန်းကြီးတွေကလဲ အပင့်ကို မစောင့်ကြတော့ဘူး၊ တချို့က မပင့်ရင် ပင့်အောင် သွားပြောကြတယ်၊ ကိုယ့်ဘာသာကိုယ် နေကြရင် ပြီးရောပေါ့၊ ကိုယ်တော်တို့တွေက ဒကာ ဒကာမတွေကို မိတ်ဆွေဖြစ် မဆက်ဆံကြနဲ့၊ တို့သာသနာမှာ ရှက်စရာ ကောင်းသေးတယ်၊ ကိုယ်တော်တို့ ကောင်းကောင်းနေကြ၊ တစ်ဘဝ တစ်ခါ သေရတာ၊ သေတယ်ဆိုတာ မြွေအရေ လဲသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



သေတဲ့သူ တမ်းတရတာထက် မိုးပေါ်က လကို တမ်းတရတာက မြင်ရသေးတယ်၊ သေခြင်းသဘောက အလှတွေ မြင်နေပေမင့် တစ်နေ့နေ့တော့ သွားရမှာပါ၊ ဘာမှ ပေးလို့လဲ မရဘူး၊ ဝိနည်းလေးစားဖို့က အရင်, စာတတ်တာက နောက် အရေးကြီးတယ်၊ ပေါ့ပေါ့ မနေကြနဲ့၊ သာသနာပျက်တယ် ဆိုတာ ဝိနည်းပျက်တာ၊ တောသွားရင် လှည်းမစီးကြပါနဲ့၊ ဝိနည်း လေးစားကြပါ၊ ဘုန်းကြီး လေးစားဖို့ မဟုတ်ပါဘူး၊ ဘုရားသာသနာ လေးစားသောအားဖြင့် ထိန်းသိမ်းကြပါ၊ ဘုရားကိုလဲ ကြည်ညို လေးစားပါ။

**မျက်လုံးနှစ်လုံးရှိပေမယ့် မျက်လုံးအများနဲ့ကြည့်** ဒီကျောင်းမှာ ခပ်ကြီးကြီးတွေ လက်ခံထားတော့ စာအခြေ မရဘူး၊ ငယ်ပြန်တော့လဲ ထွက်ပြေးကြတယ်၊ သာသနာမှာ ရှိရှိသေသေ ရှိပါစေ၊ အများနဲ့ဆိုတာ ရှိသေရတယ်၊ သွားလေရာမှာ ဘုရားအာရုံနဲ့ သွားနေရင် ကြမ်းတမ်းတာ မရှိပါဘူး၊ ဒါနဆိုတာ မကောင်းတဲ့သူတွေ သုံးစွဲနေရင် အကျိုးမရပါဘူး၊ သာသနာသွေး, ဘာသာသွေး, မျိုးရိုးဇာတိသွေး,သတ္တိရှိကြပါ၊ မကောင်းတာ မဖြစ်ကြပါစေနဲ့၊ သာသနာကို သံယောဇဉ်ရှိရှိနဲ့ထမ်းဆောင်ကြပါ၊ သာသနာဝင် နေရင် ဝန်ထမ်းနေမှ ကောင်းတယ်၊ ကောင်းကောင်းမနေရင် မြေကြီးနင်းတာက အစ အပြစ် ရှိတယ်၊ ဘယ်နေရာမဆို လေးလေးပင်ပင် ရှိရမယ်။

သေလို့ ငိုတာက ကိုယ်က ညံ့ရာ ရောက်တယ်၊ တချို့ ဘုန်းကြီးတွေက မျှော်လင့်ချက်နဲ့ ကိုယ်ကိုယ်တိုင် လက်သည်

www.burmeseclassic.com

www.burmeseclassic.com



မွေးထားတဲ့ တပည့်လေးများထွက်သွားရင် မှိုင်ပြီးစိတ်ညစ်လို့၊ ကိုယ်တော်တို့ သတ္တိမကြောင်ကြနဲ့၊ ဘုရားသာသနာမှာ တူရယ်၊ ညီရယ် မရှိဘူး၊ ရှိလဲ မရှိကြပါနဲ့၊ မျက်လုံးနှစ်လုံး ရှိပေမယ့် မျက်လုံးအများနဲ့ ကြည့်ကြပါ၊ ပျင်းတဲ့သူ ထွက်ပြေးပြီး ပျော်တဲ့သူ ကျန်နေမယ်။

**သံသရာကြောက်ရင် ကြိုးစားကြ**

တို့ကျောင်းမှာ ကျေးတောသားဖိုးသူတော်တွေ ရွှံ့ရောင်ပေါက်နေတဲ့ အသားနဲ့ ပိတ်ဖြူဝတ်တော့ အိုးမည်း ထုံးသုတ်ထားသလို မလိုက်ပါဘူး၊ ဒါပေမယ့် တဖြည်းဖြည်း ပြင်ယူရတယ်၊ သံသရာကို ကြောက်ရင် ကြိုးစားကြ၊ တချို့မိဘတွေ သားသမီးတွေက များတော့ တစ်ယောက် နှစ်ယောက်လောက် ဘုန်းကြီးဝတ်ရင် ကောင်းမှာတဲ့၊ အမွေခွဲရ သက်သာအောင်လို့ ပြောကြတယ်၊ ငရဲကျမှာကိုတော့ မသိကြဘူး၊ သင်္ကန်း ဝတ်တိုင်း ကောင်းရာ ရောက်မယ်ဆိုရင် ဘုန်းကြီးချည်း ဝတ်နေကြမှာပေါ့၊ သင်္ကန်းဝတ်လာတာ ပေါ့ပေါ့နေဖို့ မဟုတ်ဘူး၊ ဆိုင်ရာ ဆရာသမားတွေက ကြပ်ပေးကြပါ၊ ဒါမှ ပျင်းတဲ့ သူတွေ ထွက်ပြေးပြီး ပျော်တဲ့သူတွေ ကျန်နေရစ်မှာ။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၂)
(၁၉၈၁၊ ဧပြီလ)

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဘဝကောင်း မလိုချင်

**ဘာဖြစ်ဖြစ် လေ့လာထားကြပါ**

သူများ သိတာကို ပမာန မထားကြပါနဲ့၊ ကိုယ်သိမှ သိတာ၊ ထမင်းဆိုတာ ချက်တုန်း အရသာ မရှိပါဘူး၊ စားမှ အရသာ ရှိတာပါ၊ ဗုဒ္ဓါနုဿတိ, မေတ္တာစတဲ့ တရားများလည်း ဒီလိုပါပဲ၊ အစတော့ အရသာ မရှိပါဘူး၊ ကြာလာမှ အရသာ ရှိလာပါတယ်၊ စာတွေကလဲ ဒီအတိုင်းပဲ၊ ကြာလေ စာရဲ့ အရသာက ရှိလေပါပဲ၊ ဆရာတော်တစ်ပါးက ဘုန်းကြီးကို "ဇနကကြီးရာ ... ပိန်လှပြီ၊ စာတွေ သိပ်ကြိုးစားမနေပါနဲ့၊ နောက် မေ့ပြီဆိုတော့လဲ ငါနဲ့ အတူတူပါပဲ"လို့ ဆိုတယ်၊ စာတတ်တာကတစ်မျိုး, စကားပြောတတ်တာကတစ်မျိုး, ကျန်းမာရေးနားလည်တာကတစ်မျိုး၊ ဗဟုသုတဆိုတာ ရှိရတယ်၊ ဘာဖြစ်ဖြစ် လေ့လာထားကြပါ၊ ဖျားတဲ့သူနဲ့ အတူနေရင် အငွေ့ကူးတယ်၊ ဘုန်းကြီးမှာ သွေးတိုးက ရှိနေလို့ အငန် မစားရဘူး၊ သွေးတိုးနဲ့ အငန်က မတည့်ဘူး။

**စိန်ဆံထိုး ရှူးသေလဲ အသေပါပဲ**

ဘုန်းကြီးက သံသရာတစ်ခုလုံးကို လိုက်ပြင်နေချင်တာ၊ ဟိုတုန်းက ဒကာမတစ်ယောက် မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com



စီးရင်းက မော်တော်ကားမှောက်တော့ စိန်ဆံထိုးစူးပြီး သေရတယ်၊ တို့တောမှာ လှည်းကြမ်းစီးသွားရင်းက လှည်းမှောက်လို့ သေတယ်၊ စိန်ဆံထိုး စူးလို့ပဲ သေသေ, လှည်းမှောက်လို့ပဲ သေသေ အသေပါပဲ၊ အတူတူပါပဲ၊ ကိုယ်တော်တို့က တခြားစိတ်တွေကို ဒီမှာ ယူမလာကြနဲ့၊ တစ်ပါးနဲ့တစ်ပါး ပြုံးပြုံးရွှင်ရွှင် နေကြပါ၊ မနာလို မရှိကြပါနဲ့၊ ညီညွတ်ရေးကို သတိထားကြပါ၊ ဒီကျောင်းမှာ တချို့ကိုယ်တော်တွေမျက်နှာ ကြည့်ရတာ ရွှင်ရွှင်ပျပျကို မရှိဘူး၊ ငယ်ငယ်ကတည်းက စပြီး မျက်နှာကြည်နေရတယ်၊ ဘုန်းကြီးကို လူချောရွေးတယ်လို့ ထင်မယ်၊ မဟုတ်ပါဘူး၊ နေရာတကာမှာ ပြုံးရွှင်ပြီး မျက်နှာကြည်လင် နေရတယ်၊ မဲ့မနေရဘူး။

**ကိုယ်မသိနိုင်တဲ့ ကံတစ်မျိုး** အများစု လူတွေက မနက် လင်းလာရင် ကုသိုလ်ဘက် စိတ်မကူးကြဘူး၊ တစ်ဘဝ အသက်မွေးမှုလောက် အားထုတ်နေကြတယ်၊ တို့ဘုန်းကြီးတွေလဲ များသောအားဖြင့် အတူတူပါပဲ၊ အများစုက ခက်တယ်၊ "သံသရာတစ်ခွင်မှာ ခန္ဓာအစဥ်တွေ များခဲ့ပြီပေါ့"ဆိုတာလိုပဲ၊ ခန္ဓာတွေသာ များနေကြတာ ဘာမှ အကျိုးထူးတရား ထွက်မလာဘူး၊ သူတော်ကောင်းဖြစ်ချင်ရင် ပထမ သီလကို စင်ကြယ်ပါစေ၊ ပစ္စည်းတွေအားလုံး အပ်အပ်စပ်စပ် ရှိပါစေ၊ သံဃာများလာရင် အချောင်သမားတွေ ပါလာတယ်၊ ဆရာကောင်း သမားကောင်းနဲ့ ဆက်ဆံရတာက [illegible] မကောင်းကြပါဘူး၊ ဥဏ်ကောင်းလို့ တက်လာတာ[illegible]ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ကိုယ်မသိနိုင်တဲ့ ကောင်းချက်တစ်ခု ရှိတယ်၊ ဆရာကောင်းနဲ့ တွေ့ရတာက ကံတစ်မျိုးပါပဲ၊ ဘုန်းကြီးရဲ့ အနေအထိုင်ကို ကြည့်ပြီး "ရွှေကျင်လား"လို့ အမေးခံရဖူး တယ်။

**ဘဝအဆက်ဆက် ကောင်းအောင်**

ရှေးက လူကြီးတွေက အဝတ်ဖြူကြီးတွေ ဝတ်ပြီး ရက္ခစိုးဆန်ဆန် နေကြတယ်၊ လူတစ်ယောက်ဟာ ငယ်ငယ်ကတည်းက သိက္ခာရှိမှ ကောင်းတယ်၊ ဘုန်းကြီးငယ်ငယ်က ဆော့ခဲ့တယ်၊ ဒီကျောင်းမှာ ဘုန်းကြီး ဆော့သလိုတော့ မဆော့ကြပါနဲ့၊ ဘုန်းကြီးကတော့ ဆော့လဲ ဆော့တယ်၊ အလုပ်လဲ လုပ်တယ်၊ ကိုယ်တော်တို့ အချိုးတည့်တည့် နေကြ၊ ဒါမှ ကံကောင်းတယ်၊ စိတ်ကောင်းလဲ ရှိရတယ်၊ သင်္ကန်းခေါက် မပျင်းကြပါနဲ့၊ နေထဲမှာ ကြာကြာလဲ မလှန်းကြပါနဲ့၊ သင်္ကန်း ရုပ်ရင်လဲ ဆွဲမချကြပါနဲ့၊ စံပြဖြစ်အောင် လုပ်နေတာ မဟုတ်လား၊ ဘာသာခြားသာသနာပြုကျောင်းတွေက ကောင်းပြီး ဘုန်းကြီးတို့ ပြည်မကျောင်းတွေက ချာတူးဖြစ်နေမှာ စိုးလို့ ပြင်နေတာ၊ သာသနာဇက သာသနာနဲ့ တူမှ ကောင်းတယ်၊ ကိုယ်တော်တို့ကို ဘုန်းကြီး ပြင်နေတာ တစ်ဘဝကောင်းလေး ပြင်နေတာ မဟုတ်ပါဘူး၊ ဘဝအဆက်ဆက် ကောင်းအောင်လို့ ပြင်နေတာပါ၊ ဘုရားအာရုံနဲ့ နေကြပါ၊ ဆော့မနေကြပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



**လောကီဂုဏ်တွေ မကြီးကျယ်** ပြင်ပဗဟုသုတဆိုတာလဲ ရှိရတယ်၊ ပြင်ပဗဟုသုတ မရှိရင် စကား မပြောတတ်ဘူး၊ တို့မြတ်စွာဘုရား စကားပြောတော်မူရင် တစ်ဘဝ အဖြစ်အပျက်ကလေး တစ်ခုသာ ပြောတာ မဟုတ်ဘူး၊ ကောင်းတဲ့ အဖြစ်တွေရော, မကောင်းခဲ့တဲ့ အဖြစ်တွေရော အကုန်ပြောတာပဲ၊ ဥပမာ–ခဝါသည်ဟာ ကောင်းတဲ့ အဝတ်ရော, မကောင်းတဲ့ အဝတ်ရော ရောထုတ်ထားသလိုပဲ၊ မြတ်စွာဘုရား အသုံးအနှုန်း စကားစဉ်တွေက စဉ်းစားတိုင်း စဉ်းစားတိုင်း တယ် ပျော်စရာ ကောင်းတယ်၊ ဘုန်းကြီးကျန်းမာရေး မကောင်းပေမယ့် စာရေးလို့ ကောင်းနေတယ်၊ ကိုယ်တော်တို့ သာသနာမှာနေရင် ကုလဒူသန, အနေသနတွေနဲ့ မနေသင့်ကြဘူး၊ ငရဲနဲ့ နီးတယ်၊ ဘုန်းကြီး စာရေးရတာတွေက မကုန်နိုင်ပါဘူး၊ ကိုယ်တော်တို့ ဘုရားပိဋကတ်တွေကို စာမေးပွဲအတွက် မရည်ရွယ်ကြပါနဲ့၊လောကီစာမေးပွဲဂုဏ်တွေဆိုတာ ဘာမှ ကြီးကျယ်တာ မဟုတ်ပါဘူး၊ သာသနာပြုဖို့နဲ့ ဘုရားတရားတော်လောက် မကောင်းပါဘူး။

**စာအုပ်ဆိုတာ ရုပ်ပုံ ရုပ်ပွား** ကိုယ်တော်တို့က ကျောင်းတိုက်ကြီးတွေ ကြည့်ကြည့်ပြီး အားကျမနေကြနဲ့၊ထန်းရွက်တဲနဲ့ နေခဲ့ရတာလောက် မကောင်းဘူး၊ တိုက်တာပေါ်မှာ နေရတာက စိတ်မချရဘူး၊ ကျောင်းကောင်းမှ ဆွမ်းစားဝင်တာ မဟုတ်ပါဘူး၊ ဒကာ ဒကာမတွေကို အရေး

www.burmeseclassic.com

www.burmeseclassic.com



မပေးကြပါနဲ့၊ ဘုရား၊တရား၊အရိယာသံဃာကို ကြည်ညိုမိရင် ဖျက်လို့ မရဘူး၊ ငရဲလဲ မကျတော့ဘူး၊ ကိုယ်တော်တို့ အထက်တန်းစာသင် အထက်တန်းစိတ် ထားကြပါ၊ မိဘများလဲ ကျေနပ်လောက်အောင် တရားဟောပေးကြ၊ တရားအစစ်ကို သိရင် စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်တွေကို အကြည်ညို ပိုလာပါတယ်၊ ဗုဒ္ဓသာသနာမှာ ဘုရားအစစ်ကို သိနေရင် ပွဲကြည့်နေတာ မကောင်းတော့ဘူး၊ စာအုပ်ဆိုတာ ရုပ်ပုံ ရုပ်ပွားနဲ့ တူတယ်၊ ကြည်ညိုနည်း သိထားကြ။

**ဆင်းတုတော်ရှင်း ပြိုင်နေကြပြီ** ဗုဒ္ဓစာပေတွေ သင်ကြားနေရင်လောကကို မကြည့်ပါနဲ့၊ တစ်ယောက်ကစ တစ်ရာဆိုသလို မတရားမှုတွေနဲ့ အသက်မွေးနေကြတာပါ၊ ရှေးကကောင်းလို့ ဥစ္စာပေါတာ၊ အထင်ကြီးစရာ မလိုပါဘူး၊ သာသနာမှာလဲ မကောင်းတဲ့ အသက်မွေးခြင်း ပြုတာ မကောင်းပါဘူး၊ ဘုန်းကြီး ကောင်းတဲ့ အကျင့်တွေ ကျင့်နေလို့ ရဲနေတာ၊ တို့ကိုယ်တော်တွေက ရုပ်ရှင်ကြည့်၊ ဘောလုံးပွဲကြည့်နဲ့ နောက်ဘဝ ခံရမယ်၊ ဒီကျောင်းမှာ ကြာကြာ နေလာရင် သွားလာတာက တစ်မျိုး၊ မျက်နှာအနေအထားက တစ်မျိုး ဖြစ်လာပါတယ်၊ ပြုပြင်ကြပါ၊ သာသနာအရင်းခံကို မသိကြတော့ ဘုရားပွဲတွေ လုပ်နေကြတာ။

ဒကာ ဒကာမတွေ လာအောင်ဆိုပြီး ဘုန်းကြီးပျံ လုပ်ကြတယ်၊ ဒါ အပိုအလုပ်တွေပါ၊ လူတွေက အလှူဒါနတွေကို ပြုရင် နာမည်လိုချင်တာက အလျင်ပဲ၊ တအုတ်အုတ်

www.burmeseclassic.com

www.burmeseclassic.com



တကျက်ကျက်နဲ့ ပွက်နေတာပဲ၊ ဘာသာခြားတွေက ဘာပဲလုပ်လုပ် ငြိမ်သက်တယ်၊ တို့ဗုဒ္ဓဘာသာတွေက ဘုရားထံလာတယ်ဆိုရင် ဆိုင်းတွေ, အက–အခုန်တွေနဲ့ တီးမှုတ်လာကြတာ၊ အလကား လုပ်ကြတာ၊ ဘာသာခြားတွေ သာသနာနဲ့ ဗုဒ္ဓဘာသာ သာသနာနဲ့ကလဲ တခြားစီပါ၊ လူတွေက ဆင်းတုတော်ချင်း ပြိုင်နေကြပြီ၊ ဘုရားဒကာတွေကလဲ သူ့ဘုရားက သာတယ်, ငါ့ဘုရားက သာတယ်နဲ့ ပြိုင်နေကြပြီ။

**ကိုယ်နဲ့တန်တဲ့ ဒါနကို ပြု** ကိုယ်တော်တို့... စာမေးပွဲတွေက တရားနဲ့ မပတ်သက်ပါဘူး၊ ဒီ ကျောင်းတိုက်မှာ စိတ်ကို ပြင်နိုင်ရင် နေပါ၊ စိတ်မပြင်နိုင်ရင် မနေကြပါနဲ့၊ ကြိုက်ရာ သွားကြပါ၊ တစ်ဘဝကောင်း မလိုချင်ပါဘူး၊ စိတ်ပါ လက်ပါ ပါရမီကို ဖြည့်ကြပါ၊ မမှန်တဲ့သူတွေ မနေကြပါနဲ့၊ ဒါနပြုကြရင် ကိုယ်နဲ့ တန်တဲ့ ဒါနကို ပြုကြပါ၊ မမီတဲ့ပန်း တုံးခုပြီး မလှမ်းကြပါနဲ့၊ နောက်ထပ် ရောက်လာတဲ့ အသစ်ကိုယ်တော်လေးတွေကို အဟောင်းတွေက ပြင်ပေးကြပါ၊ လူတွေအပေါ် ကြွားမယ် ဝါမယ်လို့လဲ မကြံကြပါနဲ့၊ မျက်နှာသေ မျက်နှာထားကြီးနဲ့လဲ မနေကြပါနဲ့၊ စိတ်ကို ကြည်ကြည်လင်လင်နဲ့ ကိုယ့်ကိုယ်ကို ပါရမီဖြည့်နေတယ်လို့ မှတ်ပါ။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၆)
(၁၉၈၁၊ ဩဂုတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ကြီးပြောင်းချင် ပြောင်းပါစေ

**နှစ်ပါးစုံ ကြည်သူ** ဘုရားအာရုံနဲ့ မှန်မှန်ဘာဝနာ ပွားကြပါ၊ သီလမစင်မကြယ်နဲ့ ဘာဝနာ မပွားရင် မပျော်ပါဘူး၊ သီလစင်ကြယ်ရင် ပညာပါ တိုးတက်လာတယ်၊ သတ္တဝါတစ်ယောက်မှာ–

(၁) ကိုယ်ကျိုးသက်သက်သာ ကြည့်သူ၊

(၂) သူတစ်ပါးအကျိုးသက်သက်သာ ကြည့်သူ၊

(၃) သူ့ကျိုး၊ ကိုယ့်ကျိုး မကြည့်သူ၊

(၄) သူ့ကျိုး၊ ကိုယ့်ကျိုး နှစ်ပါးစုံ ကြည့်သူ–လို့ ရှိတဲ့အနက်က နှစ်ပါးစုံကြည့်သူဟာ အကောင်းဆုံးပါပဲ၊ ကိုယ်ကျိုးသက်သက်သာ ကြည့်သူတွေ ဒီကျောင်းမှာ မနေသင့်ဘူး၊ ဘုန်းကြီးက ဒီပုဂ္ဂိုလ်တွေကို မကြည်ညိုတဲ့အပြင် စက်တောင်စက်ဆုပ်သေးတယ်၊ ဘုန်းကြီးက ကျဉ်းကျဉ်းကြည့်တာ မဟုတ်ဘူး၊ သာသနာတော် တိုးပွားအောင် ကြိုးစားတာပါ၊ ဘုန်းကြီးက ဘယ်လိုလုပ်ရင် တိုးတက်လမ်း ရှိတယ်ဆိုတာ သိပါတယ်၊ ခုခေတ် တောထွက်တွေ ကျောင်းထိုင်တာများတော့ မကြည်ညိုတဲ့အပြင် သာသနာပါ လျော့လာတယ်၊ ခေတ်လူတွေက လောကီကျောင်းနေပြီး ထွက်သွားကြတာ၊ ဒါကြောင့် သာသနာကို အထင်သေးတာ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်း နှလုံးကောင်းနဲ့ သူတော်ကောင်းအဖြစ် တက်လမ်းကို ကြည့်ပါ၊ ဘုန်းကြီးက ပင်ပန်းပေမယ့် အကျိုးရှိရင် လုပ်ပါတယ်၊ ဝိနည်းလေးစားကြ၊ ဒါမှ ဘဝသံသရာမှာ ကောင်းမယ်၊ သာသနာချဲ့ဖို့က မလွယ်ဘူး၊ ဒီကျောင်းမှာပဲ ပြုပြင်ပါမယ်၊ စိတ်ကောင်းမရှိရင် ဒီကျောင်းက ထုတ်ပစ်ကြ။

**ရေစုန်ရေဆန် ကြည့်ရတယ်** အပြင်ထွက်သွားရင် ခြေလှမ်းမမှန်တော့ဘူး ဆိုတာ ဘုန်းကြီး သိပါတယ်၊ ဘုန်းကြီးက လူတော်လူကောင်းကို လိုချင်တယ်၊ သာသနာကို ပြုချင်ပေမယ့် အပုံကြီး ကွာဝေးနေတယ်၊ ဘုန်းကြီး မသေခင်ကတော့ ဒီကျောင်းမှာ မလျှော့တဲ့အပြင် တိုးပြီး ကျပ်ပေးမှာ၊ စာတတ်တာ ကောင်းပေမယ့် ရေစုန် ရေဆန် ကြည့်ရတယ်၊ သူများအပေါ် မတရားတဲ့ နည်းလမ်းတွေနဲ့ အသက် မမွေးကြပါနဲ့၊ သာသနာမှာ ဆေးကုနေတဲ့ ဘုန်းကြီးတွေချည်းဆိုရင် သာသနာပျက်တော့မှာ၊ ဒကာ ဒကာမတွေကို ဆေးကုမှု မလုပ်ကြပါနဲ့၊ မိဘ, ဝေယျာဝစ္စ ပြုသူတွေကိုသာ ကုသပေးကောင်းတယ်။

**လောကစွဲ မထားကြနဲ့** ဘုန်းကြီးငယ်ငယ်တုန်းက တွေ့ဖူးတဲ့ ဦးပဥ္စင်း တစ်ပါးလို မလုပ်ကြနဲ့၊ လူပျိုကြီးနဲ့ အပျိုကြီး ကြားကနေ ဆက်သွယ်ပေးနေတော့ မိန်းမဘက်က လောင်းလိုက်, ယောကျ်ားဘက်က လောင်းလိုက်နဲ့ စားသာနေတာ၊ တခြားက ပြောကြတယ်၊ "ဂန္ဓာရုံသွေး" သာ (သင်္ကန်း အညိုရောင်ကို ဆိုလိုသည်၊) စားသာတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက ခံတော့ မခံချင်ဘူး၊ ဒါပေမယ့် အသာ နေရတာပဲ၊ ဘုန်းကြီးက အနေသနကြောင့် (မအပ်သော ရှာဖွေနည်းမျိုးဖြင့် ဘုန်းကြီးအောင်, လာဘ်များအောင်) ကိုယ်တော်တို့ ဒကာ ဒကာမတွေကို လောကွတ် မလုပ်ကြပါနဲ့၊ သံသရာသွားရမယ့် ခရီးကို ကြည့်ပါ၊ လောကစွဲ မထားကြပါနဲ့၊ အထက် ရောက် မယ့်ဟာ အောက် ရောက်သွားလိမ့်မယ်။

**လူ့ဘဝတန်ဖိုး** လူတစ်ယောက်ရဲ့တန်ဖိုးက စိတ်ကောင်းဖို့က အရေးကြီးတယ်၊ ဘုန်းကြီးတွေက သိထား ကြပါ၊ "အာရောဂျ ပရမံ လာဘံ" စည်းစိမ်ဥစ္စာပေါ, ထီပေါက် နေပေမယ့် ကျန်းမာရေး မကောင်းရင် တန်ဖိုးမရှိပါဘူး၊ တွက်ပုံက နည်းနည်းမှ မမိပါဘူး၊ လောကမှာ ကြီးပွားနေ ပေမယ့် ကျန်းမာရေးလောက် တန်ဖိုး မရှိဘူး၊ ကျန်းမာရေးကို တန်ဖိုးအကောင်းဆုံး ထားပါ၊ ကျန်းမာရေးရဲ့ သဘောက စစ်တိုက်တဲ့ စစ်သားလိုပဲ၊ စစ်သားတွေဟာ စစ်မတိုက်ခင် ကတည်းက လက်နက်ကောင်းတွေကို အသင့်ပြုပြင်ထားမှ တစ်ဖက် ရန်သူကို ခုခံနိုင်မယ်၊ ခုလဲ ရောဂါ မဖြစ်ခင်က ဆေးကောင်း ကိုင်ထားမှ ရောဂါကို နိုင်ပါတယ်။

ဆရာဝန်တစ်ယောက်က 'သွားကို သံပုရာခွံနဲ့ တိုက်ပေး ရတယ်'လို့ ပြောတယ်၊ ကိုယ်တော်တို့ ကျန်းမာရေးဘက်ကို အသိနဲ့ နေကြပါ၊ 'ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ' ဆိုသလို ကိုယ့်ပမာဏကို သိထားကြပါ၊ ဘုန်းကြီးက သာသနာတင် မကဘူး၊ နိုင်ငံပါ ကျန်းမာရေးကို ကောင်းစေချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး မကောင်းတော့ ပညာ, စည်းစိမ်, ဂုဏ်, ပကာသန, လူ့ဘဝရော ဘာမှ အသုံးမကျတော့ဘူး။

**လူဆိုတာ နီးစပ်ရာအားကိုးကြ**

ကိုယ်တော်တို့ ဒကာ ဒကာမတွေရဲ့ အပေါ်မှာ ညှာတာကြပါ၊ ပန်းပွင့်ထဲက ဝတ်ရည်ကို စုပ်နေသော်လဲ ပန်းပွင့်လေးဟာ ညှိုးမသွားသလို ဘုန်းကြီးတွေကလဲ ဒကာ ဒကာမတွေရဲ့ ပစ္စည်းလေးပါးကို စုပ်ယူနေသော်လဲ ညှိုးနွမ်းတော့ မသွားကြပါစေနဲ့၊ အလှူရှင်များရဲ့ ပမာဏကို ကြည့်ပါ၊ အသုံးမကျဘဲ နေရာတိုင်း ယူမနေကြပါနဲ့၊ ရည်ရွယ်ချက်ရှိမှ အလှူခံရတယ်၊ သူတို့မှာလဲ ပစ္စည်းတွေ အလကား ရနေတာ မဟုတ်ဘူး၊ သား မယားနဲ့ ကြိုးစားရှာဖွေထားရတာ၊ ကံအကြောင်းတွေကို ဘုန်းကြီး မကြာခဏ ပြောဖူးပါတယ်၊ လူတွေဆိုတာ နီးစပ်ရာ အားကိုးကြတာ၊ ဂုဏ်ရှိသူနဲ့ နေတော့ ဂုဏ်ဘက် အားကိုးကြတယ်၊ ကိုယ့်ပမာဏ ကိုယ်သိကြပါ။

ဘုန်းကြီး အိပ်ရာက နိုးတော့ အိပ်မက် မက်နေတာကို အမှတ်ရနေတယ်၊ အိပ်မက်ထဲ သိမ်ထပ်တဲ့အကြောင်း ရှင်းပြနေမိတယ်၊ ရဟန်း ထပ်ခံတဲ့ ကိစ္စတွေကို ရှင်းပြနေတယ်၊ ဘုန်းကြီးက ငယ်ငယ်ကတည်းက ခြိုးခြံမှု ရှိတယ်၊ ဘုန်းကြီး ပထမကျော်အောင်တော့ ရန်ကုန်က ဒကာမကြီးတစ်ယောက်က ရဟန်း ထပ်ခံချင်လို့တဲ့၊ ဘုန်းကြီးက မလုပ်ချင်ကြောင်း ရှင်းပြလိုက်တော့ ဒကာမကြီးက သဘောကျသွားတယ်၊ နောင်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်မယ် မသိဘူး၊ ဘုန်းကြီးတာ သိပ် မကြိုက်ဘူး၊ ဘုန်းကြီးတာ ပျက်စီးကြောင်းပဲလို့ တွေးမိတယ်၊ ဘုန်းကြီးက ဘုန်းကြီးတဲ့နည်းကို မလိုက်ပါဘူး။

**အချိန်ပို မထားကြနဲ့** သာသနာမှာ အပိုအလုပ်တွေ ရှိနေကြတယ်၊ ဘုန်းကြီး ဝတ်မှတော့ သူတော်ကောင်းဖြစ်ပါစေ၊ ဘုန်းကြီးက **'ကမ္မဋ္ဌာန်းစာသင်တိုက်'** မှန်းထားတယ်၊ ခေါင်းဆောင်က မရှိကြဘူး၊ ဒီကျောင်းမှာ အသွားအလာ ညက်ညောမှု ရှိပါစေ၊ စာမေးပွဲ ဝင်ပေမယ့် ကျန်းမာရေးကို ကောင်းပါစေ၊ အားမနည်းကြစေနဲ့၊ အချိန်ပို မထားပါနဲ့၊ အချိန်ပိုနေရင် အိပ်သာ အိပ်လိုက်ပါ၊ အိပ်တာက အားရှိပါတယ်၊ ကျန်းမာရေး မကောင်းတော့ စာတတ်ပေမယ့် အလုပ် မလုပ်နိုင်ဘူး၊ ဘုန်းကြီးက လက်တွေ့မို့ ကိုယ်တော်တို့ကို ပြောနေတာ၊ ဘုန်းကြီး သကျသီဟ ဖြေပြီးခါစကလဲ သေလောက်ပါတယ်၊ ဘုန်းကြီးကံက ထူးဆန်းလို့သာပါ။

**လာဘ်ပေါ်အောင် မလုပ်** ခုခေတ် သူတော်ကောင်း နည်းသွားတာက ခေတ်ကြီးက အစားအသောက်မှ စပြီး ဗိမ်နဲ့နေရန်တွေက တိုးတက်လာတယ်၊ ဆိုပါတော့ ရေးက အစားမှန်မှန်, အလုပ်မှန်မှန် ရှိကြတယ်၊ ကြီးကြီးကျယ်ကျယ်ဆိုလို့ ဘာမှမရှိဘူး၊ တို့လူတွေက ကွာခြားသလို ဘုန်းကြီးတွေကလဲ ကွာခြားလာကြပြီ၊ ရှေးက အဆင့်အတန်းနဲ့ကတော့ နှစ်ဆလောက် ကွာခြားလာကြပြီ၊ ခေတ်လူတွေ ကိုးကွယ်တဲ့ ဘုန်းကြီးနဲ့ ခေတ်ကြီးနဲ့ တစ်လူညီစီ

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ပြိုင် လိုက်နေကြတယ်၊ ဘုန်းကြီးက ရေးသာသနာကို မမီပေမယ့် ဒီထက်တော့ လျှော့ဖို့ မကောင်းဘူးဆိုပြီး တည်တံ့အောင် ကြိုးစားမျှော်နေတယ်၊ ဘုန်းကြီး လာဘ်ပေါအောင် ပျာယာခတ်ပြီး မလုပ်တတ်ပါဘူး၊ မှန်မှန်ပါပဲ၊ ကိုရင်တို့ ကောင်းကောင်းနေကြ၊ ရဟန်းဒကာ ရဟန်းအမတွေ ကျေနပ်ရုံလောက် ဆက်ဆံပါ၊ အခြား ဒကာ ဒကာမတွေနဲ့တော့ ရိုးရိုးသာမန်လောက်ပဲ ဆက်ဆံကြပါ၊ မေတ္တာနဲ့, ဘုရားအာရုံနဲ့ ကိုယ့်တရားနဲ့ ကိုယ်နေကြပါ။

**လမ်းစဉ် ဘယ်မရွေ့** ဒီခေတ်ကြီး ပြောင်းချင်သလို ပြောင်းပါစေ၊ဘုရား ချမှတ်ခဲ့တဲ့ လမ်းစဉ်ကတော့ မပြောင်းပါဘူး၊ လူတစ်ယောက်ဟာ အတွင်းသဘော နိုက်ကြည့်မှ မိုက်တယ်, မမိုက်တယ်ဆိုတာ သိရတယ်၊ ကိုယ်တော်တို့ စာတော်တာကို အကဲမခတ်ပါနဲ့၊ စိတ်ကောင်း ရှိ, မရှိ အကဲခတ်ပါ၊ ဆွမ်းစားလာတဲ့အခါ ဖြည်းဖြည်း လာကြပါ၊ **အစားမြန်တော့ ဝတ်လို့တဲ့၊ အလုပ်နောက်ကျတော့ ကပ်လို့တဲ့** ဒီသဘော မလုပ်ကြပါနဲ့။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၇)
(၁၉၈၁၊ စက်တင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကြောင့် လောကကြီး သာယာပါစေ

**ကျက်သရေ တက်ဖြိုးစေစေ** လောကကြီးကို မကြည့်နဲ့၊သာသနာကို ခွဲဝေသိပါစေ၊ သာသနာကို ကဲ့ရဲ့တာက ခုခေတ်မှ မဟုတ်ပါဘူး၊ ရှေး ဘုရား လက်ထက်ကတည်းကပါ၊ ဒါက မဆန်းပါဘူး၊ သာသနာ့ဝန်ထမ်းတို့က ပိပိရိရိ တန်ဖိုးရှိဖို့သာ လိုပါတယ်၊ ဘယ်သူဖြစ်ဖြစ် အကျိုးရှိမှ ကိုးကွယ်ကြတာ၊ မြို့နေသူ မြို့နေသားတွေက များသောအားဖြင့် ဘာသာရေးနဲ့ ပတ်သက်တဲ့ စကားကို မပြောတတ်ကြဘူး၊ လောကအကြောင်းနဲ့ ခေတ်အကြောင်းကို ပြောတတ်ကြတယ်၊ ဘုန်းကြီးက ကိုယ်တော်တွေနေတာကို စာကြည့်ပြီး ယောဂီဆန်ဆန် နေစေချင်တယ်၊ ဒီကျောင်းမှာက ကုန်ကျစရိတ်က နည်းတာမဟုတ်ဘူး၊ ဖွဲ့ဖိုးတင် တစ်လမှာ ရှစ်ရာကျပ်ကျနေတယ်၊ (ဤဖွဲ့ဖိုး ရှစ်ရာဆိုသည်မှာ သံဃာ နှစ်ရာကျော်လောက်က ဖြစ်ပါသည်၊ ယခုအခါ သံဃာ ငါးရာကျော်ရှိသည်၊) ကိုယ်တော်တို့ ဒီမှာ နေရတာ အကျိုးရှိတယ်, မရှိဘူးဆိုတာကို သုံးသပ်ကြည့်ကြပါ၊ ဘုန်းကြီးကတော့ လျှော့ပေးမှာ မဟုတ်ဘူး၊ ဗုဒ္ဓသာသနာတော်ကို ကျက်သရေရှိအောင် ထမ်းဆောင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဘုရားသော်မှ မလွတ်ပါ** ဘုန်းကြီးမှာ အခြွေအရံတွေ ပေါပေမယ့် မကောင်းသတင်း လွှင့်နေတဲ့ အခြွေအရံဆိုရင် မကောင်းပါဘူး၊ ဒီကျောင်းနေပြီး ထွက်သွားကြတဲ့ အချို့ကိုယ်တော်တွေက သူတို့နဲ့ စိတ်အဆင် မပြေရင် ဒီကျောင်းတိုက် မကောင်းသတင်းတွေ ဘေးမှာ လွှင့်ကြတယ်၊ ဘုန်းကြီးက "လွှင့်ကြပေ့ါ၊ တစ်ချိန်ကျ သိကြလိမ့်မယ်၊ သည်းခံနေပေ့ါ၊ ဘုရားတောင် အကဲ့ရဲ့ဘေးက လွတ်ခဲ့တာ မဟုတ်ဘဲ" လို့ ပြောရတယ်၊ အချို့အခြွေအရံတွေက အကောင်းလိုလိုနဲ့ ဟိုက ဒီပြော, ဒီက ဟိုပြောနဲ့ ဒါနဲ့ ကွဲသွားကြတာ၊ အကြောင်းပြစရာမရှိ ခွေးရူးပေမယ့် ဆွဲထည့်ကြတာမျိုး၊ ဘုန်းကြီးကို တခြားက အပြစ်ပြောတာ မခံချင် မရှိကြနဲ့၊ ဘုန်းကြီး အပြစ်ပြောတာ ဘာဟုတ်မလဲ၊ ဘုရားတောင်မှ အပြောခံပြီးမှ ဘုရားဖြစ်လာရတယ်၊ ခုလူတွေ, ရှင်တွေ ပြောတာလောက်တော့ တစ်ခါတစ်ရံ ခံရပေမယ်ပေ့ါ၊ ခန္တီပါရမီ ပြည့်တယ်ဆိုတာ ဒီလိုပုဂ္ဂိုလ်တွေနဲ့ နေရမှ ပြည့်တာပါ။

**စာသြဝါဒ** တကယ့်စေတနာနဲ့လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဖိသူတွေက ဖိနေပေမယ့် ပြန်ကြွပေးမယ့်သူကတော့ ရှိနေသေးတာပဲ၊ စာထဲက သြဝါဒစကားနဲ့ ရွာထဲက သြဝါဒစကားက တခြားစီပါ၊ စာသြဝါဒတွေက တကယ်ကောင်းတာပါ၊ကိုယ်တော်တို့ စာအုပ်ကို ရိုရိုသေသေကိုင်ကြပါ၊ စာအုပ်တွေကို သက်န်းတွေနဲ့ ရောပြီးမထားကြပါနဲ့၊ ဘုန်းကြီးက ဘုရားပန်းလှူမယ်လို့ ဘုန်းကြီး အနားက စံပယ်ပင် ဘုရားဝင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



အရွှေ့ခိုင်းတယ်၊ ရွှေ့တဲ့ ကိုရင်က ပန်းအိုး မနိုင်ဘဲနဲ့ မ,သွား တော့ ဖိနပ်က ကျွတ်ကျန်ရစ်ခဲ့ရော၊ ဒါနဲ့ ဖိနပ်ကို ကောက်ပြီး ပန်းအိုးထဲ ထည့်မ,သွားတယ်လေ၊ကောင်းကြရော၊ ကိုယ်တော် တို့က နေရာတကာမှာ သတိမရှိကြဘူး၊ဘုန်းကြီးက ပြောတော့ ပြောတယ်အောက်မေ့တယ်၊ ဘုန်းကြီးကတော့ တခြားမပြောနဲ့ ဆရာသမားဖိနပ် နင်းဖို့ဆိုတာ ထား, ကျော်ကို မကျော်ဖူးဘူး၊ မတတ်သာလို့ ကျော်မိတောင် လက်အုပ်ချီခဲ့တယ်၊ ဆရာ သမားတွေ လာရင် ဝေးဝေးက ဖိနပ်ချွတ်သွားရတယ်။

**ဟင်းမွှေယောက်မလို မဖြစ်စေနဲ့** ဒီကျောင်းမှာ တိုးတက်လာရင် စစ်ပေး ကြပါ၊ နာမည်လိုချင်တာက သာသနာ နဲ့ မဆိုင်ပါဘူး၊စည်းစိမ်တွေနဲ့ ခိမ်ခံပြီး နေတဲ့ သူတွေ ဘုရားလောင်း တေမိမင်းကို ကြည့်ကြပါ၊ အဓိဋ္ဌာန်ပါရမီနဲ့ တစ်ဘဝမှာ စည်းစိမ်တွေ မလိုဘဲ တောထွက် သွားတာ၊ ကိုယ်တော်တို့ သူတော်ကောင်း ဖြစ်ပြီးရင်း သူတော် ကောင်း ဖြစ်ကြပါစေ၊ သာသနာဘက်ကို အားပြုနေကြ၊ လောကကို မကြည့်နဲ့၊ သာသနာရဲ့ ကျက်သရေဆောင်ပြီး ကောင်းကောင်းကလေး ကြိုးစားနေလိုက်။

ကိုယ်တော်တို့ တတ်နိုင်သလောက် ကိုယ့်မိဘကို ပြုစုကြ၊ မိဘပြုစုတယ်ဆိုတာ အလွန်ကောင်းပါတယ်၊ ကောင်းတဲ့ တရားတွေ ရှိနေပေမယ့် လူတွေက အသုံး မပြုကြဘူး၊ မိဘဆိုတာ ဗြဟ္မာနဲ့ တူတယ်၊ သုဝဏ္ဏသာမ သတို့သားဟာ မိဘနှစ်ပါး ပြုစုခဲ့လို့ မြားမှန်ရာက အသက်ပြန်ရှင်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအကောင်းတွေကို သတိထားကြပါ၊ ကောင်းတာ မသိတဲ့ သူတွေကို ဘုရားက ဥပမာဘယ်လို ပြောထားသလဲဆိုရင် ဟင်းကောင်းတွေ နေ့တိုင်း မွှေနေတဲ့ ယောက်မကြီးလိုပါပဲတဲ့၊ ယောက်မကြီးဟာ ဟင်းကောင်းတွေ ဘယ်လောက် မွှေနေ ပေမယ့် အရသာကို သူမသိပါဘူး၊ လူတွေလဲ သူတော်ကောင်း အကြောင်းအရာတွေ ကြားနေရသော်လဲ သူတော်ကောင်းရဲ့ အရသာကို မခံစားတတ်ကြပါဘူး၊ ကုသိုလ်တရားဘက် မသိ သူတွေဟာ ဟင်းမွှေယောက်မကြီးနဲ့ မထူးလှပါဘူး၊ သားသမီး မှန်သမျှ မိဘနဲ့နေရတာ ပျော်နေတာပဲ၊ ဒါလဲ သိတတ်သူမှပါ။

**လက်ဦးဆရာ** လူ့လောကကြီးမှာ ကောင်းတဲ့ အလုပ်တွေနဲ့ နေရတာက ဘာနဲ့ နေရ နေရ ကောင်းတယ်၊ နတ်ပြည်မှာ စည်းစိမ်ခံစားနေရမှ မဟုတ်ပါဘူး၊ ကုသိုလ်စိတ် နဲ့ နေဖို့ရာက အရေးကြီးတယ်၊ သားသမီးတွေက လိမ္မာတော့ မိဘတွေက တစိမ့်စိမ့်နဲ့ကြည့်ပြီး ပျော်အောင် ချစ်နေရတယ်၊ **"လက်ဦးဆရာ, မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိနှင့်ဖ"**တဲ့၊ လက်ဦးဆရာမှ တကယ့်ဆရာပါပဲ၊ မိဘပြုစုရတယ်ဆိုတာက ဘုရားကို ပြုစုရသလိုပါပဲ။

**ဘဝအရသာ သိပါစေ** ကိုယ့်ဘဝကို အရသာရှိအောင် နေကြပါ၊ ကိုယ့် အတွက်နဲ့ လောကကြီး သာယာပါစေ၊ လူ့ပြည် ဆိုတာ နတ်ပြည်ထက် သာပါတယ်၊ သာပါ တယ် ဆိုတာက နတ်ပြည်က ကာမဂုဏ်စည်းစိမ် ခံစားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဘက်, ဒါနဘက် သီလဘက်ကို မေ့နေကြတယ်၊ မပြု နိုင်ကြဘူး၊ လူ့ပြည်မှာကျတော့ မိမိတို့အားလုံး ပြုချင်တာ ကုသိုလ်ရေးဘက်မှာ ပြည့်စုံပါတယ်၊ နတ်ပြည်က ကာမဂုဏ် အားကြီးတယ်၊ လူ့ထက်တော့ ချမ်းသာစွာနေရတယ်၊ ဘုန်းကြီး ကတော့ "နတ်ပြည်က ကာမဂုဏ်တွေနဲ့ နေမလား, သာသနာ ကို စောင့်ရှောက်မလား" ဆိုရင် သာသနာကို စောင့်ရှောက်ပြီး လူ့ပြည်မှာ ကုသိုလ်ရေးတွေ လုပ်နေမှာပါ၊ နတ်ပြည်က ခု လာခေါ် မလိုက်ပါဘူး။

**ခေတ်ပညာရှိတွေ ဘုရားကို မမီ** သိပ္ပံပညာရှင်တွေ လုပ်နေတဲ့ အလုပ်တွေ ကို ဘုရားဟောက ပိုသွားရင် မယုံပါဘူး၊ သူတို့က သဗ္ဗညုတဉာဏ်တော်ရှင် ဘုရား ထက်တော့ ပိုပြီး မသိပါဘူး၊ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ် တော်ကြီးရဖို့ရာ အမျိုးမျိုး ကြိုးစားခဲ့ပါတယ်၊ ခုလူတွေက မကြိုးစားဘဲနဲ့ အချောင်လိုချင်ကြတာ၊ ခုခေတ်လူတွေ, ဘုန်းကြီးတွေ တောထွက်ကြ၊ နေစရာက အဆင်သင့်၊ ရွာက ဒကာ ဒကာမတွေနဲ့ ကျောင်းက ဆောက်ပြီး အဆင်သင့်၊ ဒီ ကျောင်းမကောင်းလို့ တခြားကျောင်း ပြောင်းနေတာနဲ့တူတယ်၊ ဘုရားအလောင်း တောထွက်တာနဲ့တော့ တခြားစီပါပဲ၊ ဘုရား အလောင်းက ထီးနန်းစည်းစိမ်အားလုံးကို စွန့်ထွက်လာတာပါ၊ တဲကုတ်က ထွက်လာတဲ့သူတွေက အခြွေအရံတွေနဲ့၊ နောက်ဆံ တင်ငင်နဲ့၊ ခုခေတ် ပညာရှိပါတယ်ဆိုတဲ့သူတွေ ဘုရားကို မမီသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လောကကြီးကို မြှင့်ပေးကြပါ** ကိုယ်တော်တို့ အမှတ်တမဲ့ မနေကြပါနဲ့၊ လောကကြီးကို မြှင့်နိုင်သလောက် မြှင့်ပေးကြပါ၊ ဗုဒ္ဓတစ်ဆူ ပွင့်မယ့်အကြောင်း ဘဝပေါင်း များစွာ ပါရမီတွေ ဖြည့်ခဲ့ရတယ်၊ ရတနာဆိုတာ လောက တစ်ခုခုနဲ့ ညှိနှိုင်းရတယ်၊ ဘုရားရတနာကတော့ အကောင်းဆုံးလဲဖြစ်၊ အများသုံးလဲဖြစ်၊ အဖိုးကလဲ မဖြတ်နိုင်၊ နှိုင်းယှဉ်စရာလဲ မရှိပါဘူး၊ လောကီရတနာတွေက အထက်တန်းတွေတော့ မြင်နိုင်ပါတယ်၊ ဗုဒ္ဓရတနာက လူမရွေးပါဘူး၊ အကြောင်း အကျိုး ကြည့်ရင် ဗုဒ္ဓရတနာက အကောင်းဆုံးပါပဲ၊ ဗုဒ္ဓရတနာ စွဲသေလို့ ပြိတ္တာ မဖြစ်ပါဘူး၊ လောကီရတနာတွေ စွဲသေရင်တော့ ပြိတ္တာဖြစ်မှာ သေချာပါတယ်။

**အသက်ပါတဲ့ ကျောက်ဆင်းတုတွေ** ကိုယ့်သီလ စင်ကြယ်ရင် ဆုတောင်းနေဖို့ မလိုပါဘူး၊ ကိုယ်တော်တို့က သင်္ကန်းကလေး သစ်သစ်လွင်လွင်၊ ဝါဝါကလေးနဲ့ ရွှေမျက်မှန်လေး တပ်လို့၊ ရုပ်ကလဲ ချောဆိုတော့ မော့တက် မော့တက်နဲ့၊ တော်တော်ကြာတော့ လူထွက်ပါလေရော၊ ကိုယ်တော်တို့က အဟုတ်ကြီး ထင်ကြတယ်၊ သူတော်ကောင်းတွေ မြင်ရင် ရယ်စရာ ကောင်းတယ်၊ ရှက်စရာလဲ ကောင်းတယ်၊ ဒီကျောင်းမှာတော့ ဒါမျိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါစေနဲ့၊ ငြိမ်ငြိမ်သက်သက် ရှိကြပါစေ၊ တစ်လောက သီဟိုဠ်မင်းကြီး လာတော့ ဒီက ဩဝါဒပေးရာမှာ ကိုယ်တော်တွေ ငြိမ်သက်နေတာ တွေ့ရတော့ 'ကျောက်ဆင်းတုတွေလား' လို့တဲ့၊ သေသေချာချာ ကြည့်တော့မှ 'အသက်ပါတဲ့ ကျောက်ဆင်းတုတွေကိုး'လို့ ဘုန်းကြီးကို လျှောက်သွားတယ်။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၈)
(၁၉၈၁၊ အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုယ်ကို ချစ်ရင် တစ်ဘဝတည်း မချစ်ကြပါနှင့်

**တစ်ဘဝတည်း မချစ်ကြပါနဲ့** တို့ မြန်မာတွေ အကျင့်ပါနေတာက မိမိရဲ့ မျက်စိ၊ နား စသည်တွေကို အသုံးချရမယ့် နေရာမှာ အသုံးမချကြဘူး၊ သူများလုပ်ထား တာတော့ အသုံးချချင်ကြတယ်၊ **"ထကြွရှိသေ၊ နေရာကိုပေး၊ လှူရေးတခြား၊ တရားကိုနာ၊ နားစိုက်ကာဖြင့်၊ နှုတ်မှာ ဆောင်ထား၊ စဉ်းစားကျင့်ကာ၊ ဆင်ခြင်ရာ၏"**တဲ့၊ ဆင်ခြင် ရမယ်ဆိုတာ ဒီဘဝ ဘာလိုနေတယ်ဆိုတာ စဉ်းစားဆင်ခြင် ထားကြပါ၊ လာမယ့်ဘဝအတွက် ဒီဘဝက စဉ်းစားဆင်ခြင် ထားကြပါ၊ ကိုယ့်ဘဝကို သတိတရားနဲ့ မမေ့အောင် စောင့် ရှောက်ကြပါ၊ ကိုယ့်ကိုယ်ကို ချစ်တယ်ဆိုရင် တစ်ဘဝတည်း မချစ်ကြပါနဲ့၊ နောက်ဘဝသံသရာအတွက်ရော ချစ်ကြပါ၊ မိမိအတွက် ဒီဘဝမှာ လိုသမျှကို ဖြည့်ပေးကြပါ၊ မဂ် ဖိုလ် နိဗ္ဗာန်ကို သွားကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါ၊ ဒီပုဂ္ဂိုလ်တွေကို မှန်းပြီး ကြိုးစားကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**လက်တွေ့သမားမှ တကယ် လုပ်တာ** လူ့လောကကြီး အများလုပ်နေတာကို မလုပ်ကြပါနဲ့၊ လက်တွေ့သမားတွေက တကယ်စွန့်စားကြတာပါ၊ အမေဆိုတာ အဖေထက် သားသမီးကို ချစ်တယ်၊ တို့ ဘုရားအလောင်း တေမိမင်း ဖြစ်စဉ်က ထီးနန်းစည်းစိမ်ကြီး ယူရမှာ ကြောက် လွန်းလို့ ၁၆ နှစ်လုံးလုံး စကားမပြောဘဲ နေခဲ့တယ်၊ ဒီလို မပြောဘဲ နေတာဟာ ဒီထီးနန်းကို အကြောင်းပြုပြီး လက်တွေ့ ငရဲမှာ ခံစားခဲ့ရလို့ပဲ၊ ဘုရင်ကြီးက သား အ,အကို အသတ် ခိုင်းတယ်၊ မယ်တော်က သားကို ချစ်တော့ စကားမပြော ပြောအောင်ဆိုပြီး အမျိုးမျိုးဖျောင်းဖျပြောရှာတယ်၊ တေမိမင်း က လက်တွေ့သမားဆိုတော့ မပြောဘဲနဲ့ ဟော ... တစ်ခါ တည်း တောထွက်သွားတာပဲ၊ တောမှာ နေတော့လဲ ကံပြင်း ရွက်ပြုတ်ကလေးတွေ စားပြီးနေတာကို ချောလိုက် လှလိုက် တာ၊ နန်းတော်မှာ နေစဉ်ကထက် ပိုလှနေတယ်၊ ဒီတော့မှ အားလုံး သတိတရား ရကြတယ်၊ လက်တွေ့သမားတွေက အလုပ်ကို လက်တွေ့လုပ်ကြတယ်။

**ကြုံကြိုက်တုန်း အားစိုက်လိုက်ကြ** ကိုယ်တော်တို့ သင်္ကန်း ညီညီညာညာ ဝတ်ကြပါ၊ စာကို တိုးတိုး အံကြပါ၊ ငြိမ်ငြိမ်သက်သက် နေကြပါ၊ ဒီလို နေလိုက်ရင် ကိုယ့်ဘုရားသာသနာနဲ့တကွ ဘုရားအစစ်ကို ပူဇော်ရာ ရောက်ပါတယ်၊ တို့ ဘုရားဟာ သူများဘုရား မဟုတ်ဘူး၊တို့ဘုရားမှ တို့ဘုရား၊ ဘုန်းကြီးကတော့ဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန်ကို ကြည်ညိုတာ၊ ဘုရားအကြောင်း တွေးလိုက်ရင် တရားတွေ အရင်းက အဖျား အပြန်အလှန် ဟောနေတာကို မကုန်နိုင်ပါဘူး၊ သေခါနီးမှာ မကောင်းတဲ့ အာရုံတွေ မစွဲကြနဲ့၊ ဘုရားအာရုံသာ သတိရပါစေ။

ဘုရားဖြစ်ပြီး (၄၅)ဝါပတ်လုံး တစ်နေ့မှ အအားမနေဘဲ ပရိနိဗ္ဗာန်စံတဲ့အထိ သတ္တဝါတွေကို ကယ်မပြီး ချော့ချွတ်တော်မူသွားပါတယ်၊ တို့ကလဲ ဘုရားသာသနာကို ကောင်းကောင်း ဝန်ထမ်းကြပါ၊ သာသနာပြု ဒကာ ဒကာမတွေကလဲ တတ်အားသလောက် ကြိုးစားကူညီပါ၊ နောင် ဒီသာသနာမျိုးနဲ့ တွေ့ရန်ကတော့ တော်တော် ဝေးသွားပြီ၊ ခဲယဉ်းလှပါတယ်၊ တွေ့ကြုံတုန်း ကြိုးစားအားထုတ်လိုက်ကြပါ၊ သံဃာများ ကလဲ ငြိမ်ငြိမ်သက်သက် နေကြပါ၊ ငြိမ်သက်ခြင်းဟာ ကျောင်းတိုက်ရဲ့ ဂုဏ်တစ်ခုပါ။

**လဇ္ဇီပုဂ္ဂိုလ် စောင့်ရစ်လိမ့်မယ်** "**ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ၊ အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ။**"

"ဝိနည်းဆိုတာ သာသနာတော်၏ အသက်ဖြစ်၏၊ ဝိနည်း တရား တည်လတ်သော် သာသနာတော် တည်သည် မည်၏၊ နောင် အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မည်၊ လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ် လိမ့်မည်။"

www.burmeseclassic.com

www.burmeseclassic.com



**တဏှာအဖမ်း မခံကြနဲ့** သေသွားတဲ့ လူတွေဟာ လူ့လောကကို ပြန်လာတဲ့သူကနည်းပြီးသရဲ, တိရစ္ဆာန်ဖြစ်သူကများနေတယ်၊ လူ့လောက ရောက်လာမှတော့ သက်သက်သာသာ နေရပါတယ်ဆိုတဲ့ ဘုန်းကြီးတွေတောင်မှ မသက်သာကြပါဘူး၊ တဏှာဆိုတဲ့ အရာက ကုသိုလ်ရေးတွေနဲ့ တွေးပြီးနေပြီဆိုရင် မကြိုက်ပါဘူး၊ တဏှာက ဘာကို ကြိုက်သလဲဆိုတော့ ရုပ်ရဲ့ အဆင်းလှလှလေးတွေကို မြင်လိုက်ရတယ်ဆိုရင် တဏှာက ပြုံးပြီး ဝမ်းမြောက်နှစ်သက်လိုက်တာကို ပီတိတွေလွှမ်းပြီး သဘောများကျလို့၊ တဏှာက အာရုံခြောက်ပါးနဲ့ ပတ်သက်လာရင် လက်မလွှတ်တမ်းမိအောင် ဖမ်းနေရရင် ဘယ်သူမှ မသက်သာဘူး။

**ရိုးရိုးကျင့် မြင့်မြင့်နေ** ကိုယ်တော်တို့ကို ဘုန်းကြီးက 'ငါကလေးတွေ' ဖြစ်အောင် လုပ်ပေးနေတာ နောက်ကတစ်ခုမကျန် အကုန်လိုက်ကြပါ၊ ငါလေးတွေ ဖြစ်လာပါလိမ့်မယ်၊ "ကံမွဲ ဉာဏ်နုံ့, မလုံ့မလ, နတ် မ,မဘူး" ကံကလဲ မွဲနေမယ်၊ဉာဏ်ကလဲမပါဘူး၊ဝီရိယကလဲ မရှိဘူးဆိုရင် ဘယ်နတ်ကမှ လာမ,မဘူး၊ လူတစ်ယောက်က "ငါကွာ ဒီ ကျောင်းပေါ်က ပက်လက်ကုလားထိုင်ပေါ်ထိုင်နေတဲ့ ကိုယ်တော်ကြီးကို ကျောင်းပေါ်က ကန်ချပြီး ကျောင်းကြီး ယူချင်ပါသတဲ့"ဆိုရင် ဘုန်းကြီးက ယူနိုင်ရင် ယူပေါ့၊ ဒီ ကျောင်းမှာ ဘယ်သူ မရှိလို့ မဖြစ်ဘူးဆိုတာ မရှိပါဘူး၊ ကိုယ်တော်တို့ ရိုးရိုးကျင့် မြင့်မြင့်နေ၊ ကိုယ်ကျိုးချည်းလဲ မကြည့်ကြပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



**နွားချေးပိုး စိတ်ကြီးဝင်သလို** လူ့လောက ရောက်လာရင် အေးအေး ကလေးနဲ့ ဘယ်တော့မှ မနေကြရပါဘူး၊ သံဝေဂဝတ္ထုရှစ်ပါး လွန်ပြီး ဘယ်သူမှ မလွတ်နိုင်ကြပါဘူး၊ ယခု လူ့ဘဝ ရောက်လာကြသူတွေဟာ နှစ်တစ်ရာအတွင်း အကုန်သေကြရမှာပါ၊ "သျှောင်ကြီးတော့ ငိုက်၊ လူကြီးတော့ မိုက်"သတဲ့၊ တဏှာလောဘက လွတ်မြောက်ရန် ရဟန်းဘောင် ဝင်လာပြီး ရဟန်းဘဝကျမှ တဏှာ လောဘတွေ အားကြီးနေရင် ဥပမာ–ဂင်္ဂါမြစ်ကြီးကို ကူးသွားစဉ်က မနစ်မြုပ်ပဲ တစ်ဖက်ဆည်ကန်ထဲကျမှ နစ်မြုပ်ရသူလို ဖြစ်နေမယ်၊ နွားချေးပုံပေါ်က နွားချေးပိုးကြီးလို ငါ့မိုက်ထဲလဲ ပြည့်လို့, ငါ့အောက်မှာလဲ အများကြီး ရှိသေးတယ်၊ နွားချေးပုံ ပေါ်ကနေ လှည်းတန်းကြီးကြည့်ပြီး "ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား"ဆိုတာလို ဘုန်းကြီးဘဝ ရောက်လာရင် နွားချေးပိုး စိတ်ကြီးဝင်သလို မဝင်ကြနဲ့။

**တဏှာဆိုတာ နွားချိုလိုပဲ** ဒါနကလေး ပြုရုံ, သီလကလေး စောင့်ရုံ လောက်နဲ့တော့ တဏှာလောဘက မလွတ်သေးပါဘူး၊ တဏှာဆိုတာ နွားချိုလိုပဲ၊ လူတွေဟာကြီးလာလေ တဏှာလောဘကြီးလေပဲ၊ ဘာဝနာနဲ့မှ ကြိုးစားပြီး မသတ်နိုင်ရင် ဒီတဏှာ မလွယ်ပါဘူး၊ နွားလေးရဲ့ ဦးချိုဟာ ပေါက်ခါစတော့ သိပ်မရှည်သေးပါဘူး၊ ကြီးလာလေ ဦးချိုက ရှည်လာလေ ဖြစ်သလိုပဲ၊ လူတွေလဲ အသက်ကြီးလာလို့ လိုချင်မှု တဏှာလောဘတွေက နည်းသွားလိမ့်မယ်လို့မထင်ကြနဲ့၊ ကြီးလာလေပိုဆိုးလေပဲ၊ အလုပ်တစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



ငမ်းငမ်းတက် ဘယ်တော့မှ မလုပ်ကြပါနဲ့၊ နောင်ရေးကို မျှော်ကြည့်ပြီးမှ လုပ်ရပါမယ်၊ စိတ်ထဲက မှန်းထားရမယ်၊ ဘယ်လိုမှန်းထားရမလဲ၊ သာသနာပြုဖို့လို့ မှန်းထားရမယ်။

**ကြိုးစားတော့ ဘုရားဖြစ်နိုင်** ရဟန်းတော်ကလေးတွေကို ငယ်ငယ်က တရား အဟော ခိုင်းတာ မကောင်းဘူး၊ ငယ်ငယ်နဲ့ တရားမဟောကြနဲ့၊ "စားပြီး အိပ်ပြန်, အနှိပ်ခံ, တစ်ဖန် စကြံလျှောက်၊ အသရေတိုး, အသားဖြိုး, ကျွဲအိုနီးပါးလောက်"တဲ့၊ ဒီလိုလဲ မနေကြပါနဲ့၊ လူတစ်ယောက်မှာ သိပ်ဝလွန်းအားကြီးတော့လဲ မကောင်းဘူး၊ ပိန်လွန်းအားကြီးပြန်တော့လဲ မကောင်းဘူး၊ လူက အရပ်ကြီး ရှည်ပြီး ပိန်လွန်းအားကြီးနေရင်လဲ ကြည့်လို့ မကောင်းဘူး၊ ဟိုတုန်းက ရွှေဘိုသူ ကောက်စိုက်သမတွေက "အိုအေတို့ရယ် အေတို့ရယ်၊ ဘယ်သူလေး ကြိုက်ကြသလား၊ မကြိုက်ချင် ပေါင်အေ၊ မိုးဖြိုင်ဖြိုင်သီးတဲ့ ဖလံသီး၊ ကုန်းကွကွကြီး"တဲ့၊ လူကပိန်ပြီး အရပ်ကြီးက ရှည်နေတော့ ကုန်းကွကွကြီး ဖြစ်နေ တာပေါ့၊ ကိုယ်တော်တို့ ကြိုးစားကြပါ၊ "ယောကျာ်းကြိုးစား တော့ ဘုရားဖြစ်နိုင်၊ မိန်းမကြိုးစားတော့ ဘုရားအလောင်း ကတော်တော့ ဖြစ်နိုင်သေး"ဆိုပဲ၊ သာသနာတော်ကျက်သရေ ရှိအောင် ပရိယတ် ပဋိပတ်ကို ကြိုးစားအားထုတ်ကြ။

ဓမ္မဗျူဟာ
အဟွဲ(၂၀)၊ အမှတ်(၉)
(၁၉၈၁၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## တရားအားထုတ်နည်း

**ကိုယ်စိတ်နှစ်ဖြာ အားထုတ်မှု** သာသနာမှာ ကလေးတွေ ကြောက်တဲ့ အမြောက်ဆန်ကြီးလိုမဖြစ်ပါစေနဲ့၊ လူကြီး ကြောက်တဲ့ အဆန့်ပါတဲ့ အမြောက်ဆန် ဖြစ်ပါစေ၊ ကိုယ်တော်တို့ မေတ္တာပို့ရတာ, ဘုရားအာရုံပြုရတာဟာ ဘာမှ မခက်ပါဘူး၊ ကောင်းတာတွေကို သိလျက်နဲ့ မလုပ်ချင်ကြဘူး၊ မေတ္တာဆိုတာမျိုးက ကောင်းတဲ့ဆေးကို တာရှည်စွာ စားသုံးသွားတဲ့အခါ ရောဂါပျောက်သလိုပဲ၊ မေတ္တာပို့ရတာ, ဘုရားအာရုံပြုနေရတာလဲ ကိလေသာတည်းဟူသော ရောဂါတွေ ပျောက်ပြီး ကိုယ်စိတ်ချမ်းသာမှု အများကြီး ရပါတယ်။

**မျိုးစေ့ကောင်းတွေ စိုက်ပျိုးကြ** လောကမှာ သူများတာဝန် ထမ်းဆောင်ရတဲ့ အထဲမှာ ဘုရားသာသနာ ထမ်းဆောင်ရတာ အကောင်းဆုံးပါ၊ ဘုရားသာသနာ တည်တံ့ဖို့ရာဆိုတာ ဘုန်းကြီးတွေရဲ့ သိက္ခာရှိမှုအပေါ် မူတည်နေပါတယ်၊ သာသနာပြုတယ်ဆိုတာ တစ်ပါးတည်း ခွဲပြုလို့ မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ချဉ်ဖတ်အိုးထဲ ရောက်တော့ ချဉ်ဖတ် ဖြစ်သလို အများနဲ့ ကျတော့

www.burmeseclassic.com



အများသဘောအတိုင်း ဖြစ်သွားတာပါပဲ၊ သာသနာပြုတယ် ဆိုတာ သဘောတူချင်း ပြုဖြစ်တာ၊ ဘုန်းကြီးတွေ ပျံတော်မူတဲ့ အခါ ဘဝနတ်ထံ ပျံတော်မူသတဲ့၊ ပျံတော်မူတာသာ သိကြ တာ၊ ဘဝရဲ့လျှို့တာတော့ မသိကြဘူး၊ ယခုဘဝဆိုတဲ့ မျိုးစေ့ကောင်းလေးတွေကို သိမ်းထားပြီး ရသမျှ စိုက်ပျိုး ကြပါ၊ ရသမျှကလေးကို မြုပ်မစားကြပါနဲ့။

**ကမ္ဘာကြေသော်လည်း** ပရိသတ် ထိန်းတယ်ဆိုတာ ....
**ဥဒါန်းမကျေ**

၁။ အဂတိ မလိုက်စားရဘူး၊
၂။ ကိုယ့်ရှိတဲ့ပစ္စည်း မနှမြောရဘူး၊
၃။ အနေအထိုင် ကောင်းရမယ်၊
၄။ မေတ္တာ, ကရုဏာ ရှေးရှုရမယ်၊
၅။ စာပေဘက်ကလည်း ပြည့်စုံရမယ်။

ပါရမီ ဖြည့်ရင်းနဲ့ ဘုရားသာသနာ ထမ်းဆောင်ရမယ်၊ ခုဘဝကို မဆိုလိုဘူး၊ နောက်ဘဝဆို ကောင်းကောင်း အကျိုး ရမယ်။

အကုသိုလ်အမှုဆိုတာ မဖြစ်ခင်က ရှောင်ရပါတယ်၊ လူ တွေက ကြီးမှ တရားနဲ့နေရမယ်တဲ့၊ မှားနေကြတယ်၊ ငယ်ငယ် ကမှ သူတော် မကောင်းရင် ကြီးတော့ ပို မကောင်းတတ် တာပေါ့၊ ကိုယ်ကျိုးကို နောက်မှ လုပ်ပါ၊ သူကျိုးကို အရင် ဆောင်ရွက်ပါ၊ ပရိသတ် မကြီးပွားတာက အဂတိလိုက်စားလို့

www.burmeseclassic.com

www.burmeseclassic.com



မကြီးပွားကြတာ၊ ဆရာသမားဖြစ်ပေမယ့် အဂတိလိုက်စားရင် ဘယ်တော့မှ မကြီးပွားဘူး၊ ဆရာသမားဆိုတာ တပည့်တစ်ယောက်တည်း ကွက်ပြီး ပြုစုနေလို့ရှိရင် မကြီးပွားပါဘူး၊ "ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ"ဆိုတာလို သေသာသေရော မကြီးပွားပါဘူး။

**သဒ္ဓါမျိုးစေ့နဲ့ လမ်းဖြောင့်ဘက်** သဒ္ဓါတရားဆိုတာ လက်နဲ့တူတယ်၊ ဥစ္စာနဲ့လဲ တူတယ်၊ မျိုးစေ့နဲ့လဲ တူတယ်၊ မြတ်စွာဘုရားသာသနာတည်းဟူသော လယ်ယာ မြေကောင်းထဲမှာ မျိုးစေ့ကောင်းတွေ ချထားကြပါ၊ သာသနာမှာ သဒ္ဓါမျိုးစေ့ အရေးပါတယ်၊ သဒ္ဓါမျိုးစေ့ ညံ့နေရင် အလကားပါပဲ၊ ကိုယ်တော်တို့ကို ဘုန်းကြီးက အထက်တန်း ရောက်အောင် ဆွဲတင်နေတာပါ၊ ဒါကို တချို့က ကန့်လန့် ကန့်လန့် လုပ်နေကြတယ်၊ ဥပမာ ဘာနဲ့ တူသလဲဆိုတော့ နွားရှင်က သူ့နွားတွေကို မြက်ကောင်းစားရအောင်၊ ရေကောင်း သောက်ရအောင်ဆိုပြီး ဆွဲခေါ်တယ်၊ နွားက နွားသတ်ရုံ ဆွဲခေါ်တယ် ထင်ပြီး ကန့်လန့် ကန့်လန့် လုပ်နေတယ်၊ မလိုက် ချင်ဘူး၊ ခုလဲ ဘုန်းကြီးက ကိုယ်တော်တို့ကို မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်အောင် ခေါ်နေပါတယ်၊ ကိုယ်တော်တို့က ငရဲ ဆွဲ ခေါ်တယ် ထင်ပြီး ကန့်လန့် ကန့်လန့် လုပ်နေကြတယ်၊ လမ်းဖြောင့်ဘက်ကို မလိုက်ချင်ကြဘူး။

**ကြီးပွားတယ်ဆိုတာ** လူတစ်ယောက်မှာ ရာဂစတဲ့တရားတွေထဲမှာ မောဟဖြစ်ဟာ အကြီးဆုံးပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မောဟဆိုတဲ့တရား ဖုံးလွှမ်းပြီး အသိဉာဏ်တွေ ကင်းမဲ့နေကြလို့လဲ မကြီးပွားကြတာပဲ၊ လူတစ်ယောက် ကြီးပွားတယ်ဆိုတာကလဲ ....

(၁) အရာရာမှာ စဉ်းစားဉာဏ် ရှိရမယ်၊
(၂) ရှေးဘုန်း ရှေးကံ ရှိရမယ်၊
(၃) ရဲရင့်တဲ့သတ္တိ ရှိရမယ်၊ ဒီသုံးချက်နဲ့ ပြည့်စုံရင် ကြီးပွားတာပဲ။

**တပေပေ သေလို့သွားရင်ဖြင့်** ကိုယ်တော်တို့ မသေထမင်း မသေဟင်း စားပြီး နေရန် ကြိုးစားကြပါ၊ သုံးလူ့ထွတ်ထား မြတ်ဘုရားတို့ဟာ လူ့လောက, နတ်လောကမှာ ကြီးကျယ်ပါတယ်ဆိုတဲ့ စည်းစိမ်ဥစ္စာ ရတနာတွေ, မိဖုရားရတနာ စသည်တွေကို စွန့်လွှတ်ပြီး မနှစ်သက်ဘဲ ရှိကြပါတယ်၊ ခုလောကကြီးကို နှစ်သက်နေကြသူတွေက ဘာမှ မကြီးကျယ်သေးပါဘူး၊ ဒီလိုနဲ့ပဲ တပေပေ သေသွားရင်တော့ အခက်ပဲ။

**"တပေပေ သေလို့သွားလျှင်လှ,**
**တဖွားဖွား အောက်မှာ၊**
**ယမနယ် ဘုံတနှန်း,**
**အကုန်လုံး ရောက်ရမည်သာ"**ဆိုတာလို ဘာမဟုတ်တဲ့ စည်းစိမ်လေးတွေ စွဲသေရင် ယမဘုံကတော့ သေချာပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



**တရားအားထုတ်သူ နာယူဖို့ရာ** တရားအားထုတ်သူဆိုတာ...

(၁) ဆိတ်ငြိမ်ရာ အရပ်မှာ ကပ်ရောက်နေရတယ်၊
(၂) တင်ပျဉ်ခွေ ထိုင်နေရတယ်၊
(၃) ကိုယ်ကို ဖြောင့်စွာ ထားရမယ်၊
(၄) မိမိ နှစ်သက်ရာတရားကို နှလုံးသွင်းရမယ်၊
ရှေးဦးစွာ ဘုရားဂုဏ်တော် ပွားများခြင်း, မေတ္တာပို့ခြင်း စတဲ့ ပုဗ္ဗကိစ္စတွေကို ပြုရတယ်၊ နောက်မှ အာနာပါနကမ္မဋ္ဌာန်းကို နှာသီးဖျားကပ်ပြီး မှတ်နေရတယ်။

**ဗုဒ္ဓါနုဿတိ ပွားများအာရုံပြုပုံ** ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်လိုတဲ့ပုဂ္ဂိုလ် ရှေးဦးစွာ ဘာတွေကို အားထုတ်ရမလဲ ဆိုတော့ မိမိ သီလကို စင်ကြယ်စွာ ထိန်းရမယ်၊ ဆိတ်ငြိမ်ရာအရပ် ရောက်နေရမယ်၊ မြတ်စွာဘုရားရဲ့ သပ္ပာယ်တော်မူပုံ, ဘဂဝါဂုဏ်တော်တွင် ပါဝင်သော သိရီဘုန်းတော်ကို အာရုံပြုရမယ်၊ စိတ်တော်အစဉ် ကြည်လင်ပုံ အရဟံဂုဏ်တော်ကို အာရုံပြုရမယ်၊ သဗ္ဗညုတဉာဏ်တော်၏ကြီးကျယ်ပုံ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုရမယ်၊ ဝိဇ္ဇာသုံးပါး, စရဏတစ်ဆယ့်ငါးပါးနဲ့ ပြည့်စုံသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အာရုံပြုရမယ်၊ ဒီပင်္ကရာမြတ်စွာ ဘုရား လက်ထက်တော်မှ စ၍ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပုံ သုဂတဂုဏ်တော်ကို အာရုံပြုရမယ်၊ ဒီလို အစဉ်အတိုင်း အာရုံပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ဖြစ်စေ, အရဟံဂုဏ်တော်ကို ဖြစ်စေ မိမိစိတ်၌ ထင်လာသော အာရုံတစ်ပါးပါးကို အာရုံပြု ပွားများရမယ်၊ သက်တော်ထင်ရှား မြတ်စွာဘုရားကို မှန်းပြီး အမြဲ အာရုံပြုနေရမယ်။

**"တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ,**
**သမေ စိတ္တေ သမံ ဖလံ၊**
**စေတောပဏိဓိဟေတုံ ဟိ,**
**သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။"**

"တိဋ္ဌန္တေ စာပိ–သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်စွာဘုရား၌လည်းကောင်း၊ နိဗ္ဗုတေ စာပိ–ရွှေပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူ့ထွတ်ထား, မြတ်စွာဘုရား၌လည်းကောင်း၊ စိတ္တေ–ဘုရားအာရုံ, ကောင်းစွာထုံ၍, တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ–သဒ္ဓါ ပညာ, အရာရာဝယ်, မကွာတန်းတူ, ညီမျှပါမူကား၊ သမံ ဖလံ–အကျိုးပေးဟန်, အတန်တန်လည်း, ဧကန်ညီမျှ, တန်းတူရလေတော့၏၊ ဟိ–ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ–လူ နတ် ဗြဟ္မာ, သတ္တဝါတို့သည်၊ စေတောပဏိဓိဟေတုံ–စိတ်ရင်း စိတ်ထား, ကြီးမားသန့်ရှင်း, အကြောင်းရင်းကြောင့်၊ သုဂ္ဂတိံ–လူ့ရွာ နတ်ထံ, နိဗ္ဗာန်အထိ, ချမ်းသာရှိကြောင်း, အကောင်းဆုံး ဂတိသို့၊ ဂစ္ဆန္တိ –ပါရမီစွမ်းသလောက်, စခန်းထောက်၍, လှမ်းရောက်တော်မူနိုင်ကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



**ဣန္ဒြေရှင့်ကျက်ပါစေ** ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ထားကြပါ၊ ပြင်တာနဲ့ မပြင်တာ နောက်ဘဝထိအောင် ကွာတတ်တယ်၊ ရဟန်းဝတ်မှတော့ ဘာဝနာလက်လွှတ်နေရင် မကောင်းပါဘူး၊ နာမည်ကြီးနေပေမယ့် နာမည်ကြီးကို ဘယ်သူကမှ လာမကြည့်ပါဘူး၊ စိတ်ကောင်းဖို့ဆိုတာ ဘုရားအာရုံ, မေတ္တာ လက်ကိုင်ရှိမှပါ၊ ထိုင်တာက ခါးကြီးတွေကို ကိုင်းမထားပါနဲ့၊ မားမားမတ်မတ်နဲ့ ဆင်းတုတော်ရုပ်ကို ကြည်ညိုအတုယူပြီး ထိုင်တတ်ရမယ်။

နေရာတိုင်းမှာ သမာဓိ ရှိပါစေ၊ သမာဓိ ရှိတော့ နေရာတိုင်းမှာ ကြည့်ကောင်းတယ်၊ ရဟန်း သာမဏေဆိုတာ လူနဲ့မတူရဘူး၊ မဟာဂန္ဓာရုံဆရာတော် ဂူက ထွက်လာတော့ လူတွေက မျက်ကြော သေနေတယ်လို့ ဆိုကြတယ်၊ ဆရာတော်က မျက်ကြော သေနေတာ မဟုတ်ပါဘူး၊ စက္ခုန္ဒြေ ချုလွန်းလို့ မျက်ခွံတွေ တွဲကျနေတာပါ၊ ကိုယ်တော်တို့လဲ ဣန္ဒြေ ရင့်ကျက်ပါစေ၊ ပြုံးစိစိ မလုပ်ကြပါနဲ့။

**နေရာတကာ အတွက်ရှိရမယ်** သံဃိကပစ္စည်းဆိုတာ အလွဲသုံးစား မလုပ်ရဘူး၊ ဒကာ ဒကာမတို့ရဲ့အပေါ် စိတ်ကိုက စေတနာ မေတ္တာရှိဖို့ မမေ့မလပ်ကြပါစေနဲ့၊ လူတွေရဲ့ ဝေယျာဝစ္စကို မကူညီကြပါနဲ့၊ လူဆိုတော့ လူ့နည်းနဲ့ တော်ရဲ့၊ ရဟန်းဘဝဆိုတာ မကူညီကောင်းဘူး၊ သံသရာကြီးက ဘယ်သူ့မှ ခွင့်မပေးဘူး၊ ကျန်းမာရေးကို ဂရုစိုက်ကြပါ၊ တစ်သာသနာလုံး လူတွေရဲ့ အမူအရာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မတူစေချင်ဘူး၊ နေရာတကာမှာ အတွက်ဆိုတာ ရှိရတယ်၊ မြန်မာတွေက အတွက်မရှိဘူးလို့ ပြောနေကြတယ်၊ ကိုယ့်နိုင်ငံ, ကိုယ့်နယ်, ကိုယ့်ရပ် ဆရာလုပ်ရမယ်လို့ မှန်းထားကြပါ၊ တွက်ထားကြပါ။

**အထက်ရောက်လေ မျော်လေပဲ** ဆရာသမားတွေက သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်, ဗောဓိမဏ္ဍိုင်ကို မှန်းပြီး အာရုံပြုကြပါ၊ သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဘုရားကို မှန်းကြပါ၊ "**သီသေ ပုထုဝိပုက္ခလေ**"ဆိုတာ သဗ္ဗညုတဉာဏ်တော် ရရာဖြစ်တဲ့ အောင်မြေကို ဆိုလိုတယ်။

တစ်ကမ္ဘာလုံးက ဒီအချိန်မှာ တယ်ပြီး ကုသိုလ် မရကြပါဘူး၊ တို့မှာ နံနက်ခင်းတိုင်း ဘုရားစကားတော် ဩဝါဒ ပေးတော်မူခဲ့တာတွေ ကြားနေရတယ်၊ သာသနာမှာ သူများ ထက်သာတဲ့ အချက်ကို ရွေးချယ်ထားကြပါ၊ စည်းစိမ်တွေကို မခံစားချင်ကြပါနဲ့၊ ဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူတယ် ဆိုတာ နောက်ထပ်ဖြစ်ခြင်း မရှိတာကို ဆိုလိုတယ်၊ တစ်ဘဝ လေးကို ဘာမှ ဝမ်းနည်းမနေပါနဲ့၊ မချုပ်တာက အဝိဇ္ဇာနဲ့ တဏှာက မချုပ်တာပါ၊ ကိုယ်က ဘုရားဟောတရားတော် တွေကို သိပြီး နေမှတော့ တကယ့် အထက်တန်းကို ရောက်နေ ပါပြီ၊ အထက်ရောက်နေမှတော့ အောက်ကို ခုန်ဆင်းဖို့ရန် စိတ်မကူးကြပါနဲ့၊ ရှေ့တိုးတက်ဖို့ ပြင်ထားကြပါ၊ အထက် ရောက်လေ မျော်လေပဲ။

www.burmeseclassic.com

www.burmeseclassic.com



**တစ်ဘဝမက** ဂါထာကောင်းလေးတွေ ကျက်ထားကြ

**သေနေတဲ့ ဒီခန္ဓာ** ပါလို့ ဆိုတယ်၊ ကောင်းကောင်း မရ

တာနဲ့၊ မကျေတာနဲ့၊ ထစ်ထစ်နေတာနဲ့၊ မကြားဖူးတာနဲ့၊ ခုံတန်းပေါ်က ကိုယ်တော်တွေက ခုံပေါ် ထိုင်နေပြီး နေရာ မကျကြဘူး၊ အထက်လဲ နေသေးရဲ့ ရလဲ မရကြဘူး၊ ကိုယ်တော်တို့ သူတော်ကောင်း လုပ်ကြစမ်းပါ၊ ကံကောင်းတဲ့ ဘဝကို ရောက်လာတာ အားမလျှော့ကြပါနဲ့၊ ဒီခန္ဓာကြီး ငြီးငွေ့တယ်ဆိုတာက ကလေးဖွားတဲ့ မိန်းမတစ်ယောက်ဟာ မွေးရင်း သေရင်း မွေးရင်း သေရင်းနဲ့ ဖြစ်နေတော့ နောက်ထပ် ကလေး မလိုချင်သလို ခန္ဓာကိုယ်ကြီးလဲ တစ်ဘဝမက သေနေတာ သိမြင်လာရင် နောက်ဘဝကို မလိုချင်တော့ပါဘူး။

ဓမ္မဗျူဟာ

အတွဲ(၂၀)၊ အမှတ်(၁၀)

(၁၉၈၁၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားပူဇော်နည်း

**ရေငတ်သူ ရေနံသောက်မိသလို** ဘုန်းကြီးဘ၀ ဆိုတာ ရတာ အကုန် သိမ်းထားလို့မတော်ဘူး၊ ကိုယ်ကချည်း အယူဘက်ကမနေကြနဲ့၊ အပေးဘက်လဲ နေကြဦး၊ လူတစ်ယောက် ကြီးပွားဖို့ဆိုတာ အတော် လိုပါ တယ်၊ ကိုယ်နဲ့တကွ အားလုံးဆိုင်ရာတွေကို ကောင်းပါစေ၊ သတိရှိဖို့က သီလကို စင်ကြယ်ကြပါစေ၊ ကိုယ်တော်တို့ လောဘကြီးတော့ သောကကြီးရတယ်၊ လိုချင်မှုဆိုတာက ရောဂါတစ်မျိုးပဲ၊ ဘယ်ဆေးနဲ့မှ ကုလို့ မရဘူး၊ သေရင် သေပါမှ၊ ကိုယ်လိုချင်တာ ရတော့ ရပ်မနေဘူး၊ နောက်ထပ် တစ်ဆင့် လိုချင်လာပြန်တယ်၊ ရေငတ်တဲ့သူ ရေနံသောက်မိ သလို ထပ်ကာ ထပ်ကာ သောက်ချင်နေတာပဲ၊ လိုချင်တာကို အကုန်မရတော့ ရေထဲကငါး ကုန်းပေါ် တင်ထားသလို တွန့် တွန့်၊ တွန့်တွန့်ကို လူးလို့၊ လူကြီးလာတော့လဲ လောဘကြီး လာတာပဲ၊ လျော့သွားတယ်လို့ မရှိလှဘူး။

**တရားကောင်းတော့ လူ နတ် ကြည်ညို** တရားသဘောနဲ့ ဖြေဖျောက်ပြီး သူ တော်စင်လက်နက် မရှိရင် ဒီတရား တွေက လျှော့မသွားပါဘူး၊ ဖိနပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားဟာ မကောင်းတဲ့ သားရေတွေကို ဓားနဲ့လှီးပြီး ပယ်ထုတ်လိုက်တဲ့အခါ ကောင်းတာလေးတွေသာ ကျန်နေသလို မကောင်းမှုတွေကိုလဲ တရားတည်းဟူသောဓားနဲ့ လှီးထုတ်မှသာ ကောင်းတာလေးတွေ ကျန်နေမယ်၊ ဖိနပ်ကောင်းတော့ လူကြိုက်များသလို မိမိမှာ တရားတွေ ကောင်းတော့ လူကြည်ညို၊ နတ်ကြည်ညိုများလာတာပဲ။

"ရထကာရောဝ စမ္မသ,
ပရိကန္တံ ဥပါဟနံ၊
ယံ ယံ ဇဟတိ ကာမာနံ,
တံ တံ သမ္ပဇ္ဇတေ သုခံ၊
သဗ္ဗဉ္စေ သုခမိစ္ဆေယျ,
သဗ္ဗေ ကာမေ ပရိစ္စဇေ။"

**စကားပြေတဲ့ ဩဝါဒ** ချမ်းသာ လိုချင်တဲ့ ပုဂ္ဂိုလ်တွေဟာ အလုံးစုံသော ကာမဂုဏ်တရားနဲ့တကွ လိုချင်တာတွေကို ပယ်ရတယ်၊ ချမ်းသာကို လိုချင်ရင် အားလုံးဖြစ်တဲ့ တရားတွေကို စွန့်ပေးပါ၊ လိုချင်တာက ဒုက္ခကို ရှာနေကြတာပါ၊ တို့ဘုန်းကြီးတွေက သာဆိုးသေးတယ်၊ ကိုယ်က တစ်ကိုယ်တည်းနေဖို့ ကောင်းလျက်သားနဲ့ ဒကာ ဒကာမ အသိုင်းအဝိုင်းတွေနဲ့ မနေသင့်ပါဘူး၊ သင့်ရုံရှိ တော်ရောပေါ့၊ တရားနဲ့သာ မနေရင် ဘုန်းကြီးဘဝ, လူ့ဘဝ ရောက်လာပေမယ့် ဟင်းအရသာကို မသိတဲ့ ယောက်မကြီးလိုပါပဲ၊ ဒီအကောင်းတွေကို မိဘ ဆရာ ဘိုးဘွား စတဲ့သူတွေက

www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်တာ မဟုတ်ပါဘူး၊ ခုသိရတာတွေကို သိရကျိုး နပ်ကြပါစေ၊ စာကပြောတဲ့ ဩဝါဒမှ သေချာတယ်။

**မကောင်းတာမှန်သမျှ မပြုမိစေနဲ့** အနည်းဆုံး သူများအကျိုး မဆောင်နိုင်ပေမယ့် ကိုယ့် အကျိုးကိုတော့ သေချာပါစေ၊ စိတ်ကို ကြီးကြီးမားမား ထား၊ မြင့်မြင့်မြတ်မြတ်ပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုကြပါ၊ ဒီကျောင်းမှာ မနေချင်လို့ တခြားသွားတော့ မိဘများက ဒီကျောင်းကမှ ဩဝါဒနဲ့ ဘာနဲ့ ညာနဲ့ စသည်ဖြင့် ပြောတဲ့အခါ ကျွန်တော်က ၁၈ နှစ် ရှိပါသေးတယ်လို့ သားက ပြန်ပြောပြီး လောကီ သင်နေတယ်တဲ့၊ ကိုယ်တော်တို့ ဒီကျောင်းမှာ ကျွန်တော်လေးတွေ မလုပ်ကြပါနဲ့၊ စာလဲ သင်ကြပါ၊ သူတော်လဲ ကောင်းကြပါ၊ ကြီးသူနားမှာ ရှိသေပါ၊ အရိုသေခံချင်လို့ မဟုတ်ပါဘူး၊ ဘဝသံသရာမှာ အဝိဇ္ဇာနဲ့ တဏှာက မကွာပါဘူး၊ **"ဝါသနာ နာမ ကိလေသသတ္တိ"** ဆိုတာလို ဥပုသ်နေ့ အဖိတ်နေ့ဆိုရင် သူတို့က အလုပ် နားချင်ကြတယ်၊ ဝါသနာဆိုတာ ကျောင်းသားကလေး ကတည်းက ပါလာခဲ့တယ်၊ **"ဝါသနာ နာမ သမ္မာဆန္ဒော"** မကောင်းတာ မှန်သမျှကို ကိုယ်နဲ့ဆိုင်လာရင် ဘာမှ မပြုမိပါစေနဲ့၊ တရားအရသာကို မသိသူဆိုတာက ကိုယ်တိုင်က မလိမ္မာမှုတွေ များပြီး မိုက်မဲနေတတ်တယ်။

**ချွတ်ယွင်းချက်တွေ မရှိကြစေနဲ့** တို့ကျောင်းမှာ တောထွက်တွေ မနေရပါဘူး၊ ခု အထက်တန်းထဲကပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သက်န်း အပြီးဝတ်နေပြီး နေချင်တယ်လို့ လျှောက်တယ်၊ ဘုန်းကြီးက ဒီကျောင်းမှာတော့ မဖြစ်ပါဘူး၊ တစ်မျိုး ဖြစ်ကုန်ကြမှာ၊ ကြာကြာနေလို့တော့ မဖြစ်ဘူး၊ မထားထိုက် ထားထိုက်ကို ကျောင်းကြည့်ပါ၊ လောကကြီးက ကျယ်ပြန့်တယ်၊ နည်းရှရှံဆိုရင်တော့ တစ်လ နှစ်လ လာနေပါလို့ ပြောထားတယ်၊ အပြီး လက်မခံဘူးဆိုတာက ကြာကြာနေရင်သာပါ၊ အားလုံး ကိုယ်တော်တွေက ကိုယ့်ကိစ္စနဲ့ ပတ်သက်လာရင် ချွတ်ယွင်းချက်တွေ မရှိကြစေနဲ့။

**စာသိနဲ့က ပိုကောင်းတယ်** လူတွေက ဟင်းမကောင်းရင် မစားချင်ကြဘူး၊ သူများ အသက်ကလေးပါမှ စားနိုင်တယ်တဲ့၊ ကိုယ့်ကိုယ်ကိုတော့ ကြမ်းပိုးကိုက်တာကအစ ဟိုသွား ဒီသွားနဲ့ ကြောက်လိုက်ကြတာ၊ သူများ အသားကျတော့ ပြုံးပြုံးကလေးနဲ့ စားလိုက်ကြတာ၊ ကိုယ့်အသားကျတော့ အထိမခံချင်ကြဘူး၊ နောက်ပြီး တိတ်တိတ် စားတာ မဟုတ်ဘူး၊ ဘာက ကောင်းသလေး၊ ညာက ကောင်းသလေးနဲ့၊ ကြက်သား စားကြတော့ ကြက်ဖကြီးက ပြောသတဲ့၊ "ငါ့အရိုးတွေ, အသားတွေ စားတာတော့ ဘာမှ မကြောက်ပါဘူးတဲ့၊ ကြက်မကလေးနဲ့ ခွာရမှာ ကြောက်ပါတယ်"တဲ့၊ ဟုတ်မှာပါပဲ၊ ကိုယ်တော်တို့ စဉ်းစားကြည့်ပေါ့၊ ဟုတ်လား, မဟုတ်လားဆိုတာ၊ ဘုန်းကြီးက ဘာပြုလို့ သိသလဲဆိုတော့ ဘုန်းကြီးက လောကသိနဲ့ မသိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စာသိန့်က ပိုကောင်းနေတယ်၊ "နတ်ပြည်မှာ နတ်တွေ ဆော့တယ်လို့ မင်္ဂကြော့ ပြောတယ်"ဆိုတာလိုပဲ၊ ခုလဲ စာတွေက ပြောပြောနေတော့ ဘုန်းကြီးမှာ သိ, သိနေတယ်။

**ငါဆိုတဲ့ငါ** ငါဆိုတဲ့ ငါကလဲ သနားစရာပဲ၊ ဘုန်းကြီးက ကံကောင်း ထောက်မလို့ ဒီအခြေအနေ ရောက်လာတာပါ၊ ငါဆိုတဲ့ ငါကလဲ စာသင်သားဘဝတုန်းက တစ်ခါ ပင်ပန်း၊ စာချဘုန်းကြီးဖြစ်တော့လဲ မသက်သာ၊ နားနေရတယ်လို့ မရှိပါဘူး၊ စာသင်သားဘဝနဲ့ ပင်ပန်းလွန်းလို့ စစ်ကိုင်းမှာ တစ်ဝါလောက် နေမယ်လို့ ကြံပါတယ်၊ စစ်ကိုင်းက မယ်သီလရှင်တွေက စာချဘုန်းကြီး မရှိကြလို့တဲ့၊ ဘုန်းကြီး ရောက်သွားတော့ ပြောသံကြားတယ်။

**ဗုဒ္ဓရတနာနဲ့ လောကီရတနာ** လောကီရတနာဆိုတာ လောကမှာ သုံးရပါတယ်၊ ရှိသေရပါတယ်၊ ဒါထက် ရှိသေရမှာက ဘုရားရတနာပါ၊ ဒီဘုရားရတနာကို တွေးကြည့်ရင် သီလ, သမာဓိ, သဗ္ဗညုတဉာဏ်တော်ကြီးကလဲ ထင်ရှားရှိတယ်၊ ဒီဘုရားရတနာကို သာမန်နဲ့တော့ မမြင်နိုင်ပါဘူး၊ ရှေးဘုန်း ရှေးကံ ရှိမှ ဖူးမြင်ရပါတယ်၊ ဘုရားရတနာကို စဉ်းစားထားပါ၊ အားလုံး လောကီရတနာတွေနဲ့ ဗုဒ္ဓရတနာကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး၊ ဗုဒ္ဓရတနာက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း သန္တေတည်ခဲ့ရတာပါ၊ လောကီရတနာတွေက ဒီကမ္ဘာကျမှ ဖြစ်ကြရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓစစ်စစ်ကိုသာ အာရုံပြုပါ**

ဗုဒ္ဓအကြောင်း တွေးလိုက်လို့ရှိရင် ခု လူတွေနဲ့ အဝေးကြီး ကွာကျန်ရစ်ခဲ့တယ်၊ ဘုရားဖြစ်ဖို့ရာ ဖွားမြင်တော်မူလာတဲ့ဘဝကျတော့ ဘဝပေါင်းများစွာက ကြိုးစားခဲ့တဲ့ ပါရမီတွေက အစွမ်းကုန် အားလုံး အကျိုးပေးလိုက်တော့ ဗုဒ္ဓဖြစ်တော်မူတော့ အလှဆုံး အကျိုးပေးကြတယ်၊ တို့ဘုရားကတော့ အမျိုးမျိုး ချီးကျူးလို့ မကုန်နိုင်ပါဘူး၊ ဗုဒ္ဓသာသနာကို ကြည်ညိုနေရင် အကျိုး ရှိပါတယ်၊ လောကီရတနာတွေ စွဲသေရင် ပြိတ္တာ ဖြစ်မှာပါ၊ ဘုရားကို အာရုံပြု သေရင် ကောင်းတဲ့ သုဂတိ ရောက်မှာပါပဲ၊ ဒါကြောင့် ဗုဒ္ဓကို အမျိုးမျိုး အာရုံပြုပါ၊ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေပါ၊ စိတ်က ကြည်လင်လို့ တကယ်ချမ်းသာပါတယ်၊ ဗုဒ္ဓစစ်စစ်ကိုသာ အာရုံပြုမိပါစေ၊ အကယ်၍ အာရုံပြုရင်း သေသွားရင် ကောင်းတဲ့ သုဂတိကတော့ သေချာတယ်၊ ဒါကြောင့် ဘုရားသာသနာမှာနေရင် ကောင်းကောင်းနေကြပါ၊ ကောင်းကောင်းနေတာကိုက ဘုရားကို ပူဇော်ရာရောက်ပါတယ်။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၁၁)
(၁၉၈၂၊ ဇန်နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# ရောက်ရာမှာ အလုပ်လုပ်ရမယ်

**အများကို မကြည့်ပါနဲ့** ရထားတဲ့ ဘ၀ကောင်းကလေးမှာ ထထကြွကြွ ရှိကြပါစေ၊လူတွေမှာ အခြေခံ မရှိရင် တက်လမ်း မရှိပါဘူး၊ အပါယ်လေးပါးက လွတ်မှာက သီလ, စိတ်က ကောင်းရင် ဘ၀ဖြစ်ဖြစ် ကောင်းတာပါပဲ၊ သတိရှိနေမှ သဒ္ဓါတရားက တိုးပွားတယ်၊ ဘုန်းကြီးမှာ လူတွေ အလာ များတော့ စာရေးရတာ အချိန်ပျက်တယ်၊ နားထောင်ရမယ်၊ မေးရမယ်၊ စဉ်းစားရမယ်၊ ကျင့်ကြံရမယ်၊ သံသရာအကြောင်း အတိအလင်း သိမှ ကောင်းတယ်၊ ရုပ်တရား နာမ်တရား သိဖို့ပါပဲ၊ အာရုံရှိနေရင် တဏှာက မပျောက်တော့ဘူး၊ တဏှာ မပျောက်သမျှ သံသရာက မဆုံးနိုင်တော့ဘူး၊ ဘုရားပွင့်မှ တရားနဲ့ ဖြေကြရတယ်၊ အများကို မကြည့်ပါနဲ့၊ ကိုယ့်ကိုယ်ကို ကြည့်ပါ၊ အများက သံသရာရေယာဉ်ကြောမှာ နစ်မျောနေကြတာ။

**သတိနဲ့တားမြစ်နိုင်မှ ကောင်းတယ်** ဘုန်းကြီးက ငရဲအကြောင်းတွေ ပြောတော့ ခု ဘယ် နှစ်ပါးများ ကြက်သီး ထသွားကြသလဲ၊ ကြက်သီးထတာ မရှိပါဘူး၊ ကိုယ်တော်တို့က ကိုယ်မရတဲ့ ပစ္စည်းကို လိုချင်ကြတယ်၊ ဘ၀ကောင်း ရနေတာကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မသိကြဘူး၊ အရင်းခံကတော့ သီလပဲ၊ သီလမရှိရင် ဘယ်နေရာမျိုးမဆို အထက်တန်း မရောက်ပါဘူး၊ သီလမစင်ကြယ်ရင် အတက် မဖြောင့်ပါဘူး၊ အရဟတ္တဖိုလ်ကျွန်းရောက်ရင် သံသရာရေအလျဉ် မလွှမ်းမိုးတော့ပါဘူး၊ မကောင်းတာကို အကျင့်မပါကြပါစေနဲ့၊ ကိုယ့်ကိုယ်ကို လှို့ဆော်ပေးကြပါ၊ သီလမပေါက်ကျိုးအောင် သတိကို ရှေ့ထားလိုက်ပါ၊ သတိတရားနဲ့ မျက်စိတံခါးပေါက်တွေကို ပိတ်ထားကြပါ၊ "**ဣန္ဒြိယသံဝရသီလ**"ဆိုတာ သတိလိုရင်းပေါ့၊ အားလုံး သတိနဲ့ တားမြစ်နိုင်မှ ကောင်းပါတယ်။

**ချစ်ရာမရောက်**
**နှစ်ရာရောက်**
ဘုန်းကြီး ပြင်နေတာက ဒီ ကျောင်းကိုသာ ပြင်နေတာ မဟုတ်ပါဘူး၊ တစ်သာသနာလုံးကို ရည်မှန်းပြီး ပြင်နေတာပါ၊ ဘုရားလက်ထက်က ဇွန်းမရှိဘူး၊ မရှိလို့ မကိုင်တာလား၊ ရှောင့်ရဲနေတာလား မသိဘူး၊ လူတွေနဲ့ စကားပြောလို့ရှိရင် လူပြောမပြောကြပါနဲ့၊ ဘုန်းကြီးပြော ပြောပါ၊ ပုဂ္ဂိုလ်တစ်ပါးရဲ့ အရည်အချင်းဆိုတာ စည်းကမ်းတစ်ခုပါ၊ စာမေးပွဲဝင်တာက ဂုဏ်မပါပါစေနဲ့၊ သာသနာပြုဖို့လို့ ရည်မှန်းကြပါ၊ ကျန်းမာရေးလဲ ဂရုစိုက်ပါ၊ ကျန်းမာရေး မကောင်းဘဲနဲ့ စာတတ်နေလို့ အလုပ်မဖြစ်ပါဘူး၊ ကျန်းမာရေး သတိထားကြပါ၊ လူတွေက ကိုယ့်ကိုယ်ကို ချစ်ကြတယ်လို့သာဆိုတာ တကယ်တော့ မချစ်တတ်ကြသေးပါဘူး၊ ကိုယ့်ကိုယ်ကို တကယ်ချစ်ရင် ဒီဘဝမှာ မကောင်းတာဟူသမျှ မလုပ်ကြပါနဲ့၊ ဒီဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ချစ်လို့ ကောင်းရာတွေကို လုပ်မယ်ဆိုရင် နောင်သံသရာမှာ စိတ်ချရတယ်၊ ခုဘဝ မတရားမှုတွေနဲ့ အသက်မွေးကြမယ်ဆိုရင် ချစ်ရာမရောက် နှစ်ရာရောက်လိမ့်မယ်။

**ပါရမီဖြည့်ဖက်ဆိုတာ သေရမှာ မကြောက်** လောကမှာ အထက်တန်းရောက်ဖို့ဆိုတာ အများကြီး ပြုပြင်ရဦးမယ်၊ အထက်တန်းရောက်မှာက ဒီဘဝသာ လိုရင်းပါ၊ ဘုရားလောင်း ရွှေဟင်္သာဘဝက ကျော့ကွင်းမိတော့ အရှင်အာနန္ဒာအလောင်း သုမုခစစ်သူကြီးက အနားကစောင့်ပြီး ဘုရားလောင်း မထိစေရဘူး၊ သုမုခ–မုဆိုးကို ရှေ့ကကာထားတယ်၊ ရွှေဟင်္သာမင်းက "သုမုခ သွားတော့၊ ငါ့အနား မနေနဲ့၊ သေရမယ့်သူဆိုတာ အဖော်လုပ်ရိုး မရှိဘူး"လို့ ပြောတယ်၊ သုမုခ မသွားဘဲ သူ့အသက် အသေခံတယ်၊ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံကြတဲ့ ပါရမီဖြည့်ဖက်တွေဆိုတော့ တစ်ဦး တစ်ဦး ကယ်လို့၊ အသက်သေရမှာ မကြောက်ကြဘူး။

**တစ်နေရာမဆုံရင် တစ်နေရာ ဆုံရမြဲ** ရှေးသူတော်ကောင်းတွေက တစ်မျိုးစီကောင်းကြတာပါပဲ၊ သံသရာထဲမှာ မင်္ဂလာဖိုလ်နိဗ္ဗာန်နဲ့နီးရန် အမြဲသတိထားကြပါ၊ လောကလူတွေ ကြီးကျယ်ပေမယ့် ဘာမှ အနှစ်မရှိပါဘူး၊ သံသရာရေးကို မကြည့်ဘဲနဲ့ တစ်ဘဝကို မစဉ်းစားကြနဲ့၊ သေရတယ်ဆိုတာ ဘာမှ ဆန်းတာ မဟုတ်ဘူး၊ တစ်ဘဝဆိုတာလဲ ဒီလိုပါပဲ၊ သူများကို လိုက်ပြီး အားကျမနေကြပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လွှတ်မြောက်ရေးကိုသာ တွေးကြပြီး ကြိုးစားကြပါ၊ မိမိကို ပြန်ကြည့်လို့ ပါရမီ နည်းနေသေးရင် ဝတိုးပြီး ဖြည့်ပေးပါ၊ ပါရမီဖြည့်ဖက်တွေဆိုတာ တစ်နေရာ မဆုံရင် တစ်နေရာ ဆုံရတယ်၊ မသိကြလို့သာ။

"ဒွန္ဒဒွန္ဒာ သဥ္စရန္တိ၊
ပါရမီသဟစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ၊
သုခိတေ သုခိတာ သဒါ။"

ပါရမီဖြည့်ဖက်တွေဆိုတော့ ကိုယ့်ချစ်သူ ဒုက္ခရောက်တော့ ပစ်မထားခဲ့ကြဘူး၊ အတူတူ ဒုက္ခရောက် ခံကြတယ်၊ ချမ်းသာလဲ အတူတူပါပဲ၊ ကိုယ်တော်တို့ ကောင်းကြပါစေ၊ နောင် တစ်ချိန် မတွေ့ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။

"ပါရမီသဟစာရိနော–ရှေးကြောင်းရေစက်, မေတ္တာဆက်၍, နှစ်သက်ကြည်နူး, ပါရမီဖြည့်ဖက်နှစ်ဦးတို့သည်၊ ဒွန္ဒဒွန္ဒာ–လူ့ဌာလည်း ဆုံ, နတ်လည်း ဆုံ၍, ရွှေဘုံရိပ်စံ, တိရစ္ဆာန်လဲ, မောင်နှံတွဲကြကုန်လျက်သာလျှင်၊ သဥ္စရန္တိ–တွေ့ရာဘုံထဲ, ကြံစုမြဲမို့, စုံတွဲမကွေ, ကျင်လည်ကြလေကုန်၏၊ ဒုက္ခိတေ–ချစ်သူတစ်ယောက်, ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာ ဟောန္တိ–အလျင်းမခွဲ, အတင်းတွဲလျက်, အညှဉ်းဆဲဒဏ်, အဆင်းရဲ ခံကြလေကုန်၏၊ သုခိတေ–ချစ်သူ တစ်ယောက်, သုခ ရောက်သည်ရှိသော်၊ သဒါ သုခိတာ ဟောန္တိ–ကိုယ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



လန်းစွာ, စန်းပမာသို့, လျှမ်းကာအတူ, ချမ်းသာတော်မူကြ လေကုန်သတည်း။"

**ခေတ်ကို မကြည့်နဲ့ ပြောင်းပြန်တွေ** ဒီကျောင်းမှာ ကိုယ့်သဘောနဲ့ သူတော်ကောင်းလုပ်ပြီးနေမယ်လို့ ကြံပြီးနေကြပါ၊ဆရာသမားက ပို့လို့သာ၊သူများက ကောင်းတယ် ပြောလို့သာ နေရတယ်ဆိုတာ မဖြစ်ကြပါစေနဲ့၊ မပျော်ရင် သွားကြပါစေ၊ ပြင်ရသမျှအားလုံး အချိုးကျအောင် ပြင်နေတာ၊ ကိုယ်တော်တို့က ဒီကျောင်းကနေ ရွာပြန်သွားပြီး အမေချက်တဲ့ ထမင်းကောင်း, ဟင်းကောင်းစားပြီး ဝလာ မလား အောက်မေ့တယ်၊ ပိန်ပြီး ပြန်လာကြတယ်၊ တချို့က အသားတွေ မည်းပြီး ပြန်လာကြတယ်၊ ရိုးသားဖြောင့်မတ်ကြပါ၊ ရိုးသားဖြောင့်မတ်တယ်ဆိုတာ အကျင့်တစ်ခုဖြစ်တယ်၊ ဒီဘဝအတွက် လက်ခံပြီး ပြင်ထားတာ မဟုတ်ဘူး၊ နောက်ဘဝအတွက် ခုကတည်းက အဆင်သင့် ဖြစ်နေဖို့ ပြင်နေတာ၊ ပြင်ထားကြ၊ ရှေးခေတ် သူတော်ကောင်းတို့ လမ်းကို နည်းမှီပြီး မီအောင် လိုက်ကြပါ၊ ခုခေတ်ကို မကြည့်ပါနဲ့၊ ခေတ်ကြီးက ပြောင်းပြန်ဖြစ်နေတာပါ။

**တရားဟောတယ် ဆိုတာ** စာတော်တဲ့ ပုဂ္ဂိုလ်တွေ တရား မဟောတတ်တာကတော့ မဟန်ပါဘူး၊ တရားဟောတယ်ဆိုတာ ပြောရမယ့်တရားက အလျှုတရား ဖြစ်နေမယ်ဆိုရင် တရားဟောတဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ်တိုင်လှူနေရသလို ဝမ်းမြောက်ဝမ်းသာ ဟောရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှ တရားက မကုန်နိုင်တာ၊ တရားအကြောင်း ဟောရမယ်ဆိုရင် ကိုယ်တိုင်ကလဲ တွေ့ဖူး ကြုံဖူးမှ ဟောတတ်တာ၊ ကလေးချော့တဲ့သီချင်း ဖြစ်နေပေမယ့် အမျိုးမျိုး ဟောတတ်ရတယ်။

(‘လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါ၊ ဖားပါလျှင် တစ်ကောင်ပေးပါ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်ကသေး’ဟူသော ကဗျာလေးကို ကလေးချော့ဟန်၊ စည်တော်ကြီး ရွှမ်းဟန်၊ ဖိုးသူတော်ဒုံးချင်းဆိုဟန် ရွတ်ပြပြီးနောက် ဓမ္မကထိကလို တရားအဆုံးသတ်ပုံ အောက်ပါအတိုင်း အဘိဓမ္မာသတ်ပြပါသည်။)

“လူကလေးရဲ့ ချော့စရာလည်းမရှိထသော၊ မိတ္ထီလာကန်တော်ကြီးလည်းမရှိထသော၊ ဖားကောက်စရာလည်း မရှိထသော၊ မျက်လုံးကြောင်တောင်လည်း မရှိထသော၊ ဖားကောင်ကလည်း မသေးငယ်ထသော ဤကဲ့သို့သော ဒေသနာတော်နဲ့ အညီ ဤမရှိရာဖြစ်သော နိဗ္ဗာန်ကို မြန်မြန်ကြီး ရရပါလို၏လို့ ဆုတောင်းကြကုန်။”

**ကိုယ့်ဘက်က လုံနေရင် ဘာကိုမှ မကြောက်** စကားကို အနှစ်မဲ့ မပြောကြပါနဲ့၊ သတိ ဆိုတာ နေရာတကာမှာ ထားရတယ်၊ တရားအမျိုးမျိုး ရှိရမယ်၊ ဒါက ဘုန်းကြီးတွေဘက်က ပြည့်စုံရမယ်၊ လူတွေမှာကတော့ ဒါန,သီလများများ ရှိရမယ်၊ ဒါကြောင့် ရှေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးတွေက **'စားသမျှ မစင်, ထားသမျှ မသေခင်, ပြုသမျှ ကုသိုလ်အပင်, ခုကာလ ဘဝကောင်းတွင်, စားလဲ စား, ထားလဲ ထား, ပြုလဲ ပြုကြမှ တော်မည်ထင်'**လို့ မိန့်ခဲ့ကြတာ၊ အိုတဲ့သူတွေက များသောအားဖြင့် သေရမှာ ကြောက်ကြတယ်၊ ဆင်းရဲကြတယ်၊ ဒါကြောင့် တရားနဲ့ နေ၊ ကိုယ့်ဘက်က လုံလောက်နေရင် ဘာမှ မကြောက်ရပါဘူး။

**ဟိုဘဝက ကြိုနေမှာ** ဘုန်းကြီးက ခုဆိုရင် ဘယ်မှ မသွားချင်ဘူး၊ အလုပ်ပျက်လွန်းလို့၊ ခု ကြိုးစားနေတာက ဘုန်းကြီးက တစ်ဘဝရောက်တော့ ခံစားဖို့ မဟုတ်ပါဘူး၊ အလုပ် လုပ်ရမယ့် နေရာမှာ နေချင်လို့ပါ၊ ဘုန်းကြီးတို့ကတော့ လောကထဲမှာတော့ ရေစုန် ရေဆန် လိုက်ပြီးပါပြီ၊ သံသရာမှာ ရေစုန် ရေဆန် လိုက်ရန်သာ ကြိုးစားနေတာပါ၊ ဒီလို ပုဂ္ဂိုလ်မျိုးကို တစ်ဘဝက ကြိုဆိုနေမှာပါ၊ တစ်မြို့ တစ်ရွာ သွားလို့ သုံး လေးနှစ် ကွဲနေတဲ့သူ ပြန်တွေ့ရသလို အားလုံးက ဆီးပြီး ဒီဘဝက ကြိုဆိုသလို ဟိုဘဝကလဲ ဝမ်းမြောက်ဝမ်းသာ ပြုံးပြီး နေကြမှာပါ။

**အလုပ်, ပိုလုပ်ကြ** ကိုရင်တွေက ဒီကျောင်းမှာ နေရတာ ပျင်းလို့တဲ့၊ ငိုတဲ့သူက ငို၊ ထွက်ပြေးတဲ့ သူကပြေး၊ ဒါတွေကတော့ မဆန်းပါဘူး၊ ဒီကျောင်းပျော်တယ် ဆိုတာက ဒီကျောင်းရဲ့ တာဝန်တွေကို အမြဲတမ်း ထမ်းဆောင် နိုင်နေမှ ပျော်ဘာ၊ မထမ်းဆောင်လို့ကတော့ ပျင်းလာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အစိုးရ အလုပ်သမားတွေက စာချဘုန်းကြီးတွေ အဖိတ်နေ့၊ ဥပုသ်နေ့ ဘယ်တော့ ရောက်မလဲ မျှော်သလို သူတို့ကလဲ စနေ၊တနင်္ဂနွေရောက်တော့ စုံတွဲလမ်းလျှောက်ရလို့ တွက်ကိန်းမိတယ်၊ တို့ အဖိတ်၊ ဥပုသ်တွေကတော့ စုံမတွဲရတဲ့အပြင် အလုပ် ပိုလုပ်ကြရတယ်။

**ရောက်ရာမှာ အလုပ် လုပ်ရမယ်** ဘုန်းကြီးက တခြားအဘိုးအဘွားတွေလို အိုလို့များ သေရမှာ ကြောက်တယ် မှတ်သလား၊ သေရမှာကို ပျော်လို့၊ ဒီလိုလူတော့ ဘယ်နေရာကမဆို မျှော်လင့် တောင့်တ စောင့်ဆိုင်းနေကြတာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေကတော့ မမျှော်ကြပါဘူး၊ တော်တော်ကြာ "ဒီလူကလဲကွာ ဒီလာပြီး စည်းကမ်းတွေ လုပ်နေပြန်ပါပြီ" ဆိုပြီး ပြန်လွှတ်ပေးလိုက်မှာ၊ ဘုန်းကြီးကတော့ ရောက်ရာမှာ အလုပ် လုပ်ရမယ်၊ လူ့ပြည်ရောက်တော့လဲ လူ့ပြည်က ကောင်းစွာ စောင့်လျက်ပါ၊ ဘုန်းကြီးက ဘယ်ရောက်ရောက် အောက်တန်းမကျတော့ပါဘူး။

ဓမ္မဗျူဟာ
အတွဲ(၂၀)၊ အမှတ်(၁၂)
(၁၉၈၂၊ ဖေဖော်ဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# သာသနာနှင့်နိုင်ငံ၏ ကျက်သရေကို ဆောင်ကြပါ

**တကယ်ကြည်ညိုမှ အရေးလုပ်** ဘုရား တရားတော်တွေနဲ့ နေရတာ ကောင်းလျက်သားနဲ့၊ ကောင်းတာကို မလုပ်ချင်ကြဘူး၊ အဘိုးအဘွားတွေကို သူတို့ကြည့်တော့ သေခါနီးနေကြပြီ၊ သနပ်ခါးတွေ လိမ်းကာ လိမ်းကာ ဗိုလ်ကလေး သ,ကာ သ,ကာနဲ့ သူတို့ကိုဖြင့် ဘယ်သူကမှ မကြည့်ချင်ကြဘူး၊ သူတို့က လူလယ်ခေါင် သွားချင်ကြသေးတယ်၊ ခပ်ရွယ်ရွယ်တုန်းကသာ အစစ အရာရာ ကောင်းတာ၊ သူတို့က ဒီကြားထဲ တရားနဲ့ မနေကြဘူး၊ ဘုန်းကြီးက ပစ္စည်းပေါ်၊ ရုပ်ချောတာတွေကို အရေး မထားပါဘူး၊ ဒီ ကျောင်းကို တကယ်ကြည်ညိုမှ၊ တော်ရုံ ကြည်ညိုရုံနဲ့တော့ အရေးမလုပ်ပါဘူး။

**ကိုယ်တစ်ယောက်တည်း ချမ်းသာကို မကြည့်** ဘုန်းကြီးကို နေရာတကာမှာ ပါစေ ချင်ကြတယ်၊ ဘုန်းကြီးက နာမည်ကို အလကား မသုံးပါဘူး၊ ရှေ့ရေး ကို မျှော်နေတာ၊ နေရာတကာတိုင်း မပါချင်ဘူး၊ အပေါ်စား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာစိုးလို့ ကိုယ့်အမြင်နဲ့ကိုယ် ကြည့်ထားကြပါ၊ ဘုန်းကြီးက သာသနာပြုတော့ အပေါ်စားထဲက ပြုမယ်ဆိုတာ အဖြစ်မခံလိုဘူး၊ ပီပီသသကို ပြုရမှ ကြိုက်တယ်၊ ဘုန်းကြီးက လွတ်လပ်ရေးမရခင်ကတည်းက ရည်ရွယ်လာတာပါ၊အသက်ကြီးသော်လဲ ရည်ရွယ်ချက်က မရပ်သေးပါဘူး၊ ကိုယ်တစ်ယောက်တည်း ချမ်းသာတာကို ကြည့်တာလဲ မဟုတ်ပါဘူး၊ နိုင်ငံရဲ့ ကျက်သရေကို ဆောင်ချင်လို့ပါ။

**ရှေးကံအဆက်ပါမှ** နောင် ဘာလုပ်ရမလဲဆိုတဲ့ ရည်မှန်းချက်က ခု အသက် ၇၀– ကျော်အထိ ပါပဲ၊ အားလုံးက မကြည့်လိုလို့ ဆဲနေလဲ ဆဲပေါ့၊ အလုပ်ကတော့ ရှေ့သာ တိုးရမှာပါ၊ ကိုယ်တော်တို့ ပါရမီဖြည့်ကြပါ၊ နောက်ဘဝဆိုတာ ကြာတာ မဟုတ်ဘူး၊ ခုဆိုလဲ ဟုတ်, မနက်ဖြန်ဆိုလဲ ဟုတ်တာပဲ၊ ကြိုးစားပေးကြပါ၊ တက်နေတဲ့သူကိုတော့ မီတယ်လို့ မရှိပါဘူး၊ သာသနာပြုတယ်ဆိုတာ ဝိနည်းက စပြုရတာ၊ ဝိနည်းမပါရင် သာသနာက မတိုးပါဘူး၊ တောင်ဆရာက မြောက်ဆရာကို မကယ်နိုင်ပါဘူး၊ မြောက်က ဒုက္ခက တောင်က ဒုက္ခကို မကယ်နိုင်ပါဘူး၊ ခုဘဝကောင်းတယ်ဆိုတာ နောက်ဘဝကပါ အဆက်ပါလာတယ်၊ မကောင်းမှုဆိုတာလဲ ရှေးကံက အဆက်ပါပဲ၊ ရှေးက သူတော်ကောင်းတရား နာကြဖို့ သင်ကြရလို့ ပါရမီပြည့်လာတဲ့ သူထဲမှာ ကိုယ်က သူများထက် သူတော်ကောင်းရင် ပိုပြီးတော့ ဝမ်းမြောက်စရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**သာမန်နိုင်ငံမဟုတ်** ဒီနိုင်ငံက သာမန်နိုင်ငံ မဟုတ်ပါဘူး၊ သူတော်ကောင်းတို့ရဲ့ ပျော်မွေ့နေထိုင်ရာ ဒေသဖြစ်တယ်၊ သူတော်ကောင်း ဖြစ်ချင်သူတွေကတော့ ဒီမှာပဲ တော်တယ်၊ တခြားနိုင်ငံတွေမှာ လောကဓာတ်ပညာတွေ ထွန်းကားပါရဲ့၊ ဒါပေမယ့် ကောင်းပေ့ဆိုတဲ့ တကယ့်တရားတော်တွေကို မနာ, မကြားရတာက ဆိုးတယ်၊ လူတွေကလဲ အထက်တန်းတွေပါ၊ လောကီဘက်မှာ ထွန်းကား သလောက် ဗုဒ္ဓတရားကို လိုက်စားသူ, သိသူက နည်းနည်းလေးပါ၊ ဒီတော့ ငါဟာ ဘယ်လိုနေရာ ရောက်နေတယ်ဆိုတာ စဉ်းစားပေးကြပါ။

**ပုဂ္ဂိုလ် လေးမျိုး** လောကမှာ ပုဂ္ဂိုလ် လေးမျိုး လေးစား ရှိတယ်။

(၁) အမှောင်ထဲက အမှောင်သွားတဲ့ပုဂ္ဂိုလ်၊
(၂) အမှောင်ထဲက အလင်းသွားတဲ့ပုဂ္ဂိုလ်၊
(၃) အလင်းက အမှောင်သွားတဲ့ ပုဂ္ဂိုလ်၊
(၄) အလင်းက အလင်းကို သွားတဲ့ပုဂ္ဂိုလ်ရယ်လို့ လေးမျိုး လေးစား ရှိတယ်။

ဒီဘဝ လူလာဖြစ်ရတော့လဲ လူ့ဘဝ အောက်ကျနောက်ကျလာဖြစ်တယ်၊ မလှူမတန်း,သီလမဆောက်တည်နဲ့ အကုသိုလ်တရားတွေနဲ့ နေပြီး သေသွားတဲ့အခါ နောင်ဘဝကျတော့လဲ မကောင်းတဲ့နေရာ ရောက်ရလို့ "အမှောင်ထဲက အမှောင်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်”လို့ ဆိုရတယ်၊ ဒီဘဝမှာ လူ့အောက်တန်းနောက်တန်းမှာ ဖြစ်ရပေတယ်လို့ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ကုသိုလ်ကောင်းမှု အားထုတ်တဲ့အတွက် နတ်ပြည်သုဂတိရောက်ရတယ်၊ ဒီပုဂ္ဂိုလ်ကို “အမှောင်ထဲက အလင်းသွားတဲ့ပုဂ္ဂိုလ်”လို့ ဆိုရတယ်၊ နောက်ပုဂ္ဂိုလ်က ဒီဘဝမှာ အထက်တန်းမှာတော့ လာဖြစ်ပါရဲ့၊ ကောင်းတာတွေ ဘာတစ်ခုမှ မလုပ်လေတော့ နောက်ဘဝသံသရာမှာ မကောင်းဖြစ်ရတယ်၊ “အလင်းက အမှောင်သွားတဲ့ပုဂ္ဂိုလ်”လို့ ခေါ်တယ်၊ “အလင်းက အလင်းကို သွားတဲ့ ပုဂ္ဂိုလ်”ကျတော့ ဒီဘက်ဘဝကလဲ အထက်တန်း ဖြစ်ရေး ဒါန, သီလ စတဲ့ ကောင်းတဲ့ အလုပ်တွေကို အားထုတ်တော့ နောက်ဘဝမှာ ဂတိကောင်းဖြစ်ရတယ်။

**ကုသိုလ်တရား ပွားများ မကုန်** ဘုရားတရားတော်တွေက လောကီနဲ့စာရင် ပျင်းစရာ ကောင်းပါတယ်၊ ဒါပေမယ့် တာရှည်ကျတော့ ဘုရားတရားတော်က အနှစ်ရှိတာ၊ အမျိုးညွှတ်တာ, ရုပ်ချောတာက ပြင်လို့ မရဘူး၊ ဥစ္စာမရှိတာက ရှာရင် ရတယ်၊ ဥစ္စာ မရှိတော့လဲ အသက်မွေးရတာ မစင်ကြယ်ပါဘူး၊ ငရဲရောက်မှ ကုသိုလ်ပြုချင်လို့ မရပါဘူး၊ ဒု–သ–န–သောဆိုတဲ့ သူဌေးသားလေးယောက် ငရဲကျတော့ လူ့ဘဝတုန်းက ကုသိုလ်မပြုခဲ့ရလို့ ငရဲရောက်မှ လူ့ပြည်က ကောင်းပုံတွေ ဥဒါန်းကျူးကြတာ၊ ကုသိုလ်တရားတွေ အများကြီး ရှိပါတယ်၊ ပြုတတ်ရင် မကုန်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ကောင်းတာဆို တန့်ဆုတ်တွန့်ဆုတ်** သူတော်ကောင်းတွေ ဘဝဆုံးတာက ရဟန္တာဖြစ်မှပါ၊ ကိုယ့်ကိုယ်ကို အမှတ်တမဲ့ မနေကြပါနဲ့၊ မေ့လျော့နေတတ်သူတွေကို မမေ့တဲ့ သူတွေက ကျော်လွှားသွားကြပါတယ်၊ စကားလဲ သိပ်မပြောကြပါနဲ့၊ အလုပ် လုပ်စရာရှိရင် လုပ်၊ လုပ်စရာ မရှိရင် တရားနှလုံးသွင်းနေ၊ မမေ့သူက ဒီဘဝတွင် မကဘူး၊ နောင်သံသရာမှာလဲ အထက်ကပါပဲ၊ ဒီကျောင်းမှာ ကိုရင်လေးတွေကအစ ရပ်မနေကြပါနဲ့၊ ကိုယ်တော်ကြီးတွေကလဲ တိုးပေးကြပါ၊ သူများတစ်လှမ်းသွားရင် ကိုယ်က လေးငါးလှမ်း သွားရတယ်၊ နေ့ရှိသရွေ့ ဝီရိယတို့ကို လျှော့မပေးပါနဲ့၊ ရှေ့တိုးပေးပါ၊ သတ္တဝါဆိုတာ မကောင်းတာရော,ကောင်းတာရော ရှိထားရတယ်၊ လူဆိုတာ ကောင်းတာဘက် သွားရ, လုပ်ရမယ်ဆိုရင် တွန့်ဆုတ် တွန့်ဆုတ်နဲ့ ပျင်းတတ်ကြတယ်။

**ရှိုးရှိုးလေးနေပါ** "လူမှာ အမျိုး, ကြက်မှာ အရိုး"တဲ့၊ လူတစ်ယောက်မှာ အကျိုးကောင်းရင် စွန့်စားမှု ရှိကြတယ်၊ နေရာတိုင်းမှာ စွန့်စားလေ့ ရှိတယ်၊ ကြက်ဆိုတာလဲ အမျိုးကောင်းပြီဆိုရင် အသေအလဲ ခွပ်ကြလေ့ရှိတယ်၊ ကိုယ်တော်တို့ ဘုရားအာရုံ ပြုရတာက ဉာဏ်တိုးတယ်၊ စိတ်ကြည်လင်တယ်၊ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို မြှင့်တင်ရတယ်၊ ခုခေတ် လူတွေဆိုတာ ရှေးခေတ်ကလောက် မထက်မြက်ကြပါဘူး၊ ဘုရားအာရုံပြုတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အစိတ်စိတ် စဉ်းစားရတယ်၊ လောကီအာရုံတွေကို အထင် မကြီးသင့်ဘူး၊ ဘုရားအာရုံနဲ့ နေရတာက ကောင်းတယ်၊ သူများကို မကြည့်နဲ့၊ အထင်မသေးနဲ့၊ အထင်လဲ မကြီးပါနဲ့၊ ကိုယ့်ဘာသာကိုယ် ရိုးရိုးလေး နေပါ။

**တစ်ဦးနဲ့တစ်ဦး မရှိသေရင်** ကောင်းတာ လုပ်နေသူကို ကောင်းကျိုးက ပေးနေတာပါပဲ၊ မကောင်းတာ လုပ်နေသူကို မကောင်းကျိုးက ပေးနေတာပါပဲ၊ တို့က သူများ အထင်ကြီးရုံ မလုပ်ကြပါနဲ့၊ ရိုးသားပါစေ၊ ကိုယ်က ရိုးသားမှ ကိုယ့်ကိုလဲ သူတော်ကောင်းလို့ ယူဆ ရမယ်၊ ကိုယ်က သူတော်ကောင်းတရားနဲ့ ပြည့်စုံနေမှ ကောင်း ပါတယ်၊ သိကြားမင်း ဖြစ်ချင်ရင်လဲ မိဘကို လုပ်ကျွေး ရတယ်၊ ဆွေမျိုးကို စောင့်ရှောက်ရတယ်၊ နူးညံ့တဲ့စကား ပြော ရတယ်၊ ရန်တိုက်မပေးရဘူး၊ ဝန်မတိုရဘူး၊ သစ္စာ ရှိရတယ်၊ ဒေါသ မကြီးရဘူး၊ ဘုန်းကြီးကတော့ နိုင်ငံနဲ့ လူတွေ ကောင်း စားလို့ ရှိရင် ဘယ်လောက်ကောင်းမလဲလို့ ယူဆထားတယ်၊ ကိုယ်က မိဘကို လူ့ဝတ်ကြောင်ဘဝနဲ့ ကျွေးမွေးမဆပ်နိုင်ဘဲ ရဟန်းဘဝကနေပြီး တရားဟောပေး၊ တတ်နိုင်သမျှ ထောက် ပံ့မယ်ဆိုရင် လူ့ဘဝထက် သာသေးတယ်၊ လောကကြီးမှာ တစ်ဦးနဲ့တစ်ဦး မရှိသေရင် ပျက်စီးရတာပဲ။

**ပန်းရိုးဆွဲထားသလို** ကျန်းမာရေးကို သတိ မလစ်ကြစေနဲ့၊ ခုခေတ် လူတွေက ရေးတုန်းကလို ကျန်းမာရေး မကောင်းကြဘူး၊ ကျန်းမာရေး မကောင်းရင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ် အထမမြောက်ဘူး၊ "ဖြုန်းကနဲ ဝမ်းသာ၊ ပျာကယာ စိတ်ပျက်"ဆိုတာလိုပဲ စာမေးပွဲဆိုတာ အောင်တုန်းက ဝမ်းသာပြီး နောက်ကျတော့ ကျန်းမာရေးတွေ ဘာတွေ ချို့နေရင် စိတ်ပျက်ရတယ်၊ ဒကာမတွေဆိုတာ ဒကာတွေထက် လှူဒါန်းတဲ့ နေရာမှာ သာတယ်၊ ဒကာမတွေက ဒီကျောင်းတိုက်ရောက်လာကြတော့ ပန်းချီဆွဲတာလား အောက်မေ့ရတယ်လို့ ပြောကြတယ်။

**ပိုပြီးကောင်းအောင်နေ** မြန်မာနိုင်ငံက ကုသိုလ်တော့ပြုပါရဲ့ ဇရပ်ဆောက်၊ ကျောင်းဆောက်နဲ့ နောက်ပြီး နေမယ့်သူက မရှိတော့ လှူရတဲ့သူမှာ အကျိုးနည်းရတယ်၊ လူတွေ ကြည်ညိုတယ်ဆိုတာ တစ်ခဏတော့ မလွယ်ဘူး၊ ဒကာ ဒကာမတွေနဲ့ အနီးကပ် ပေါင်းရတာ မလွယ်ဘူး၊ ကျောင်းထဲ ရောက်ပါများတော့ အပြင်ပန်းပြတာ ကောင်းတာပါ၊ အတွင်းထဲကျတော့ ဘယ်လိုပါလို့ ပြောမှာကို ဘုန်းကြီးက စိုးပါတယ်၊ ဒါကြောင့် ကိုရင်တို့ ဦးပဥ္စင်းတို့ကို ဘုန်းကြီး ကြပ်ပေးနေတာ လွန်သလား၊ သူတို့က ပိုပြီး ကြည်ညိုတော့ တို့ကလဲ ပိုပြီး ကောင်းအောင် နေထိုက်တယ်။

**ခုညား ခုကဲ့** ရှေးကတော့ မင်္ဂလာဆောင်တော့မယ်ဆိုရင် သုံးနှစ်လောက် စဉ်းစားကြသေးတယ်၊ ဒါမှ ကိုယ်တူ စိတ်တူ နေရတာ၊ ခုခေတ်ကတော့ မီးရထားပေါ်လဲ မင်္ဂလာတာပဲ၊ ရုပ်ရှင်ရုံထဲလဲ မင်္ဂလာတာပဲ၊ လမ်းသွားရင်လဲ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတာပဲ၊ ဒါကြောင့် ခဏချင်း ညားပြီး ခဏချင်း ကွဲကြတာပဲ၊ ခုလဲ ခဏကြည်ညို့၊ ခဏကြည်ညို ပျက်ဆိုရင် မဟန်ပါဘူး။

**အဝေးလွှယ်လျက် အနီးခက်** ခေတ်ပညာတတ်တွေက ဘုန်းကြီးတွေကို ဝေဖန်ကြတယ်၊ လှူတဲ့နေရာမှာ ကုသိုလ်ရမှ လှူကြပါ၊ အလှူတစ်ခု လုပ်ရင် စဉ်းစားပါ၊ ကိုယ့်ဘက်မှာ အကျိုးများများ ရှိမှ လှူကြပါ၊ ပတ်ဝန်းကျင်က မြင်ရင်လဲ မမုန်းလောက်အောင် လုပ်မှ ကောင်းပါတယ်၊ 'ခုရှုပ်မှ နောင်ရှင်း'ဆိုတာလို ကြည်ညိုသူတွေနဲ့ ပေါင်းရတာက ခက်တယ်၊ မလွှတ်လပ်ပါဘူး၊ တာဝန်ရှိတယ်ပေါ့လေ၊ မသိမသာ ကြည်ညိုသူနဲ့မှ ကောင်းတာ၊ အဲဒါက သူလို ကိုယ်လို နေလို့ရတယ်၊ ဘာဖြစ်ဖြစ် ဘုန်းကြီးကတော့ အလုပ်တစ်ခုမှာ လွှယ်လွှယ်နဲ့ လက်မခံပါဘူး၊ အနီးခက်တယ်၊ အဝေး လွှယ်တယ်။

**လူ့အကြောင်း ပေါင်းမှ သိ** လူတစ်ယောက်ရဲ့အကြောင်းကို မသိပေမယ့် "မလေး ပေးတဲ့ ခွေးတောက်မြစ်၊ ကြာကြာဝါးမှ ခါးမှန်းသိ"ဆိုတာလိုပါပဲ၊ လူတစ်ယောက်ရဲ့ အကြောင်းကို သိချင်ရင် (၁) ကြာကြာ ဆက်ဆံရမယ်၊ (၂) အကဲခတ်ရမယ်၊ (၃) အကဲခတ်တဲ့ ပညာလဲ ရှိရမယ်၊ လူတစ်ယောက်ကို ဘာမသိ ညာမသိနဲ့ ယုံနေရင် ဘာမှ သိမှာမဟုတ်ဘူး၊ ကြည်ညိုအောင် နေမှလဲ ကြည်ညိုမှာ၊

www.burmeseclassic.com

www.burmeseclassic.com



အချောင်နေရင်တော့ တခြားမှာ သိပ်ကောင်းတာ၊ ရွှေ့နေကြပေါ့၊ လူ့လောကမှာ လူလေးစားအောင် နေဖို့ရာ မလွယ်ဘူး၊ အားလုံး အပိုအလျှံတွေ မရှိပါစေနဲ့၊ လူကဲ့ရဲ့ခံရတတ်တယ်၊ ခုဘဝမှာ ကိုးယိုးကားယား နေရင် နောက်ဘဝ မသက်သာဘူးဆိုတာ မှတ်ပါ။

**ဘုရားဩဝါဒ စိတ်ကယုံကြည်ရင်** ခုခေတ်ဆရာတွေ,မိဘတွေ အဆုံးအမကောင်းတယ်ဆိုပေမယ့် ဘုရားပေးခဲ့တဲ့ ဩဝါဒတော့ မမီပါဘူး၊ စိတ်ရော,ကိုယ်ရောရွှင်အောင် ဘုရားအာရုံ, မေတ္တာနဲ့နေမှ ကောင်းတယ်၊ တို့တစ်တွေဟာ သက်တော်ထင်ရှား မြတ်စွာဘုရားကို မတွေ့မမြင် မဖူးလိုက်ရပေမယ့်ဘုရားသာသနာနဲ့ တွေ့ရလို့တကယ် ဝမ်းသာစရာ ကောင်းပါတယ်၊ ဘုရားစကားတော်တွေ ဘုရားတရားတော်တွေကို သင်ကြားရ, သိရလို့ စိတ်က တကယ်ယုံကြည်လေးစားမယ်ဆိုရင် ဘုရားနဲ့ နေရသလို တွေ့ရသလို မြင်တာပါပဲ။

**သားသမီးတွေ ထိန်းနိုင်းချင်** တို့မြန်မာတွေ ချာတူးအဖြစ် များနေတာက မိန်းမတွေက အလုပ်များများ လုပ်နေရလို့ မွေးဖွားတဲ့ ကလေးတွေကျတော့ ညံ့ညံ့နေကြတာ၊ မိန်းမတွေက ယောကျ်ားတွေထက် အလုပ် ထက်ဝက်လောက် လျော့လုပ်ဖို့ ကောင်းတယ်၊ ကလေးတွေကို သေသေချာချာ ပြုစုပြီးနေဖို့ ကောင်းတယ်၊ ဘုန်းကြီးကတော့

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့တာဝန်လဲ ဆောင်နေရ၊ လူတွေ လာတော့လဲ တရားစကား စသည်ဖြင့် ဟောပြောရ၊ ကိုယ်တော်တို့လဲ ဆုံးမ,ရနဲ့ သူများနေရာ အလုပ် ဝင်လုပ်ရတဲ့ ရှေ့နေနဲ့ တယ်တူတာပဲ၊ ဘုန်းကြီးသာ နိုင်ငံမှာ အာဏာရှိရင်တော့ မိန်းမတွေ အလုပ်ထက်ဝက်ပဲ လုပ်ရမယ်လို့ အမိန့်ထုတ်ပြီး သားသမီးလေးတွေကို ကောင်းကောင်းကြီး ထိန်းခိုင်းချင်တယ်။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၄)
(၁၉၈၂၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com

## မိဘကျေးဇူး ဆပ်ကြ
## သာသနာ မူမပြောင်းစေနဲ့

**ကိုယ့်ကံကို တန်ဖိုးထားကြ** ကိုယ့်ကံကို အမြဲတမ်း တန်ဖိုးထားကြ၊ စိတ်ရင် ကောင်းပေမယ့် အသိ မတိုးတဲ့ လူမိုက်တွေ အများကြီး ရှိတယ်၊ ကိုယ့်ကိုယ်ကို ခံစား၊ စံစားရအောင် လုပ်နေရင် လူကောင်း မဟုတ်ဘူး၊ လူမိုက်ဟာ ဉာဏ်ရှိပေမယ့် သူ့အကျိုး မဲ့ဖို့ရာ ဉာဏ် ပါလာတာပဲ၊ တချို့က ကောင်းပါရဲ့၊ အေးစက်စက်ကြီး ဆိုတော့ လူချီးမွမ်းလို့ မကောင်းဘူး၊ အလောင်းအလျာတွေ ကတော့ ဒီဘဝလဲ ကောင်း၊ နောက်ဘဝလဲ ပိုကောင်းသွားတာပဲ၊ နတ်တွေကကို ချီးမွမ်းရတယ်။

**ရဟန်းပေမယ့် မိဘလုပ်ကျွေး** ရဟန်းဖြစ်ပေမယ့် မိဘများကို လုပ်ကျွေး ရတယ်၊ ဘုရားလက်ထက်က သူဌေးသား လုလင်တစ်ယောက်ဟာ ရဟန်းဝတ်သွားတယ်၊ သူ့မိဘများမှာလဲ အသက်အရွယ်ကြီးတော့ ပစ္စည်းတွေ လိုက်သိမ်းမယ့်သူ မရှိဘူး၊ ဒီလိုနဲ့ ဆင်းရဲပြီး တောင်းစားနေ ရရှာတယ်၊ တစ်နေ့တော့ ရဟန်းတော်လေးဟာ ဒီသတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားရတော့ မိဘများရှိရာ သာဝတ္ထိပြည်ကို ပြန်လာ၊ နောက် ဘုရားဆီ ရောက်၊ ဘုရားရှင်က မိဘများ လုပ်ကျွေးဖို့ မိန့်တော်မူတဲ့အတွက် ရဟန်းတော်လေးဟာ နေ့စဉ် ဆွမ်းခံပြီး ပြုစုလုပ်ကျွေးနေတယ်။

**မိဘကျေးဇူး ကြီးပေစွ** ဒီလို ဆွမ်းခံကျွေးတော့ ရတဲ့အခါမှာလဲ ရ၊ မရတဲ့ အခါလဲ မရနဲ့၊ သူ့မှာ တစ်နေ့မှ ဝဝ စားရတယ် မရှိပါဘူး၊ ဒီတော့ သူ့မှာ ကိုယ်သား ကိုယ်ရေတွေ ပိန်ချုံးလာတယ်၊ ဘေးက ရဟန်းတော်တွေက မြင်လို့ မေးတဲ့အခါ မိဘများ လုပ်ကျွေးတဲ့အကြောင်း ပြောပြတော့ အခြား ရဟန်းတွေက တိုင်းသူပြည်သားများက စေတနာနဲ့ လှူဒါန်းတဲ့ ဆွမ်းကို မိဘများကျွေးရမလားလို့ မြတ်စွာဘုရားထံလျှောက်တော့ မြတ်စွာဘုရားက မိဘလုပ်ကျွေးမှန်း သိလို့ သာဓုသုံးကြိမ် ခေါ်တော်မူတယ်၊ ပြီးတော့ ဘုရားရှင်က "ရဟန်းတို့ ငါဘုရားကိုယ်တော်တိုင် အလောင်းတော်ဘဝတုန်းက မိဘလုပ်ကျွေးခဲ့ဖူးကြောင်း" မိန့်တော်မူတယ်။

**သုဝဏ္ဏသာမ** မြစ်ရဲ့ ဟိုဘက်ကမ်း သည်ဘက်ကမ်းမှာ တံငါသည်နှစ်ဦး ရှိကြတယ်၊ တစ်ဖက်ကမ်းက တံငါသည်မှာ **'ပါရိကာ'**ဆိုတဲ့ အမျိုးသမီးလေးကို ဖွားမြင်တယ်၊ တစ်ဖက်ကမ်းက တံငါသည်ကြီးမှာတော့ အမျိုးသားလေး တစ်ယောက် ဖွားမြင်တယ်၊ မွေးဖွားစဉ် ဘွဲ့ဖြူပုဆိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခံယူတဲ့အတွက်ကြောင့် 'ဒုကူလ'လို့ နာမည်မှည့်ကြတယ်၊ အရွယ်ရောက်တော့ လက်ထပ်ကြတယ်၊ သူတို့က တံငါအလုပ်လဲ မလုပ်ကြတော့ မိဘများက တောထွက်ကြဖို့ ပြောတော့ နှစ်ယောက်သား တောထွက်သွားကြတယ်၊ တောထဲမှာနေတဲ့အခါ သိကြားမင်းက မျက်စိကွယ်မှာကို မြင်လို့ သားတစ်ယောက် ယူဖို့ရာ ပြောတော့ ငြင်းသေးတယ်၊ နောက်သိကြားမင်းက ချက်ကို လက်နဲ့ သုံးသပ်ဖို့ ပြောတော့မှ လက်ခံလိုက်တယ်၊ ဒီလိုနဲ့ သုဝဏ္ဏသာမဆိုတဲ့ သတို့သားလေး ဖွားမြင်လာတယ်။

**မှန်သောသစ္စာ** တစ်နေ့တော့ မိဘများက သုဝဏ္ဏသာမ သစ်သီးရှာ သွားနေတုန်း မိုးတွေက ရွာလာလို့ သစ်ပင်အောက် ဝင်ခိုကြတယ်၊ သူတို့ ခန္ဓာကိုယ်က ရေနဲ့အတူ ကျလာတဲ့ ချွေးတွေဟာ အောက် တောင်ပို့တွင်းထဲ ကျတဲ့အခါ အထဲက မြွေက ဒေါသဖြစ်ပြီး အခိုးနဲ့ မှုတ်ထုတ်လိုက်တော့ မိဘနှစ်ပါးမျက်စိကွယ်ရရှာတယ်၊ သုဝဏ္ဏသာမလဲ မိဘနှစ်ပါး ကြာလို့ လိုက်သွားပြီး ဒီအခြင်းအရာကို မြင်တော့ ငိုကြွေးပြီး မိဘတွေကို ပြန်ခေါ်လာကာ သူကိုယ်တိုင်လုပ်ကျွေးနေတယ်၊ တစ်နေ့တော့ သမင်လေးတွေနဲ့ မိဂသမ္မတာမြစ်ကမ်းရေခပ်ဆင်းအသွား ဗာရာဏသီမင်းကလဲ သမင်လိုက်အထွက် အလာနဲ့တွေ့ကြပါရော၊ မင်းကလဲ မစူးစမ်းမဆင်ခြင်ဘဲ မြားနဲ့ပစ်လိုက်လို့ မြားအဆိပ်တက်ပြီး လဲနေရတယ်၊ ရှင်ဘုရင်လဲ မှားမှန်းသိပြီး သူ့မိဘတွေ သွားခေါ်လို့ ရောက်တယ်ဆိုရင်ဲ

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဆိုကြလို့ သုဝဏ္ဏသာမ အသက်ရှင်ရတယ်၊ ဘုရားရှင်လဲ အတိတ်အကြောင်းကို အကျယ်ပြောပြတော့မှ ရဟန်းတွေလဲ ကျေနပ်သွားကြတယ်၊ ဒါကြောင့် ကိုယ်တော်တို့လဲ မိဘများကို တတ်နိုင်သလောက် လုပ်ကျွေးပြုစုကြပါ၊ လုပ်ကျွေးပြုစု ကောင်းပါတယ်။

**ကျူပြင်ခုတ်သလို** ကိုယ်ကလုပ်ရင် ပြီးရောလို့ မလုပ်ကြပါနဲ့၊ ဒီကျောင်းတိုက်က မိသားစုသဘောမျိုး နေကြတာ၊ ဘုန်းကြီး ပခုက္ကူတုန်းက အစာရေစာကညံ့တော့ ကျန်းမာရေး မကောင်းခဲ့ဘူး၊ စာလိုက်ရတာရယ်၊ ဆရာသမားတွေ ဘက်ရယ်ကတော့ ကောင်းပါတယ်၊ ဘုန်းကြီးကို ငယ်ငယ်တုန်းက ဘယ်သူကမှ အရေးမလုပ်ကြပါဘူး၊ ကိုယ့်ဘာသာကိုယ် ကျန်းမာရေးဘက်ကရော, စာဘက်ကရော ကြိုးစားလာခဲ့ရတယ်၊ ကျန်းမာရေးဆိုတာ 'ကျူပြင်ခုတ် ကျူငုတ်မှ မကျန်ရ'ဆိုတာလို ရောဂါကို ငယ်ငယ်ကတည်းက ကုပေးကြပါ၊ ကုရင်လဲ ရောဂါ ကြွင်းချန် မထားကြနဲ့၊ အမြစ်ပြတ် ကုကြ၊ ဒါကြောင့် ရှေး ဆရာတော်ကြီးတွေက "**ကြွေးမြီအကြွင်း, မီးအကြွင်းနှင့်, ရန်ကြွင်းတစ်ဖန်, ရောဂါဒဏ်, အကျန်မရှိရာ**"လို့ ဆိုကြတယ်။

**ဗုဒ္ဓကျမ်းစာ သိပ္ပံသက်သေ** တို့သာသနာက မေတ္တာနဲ့ ဘုရားအာရုံနဲ့ နေရင် ရန်တုရန်ဘက်တွေ ရှိသော်လဲ အလိုလို ငြိမ်းအေးပါတယ်၊ အရှည်ကို ကြည့်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် စာတတ်ဖို့လဲ မမျှော်လင့်ကြပါနဲ့၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ သုဝဏ္ဏသာမ သတို့သားဟာ ချက်ကို လက်နဲ့ သုံးသပ်ရုံနဲ့ မွေးဖွားလာတယ်လို့ ဆိုတယ်၊ ဒီ ဇာတ်ကို ထောက်ရင် ခုခေတ် သိပ္ပံပညာရှင်တွေက ယောကျ်ားရဲ့ ကိုယ်ပေါ်မှာ ရှိတဲ့ ပိုးကောင်ကို မိန်းမရဲ့ သားအိမ်ထဲ တစ်ကောင်လောက် ဖမ်းထည့်ပြီး စမ်းသပ်ကြတာ၊ ကာမဂုဏ် မရောယှက်ဘဲ ရတယ်ဆိုတဲ့ သိပ္ပံအကြောင်း ပညာရှင်တွေဘက်က ဗုဒ္ဓကျမ်းစာကို ထောက်ခံနေတယ်။

**ဆေးမျိုးစုံမှ ဆေးတစ်ဖုံဖြစ်** ဘုန်းကြီးက တစ်ခုပြောထားရင် တစ်ယောက်အတွက်ပြောတာ မဟုတ်ဘူး၊ တစ်ယောက်ကို ပြောရင် ငါ့ပါပြောတယ်လို့ သိရမယ်၊ ဆေးတစ်ဖုံဟာ ဆေးမျိုးစုံမှ ဖော်ဖြစ်သလို စာချဘုန်းကြီးတွေလဲ အစစ အရာရာမှာ စုံထားရတယ်၊ ဒါမှ ဆေးဖော်တာနဲ့ စာချတာ တူမယ်၊ ဆရာဝန်တွေဆိုတာ အမျိုးမျိုး ရှိပါတယ်၊ သူတို့ဆေးတွေဟာ ပျောက်တာလဲ ရှိ၊ မပျောက်တာလဲ ရှိ၊ အချို့ မြန်မြန်ပျောက်တယ်၊ ဆေးလွဲသွားရင်လဲ မသက်သာပါဘူး၊ မြန်မာ့ဆေးကတော့ ကုသရတဲ့နေရာမှာ တာရှည်ပါတယ်၊ အင်္ဂလိပ်ဆေးနဲ့ မရလို့ မြန်မာ့ဆေးနဲ့ ကုရတဲ့ လူနာပေါင်း များစွာ ရှိပါတယ်၊ လောကမှာ ဓာတ်စာဆိုတာ ဆန်းပါတယ်၊ ကိုယ်တော်တို့က ကံက မပါတော့ ကောင်းတဲ့ အစာစားရင် အစာ မကြေကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



**တန်ဖိုးရှိရှိ နေပါ** ကိုယ်နဲ့သက်ဆိုင်တဲ့ လူတစ်ယောက်ဟာ တစ်ခုခု ဖြစ်ပြီဆိုရင် ကိုယ့်ရဲ့ထံမှာ အရိပ်နိမိတ်လောက်တော့ ထင်တတ်ပါတယ်၊ ကံ, ဉာဏ်, ဝီရိယက တော့ ဆန်းပါတယ်၊ များသောအားဖြင့် တောသူတောင်သား တွေဟာ အလုပ်က များနေတော့ ရောဂါကို နုသေးရင် အရေး မစိုက်ကြဘူး၊ ရောဂါလွန်မှ ဆေးကုကြတာတွေ များနေတော့ မရကြတော့ဘူး၊ မရိုးကြပါနဲ့၊ မအ,ကြပါနဲ့၊ တိုးတက်လမ်း မရှိဘူး၊ ကံဆိုတာ တစ်ယောက်နဲ့တစ်ယောက် ကွာခြား ပါတယ်၊ သူများ အားမကိုးကြနဲ့၊ တစ်ဘဝမှာ ကံအား လျော်စွာ ရထားတဲ့ ရုပ်ကို မလျော့ကြစေနဲ့၊ ပြုပြင်ပေးကြ၊ ကိုယ့်ကိုယ်ကို တန်ဖိုးရှိရှိနဲ့နေရင် တန်ဖိုးရှိပါတယ်၊ တိုးလဲ တိုးတက်ပါတယ်၊ မွေးကတည်းက ရုပ်က ချောပြီးသား တွေပါ၊ နောက် ကြီးလာတော့ မပြုပြင်လို့ ညံ့ကုန်တာ၊ အဆင့်အတန်း မြင့်လာရင် ရုပ်က ချောလာပါတယ်၊ ကိုယ့် ရုပ်ကို မဖျက်ကြနဲ့။

**အကြွားမှားနေကြ** သူများ ကလော်တုတ်နေရင် ကိုယ်က ပြုံးနေလိုက်ပါ၊ တုတ်နဲ့တော့ ပြန်မဆော်ကြနဲ့၊ လူတစ်ယောက်မှာ တိုးတက်လာတာက ရုပ်ချော, အသံ ကောင်း, ဉာဏ်ကောင်း, ဝီရိယကောင်း, ကျန်းမာရေးကောင်း ဆိုတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံမှ၊ ဘုရားအာရုံပြုဆိုတာ အလကား မှတ်မနေနဲ့၊ ဘုရားက မြင်လို့ ပြောတာ၊ ရေတိုကို အားကျနေ ရင် အလကားပါပဲ၊ ရေရှည် မြှင့်တင်ပေးရမယ်၊ ဘုန်းကြီးက မတတ်နိုင်လို့, တတ်နိုင်ရင် ကိုယ်တော်တို့ကို အားရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အစားချည်း ကျွေးနေမှာ၊ တပည့်တွေ နာမည်ကြီးတာကို အားပေးကြတယ်၊ ဂုဏ်ရှိဖို့ မြှင့်နေကြတယ်၊ ဘုန်းကြီးကတော့ ဒါတွေကို ကျော်ပြီး မြင်နေပါတယ်၊ နောက်ဘဝက ညံ့လို့ အခုဘဝလဲ ညံ့နေကြတာ၊ အထက်တန်းဆိုတဲ့ လူတွေကို ဘုန်းကြီးတွေက အထင်ကြီးနေတာ ကိုယ်က အရည်အချင်း ညံ့လို့ပါ၊ လောကမှာ လာဘ်ပေါ်များတာကို ဂုဏ်ယူပြီး တိုက် ပေါ်ကနေပြီး ကြွားနေကြတယ်၊ ဘုန်းကြီးကြွားတာက သီလ, သမာဓိ, ပညာဆိုတဲ့ တရားတွေနဲ့ ကြွားနေတာ၊ တိုက်ကြီး ပေါ်က ဒူးနံ့ပြီးမကြွားရဘူး၊ အဲဒါတွေ အကြွားမှားနေကြတာ။

**ကိုယ်တွင်းကိလေသာ** ဘုန်းကြီးကလဲ ဘုန်းကြီးကိုယ် ဘုန်းကြီး ချောလို့ပြောတာ မဟုတ် ပါဘူး၊ သူတို့က ဘုန်းကြီးကို လိမ်ကြတယ်၊ ရုပ်ဆိုးတော့ ဆိုးတယ် ပြောကြတယ်၊ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ကိုတော့ မစဉ်းစားကြဘူး၊ ဘုရားကတော့ ရုပ်ကလဲ ချော၊ အသံကလဲ ကောင်း၊ ကရဝိတ်ကြိုးကြာအသံလိုပဲ၊ သာလဲ သာယာတယ်၊ နားထောင်လို့လဲ ကောင်းတယ်၊ ဘုရားအကြောင်းနဲ့ ဘုရား တွေးနေရတာ,အာရုံပြုနေရတာက '**မစားရ ဝ,ကမန်း**'ဆိုတာလို အားမရဘူး၊ ဘုရားရဲ့ ကိုယ်တော်က လုံးလုံးဝန်းဝန်း ရှိတယ်၊ ဘုရားနဲ့ သေရင် သေပါစေ၊ ထိပ်တန်းဘုရားကို အာရုံမပြုဘဲ, မဆည်းကပ်ဘဲ မနေသင့်ပါဘူး၊ ဒါကြောင့် တရားအာရုံနဲ့, မေတ္တာနဲ့ နေကြပါ၊ သူများကို လိုက်ကြည့်မနေကြနဲ့၊ ကိုယ့် ကိုယ်တွင်း ကိလေသာတွေကို ဘုရား တရားတော်တွေနဲ့ ကုစားကြ။

www.burmeseclassic.com

www.burmeseclassic.com



**ဒါနနဲ့သီလမှာ သီလက မူလ** စာနဲ့ချည်း ပြီးမနေကြနဲ့၊ တရားလဲ လိုက်စားပေးရတယ်၊ ဆရာတော်တွေက ညည်းကြတယ်၊ သေခါနီးမှာ စာသမားက ပူပန်ရတယ်၊ အရွယ်သုံးပါး ရောက်တဲ့သူတွေ စဉ်းစားထားကြပါ၊ အများက မေ့လျော့ခြင်းဆိုတဲ့ တရားတွေနဲ့ နေကြတာ၊ အမေ အဖေ ဆရာသမားပေမယ့် မကောင်းရင် အလေးမပြုထိုက်ဘူး၊ ကမ္မဋ္ဌာန်းချည်းဆိုတော့လဲ ပျင်းလာတယ်၊ စာနဲ့လဲ နေမှ၊ စိတ်ကို ပျော်ရွှင်အောင် အားပေးတယ်၊ စာတွေကို မဟောလို့ မဖြစ်ဘူး၊ လောကကြီးမှာ နည်းနည်း လျော့လာပြီ၊ သာသနာမှာ အရှင်အရဟံ ရောက်စက တော်သေးတယ်၊ အလှူဒါနနဲ့ သီလမှာ အလှူဒါနက မူလမဟုတ်ဘူး၊ သီလက မူလဖြစ်တယ်၊ အလှူပေးတာတွေ များတော့ အပိုတွေ ကုန်ကျတယ်၊ တတ်နိုင်ရင် ပြုပြင်ပေးကြပါ။

**အများသူငါ ကောင်းပါစေ** ဒီကျောင်းတိုက်ကို တိတ်ဆိတ်ပြီးရင်း တိတ်ဆိတ်စေလိုတယ်၊ ဘုန်းကြီး ရည်ရွယ်ချက်က သာသနာဖြန့်ချိမယ်လို့ ရည်ရွယ်ထားတယ်၊ သဘာဝကိုတော့ နားလည်အောင် လုပ်ပါ၊ ဘာသာဝင်တွေကလဲ သဘောပေါက်ပါစေ၊ ဒီလာတဲ့၊ နားလည်တဲ့သူတွေကို ပြောပေးနေပါတယ်၊ ဒီလို များလာမှ သာသနာ ကျယ်ပြန့်လာမှာ၊ သူများကို ထိခိုက်ပြီး လုပ်မှာ မဟုတ်ပါဘူး၊ ညင်ညင်သာသာ ပြုဖို့ ရှိပါတယ်၊ ဘုရားတရားတော်တွေကို များများကန်တော့ပေးကြပါ၊ ဟေးလားဝါးလား၊

www.burmeseclassic.com

www.burmeseclassic.com



ရယ်လားမောလားနဲ့ ရပ်ရွာအကြောင်းတွေ ပြောမနေကြပါနဲ့၊ ကိုယ်ကောင်းရေးတွင် မဟုတ်ဘူး။ ကိုယ်နဲ့သက်ဆိုင်သူတွေပါ ကောင်းပါစေ။

**တို့တစ်တွေ မှားနေကြပြီ** ဘုရားပွဲတွေ လုပ်နေကြတယ်၊ ဘုရားပွဲကျင်းပရင် ရုပ်ပွားတော်တွေကို ဓာတ်ခံ့ရှေ့ထားရလိမ့်မယ်၊ အငြိမ့်မင်းသမီးက ခုန်လိုက်ကလိုက် သီချင်းဆိုလိုက်နဲ့ဆိုတော့ ဘုရားက ပြုံးပြီးနေလိမ့်မယ်၊ ဒါ ဘုရားကန်တော့တာတဲ့လား၊ ရှေးသူတော်ကောင်းကြီးတွေ ပရိနိဗ္ဗာန်စံတော့ ဘာပွဲမှ မပါဘူး၊ နတ်တွေကတော့ ပျော်တဲ့အနေနဲ့ မဟုတ်ဘူး၊ ကန်တော့တဲ့ အနေနဲ့ ကကြပါတယ်၊ ခုလူတွေကတော့ ပျော်လို့ကိုကနေကြတာ၊ တို့တစ်တွေကတော့ မှားနေကြပြီ။

**အပ်သွားရာ အပ်ချည်လိုက်ရ** တစ်ခါက ရှင်ဘုရင်နဲ့ မိဖုရားက ဆရာတော် တစ်ပါးထံ သွားပြီး "ဆရာတော်ဘုရား...ငရဲမှာ လူတွေ ကျပ်နေတယ်"လို့ ပြောပါတယ်၊ "ဒါကြောင့် တပည့်တော် သေရင် ငရဲသွားရမှာ မဟုတ်တော့ပါဘူးဘုရား"လို့ လျှောက်တော့ ဆရာတော်က "ဒကာ ... ဒီတိုင်ကြီးဟာ အကြားရှိသလား"လို့ မေးတော့ မရှိတဲ့အကြောင်း လျှောက်တယ်၊ "ဒီတိုင်ကြီးထဲကို တူနဲ့ သံမှိုရိုက်သွင်းတော့ ဝင်မသွားဘူးလား"လို့ မေးပြန်တယ်၊ ဝင်သွားကြောင်း လျှောက်ရာ ဆရာတော်က "ငရဲမှာ ကျပ်နေတာနဲ့ မဝင်ဘူး မမှတ်နဲ့၊ တိုင်ကို သံမှိုနဲ့ ရိုက်သွင်းသလို သင့်မှာ

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်မှုတွေ ရှိခဲ့ရင် အကုသိုလ်တည်းဟူသော တူကြီးနဲ့ သံမှိုတည်းဟူသော သင့်ကို ငရဲတည်းဟူသော တိုင်ထဲ ရိုက်သွင်းလိုက်ရင် မဝင် မရှိ၊ ဝင်သွားမှာပါပဲ”လို့ မိန့်တော့ မိဖုရားက သူတော့ သွားရမှာ မဟုတ်ကြောင်း ဆရာတော်ကို လျှောက်ပြန်တဲ့အခါ ဆရာတော်က “အပ်က ရှေ့က သွားရင် အပ်ချည်က နောက်က လိုက်ရမှာ သေချာပါတယ်”လို့ ထပ်မိန့်လိုက်တယ်။

**သာသနာ မူမပြောင်းစေနဲ့** ဘုန်းကြီးကျောင်းက အသားမကျသေးလို့၊ အသားကျရင် ခုလုပ်တဲ့ ပွဲသဘင်တွေကို တားပေးကြ၊ သာသနာက နဂိုမူက ကောင်းပါတယ်၊ နောက်တော့ မင်းဆိုတဲ့ မင်းတွေက နန်းတော်ကြီးတွေနဲ့ နေတော့ မင်းကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေကလဲ ကြီးကျယ်လာတယ်၊ နောက်တော့ အမတ် ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေလဲ ဆောက်ရော တိုင်းသူပြည်သားတွေကလဲ နောက်က လိုက်ဆိုတော့ သာသနာမူက ပြောင်းသွားပါပြီ၊ ကိုယ်တော်တို့ ပြန်ပြီး ကြိုးစားပေးကြပါ။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၅)
(၁၉၈၂၊ ဇူလိုင်လ)

www.burmeseclassic.com

www.burmeseclassic.com

# ဘာဝနာ မရှိလျှင် မပျော်

**အလုပ် လုပ်နေသူ သေမင်း မခေါ်ချင်** ကိုယ့်ကိုယ်ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆုံးဖြတ်လိုက်ကြ၊ ကောင်းတာဘက် လိုက်မလား၊ ဆိုးတာဘက် လိုက်မလား ဆိုတာ ဒီဘဝက ခြေတစ်လှမ်း မှားပြီး လှမ်းလိုက်ရင် ဒီဘဝ ပျော်ခဲ့တာတွေ, ဒီဘဝ ခံစားမှုတွေဟာ ဟိုဘက်ဘဝကို တစ်ခုမှ ပါမှာ မဟုတ်ဘူး၊ "ပျော်ပျော်နေ သေခဲ"လို့ ဆိုပေမယ့် ပျော်နေတုန်း သေရင် မသက်သာပါဘူး၊ လောကမှာလဲ မဆန့်ကျင်စေနဲ့၊ သံသရာမှာလဲ မဆန့်ကျင်စေနဲ့၊ သေတာ အဝေးကြီး မဟုတ်ဘူး၊ အနီးကလေးရယ်၊ သေမင်းဆီ မသေ ပါစေနဲ့လို့ အမေ, နှမပေးတောင် မရပါဘူး၊ ဘုန်းကြီးကတော့ သေရမယ့်နည်းလဲ သိပါတယ်၊ သေမင်းကလဲ အလုပ် လုပ် နေတဲ့ ငါလိုလူတော့ မခေါ်သေးဘူးတဲ့၊ ငါသေချင်မှ ခေါ်မှာ ပါတဲ့။

**အသွားမတော် တစ်လှမ်း** မေ့လျော့ပြီး ဟိုသွား, ဒီသွား, ဟိုဟာ စား, ဒီဟာ စား, ဟိုလိုက်, ဒီလိုက်နဲ့နေတဲ့သူတွေ ကျတော့ သေမင်းက "သတိ–သတိ" အမြဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးလျက်ပါ၊ ဒီကောင်တွေ လူ့ပြည်ထားရတာ ရှုပ်တယ်၊ မြန်မြန်ခေါ်မှလို့ ကြိမ်းလျက်ပါ၊ ငါ့တော့ သေမင်းက ခွင့်လွှတ်ပြီးသားပါ၊ သေမင်းကလဲ ဘုန်းကြီးကို လေးစားလျက်ပါ၊ ဘုန်းကြီးနဲ့ သေမင်းက တည့်ပါတယ်၊ စာချဘုန်းကြီးတွေ အပြင်သွားရင် အကုန် မသွားစေချင်ပါဘူး၊ တစ်စုတစ်ဝေးကြီး သွားလို့ မတော်ကားမှောက်တော့ အကုန်ပျံလွန်တော်မူကုန်ရင် ကျောင်းတိုက် အုပ်ချုပ်မယ့်သူ မရှိမှာ စိုးရတယ်၊ ဟိုရှေးတုန်းက လူကြီးတွေက ကားမှောက်လို့ လေယာဉ်ပျံပျက်ကျလို့ သေတဲ့သူ တစ်ယောက်မှ မရှိပါဘူး။

**ဘယ်သူ့မှ လန့်စရာ မဟုတ်** ဘုရား တရားတော်တွေက ချီးကျူးစရာကောင်းပါတယ်၊ ဒီလူတွေ ချီးကျူးတာကို ဘဝင်မမြင့်ပါနဲ့၊ သူတို့ချီးမွမ်းလို့ တစ်ဖက်ဘဝမှာ ကောင်းလာမှာ မဟုတ်ပါဘူး၊ သူတို့ ချီးမွမ်းတာတွေက ဟိုဘက်ဘဝမှာ မပါပါဘူး၊ ကိုရင်တို့ ဦးပဥ္စင်းတို့ကို ဘုန်းကြီးက သံသရာထိအောင် မျှော်ပြီး ပြောနေတာပါ၊ မနေချင်ရင် စောစောစီးစီး ကြွကြပါ၊ ဘုန်းကြီးက ကောင်းတာကို ညွှန်ပြနေတာပါ၊ ကိုယ်တော်တို့က ဘုန်းကြီး လာရင် ပုန်းပုန်းနေကြတယ်၊ ဘုန်းကြီးသာ ပုန်းလို့ရမှာ၊ သေမင်းနဲ့ ငရဲကျတော့ ပုန်းလို့ရမှာ မဟုတ်ဘူး၊ လောကကြီးထဲမှာ ဘယ်သူ့မှ လန့်စရာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**သဒ္ဓါ, သီလ စာဂ, ပညာ** လူတွေဆိုတာ တရားမသိတော့ ပြောချင်ရာ လျှောက်ပြောနေကြတာ၊ လူ့ဘဝမှာဆိုရင် လူနဲ့ တန်တဲ့အကျင့်တွေကို ကျင့်ပေးကြပါ၊ မိဘမဆင်းရဲဖို့ဆိုတာက သား ကောင်း, သမီး ကောင်းဖို့က ပဓာနပါ၊ မိဘတွေကို လေးစားကြပါ၊ မိဘဟာ ဗြဟ္မာနဲ့ တူပါတယ်၊ ကိုးကွယ်ကြ၊ မိဘကောင်းမှ သားသမီးလဲ ကောင်းပါတယ်၊ မိဘတွေက ကိုယ် နေမကောင်းတာထက် သားသမီး နေမကောင်းတာက ပိုပြီး အရေးကြီးကြတယ်၊ မိဘကျေးဇူး များရုံမကဘူး၊ သားသမီး အပေါ်မှာ စေတနာ မေတ္တာကလဲ အပြည့်အဝ ရှိကြတယ်၊ တယ်ဆိုးပါတယ် ဆိုပေမယ့်, ဘယ်လိုဆိုးပါတယ်ဆိုပေမယ့် မိဘတွေက စိတ်မကွက်ကြဘူး၊ မြတ်စွာဘုရားက မိဘတွေကို လောကီ ချမ်းသာတွေနဲ့ ကျေးဇူးဆပ်လို့တော့ မကျေနိုင်ပါဘူးတဲ့၊ အနှစ်တစ်ရာ အသက်ရှည်တဲ့ သားက မိဘနှစ်ပါးကို ပခုံး နှစ်ဖက်နဲ့ထမ်းပြီး ပြုစုလုပ်ကျွေးမွေးသော်လဲ မကျေပါဘူးတဲ့၊ ကျေတဲ့နည်းကတော့ လောကုတ္တရာအမွေဖြစ်တဲ့ သဒ္ဓါ, သီလ, စာဂ, ပညာဆိုတဲ့ ဒီတရားလေးပါး မိဘတွေကို တည်စေရင် တော့ မိဘကျေးဇူး ကျေပါတယ်လို့ ဟောတော်မူတယ်။

**စကားပြော သိမ်မွေ့ပါ** စကားပြောတဲ့အခါ ယဉ်ကျေးပါစေ၊ ချိုချို သာသာ ပြောတတ်ကြပါစေ၊ ရှေးက လူကြီး တွေက စကားပြောပြီဆိုရင် "ဦးထိပ်ရွက်ပါ၊ အမိန့်တော်အတိုင်းပါ"နဲ့ ပြောကြတယ်၊ သူတို့ ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်တွေကလဲ အဖြူတွေဆိုတော့ ရက္ခစိုးနတ်ကြီးတွေလိုပဲ ကြည်ညိုစရာ ကောင်းတယ်၊ စကားပြောရင် သိမ်သိမ်မွေ့မွေ့ ပြောကြပါ၊ ဒါပေမယ့် ကန့်ကလျတော့ မလုပ်ရဘူး။

**လွတ်လပ်မှုနဲ့ သံယောဇဉ်** ပေးကမ်းစွန့်ကြဲရမယ့်နေရာမှာ လက်က မတွန့်ကြပါနဲ့၊ အလှူခံရမယ့်နေရာမှာ လက်က တွန့်ချင် တွန့်ပါစေ၊ စကားပြောရင် မုသား မပါစေနဲ့၊ သစ္စာဆိုတဲ့နေရာမှာ ဘုရားအလောင်း ငုံးမင်းဘဝက သိပ်ယုံကြည်စရာပဲ၊ ကိုယ့်နှုတ်ကို ကျက်သရေရှိကြပါစေ၊ စိတ်ထဲက မကောင်းတာ ဖြစ်မိရင် အပြင်မထွက်ကြပါနဲ့၊ ဒီဘဝကောင်းမှ နောင်ဘဝ ကောင်းပါတယ်၊ ကုသိုလ်ပြုရင် ဒါနတစ်ခုတည်းလောက်သာ မစဉ်းစားကြပါနဲ့၊ သူတော်ကောင်းဘက်ကလဲ စဉ်းစားကြပါ၊ လူကောင်းသူကောင်း, သူတော်ကောင်း, အကောင်းဘက်ကချည်း နေကြပါ၊ လူ့ဘဝ ရောက်တာတောင်မှ နောက်ဘဝက သူတော်ကောင်းအဖြစ်နဲ့ နေခဲ့ရင် ဒီဘဝရောက်တော့ ကလေးဘဝကစပြီး လက်ပေါ်က ကို မချချင်ကြဘူး၊ ဒီကျောင်းက တဖြည်းဖြည်း ရင့်ကျက်လာတော့ ကိုယ်တော်တို့ကလဲ ရင့်ကျက်ပေးကြပါ၊ သံယောဇဉ် ဆိုတာ လူပျိုဘဝက လွတ်လပ်ပါသေးတယ်၊ မယားနဲ့ကျတော့ မယားသံယောဇဉ်က ချည်ထားပြီ၊ ဘုန်းကြီးတွေလဲ ကျောင်းမရခင်က လွတ်လပ်တယ်၊ ကျောင်းရလာတော့ ကျောင်းသံယောဇဉ်လေးနဲ့ ဖြစ်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



**လူ့ပြည်မှာ နတ်ဝတ်, ဝတ်ရ** တရားတစ်ခုခုကို နှလုံးသွင်းနေဆိုတာ ရဟန်း သာမဏေတို့မှာ ဒီတရား တစ်မျိုးမျိုးမှ မရှိခဲ့ရင် သာသနာ့ဘောင်မှာ ပျော်ဖို့ ခဲယဉ်းတယ်၊ လူတစ်ယောက်မှာ လောဘ, ဒေါသ ဖြစ်လာရင် နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့တော့ ဝေးပေါ့၊ ဘုန်းကြီးက လောဘ, ဒေါသ မဖြစ်ရန် ဟောပြီးမှ ကိုရင်တို့ ဦးပဉ္စင်းတို့ကို စိတ်ဆိုးနေရင် မကောင်းတော့ဘူး၊ ဘုန်းကြီးက ကိုယ်ပိုင်သားတွေ အများကြီး မွေးပြီး သာသနာပြုချင်တယ်၊ သာသနာက တွေ့ခဲတယ်၊ အရှင်အနုရုဒ္ဓါက လူ့ပြည်မှာကို နတ်ဝတ် ဝတ်ရတယ်၊ ဘုန်းကြီးကတော့ ဒါတွေကို လုံးဝ မမှန်းပါဘူး၊ ကောင်းကောင်း မနေနိုင်ရင် လူထွက်ကြပါ၊ သာသနာရဲ့ အရသာက ကောင်းလွန်းလို့ပါ။

**အကန်းထဲ မပါကြစေနဲ့** ကိုယ်တော်တို့ ဝိပဿနာရှုကြပါ၊ လောကမှာ ဘယ်သူမှ မယုံရဘူး၊ ကုဋ္ဌိတက် သွားတာ တောင် လေလည်ပြီး ပြန်လာရတယ်၊ ခန္ဓာ အိမ်ကို အတ္တက ပိုင်တယ်၊ အတ္တက နိဗ္ဗာန်ရောက်တောင်မှ အပိုင်းအခြားနဲ့ နေပြီး ပြန်လာတယ်လို့ ဆိုကြတယ်၊ သေလို့ ဘဝ ပြောင်းတာကို အတ္တက ခန္ဓာအိမ် ပြောင်းတာတဲ့၊ နေရာတကာ စီမံတာတဲ့၊ ဗုဒ္ဓတရားတော်နဲ့ကျတော့ ပြောင်းပြန် ပါပဲ၊ ဗုဒ္ဓတရားတော်က ရုပ်နာမ်သာ ရှိပါတယ်၊ လောက ထဲမှာ လတွေ နေတွေ မထွက်ရင် အားလုံး မမြင်သလို ဘုရား တည်းဟူသော လမင်း နေမင်းသာ မထွက်ရင် ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ် ရယ်လို့ မသိကြပါဘူး၊ တို့တစ်တွေ အကန်းထဲ မပါကြပါစေနဲ့။

**ဘဝသံသရာ ရှည်လျားထွေပြား** မိမိအလိုသို့ လိုက်စေတဲ့ အရာဝတ္ထုက တစ်ခုမှ မရှိပါဘူး၊ ဘယ်နေရာမဆို အနတ္တချည်းပါပဲ၊ စားနေတဲ့အထဲ မစင်ခဲ တွေ့သလို မသိလို့ စားတဲ့ အတ္တထဲ အနတ္တတဲ့ဆိုတော့ "ထွီထွီ"လို့ ဆိုပြီး ဖြစ်ကုန်ကြတယ်၊ လောကကြီးကို ချုံ့ပြီး အထက်ရောက်အောင် လုပ်ပေးကြ၊ တရားပေါက်သွားရင် ခက်မှာပေါ့ဆိုတဲ့ ပုဂ္ဂိုလ်တွေက တရားရသွားတော့ အကောင်းတွေ မခံစားရဘဲ ကျန်ရစ်နေမှာ စိုးလို့တဲ့၊ ဘဝသံသရာဆိုတာက ကရွတ်ကင်းလျှောက်သလို မဆုံးနိုင်ဘူး၊ သာသနာတော်က ပြန်ကောင်းနေသေးတယ်၊ ဘဝသံသရာက အရှည်သဖြင့် ကူးကြရဦးမှာ၊ ဘုရားကို လေးလေးနက်နက်ကြီး ကြည်ညိုပါ၊ သာသနာတော်မှာ ဘာဝနာ မရှိရင် မမွေ့လျော်ပါဘူး၊ သာသနာကို ကိုယ့်အတွက်ကြောင့် မလျော့ပါစေနဲ့၊ သဒ္ဓါ တရားနဲ့လဲ နေကြပါ၊ ဘုရားတရားတွေကို ဘေးဖယ်ထားပြီး ထင်ရာတွေ လျှောက်လုပ်မနေကြနဲ့၊ လိုက်နိုင်သမျှ ကြိုးစားလုပ်ကြပါ၊ တရားတွေက ကောင်းပြီး ဆရာတော်, ဘုန်းကြီး, ဦးပဉ္ဇင်းတွေက မကောင်းဘဲ ဖြစ်နေကြတယ်။

**အလယ်အလတ် ပညတ်ချက်** လူကြီးတွေက နားမလည်ကြလို့ ရဟန်းခံ ရှင်ပြုဆိုတာလဲ အပိုတွေကုန်လို့မတော်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သာသနာမှာ ဟာနေတဲ့ အကွက်တွေကို ကိုယ်တိုင် စွမ်းနိုင်အောင်လုပ်ပြီးဖြည့်စွက်ကြပါ။ သာသနာမှာ ဘုရားက အလယ်အလတ် ပည့်တ်ထားခဲ့တာပါ၊ မျက်စိ မမှောက်ကြ ပါနဲ့။

**ခေါင်းပုံဖြတ်သမားတွေတဲ့** သာသနာမှာလဲ ဂုဏ်တွေ, လာဘ်တွေနဲ့ ဘာတွေမြင်နေကြသလဲ မသိပါဘူး၊ ဘုရားတရားတော်တွေနဲ့ တို့နဲ့ မကိုက်ညီပါဘူး၊ လောကလူတွေက ဘုန်းကြီးတွေကို ခေါင်းပုံဖြတ်သမားတွေလို့ ပြောနေကြပြီ၊ ခုလူတွေက ဘုရားဘက်မှာ အမျိုးမျိုးလျော့လာကြပြီ၊ တို့ကိုယ်တော်တွေကလဲ သူများ ပွဲကတာအောက်က ပါးစပ်ကြီးတွေ ဟဟပြီး ငေးလို့။

**လူတွေမြှောက်တာ အားမကျပါနဲ့** ကျိုယ့်ရပ်ရွာမှာ လောကီဘက်က ကလေးတွေကို ပညာ သင်ပေးဖို့ လိုတယ်၊ ဘုန်းကြီးတွေက ကောင်းကောင်းမွန်မွန် သင်ပေးရင် လူတွေရဲ့ အတန်းကျောင်းတွေထက် သာပါတယ်၊ သာသနာအတွက် ပြုပြင်ဖို့ရာ စိတ်မာန်တက်ကြွထားကြပါ၊ လူတွေ ပြောတော့လဲ ပြောစရာပဲ၊ ဘုန်းကြီးတွေက အလုပ်နဲ့ပြောတာ၊ ဘုရားသာသနာမှာ ဒါလောက် ကောင်းနေလျက်နဲ့ မချီးမြှောက်တဲ့သူကတော့ မသက်သာဘူး၊ လူတစ်ယောက်ဟာ မရိုးဘူးဆိုရင် တစ်ခုခုကိုတော့ ပြောတော့တာပဲ၊ လောကကို အထင်မကြီးဘဲ သံသရာမှာ ဘယ်လိုဆိုတာကို တွေးကြည့်ပါ၊ ဒီဘဝ မသေချာပေမယ့် နောက်ဘဝကတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်လေ၊ ဒကာ ဒကာမတွေ မြွောက်တာကို အားမကျပါနဲ့၊ ကိုယ့်လမ်းနဲ့ကိုယ် သွားကြပါ။

**ကိုယ်မကောင်းတာ ကိုယ်တိုင်ပြုပြင်** ကိုရင်ကြီးတစ်ပါး လူတွေ့ရာ ရှိခိုးနေတော့ ရှင်ဘုရင်က ဦးပေါ်ဦးကို မေးတယ်၊ "ဟဲ့ ပေါ်ဦး...ဟို ကိုရင်ကြီးက လူတွေ့တိုင်း ဘာလို့ ရှိခိုးနေတာလဲကွယ့်"လို့ မေးတော့ ဦးပေါ်ဦးက "မှန်လှပါဘုရား၊ သူဟာ နောက်ဘဝတုန်းက ရှင်ဘုရင်သော်လည်းကောင်း, သာသနာပိုင်သော်လည်းကောင်း ဖြစ်ခဲ့ပါလိမ့်မယ်"လို့ သံတော်ဦးတင်လိုက်သတဲ့၊ ကိုယ်တော်တို့ စိတ်ကို ရှုံ့စရာ မလုပ်ကြပါနဲ့၊ ကောင်းတာဘက် လုပ်ရင် စိတ်ပါ လက်ပါ လုပ်ပါ၊ အရှိန်ရလာတော့ ပျော်လာပြီး မပျင်းတော့ပါဘူး၊ စိတ်က ရင့်လာတော့ ကိုယ့်ကလဲ မြင့်မြတ်ကြီးမားလာတယ်၊ ကိုယ်ကိုယ်ကို မြှင့်တင်ပြကြပါ၊ ခုဘဝကြီးပွားတာဟာ နောက်ဘဝ မပါဘူး၊ အားမကျကြပါနဲ့၊ စိတ်ကို ထိန်းပေးကြပါ၊ စိတ်ကို မနုပါစေနဲ့၊ ရင့်ပါစေ၊ ကိုယ့်စိတ်မကောင်းတာကို သူများပြင်လို့ မရပါဘူး၊ ကိုယ်တိုင်ပြုပြင်ယူမှ ရပါတယ်၊ အစစ အရာရာ ပြုပြင်ပေးကြပါ။

**ပညာ ဘာသာ နှစ်ဖြာစုံမှ** တရားဟောတယ်ဆိုတာ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ်တိုင်လိုက်စားမှ အကျိုးရတယ်၊ ကိုယ်က မလုပ်ဘဲနဲ့ သူများ ဟောနေလို့

www.burmeseclassic.com

www.burmeseclassic.com



အရသာ မရှိဘူး၊ ကိုယ့်စိတ်ကို ကောင်းအောင်ပြင်ပြီး ပြောင်းလဲပေးပါ၊ ဘုန်းကြီးကျောင်းတွေက မည့်ရင်တော့ တိုးတက်လမ်းရှိပါတယ်၊ ကိုယ့်ရပ်ရွာမှာ ပညာတတ်အောင် ကိုယ်တိုင်ကြိုးစားပေးကြပါ။

တို့က မည့်ရင် ရပ်သူရွာသားတွေလဲ မည့်ပါဘူး၊ တို့က ည့်နေလို့ ရွာသားတွေလဲ ည့်နေကြတာပါ၊ ဆရာလုပ်သူဟာ ပညာကလဲ တတ်, ဘာသာရေးဘက်ကလဲ ကျွမ်းကျင်ရမယ်၊ နောက်ဆုံး ဘုန်းကြီးကျောင်းသားတွေက စာမရေးတတ်, မဖတ်တတ်ဖြစ်ပြီး လောကဓာတ်ကျောင်းသားတွေက လွန်တက်ပါလိမ့်မယ်၊ ဘုန်းကြီးကျောင်း ပညာရေးနှင့် လောကဓာတ်ကျောင်းပညာရေးနဲ့စာရင် ဘုန်းကြီးကျောင်းပညာရေးက သာပါတယ်။

**မှုတစ်ခုထားပါ** သာသနာပြုဖို့ရန်အတွက် ပေါ့ပေါ့ဆဆ မနေကြပါနဲ့၊ သာသနာမှာ ဘုန်းကြီးတွေများနေပေမယ့် အလုပ်လုပ်မှ ကောင်းပါတယ်၊ သာသနာမှာ ပေါ့ပေါ့တော့မနေကြပါနဲ့၊ မနေနိုင်ရင် စောစောက လူထွက်ကြ၊ ဘုန်းကြီးကတော့ အားမရပါဘူး၊ သံသရာမှာ အောက်တန်းမကျရအောင် သတ္တဝါတွေအပေါ် သနားတဲ့ မှုတစ်ခုထားပါ၊ မှုတစ်ခုမရှိရင် လူထွက်ချင်နေကြတယ်၊ သူများတွေက မြှောက်နေတာကို သာယာနေလို့ အကျိုးမရှိပါဘူး၊ ဣဿာ,မစ္ဆရိယစိတ်ကို မထားကြပါနဲ့၊ ဘုန်းကြီးက သုခမ္မာ ရွှေကျင်ရယ်လို့ မထားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**လောကကြီးကို မကြောက်ကြနဲ့** ကိုယ်တော်တို့လဲ သုခမ္မာ ရွှေကျင် မထားကြပါနဲ့၊ သာသနာတော်မှာ ဝိနည်းတရားတော်နဲ့ အညီနေရင် ကြည်ညိုတာပါပဲ၊ ဘုန်းကြီးက အားလုံး တပည့်တွေရဲ့အပေါ်မှာ တကယ်ငဲ့ညှာပါတယ်၊ သေမယ့်သေရင် ဘုန်းကြီးကသာ ရှေ့က သေမှာပါ၊ တပည့်တွေ မသေစေရဘူး၊ ဘုန်းကြီးက လောကကြီးကို ပြန်တွေးပြီး မကြောက်ပါဘူး၊ အားလုံးကလဲ မကြောက်ကြပါနဲ့၊ ရှေးသူတော်ကောင်းတွေကို ကြည့်ပြီး နေကြပါ။

**ကုသိုလ်ဒါန ဘဝတိုင်းပါ** စိတ်တစ်ခုကိုသာ စောင့်စည်းကြပါ၊ "စိတ်ထားတတ်တော့ မြတ်တယ်"ဆိုတာလို ကိုယ်က ယူစားရတဲ့ဘက်ကနေတော့ ကောင်းကောင်းနေမှတော်ကာကျမယ်၊ တိုက်တွေ အိမ်တွေ ပစ္စည်းတွေဆိုတာက တစ်ဖက်ဘဝကို မပါဘူး၊ ကုသိုလ်ဒါနကတော့ နေရာတိုင်း ဘဝတိုင်းမှာ ပါပါတယ်၊ သူများပို့တဲ့ ကုသိုလ်ကို ကိုယ့်အတွက်ကြောင့် အလှူရှင်တွေ အရေအတွက် မလျော့စေနဲ့။

**ဘယ်သူမှ မခယ** ဒါနပြုတယ်ဆိုတာ သာသနာတွင်းရောက်အောင်ပြုမှ ကောင်းတယ်၊ အလှူရှင်ဆိုတာ ဒါနသက်သက်နဲ့ မပြီးစေနဲ့၊ သာသနာပြုဒါနလို့ ရည်ရွယ်ချက်ထားကြပါ၊ အလှူရှင်ကရော အလှူကို ခံယူတဲ့သူကရော နှစ်ဖက်ကကောင်းမှအကျိုးရပါတယ်၊ကုသိုလ်ပြုရင်တစ်ခုတည်း

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ကြနဲ့၊ ဘာဝနာနဲ့ ဆိုင်ရာသီလနဲ့ အမြဲ ပွားပေးကြပါ၊ သာသနာပ,က လူတွေကို မပြိုင်ကြပါနဲ့၊ ဘယ်နေရာမဆို တရားသဘောနဲ့ မလွတ်အောင် ပြုတတ်ပါစေ၊ လောကမှာ ဂုဏ်ကို ရဖို့ထက် ရလာတဲ့ဂုဏ်ကို စောင့်ရှောက်ဖို့က ခက်ပါတယ်၊ ဘုန်းကြီးက တာဝန်ဝတ္တရားကို ကျေစေချင်တယ်၊ ဘုန်းကြီးရှေ့မှာကတော့ စောင့်ရှောက်ပါ့မယ်၊ တခြားမှာတော့ မတတ်နိုင်ဘူး၊ ဘုန်းကြီးက ငယ်ငယ်ကလဲ ဘယ်သူ့မှ ဂရု မစိုက်ပါဘူး၊ ဘယ်သူ့မှလဲ မခယပါဘူး၊ ကိုယ်တိုင်ကို တက်လာတာပါ၊ ဒကာ ဒကာမတွေကိုလဲ မခ,ခဲ့ပါဘူး၊ ခုအထိပါပဲ။

**ဉာဏ်မကူ တက်လမ်းမရှိ** လူတွေက တရားကို တွေးတော့ ကာမဂုဏ် စိတ် လျှော့သွားမှာ စိုးလို့တဲ့၊ တရားနဲ့ ဝေးကွာနေကြတယ်၊ ဒီလူတွေဟာ သံသရာမှာ ရှောင်ကွင်းနေမယ့် အို, နာ, သေဘေးဆိုတဲ့ တရားကတော့ မလွတ်ပါဘူး၊ လူတွေက ရှေးကနဲ့ မတူတော့ဘူး၊ ခုခေတ်က အပျော်လိုက်စားနေတာက များကြတယ်၊ '**အာရောဂျ ပရမံ လာဘံ**'ဆိုတာလို ကျန်းမာခြင်းဆိုတာ လာဘ်ကောင်းတစ်ခု ပါပဲ၊ ရောဂါကို မဖြစ်အောင်လဲ တားပေးကြပါ၊ ဖြစ်ရင်လဲ အမြန် ကုပေးကြပါ၊ မကုရင် ဘဝသံသရာမှာ အပျင်းထူပြီး ဉာဏ်မကူဘဲ တက်လမ်းမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ကျန်းမာရေး ဆေးနည်းလင်္ကာ** လူတစ်ယောက်ဆိုတာ ကံချည်းလည်း မယုံရဘူး၊ ကံတစ်ခုတည်း ပစ်မထားရဘူး၊ ဉာဏ်, ဝီရိယကလဲ ကူပေးမှ သင့်ပါတယ်၊ ခုခေတ် လူတွေက အအိုကလဲ မြန်, ရောဂါကလဲ များ, အစားအသောက်လဲ ညံ့, အနေအထိုင်ကလဲ မဆင်ခြင်တော့ အသေအပျောက်တွေ များလာတယ်၊ ဒါကြောင့် ဆေးနည်းကို မှတ်ထားကြ ....

"ဆေးနည်းလင်္ကာ"

အာ–ဥ စိတ်–ကံ၊ သမုဋ္ဌာန်ကြောင့်၊
ဝိပလ္လာသော၊ ရုပ်သဘောကား၊ ဒုက္ခော
နေမှု၊ ဆိုးဖြူ နှာရှူ၊ တင်းမှု လက်ယာ၊
အေးစာ ဆက်သွင်း၊ တိုးတက်ခြင်းဖြင့်၊
စစ်ရင်းလေးဖြာ၊ အိပ်ခါစားဝင်၊
ဝမ်းလျှော် ချုပ်ဘိ၊ အဇ္ဈတ္တိက၊ လွန်ခွင့်ကျရှင့်၊
တာပ ကာယေ၊ မုခေ ပုတိ၊ ခံ၏ ဦးခေါင်း၊
လွန်ပေါင်း ဗဟိဒ်၊ သိတ ဆိတ်တည်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခိတ်ညှဉ့်ယံ၊ ကုတ္တံ့ပိတော၊ အာကြော ဗယ်တင်း၊
ပူပြင်း ဟာရ၊ မိုဝဲမျှမှာ၊ သဲကြွေရောဂါ၊
စစ်ရင်းမှာဝယ်၊ နိဒ္ဒါဘုဇ၊
နှစ်လိုလှလျက်၊ ချုပ်ထ ကျင်ကြီး၊ လွန်ပြီး အဖျှတ်၊
အေးလတ် ကိုယ်ရေ၊ ပုပ်တွေ ခံတွင်း၊
ခေါင်းကိုက် ညှဉ်းသော်၊ လွန်မင်း ဗဟိဒ္ဓ၊
ကြောင်းဥဏှာသည် ... ကျိုးပြခတ်သိ သေရာတည်း။

**(မြောင်းမြဆရာတော်ထံမှ)**

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၆)
(၁၉၈၂၊ ဩဂုတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ရှိအောင်နေ

**ရှေ့တစ်မျိုး ကွယ်ရာတခြား** သာသနာမှာ ဆောက်တည်ရာမရရင် မနေသင့်ပါဘူး၊ ကိုယ့်အသက်နဲ့ ကိုယ့်အရှယ်ကို ဆုံးဖြတ်ကြပါ၊ လူတွေရဲ့ရှေ့မှာ ဟန်ဆောင်လုပ်ပြီး တခြား ကွယ်ရာမှာ လုပ်ချင်ရာ လုပ်နေရင် မကောင်းဘူး၊ ဘုန်းကြီးက သူတော်ကောင်းတွေကို စုနေတာပါ၊ ဒကာဒကာမတွေက ကြည်ညိုကြတယ်၊ သူတို့ဘက်က ကြည်ညိုသလောက် ကိုယ့်ဘက်ကလဲ ကောင်းရမယ်။

**ရွှေမချရသေးလို့** တို့ ရာမလက္ခဏာဇာတ်ခင်းတော့ သမင်လုပ်သူက အသားကလဲ မည်းပြီး သမင်မြည်သလို 'ဗိုလ်တိုတောက်, 'ဗိုလ်တိုတောက်, ဗိုလ်တိုတောက်'လို့ သုံးလေးခါလောက်မြည်ပြီး လျှောက်သွားနေရာ သီတာဒေဝီနဲ့ ရာမကထွက်လာ၊ သမင်ကိုမြင်တော့ သီတာဒေဝီက သမင်ကို ဖမ်းပေးရန် ပူဆာတာ သမင်လုပ်သူက ကြားတော့ "ဖမ်းမှာဖြင့် ဖမ်းကြနော်"လို့ ပြောတယ်၊ သီတာဒေဝီက ပူဆာလွန်းတော့ ရာမက ဖမ်းမယ်လို့ အနားသွားပြီး သမင်လုပ်သူရဲ့ လက်ကိုင်ကာ သီတာဒေဝီကို ပြောတယ်၊ "နှမတော်ရဲ့ သမင်က အသားကလဲ မည်းလှပါလား"လို့ ဆိုလိုက်တော့ "ရွှေသမင်က ရွှေမချရသေးလို့ပါ၊ ခုမှ သစ်စေးသုတ်ထားတုန်း ရှိပါသေးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**ကာမဂုဏ်တရား ရှောင်ကြတိမ်းကြ** သာသနာမှာ သေသေသပ်သပ် နေကြပါ၊ မနေသူဟာ သဒ္ဓါတရားမရှိလို့ဆိုပြီး ယူဆရလိမ့်မယ်၊ ကဿပ ဘုရားရှင်နောက်ပိုင်းသာသနာမှာ ကောင်းရာ မရောက်ကြပါဘူး၊ ကုန်ရောင်းတဲ့သူလို အရင်းပြန်ရအောင်လို့တော့ မလုပ်ပါဘူး၊ အမြတ်ရချင်လို့ ကုန်ရောင်းနေတာပါ၊ သာသနာမှာလဲ အမြတ်ရချင်လို့ သာသနာဝင်ပြီး သင်္ကန်းဝတ်လာကြတာ၊ သာသနာမှာ အမြတ်မရဘဲ လူပြန်ဖြစ်တောင် ခုဘဝထက် ကောင်းမှ တော်မယ်၊ ဘုန်းကြီး ဝတ်ပြီး အမြတ် မရဘဲ အကုသိုလ်တွေ ယူသွားရင်တော့ အမြတ်မရတဲ့ ကုန်သည်လို အမြတ်မရတဲ့ လူ့ဘဝ ဖြစ်ရတာဟာ ဘဝမှ အနှစ်သာရ ရှိမှာ မဟုတ်ပါဘူး၊ ဒီလို နေရာမျိုးမှာ သူတော်ကောင်း မဖြစ်ရင် ဘဝက ပါရမီနဲ့ ခတ်မတည့်ဘူးလို့ ယူဆရမယ်၊ ကာမဂုဏ် တရားတွေကို ရှောင်တိမ်းနိုင်သမျှ ရှောင်တိမ်းကြပါ၊ အားလုံး မပယ်နိုင်သေးသော်လဲ နည်းနည်းပယ် နည်းနည်းပေါ့ပါ တယ်၊ ဒီလိုပဲ ကြိုးစားရင် ဖြစ်နိုင်ပါတယ်၊ ကျန်းမာရေးလဲ ဂရုစိုက်ကြပါ။

**စာတတ်ကျိုး မနုပ်** ကျောင်းတိုက် တစ်ခု တည်တဲ့ နေရာမှာ ဆွမ်းခံဖို့ရာ မြို့ရွာနဲ့လဲ မနီးမဝေး ဖြစ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဣလ္လာ, မစ္ဆရိယလည်း မများကြနဲ့၊ အစားအစာ စားရာမှာလဲ သတိထား စားရမယ်၊ ဘုန်းကြီးက သံဃာတွေနဲ့ ညီညီမျှမျှ နေပြီး ဘုရားသာသနာကို အားကုန်ကြိုးစားနေတာပါ၊ ဘုရား ကြည်ညိုတာက စိတ်ပါဝင်စားပြီးမှ ကြည်ညိုရတယ်၊ ဘုရား အလုပ်ကိစ္စ လုပ်တဲ့နေရာမှာ စေတနာရှိရှိနဲ့လဲ လုပ်ပေးကြပါ၊ စာချဘုန်းကြီးတွေ, ကျောင်းတိုက် ဝန်ဆောင်တဲ့ပုဂ္ဂိုလ်တွေက ကျန်းမာရေးကို ဂရုစိုက်ကြပါ၊ ကျန်းမာရေး မကောင်းရင် စာတတ်ကျိုး မနပ်ဘဲ ဖြစ်ရပါတယ်။

**နှုတ်ခမ်းပွဲချင်း မီးမှုတ်နေကြ**

ဒကာတစ်ယောက်က သူကြည်ညိုတဲ့ ဘုန်းကြီးဆီ သွားတော့ ကျောင်းမှာ မတွေ့တဲ့အတွက် နောက်တစ်နေ့ သွားတဲ့အခါ "အရှင်ဘုရား ကျောင်းမှာ မနေ့က မတွေ့ ပါလား"လို့ လျှောက်တော့ ဘုန်းကြီးက "ဒကာရဲ့ ဘယ်တွေ့ ပါ့မလဲ၊ ငါ လိပ်ဥစားချင်လို့ လိပ်ဥသွားတူးနေတာကိုး"လို့ ပြန်ပြီးပြောလိုက်တယ်၊ ဒီတော့ ဒကာက "အင်းပေါ့ဘုရား၊ ဒီလိုလဲ တစ်ခါတစ်ရံ ကိုယ်တိုင် ကြိုးစားဦးမှပေါ့"လို့ လျှောက် ထားတယ်၊ ဘုန်းကြီးတစ်ပါးကတော့ ကိုယ်တော်တစ်ပါးကို အာပတ်နဲ့ စွပ်စွဲတယ်– "ကိုယ်တော် ဟိုတစ်နေ့က ငါးဖမ်း နေတယ်" လို့၊ အစွပ်စွဲ ခံရတဲ့ ကိုယ်တော်က "ကိုယ်တော် ဘယ်ကနေ မြင်တာလဲ" လို့ မေးလိုက်တော့ စွပ်စွဲတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်က "တပည့်တော် ပျားဖွပ်ရင်း မြင်တာပါဘုရား" လို့ လျှောက်ထားသတဲ့၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေကြတာ။

**ကိုယ့်ဘက်က ပြည့်စုံပါစေ** ဘုရား၊ တရား၊ သံဃာနဲ့ စပ်တဲ့နေရာ အစည်းအဝေးပွဲ၊ ရှိသေရမယ့်နေရာတိုင်းမှာ ရှိရှိသေသေ လုပ်ရမယ်၊ ဘုရားကိစ္စဆိုတာ စိတ်ပါလက်ပါ လုပ်ရတယ်၊ ဘုရားရှေ့ချထားတော့ အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် လျှုဒါန်းတဲ့ နဝကမ္မများဖြင့် ဘုရားကို ရှေ့သက်န်းကပ်လှူပါသည်လို့ သက်တော်ထင်ရှား မြတ်စွာဘုရားကို မှန်းပြီး ပူဇော်လိုက်ပါတယ်၊ ကုန်ကျစရိတ်က များတော့ များတယ်၊ ဒါပေမယ့် ပူဇော်လိုက်ရတဲ့ ကုသိုလ်စေတနာတွေက လူ့ချမ်းသာ နတ်ချမ်းသာတွေထက်မက အထက်နိဗ္ဗာန်ထိအောင် ပို့ဆောင်နိုင်ပါတယ်၊ အခုဆို ဒကာဒကာမတွေ ကြည်ညိုတာက များလာတယ်၊ နေရာတကာမှာ ပြုပြင်မှုဆိုတာ လိုတယ်၊ ကိုယ်က စိတ်ကောင်း ရှိပေမယ့် ဆရာကောင်း မိဘကောင်းနဲ့ မနေခဲ့ရတာက တစ်ကြောင်း၊ ဆရာ မိဘနဲ့ နေရပေမယ့် သူတို့က နားမလည်တာက တစ်ကြောင်း တပည့်တွေမှာ ညံ့နေကြတယ်၊ သာသနာမှာ ကောင်းကောင်းမနေဘဲ တော်သလိုသာ နေမယ်ဆိုရင် ကိုယ့်ဘဝ ကောင်းရာ ရောက်နေပေမယ့် ဘဝသံသရာမှာ ကျတော့ မဖြောင့်ပါဘူး၊ ကိုယ့်မှာ သီလ စင်ကြယ်နေတော့ သေရမှာ မကြောက်ပါဘူး၊ ကိုယ့်ဘက်က ပြည့်စုံနေဖို့ လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပျက်စရာတွေ အဖုံဖုံ** သာသနာမှာ စိတ်ကောင်းတဲ့ သူတွေ ရှိပါတယ်၊ ကိုယ့်ရဲ့မိဘဆွေမျိုးတွေကို ပြင်နိုင်သမျှ ပြင်ပေးကြပါ၊ နောက်ဆုံးမှာ ရည်ရွယ်ချက်ထားရမယ်၊ ကိုယ်က အကြီးအကဲ လုပ်တဲ့အချိန် ကိုယ်ကလဲ မလစ်ဟင်းဘဲ ဒကာ ဒကာမတွေကို တရားစကား ပြောဟောပြီး ကိုယ့်သိက္ခာနဲ့ကိုယ် နေရမယ်၊ ဒီလိုမှ မစွမ်းနိုင်ပါဘူးဆိုရင် ကိုယ်တစ်ပါးတည်း တောကျောင်းမှာ ပရိယတ် ပဋိပတ် ပဋိဝေဓဆိုတဲ့ အကျင့်တွေနဲ့ နေပေါ့၊ လောကကြီးက ပျက်စရာတွေ အများကြီးပါ၊ "ရှင်ဖျက်တော့ ဇေဂ်, ဓားဖျက်တော့ ဝါးမြှက်, လူဖျက်တော့ အရက်"လို့ ဆိုကြတယ်။

**အတုမရှိသော** ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်ကြီးက ပညာအရာမှာ တေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာတောင် မလိုက်နိုင်ပါဘူး၊ သမုဒ္ဒရာ ရေပြင်နက်ကြီးထဲမှာ လိုက်ပြီး တိုင်းထွာနေတဲ့သူလို မကုန်နိုင်ပါဘူး၊ မဆုံးနိုင်ပါဘူး၊ ဥပမာ လူတစ်ယောက် ကောင်းကင်ကြိုးနဲ့ ကောင်းကင်ကြီးကို အကျယ်အဝန်း ဘယ်လောက်ရှိတယ်ဆိုတာ တိုင်းတာမယ်ဆိုရင် တိုင်းတာလို့ ရနိုင်ပါသေးတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတဉာဏ်တော်ကိုတော့ ဘယ်ပေကြိုးနဲ့မှ တိုင်းတာလို့ မရဘူး။

**ဆင်းရဲချမ်းသာ မရွေးပါ** ကိုရင်လေးတွေ ဘုရားစိန်ဖူး တက်ဖူးကြတယ်၊ ဘုရားမှာက စိန်ဖူး မတပ်နိုင်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖူးပဲ တပ်ထားနိုင်ပါတယ်၊ ဘုရားရဲ့ ကရုဏာတွေက အားလုံး ဆင်းရဲ ချမ်းသာ မရွေးပါဘူး၊ အားလုံးရဲ့အပေါ်မှာ ပျံ့နှံ့စေပါတယ်၊ သံသရာထဲမှာ ကျင်လည်နေတဲ့ သတ္တဝါတွေရဲ့ အပေါ်မှာ ကရုဏာတော်ကို ထားရှိတော်မူပါတယ်၊ ဘုရားသာသနာတော်ကို ဂုဏ်ရှိအောင် နေကြပါ၊ အားလုံးတိုင်းသူ ပြည်သားတွေရဲ့ ဦးတိုက် ရှိခိုးရာ သာသနာကြီး ဖြစ်စေချင်ပါတယ်။

**သေခြင်းတရား မလွန်ဆန်နိုင်** စာသဘောကို လေးလေးနက်နက် သိတော့ ဘုရားကို အလွန် ကြည်ညိုလာပါတယ်၊ ခုတော့ စာတွေတော့ တတ်ကြပါတယ်၊ စာတတ်တဲ့အတိုင်း မကျင့်ဘဲ ဘောပွဲ၊ ရုပ်ရှင်ပွဲတွေချည်း သွားနေကြတယ်၊ တရားနဲ့ သူတော်ကောင်းစိတ်ရှိကြမှ ကောင်းတယ်၊ အတွင်းက ဟန်ဆောင်မလုပ်ကြပါနဲ့၊ သူတော်ကောင်းအဖြစ်နဲ့ ကောင်းကောင်းနေရင် အကျိုးရပါတယ်၊ သာသနာက ဂုဏ်မတိုးဘဲ ဂုဏ်ညှိုးနေပါတယ်၊ သာသနာ ကောင်းချင်လျက်နဲ့ ဘုန်းကြီးတို့ဘက်က လိုနေလို့ ဆုတ်နေတာပါ၊ တစ်ခါက ဘုန်းကြီးကို ဗေဒင်ဆရာတစ်ယောက်က လာဟောသွားတယ်၊ ဘုန်းကြီးကို မသေဘူးလို့ ဟောသွားတယ်၊ ဟောပေမယ့် လောကထဲမှာ သေဖို့ရာ ဖြစ်ပြီဆိုရင် သေရမှာပဲ၊ ဒါကြောင့် ဘုန်းကြီးက ဘာသံယောဇဉ်မှ မထားပါဘူး၊ တစ်သာသနာလုံးနဲ့ နိုင်ငံကောင်းဖို့သာ ရည်မှန်း လုပ်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**အနှစ်သဘော မသိကြ** ဘုန်းကြီးတွေကြောင့် သာသနာ ကောင်းလာရင် ကြည်ညိုလာမယ်၊ ဘောပွဲ, ရုပ်ရှင်ပွဲ နေရာတကာ တလားလားလုပ်ပြီး လောင်းကစားနေရင်တော့ မကြည်ညိုပါဘူး၊ စိတ်နေစိတ်ထားနဲ့ ကျန်းမာရေး အစစ အရာရာ ကောင်းရင် နိုင်ငံ တိုးတက်ပါတယ်၊ ဘုန်းကြီးတွေ သဘောမပေါက်ကြတာ ရှိသေးတယ်၊ တို့ဘုန်းကြီးတွေက ဘုရားပွဲတွေလုပ်, ရွာထဲက မရှိမဲ့ ရှိမဲ့ တောင်းလို့ ဒကာ ဒကာမတွေက စုပေးရတယ်၊ ပြီးရင် ဟင်းကောင်းကောင်း စားပြီး သင်္ကန်းကို ခြေကန်အိပ်နေကြတယ်၊ ကျက်သရေခန်းကလဲ ကျက်သရေခန်း မဟုတ်ဘူး၊ ကြွက်သေခန်း ဖြစ်ပြီး ပုပ်စော်နံလို့၊ သင်္ကန်းတွေကလဲ တိုးလို့တွဲလွဲ ရှုပ်ပွပြီး ထွေးနေတာပဲ၊ ပွဲဆိုတော့ ပွဲကြည့်သူတွေက ပြင်ဆင်လာကြ၊ ပွဲလဲ ကြည့်လိုက်, ကောင်မလေးတွေလဲ ကြည့်လိုက် ပေါ့လေ၊ ဒီပွဲခင်းက မနက်ကျတော့ ချေးပုံတွေနဲ့ သေးကွက်တွေနဲ့ ဘုရားဝင်းထဲ ပြည့်လို့၊ ဒါကို သူတို့က သဘော မပေါက်ကြဘူး။

**မသိသူကျော်သွား** သံဃာယနာတင်ဖို့ဆိုပြီး ရန်ကုန်သွားတော့ ကြွလာတဲ့ပုဂ္ဂိုလ်တွေက ရထားအထူးခန်း စီးပြီး လာကြတယ်၊ ဘုန်းကြီးကတော့ ရိုးရိုးတန်းနဲ့ပဲ ရန်ကုန်ရောက်သွားတယ်၊ ရန်ကုန်ရောက်တော့ ဘုန်းကြီးကို မမြင်ဖူးတဲ့သူတွေက ဘယ်ဟာ ဦးဇနကလဲ ဘာလဲနဲ့ မေးကြတော့ သိတဲ့ သူတွေက ပြောတော့မှ တချို့ သိကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာတစ်ယောက် သံဃာနာတင်လာတဲ့ ပုဂ္ဂိုလ်တွေကို ပန်းကုံးစွပ်မလို့ လာတော့ ဘယ်သူ့ စွပ်ရမှန်း မသိဘူး၊ နောက်တော့ ဘုန်းကြီး လာစွပ်ပါရောဗျာ။

**အပြီးသွားကြ** တစ်ခါက ရွှေကျင်ဆရာတော်ကြီးတစ်ပါးက နေ့လယ်စာချတော့ သူ့တပည့်တွေ ပွဲမကြည့်ရန် ဩဝါဒပေးလိုက်ရာ ညကျတော့ ကိုယ်တော်နှစ်ပါးက ဆရာတော် အိပ်နေတဲ့ ခေါင်းရင်းကနေပြီး ဆရာတော်ဘွဲ့ကို ခေါ်ပြီး တပည့်တော်တို့တော့ မနေနိုင်လို့ သွားလိုက်ဦးမယ် ဆိုပြီး ဖိနပ်ကလေး တပျတ်ပျတ်နဲ့ ထွက်သွားကြရော၊ မင်းတို့လဲ မနေနိုင်ရင် သွားကြပေါ့ကွာ၊ ဒါပေမယ့် ဒီတိုက်က တော့ အပြီး သွားကြရမယ်။

**အခွင့်သာရင် လုပ်ရမယ်** ရွှေကျင်တိုက်အနီး တစ်ခါက အငြိမ့်ပွဲတစ်ခု ရှိတော့ လူရွှင်တော်တစ်ယောက်က "ရွှေကျင်မှန်သမျှ ခေါင်းမြီးခြုံကြပါဘုရား"လို့ လှမ်းအော်လိုက်တော့ ကိုယ်တော်တွေအားလုံး ခေါင်းမြီးခြုံလိုက်ရာ လူရွှင်တော်က "ရွှေကျင်တော့ ဒီလောက် မများတန်ရာကောင်း ပါဘူး"လို့ ပြက်လုံးထုတ်လိုက်သတဲ့၊ ပွဲကျတော့ လူတွေက ကိုယ့်ထိုင်ခုံနဲ့ ကိုယ့်အတွဲနဲ့ စောင်ခြုံပြီး ဖိမ်နဲ့ကြည့်ရတာ၊ တို့ကိုယ်တော်တွေက ဖိနပ်ကလေး ဖင်ခုထိုင်ပြီး သင်္ကန်းလေး ခေါင်းမြီးခြုံ၊ တစ်ယောက်တည်း အောက်က ငေးပြီးတော့ မော့ကြည့်လို့၊ ဘုန်းကြီးက အခွင့်မသာသေးလို့၊ တစ်နေ့ကျ

www.burmeseclassic.com

www.burmeseclassic.com



အခွင့်သာရင် လုပ်ရသေးတာပေါ့၊ ဗေဒင်ကလဲ မသေသေး ဘူးလို့ ဟောထားတယ် မဟုတ်လား။

**အလိုလို သိဒ္ဓိပြီး** ဘုရားတရားတော်က ကျင့်တဲ့သူမှ အကျိုး ရတာပါ၊ ကျင့်တယ်ဆိုတာ အစားစား ရှိ ပါတယ်၊ အစားစား ကျင့်ရလို့လဲ ချမ်းသာရာမှာ အစားစား ချမ်းသာနေပါတယ်၊ ဘုရားတရားတော်က ကျင့်နေတုန်း အကျိုး မရပေမယ့် အခွင့်သာတဲ့အခါတော့ အလိုလို အကျိုး ရလာတာပဲ၊ အိမ်ထောင်ရေးတစ်ခုမှာ နှစ်ဦးသဘောတူဖို့ လိုတယ်၊ ယောက်ျားက ဒါန, သီလ, ဘာဝနာနဲ့ ပြည့်စုံပြီး အိမ်ရှင်မက မပြည့်စုံခဲ့ရင် အိမ်ရှင်က နတ်သားနဲ့ တူတယ်၊ အိမ်ရှင်မက သူသေနဲ့ မထူးပါဘူး၊ နှစ်ဦးစလုံးက ပြည့်စုံနေ ရင်တော့ ပြောစရာမရှိ ကောင်းတာပါပဲ၊ နှစ်ဦးစလုံးက ဒါ တွေကို မေ့လျော့နေရင် နှစ်ဦးစလုံးဟာ အသေပါပဲ၊ မြန်မာ တွေက အလှူဒါန အကြီးအကျယ် ပေးလှူမှ သဒ္ဓါတရား ရှိ တယ်လို့ယူဆကြတယ်၊ သဒ္ဓါတရားဆိုတာ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်တာကိုပဲ သဒ္ဓါတရား ရှိသူလို့ ဆိုရ ပါတယ်။

**လေးပုံထဲက ဝေခြမ်းလှူ** လူတွေက အကျင့်သိက္ခာနဲ့ နေသူကို ကြည်ညို ကြတယ်၊ ဒီဘဝမှာလဲ လက်တွေ့ ဖြစ်တယ်၊ ဘုရားသခင်ကတော့ အမျိုး, ရုပ်, ပစ္စည်း အစစ အရာရာမှာ ပြည့်စုံခဲ့တယ်၊ ဒီပြည့်စုံတာတွေကိုပဲ စွန့်ပယ်ခဲ့ တယ်၊ မြတ်စွာဘုရားက လှူဖို့ရန်ကိုပဲ မဟောခဲ့ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကို လေးပုံ ပုံ၊ သင်စားဖို့က တစ်ပုံ၊ အရေးအကြောင်း ပေါ်ရင် သုံးဖို့က တစ်ပုံ၊ တရားသဖြင့် ကူးသန်းရောင်းဝယ် ဖို့က တစ်ပုံ၊ မြေမြှုပ်နှံဖို့က တစ်ပုံ၊ တစ်ပုံမှ လှူဖို့ မပါပါဘူး၊ လှူတယ်ဆိုတာ ဒီအပုံကြီးလေးပုံထဲက တတ်နိုင်သလောက် ဝေခြမ်းပြီး လှူရပါတယ်။

**စင်ကြယ်မှကောင်း** ရေးက ဒါန, သီလ, ဘာဝနာ မပါရင် ခုဘဝမှာ မွေးကတည်းက အဆင်မပြေ ပါဘူး၊ ရှိတာတွေကို အကုန်သိမ်းလှူရမှာ မဟုတ်ပါဘူး၊ တတ်နိုင်သလောက်ကို ဆိုလိုတယ်၊ ပေးလှူတဲ့နေရာမှာလဲ ချိုချိုသာသာ ပေးလှူရတယ်၊ လှူဖို့ရာ လက်ကို အမြဲတမ်း ဆေးထားရတယ်၊ လှူတဲ့နေရာမှာလဲ စင်ကြယ်မှာ ကောင်းပါ တယ်၊ စကားကိုလဲ ချိုသာပါစေ၊ စိတ်ကလဲ ကောင်းနေတော့ ပေးရတာကို လက်က ရဲပြီး ပျော်နေတယ်။

**သည်းခံနေရင် နိုင်မြဲပဲ** တစ်ဦးနဲ့တစ်ဦးလဲ အလိုလိုက်ပြီး အရာရာမှာ သည်းခံရတယ်၊ ဘုရားတရားတော်က သင့် တော်ရုံသာ ဟောတော်မူခဲ့တာပါ၊ တရား သဖြင့် ပစ္စည်းရှာ, အသုံးလဲနည်း, ရတာကို စုဆောင်း၊ ဒါမှ ဥစ္စာဆိုတာ မလျော့တာပါ၊ **"အမိတ္တာ ဒုမ္မနာ ဟောန္တိ"**တဲ့၊ သူများ ချစ်ခင်နေတာ, ပစ္စည်း ပေါတာ, ရုပ် ချောတာ, အထက်တန်း ရောက်နေတာကို မနာလို ဝန်တိုသူတွေက များတတ်ပါတယ်၊ ဒါကို ပြန်ပြီး ပြောဆို ဝန်တိုနေဖို့ မလို ပါဘူး၊ သည်းခံနေရင် နိုင်မြဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**အမျိုးကို ထိန်းပါ** အရှင်မဟာကဿပနဲ့ မယ်ဘဒ္ဒါတို့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ခဲ့ကြပြီး ဗြဟ္မာ့ပြည်က လူ့ပြည်ရောက်တော့ သူတို့နှစ်ဦးဟာ စိတ်ချင်းကလဲ တူ၊ သဘောချင်းကလဲ တူ၊ ဘုရားလက်ထက်ကျတော့ ကျွတ်တန်းဝင်ကြတယ်၊ သာသနာက ကြီးကျယ်တယ်၊ မြင့်မြတ်တယ်၊ ပထမသံဂါယနာတင်တာက အရှင်မဟာကဿပ၊ အမျိုးကို ထိန်းပါ၊ နောက်ဆုံး တရားရဖို့ကိုသာ ရည်မှန်းပါ၊ ကိုယ့်ကိုယ်ကို နေတတ်, သံသရာ သွားတတ်, နိဗ္ဗာန်အထိ သွားတတ်ပါစေ၊ အားလုံးစိတ်ချရအောင် ကြိုးစားကြပါ၊ ဘုရားသံခင်က အိမ်ထောင်ရေးတောင် မလစ်လပ်ရပါဘူး၊ တရားကို သူ့နေရာနဲ့သူ ဟောတော်မူတယ်၊ အိမ်ထောင်ရေးဆိုတာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေပြီး ပစ္စည်းကိုလဲ တရားသဖြင့် ရှာလို့ ရေကန်ကြီးတစ်ကန်လိုပေါ့၊ ရေကန်ကြီးတစ်ကန်ဟာ လေးဖက်လေးတန်က အပေါက်ဖောက်ထားပြီး ရေလိုရင်သွင်း, ပိုတဲ့အခါ လွှတ်ပေးရသလို အိမ်ထောင်ရေးတစ်ခုမှာလဲ စီးပွားရေးကလဲ ပြည့်စုံ, သီလကလဲ ရှိ, လှူရမယ့်နေရာမှာ လှူလို့၊ ဒီလို နေကြပါ။

**ကိလေသာနယ်ထဲ တစ်ဝဲလည်** ခန္ဓာကိုယ်ဆိုတာ အိုးလိုပါပဲ၊ မခိုင်ခံ့ပါဘူး၊ ကျောင်းတွင်း, မြို့တွင်း, အိမ်တွင်းဆိုတာ ပြင်ရတယ်၊ ကိစ္စတစ်ခုမှာ စိတ်ထားတတ်ဖို့က အလွန်အရေးကြီးပါတယ်၊ ဘုရားပန်းလှူတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူချင်းပဲ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး၊ ကံအကျိုးပေးကျတော့လဲ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး၊ ဘုရားဝတ်ပြုတယ်ဆိုလဲ ကိုယ်ထိလက်ရောက် ပြုတဲ့သူနဲ့ ဘေးကကြည့်ညိုတဲ့သူနဲ့ တစ်မျိုးစီပါပဲ၊ ရောဂါရတယ်၊ အိုလွယ်တယ်ဆိုတာ စိတ်က မခိုင်ခံ့စလို့ပါ၊ မရှိတဲ့ အကုသိုလ်၊ ကိလေသာတွေကို တရားနဲ့သာ မစဉ်းစားရင် တိုးလာပါတယ်၊ စစ်တိုက်တဲ့ စစ်ဗိုလ်ကြီးဟာ အောင်ပြီးတဲ့နေရာကို မစောင့်ရှောက်ရင်သူများလက်ထဲ ပြန်ရောက်သွားတာပဲ၊ ဒီအတိုင်းပါပဲ၊ ရပြီးတဲ့ကုသိုလ်တရားတွေကို မစဉ်းစားလို့ရှိရင် လျော့လာပြီးကိလေသာနယ်ထဲ ပြန်ရောက်သွားတာပါပဲ။

**အရမ်းမြှောက်တော့ အရမ်းပျက်** တရားတွေက မြင့်မြတ်ပါတယ်၊ စိတ်ကို မြှင့်ကြပါ၊ ဝိပဿနာပညာကို လက်ကိုင်ပြုပြီး ကိလေသာသူပုန်တွေကို သတ်ဖြတ်ကြပါ၊ ကိုယ်တိုင်ကလဲ ထိန်းပေးကြပါ၊ ကျောင်းတိုက်တစ်ခုမှာ အစကတော့ ဒကာ ဒကာမတွေ တရုန်းရုန်းနဲ့၊ နောက် ဒကာ ဒကာမတွေ မရှိတဲ့အခါကျတော့ ဘုန်းကြီးတွေက ပျင်းပြီး လူထွက်ကြပါရော၊ တချို့ဆရာတွေက စာတော်တဲ့ တပည့်ဆိုရင် သီးခြား ချီးမြှောက်လေ့ ရှိကြပါတယ်၊ ရွက်အုပ်သီး ဖြစ်နေတဲ့ တပည့်ကိုတော့ မသိကြဘူး၊ အရမ်းမြှောက်ကြတော့ အရမ်းပျက်ကြပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



**စာဝါနားလို့ ငေါက်ခံရ** မြောင်းမြ ယခင် ဆရာတော်ကြီးက တပည့်တွေကို အခါမဟုတ်ဘဲ စာဝါ ပိတ်ရမလား ဆိုပြီး ငေါက်လေသတဲ့၊ "ဒီကောင်တွေ သူများ သီတင်းကျွတ် စာဝါနားတယ်ဆိုတာက ဒကာ ဒကာမတွေကို သီလပေးရ, တရားစကား ဟောပေးရန့်၊ အလုပ်များလို့ စာဝါ ပိတ်ရတာ၊ ခုတော့ သူတို့ဆီကို ခွေးတစ်ကောင်တောင် မလာ ဘဲနဲ့ စာဝါနားရသလား"ဆိုပြီး ငေါက်လေသတဲ့။

**စာသဘော လူ့သဘော ပိုင်ပိုင် သိထားကြ** ဒီကျောင်းမှာ ကိုယ့်ရပ်ရွာက ဒကာ ဒကာမတွေ လာရင် ကျောင်းတိုက်ထဲမှာ ကိုယ့် ဦးပဉ္ဇင်းနဲ့ ကိုယ် ကြာကြာ စကားမပြောစေချင်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ တခြားကိုယ်တော်တွေက မျက်စောင်းတထိုးထိုးနဲ့ နေတာမို့၊ ဒါ့ကြောင့် ဘုန်းကြီးက စကားပြောချင်လို့ ရှိရင် မြောက်ဘက် လာပြီး ပြောကြပါလို့ဆိုတာ၊ ကိုယ်တော်တို့က သဘော မပေါက်ကြဘူး၊ လူတစ်ယောက်က ရပ်ချောနေပေမယ့် စိတ်က ရိုးသားပြီး ကောင်းချင်မှ ကောင်းပါတယ်၊ တချို့ဆရာ တွေ, တပည့်တွေက ရုပ်ကလေး နည်းနည်း ချောနေလို့ရှိရင် သီးသန့်ထားချင်ကြတယ်၊ ဒါက မကြီးပွားပါဘူး၊ စာသဘော လူ့သဘောကို ပိုင်ပိုင်ကြီး သိထားကြပါ၊ ဒကာ ဒကာမတွေနဲ့ များများနေတော့ ပျက်တတ်တယ်၊ ပျက်စရာတွေက အများကြီး ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပြာပုံထဲ ခဲကျသလို** ဒီဟာတွေကို ကိုယ်က စောင့်ရှောက်ပါမှ၊ ကျောင်းတိုက်ထဲ တရားပွဲလုပ်ရင် လူတွေ စည်ကားမယ်ဆိုတာ သိပါတယ်၊ သိပေမယ့် ဘုန်းကြီးက မလုပ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ တရားပွဲလုပ်ရင် ဒကာ ဒကာမတွေ ဆူပွက် ဆူပွက်နဲ့ ရောယှက်ပြီး စိတ်တွေ ပျံ့လွင့်ကြတော့ ပျက်စီးကုန်ကြရော၊ ကြာကြာ မခိုင်ခံ့ပါဘူး၊ တရားတော်တွေက ကျယ်ပြန့်ပါတယ်၊ ပြာပုံထဲ ခဲကျသလို စိတ်ကို လောကီအာရုံတွေထဲ မပျံ့လွင့်ကြစေနဲ့။

**စာနဲ့တိုက်ကြည့် စိတ်ရင်းသိ** လူတစ်ယောက်ကို စာနဲ့ တိုက်ကြည့်ရင် သူ့ရဲ့ စိတ်ရင်း စေတနာရင်းကို တော်တော်ကြီး သိသာပါတယ်၊ ခုဘုရားပွဲတွေက သာသနာကို ဆုံးရှုံးစေတယ်၊ စည်ကားတယ်ဆိုတာ ကျောင်းတိုက်တစ်ခု တာရှည်မခံပါဘူး၊ ဒါကို သိထားကြပါ၊ ဘုရားသာသနာမှာ စာတွေ သင်နေတာက ကိုယ်ကျိုးမဟုတ်ဘူး၊ အများအကျိုးကို ဆောင်ချင်လို့ပါ၊ စိတ်နေစိတ်ထား ကောင်းကြပါ၊ အထက်နတ်တွေ တက်သွားဆိုတာ သီလစင်ကြယ်လို့ တက်သွားကြတာပါ၊ မခဲယဉ်းပါဘူး။

**နှစ်ဦးလုံးညီ ပါရမီ တူမျှ** လူတစ်ယောက်ဆိုတာ ပညာတတ်လာရင် သတ္တိက အလိုလိုတက်လာပါတယ်၊ အဲဒီ သတ္တိက အခါတိုင်းသတ္တိနဲ့ မတူပါဘူး၊ လောကမှာ သူများက ကိုယ့်ကို မြှောက်ပြီးပြောရင် သဘောမကျသူရယ်လို့ မရှိပါဘူး၊ ဘဝင်ထဲကို ခွေ့ခွေ့လာအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာပေါ့၊ ယောကျ်ားဆိုတာ ဘယ်အခါမှ လုံ့လ ဝီရိယကို မလျှော့ရဘူး၊ ကံဆိုတာ "ထန်းသီးကြွေခိုက် ကျီးနင်းလိုက်"ဆိုတာလိုပေါ့၊ လူတစ်ယောက် အကျိုးပေးခွင့် ကျလာရင် တားလို့ မရပါဘူး၊ "ငါငင်လို့ သူမယိမ်း, ငါယိမ်းမှ သူပါ" ဆိုတာလို လောက ပါရမီဖြည့်ဖက်ဆိုတာ တစ်ယောက် မပါပေမယ့် တစ်ယောက်က ပါနေရင် မညီပါဘူး၊ နှစ်ဦးလုံးရဲ့ ပါရမီက ညီမျှမှပါ။

**ဘွဲ့ကလူကို မပိပါစေနဲ့** ရဟန်းသာမဏေဘွဲ့မှည့်ပေးရင်လူလိုက်အောင် မှည့်ပေးကြပါ၊ ဘွဲ့က လူကို မပိပါစေနဲ့၊ အမြော်အမြင် သတ္တိလဲ ရှိပါစေ၊ ပါရမီဖြည့်တယ်ဆိုတာ ပေါ့ပေါ့မဟုတ်ဘူး၊ ရည်မှန်းချက်ကလဲ ရှိမှ ကောင်းတယ်၊ တကယ် ပါရမီဖြည့်မယ်ဆိုရင် အဟုတ်ကောင်းတဲ့ဘဝ၊ အခွင့်သာတဲ့ ကာလ၊ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့ အခါ သမယကြီးမှာ ကြိုးစားပေးကြပါ၊ သံသရာက ကယ်တင်နိုင်တဲ့ ဘုရားသာသနာတော်ကြီးနဲ့ တွေ့အောင် ကြိုးစားကြ၊ အဲဒီကျတော့ ကျွတ်တမ်း ဝင်ကြရမယ်၊ ပေါ့ပေါ့ဆဆ မနေကြပါနဲ့၊ သာသနာပ မဟုတ်သေးပါဘူး၊ ဘဝကောင်း ရထားပြီး ကြိုးစားရမယ့်အချိန်ပါ။

**စိတ်နေစိတ်ထားသာ လိုရင်းပါ** ဆရာသမားကို ရိုသေတဲ့သူဟာ တိုးတက်လမ်း ရှိပါတယ်၊ လူတစ်ယောက်မှာ ပိုက်ဆံကလဲ ပေါ, စာရိတ္တကလဲ ကောင်းဆိုရင် လူလေးစားလာပါတယ်၊ ဘုန်းကြီးတွေမှာလဲ

www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလက ပြည့်စုံနေမယ်ဆိုရင် လူတွေက လေးစားကြည်ညိုပါတယ်၊ လူတစ်ယောက်မှာ အကျိုးပေးကောင်းတယ်ဆိုတာက အခြားမဟုတ်ပါဘူး၊ ခုဘဝမှာ ပြုလုပ်ခဲ့တဲ့ ကံရယ်၊ နောက်ဘဝက ပြုလုပ်ခဲ့တဲ့ ကံရယ်၊ စိတ်နေ စိတ်ထားသာ လိုရင်းပါပဲ။

**အလိမ္မာတရား တန်းစေ့ပါစေ** အလိမ္မာဆိုတာ အများကြီး လိုသေးတယ်၊ နေရာတိုင်းမှာတန်းမစေ့သေးပါဘူး၊ သစ်ပင်အခါးပင်ကို ရေလောင်းလို့ အချိုသီး မသီးပါဘူး၊ ဒီလိုပဲ မကောင်းသူတွေ မွေးထားရလဲ ကောင်းလာမှာတော့ မဟုတ်ဘူး၊ ဘုရားတရားတော်တွေက ကောင်းချင်သူတွေဆိုရင် သိပ်ကောင်းပါတယ်၊ တန်ဖိုးမဖြတ်နိုင်ပါဘူး၊ ဒီတရားတွေ သင်နေကြပေမယ့် အလိမ္မာ မတိုးတဲ့ သူတွေကတော့ သာသနာမှာ မနေသင့်ပါဘူး၊ လူတစ်ယောက်ဟာ ပညာတတ်လာရင် ကြီးသူကို ရိုသေရပါတယ်၊ ပညာတတ်ပြီး ကြီးသူကို မရိုသေဘူးဆိုတာ မဟုတ်နိုင်ပါဘူး၊ လူ့လောကကို အထင်မကြီးဘဲ သာသနာပြုဖို့ ကြိုးစားကြပါ၊ အလိမ္မာကိုလဲ တန်းစေ့အောင် ရှိကြပါစေ၊ အဆိပ်ပင်ရေလောင်းနေရင် အဆိပ်သီးပဲ သီးမှာပါ၊ ကိုယ့်ကိုယ်ကို အဆိပ်ပင် မဖြစ်စေကြပါနဲ့၊ အကောင်းပင်တွေ ဖြစ်လာအောင် ကြိုးစားပေးကြပါ။

မွေ့ဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၇)
(၁၉၈၂၊ စက်တင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## တာဝန်ကျေအောင် ကြိုးစားကြ

**နိုင်ငံ့စီးပွား တိုးပွားစေချင်** ဘုန်းကြီးတွေက သူများ အားကိုးကြတယ်၊ တပည့်မရှိရင် မနေတတ်ကြဘူး၊ ဘာဖြစ်လဲ၊ ဘယ်သူမှ မရှိတော့ အေးတာပေါ့၊ ဘုန်းကြီးက သာသနာမှာ အကုန်အကျ မများဖို့, ဘုရားပွဲ မလုပ်ဖို့, ရဟန်းခံ ရှင်ပြုပွဲတွေ အပို မကုန်ရန် ပြောတော့ ဘုန်းကြီးကို ဝိုင်းပြီး အပြစ်တင်ကြတယ်၊ ဘုရားသာသနာကို ဘုန်းကြီးတွေ လူတွေက သာသနာနဲ့ တူအောင် မလုပ်ကြဘူး၊ သာသနာ ညှံ့လာတာက အားလုံးက ကောင်းလျက်နဲ့ ဘာသာဝင် တွေက ညံ့နေလို့ပါ၊ အလှူ, ရဟန်းခံ, ရှင်ပြု, ဘုရားပွဲတွေ အကုန်အကျ မများစေနဲ့ဆိုတာ အလကား မဟုတ်ပါဘူး၊ လိုတာထက် ပိုမကုန်ကျစေချင်လို့ပါ၊ နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်လာစေချင်လို့ ပြောတာပါ။

**တာဝန်ကိုယ်စီ** စာသင်သားဆိုတာ ဆင်းရဲမှ၊ ချမ်းသာနေလို့ မတော်ပါဘူး၊ ဘောပွဲမှာ တချို့ဘုန်းကြီးတွေက ကြည့်ရုံတင်မကဘူးတဲ့၊ လောင်းကြသေးသတဲ့၊ သာသနာက ကောင်းလွန်းပြီး ဒီဘုန်းကြီးတွေက ဖျက်လိုက်ကြတာ၊ ငါးခုံးမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကြောင့်တော့ တစ်လှေလုံး မပုပ်ကြပါစေနဲ့၊ ဘုန်းကြီးက မဂ်ဖိုလ်နိဗ္ဗာန်လမ်းကို သွားနေတာပါ၊ အားလုံးကိုလဲ ဒီလမ်းကိုပဲ ခေါ်ဆောင်နေတာပါပဲ၊ လောကကြီးအကြောင်း ကောင်းကောင်းကြီး သိပြီး သံသရာသွားရမယ့်လမ်းကို ကြည့်ကြပါ၊ အလိမ္မာကိုလဲ တိုးပေးကြပါ၊ သတိနဲ့လဲနေကြပါ၊ အားလုံးရဲ့ အပေါ်မှာ တာဝန်ကိုယ်စီ ရှိကြပါစေ။

**ဘယ်သူမပြု မိမိမှု**

ကိုယ့်ကိုယ်ကို ဘဝကောင်းနဲ့ ဆက်သွယ်ထားပါ၊ အတိတ်ဘဝက ဘယ်က လာပြီး ဘယ်ဘဝ ရောက်နေတယ်ဆိုတာ သိကြပါ၊ လွန်ခဲ့တဲ့ ဘဝသံသရာက ကိုယ်ဟာ ဘယ်လိုနေတယ်ဆိုတာလဲ ဒီဘဝ အသိတင်မက နှစ်ဘဝလောက်မှန်း သိမှ ကောင်းတာ၊ လာမယ့် ဘဝသံသရာမှာ ဘယ်အဆင့်အတန်းလောက်ရှိမယ်ဆိုတာကိုတော့ ကိုယ့်ရဲ့ အပေါ်မှာ မူတည်ပါတယ်၊ လူတစ်ယောက်ဟာ တကယ်ကျတော့ ကိုယ့်အတွက်ကိုသာ ကြည့်ကြတာက များပါတယ်၊ ကူလီလုပ်တဲ့လူတစ်ယောက်ဟာ ဒီအလုပ်လုပ်ပေးရင် ငွေရမယ်ဆိုတော့ အလုပ်လုပ်တာပါပဲ၊ ငွေက ရမှာကိုး၊ ကိုယ့်ဘဝကိုလဲ ခုဘဝ ဆင်းရဲနေပေမယ့် နောက်ဘဝရောက်ရင်တော့ သေချာကို ချမ်းသာရတာပါပဲ၊ ခဏလေး ချမ်းသာတာကိုတော့ မကြည့်ကြပါနဲ့၊ အစဉ်သဖြင့် ချမ်းသာမယ့် လမ်းကိုသာ ကြည့်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**အမျိုးကောင်း အမျိုးမြတ်** ဝိနည်းကို ကိုယ့်အတွက် ကောင်းရုံတင်မက သာသနာအတွက်ပါ အကျိုးရှိအောင် စောင့်ထိန်းကြပါ၊ ဝိနည်းဆိုတာ ကိုယ့်ရဲ့ အထည်ကိုယ် အတွင်းသားပါ၊ သာသနာရဲ့အတွင်းသားကလဲ ဝိနည်းပါပဲ၊ အမျိုးတစ်ခုမှာ စီးပွားရေးကလဲ ကောင်း, အကျင့်စာရိတ္တကလဲ ကောင်းဆိုရင် အမျိုးမြတ်တစ်ခုလို့ ဆိုရတယ်၊ ကျောင်းတိုက်တစ်ခုမှာလဲ စာကလဲ တတ်အောင် သင်ပေး, ဝိနည်းဘက်ကလဲ လေးစားမယ်ဆိုရင် ရှင်, လူ, နတ်ပါ အားလုံးကကြည်ညိုတာပါပဲ၊ ဒါကြောင့် ကောင်းကောင်းနေပါ၊ သူများကိုကြွားကြွားမောက်မောက် စကားမပြောနဲ့၊ ရိုးရိုးကလေးနဲ့ပဲကိုယ့်အလုပ်ကို မှန်မှန် လုပ်နေကြပါ။

**မကောင်းသူထိပ် ကောင်းသူထိပ်** သူများ မကောင်းတာကို ကိုယ်က ပြောနေဖို့ မလိုပါဘူး၊ ကိုယ့်သံသရာနဲ့ ကိုယ်သွားကြရမှာ၊ ကိုယ်မကောင်း ကိုယ်ခံ၊ သူတို့မကောင်း သူတို့ခံ၊ ပြောဖို့ မလိုပါဘူး၊ လူ့လောကမှာ ပိုက်ဆံမရှိရင် အကျင့်စာရိတ္တ ပျက်သလို ဘုန်းကြီးဘဝမှာလဲ သီလ, သမာဓိ, ပညာဆိုတဲ့ ဝိနည်းမပါရင် ပျက်စီးတော့တာပါပဲ၊ ကောင်းကောင်း နေကြပါ၊ တိုးတက်လာတဲ့ ငယ်ရွယ်သူတွေကို မနိမ့်ကြပါနဲ့၊ သတ္တိရှိရှိနဲ့ ဆောင်ရွက်ပေးကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်ဘဝလိုအပ်ချက် သိလျက် နေပါ** အမှတ်တမဲ့နဲ့ လောကသံသရာကို သွားမယ်များ မကြံကြပါနဲ့၊ ကိုယ် သွားရမယ့် ဘဝမှာ ဒီဘဝက ကောင်းကောင်း ပြင်ပေးလိုက်မှ ခါတ်ပုံရိုက်သလို ဒီဘဝက ကောင်းကောင်း ပြင်ပေးလိုက်မှ နောက်ဘဝသံသရာမှာ အဆက်ဆက်လဲ ကောင်းနိုင်ပါတယ်၊ ဒီဘဝ မကောင်းရင် နောက်ဘဝမှာလဲ ကောင်းမှာ မဟုတ်တော့ပါဘူး၊ ကောင်းဖို့ ဆိုတာ ရတနာသုံးပါး ဆရာ မိဘစတဲ့ သူတွေရဲ့ ဂုဏ် ကျေးဇူးကို မမေ့ဖို့ပါဘဲ၊ လွန်ခဲ့တဲ့ဘဝက မကောင်းခဲ့တာကို တော့ မတတ်နိုင်ဘူးပေါ့၊ ခုရထားတဲ့ လက်ရှိဘဝကိုပဲ ပြင်ဆင် ပြီး ကြိုးစားနိုင်သမျှ ကြိုးစားကြပါ။

လူတွေက ကိုယ့်ဘဝကိုယ် ဘယ်လိုနေတယ်ဆိုတာ မသိ ကြဘူး၊ ဥစ္စာပေါ ရုပ်ချောနေပေမယ့် ကာမဂုဏ်တရားတွေကို အပျော်လိုက်စားနေမယ်ဆိုရင် မတော်သေးပါဘူး၊ ဒီဘဝက ပေးရဲရင် နောက်ဘဝကျတော့လဲ ဥစ္စာပေါတာပါပဲ၊ ပေးလဲ ပေးရဲနေတာပါပဲ၊ ကိုယ့်ဘဝရဲ့ လိုနေတဲ့ အချက်ကို ဘာလို နေတယ်ဆိုတာ သိပါ။

**ကြံဖန် စွဲနေကြ** လူတွေ ဘုန်းကြီးတွေကို ဘဝနာနဲ့နေကြဖို့ ပြောတော့ ကိလေသာတွေ လျော့သွားမှာ စိုးလို့တဲ့ မနေချင်ကြဘူး၊ တကယ်ကောင်းတဲ့ တရားဆေးတွေ ရှိလျက်နဲ့ မစားသုံးကြပါဘူး၊ ခေါင်းရင်းမှာ အသာတင်ထားပြီး သူတို့ချင်းတော့ ပျော်နေကြတာပါပဲ၊ လူတွေက မစွဲရမယ့်

www.burmeseclassic.com

www.burmeseclassic.com



အသုဘ, မတင့်တယ်တဲ့ တရားတွေကို တင့်တယ်တဲ့ တရား လုပ်ပြီး ကြံဖန် စွဲနေကြတာပါ။

**ဟန်ဆောင်ကြတာ** ဘီလူးမတွေက လူတွေကို စားချင်တော့ သူတို့ကိုယ်သူတို့ လှလှလေး ဖန်ဆင်းထားလိုက်တယ်၊ ဒီလှလှလေးတွေကို လိုချင်တဲ့ လောဘသားတွေနဲ့တွေ့တော့ မစဉ်းစား မဆင်ခြင်ပဲ ယူလိုက်ကြရော၊ အမှန်ကတော့ သူက ဟန်ဆောင်ပဲ၊ နောက်တော့ သူပိုင်ခွင့်ရှိတော့ စားတာပါပဲ၊ မိန်းမသားတွေဟာလဲ ဟန်ဆောင်နေကြတာ၊ သူတို့မှာ စွဲစရာ ဘာမှ မရှိဘူး၊ ဟန်ဆောင်ထားတာကို အဟုတ်မှတ်ပြီး စွဲလမ်းချစ်ခင်နေကြတော့ လောဘသားတွေ အစားခံကြရတော့တာပါပဲ၊ မင်းတို့ ဘီလူးအစား ခံချင်ကြသလား၊ ဘီလူး အစားခံချင် ခံကြလေ။

**ပါရမီဖြည့်ဖက်တွေ** လူတစ်ယောက် နာမည် ရှိလာရင် ဒါမျိုးတွေ ကြုံလာတတ်ပါတယ်၊ တို့စာတွေက တယ်ပြီးတော့ ဆိုတယ်၊ တို့က တော်မှ ထင်တယ်၊ သာသနာကို လေးလေးပင်ပင် ပြုရမယ့်ဘဝ ရောက်နေတာပါ၊ သတ္တဝါတွေက ဘာမှ အလိုက်မသိဘူး၊ မဒ္ဒီမိဖုရားနဲ့ ဝေဿန္တရာမင်း တောထဲနေတော့ ခွဲနေကြတာ၊ မဒ္ဒီမိဖုရားက တစ်ညမှာ အိပ်မက်တွေ မကောင်းတာနဲ့ မေးချင်လို့ ဝေဿန္တရာမင်းဆီကို လာတော့ ဝေဿန္တရာမင်းကြီးက ညကြီး ဘာကြောင့်လာရတာလဲဆိုပြီး အပြန်ခိုင်းတယ်၊ ပါရမီဖြည့်ဖက်တွေမို့ပါ၊ ကိုယ်တော်တို့ ခု ဆရာသမားကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာလဲ ကံကောင်းလို့ပါ၊ နာမည်ကြီးဖို့ မလိုပါဘူး၊ သာသနာပြုဖို့ကိုသာ ရည်မှန်းကြပါ၊ စိတ်ပါလက်ပါ ကောင်းပေးကြပါ၊ သာသနာပြုဖို့ စိတ်ကိုလဲ ထက်ထက်သန်သန်ရှိကြပါစေ။

**အတွင်းသဘော ထင်ရှားစေချင်** ကိုယ်တော်တို့ ကြမ်းနင်း မပြင်းကြပါစေနဲ့၊ ကြမ်းနင်း ပြင်းတာ ခိုးစားတာတောင်မှ မလွတ်ပါဘူး၊ ဒကာ ဒကာမတွေက ကြည်ညိုကြတယ်၊ သူတို့ ကြည်ညိုသလောက် မိမိတို့က အကြည်ညိုခံပြီး စိတ်ကို ကောင်းကောင်းထားရမယ်၊ ဘဝသံသရာမှာသွားဖို့ကမလွယ်ဘူး၊ စားတဲ့အခါမှာလဲ ဆင်ခြင်ပြီး စားကြပါ၊ ဘဝသံသရာမှာ အောက်ကျတတ်တယ်၊ အလှူခံဘက်က နေရတာ မလွယ်ဘူး၊ ဘုရားကိုလဲ ကြည်ညိုကြပါ၊ ဘုရားကို ကြည်ညိုရုံတင်ရပ်မနေဘဲ သာသနာရဲ့ ကျက်သရေကို ဆောင်ကြပါ၊ နိဗ္ဗာန်ကို ဖြောင့်ဖြောင့် သွားကြဖို့ လိုတယ်၊ ဘုန်းကြီးက အပြင်နာမည်ကြီးတာ အရေးမကြီးပါဘူး၊ အတွင်းရောက်မှ ထင်ရှားစေချင်တယ်၊ အတွင်းကလဲ ကောင်းနေဖို့ လိုတယ်၊ အပြင်ပန်း ဟန်ဆောင်မဟုတ်ဘဲ အတွင်းကို လာကြည့်ရင် အကြည့်ခံနိုင်ပါစေ၊ အပြင်က ကောင်းပြီး အတွင်းက မကောင်းရင် ရှက်စရာကောင်းပါတယ်။

**ကိုယ့်ဂုဏ်နဲ့ကိုယ် လိုက်အောင်နေ** အလုပ်လုပ်တာကို အလုပ်နဲ့တူအောင်လုပ်တတ်ပါစေ၊ ကိုယ်က အဆင့်အတန်းရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်နေရင် လူကလဲ အဆင့်အတန်းရှိရှိ နေတတ်, ထိုင်တတ်, ပြောတတ် ဆိုတတ်ရတယ်၊ ဗီရိုတစ်ခုထဲမှာ အဝတ်တွေ မျိုးစုံ ထည့်ထားရင် လိုရာကို ဆွဲဝတ်နိုင်သလို လူတစ်ယောက် အဆင့်အတန်း မြင့်လာရင် စိတ်နေစိတ်ထားတွေ မြင့်ပြီး လိုရာကို ပြီးနိုင်ပါတယ်၊ ကျောင်းအမ, ဘုရားအမ, ရဟန်းအမတွေကလဲ ကိုယ့်ဂုဏ်နဲ့ကိုယ် လိုက်အောင်နေရတယ်၊ စိတ်နေ စိတ်ထားကလဲ မြင့်မြတ်ရတယ်၊ ဝိသာခါကျောင်းအမတို့လိုပေါ့။

**မသေခင် တာဝန်ကျေကြ** လောကထဲမှာ ချစ်စရာတစ်ခု ရှိတယ်၊ ဒုက္ခတစ်ခုပဲလို့ မှတ်လိုက်ပါ၊ ချစ်စရာဆိုတာ ဘယ်သူမှမကင်းကြပါဘူး၊ ချစ်စရာတွေများလာရင် ဒုက္ခလောင်းတွေ များလာတော့တာပဲ၊ သတင်းစာထဲကြည့်လိုက်ရင် အိုနာသေဆိုတဲ့ တရားတွေက အများအပြားပါလာတယ်၊ အချစ်ဆိုတဲ့ တရားက တဏှာနဲ့, လောဘနဲ့ အရင်းခံပြီး လာတာမို့ ချစ်စရာ ဖြစ်နေတာပါ၊ ဘယ်သူမဆို ဝတ္တရားကျေကျေနဲ့ ချစ်စရာလို့ ထားလိုက်ရင် မဆိုးပါဘူး၊ ဘဝများစွာက ကံတစ်ခုစီနဲ့ လာခဲ့ကြတာပါ၊ မသေခင်က တာဝန်ကျေကြဖို့ လိုတယ်၊ သေခါမှ ဆွေးမနေကြပါနဲ့။

**လူကောင်းလူယုတ် တစ်လမ်းစီ ခွဲသွား** တရားတော်တွေက ကောင်းလွန်းလို့ တစ်ဘဝမှာ သွားစရာတွေကများတယ်၊ လူကောင်း လူယုတ်ဆိုပြီး တစ်လမ်းစီ ခွဲသွားထားကြတာပါ၊ သေခါနီးတော့ ပစ္စည်းဥစ္စာဆိုတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မကယ်နိုင်ပါဘူး၊ ဒီဘဝ အဆင့်အတန်း မြင့်နေပေမယ့် တစ်ဘဝကျတော့ အောက်တန်းက ဖြစ်ချင် ဖြစ်သွားတာပါ၊ အထက်တန်း ရောက်ပြီဆိုတော့လဲ အဆမတန်ပါပဲ။

**ကျွတ်တန်းဝင်** ဘုရားအလောင်းဟာ အထက်တန်းက လာခဲ့တာပါ။ လူ့ပြည်ပြန်ရောက်မှ ဘုရားအဖြစ်ကို ရောက်အောင် ကြိုးစားရတာပါ၊ ဘုရားဖြစ်တော့ ပထမဆုံး တရားပွဲမှာ တစ်ဆယ့်ရှစ်ကုဋေ ကျွတ်တန်းဝင်သွားကြပါတယ်၊ လူဆိုလို့ အရှင်ကောဏ္ဍညတစ်ပါးတည်း ပါပါတယ်၊ ဒီ့ပြင်က နတ် ဗြဟ္မာတွေချည်းပါပဲ၊ အရိမေတ္တေယျဘုရားပွင့်ရင် ကျွတ်တန်းဝင်ရန် နတ် ဗြဟ္မာတွေ ရှိကြသေးတယ်၊ တွေးပေးကြပါ။

**သေပြီးမှ အမျှဝေပေမယ့်** ကိုယ့်ခန္ဓာကိုလဲ ချစ်ရတယ်၊ ကျန်းမာရေးကိုလဲ ဂရုစိုက်ရတယ်၊ အို, နာ, သေဆိုတာ ဘုရားရှင်သော်မှ မတတ်နိုင်ပါဘူး၊ ကိုယ့်ကိုယ်ကို ကျက်သရေ ဆောင်ပေးကြပါ၊ သေလို့ နောက်ကျန်လူတွေက ငိုတယ်ဆိုတာ ခဏလေးသာပါ၊ နောက်ကျတော့ မေ့သွားတာကြပါပဲ၊သွားသူကတော့ ဘယ်သူမှ အမျှမရကြပါဘူး၊ ဒီက အမျှပေးဝေနေပေမယ့် မသိကြပါဘူး၊ တောင်မြို့က ရေချမ်းအမကြီးဆိုတာ ရှိတယ်၊ ရေချမ်းအမကြီးသေတော့ သားသမီးတွေက ဝိုင်းငိုကြတယ်၊ ဒီငိုသံလေးစွဲပြီး ပြိတ္တာဖြစ်ရရှာတယ်၊ ဒါကို သူကြည်ညိုနေတဲ့ တောင်သမန်ဘုန်းကြီးက

www.burmeseclassic.com



ရက်လည်ဆွမ်းသွတ်တော့ တောင်မြို့ကိုအလာ တံတားထိပ်ရောက်တော့ "ဘုန်းကြီးဘုရား, ဘုန်းကြီးဘုရား"နဲ့ နောက်ကလှမ်းခေါ်တယ်၊ ဘုန်းကြီးကလဲ "ဒါ တို့ရေချမ်းအမကြီးအသံထင်ပါရဲ့"လို့ ပြောတော့"ဟုတ်ပါတယ်ဘုရား, ဟုတ်ပါတယ်ဘုရား"နဲ့ ပြန်လျှောက်တယ်၊ "ခု ရေချမ်းအမကြီး ... ဘယ်ရောက်နေသလဲ"မေးတော့"မပြောပါနဲ့ဘုရား...သေခါနီး သားသမီးတွေက ဝိုင်းငိုကြလို့ တံပည့်တော်မ တစ္ဆေဖြစ်နေရတယ်ဘုရား၊ အရှင်ဘုရားတို့ အသုဘချတုန်းက ရေစက်ချသော်လဲ တပည့်တော် သာဓုမခေါ်ရဘူးဘုရား၊ သူတို့က တပည့်တော်ကို ရေတံခွန်တောင် ခေါ်သွားကြတယ်ဘုရား၊ ဒါပေမယ့် အခုတပည့်တော် အထက်ကို သွားရတော့မှာပါဘုရား"လို့ ဆိုပြီး အသံလဲပျောက်သွားတယ်၊ ဒါဟာ သေခါနီး သူတော်ကောင်းဖို့ သိပ်ပြီး အရေးကြီးတယ်၊ ကျန်ရစ်သူတွေက အလကားပူဆွေးနေကြတာ၊ သေသူကတော့ သိတာ မဟုတ်ပါဘူး။

**တစ်သက်မှတ်ရမယ့် ဩဝါဒတွေ**

လောကမှာ ပူဆွေးစရာတွေက အများကြီး၊ ဒီနေရာမှာ ဒီအဝတ်နဲ့ ဆိုတာလို တရားအဝတ်နဲ့ ဆင်ရမယ့်နေရာမှာ တရားအဝတ် ဆင်၊ တရားစိတ် ထား၊ သံသရာထဲက သတ္တိရှိသူမှပါ၊ ဒီဩဝါဒမှာ တစ်ထိုင်တည်း မှတ်ရမယ်လို့ တစ်ထစ်ချမယူဆကြနဲ့၊ တစ်သက်လုံးမှတ်ရမယ့် ဩဝါဒတွေပါ၊ကုသိုလ်ပြုတာလဲ တစ်ခုတည်းပြုတယ်လို့ မှတ်မထားကြနဲ့၊ လူ့လောကက နေပြီး သေသူအတွက် ကုသိုလ်ပြုရင် ကုန်းမြင့်ပေါ်မှာ

www.burmeseclassic.com



မိုးရွာတော့ ကုန်းပေါ်မှာလဲ ရေစို၊ အောက်ချိုင့်ဝှမ်းရာ အရပ်မှာလဲ ရေတင်သလို သေသူအတွက် ကုသိုလ်ပြုတာကလဲ ပြုတဲ့သူလဲ ကုသိုလ်ရ၊ သေသူအတွက်လဲ ဒီက အမျှပေးဝေလိုက်မယ်ဆိုရင် ကုသိုလ်ရေတွေ တင်တာပါပဲ၊ ဒီလိုပေါ့– ဘဝတစ်ပါးသွားသူမှာ ကုသိုလ်ရေတွေ တင်လို့ ဒီက ကုသိုလ်ပြုသူတွေမှာတော့ ရေစိုရုံပါပဲ၊ ကုသိုလ်ရိုးရိုးရတာနဲ့ ကိုယ်ပိုင်ရတာ ကွာသွားတာပါ။

**ဘယ်သူပြိုင်လို့ အောင်နိုင်အံ့** ဘုရားက ဗကဗြဟ္မာကြီးကို **အဏိမာဘုန်း**တော်နဲ့ တန်ခိုးပြတော်မူတယ်၊ ဗကဗြဟ္မာကြီးက လောကမှာ ရှိတဲ့ သတ္တဝါတွေ သူဖန်ဆင်းထားတာပါတဲ့၊ လောကမှာ သူ့ထက် တန်ခိုးကြီးသူမရှိဘူးလို့ ထင်မှတ်နေတယ်၊ တစ်နေ့တော့ မြတ်စွာဘုရားထံ တန်ခိုးပြိုင်ရန် သူလာတယ်၊ မြတ်စွာဘုရားက လျှောင်းတော်မူရင်းက သူမော့ကြည့်ရလောက်အောင် တန်ခိုးတော်နဲ့ဖန်ဆင်းထားလိုက်တယ်၊ ဗကဗြဟ္မာကြီးက အစတုန်းက လောကသတ္တဝါတွေ ငါ့ကို ကိုးကွယ်ကြတာ၊ အားလုံးကပဲ၊ ခုလောကမှာ အရှင်ဂေါတမဆိုတဲ့ သူတစ်ယောက် ပေါ်နေလို့ ငါ့ကို မကိုးကွယ်ကြတော့ဘူး၊ သူက ဘယ်လောက်များ တန်ခိုးရှိလို့ပါလိမ့်မလဲဆိုပြီး တန်ခိုးပြိုင်ရန် ဗကဗြဟ္မာကြီးက မြတ်စွာဘုရားကို လျှောက်တယ်။

**ပုန်းလို့မနိုင် ရှောင်လို့မလွတ်** ဘုရားက ဗြဟ္မာကြီးကို စပြီး အပုန်းခိုင်းလိုက်တယ်၊ ဗြဟ္မာကြီးက ဘုရားမမြင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နတ်ပြည် ခြောက်ထပ် ဗြဟ္မာ့ပြည်တွေကို တက်ပြီး သူ့ကိုယ်သူ မြူမှုန်လောက်လေး ဖန်ဆင်းပြီး ပျောက်သွားတယ်၊ အဲဒီကမှ ပြန်လာပြီး သမုဒ္ဒရာရေထဲ အနက်ဆုံးနေရာဖြစ်တဲ့ ကျောက်တုံးပေါင်းများစွာရဲ့အောက်မှာ မြူမှုန်လေးလိုကပ်နေတယ်၊ မြတ်စွာဘုရားကို လိုက်ရှာရန် အသံပေးလိုက်တဲ့အခါကျတော့ ကောင်းကင်ကနေ အသံပေးလိုက်တယ်၊ မြတ်စွာဘုရားက သူသွားတဲ့နေရာတွေကို အကုန်လုံး သိထားတာမို့ အကုန် လိုက်မရှာဘူး၊ ဗကဗြဟ္မာ နေတဲ့ နေရာ တစ်ခါတည်း ကြွသွားတော်မူပြီး မြတ်စွာဘုရားက "ဗကဗြဟ္မာ ... ထထ, သင့်ကို ငါသိတယ်"လို့ ပါးစပ်နဲ့ ပြောတာ မရလို့ ဗြဟ္မာကြီးရဲ့ လက်မောင်းနဲ့ ကျောကို လက်တော်နဲ့ မပြီး "သင့်ကို ငါသိပါတယ်"ဆိုပြီး ပြောတော့မှ ဗြဟ္မာကြီးက အထက်မော့ပြီး "ဩော်... ငါ့ကို သူသိသကိုး"လို့ ပြောပြီး လိုက်ခဲ့ရတယ်။

**မျက်ခုံးမွေးပေါ် စကြဲလျှောက်** ဗကဗြဟ္မာက ဘုရားကို အပုန်းခိုင်းပြန်တယ်၊ မြတ်စွာဘုရားက **အဏိမာ** ဘုန်းတော်နဲ့ ပရိက္ခရာရှစ်ပါးလွယ်ပြီး ဗြဟ္မာကြီးရဲ့ မျက်ခုံးမွေးပေါ် စင်္ကြံလျှောက်ပြီး လိုက်ရှာရန် မိန့်တော်မူတယ်၊ ဗကဗြဟ္မာကြီးလဲ လိုက်ရှာလိုက်တာ ဘယ်မှ မတွေ့တဲ့အဆုံးကြတော့ အရှုံးပေးလိုက်ရတယ်၊ ဒီတော့မှ ဗကဗြဟ္မာကြီးလဲ ဘုရားကို ကိုးကွယ်သူ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**လောကဝတ်,ဓမ္မဝတ်တွေ တာဝန်ကျေကြ** သတ္တဝါတွေက သနားစရာလဲ ကောင်း, ရှုံ့စရာဆိုလဲ ဟုတ်မလား မသိကြဘူး၊ အမိဝမ်းထဲမှာ ကိုးလ ဆယ်လ နေပြီး ဒုက္ခတွေ ခံနေရတာ အစာသစ် အစာဟောင်း ကျင်ကြီး ကျင်ငယ်တွေနဲ့ နေရတယ်၊ အမျိုးမျိုး အပုပ်တွေ လှောင်လို့ ကျဉ်းကျဉ်းကလေးထဲမှာ နေခဲ့ရတယ်၊ ဘာလို့ ဒီဒုက္ခတွေ ခံနေရသလဲဆိုတော့ ဇာတိဆိုတဲ့ ပဋိသန္ဓေက မပြတ်နေလို့ပါ၊ လူ့ဘဝရောက်လာလို့ သက်သာသလားဆို တော့ အို နာ သေဆိုတဲ့ ဇရာ မရဏတွေက အမြဲနှိပ်စက်နေ တာပါ၊ အအိုကြီး သက်သာအောင် မအိုပေမယ့် အအိုကလေး က မသိမသာ အိုလျက်ပါ၊ အေးအေးလေး ဘယ်သူမှ မနေ နိုင်ပါဘူး၊ သေတော့မှာလို့ တွေးရတဲ့နေရာမှာ သွားရမယ့်လမ်း တွေက ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုရင် သနားစရာ ကောင်းလှပါတယ်၊ သနားစရာဘဝက လွတ်အောင် ကြိုးစား ဖို့က မိမိတို့ တာဝန် ဖြစ်ပါတယ်၊ လောကဝတ် ဓမ္မဝတ်တွေ တာဝန်ကျေသွားကြဖို့ အရေးကြီးပါတယ်။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၈)
(၁၉၈၂၊ အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# အနေမှန်မှန် အလုပ်မှန်မှန် နေကြ

**ကြီးပွားခြင်း အရင်းခံ** "သတိ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" တဲ့၊ အရာရာမှာ သတိလိုတယ်၊ သတိနဲ့ နေတဲ့သူက မလစ်ဟင်းတာက များတယ်၊ ဘုန်းကြီး ပြောတဲ့စကားကို သတိမရှိတဲ့သူက နားမထောင်တတ်ကြပါဘူး၊ ကံကလဲ မပါကြဘူး ထင်ပါရဲ့၊ အမြဲ သတိထားပါ၊ ဘုရားက သတိနဲ့ ပညာကို တွဲဟောတော်မူတယ်၊ သာသနာကို ကောင်းအောင်ပြုဖို့ ရည်မှန်းထားပါတယ်၊ ဘုန်းကြီးက တော့ ရည်မှန်းပါရဲ့၊ ဒါကို တောင်ပြော မြောက်ပြော ပြောသူတွေက ရှိသေးတယ်၊ သာသနာကို ရိုးရိုးကုပ်ကုပ်နဲ့ ပြုမှာပါ၊ လာဘ်ပေါလို့ ဘုန်းကြီးဖို့ မလိုပါဘူး၊ ဒါတွေက သူ့အလိုလို ဖြစ်လာတာပါ၊ ကိုယ်က အလုပ်မှန်ဖို့နဲ့ မှန်ရာကိုသာ လုပ်ဖို့ လိုတယ်၊ "မပြီးခင်က မြန်မာ မမြင်စေနဲ့"ဆိုတာလို အစ ပထမ တော့ ဟိုကပြော ဒီကပြောနဲ့ ငှက်ဆိုး ထိုးလိုက်ပါသေးတယ်၊ နောက်တော့ မထိုးကြတော့ပါဘူး၊ လူတစ်ယောက်မှာ လုံ့လ ဝီရိယ ရှိရင် မပြီးနိုင်တာရယ်လို့ ဘာမှ မရှိပါဘူး၊ ကံ ဉာဏ် ဝီရိယဆိုတာကလဲ ရှိရတယ်၊ ဒါက ကြီးပွားခြင်းရဲ့ အကြောင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**အနေမှန်** ဒီမှာက အများနဲ့နေရလို့ ဘာမှ ပူရမှန်းမသိတာပါ၊
**အလုပ်မှန်** ကိုယ့်နေရာနဲ့, ကိုယ့်ကျောင်းနဲ့ တစ်ယောက်စီ ခွဲနေကြတဲ့ အခါကျတော့ သိလာကြပါလိမ့်မယ်၊ ကိုယ့်ဘက်က ကောင်းနေရင် အခြေ မပျက်ပါဘူး၊ "ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်"ဆိုတာလို တစ်ယောက် မကောင်းရင် တစ်ကျောင်းတိုက်လုံးပါမက နိုင်ငံပါ ပျက်နိုင် တယ်၊ ပညာရေးအတွက်ကိုလဲ အလေ့အလာ များကြပါ၊ မှန်မှန်လဲ ကြိုးစားပေးကြပါ၊ ဘုရားသာသနာမှာ စာပေ ပိဋကတ်ကျမ်းစာတွေကို သင်ကြားပို့ချနေရတာက ကုသိုလ် လဲရ၊ ဘုရားသာသနာကြီးဟာလဲ မကွယ်ပနိုင်ပါဘူး၊ ဘုရား ကိုလဲ အာရုံပြု၊ ဘာဝနာလဲ ရှိ၊ ကျမ်းစာတွေလဲ သင်ယူဆိုရင် တို့ဘက်က မလျော့သေးဘူး၊ အနေမှန်မှန်, အလုပ်မှန်မှန်နဲ့ ပုံမှန် ကိုယ့်အလုပ်ကို ကိုယ်လုပ်သွားရင် အများက ကြည်ညို လေးစားလာပါတယ်။

**သီလနဲ့ ဘာဝနာ** လောကကြီးပွားရေးကိုတော့ မလုပ်မဖြစ် ထည့်မတွက်ကြနဲ့၊ ကိုယ်တော်တို့ လုပ်ရ မှာက ကိုယ့်သီလကို စင်ကြယ်ရမယ်၊ ဘာဝနာအလုပ် စတဲ့ ကိုယ်နဲ့ဆိုင်ရာကိုသာ လုပ်သင့်ပါတယ်၊ ကုသိုလ်ဒါနပြုရုံ ကတော့ သံသရာမှာပဲ ကောင်းတယ်၊ နိဗ္ဗာန်တိုင်အောင် ကောင်းတာက သီလနဲ့ ဘာဝနာက သာပါတယ်၊ ဣဿာ မစ္ဆရိယတွေ မများစေကြနဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေကြပါ၊ ရွှင်ရွှင်ပျပျ နေကြပါ၊ ဘာမဆို သိအောင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားကြပါ၊ အရှေ့ အနောက် သိချင်ရင် တို့အိမ် လိုက်ခဲ့ ဆိုတာ မလုပ်ကြနဲ့။

**စိတ်ဝမ်းမကွဲ ဂိုဏ်းခွဲ မထားကြနဲ့** ဒီကျောင်းမှာ စိတ်ဝမ်း မကွဲကြပါနဲ့၊ စိတ်ကို တစ်ပြင်တည်း ထားကြပါ၊ သာသနာမှာ ဂိုဏ်းစိတ် မထားကြပါနဲ့၊ အားလုံး, တစ်သာသနာလုံး ကောင်းဖို့သာ ရှေ့ရှုကြပါ၊ ဝိနည်းကိုလဲလေးစားမှ ကောင်းပါတယ်၊ သာသနာအတွင်းမှာ ဝိနည်းမလေးစားဘဲ တော်သလို လျော်သလို နေမယ်ဆိုရင် ထိုသူ့အတွက်မှာလဲ အကျိုးမရှိ၊ သာသနာတော်အတွက်မှာလဲ အကျိုးမရှိ ဖြစ်ရပါတယ်၊ အပြောကိုလဲ ချိုချိုသာသာ ပြောတတ်ကြပါစေ၊ ကြမ်းကြမ်းတမ်းတမ်းကြီးနဲ့ သူများ နားမခံသာအောင် မပြောကြပါနဲ့၊ အဝတ်အစား ကောင်းအောင်, သူများ ကြည့်ကောင်းအောင်ဝတ်ဆိုတာ ရှိုးပြဖို့ လှလှဝတ်ခိုင်းတာမဟုတ်ပါဘူး၊ အဝတ်အစား ကောင်းအောင်ဝတ်တော့ အများရဲ့ ကျက်သရေ, မိမိရဲ့ ကျက်သရေကို ဆောင်ပါတယ်၊ အလှပြရန်ဝတ်ဖို့ ပြောတာ မဟုတ်ပါဘူး။

**အားမွေးကြပါ** တောမှာ ဖြစ်နေရပေမယ့် မြို့က လူတွေနဲ့ ဘာမှ မထူးပါဘူး၊ တောက လူတွေက ပိုတောင် ပိုသေးတယ်၊ မြို့သူ မြို့သားတွေက အစား ကောင်းကောင်း, အဝတ်ကောင်းကောင်းနဲ့ အရိပ်မှာ နေရလို့ပါ၊ တောက လူတွေလဲ ဆင်လိုက်ရင် သူတို့ မြို့တော့ မီပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ်နဲ့ စပ်ရာတွေကို ပြင်ပေးကြပါ၊ အမျိုးသမီးတွေလို တို့လဲ အားမွေးကြပါ၊ အမျိုးသမီးဆိုတာ အားရှိရတယ်၊ သူတို့က အိမ်ထောင်ကျတော့ သားသမီးမွေးတဲ့အခါ အားရှိနေမှ ဖြစ်တယ်၊ ဒါမှလဲ ဆေးရုံက ဆရာ ဆရာမတွေက သဘောကျတယ်၊ ဒီလိုပဲ ဘုန်းကြီးတွေလဲ အားရှိမှ ဖြစ်တယ်၊ ဒါမှ စာပေ ပရိယတ်ကို သင်အံ ပို့ချနိုင်မယ်၊ ဒါက အရှင်းဆုံး ဥပမာပေးတာပဲ။

**ဘက်ပေါင်းစုံ အကုန်တတ်မှ** ဘုန်းကြီးမှာ ရှိတဲ့ ပစ္စည်းတွေက သာသနာမှာ အသုံးချဖို့ပါ၊ အလကား စုထားတာ မဟုတ်ပါဘူး၊ သာသနာမှာ အများ ကောင်းစေချင်ပါတယ်၊ ဒါပေမယ့် မရလို့ပါ၊ လောကီကျောင်းသားတွေကို ဘုန်းကြီးတွေက သင်ရင် တတ်ပါတယ်၊ ပညာရေးကလဲ တော်ရမယ်၊ အကျင့်စာရိတ္တဘက်ကလဲ ကောင်းရမယ်၊ ကျန်းမာရေး, အဝတ်အစား အစစ အရာရာမှာ ကောင်းလာပါမယ်၊ မလုပ်ကြလို့ပါ၊ စိတ်ကောင်းရှိတဲ့ ကလေးတွေကို သာသနာမှာ ဝင်စေပြီး စာပေကို တတ်မြောက်အောင် သင်ပေးရမယ်၊ အဘက်ဘက်က တတ်မြောက်နေမှ ကောင်းပါတယ်၊ လောကုတ္တရာစာပေက မခက်ပါဘူး၊ စာသင်ပေးတဲ့ ဘုန်းကြီးတွေက မလုပ်ပေးတတ်လို့ပါ၊ တခြားမှာတော့ သူတို့ လာခဲ့တဲ့ လမ်းရှည်ကြီးအတိုင်း တပည့်တွေကို လုပ်ပေးနေကြတာဆိုတော့ မတတ်မြောက်ကြတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**စာမေးပွဲချည်း တွန်းဖြေမနေကြနဲ့** နိုင်ငံ တစ်ခုလုံးရဲ့ အရည်အချင်းကို သိထားကြပါ၊ မသေမသတ်လုပ်တဲ့သူ တော့ ဒီကျောင်းမှာ မရှိတာ ကောင်းပါ တယ်၊ သာသနာမှာ နေရင် သာသနာရဲ့အကျိုးကို ဆောင်နိုင်မှ ကောင်းပါတယ်၊ ကျန်းမာရေးနဲ့ စာတတ်ဖို့ကို အဝေးကြီး ခွဲထားတာဟာ ဘုန်းကြီး စိတ်ကူးမိတိုင်း လျှောက်လုပ်နေတာ မဟုတ်ပါဘူး၊ စာတတ်ပြီးတော့ သာသနာအကျိုးကို မဆောင် နိုင်ဘဲ ရောဂါရနေတဲ့သူတွေ အများကြီး ရှိပါတယ်၊ သူများ လုပ်တိုင်း စာမေးပွဲတွေပဲ တွန်းချည်း ဖြေမနေကြပါနဲ့၊ ကံ, ဉာဏ်, ဝီရိယနဲ့ ရေးကံကလဲ ပါမှ ဖြစ်ပါတယ်။

**ပေါ့ပေါ့နေ အသေမရဲ** ပေါ့ပေါ့နေတဲ့သူဟာ သေတော့ ရဲရဲ မသေကြပါဘူး၊ အသေ ကြောက် တတ်ပါတယ်၊ ဘုန်းကြီးဘဝမှာ အာပတ်တွေ ဗရပွနဲ့ သေ သွားရင် သေခါနီးမှာ ကြောက်ကြပါတယ်၊ "**ရှင်ချောင် သေကျပ်, ရှင်ကျပ် သေချောင်**"လို့ ဆိုကြတယ်၊ ဒီဘဝမှာ ချောင် ချောင်လေးနဲ့ ပေါ့ပေါ့ဆဆ နေခဲ့ရင် သေတော့ ကျပ်ပါ့မယ်၊ ကိုယ်ရဲ့ သီလ,သမာဓိ,ပညာသိက္ခာလေးနဲ့ လေးလေးစားစား အပြစ်မရှိအောင် နေရင် သေတဲ့အခါ ချောင်မယ်၊ လူတွေ ကလဲ ရေးက လူတွေနဲ့ မတူကြတော့ဘူး၊ ဒါကြောင့် နောက် ပေါက်ဖွားတဲ့ ကလေးတွေက သေးသေးကလေးတွေတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ညံ့ကုန်ကြပြီ၊ ဥတုကလဲ ညံ့၊ ရေ မြေ အစားအသောက် အာဟာရတွေကလဲ တဖြည်းဖြည်းနဲ့ ညံ့လာကုန်ကြပြီ။

**လူ့တန်ဖိုးက ပါရမီဖြည့်ဖို့** လောကကြီးကို အကောင်း မထင်ကြပါနဲ့၊ အဆီသြဇာ ညံ့ပါတယ်သာ ဆိုကြတယ်၊ လူတွေက မောင်းထောင်းဆန် မစားကြတော့ဘူး၊ စက်ကြိတ်ဆန်မှ စားကြပြန်တယ်၊ ဒီအထဲ ထမင်းရည်ကိုလဲ ငှဲ့ပြီး သွန်ပစ်ကြတော့ ဘာမှ အဆီသြဇာ မကျန်တော့ဘူး၊ နောက်ကိုယ်တော်တွေ ကြည့်ရတာ တယ်ပြီးတော့ အားမရှိလှဘူး၊ လောကထဲမှာ ကျေနပ်စရာ တစ်ခုမှ မရှိပါဘူး၊ အဆင်ပြေတယ်လို့လဲ မရှိကြပါဘူး၊ မြို့မှာ စားပွဲကြီးပေါ်မှာ ဟင်းတွေ အပြည့်နဲ့ စားနေရပေမယ့် မောင်းထောင်း ဆန်လောက် မကောင်းပါဘူး၊ ခု ကလေးတွေနဲ့ ရှေးက ကလေးတွေကလဲ တခြားစီပါ၊ ရှေးက ကလေးဆိုတာ ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ရောက်တာတောင် ကလေးစိတ်မပျောက်ကြသေးပါဘူး၊ ဆော့နေကြတုန်းပါပဲ၊ ခုကျောင်းသား လူငယ်တွေက ဆယ့်လေးငါးနှစ်ဆိုရင် မိန်းမရကုန်ကြပါပြီ၊ တချို့က ကလေးတွဲလဲ ဖြစ်ကုန်ကြပြီ၊ လူတစ်ယောက်မှာ ရှိတဲ့ ရုပ်နဲ့ ပစ္စည်းကိုသာ တန်ဖိုးမထားပါနဲ့၊ လူကို တန်ဖိုးထားကြပါ၊ တန်ဖိုးထားပါ ဆိုတာက ပါရမီဖြည့်ကြဖို့ ပြောတာပါ၊ တစ်ပါးနဲ့ တစ်ပါး မေတ္တာရှိရှိ နေပြီး အချင်းချင်းလဲ ကူညီကြပါ။

---

www.burmeseclassic.com

www.burmeseclassic.com



**အရေးကောင်း ဒိန်းဒေါင်းဖျက်** အရူးတစ်ယောက်က ရွှေအိုး တွေ့တဲ့ အကြောင်း လူကောင်း တစ်ယောက်ကို ပြောတော့ အရူးစကားပြောရင် ဆယ်ခွန်း ပြော တစ်ခွန်းတော့ မှန်တယ်ဆိုပြီး အရူးနောက်က လိုက်ပြီး စာရွက်တစ်ရွက်နဲ့ လိုက်မှတ်တယ်၊ အရူးက ဟိုနား ရွှေအိုး ရှိတယ်၊ ဒီနာ ရွှေအိုးရှိတယ်လို့ ပြေးရင်း ပြောသွား၊ အရူးကလဲ ရွှေအိုးအကြောင်း ပြောတာက နည်းနည်း၊ ဒိန်းဒေါင်း ဒိန်းဒေါင်းဆိုတဲ့ အပိုတွေက များပြီးနေတော့ နောက်က လိုက်မှတ်သူလဲ အရေးကောင်း ဒိန်းဒေါင်း ဒိန်းဒေါင်းက တယ်ပြောပဲဆိုပြီး နောက်က ဘာလိုက်ရမှန်း မသိတော့ဘူး၊ တို့ကိုယ်တော်တွေကလဲ ဒိန်းဒေါင်း ဒိန်းဒေါင်းဆိုတဲ့ အပို အလုပ်တွေချည်း လုပ်မနေကြနဲ့။

**အရင်းခံမပါ အဖျားခုန်တက်** လောကထဲမှာ တရားအားထုတ်ရင် တရားရ စရာလို့ ထင်နေကြတယ်၊ အချို့တွေက တရားအားထုတ်ထားတယ်သာ ဆိုတယ်၊ သေတော့ဖြင့် ငိုလိုက်ကြတာ၊ သေတယ်ဆိုတာ မြွေအရေလဲ တာပါ၊ ဒီအထဲ အချို့က ကြဲကြဲဖန်ဖန် ငိုကြသေးတယ်၊ အမလေးတော့–ဘယ်သူ့ယုံလို့ ပုံခဲ့တာလဲ ကိုအဝ်ာရဲ့, ဘာရဲ့, ညာရဲ့နဲ့ ကြဲကြဲဖန်ဖန် ငိုကြတယ်၊ သေခြင်း တရားဆိုတာ အစကတည်းက တွေးထားရတယ်၊ ဒီလို အစ ကတည်းက တွေးထားရင် သေတော့ သက်သာပါတယ်၊ မနေရပေမယ့် မသေခင်မှာ မေတ္တာနဲ့ ကရုဏာနဲ့ သင့်သင့် မြတ်မြတ်နေကြ ပါ၊ လူတွေက အရင်းခံ မပါဘဲ အဖျား ခုန်တက်နေကြတော့

www.burmeseclassic.com

www.burmeseclassic.com



ကျကုန်ကြတာပဲ၊ ရိုးရိုးသူတော်ကောင်းလေးတွေ ဖြစ်ကြပါစေ၊ ဒီဘဝမှာ ထိထိရောက်ရောက် ပါရမီ ဖြည့်ပေးကြပါ၊ သာသနာတော်ကြီးနဲ့ ကြုံတဲ့အခါမှာ ကြိုးစားသင့်ကြပါတယ်၊ ကိုယ့်ကိုယ်ကို သာမန်အဖြစ်နဲ့ ပစ်မထားကြပါနဲ့၊ အဖိုးတန်တဲ့သူအဖြစ် တန်ဖိုးထားကြပါ။

**သာသနာက လိုရာရနိုင်** စားဝတ်နေရေး ဆိုတာကလဲ ပြည့်စုံ, နေရေးကလဲ ကောင်းဆိုရင် သူတော်ကောင်းပဲ ဖြစ်ဖို့ လိုတော့ပါတယ်၊ ကံကောင်းတယ်ဆိုတာ ရေးကတင် မကဘူး၊ ယခုကံတွေကလဲ ထပ်တိုးပေးနေတော့ ပိုပြီး ထင်ရှားပါတယ်၊ ကိုယ်တော်တို့က ဘုန်းကြီးအလျင် မသေကြစေနဲ့၊ ဘုန်းကြီးသေရင်တော့ နှစ်ရက်မထားနဲ့၊ တစ်ရက်တည်း အပြီးလုပ်ကြပါ၊ ဘုန်းကြီးအလောင်းကို လူလယ်ခေါင် ပက်လက်ကြီးနဲ့ မသတီစရာကြီး မထားကြနဲ့၊ လူတွေ ရိုင်းတာကိုတော့ ဘုန်းကြီးတွေက ပြောလို့ မဖြစ်ဘူး၊ သဘာဝကျကျနဲ့ ကြိုးစားကြပါ၊ သာသနာဆိုတာ ကုမ္ပဏီတိုက်ကြီးတစ်ခုနဲ့ တူတယ်၊ ပစ္စည်းကောင်းတွေချည်း ထည့်ထားတဲ့ ကုမ္ပဏီတိုက်ကြီးထဲက လိုရာကို ဝယ်ယူနိုင်သလို သာသနာကလဲ လိုရာကို ရနိုင်ပါတယ်။

**မကျူညီချင်နေ မနှောင့်ယှက်နဲ့** မေတ္တာနဲ့ နေတဲ့သူဟာ ကိုယ်လဲ အေး, သူများလဲ အေးပါပဲ၊ ဝိနည်းမှုက ပျက်လို့ မဖြစ်ဘူး၊ လမ်းစဉ်ဆိုတာ မပျောက်စေရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လူတွေဘက်ကို သိပ်မစဉ်းစားကြပါနဲ့၊ဒါပေမယ့် မဆန့်ကျင်ရဲ နေပါ။ အကူအညီ ဆိုတာ နေရာတကာမှာ လိုတယ်၊ ဘုရား တောင်မှ ဝိသာခါစတဲ့ သာသနာ့ဝန်ဆောင်တွေက ကူညီမှပါ၊ ဒီသာသနာမှာ ဒကာ ဒကာမတွေ ကူညီမှပါ၊ မကူညီချင်ရင် ငြိမ်ငြိမ်နေကြ၊ အနှောင့်အယှက်တော့ မပေးကြနဲ့။

**နေရာတကာ မေတ္တာ မရှုး** အခုဘဝမှာ ရှေး ပါရမီ မလိုပါဘူး၊ သဒ္ဒါ တစ်ခုပဲ လိုပါတယ်၊ မေတ္တာဆိုတာ အားလုံး သတ္တဝါတွေရဲ့ အပေါ်မှာ ညီမျှရတယ်၊ ဟိုတုန်းက ဘုန်းကြီးနဲ့ ကပ္ပိယ တောလမ်းခရီးက သွားတော့ ကျွဲကြီးတစ်ကောင်က ခတ်မယ်ဆိုပြီး လာလေရော၊ ဘုန်းကြီး က ကျွဲကြီးခတ်မလို့ လာတာကို ကျန်းမာပါစေ, ချမ်းသာ ပါစေလို့ မေတ္တာပို့တော့ မရဘူး၊ ရှေ့တိုးမြဲ တိုးလာတယ်၊ နောက်က ပါလာတဲ့ ကပ္ပိယက အုတ်ခဲကျိုးနဲ့ ထုလိုက်လို့ နားထင်မှန်တော့မှ နောက်လှည့်သွားတယ်၊ သည်တော့မှ ဘုန်းကြီးက အဲ ကပ္ပိယမေတ္တာက တယ်စူးပါလားလို့ ပြော သတဲ့၊ မေတ္တာဆိုတာ အရေးကြုံမှ ပို့ရတာမျိုး မဟုတ်ဘူး၊ စောစောကတည်းက အလေ့အလာပြုထားရတယ်၊နေရာတိုင်း မှာလဲ မေတ္တာနဲ့ လုပ်မနေရဘူး၊ နေရာတိုင်းမှာ မေတ္တာချည်း ဆိုပြန်တော့ ကုပ်ခွစီးလိမ့်မယ်။

**အကြောင်းစုံမှ အကျိုးစုံ** ဒီသာသနာက ကိုယ်သာမှန်ပါစေ၊လိုတာကို ရပါတယ်၊ ဒီတစ်ခါ ကမ္ဘာစစ်ဖြစ်ရင် မသက် သာပါဘူး၊ ခုကတည်းက ပြည့်စုံအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားထားရတယ်၊ ဖြစ်လာတော့မှ **'သမ္မုဒ္ဒေ အဋ္ဌဝိသဋ္ဌ'** လုပ်လို့ မရဘူး၊ ခုသာ ပဲပြုတ်နဲ့ပါ၊ နောက်ကျ ဘာစားရမလဲ မပြောနိုင်ဘူး၊ လောကရှိသမျှ ရတနာတွေထက် ဘုရားရတနာက အမြတ်ဆုံးပါ၊ လူတစ်ယောက်ဆိုတာ ငယ်ငယ်က မသေသပ်ရင် ကြီးတော့လဲ မသေသပ်ပါဘူး၊ ဆေးတစ်ဖုံ ဖော်ရင် တစ်ခုတည်းနဲ့ မပြီးတာလို လူတစ်ယောက်လဲ အကျိုး ပေးဖို့က စုံမှ အကျိုးပေးပါတယ်၊ အကျိုးပေးတော့ ပုံကြီး ချဲ့လိုက်တာပါပဲ၊ အကြောင်းစုံမှ အကျိုးစုံပါတယ်။

**မလိုလဲ, လိုလဲ** လူတွေက ကမ္မဋ္ဌာန်းတရား အဟောခိုင်းတယ်၊ တရားဟောကောင်းတော့ လူတွေက တရားရမယ်မှတ်နေကြတာ၊ အဟောကောင်းတိုင်း မရပါဘူး၊ ကိုယ်က အားထုတ်ဖို့သာ လိုပါတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဘုရားက အနုလုံ ပဋိလုံ နည်းအမျိုးမျိုးနဲ့ ဟောတော်မူတယ်၊ သူများ အကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုတာလို သူများ အကျိုးမဆောင်ရင် ကိုယ့်အကျိုးလဲ မအောင်ပါဘူး၊ လူတွေက သူများ လှူတာတော့ ချီးမွမ်းကြပါတယ်၊ ကိုယ့်ရှိတာ လှူပါ ဆိုတော့ တွန့်နေကြတယ်၊ မလှူကြဘူး၊ သီလစောင့်ပါဆို တော့လဲ သစ်ကျုတ်ကလေး ဥပုသ်စောင့်သလို ဟန်ဆောင်ပြီး စောင့်ကြတယ်၊ မလိုလဲ, လိုလဲ စောင့်ကြတယ်၊ အကျိုးကျ တော့လဲ မလိုလဲ, လိုလဲ ရကြမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ကံထူးသူမှ တရားရထိုက်** တို့လူတွေ နေ့တိုင်း သီလ ပျက်နေတာပါ၊ သူတို့တစ်ကိုယ်လုံးကြည့်ရင် အမာရွတ်ချည်း ကျန်တော့တယ်၊ ကိုယ်တော်တို့က ဘုန်းကြီး သွားမယ့် လှေပေါ် လိုက်နေကြတာ၊ ငြိမ်ငြိမ် လိုက်ကြပါ၊ တစ်ယောက် လှုပ်ရင် အကုန် သေကုန်မှာ၊ တရားဟောတဲ့ ပုဂ္ဂိုလ်က နာမည်ကြီးရင် တရားရလွယ်တယ်လို့ မှတ်နေကြ တယ်၊ ကိုယ့်ဘာသာကိုယ်တော့ ကြိုးစားမယ် မကြံကြဘူး၊ အမွေရတဲ့သူ ခဏကလေး ချမ်းသာသလို တရားနာရသူ များလဲ ခဏလေး ချမ်းသာပါတယ်၊ အမွေထိုက်သူသာ ရသလို တရားလဲ ရထိုက်သူမှ ရပါတယ်၊ ကံမပါတဲ့သူဟာ မွေးကတည်းက အို, နာ, သေ ပါလာတာပဲ၊ တရားကလဲ ရထိုက်သူဆိုရင် မွေးကတည်းက လူထူးပါ။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၉)
(၁၉၈၂၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

# ဟန်မလုပ်နဲ့ ပင်ကို ကောင်းအောင် ကြိုးစားကြ

**ကိုယ့်လမ်းလေး ရှင်းထားကြ** လူတစ်ယောက် ပိုက်ဆံပေါဖို့နဲ့ စိတ်ထား ကောင်းဖို့ ဘယ်ဟာက အရေးကြီးပါ့မလဲ၊ ပိုက်ဆံရှိဖို့ကတော့ ကြိုးစားရင် ဖြစ်နိုင်ပါတယ်၊ စိတ်ကောင်းရှိဖို့ဆိုတာက မလွယ်ဘူး၊ စာတော့ တတ်ပါရဲ့၊ သူများအတင်းလျှောက်ပြောနေလို့ ဘာမှ အကျိုးမရှိဘူး၊ အပြောခံရတဲ့သူမှာတော့ ဘာမှ မဖြစ်ပါဘူး၊ နေရာတိုင်းမှာ မာနမထားကြနဲ့၊ သူများကဲ့ရဲ့လို့ ဘာမှ အကျိုးမရှိဘူး၊ ကဲ့ရဲ့သူဟာ အလကား အကုသိုလ်ဖြစ်နေတာ၊ ယုတ်မာတာတွေတော့ မရှိကြပါစေနဲ့၊ လောကမှာ သူတော်ကောင်းနဲ့ တွေ့တဲ့အခါ သူယုတ်မာအဖို့ အပေါင်းမတတ်၊ အနေမတတ်ရင် ပိုပြီးနစ်နာပါတယ်၊ တခြား တစ်နေရာမှာ မတရား လုပ်နေတာက အပြစ်သိပ်မကြီးဘူး၊ လူ့ဝတ်ထက် ဘုန်းကြီးဝတ်က မလွယ်ပါဘူး၊ ကိုယ်သွားမယ့်လမ်းကိုသာ ကြည့်ကြပါ၊ ခုကတည်းက ကိုယ့်လမ်းလေးကို ရှင်းထားကြပါ။

**(ဘေးပွဲစုံ၊ အေးသည်းတုန် ကိုယ်စီကုတ်ပါလို့၊ အားထုတ်သင့်သား၊ သို့ပါကို ဘယ်တော့ ဘာလိုလိုနဲ့၊ နောင်ရေးကို မျှော်ခေါ်လင့်လို့ရယ်၊ ဘာဝနာ သိခေါင်လှင့်တယ် ... ဖျင်းဖင့်အများ။)**

www.burmeseclassic.com

www.burmeseclassic.com



**အလွဲပညာရှင်တွေ** ကိုယ့်ရှိတဲ့ ဘာဝနာကို ရှေ့တိုးပေးကြပါ၊ ခုဘဝကို ကြည့်တဲ့အခါ အလုပ်အကိုင် စီးပွားရေးနဲ့ အချိန်ကုန်နေကြတယ်၊ အရတော်တဲ့ လူ့ဘဝမှာ အကျိုးရ နည်းနေကြတယ်၊ ဘဝက ထူးပါတယ်၊ ဘုရားသာသနာ အတွင်းမှာ ရောက်နေကြတာ သူတော်ကောင်း လုပ်မှာဆိုရင် အချိန်မီပါသေးတယ်၊ ကမ္ဘာမှာ ထိပ်တန်း ပညာရှင်ဆိုတဲ့ သူတွေက ဘုရားတရားတော် မသိကြတော့ ပညာရှိပေမယ့် သူတော်ကောင်းပညာရှင် မဟုတ်ဘဲ အလွဲ ပညာရှင်တွေ ဖြစ်နေကြတယ်။

**လှချင်လိုက်တာ စက်စက်ယို** ဘာသာရေးဆိုတာက အထက်ဆရာ့မိဘများက လိုက်စားကြမှ နောင်လာ နောက်သားများကလဲ လိုက်စားကြပါတယ်၊ ဒီဒေသက အချိန်ကောင်းမှာ ရောက်လာကြတဲ့ ဒေသဖြစ်တယ်၊ လောကကြီးက ဘုရားတရားတော်ကို မလိုက်စားကြဘူး၊ လူတွေက နတ်ကို အားကိုးချင်ကြတယ်၊ ဘုရားကြည်ညိုတာက အပေါ်ယံတွင် မကြည်ညိုကြပါနဲ့၊ သမုဒ္ဒရာထဲ ဝင်တဲ့အခါ လမ်းမခက်သလို နိဗ္ဗာန်ဝင်ဖို့ရန်လဲ လမ်းမခက်ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်ကလေး အလှပြင်ပြီး တကြွကြွ တရွရွနဲ့ မောက်မနေကြပါနဲ့၊ ဘဝသံသရာက အဝိဇ္ဇာနဲ့ တဏှာခတ်ခံပါလာတော့ လှတယ်, ချောတယ် ဘာညာနဲ့ တိုးတက်နေကြတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရင်လဲ တော်ပါရဲ့၊ နောက်ပြီးတော့လဲ ဘာမှ မဟုတ်ဘူး၊ လောကမှာ ပြောကြသေးတယ်၊ လှချင်လိုက်တာ စက်စက် ယိုနေတာပဲတဲ့။

**တရားက မရှားပါဘူး** တရားက သူများထံသွားပြီး ရှာရမှာ မဟုတ်ပါဘူး၊ ကိုယ့်ထံမှာ တရားတွေ ရှိနေပါတယ်၊ တရားကောက်သင်းကောက်ထားတဲ့သူထံ သွားပြီး တရားအားထုတ်နေကြသေးတယ်၊ တရားက မရှားပါဘူး၊ လူတွေ မေ့လျော့နေတာက ခက်တယ်၊ တရားအားထုတ်တယ်ဆိုတာ သူများ အထင်ကြီးရုံ လုပ်နေလို့ကတော့ မကောင်းပါဘူး၊ ဘုရားတရားတော်တွေ ရှိလျက်သားနှင့် နတ်တွေ အားကိုးတဲ့သူ, မေးတဲ့သူတွေက ရှိသေးတယ်။

**နိဗ္ဗာန်မှာ ဝင်ပေါက်မရှိ** ပရိသတ်များဖို့တော့ မလုပ်ကြပါနဲ့၊ သံသရာမှာ ကိုယ့်သီလ ကိုယ်လုံအောင်သာ ထိန်းကြပါ၊ နိဗ္ဗာန်ဆိုတဲ့သဘောက ဥပမာ - အိမ်တစ်အိမ်မှာ ညီအစ်မနှစ်ယောက် ရှိကြတယ်၊ အစ်မဖြစ်သူက အိမ်ထောင်ပြုသွားတော့ ညီမဖြစ်သူက အိမ်ထောင်ရဲ့ အရသာကို မေးတော့ အစ်မဖြစ်သူက အိမ်ထောင်ကျရတဲ့ အကြောင်း ကောင်းပုံတော့ ဘယ်လို အရသာရှိပါတယ်လို့ ပြောမဖြစ်ဘူးတဲ့၊ ကိုယ်တိုင် ကျမှ သိပေါ့အေလို့ ညီမဖြစ်သူကို ပြောလိုက်သတဲ့၊ နိဗ္ဗာန်ဆိုတာလဲ ဒီသဘောပဲ၊ ကိုယ်တိုင် လက်တွေ့ကျမှ နိဗ္ဗာန်ရဲ့ အရသာကို သိမယ်၊ နိဗ္ဗာန်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အရသာကလဲ ဘာနဲ့ တူတယ်လို့ မရှိပါဘူး၊ ဘုန်းကြီးက နိဗ္ဗာန်အကြောင်း ရေးနေတော့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တာပေါ့၊ နိဗ္ဗာန်ဆိုတာ ဘယ်နေရာက ဝင်ရတယ်လို့ အပေါက်လဲ မရှိ၊ အကာလဲ မရှိ၊ သမုဒ္ဒရာထဲ သွားတဲ့သူလို ဝင်ချင်ရာက ဝင်လို့ ရပါတယ်။

*(မှတ်ချက်။ ။ရန်ကုန်မြို့မှ ရဟန္တာဟု ကျော်ကြားသော ပုဂ္ဂိုလ်တစ်ပါး ၁၃၃၁ ခု ပထမဝါဆိုလဆန်း (၁၄)ရက်နေ့က ရောက်ရှိသည်၊ ဆရာတော်က နိဗ္ဗာန်အကြောင်း ပြောပြပြီးနောက် "ပိုသလား၊ လိုသလား"ဟု မေးတော့ "မပိုပါ"ဟု လျှောက်သည်၊ "လိုသလား"ဟု မေးတော့ ထိုပုဂ္ဂိုလ်က "နိဗ္ဗာန်က အကြောင်းတော့ ရှိပါတယ်"ဟု ပြန်လျှောက်ပြန်၏၊ ထို ရဟန္တာ အမည်ခံ ပုဂ္ဂိုလ်နှင့် တွေ့ဆုံပြီး နောက်တစ်နေ့ နံနက်တွင် ဤသြဝါဒများကို မိန့်ကြားခဲ့ပါသည်။)*

**သိက္ခာသာ လိုရင်းပါ** ရဟန္တာ အမည်ခံ ပုဂ္ဂိုလ်နဲ့ တရား ဆွေးနွေးတဲ့ တစ်ဝက်လောက်ကျတော့ လူပရိသတ်အားလုံးက ထသွားကြတယ်၊ ဘုန်းကြီးကလဲ မေးမလို့ ပါပဲ၊ လူပရိသတ်ထဲဆိုတော့ မတော်လို့၊ မကြာမီ လူပရိသတ် အားလုံးနဲ့ ရဟန္တာအရှင်မြတ်တို့ ပြန်ကြွသွားကြတယ်၊ ပြန်ကြွသွားပြီးကျောင်းကို ဆွမ်းကျွေးလာတဲ့ဒကာမကြီးတစ်ယောက်က ဘုန်းကြီးထံလာပြီး "ရဟန္တာဆိုတာ ပုထုဇဉ်ကို ဦးမချဘူးလို့ ကြားဖူးပါတယ်ဘုရား"လို့လျှောက်တယ်၊ ဘုန်းကြီးက "သိက္ခာသာ လိုရင်းပါ"လို့ ပြန်ပြောလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရဟန္တာပြိုပြက်မှု** ရဟန္တာ အမည်ခံ ပုဂ္ဂိုလ် ကြွလာတော့ ဘုန်းကြီးမှာ ထူးဆန်းတာက ဘုန်းကြီးကျောင်းပေါ်က သက်န်းတစ်စုံ ပျောက်သွားတယ်၊တန်ခိုးနဲ့ ယူသွားသလား၊ တစ်ယောက်ယောက်က လစ်သွားသလား မသိဘူး၊ ရှာလို့ မတွေ့တော့ဘူး။

*(၁၃၃၁ ခု၊ ပထမ ဝါဆိုလဆန်း (၁၄)ရက်နေ့ နံနက်ခင်းတွင် ဆရာတော်၏ တပည့်တစ်ဦးက သင်္ကန်း တစ်စုံ လာရောက် လှူဒါန်းသွားခဲ့သည်၊ ယင်းသင်္ကန်းကို မသိမ်းမိဘဲ ဆရာတော့်ကျောင်းတန်းလျားပေါ်တွင် တင်ထားခဲ့သည်၊ ပျောက်သွားသည် ဆိုသည်မှာ ထိုသင်္ကန်း ပျောက်သွားခြင်း ဖြစ်သည်။)*

တစ်ခါက တရုတ်ကြီးဆိုင် ဘုန်းကြီးတစ်ပါးက ဝင်သွားတော့ တရုတ်မက ဒါဘာလဲလို့ မေးတော့ တရုတ်ကြီးက အဲဒါ ရဟန်းလို့ ပြောတဲ့အခါ ဒါနဲ့ ဆွမ်းလေး ဘာလေး စားပြီး ပြန်ကြွသွားတော့ “လဟန်း လဟန်းနဲ့ အပ်ထုပ် ပျောက်သွားပြီ”လို့ ဆိုသတဲ့။

ခုလဲ သင်္ကန်းဒွိစုံ ပျောက်သွားတယ်၊ စဉ်းစား မရပါဘူး၊ ရဟန္တာဆိုတဲ့ပုဂ္ဂိုလ်ပြန်ကြွသွားပြီး သင်္ကန်းသိမ်းရန် ကိုယ်တော်တစ်ပါးကို ခေါ်တော့ မတွေ့တော့ဘူး၊ လောကကြီးက ခက်တယ်၊ ကိုယ်တော်တို့ ကောင်းကောင်း နေကြပါ၊ သီလ စင်စင် ကြယ်ကြယ်နဲ့ သိက္ခာရှိရှိ နေကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**စာသိနဲ့အသေအချာ** ဘုန်းကြီးတွေ တန်ဖိုးရှိအောင်နေကြပါ၊
**သိတယ်** လာမယ့် ဘဝကို အပါယ် လေးပါးနဲ့

ရင်မဆိုင်ရပါဖို့စနဲ့၊ လောကထဲမှာ စီးပွားရေးတင်မကဘူး၊ ဘာသာရေး အမှိုပြုပြီး စီးပွားရေးတွေ သောင်းကျန်းလာတယ်၊ လောကကြီးထဲမှာ ညာဖြန်းနေတာက များပါတယ်၊ ဟန်မလုပ်ကြပါနဲ့၊ လူလာမှ တော်ရုံမလုပ်ကြပါနဲ့၊ ပင်ကိုကောင်း ဖြစ်မှသာ ကောင်းပါတယ်၊ တချို့ရိပ်သာဆိုတဲ့ နေရာတွေမှာ များသောအားဖြင့် ဘုရားတရားတော်တွေနဲ့ ပြောင်းပြန်ဖြစ်ကုန်ကြပြီ၊ ရဟန္တာဆိုတဲ့ပုဂ္ဂိုလ် ဘုန်းကြီးဆီလာတာက ဘယ်လို စိတ်ကူးနဲ့ လာမှန်း မသိပါဘူး၊ ရဟန္တာဆိုတဲ့ပုဂ္ဂိုလ်ကလဲ စာတတ်တဲ့ပုဂ္ဂိုလ်လောက် မေးရင် မပိုင်ဘူး၊ ဘုန်းကြီးကတော့ ရှည်ရှည်ဝေးဝေး မမေးလိုက်ပါဘူး၊ နိဗ္ဗာန်သိရန်က အကြောင်းရှိတယ်၊ ဘာအကြောင်းလဲဆိုတော့ သီလ သမာဓိ ပညာဟာ နိဗ္ဗာန်ရောက်ရန် အကြောင်းတွေပဲ၊ နိဗ္ဗာန်သက်သက်ကတော့ အကြောင်းမရှိပါဘူး၊ လူ ဒကာ ဒကာမတွေနဲ့ ရောနှောမနေကြပါနဲ့၊ ဣန္ဒြေပျက်ပါတယ်၊ ဘုန်းကြီးက နိဗ္ဗာန်ကို စာသိနဲ့တော့ အသေအချာ သိပါတယ်၊ ကိုယ်တိုင်သာ မမြင်ရသေးတာ၊ တစ်နေ့တော့ မြင်ရအောင် ကြိုးစားမှာပါ။

**စာသင်တိုက်ကျေးဇူး** ကိုယ်တော်တို့က သင်္ကန်းလေး ဝတ်တဲ့

ဝတ်တဲ့ပြီး အထင်ကြီး မနေကြပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အအေးရှိရင် အပူရှိရမယ်၊ အမှောင်ရှိရင် အလင်းရှိရမယ်လို့ တိတ္ထိဆရာကြီးတွေက ကြံဆပြီး နေကြတယ်၊ ကမ္မဋ္ဌာန်းတိုက်နဲ့ နေပြီး တရားပေး တရားဟောနေရင် ကောင်းကောင်းဘုန်းကြီးတယ်ဆိုတာ သိပါတယ်၊ တို့ဒီမှာလို ပေါင်မုန့်မပါ ဘာမပါ ညာမပါနဲ့ စားရမှာ မဟုတ်ပါဘူး၊ လက်ဖက်ရည်ကြမ်းနဲ့ ကော်ဖီနဲ့၊ ဒီမှာတော့ လမိုင်းမကပ်လို့လား မသိဘူး၊ ပေါင်မုန့်နဲ့ ရေနွေးကြမ်းနဲ့ စားရတယ်၊ ဘုန်းကြီးက ရှေးသခ်ိန်းစာတွေကို ကြည့်ပြီးတော့ ကမ္မဋ္ဌာန်းတိုက် မလုပ်ဘဲ စာသင်တိုက်လုပ်တာပါ၊ ကမ္မဋ္ဌာန်းတိုက်နဲ့ စာသင်တိုက်နဲ့ဆိုရင် သာသနာမှာ စာသင်တိုက်က ကျေးဇူးများပါတယ်၊ အဘယာရာမဆရာတော် စာသင်သားဘဝက ဆင်းရဲတော့ ဆရာတော် ဖြစ်လာတဲ့အခါ "ကျွေးမွေးမယ့်သူကို နတ်ပြည်မရောက်ခင်ကတည်းက အခြွေအရံလေးတွေကဝိုင်းလို့၊ ဉာဏ်ရှိတဲ့သူတွေချက်တဲ့ ဟင်းကျတော့လဲ တယ်ကောင်းကိုး"လို့ မိန့်တော်မူတယ်။

**သာသနာ အဆက်ကျန်စေဖို့** အဘယာရာမဆရာတော်ကို ရန်ကုန်က ကြည်ညိုလွန်းလို့ ဆရာတော်ထံ မိသားစု လာကြတယ်၊ သူတို့က "အရှင်ဘုရား... ကြိုက်တာကို အမိန့်ရှိတော်မူပါဘုရား၊ ခုရအောင် လုပ်ပေးပါ့မယ်"လို့ လျှောက်ကြတယ်၊ ဆရာတော်က "ငယ်ငယ်က မယ်တော်ကြီးချက်တဲ့ ပီလောဟင်းကလေးကြိုက်ပါတယ်"လို့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိလိုက်တယ်၊ ဘုရားသာသနာတော်မှာ ချမ်းသာနေရင် မကြီးပွားပါဘူး၊ ဘုန်းကြီးက အကောင်းနဲ့ ဓိမ်မခံချင်ဘူး၊ ကိုယ်ချမ်းသာဖို့ထက် သာသနာ အဆက်ကျန်ဖို့ အရေးကြီးပါတယ်။

နံနက် အိပ်ရာထမှာ ဘုရားအာရုံပြု မေတ္တာပို့ကြတာ ကောင်းပါတယ်၊ လူလောကမှာ သားနဲ့ မယားနဲ့ ကုသိုလ်ရဖို့ မလွယ်ကြပါဘူး၊ အလုပ်ပြင်တာရယ်၊ ပစ္စည်းရှာတာရယ်၊ ဒါတွေနဲ့ အချိန်တွေ ကုန်ပြီး မေ့နေကြတာပဲ၊ ကာမဂုဏ်ကို ခံစားရမှ မဟုတ်ဘူး၊ စိတ်က ကြံစည်နေရင်လဲ ကာမဂုဏ် ဖြစ်နေတာပဲ၊ လူတွေ စားဝတ်နေရေးနဲ့ အချိန်ကုန်ကြတယ်၊ ကိုယ့်အကျိုး ကိုယ်မသိတဲ့ လူကတော့ လူမိုက်ရောက်တဲ့ တောင်ပေါ်လိုပါပဲ၊ ကိုယ်မရောက်တဲ့ နေရာကို ရောက်ချင်ရင် ကိုယ့်ထက်သာတဲ့သူ ခိုင်းတာကို လုပ်ရတယ်။

**ဘာဝနာရှိရင် စိတ်ကကြည်လင်** လူတွေ အထင်ကြီးလာတာက ပတ်ဝန်းကျင်က ကြီးပွားလာလို့ အထင်ကြီးလာတာပါ၊ ကိုယ့်ဆွေမျိုးလောက် သဘောထားလိုက်ပါ၊ တောနဲ့ မြို့ ကွာတာလောက် ထူးပါတယ်၊ လူတစ်ယောက် ကြီးပွားတယ်ဆိုတာ ဒေသစာတ်ခံကိုက ပါလာလို့ပါ၊ ကိုယ်က ဒကာ ဒကာမတွေအပေါ် အထင်မကြီးတော့ ကိုယ့်စိတ်ကိုက မြင့်လာပြီး အထက်တန်း ရောက်လာတာပါ၊ ဆက်ဆံတဲ့ နေရာမှာ အလယ်အလတ်က နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပါ၊ လူညံ့တယ်ဆိုတာ ကိုယ်တိုင်ကလဲ ညံ့လို့ အောက်ကျတယ်၊ အများက အထင်သေးလို့လဲ အောက်ကျတယ်၊ လူတစ်ယောက် အထက်တန်းရောက်ဖို့က မလွယ်ဘူး၊ ခေတ်ကြီးက ဘာဖြစ်နေနေ ဘုရားတရားတော် ကတော့ မပြောင်းလဲပါဘူး၊ ကုသိုလ်ရရ နေကြပါ၊ သူတော်ကောင်းစိတ် ရှိပါစေ၊ ဒါတွေ မပြည့်စုံရင် မကောင်းဘူး၊ လူပျိုကြီး အပျိုကြီးနဲ့ ဘုန်းကြီးတွေက အလုပ် လုပ်တဲ့ နေရာမှာ မစွန့်စားကြဘူး၊ သူတို့ကတော့ နောက်ကြိုးဆွဲက မရှိဘဲကိုး။

တရားတစ်ခုခုကို လိုက်စားနေမှ တရားအရသာကောင်းမှန်း သိပါတယ်၊ တစ်ခုခုတော့ ရှိကြပါစေ၊ ဘာဝနာကို ဆေးလို သဘောထားကြပါ၊ ဘာဝနာစိတ်ရှိရင် စိတ်က ကြည်လင်လာပါတယ်၊ သတ္တိရှိပါ၊ ရှောင်ပါ၊ မလုပ်ပါနဲ့၊ ဘုရားသာသနာမှာ ကုသိုလ်ရအောင် နေပါ၊ မမိုက်ကြပါနဲ့၊ လူ့လောက ရောက် သွားရင်လဲ မကြောက်ကြပါနဲ့၊ ဘုန်းကြီးတွေ သည်းခံနေတော့ ဘယ်သူမှ "သွားတော့"လို့ မလုပ်ဘူး၊ မယားရတဲ့ လူဝတ်ကြောင်တွေကျတော့ မယားက မကျေနပ်ရင် "သွားတော့"လို့ နှင်ချမှာ။

**သာသနာကို သတ္တိရှိရှိနဲ့ ပြုကြ**

"ဦးဇနက စာလဲ တတ်သကွ၊ နာမည်လဲ ကြီးသကွ၊ စာအုပ် ရောင်းစားနေတာ သူဌေးဖြစ်နေပြီ၊ ငွေက ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိတာကွ၊ လူထွက်တော့မှာ၊ သူ့မှာ ပုံနှိပ်စက်ကြီးနဲ့"၊ သူတို့ သတင်းလွှင့်တာနဲ့ ဘုန်းကြီးမှာ ကြော်ငြာရ လွယ်နေတာ၊ ခု ပြောစရာ မရှိကြတော့ အေးကုန်ကြပြီ၊ ဘုန်းကြီးကသာ သူတို့ပြောတာ ပြန်ပြီး ရန်မူနေရင် ဘုန်းကြီး အလုပ်တွေ ဒါလောက် ထမြောက်မှာ မဟုတ်ဘူး၊ အသာလေး သည်းခံ နေလိုက်တော့ ငြိမ်သွားတာပဲ၊ သူတို့ကသာ ဘုန်းကြီးကို သူဌေးဆိုတာ ကျောင်းမှာ ပဲပြုတ်နဲ့ ချဉ်ရည် စားရတာတော့ မသိကြဘူး၊ သာသနာကို သဒ္ဓါရှိရှိနဲ့ ပြုကြပါ၊ ကိုယ်တော်တို့ သည်းခံကြ၊ သည်းခံတာ ကြောက်လို့ မဟုတ်ဘူး။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၁)
(၁၉၈၂၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# သာသနာမှာ ကုသိုလ်ဖြစ်အောင်နေကြ

**ဘာသာရေးစစ်စစ် လုပ်နေတာ** လောကကြီးက မျက်စိလည်နေကြပြီ၊ လူတွေက သူတို့ ယုံချင် မစဉ်းစားဘဲ အရမ်းမဲ့ လွှတ်ယုံကြည်ကြတယ်၊ ခု တချို့က တင်ပျဉ်ခွေပြီး မျက်စိမှိတ် အဓိဋ္ဌာန်လိုက်ရင် လက်ဝါးထဲ ဆင်းတုတော်တွေ ကျလာသတဲ့၊ ကောင်းတာတွေ လုပ်နေပေမယ့် သာသနာက ဘယ်လိုမှန်းမသိဘူး၊ ခုဘုန်းကြီးတွေက ဂိုဏ်းထဲဝင်ကုန်ကြပြီ၊ တချို့ကတော့လဲ လူညာမဟုတ်ပါဘူး၊ တချို့ဘုန်းကြီးတွေကလဲ ဘုန်းကြီးဝတ်ပြီး ကန်တော့ပွဲပေး နတ်ကိုးကွယ်နေတာကလဲ ရှိနေသေးတယ်၊ နတ်ဆိုပေမယ့် တကယ့်အရေးကျ အားမကိုးရပါဘူး၊ တစ်လောဆီက ဒကာ တစ်ဦးက နတ်မေးသတဲ့၊ သာသနာ ဘယ်တော့လောက် အထမြောက်မလဲလို့မေးတော့ ဘုန်းကြီးရဲ့ကံနဲ့ အထမြောက်ဖို့ ပြောသတဲ့၊ ဘုန်းကြီးက ဘာသာရေးစစ်စစ် လုပ်နေတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းထဲဝင်လို့ အထမြောက်တယ်ဆိုတာတော့ မဖြစ်စေကြပါနဲ့၊ ဘုန်းကြီး ဂိုဏ်းထဲလဲမဝင်ပါဘူး၊ သာသနာက ကျဆင်းလာပြီ၊ သူတို့ သိပ္ပံခေတ်က ဆိုကြပေမယ့် ဘုန်းကြီးကလဲ လက်တွေ့မဟုတ်ရင် မယုံပါဘူး။

**ပန်းပြစားပေါက် အလုပ်တွေ** ဘုန်းကြီးထံ စာထည့်ရင် ဘုန်းကြီးက စာအိတ် မကိုင်ပါဘူး၊ စာအိတ်ဆိုတာ အပ်ချင်မှ အပ်မှာ၊ သာသနာက ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား ဖြစ်နေကြတာ၊ သာသနာက ရှုပ်လာပြီ၊ ဝိနည်းကို ထိန်းပေးကြပါ၊ သာသနာမှာ ကောင်းကောင်း မနေလို့ကတော့ ဘုန်းကြီး တစ်ပါးတည်း ကျန်ကျန်သွားကြပါ၊ ဘုန်းကြီးက နောက်ဆုံး နိဗ္ဗာန်ကို အရမှန်းတာပါ၊ ကိုယ်တော်တို့ မျက်စိလည်စရာတွေက များလှပါတယ်၊ ယခုနိုင်ငံနဲ့ သာသနာက ဘယ်လို ဖြစ်ကြဦးမယ် မသိဘူး၊ ကိုယ့်ဘက်က ပိုပြီး ကောင်းပေးကြပါ၊ ဝိနည်းတစ်ခုသာ ဂရုစိုက်ပါ၊ ဘုရားတရားတော်က မလွဲဘူး၊ မယုံဘူးဆိုတဲ့သူတွေအတွက် စိတ်နာစရာ မရှိပါဘူး၊ ဘုရားလဲ မယုံ, တရားလဲ မယုံ, သံဃာလဲ မယုံတော့ သံသရာမှာ မယုံတဲ့သူတွေ ဘယ်လိုတွေ့ကြဦးမယ်ဆိုတာ သိကြသေးတာပေါ့၊ သာသနာတွင်းမှာက ဆေးဂိုဏ်း, အင်္ဂရပ်ဂိုဏ်း, ပယောဂဂိုဏ်းစတဲ့ ပန်းပြစားပေါက်လုပ်ငန်းတွေက ဝင်ရှုပ်နေကြတယ်၊ ဘုန်းကြီးတွေက ဒါတွေ လုပ်နေတော့ လူဆန်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရဟန်းအလုပ်** ရဟန်းအလုပ်က သီလ, သမာဓိ, ပညာစတဲ့ ဝိပဿနာအလုပ်သာ ဖြစ်ရမယ်၊ ဝိနည်းဆိုတာ မိဘ ဆရာကောင်းနဲ့ ပေါင်းမိ, ဆည်းကပ်မိမှ အရင်းကို သိရတယ်၊ ဘုရားတရားတော်က အပို အလို မရှိ စည်းကမ်းကျပြီးသားပါ၊ မြန်မာပြည် လွတ်လပ်ရေး ရပြီးရင် အားလုံးအကုန်အဆင်ပြေစေရမယ်လို့ မှန်းခဲ့တယ်၊ ခိုင်မြဲတဲ့ အစိုးရနဲ့ကျမှ သာသနာက ပြင်လို့ ရမှာပါ။

**အခွင့်သာရင် ပြင်ရမယ်** ဘုန်းကြီးဆိုတာ ကျင့်ရမယ်၊ ပညာသင်ရမယ်၊ သာသနာမှာ ဝိနည်းအတိုင်း နေစေချင်တယ်၊ သာသနာက စည်းကမ်းအတိုင်း နေရင် ဘုန်းကြီး မများဘဲနဲ့ လူကြည်ညိုခံရမယ်၊ နိုင်ငံက ကုန်ကျသလောက် တို့ဘက်က အကျိုးရှိမှ ကောင်းတယ်၊ ရဟန်းတွေဆိုတာ ကိုယ်က ကောင်းကောင်းနေရင် အာဏာရှိပါတယ်၊ ရဟန်းဘဝက ဒီဘဝကောင်းမှ မကောင်းရင် သံသရာမှာလဲ ကောင်းမယ် မထင်ပါနဲ့၊ သာသနာကို မပြင်ရင် တစ်ချိန် ကြည့်ရှုရမှာ မဟုတ်တော့ဘူး၊ သာသနာကို ဘေးက လူဝတ်ကြောင်တွေက အသေအချာ မသိပါဘူး၊ အခွင့်သာရင် ပြင်ရမယ်။

သာသနာရှိတဲ့ အချို့ ဘုန်းကြီးတွေက သိပ္ပံခေတ်ကို အထင်ကြီးပြီး ဗုဒ္ဓကျမ်းစာတွေ မယုံကြတာ ကြားရတယ်၊ “ဖာတစ်တန် အထုပ်တစ်ဖက် ထမ်းပါလို့ လှမ်းရတော့မှာ” ဆိုတာလိုပဲ သာသနာက အမြီးက နုတ်, ခေါင်းက နုတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မကျန်တော့ဘူး၊ လောကဓာတ်ပညာက တိုးလာသလောက် သာသနာတော်ကို အထင်သေးတော့မှာပါ၊ အထက်က တော်တယ် ဆိုပေမယ့် အောက်က မသိကြပါဘူး၊ လူတစ်ယောက်မှာ သီလဟာ အခြေခံ ဖြစ်ပါတယ်၊ မင်္ဂလိုချင်တာက တစ်မျိုး၊ ပါရမီဖြစ် အားထုတ်တာက တစ်မျိုးပါ။

**မရထာသတိ ဘာဝနာပွားနေရင်** သေခြင်း တရားကို ဆင်ခြင် ပွားများ နှလုံးသွင်းထားရတယ်၊ ဒီလို နှလုံးသွင်း ထားတော့ သေရမယ့်ဘေးနဲ့ ကြုံလာတော့ သေရမှာ မကြောက်တော့ဘူး၊ တစ်ခါတုန်းက မိသားစု (၆)ယောက် ရှိကြတယ်၊ ဖအေဖြစ်သူနဲ့ သားလုပ်သူက တောထဲ ယာလုပ်သွားရင်း သားလုပ်သူကို မြွေကိုက်လို့ သေပါရော၊ ဖအေလုပ်သူက လမ်းမှလာသူ လူတစ်ယောက်ကို ထမင်းတစ်ယောက်စာ ပို့ဖို့ရန်နဲ့ အိမ်သားအားလုံး တောလိုက်ခဲ့ကြရန် မှာလိုက်တယ်၊ အားလုံးစုံတော့ သားအလောင်းကို မီးရှို့ကြတယ်၊ တစ်ယောက်မှ မငိုကြဘူး၊ လမ်းက လူတစ်ယောက်က ဝင်လာပြီး မေးတယ်။

**ခရီးသွား**။ ။ခင်ဗျားတို့ ဘာတွေများ ဖုတ်စားနေကြတာလဲဗျာ၊ သားကောင်များ ဖုတ်စားရင်လဲ ကျုပ်လဲ နည်းနည်းပေးကြပါဦးလို့ တောင်းတယ်။

**မိသားစု** ။ ။မဟုတ်ပါဘူး၊ သားလေးသေလို့ မီးသင်္ဂြိုဟ်နေတာပါလို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စရိုးသွား** ။ ။နို့ ဒီလိုဆို ခင်ဗျားတို့မျက်နှာတွေက ငိုလားဘာလား ပူဆွေးမှုလဲ တစ်ခုမှ မတွေ့ရပါလား၊ သားက တော်တော် ဆိုးသလားလို့ မေးတယ်။

**ဖခင်ဖြစ်သူ**။ ။ကျုပ်သားကို ချစ်တာမှ ပြောမပြလောက်အောင် ချစ်တာပါ၊ဒါပေမယ့် သေတယ်ဆိုတာ မြွေအရေလဲသလိုပါပဲ၊ ဒီဘက်ဘဝက ဟိုဘက်ဘဝ ပြောင်းသွားတာပါ၊ လွမ်းစရာ မရှိပါဘူး၊ ကျွန်တော်ငိုနေလဲ မြင်ရမှာ မဟုတ်ပါဘူး၊သားကလဲ ဒီလိုငိုနေတာကို မသိပါဘူး။

**စရိုးသွား** ။ ။ကောင်းပါလေရဲ့ဗျာ၊ ဒါနဲ့ ဒီဘက်က အဒေါ်ကကော ဘာတော်ပါသလဲခင်ဗျား။

**မိခင်ဖြစ်သူ**။ ။အဒေါ်ရဲ့ သားပါပဲ။

**စရိုးသွား** ။ ။အဒေါ်ကလဲဗျာ၊ ကိုယ့်သားကိုများ ကိုးလလွယ် ဆယ်လလောက်မှ မွေးဖွားထားရတဲ့ သားများ မချစ်လို့လားဗျာ။

**မိခင်ဖြစ်သူ**။ ။မဟုတ်ပါဘူး၊ အဒေါ်လဲ ကိုယ့်သားကို ပြောမပြနိုင်လောက်အောင် ချစ်ပါတယ်၊ဒါပေမယ့် အဒေါ်က ဒီသားကို လာခဲ့ပါလို့ မခေါ်ခဲ့ပါဘူး၊ သေတော့လဲ သွားတော့လို့ မနှင်ချပါဘူး၊သူ့သဘောနဲ့သူ လာပြီး သူ့သဘောနဲ့ သူထွက်သွားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**ခရီးသွား** ။ ။ ဒီဘက်က နမလေးကကော ဘာတော်သလဲ၊

**နမဖြစ်သူ** ။ ။ ကျွန်မရဲ့ အစ်ကိုကြီးပါ။

**ခရီးသွား** ။ ။ ကိုယ့်အစ်ကိုကြီးဖြစ်သူ တစ်ယောက်လုံး သေ ဆုံးတာတောင်မှ နမလေးက ပြုံးပြုံးရွှင်ရွှင်နဲ့ မဆိုင်တဲ့ သူလိုပဲ၊ ဘာမှ စိတ်ပျက်ခြင်း မရှိတာ ဘာပြုလို့လဲ။

**နမဖြစ်သူ** ။ ။ ကျွန်မကလေ ကျွန်မအစ်ကိုကြီးကို လွမ်းပြီး ပူဆွေးနေမယ်ဆိုရင် ကျွန်မအလုပ်တွေလဲ မပြီး အချည်းနှီး ဖြစ်ရပါမယ်၊ ကျွန်မနဲ့ ပတ်သက်တဲ့ ချစ်ခင်နေသူတွေက ကျွန်မ ပူဆွေး ပိန်ချုံးနေတာကို မြင်သွားရင်လဲ ချစ်ခင်သူတွေပါ စိတ်ဆင်းရဲရမှာမို့ မတမ်းတဲပါဘူး၊ မငိုကြွေးပါဘူး။

**ခရီးသွား** ။ ။ ဒီဘက်က နမကကော ဘာတော်ပါသလဲ။

**မယားဖြစ်သူ**။ ။ ကျွန်မရဲ့ ခင်ပွန်းသည်ပါရှင်။

**ခရီးသွား** ။ ။ နို့ နမကကော ဘာလို့ မငိုတာပါလိမ့်၊ ကိုယ့် ခင်ပွန်းသည်တစ်ယောက်ဆိုတာ အသက်မက ချစ်ကြပါတယ်၊ နမက စိတ်ညစ်တဲ့ အမူအရာတောင်မှ မပေါ်တာများ အံ့ပါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



**မယားဖြစ်သူ** ။ ။ ကျွန်မ မချစ်လို့ မဟုတ်ပါဘူး၊ ချစ်တာမှ အသည်းနှစ်လောက်အောင် ချစ်ပါတယ်၊ ဒါပေမယ့် ကွယ်လွန်သူကို တမ်းတပြီး ငိုကြွေးနေလို့ ဘာမှ အကျိုးမရှိပါဘူး၊ မိုးပေါ်က လကို လိုချင်လို့ တမ်းတပြီး နေရတာကမှ မြင်ရပါသေးတယ်၊ သေသွားသူက မမြင်ရတော့ပါဘူး။

**ခရီးသွား** ။ ။ အင်း...ကောင်းပါ့ဗျာ၊ ကောင်းပါ့၊ ဒါနဲ့ ဒီဘက်က ကလေးနဲ့ကော ဘာတော်ပါသလဲ၊

**အိမ်စေဖြစ်သူ**။ ။ ကျွန်မရဲ့ အရှင်သခင် ဖြစ်ပါတယ်။

**ခရီးသွား** ။ ။ မင်းသခင်က မင်းကို တော်တော် နှိပ်စက်သလား၊ မင်းအပေါ်မှာ တော်တော်ပဲ ဆိုးသလား။

**အိမ်စေဖြစ်သူ**။ ။ ကျွန်မသခင်ဟာ ကျွန်မကို မနှိပ်စက်တဲ့ အပြင် ကိုယ့်အိမ်သားများရဲ့ အပေါ်မှာလို စေတနာ မေတ္တာ ရှိပါတယ်၊ ကျွန်မကိုလဲ နှမလေးလို ချစ်ရှာပါတယ်၊ ဒါပေမယ့် ကျွန်မတွေးပါတယ်၊ သေသွားသူဆိုတာ ကွဲသွားတဲ့ အိုးလိုပါပဲ၊ ပြန်ဆက်စပ်လို့ မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**စရိုးသွား** ။ ။ အင်း…အားလုံး တော်ကြပါပေရဲ့ဗျာ၊ ဟဲ-ဟဲ…သေသွားသူဟာ အခြားမဟုတ်ပါဘူး၊ ကျုပ်ပါပဲ၊ ခင်ဗျားတို့ မိသားစု အားလုံး ဒီ မရဏာဿတိဘာဝနာကို ဆက်လက် နှလုံးသွင်းပြီး သွားကြပါလို့ ပြောပြီး လူယောင်ဆောင် ဖန်ဆင်းလာတဲ့ နတ်လဲ ကွယ်သွားတယ်။

**ဘာဝနာတစ်ခုခု ရှိကြပါစေ** ဒီ မိသားစုအားလုံး မရဏာဿတိဘာဝနာ ပွားနေလို့ ခံနိုင်ရည် ရှိကြတာ၊ မရဏာဿတိက သာသနာမှာလဲ ရှိပါတယ်၊ ဝတ်စားဖြီးလိမ်းနေသော်လဲ မရဏာဿတိသမား မမီပါဘူး၊ အကုသိုလ်ကို ရှောင်ပြီး ကုသိုလ်တရားကို တိုးပွားကြပါစေ၊ မဂ်ဖိုလ်မရသော်လဲ လောကဓံနဲ့ တွေ့ရင် ခံနိုင်ရန် ဘာဝနာ တစ်ခုခု ရှိကြပါစေ၊ သာသနာမှာနေရင် ဘုရားကို ကြည်ညိုပါ၊ မျက်နှာလွှဲ ခဲပစ် မလုပ်ကြပါနဲ့၊ သေခြင်းတရားဆိုတာ အချိန်းအချက် မရှိဘူး။

**မစ္စုနာ သင်္ကာရော နတ္ထိ၊**
**လဉ္စဂ္ဂါဟော န ဝိဇ္ဇတိ၊**
**ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊**
**သဗ္ဗေ မစ္စုပရာယဏာ။**

www.burmeseclassic.com

www.burmeseclassic.com



သေမင်းကို လက်ဆောင်ပေးပြီး မခေါ်ပါနဲ့လို့ ဆိုလို့ ရမယ် မထင်နဲ့၊ သေမင်းကို စစ်တပ်ကြီးနဲ့ ဝိုင်းတိုက်လို့လဲ မရနိုင်ဘူး၊ နောက်ဆုံးသတ္တဝါတွေ သေမင်းလက်ထဲ ပါကြရတာပဲ၊ ဒါကြောင့် မသေခင်ကတည်းက ကုသိုလ်ကောင်းမှုတွေကို များများ ကြိုးစားထားကြပါ။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၂)
(၁၉၈၂၊ ဧပြီလ)

www.burmeseclassic.com

www.burmeseclassic.com

# သာသနာအတွက်
# စိတ်ပါလက်ပါ ဆောင်ရွက်ကြ

**မြန်မာ့ဒက္ခိဏေယျ အလှူခံတွေ** တို့သာသနာက ထမ်းဆောင်ချင်စရာကြီးပါ၊ ဘုရားကို အသက်စွန့်လှူပြီး ထမ်းဆောင်ကြပါ၊ ဘုန်းကြီးက လောကလဲ မစဉ်းစားပါဘူး၊ သာသနာဘက်ကိုသာ စဉ်းစားတာပါ၊ ဘုန်းကြီးက စာသင်သားဘဝတုန်းက ဆွမ်းဆင်းရဲလို့ စိတ်ပျက်ခဲ့တယ်၊ စာဆိုရလို့ ပျော်ခဲ့တယ်၊ လောကထဲ သုခချည်း နေရရင် မကောင်းပါဘူး၊ ဒုက္ခနဲ့လဲ နေရမှ၊ ကောင်းကောင်း နေတာက ကြီးလေ ကောင်းလေ ပျော်စရာ၊ သာသနာကြီးကို စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ၊ ကိုယ်တော်တို့ လူထွက်ပြီး မိန်းမယူမယ် မကြံကြနဲ့။

ပါရမီဆိုတာက ကြီးမားတဲ့ ဆုလာဘ်ထက် သာပါတယ်၊ ငရဲ မတော်တဆ ကျရင် မသက်သာပါဘူး၊ ရဟန်းပြုတဲ့ သင်္ကန်းဝတ်ပုဂ္ဂိုလ်တွေ သတိထားဖို့ ကောင်းတယ်၊ သူများ ထက် ထူးခြားတဲ့ အမူအရာနဲ့ နေကြပါ၊ သူတော်ကောင်း အဖြစ်နဲ့ ကြိုးစားကြ၊ အပြစ်ကင်းပြီး သူတော်ကောင်းစစ်စစ်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ နေကြ၊ ဘုန်းကြီးဆိုတာ လောကီဘက်ကို တဖြည်းဖြည်း လျှော့ပေးရတယ်၊ ဗိုက်ကားအောင် စားတတ်ရင် မြန်မာ့ ဒက္ခိဏေယျ အလှူခံတွေ ဖြစ်ကုန်တာပဲ။

**လမ်းပြကောင်းကြပါ** အလှူခံဘက်က မကောင်းရင် ဒီဘဝ ပြီးမယ် မထင်နဲ့၊ သံသရာကျ ခံရဦးမှာ၊ ရှင် ရဟန်းဆိုတာ မကောင်းတာတော့ မလုပ်ပါနဲ့၊ သာသနာမှာ သာသနာ့အလုပ် မလုပ်နိုင်ရင် လူထွက်ပေါ့၊ ဒီဘဝမှာ လူလည်လုပ်ရင် နောင်ဘဝမှာတော့ နှယ်ပါလိမ့်မယ်၊ လောကမှာ ပညာမရှိရင် ရေမပြည့်တဲ့အိုးလို ဘောင်ဘင်ခတ်နေတာ၊ ဟန်ဆောင်လို့က ဒီဘဝသာ ရမှာ၊ ဟိုဘဝမှာကျတော့ ဟန်ဆောင်လို့ မရပါဘူး။

ဘုန်းကြီးက ဒီကျောင်း ကောင်းတယ်ဆိုလို့ ကြွားမနေပါဘူး၊ သာသနာ ကြီးကျယ်ဖို့ပါပဲ၊ စိတ်ကူးနဲ့ သာသနာကွယ်ကြည့်ရင် မြန်မာနိုင်ငံ ဘာဖြစ်သွားမလဲ ကြည့်ပေါ့၊ သာသနာမကွယ်ပေမယ့် မိဘဆရာကောင်းနဲ့တွေ့ဖို့က မလွယ်ပါဘူး၊ ဘုန်းကြီးတွေက ပေါ့ပေါ့ဆဆ နေလို့ ဒကာ ဒကာမတွေဘက်ကလဲ မလေးစားဘဲနဲ့ ပေါ့လာကြတာပါ၊ လမ်းပြကောင်းကြပါတယ်၊ နောက်က တန်းတန်း မလိုက်လို့ပါ။

**အတွင်းစိတ်ဓာတ် ဖြူစင်ပါစေ** အလှူ လှူနေတာက ဂုဏ် ပကာသန မက်မော လှူနေတာတွေက များကြပါတယ်၊တန်ဖိုးရှိတဲ့ဘဝ ရောက်လာကြတော့

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိရှိ နေကြပါ၊ ဗုဒ္ဓအဆုံးအမ သာသနာက စည်းကမ်းနဲ့ပါ၊ ရဟန်းဘဝဆိုတာ ကိစ္စနည်းနိုင်သမျှ နည်းပေးရပါတယ်၊ ဣန္ဒြေက ငြိမ်သက်ပြီး အတွင်းစိတ်ဓာတ်ကလဲ ဖြူစင်ကြပါစေ။

ကိလေသာတွေ ပျောက်သွားတော့ ဝမ်းနည်းစရာ မဟုတ်ပါဘူး၊ ကာလကောင်း ရောက်လာလို့ ဆရာသမားကောင်းနဲ့တွေ့ကြရတာ၊ ကြိုးစားပေးကြ၊ ကျောက်ကောင်းတွေများတဲ့တောင်ပေါ်ရောက်နေတော့ ကိုယ်က ကောင်းတာကို ကောက်ရတယ်၊ မကောင်းတာတွေ ကောက်မနေနဲ့၊ သာသနာကလဲ ဒီအတိုင်းပါပဲ၊ ရဟန်းတွေက မချို့တဲ့ကြစေနဲ့၊ အလှူရှင်တွေဘက်ကလဲ တိုးပါစေ၊ ကုသိုလ်ရတဲ့ သဒ္ဓါတရားသမားတွေဖြစ်စေချင်တယ်၊ ကိုယ်တော်တွေက အလှူရှင်တွေရဲ့ကြည်ညိုမှုကိုလဲ ခံနိုင်ပါစေ၊ သာသနာက ဒါလောက်နဲ့ အားမရသေးပါဘူး။

**ခေတ်အလိုက် ကောင်းနေဖို့လို** သာသာရေးတော့ ဘုန်းကြီးက တာဝန်ရှိတယ်လို့ သဘောထားပါတယ်၊ ဗုဒ္ဓသာသနာ့ဝန်ဆောင်တွေက အားတက်သရော မရှိဘဲ သိပ္ပံခေတ်လိုက်ပြီး အားပေးနေကြပါပြီ၊ သာသနာ့ဝန်ထမ်းဆိုတဲ့ ပုဂ္ဂိုလ်တွေက ကြိုးပမ်းလာရင် ငြိုပြင်တု မကလို့ ငြိုပြင်စစ် ဖြစ်နေနေ သာသနာဘက်က မလျော့ပါဘူး၊ ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးခါစလို သဘောထားပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ၊ လောကဓာတ်ဘက်က ဘယ်လောက်တိုးတက်လို့ ဘယ်လိုမြင်မြင် ဘုန်းကြီးတွေဘက်က ခိုင်လုံရင် သာသနာအရှိန်ဟာမသေပါဘူး၊ ဘုန်းကြီးကတော့ တခြားမှာ လုပ်ရမယ်လို့တော့ မဆိုလိုပါဘူး၊ ဘုန်းကြီးထံလာတဲ့အခါ ကောင်းဖို့မှာတာပါပဲ၊ အများအတွက် အားမရသော်လဲ ဒီကျောင်းတိုက်မှာတော့ အားရအောင် လုပ်ရပါ့မယ်၊ အားလုံးက ဗုဒ္ဓဘာသာကို မယုံလို့ စွန့်ကြပေမယ့် ဘုန်းကြီးတစ်ပါးကတော့ ဘုရားသာသနာတော်ကို စောင့်ရှောက်ရစ်မှာပါ၊ ခေတ်အလိုက် ဘုန်းကြီးတွေဘက်က ကောင်းနေဖို့ လိုနေတယ်။

**ကိုယ့်ထက်သာရင် နောက်ကလိုက်ချင်ကြ**

ဘုန်းကြီးတွေက လူထွက်ချင်တော့ ကိုယ့်ဘာသာကိုယ် မထွက်ကြဘူး၊ ဘုန်းကြီးထံ စာထည့်မေးနေတယ်၊ ဟိုဟာလိုလို၊ ဒီဟာလိုလို၊ ရဟန်းအမက ခွင့်မပြုသလိုလို၊ ဘုန်းကြီးကသာ ပါရာဇိက ကျနေပါတယ်လို့ အဖြေပေးလိုက်ရင် ဒုံးထွက်တာပေါ့၊ ရဟန်းခံတုန်းက အသက်မပြည့်လို့ ရဟန်းမဖြစ်သလိုလို၊ ကိုယ်တော်တို့ လူထွက်ချင်တဲ့သူကိုတော့ မတားကြနဲ့နော်။

သာသနာက ကျဆင်းလာခဲ့ပါပြီ၊ ခေတ်ပညာတွေက တိုးတက်သလောက် သာသနာဘက်က အယုံအကြည် လျော့လာတော့မှာ၊ အခြားက ဘာသာကို အထင်သေးတာ မခက်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဆိုတဲ့ သာသနာ့ဝင်ပုဂ္ဂိုလ် ဗုဒ္ဓဘာသာလူမျိုးတွေက အချင်းချင်း အထင်သေးနေကြတာက ခက်တယ်၊ ခုခေတ် အချို့ ပညာတတ် ပုဂ္ဂိုလ်တွေက တခြား နိုင်ငံက ကိုယ့်ထက်သာတာ ဖြစ်လာရင် နောက်က အသာ လိုက်ချင်ကြတယ်၊ စိတ်တွေက ညံ့ဖျင်းလို့ပါ။

**သူများနင်းဖတ် အဖြစ်မခံကြနဲ့**

ဘုန်းကြီးကတော့ တခြား မလုပ်ရရင် ဒီနေရာမှာတော့ ကောင်းအောင် လုပ်ရမယ်၊ ဘာဝနာ မရှိရင် လူထွက်ချင်စိတ် ရှိတယ်၊ လူတွေက အကန်း တုတ်နဲ့ ဆွဲခေါ်သလို နောက်သူများ ဆွဲရာကို လိုက်တော့မှာ၊ ကိုယ်တော်တို့ စိတ်အား မငယ်ကြပါနဲ့၊ သီလစင်ကြယ်မှ ကိုယ်စိတ် ပျော်ရွှင်ပါတယ်၊ လောကကြီးက နည်းနည်းနိမ့်နေရင် မြှောက်မပေးပါဘူး၊ မေတ္တာနဲ့၊ ဘုရားအာရုံနဲ့၊ ဘာဝနာတစ်ခုခုနဲ့ နေကြပါ၊ မျက်နှာပြောင်းလဲလာပါတယ်၊ သတ္တိလဲ ရှိကြပါ၊ ဘုန်းကြီးက ပစ္စည်းပေါလို့ မြို့သားဆိုပြီး ဂရုစိုက်လိမ့်မယ်များ မထင်ပါနဲ့၊ အလေးမပြုပါဘူး။

ဘုန်းကြီးကို နှိမ်လို့များ ကျသွားမယ် ထင်သလား၊ ဘုန်းကြီးက ဘောလုံးလိုပါပဲ၊ ဘောလုံးဟာ အောက်ကို နာနာပေါက်လေ အထက်ကို တက်လေပါပဲ၊ ကိုယ်တော်တို့ သူများနင်းဖတ် အဖြစ်မခံကြပါနဲ့၊ တစ်ဦးနဲ့ တစ်ဦးလဲ မနှိမ်ကြပါနဲ့၊ နှိမ်ရင် ထွက်သွားရမယ်၊ သာသနာပြုရာမှာက

www.burmeseclassic.com



ဝိနည်းလိုနေတယ်၊ စိတ်အား ငယ်ငယ်ကလေးနဲ့ မနေကြပါနဲ့၊ ကြောက်ဖို့ မလိုပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာပါ။

**နောက်အခါလဲ နောက်အပြစ်ပဲ** ဘုရားညွှန်ပြတဲ့ လမ်းကို မမှားအောင် လိုက်နာရမယ်၊ သူများ ကြည်ညိုအောင် နေတာ မဟုတ်ပါဘူး၊ သူတို့အသိနဲ့သူတို့ ကြည်ညိုကြတာပါ၊ လောကရဲ့ အတွေ့အကြုံ အမြင်တွေကို အားမကျကြပါနဲ့၊ သင်္ကန်းဝတ်ကလေးဆိုပြီး ဒီဘဝကနေ ငရဲက လွတ်ရောလို့ မအောက်မေ့ပါနဲ့၊ ကောင်းကောင်း မနေရင် ဒီဘဝကလဲ အကျိုးမရှိပါဘူး၊ နောက်သံသရာကျတော့လဲ သင်္ကန်းဝတ်ကလေး ပြပြပြီး မလုပ်နဲ့ဆိုလို့ ငရဲက လွတ်မယ် ထင်သလား၊ နောက်အခါလဲ နောက်အပြစ်ပဲ၊ ဘုရားသာသနာ နေမှတော့ ဗုဒ္ဓါနုဿတိဘာသနာနဲ့မှ ကောင်းတယ်၊ "အဝိဒူရေ–လူသေမြှုပ်တဲ့ သုသာန်မြေမှာ တစ္ဆေနဲ့စကားပြော တသောသော နေရောလဟယ်"ဆိုတာလို မဖြစ်ကြစေနဲ့။

ဓမ္မဗျူဟာ
အတွဲ(၂၁)၊ အမှတ်(၃)
(၁၉၈၂၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးချုပ် ဖော်ပြချက်

ဤမျှဖြင့် ဆရာတော်၏ လမ်းညွှန်ဝါဒများ ပြီးပြည့်စုံပြီဟု မဆိုသာချေ၊ မိမိ လက်လှမ်းမီသမျှ စုဆောင်းရေးသားခဲ့သမျှကိုသာ စုစည်းဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်၊ မိမိလိုပင် ဆရာတော်၏ ဩဝါဒများ လိုက်လံ ရေးသားခဲ့ကြသည့် ပုဂ္ဂိုလ်အမြောက်အမြားပင် ရှိကြသည်၊ ထိုပုဂ္ဂိုလ်များကပါ ရေးသား ဖော်ထုတ်ကြမည်ဆိုလျှင် အများကြီး ပေါ်ထွက်လာနိုင်စရာ ရှိပါသည်။

ဆရာတော်သည် နံနက်ခင်းဩဝါဒများ ပေးလာခဲ့သည်မှာ ၁၃၀၂-ခု **"မဟာဂန္ဓာရုံကျောင်းတိုက်"** စတင်တည်ထောင်သည့် နှစ်မှ ၁၃၃၉-ခု ပျံလွန်တော်မူသည့် နှစ်အထိ ဖြစ်ပါသည်၊ နှစ်ပေါင်း သုံးဆယ်ကျော်(လေးဆယ်နီးပါး)မျှ ပေးခဲ့သည့် ဩဝါဒများသည် ကုန်ဆုံးနိုင်ဖွယ်ရာ မရှိပါ၊ ဆရာတော်ထံ စာလိုက်ခဲ့စဉ်က အသုံးပြုခဲ့သော မိမိ၏ စာအုပ်များကို ပြန်လည် ကြည့်ရှုရာ စာအုပ်တိုင်းမှာပင် ဆီဆိုင်ရာ ဆီဆိုင်ရာ ထည့်သွင်း ပြောကြားခဲ့သည့် ဩဝါဒများ, ကောက်ချက်များ, ညွှန်ကြားချက်များ ရေးမှတ်ထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင် အဆင်သင့်သောအခါ ဤစာအုပ်မှ မှတ်သား လိုက်နာဖွယ် စကားလုံးများ, မိမိ စာအုပ်တို့၌ ဟိုနေရာ သည်နေရာ တွေ့ရှိနေရသည့် မှတ်သားချက်များကို ကောက် သင်းကောက် စုစည်းလျက် **"လမ်းညွှန်ဩဝါဒနိတိများ"** စာအုပ်ကို ထုတ်ဝေသွားရန် ဆန္ဒရှိပါသည်၊ ဆရာတော်၏ တိုကျဉ်း လိုရင်း ထိမိသော ဆုံးမ ညွှန်ကြားချက်များကို အလွယ်တကူ ကြည့်ရှု၍ အလွယ်တကူပင် လိုက်နာကျင့်သုံး သွားနိုင်ကြရန် ဖြစ်ပါသည်။

ဆရာတော်သည် သာသနာနှင့် နိုင်ငံတော်ကို ချစ်မြတ်နိုး သည်နှင့်အမျှ ကမ္ဘာ့အလယ်တွင်လည်း ဝင့်ဝင့်ကြွားကြွား မြင့်မြင့်မားမား ရပ်တည်စေချင်သည်၊ ဗုဒ္ဓမြတ်စွာ၏အဆုံးအမ တော်များသည် လောကတွင် အမှန်ကန်ဆုံး, အမြင့်မြတ်ဆုံး ဖြစ်၍ လောကကြီးပွားရေး, သံသရာကြီးပွားရေးအတွက် ထောက်ကူ ပံ့ပိုးနိုင်ရုံမျှမက ကမ္ဘာတစ်ခုလုံးက စံပြအဖြစ် လေးစား ကိုင်းညွှတ်လာရမည်ဖြစ်ကြောင်း ယုံကြည်အားထား ခဲ့သည်။

ဤအသိ, ဤအမြင်, ဤအတွေးဖြင့် လမ်းညွှန်ဩဝါဒများ ပေးခဲ့သည်၊ စာပေများ ရေးသားခဲ့သည်၊ သာသနာ့ဝန်ထမ်း များနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ ပျော့ကွက်, ဟာကွက်, အားနည်းချက်တို့ကို မထောက်မညှာ ဝေဖန်မိန့်ကြားခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်စေလိုသည့်ဆန္ဒဖြင့် ထောက်ပြလေ့ရှိသည်၊ တစ်ခါက ဆုံးမသြဝါဒတွေ ပေးနေသည့် ကြားမှပင် ဖောက်ပြန်သူများ, သဒ္ဓါတရား နည်းပါးသူများကို တွေ့ရှိလေရာ ဆရာတော်သည် ထိထိခိုက်ခိုက် နစ်နစ်နာနာပင် (အားမလို အားမရ) မိန့်ကြားခဲ့ဖူးသည်။

"လောကကြီး မကောင်းတဲ့ စနစ်တွေ ပြောရရင် မကောင်းတော့ဘူး၊ ငါက ဘယ်လိုပဲ မြှင့်တင် နေနေ သူတို့က ခွေးဝဲစားတွေလို ပြာပုံဝပ်ချင်ကြတယ်၊ ငါ့မှာတော့ ကျင့်နည်း ကြံနည်းတွေ, ကြီးပွားရေးအတွက် လိုက်နာဖွယ်တွေ ဟောလိုက်ရတာ အာကို ညောင်းလို့၊ ချာတူးလံတွေ, မသာလောင်းတွေက ဘာမှ အရေးတယူ မရှိကြဘူး၊ လျှာချေးထူနေတဲ့သူ အရသာ ဖျင်းနေသလို စမ္မဟင်းလျာကျ သူတို့ ဘာမှ ရသမပေါ်ဘူး၊ "နိဗ္ဗာန် လိုက်မလား, နိဗ္ဗာန် လိုက်မလား" ဆိုရင် "မလိုက်ဘူး, မလိုက်ဘူး" နဲ့ ငြင်းဖို့မှုများ ချမှတ်ထားကြလေသလား မသိ၊ လာဘ်လာဘတွေသာ ခင်မင်နေကြတယ်၊ ဂုဏ်ပကာသနတွေကိုသာ မက်မောနေကြတယ်၊ မိမိကောင်းအောင် ကျင့်ဖို့ ကြံဖို့, နိဗ္ဗာန်မဂ်ဖိုလ် မျက်မှောက်ပြုဖို့ဆိုတဲ့ ရည်ရွယ်ချက် မပါဘဲ လာဘ်လာဘတွေ ဂုဏ်ပကာသနတွေ မျှော်ကိုးပြီး စာမေးပွဲတွေ ဝင်နေကြတာကိုက မှားနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် မိန့်ကြားခဲ့ပေသည်၊ ထိုနေ့က ဩဝါဒကို မိမိက အောက်ပါတေးထပ်ဖြင့် မှတ်တမ်းတင်ခဲ့မိပါသည်။

ဤလောကီ ဘုံဘဝ
ကြုံရသည့် ဖြစ်တွေ၊
နှံလှသည့် စနစ်တွေ
လှစ်ရွှေလျှင် မကောင်း။
ခွေးဝဲစား ပုံသို့တင်
စုံလို့ပင် နှင်မောင်း။
ကျင့်ဝိပဿ ဖြာ့အဖြာ
ငါ့ခမျာ ဟောလိုက်ရ အာညောင်း။
ချာ့အချာ မသာလောင်းတို့က
ခါးစောင်းလို့ ရေးမယူ။
လျှာချေးထု ရသာဖျင်းသို့
ခမ္မလျှာဟင်း သင်းတို့ငြူစူ။
အမတကမ္ဘာတွင်း ချဉ်းဖို့ပြုလျှင်
ငြင်းစို့မှုပင် ချမှတ်ကြထင့်
ရလာဘ် ဂုဏ်ကိုသာပင်
အထုံပို ဝါသနာခင်။
စာသဘင်ပွဲ ဝင်နွှဲဆင်သည်၊
စဉ်အမြဲပင် လွဲခဲ့ပါသကွဲ့လေး။

ဆရာတော်တွင် ကျောင်းသား ရင်သား ခွဲခြားမှု မရှိ၊ ဆိုရေးရှိက မထိန်မချန် လမ်းမှန်အတိုင်း မိန့်ကြားလေ့ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက် မှန်ကန်မှ အလုပ် မှန်သည်၊ အလုပ် မှန်မှ မိမိတို့ မျှော်မှန်းထားသည့် (နိဗ္ဗာန်မဂ်ဖိုလ်)ပန်းတိုင် ရောက်ရှိနိုင်မည် ဟူသော အချက်ကို အမြဲတမ်း ဆုပ်ကိုင်ထားတော်မူသည်၊ မိမိအတွက်, သာသနာအတွက်, နိုင်ငံတော်အတွက် ကြီးမားသော မျှော်မှန်းချက်မထားဘဲ နမော်နမဲ့ ပေါ့တိပေါ့ဆ သွားလာ လှုပ်ရှားနေခြင်းမျိုးကို လုံးဝ မနှစ်မြို့ပေ၊ ဆရာတော်၏ သြဝါဒအတိုင်း ဤအချက်ကို အလေးအနက် ထားရှိကြောင်း သိရှိ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

စာဖတ်သူတို့ အနေဖြင့် ဤအချက်ကို သိ၍ မိမိအတွက်, သာသနာတော်အတွက်, နိုင်ငံတော်အတွက် ကြီးမားသော မျှော်မှန်းချက် ထားလျက် ကြိုးပမ်းအားထုတ်ကြမည်၊ နိုင်ငံ၏ သားကောင်းရတနာများ ဖြစ်လာအောင် ကြိုးစားကြမည် ဆိုလျှင် လမ်းညွှန်သြဝါဒများ စုစည်းတင်ပြရကျိုး နပ်ပါပြီ၊ မိမိအနေဖြင့်လည်း ဆရာသခင် ကျေးဇူးရှင်ကို ဦးတင်ကြည်နူး အထူးရွှင်ပျ ကျေးဇူးဆပ်ရကျိုး နပ်လှပြီဖြစ်ကြောင်း မှတ်တမ်းထိုးရမည် ဖြစ်ပါသတည်း။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ

အရှင်မဟာသဓပဏ္ဍိတ။

www.burmeseclassic.com